
www.burmeseclassic.com



www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ




# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်







## ဉာဏ်တော်[၁၀]ပါး ဂါထာတော်

ဌာနာဌာနေ ဝိပါကေ စ၊ ဉာဏံ ပဋိပဒါယ စ။
နာနာဓာတုမှိ လောကမှိ သတ္တာနံ အဓိမုတ္တတာယ။
ဈာနာဒီနံ သံကိလေသေ၊ ဝေါဒါနေစ ပရောပရေ။
စုတူပပါတ ဉာဏာဋ္ဌ၊ ဒိဗ္ဗစက္ခာ သဝက္ခယံ။

အနက်

**ဌာနာဌာနေ** – ဌာန ဟုတ်သည့် မဟုတ်သည့်၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း။ **ဝိပါကေ**– ကံ၏ အကျိုးတရား၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း။ **ပဋိပဒါယစ** – အလုံးစုံသော အကျိုးသက်ရောက်မှုကို သိတော်မူနိုင်သောအကျင့်၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း။ **နာနာဓာတုမှိ**–အထူးထူးသော ဓာတ်သဘောရှိသော၊ **လောကမှိ**–လောက၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း။ **သတ္တာနံ**–သတ္တဝါတို့၏၊ **အဓိမုတ္တတာယ**–နှလုံးသွင်းခြင်း ဆုံးဖြတ်ခြင်း၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း၊

**ဈာနာဒီနံ** – ဈာန် စသည်တို့၏၊ **သံကိလေသေစ**–ညစ်နွမ်းခြင်း၌လည်းကောင်း၊ **ဝေါဒါနေစ**–ဖြူစင်ခြင်း၌လည်းကောင်း၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း၊ **ပရောပရေ**–သတ္တဝါတို့၏ အနုအရင့်၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ် လည်းကောင်း၊ **စုတူပပါတဉာဏာဋ္ဌ**–စုတိပဋိသန္ဓေကိုသိသောဉာဏ် လည်းကောင်း။ **ဒိဗ္ဗစက္ခာ သဝက္ခယံ** – ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယ ဉာဏ် လည်းကောင်း။

ခက်ခဲသော ပါဠိအသံထွက်

| | | | |
|---|---|---|---|
| **ဉာဏံ** | = ညာနံ | **သတ္တာနံ** | = သတ်တာနံ |
| **ပဋိပဒါယ** | = ပတိပဒါယ | **အဓိမုတ္တတာယ** | = အဓိမုတ်တာယ |
| **နာနာဓာတုမှိ** | = နာနာဓာတုမ်မှိ | **ဉာဏာဋ္ဌ** | = ညာနင်စ |
| **လောကမှိ** | = လောကမ်မှိ | **ဒိဗ္ဗစက္ခာ** | = ဒိဗ်ဗစက်ခါ |
| | | **သဝက္ခယံ** | = သဝက်ခယံ |

လောကီ ပညာ ရသ စုံ မဂ္ဂဇင်း

www.burmeseclassic.com

# နက္ခတ္တ ရောင်ခြည်

လောကီပညာရသစုံ မဂ္ဂဇင်း

နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S (Ygn)

ဒု-ဉာ-ဗ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

တောလားသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

မေမွှေဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇေ(LL.B)၊ကိုစိုးဆန်း

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(ဓတုနိကာယကောဝိဒ၊ဝိနယရေး၊ ဓမ္မာစရိယ)

* ဦးသန်းအောင်ရွှေ

[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး) ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း



ကြီးငှက် ဆက်ရက်များ

ဆည်းပူးဝဲနေသဖြင့် သွားကြည့်ရာ

ပျောက်ဆုံးသွားသည့် မံဘုရားကို...

စာ-၉

ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊

၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးကျော်မင်းစိုး(၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက်၊

အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းတောင်တန်းဖြန့်ချိရေး

မိလျှနာစာပေ (တောင်ကြီး)၊

ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

☎-၀၉ ၇၇၆၃၅၆၇၈၅၊ ၀၉ ၉၆၈၀၀၄၁၀၉၂။

ကြော်ငြာတာဝန်ခံ

ယဉ်ကျေးဝေ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ

အမှတ် ၃၇၇

တန်ဖိုး - ၂၀၀၀ကျပ် (ဖြန့်ချိဈေး)

[နှစ်ထောင်သုံးရာကျပ်]

အုပ်ရေ

၁၀၀၀


☎- ၀၉ ၇၇၆၃၅၆၇၈၅၊

၀၉ ၉၆၈၀၀၄၁၀၉၂




www.burmeseclassic.com

www.burmeseclassic.com



မယ်ဒကိကယ် ဆရာတော်ကြီး၏
ကုဋ္ဌီတံပေါက်စေတီတော်ကို
ဤသို့ ထူးခြားစွာ ဖူးရသည် ... စာ-၄၂

[illegible]
ထူးခြားချက်မှာ
[illegible] ... စာ-၉၀



## ✦ တွေ့ဆုံခြင်းရောင်ခြည် ✦


ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊
သဘာဝဓမ္မတိုင်းရင်းဆေးကုခန်း ဆရာဦးသန်းဆွေထွန်း
(တဆ-၀၂၀၆၂)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော အဆီတိုး
အဝလွန်ရောဂါကြိုတင်ကာကွယ်စောင့်ရှောက်နည်းများ
[မြောင်းမြ မောင်ယဉ်တင့်] ၁၆၁


## ■ ပညာပေးရောင်ခြည် ■


ရှင်ဥပဂုတ္တ လက်တွေ့ ပွဲတင်နည်းဖြင့် မိုးတားနည်း
[ဦးကံထွန်းမောင်-LL.B] ၂၀၁


## လက္ခဏာရောင်ခြည်


ယောက်ျားကလေးတစ်ဦး၏ လက်ဖဝါးပြင်မှာ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၅၅
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၉၁
စီးပွားရေး စွမ်းဆောင်ရှင် အမျိုးသမီးတစ်ဦး၏ လက္ခဏာ ၁၉၇
အမေးရှိ၍ အဖြေရှိခဲ့ရပါသည် [ဦးသော်ခင်-ဟသ်ာတ] ၂၇၁


## ☛ လမ်းညွှန်ရောင်ခြည် ☛


ကန်ဦးမှ ထူးသော ပေါ်တော်မူ ရွှေစေတီ [ဇင်ညိုငယ်] ၁၃
ပုပ္ပါးတောင်မှ ပလ္လင်ကုန်းတော် ခုနစ်ဌာန ခရီးစဉ်(၂) ၄၉
ဇင်းကျိုက်ဆံတော်ရှင် တောင်ခြေရင်းမှ
သတ္တဌာနကုန်းတော်မြေ(၂) [ခရီးသည်သုတေသီ] ၇၃
စစ်တောင်းရေအလျဉ် ဦးတင်ပွဖော်လာသည့်
ရွှေဂူကုန်းတော် သာသနာ့မြေ(၂)
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၈၁
ကျောက်ထပ်ကြားဝယ် စံတော်မူသည့် ဆံတော်ရှင်စေတီ
[ခရီးသည်သုတေသီ] ၁၀၅


## ○ အထူးကဏ္ဍရောင်ခြည် ○


ဂမ္ဘီရဆန်သောရွာ(သို့မဟုတ်)အလံလွှင့်ထူခွင့် မရသည့်
ခေါင်တုန့်စည်ရွာပဟောင်း [ညိုမင်းထက်-မြန်မာစာ] ၁၇
လွန်ခဲ့သော (၁၅)နှစ်က ဖူးတွေ့ကြည်ညိုရသော
အဓိဋ္ဌာန်အောင် ရွှေနတ်ကာယ်တောင်တွင် တောရ
ဆောက်တည် သာသနာပြုနေသည့် သက်သတ်လွတ်
ဆရာတော် ဦးဝိမလဗုဒ္ဓိ [နတ်မောက် လှမြင့်သစ်] ၉၇
မိန်းမရဲတောင် သခင်မ [အောင်နိုင်လင်း] ၁၂၉
သာဝကပရိသတ်လေးပါးအား ဂန္ထဓုရ ဝိပဿနာဓုရ
အလင်းရောင်ထွန်းပြောင်စေသော မီးအိမ်ရှင် မဟာရင်
ဂိုဏ်းချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စ
မဟာထေရ်ကြီး(၄) [ခင်ခင်ဝင်း-မော်ရဝတီ] ၁၃၇
အောင်ဆန်းသူရိယ,သူရဲ့ဘီဂျီအမ် ဗိုလ်ကြီးတိုက်ချွန်း
ကြုံခဲ့ရသော စိတ်ဝင်စားဖွယ် ဂမ္ဘီရဖြစ်ရပ်များ
[နေလင်းကျော်-ဒုကြီး] ၂၉၉




www.burmeseclassic.com

www.burmeseclassic.com


## ❦ ကိုယ်တွေ့ရောင်ခြည် ❦

ကြီးပွားချမ်းသာလိုသလား ချမ်းသာကြီးကိုသွားနှင့်...
လွန်ခဲ့သော(၂၁)နှစ်ခန့်က အဝိုင်းမင်းကျောင်းမှ
ထူးခြားအံ့ဖွယ်ရာများ(၂) [(စာသင်)သန့်စင်] ၅၇
ပြစ်မှားမိက တောင်းပန်ပါ
[ဦးဉာဏဝံသ-မင်္ဂလာဇေယျကျောင်း] ၂၄၅
အာနိသင်တဲ ရှိနေဆဲပါ [သီလ-ရေတံခွန်တောင်] ၂၄၈
ထူးဆန်းသော အရုပ် [နတ်မျက်စိ] ၂၈၁
ထူးခြားဆန်းကြယ်သည့် လူသားတစ်ဦး
[ဦးအေးရွှေ-ကနောင်] ၂၈၄

## ✻ ကျန်းမာရောင်ခြည် ✻

သုံးဆယ့်တစ်ဘုံ ဝေနေယျ အမျှရပါစေ(၁) [အုံ့ကြွယ်] ၂၅
ဂန္ဓာရီအတွက် ပထမခြေလှမ်း
[ဘကြီးအောင်-စစ်ကိုင်းတောင်] ၁၀၉
ဆယ်ဓာတ်ဆင် ဂန္ဓာရီအစိဋ္ဌာန်ကျင့်စဉ် [ဦးကိုဦး] ၁၆၀
နှလုံးသား နောက်ကွယ်မှာ [ဝမ်း-စက်မှုတက္ကသိုလ်] ၁၆၈
ဒိပ်ယင်းဆရာတော်ကြီး၏ ရန်ပါယ်ဓာတ်(၄)ပါးကျင့်စဉ်
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၇၉

## ● အသိအမြင်ရောင်ခြည် ●

မြွေဆိုးဝ စ်ချောင်း အံ့ဖွယ်တောင်း[မီးဖွားလွယ်ကူစေသည့် ဝတ်နည်း] [ရန်နိုင်ကျော်-လှုပ်စစ်(၁)] ၃၁
သမ္မုဒ္ဒေဂါထာမြတ်နှင့် အစွမ်းထက်အစီအရင်
[အောင်မြင့်မြတ်-စစ်ကိုင်း] ၆၂
အိမ်မြေအခိုက် ဖြေရှင်းနည်း
[ဂမ္ဘီရ အောင်ခေတ်မင်းနိုင်-မုဒုံ] ၈၇
အိပ်မက်ယတြာ [မောင်ပဟိန်း-အင်းတော်] ၁၈၈
မိမိအိမ်ခြံဝန်းထဲ တောင်ပို့ရှိခဲ့လျှင် [ဒေါ်တင်အေး-မအူပင်] ၂၄၁

## ❐ အဘိုးရတ်ရောင်ခြည် ❐

မဟာမြိုင်ဆရာကြီး ဦးပေါ်လာနည်း
[တင်လှ-ဆ-မငြိမ်း] ၇၉
သူလိုဖြစ်ချင်ရင် ဒီလိုလုပ် [ပြည့်ဖြိုးဝေ-လှိုင်ကော်] ၁၃၃
သွပ်ဖမ်းဝိဇ္ဇာ အပိုင်း(၄) [ဦးမင်းဇင်-ရွှေနဝင်း] ၁၄၈
ပြဒါးမှ ရွှေဖြစ်နိုင်ပါသလော(၄) [ဦးမနောမယ-ပြည်] ၂၁၄
ဆဋတက်လမ်း ဝိဇ္ဇာရေပညာစခန်း(၃)
[ဆရာမင်းတင့်မောင်-တဆ ၄၁၉(ဒ.ဘ.ဗ)] ၂၂၅
လတ်တွေ့ကာယသိဒ္ဓိမြောက်သော စိန်ဓာတ်လုံးဖမ်းနည်း
[တောင်တွင်းဘုန်းတင့်-LL.B] ၂၆၄





ဘုန်းတော်ကြီးဦးသီလ နေတုန်းက
ဒီဥမင်ကနေ
ကျိုက်ထီးရိုးဘုရား ဖူးသွားသတဲ့... ➜ ၈-၈၁


ဝိသေသထူးသော
ကျောက်တုံးကျောက်ခဲများ
ပေါများရာ ဒေသဖြစ်သည်... ➜ ၈-၄၉






www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒိတံပေါက်စေတီတော်နှင့်အတူ
တစ်နေ့တည်း တစ်ချိန်တည်း
ပူဇော်ခဲ့သော ပေါက်ကျစေတီအား… စာ-၄၂

[illegible]
[illegible]
[illegible] စာ-၁၉




✱ ဂါထာမန္တန်ရောင်ခြည် ✱

အခက်အခဲ အမျိုးမျိုးမှ လွတ်စေသောဂါထာ
[ဦးငွေအောင်မွန်] ၁၇၅

ကိုက်သောခွေး မကိုက်စေသော လက်တွေ့အသုံးချ မန္တန်
[ကြည်မြိုင်] ၁၈၉

ခရီးသွားလာများသူတို့အတွက် ဘေးရန်ကင်းစေသည့် ဂါထာ
[ဦးစိန်သွင်-ပခုက္ကူ] ၂၀၅

အာဟာရတစ်ခု၏ ကောင်းမြတ်သောစေတနာ နတ်ချစ်သော ဂါထာ
[ဆရာ မင်းဦးအိမ်-ဝေဒနက္ခတ္တ ပညာရှင်] ၂၈၉

✱ ဆေးနည်းဟိုရောင်ခြည် ✱

အုံပွယ် ဖန့်သလွန်စေ့ [မောင်အေးကြူ-စီးပွားရေး] ၁၉၉

ဆီးအတွက် အမှတ်တရ ဆေးတစ်ခွက်
[အရှင်သုမန-ဓမ္မာစရိယ] ၂၀၃

တရားပေးတဲ့ဆေး (သို့မဟုတ်) လှုပ်နေသောသွား ပြန်ခိုင်တဲ့ ဆေးနည်း
[ဦးမျိုးတင့်-မော်လမြိုင်] ၂၈၇

◆ ဆေးဗေဒရောင်ခြည် ◆

သွေးတိုးဆို ချိုနဲ့လား [ကိုလှအောင်-ငါးသိုင်းချောင်း] ၃၈

အစွမ်းထက်သော လျှပ်စစ်ဆေးတောင့်
[ကိုသိန်းလွင်ဟိန်း-ပန်းသခင်၊ စဥ့်ကူး] ၅၅

သက်ရှည်အားတိုးဆေးကြီး
[အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်] ၁၃၄

✱ ဝိဇ္ဇာရပ္ပရောင်ခြည် ✱

ပြဿနာပေးသော ရွှေအိုး [ဦးစိုး-မတ္တရာ] ၂၂၀

ကားဆရာကိုချက်ကြီးနှင့် မြွေသူတော်ဘုရားသိုက်နန်းမှ ညီအစ်မသုံးဖော်
[အညတြကျောင်းဆရာ-ကေတု] ၂၃၇

✱ စိတ်ရွှမ်းအင်ရောင်ခြည် ✱

သမထစွမ်းအားကြောင့်…ပရလောကသူလေး
[ခတ်ပုံ မောင်မောင်အေး] ၂၂၈

▲ ထူးခြားသစ်ပင်ရောင်ခြည် ▲

ထူးခြားသော ပိတောက်သစ်ကွင်းကြီး [အောင်ဇ-LL.B] ၁၀၂

စေတီဂမုန်း(ခေါ်) မြွေဆိပ်နိုင်သော ဂမုန်းပင်
[မျိုးတင့်-ညောင်လေးပင်] ၁၈၅

✱ ဗဟုသုတရောင်ခြည် ✱

ရှမ်းဆရာကြီးမှတ်စု [အောင်ချို-ဘုန်း] ၁၆၇




www.burmeseclassic.com

www.burmeseclassic.com


† ထူးခြားပစ္စည်းရောင်ခြည် †

ကုလားမတောင်ရေသောကြီးထဲမှ ထူးခြားငွေလက်စွပ်နှင့်
လောကီသုံးပစ္စည်းများ [သန်းထွန်းသိန်း–ကရင်ပြည်နယ်] ၁၇၇
ဆရာကြီးဦးတင်အောင်ထံမှ ပစ္စည်းဆန်းများ [ဇင်ညိုငယ်] ၁၁၃
စမုံ နွယ်ဝင်ကွင်းထိုး [မောင်မောင်ထွန်း–မုံရွာ] ၁၅၈

ကိုယ်ခံပညာရောင်ခြည်

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း) (၁၀)
[ဆရာကြီးမင်းယက္ခ–တိုက်ပွဲဝင်] ၁၆၉

○ သုတေသနရောင်ခြည် ○

စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြဲလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေသွဲ့] ၁၄၂
သူ့အရပ်၊ သူ့ဒေသနှင့် သူ့ရိုးရာ သူ့ဓလေ့ဆန်းများ
[သူ့နေရာ] [သာဂဒူး–ကသာမြေ] ၃၀၅

○ မြစ်ချောင်းကြီးဘေးဝင်ဘေးမြစ်ရောင်ခြည် ○

လိဝ်ခေါင်းဆို ချိန့်ရဲ့လား မြန်မာဓလေ့ရဲ့ စွမ်းပကား
[ကိုထွန်း–မင်းလှ] ၁၀၅
သွေးတိုးရှင့်အစာအိမ် ဝေဒနာများအတွက် နှမ်းညွှန့်ရွယ်
[ဆေးသုတေသီ] ၁၆၅

ထိရူ့နှ်ရောင်ခြည်

မီးပိုချောင်မှ ငွားဆေးများ [စိန်ကုလား–ပဲခူး] ၁၂၄
ကွဲ့ရွှား လည်ချောင်းကွဲရောဂါ [ငွေသိန်း–တီ/မွေး/ကု] ၁၉၂

❋ ကြည်ညိုခြင်းရောင်ခြည် ❋

သတ်နိမ့်နတ်သား မိတုရားနှင့် ဖူးမြော်ရာများ
[အောင်စ–LL.B] ၉
သခွတ်တောမြောက်မှ ကာရကာစွမ်းအင် ထူးခြားသည့်
မိတုရား [စောသိင်းလ] ၁၅၃


✻ အောင်မြေရောင်ခြည် ✻

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိခိုးပူဇော် ဂါထာတော်များ(၅၄)[ကျွန်ုပ်တော်ပေါက်စေတီ]
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၄၁
မြန်မာပြည်အရပ်ရပ်မှ ထူးခြားသော လျှို့ဝှက်အောင်မြေ
နှင့် နေရာထူးများ[စစ်သည်ဗိုလ်ပါအပေါင်း တည်ထားကိုးကွယ်
တပ်လှန်စေတီတော်] [စောလှနွယ်–မကွေး] ၈၉
အောင်မြေအစိဋ္ဌာန်ခရီးမှ အနုရုဒ္ဓါအောင်မြေ
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေသွဲ့] ၁၂၁




ကျုံတောင်၏ ထူးခြားမှုမှာ
တောင်ထိပ်ပေါ်ရောက်ပြီးပါက မိမိလိုသောဆုကို
လက်သီးလက်မောင်းတန်းကာ ...
စာ–၁၂၉

အဓိဋ္ဌာန်အောင် ရွှေနတ်ကယ်တောင်တွင်
တောရဆောက်တည် သာသနာပြုနေသည့်
ဆရာတော်ကို လှူခဲ့သော (၁၅) နှစ်ခန့်က ...
စာ–၉၇





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က
အာရုံယူပြီး
နင်တို့
ပဌာန်းအကျယ်
ကို
နေ့တိုင်း
ပူဇော်ကြရို့
မိန့်တယ်...
❖ စာ-၃၃



ဒီ
မီးတောက်
သစ်ကျွန်းကြီး
အနီးအနားကျော်
မှာ
တာဖြတ်ကြိုမှ
မီးတောက်ပွားခြင်း
မရှိဘူး...
❖ စာ-၁၀၂



ဤ
စေတီကမုန်းပင်
ကို
ရုက္ခစေတီတော်
အဖြစ်
သတ်မှတ်
ပူဇော်ရင်...
❖ စာ-၁၈၅

## ✧ ထီဗေဒရောင်ခြည် ✧


ထီကံပွင့်ဆုစောင်းမြည့် အစီအစဉ် [သန်းခေါင်-ပညာရေး] ၁၄
၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင်
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၁၄၄
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ထီအတွက် ရွေးချယ်ပါ ဤဂဏန်း
[ဆရာရဲထက်-သုတေသီ] ၁၆၄


## ✳ ရိုက်ကျိုးဒေးရောင်ခြည် ✳


နှင်းဆီပန်းပွင့် ပွင့်ချပ်ထပ်ကြီးစေဖို့ [ကျော်မင်းသော်] ၂၈၀


## ❒ အောင်မြင်ကျန်းမာရေးရောင်ခြည် ❒


နှိုသားကြီးစားသော ရဟန်းတော်လေးတစ်ပါးရဲ့
ထူးခြားဆန်းပြား ကိုယ်တွေ့ဖြစ်ရပ်များနှင့်
တရားအောင်မြင်ရေးနည်းလမ်းများ(၂)
[ကောင်းမြင့်မြတ်စိန်] ၂၃၃


## ❂ အင်းဓမ္မရောင်ခြည် ❂


အန္တရာယ်ပူသမျှ ကင်းရှင်းစေတတ်သော
တု(၄)ချက်၊ မိ(၄)ရပ် အင်းတောင်းတစ်ကွက်
[ဗိုလ်မင်း-မင်းလှ] ၅၃
ပုဂ္ဂိုလ်ထူးတစ်ဦးပေးသော ပထမလာဘသိဒ္ဓိအင်း
[ဦးကျော်ခင်-အင်းတာကော်] ၂၄၁


## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎


ကျောက်တံခါးမြို့ မဇ္ဈိမာရုံကျောင်းမှ ဆုထူးပန်
ဆရာတော်ဦးကေသရ(၃) [ထက်မင်းကျော်စွာ] ၃၃
ရုပ်ကလာပ်တော်မှ ဓာတ်တော်ကြွင်းသည့်
မိုးကုတ်စက်ပိုင်းဆရာတော်(၂) [ဖင်ညိုငယ်] ၆၅


## ✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤


အင်္ဂလိပ်လက်ထက် ကျွန်တော့်အဘိုး၏
အောက်လမ်းပညာသည်များနှင့် ထူးခြားဆန်းကြယ်
ဖြစ်ရပ်ဆန်းများ(၂) [လမ်းမတော် ကိုမျိုး] ၂၄၉
နဂါးရုံဘုရား တည်နိုင်ဖို့ ပဋ္ဌာန်းဆက်များနှင့်
တွေ့ဆုံခြင်းဖြစ်ရပ်ဆန်း [ကြေးတောင်သူတော်-စဥ့်ကူးမြို့] ၂၅၅
အဓိကရ သစ်ပင်ကြီးကို မြေထိုးစက်နှင့် ထိုးခဲ့သဖြင့်
သတိပေးခံရပုံဖြစ်ရပ်ဆန်း [မောင်ကံ-တံတားရွာ] ၂၅၇
စုန်းပူးသည်ကို ကိုယ်တွေ့မျက်မြင် ကြုံရပုံဖြစ်ရပ်ဆန်း
[စလင်း အောင်ကျော်ရွှေနိုင်] ၂၆၅
ရှေးတုန်းက ရှိခဲ့သည့် ဝေနံမြစ်အတွင်းက ထူးဆန်းသည့်
ရွှေသိုက်ပဲကြီး [ကျော်ဝေ-ဆုမြေ] ၂၇၈




www.burmeseclassic.com

www.burmeseclassic.com


## ✣ ဝိဇ္ဇာမဂ္ဂရောင်ခြည် ✣

ဆေးဝိဇ္ဇာ ခေါ်ယူခြင်းခံရသော လူငယ်တစ်ဦး
[ရွှေခိုင်ကျော်-မြောက်ဦး] ၂၁၇
ဝိဇ္ဇာရှင်းတမ်း(၂) [စရဏ ဦးအောင်] ၂၇၃

## ✂ နေ့စဉ်သုံး ဗေဒလမ်းညွှန်ရောင်ခြည် ✂

၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း
လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၁၂၆
၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၀၇
၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းဖီ] ၂၇၂
၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ-ကျိုက်လတ်] ၂၈၈

## ✲ ပြန်မဲ့ဂိုးရာပညာရောင်ခြည် ✲

နဂိုရ်ပီပီ ယာယီမထွက် [မောင်ဗဟိန်း-အင်းတော်] ၁၅၁
တစ်နှစ်တာအတွင်း ခုနစ်ရက်သားသမီးတို့
ရှောင်သင့်သောအရပ် [ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၁၅၇

## ◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆

(၁၂)လရာသီ နက္ခတ်ဓာတ်စာ (2017-June လအတွက်)
နယုန်လ မေထုန်ရာသီ(Gemini) နက္ခတ်ဓာတ်စာ
ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ
[ဆရာ မင်းချမ်းသာ] ၉၂
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၁၁၉

## ● ပရလောကရောင်ခြည် ●

ကျွန်တော် မြင်ဖူးသော ပရလောကသား
[ယောနသန်-ဂန့်ဂေါ] ၂၆၀
ချစ်ခင်ကျီစား ထူးခြားဆန်းပြား [ဇီးကုန်း ဩာမော်] ၂၆၂
နေရာချင်းလဲလှယ်ရန် ဖြားယောင်းသွေးဆောင်ခြင်းလော၊
စားသောက်လို၍လော [မောင်ဝင်းဘို-ချင်းတွင်းမြေ] ၂၆၆
လမ်းပေါ်မှ အဖြစ်အပျက်တစ်ခု [ထက်နိုင်-ပခုက္ကူ] ၂၉၃
ရွာတော်အရှင်နတ်ကြီးအား စော်ကားမိလေသောကြောင့်
[မေသစွာရှင်-ဘုတလင်] ၂၉၅
ခနီတောထဲက အငြိမ့်မင်းသမီး
[အေးအေးစု-ဘီလူးကျွန်း-ကွမ်လှာ] ၂၉၇






အဂိုင်းမင်းကျောင်းဆရာတော်ကြီး
ကြွလေရာကိုယ်နှင့်မကွာ ပင့်ဆောင်
သွားတတ်သည့် ရှေးဟောင်းရုပ်ပွားတော်ဖြစ်သည်...
စာ-၅၇

ဒီနေရာကစပြီး ခေါင်တုန့်စည်ရွာ
ခွန်တုံ့နတ်မင်းကြီး ကြီးစိုးတဲ့ နယ်မြေအတွင်း
ဘယ်အလံမှ ထူခွင့်မရပါဘူး...
စာ-၁၇




ကုလားမတောင် ရသေ့ကြီးထံမှ
လောကီအစီအရင်များဖြင့် ပြုလုပ်ထားသော
ထူးခြား ငွေလက်စွပ်အား...
စာ-၁၇၇



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းသက်န်းနက်သား မံဘုရားရုပ်ပွားတော်

ရွှေကင်ဖြူ (LL.B)

# သင်္ကန်းနက်သား မံဘုရားနှင့်

အံ့ဖွယ်ရာများ

**"ရန်အောင်မင်္ဂလာကျောင်းတိုက်"** မှန်ဦးကြီးက ခမ်းနားလှပါသည်။ ထိုမှန်ဦး၏ ဝဲ,ယာ အင်္ဂတေတိုင်လုံးကြီးတွင် **ဓာတ်လုံးကိုင်ထားသော ဝိဇ္ဇာရုပ်တုနှင့် ဆေးတောင်ဖွေး ထမ်းထားသည့် ဇော်ဂျီရုပ်တုတို့က** ပို၍ပင် စိတ်ဝင်စားဖွယ်ရာ ဖြစ်နေပါသည်။

ရပ်ဝေးဘုရားဖူးခရီး ထွက်လာကြသော ကျွန်ုပ်တို့မိသားစုဝင်များအားလုံး မော်တော်ကားပေါ်မှ ဆင်းကြပြီးလျှင် ဤကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက် ပူဇော်ခံထားသည့် သင်္ကန်းနက်သား ရှေးဟောင်းမံဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ပူဇော်ကြပါသည်။

ထို့နောက် **ရန်အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဝါယမိန္ဒ သက်တော်(၇၄)နှစ်၊ သီတင်္ကျွတော်(၅၄)ဝါကို** သွားရောက်ဖူးမြော်ကြပြန်သည်။

ဆရာတော်ကြီးမှာ ရေစကြိုမြို့နယ်၊ တောင်ဦးအုပ်စု၊ ရေမလရွာမှာ မွေးဖွားဘ်တိ ဖြစ်သော်လည်း ဤဒေသသို့ အသက်(၁၁)နှစ်အရွယ်ကတည်းက ရောက်ရှိနေထိုင်ခဲ့သည်ဖြစ်၍ ဒေသခံတစ်ဦးပင် ဖြစ်နေပေပြီ။

ဆရာတော်ကြီးမှ ဤဒေသအကြောင်းနှင့် သက်ဆိုင်သမျှ ရှေးဟောင်းနှောင်းဖြစ်များကို ဗဟုသုတဖြစ်ဖွယ် ပြောပြနိုင်ပါသည်။

ဤဒေသရှိ ရှေးဟောင်းဘုရားများအကြောင်းကို ဗဟုသုတများလှသူဖြစ်သည့်အလျောက် စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားပြုစုရန် စီစဉ်နေကြောင်းလည်း သိခွင့်ရခဲ့ပါသည်။

မှန်နန်းရာဇဝင်အရ ကောဇာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံထီးနန်းကို စိုးစံရသည့် နရပတိစည်သူမင်းသည် ဘိုးတော်အလောင်းစည်သူမင်းကြီးကဲ့သို့ပင် မြန်မာနိုင်ငံအနှံ့ ဖြစ်,ချောင်း ရှိသရွေ့ကို လှေတော်,ဖောင်

www.burmeseclassic.com

တော်များ စုဖွဲ့ကာ တိုင်းခန်းလှည့်လည်ခဲ့သည်။

ထိုသို့ တိုင်းခန်းလှည့်လည်ပြီး ပုဂံထီးနန်းသို့ ပြန်ရောက်ရှိသည်နှင့် မိမိကိုယ်တော်တိုင် ်းနင်းခဲ့သော လှေဖော်တော်ဦး၍ စိုက ထူထားသည့် **စံကားရွက်ပုံသဏ္ဌာန်ရှိ သက်နီးနက်သား ရွက်တိုင်ကို (၉)ပိုင်းပိုင်းစေပြီး** ဗုဒ္ဓရုပ်ပွားတော် (၉)ဆူ ထုလုပ်စေခဲ့ပါသည်။

ထိုသို့ ရုပ်ပွားတော် ထုလုပ်ရာမှ လွင့်စဉ်ကျသော စူးစာ,ဆောက်စာ သက်န်းနက်သား အပိုင်းအစအနအမှုန်များကို သစ်စေးသရိုးဖြင့် မွမ်းမံကာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပြုလုပ်ရရှိသဖြင့် စုစုပေါင်း ဘုရားရုပ်ပွားတော်(၁၀)ဆူ ရရှိခဲ့သည်။

**(အချို့သမိုင်းများတွင် စံကားသား ရုပ်ပွားတော်များဟု ဖော်ပြကြသည်။ စာပေဗိမာန်စာမူဆုရ မောင်မောင်ချစ်ဦး(မုံရွာ) ရေးသားပြုစုသည့် ရှေးဟောင်း အမြင့်မြို့စာအုပ်တွင် စံကားရွက်သဏ္ဌာန် သက်န်းနက်သားရွက်တိုင် ဟူ၍ ဖော်ပြထားသည်။ စာရေးသူ)**

ထိုသို့ ထုလုပ်ရရှိသည့် ဗုဒ္ဓရုပ်ပွားတော်များကို အောက်ပါဒေသများသို့ (၁)ဆူကျစီ ဝေငှကာ ကိုးကွယ်ပူဇော်ထားရှိစေခဲ့ပါသည်။

၁။ ကလေးမြို့
၂။ မင်းကင်းမြို့
၃။ မြေဒူးမြို့
၄။ စေတုတ္တရာမြို့
၅။ ကြံညှပ်မြို့
၆။ စမွန်းမြို့
၇။ စဥ့်ကူးမြို့
၈။ ရွှေတိုမြို့
၉။ စစ်ကိုင်းမြို့
၁၀။ အမြင့်မြို့



◆ အမြင့်မြို့ဟောင်း လယ်မြေတန်းတွင် မြင်တွေ့ရသည့် ရှေးဟောင်းဘုရားအချို့

◆ အမြင့်မြို့ဟောင်းမှ ရှေးလက်ရာမပျက် မြဲမြဲမြံမြံ မြဲမြံသော ရှေးဟောင်း ဘုရားစေတီအချို့ကို မြင်တွေ့ရပုံ



ကျွန်ုပ်တို့ ယခု ရောက်ရှိနေသော ဒေသမှာ မန္တလေးတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့ရှိ **အမြင့်မြို့ကျေးရွာ(အမြင့်မြို့ဟောင်း)** ဖြစ်၍ ကျွန်ုပ်တို့ ဖူးမြင်ခဲ့ရသည့် ရှေးဟောင်း သက်န်းနက်သား ဘုရားရုပ်ပွားတော်မှာ မံဘုရား ဖြစ်ပါသည်။ ဉာဏ်တော် အမြင့်(၃)တောင်ခန့် ရှိပါသည်။

**ထိုမံဘုရား၏ အံ့ဖွယ်ရာများမှာ...**

(က) ပခုံးတော် တစ်ဖြောင့်တည်း ရှိနေခြင်း။

(ခ) ဦးခေါင်းတော် မဏိသျှမှ ပလ္လင်ခြေအထိ အချိုးအစား ကျနပိပြင်ပေါ်လွင်ခြင်း။

(ဂ) ပလ္လင်တော်အခင်း (မြေသားပေါ်)သို့ လက်ယာလက်တော် ထိစပ်နေခြင်းမှာ ဘူမိဖဿမုဒြာဟန် ပေါ်လွင်နေခြင်း။

(ဃ) ထက်ဝယ်ဖွဲ့ခွေနေသော ခြေဖဝါးနှစ်ဖက်ပေါ်တွင် ဘယ်ဘက်လက်တော် တင်ထားခြင်း။

(င) မကိုဋ်ဦးစွန်းနှင့် ရွှေနားပန်ကနုတ်ကပ် ဖော်ပြဟန်များ ဆန်းကြယ်လှခြင်း...

တို့ ဖြစ်ကြပါသည်။

အခြားအံ့ဖွယ်များလည်း ရှိပါသေးသည်။ ထိုမံဘုရားရုပ်ပွားတော်မှာ





www.burmeseclassic.com

www.burmeseclassic.com



◆ အမြင့်မြို့တောင်း ကျေးဝိုင်းအနီးတွင် ဖူးမြော်ရသော ရှေးဟောင်းစေတီပုထိုးအချို့

◆ ရွှေအောင်မင်္ဂလာကျောင်းတိုက် အဝင်မုခ်ဦးကြီး



နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရာမှ ကောဇာသက္ကရာဇ် ၁၂၅၆ ခုနှစ်တွင် အမြင့်မြို့၏ တောင်ဘက် တစ်မိုင်ခန့်ဝေးသည့် သောတာပန်ရွာအနီးရှိ မကွေးကျောင်းတိုက်(မကွေးဝန် ဆောက်လုပ်လှူဒါန်းထားသည်)မှ ဘုန်းတော်ကြီး ဦးပဏ္ဍိစ္စသမှာ အမြင့်မြို့မှ သောတာပန်ရွာ မိမိကျောင်းတိုက်သို့ ခြေကျင်ပြန်ကြွလာစဉ် လမ်းခရီးရှိ ရွှေတွင်းအောင်းစေတီကို ဝင်ရောက်ဖူးမြော်ပါသည်။

ထို့နောက် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး အမျက်တော်ရှစဉ်က ကျန်စစ်သား ထွက်ပြေးတိမ်းရှောင် ကာ ပုန်းအောင်းခဲ့သည့် တွင်းကြီးထဲ သို့ ဆင်းကြည့်ရာ ထိုတွင်းကြီး၏ တစ်နေရာတွင် အမြင့်ဉာဏ်တော် (၃)တောင်ခန့် ရှိသည့် ဘုရားရုပ်ပွားဆင်းတုတော်တစ်ဆူကို ဖူးတွေ့လိုက်ရသည်။

ဘုန်းတော်ကြီး ဦးပဏ္ဍိစ္စသလည်း ထိုတွင်းအပေါ်သို့ ပြန်တက်၍ အနီးအနားရှိ ဒကာအချို့ကို ခေါ်ယူကာ တွင်းထဲမှ ဘုရားရုပ်ပွားတော်ကို တွင်းအပြင်(အပေါ်)သို့ ပင့်ဆောင်စေခဲ့သည်။

တွင်းပေါ် ရောက်သောအခါ ထိုရုပ်ပွားတော်အောက်ခြေ၌ **"မံဘုရား သက္ကရာဇ် ၅၃၆ ပုဂံ နရပတိစည်သူမင်းကြီးကောင်းမှု"** ဟု ကမ္ပည်းရေးထိုးထားကြောင်း တွေ့ရှိရပါသည်။

ဘုန်းတော်ကြီးမှ ထိုမံဘုရားရုပ်ပွားတော်ကို မိမိ သီတင်းသုံးရာ မကွေးကျောင်းတိုက်သို့ ပင့်ဆောင်ပြီး ကိုးကွယ်ထားခဲ့သည်။ သို့သော် ကောဇာသက္ကရာဇ် ၁၂၆၂ ခုနှစ်တွင် မကွေးကျောင်းတိုက်၌ ကိုးကွယ်ထားသည့် ထိုမံဘုရားရုပ်ပွားတော် ထပ်မံပျောက်ဆုံးသွားပြန်ပါသည်။

ရက်သတ္တပတ် (၃)ပတ်ခန့်ကြာလျှင် အမြင့်မြို့ ကုန်းကျောင်းတိုက်မှ ဘုန်းတော်ကြီးဦးသီလသည် တောတန်းဘက်သို့ လမ်းလျှောက်ထွက်စဉ် ကျောင်းနှင့် တစ်မိုင်ခန့်အကွာ ကိုင်းတောကြီးပေါ်၌ ကျီးငှက်နှင့် ဆက်ရက်ငှက်များ ဆူညံဝိုင်းပုံနေသဖြင့် သွားရောက်ကြည့်ရှုရာ မကွေးကျောင်းတိုက်မှ ပျောက်ဆုံးသွားသည့် မံဘုရားရုပ်ပွားဆင်းတုတော်ကို ဖူးတွေ့ရလေသည်။

ကုန်းကျောင်းဆရာတော်မှ တပည့်ဒကာတို့အား ပြန်ခေါ်၍ မံဘုရားရုပ်ပွားတော်ကို ကုန်းကျောင်းသို့ ပင့်ဆောင်ခဲ့ကြပြီး တပည့်တို့မှ ပျက်စီးမှုများကို ရေးလက်ရာမပျက် ပြန်လည်ပြင်ဆင်ပေးခဲ့ကြသည်။

ထို့နောက်မှ မကွေးကျောင်းတိုက်ဆရာတော်အား မံဘုရားကို ပြန်လည်ပင့်ဆောင်တော်မူရန် လျှောက်ထားသောအခါ မကွေးကျောင်းတိုက်ဆရာတော်မှ လက်မခံဘဲ...

www.burmeseclassic.com

'အရှင်ဘုရားနဲ့ ထိုက်သဖြင့်သာ တွေ့ရှိဖူးမြင် ပြင်ဆင်ခွင့်ရခြင်းဖြစ်လို့ ကုန်းကျောင်းတိုက်မှာသာ ထားရှိကိုးကွယ်တော်မူပါဘုရား။ သို့သော် မံဘုရားနဲ့ ခံတော်ရက်ဖြစ်တဲ့ သီတင်းကျွတ်လဆန်း (၁၄)ရက်မှသာ မကွေးကျောင်းတိုက်သို့ ယာယီပို့၍ လပြည့်နေ့ ဆွမ်းချပြီး လပြည့်ကျော်(၁)ရက်နေ့တွင် အရှင်ဘုရား၏ ကုန်းတော်တိုက်သို့ ပြန်လည်ပင့်ဆောင်ကိုးကွယ်ပါတော့ဘုရား'

ဟု လျှောက်ထားပါသည်။

ဤသို့ဖြင့် မံဘုရားရုပ်ပွားတော်ကို ကုန်းကျောင်းတိုက်တွင်ပင် နှစ်ပေါင်းရှည်ကြာ ကိုးကွယ်လာခဲ့ရာ ကျောင်းတော်ကြီး အိုမင်းယိုယွင်းနေသည်ကို ပြန်လည် ပြုပြင်ဆောက်လုပ်စဉ်အတွင်း ပိုမို လုံခြုံစိတ်ချရသည့် ရွှေကြိုးရစ်ဘုရား ဂန္ဓကုဋိတိုက်သို့ ခေတ္တ ပြောင်းရွှေ့ပူဇော်ခံ ထားရှိသည်။

ကုန်းကျောင်းတော်ကြီး အသစ်ပြုပြင် ဆောက်လုပ်ပြီးသောအခါ မံဘုရားကို ကုန်းကျောင်းဂန္ဓကုဋိတိုက်သို့ ပြန်လည် ပင့်ဆောင်ပူဇော်ခဲ့ခံစေခဲ့ပြန်သည်။

သို့သော် ယခုအခါမှာ အမြင့်မြို့ဟောင်းကုန်းကျောင်းတိုက် ဂန္ဓကုဋိတိုက်အတွင်းမှ မံဘုရားရုပ်ပွားဆင်းတုတော်မြတ်ကို ရပ်နီးရပ်ဝေး အများတကာ ဘုရားဖူး ပရိသတ်များ လွယ်လင့်တကူ လာရောက်ဖူးမြင်နိုင်ကြစေရန်အတွက် အမြင့်မြို့ဟောင်း အဝင်လမ်းမတန်းရှိ ရန်အောင်မင်္ဂလာကျောင်းတိုက်သို့ ပင့်ဆောင်ကာ ပူဇော်ခံထားရှိကြောင်း သိရသည်။

'အမြင့်မြို့ဟောင်းဟာ ရှေးပဒေသရာဇ်ရှင်ဘုရင်များ လက်ထက်က မြို့ရိုးကျုံးမြောင်းတွေနဲ့ ပြည့်စုံပြီး ကြီးကျယ်စည်ကား



ရန်အောင်မင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တဝါယမိန္ဒ

ခဲ့ဖူးပါတယ်။ စေတီပုထိုးပေါင်း (၃၃၆)ဆူ ကျောက်စာ(၆၃)ချပ်၊ ဘုန်းတော်ကြီးကျောင်း(၁၂)ကျောင်း ရှိခဲ့ကြောင်း ရှေးဟောင်းကျောက်စာ ရှိပါတယ်။

တချို့ စေတီပုထိုးတွေ၊ ကျောင်းကန်ဇရပ်တွေလဲ အကြောင်းအမျိုးမျိုးကြောင့် ပျက်သုဉ်းပျောက်ကွယ်သွားပြီ။ ကျန်ရှိတဲ့ ရှေးဟောင်းစေတီပုထိုးတွေနဲ့ သာသနိကအဆောက်အအုံတွေကိုတော့ တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်နေကြပါတယ်။

နိုင်ငံတော်အစိုးရကလဲ ဒီအမြင့်မြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သတ်မှတ်ပေးပြီး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက် ပြုပြင်ပေးဖို့ လုပ်နေပါပြီ။

ချင်းတွင်းမြစ်ကမ်းနေဖူးက အမြင့်မြို့ဟောင်းကို လာမယ်ဆိုရင် မုံရွာမြို့ကနေ (၁၃)မိုင်ကျော် ချောင်းဦးမြို့ကနေဆိုရင် (၇)မိုင်ကျော်လောက်ပဲ ဝေးပါတယ်။

မကြာတော့တဲ့ ကာလမှာ လမ်းတွေပိုကောင်းလာပါလိမ့်မယ်။ မြန်မာနိုင်ငံအနှံ့အပြားက ဗုဒ္ဓဘာသာဝင် ဘုရားဖူးပရိသတ်တွေ ဒီကို ဘုရားဖူးကားတွေနဲ့ လာရောက်ဖူးမြော်ကြဖို့ အထူးဖိတ်ခေါ်ပါတယ်'

ရန်အောင်မင်္ဂလာ ကျောင်းတိုက်ဆရာတော်ကြီး နိဂုံးချုပ် မိန့်ကြားခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ မိသားစုဝင်များလည်း ဆရာတော်ကို နှုတ်ဆက်ကာ ကားပေါ်ပြန်တက်ကြပြီး အနီးအနားရှိ ရှေးဟောင်းစေတီပုထိုးအချို့ကို သွားရောက်ဖူးမြော်ကြပြန်သည်။

**တတိယပုဂံမြို့ဟောင်းဟု တင်စားနိုင်သော အမြင့်မြို့ဟောင်းကို** နောက်တစ်ကြိမ်မက ပြန်လည်လာရောက်ပြီးလျှင် ရှေးဟောင်းဘုရားအစုံကို ဖူးမြော်ဦးမည်ဟု အဓိဋ္ဌာန်ပြုခဲ့မိပါသည်။

**စာဖတ်သူများလည်း တစ်ခါတစ်ခေါက် သွားရောက်နိုင်ကြပါစေ။**

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇေ*(LL.B)***




www.burmeseclassic.com

www.burmeseclassic.com

ကနိုဦးမှ - ထူးသော

# ပေါ်တော်မူ ရွှေစေတီ

စင်သိုယ်



◆ ပုံဟန်ထူးသော ရွှေစေတီ



◆ စေတီကမ္ပည်းစာတိုင်


သာစည်မြို့ အရှေ့မြောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ ကကျင်းရွာအနီး အင်းထိပ်တွင် **"ရွှေစေတီ"**ဟူသော စေတီငယ်တစ်ဆူ ရှိလေသည်။

မြေပြင်အတွင်းမှ ထိုးထွက် မြင့်မောက်တက်လာသော ပေါ်တော်မူ စေတီအဖြစ် နှစ်ပေါင်း(၁၀၀)ကြာ ဖူးမြင်ခဲ့ရကြောင်း **အငြိမ်းစားကျောင်းအုပ်ဆရာကြီးဦးလေးမြင့်က** ပြောပြသည်။

စေတီတော်၏ မူလကိန်းဝပ် တည်ရာဒေသကား ရှမ်းပြည်နယ်ဒေသ တစ်ခုဖြစ်ကာ အမျိုးသမီးတစ်ယောက်က သင်ပုတ်ပလ္လင်ထက်တွင် ထဘီအဝတ်များ လျှော်ဖွပ်မိသောကြောင့် ပျောက်ကွယ်ခဲ့ရကြောင်း သိရသည်။

ထိုစဉ်က မြန်မာနိုင်ငံသို့ ကုန်သွယ်လာကြသော ရှမ်းတိုင်းရင်းသားများက

◆ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလေးမြင့်(သာစည်)



၎င်းစေတီအား ဖူးမြင်ရသောအခါ အံ့သြဝမ်းသာ ပူဇော်ကြ၍ အတိတ်ဖြစ်စဉ်ကို ပြောပြခြင်းဖြစ်သည်ဆိုလေသည်။

ယင်းစေတီအား မူလဘွဲ့တော်အတိုင်း ရွှေစေတီဟု ကပ်လှူကြကာ နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်းတွင် ရှမ်းတိုင်းရင်းသားများစွာ လာရောက်ပူဇော်ကြမြဲဖြစ်ကြောင်း ဘိုးဘွားစဉ်ဆက် မှတ်သားခဲ့ရသည်။

ယုံကြည်လောက်သော အထောက်အထားတစ်ခုမှာ စေတီအနီး အင်းပြင်တွင်းမှ ရှမ်းပုစွန်ခေါ် ပုစွန်နီကြင်ကြင်ကလေးများကို ဖမ်းယူရရှိနိုင်ခြင်းပင်ဖြစ်သည်။ ရှမ်းပုစွန်များသည် သာစည်အနီးတစ်ဝိုက်တွင် နေရိုးထုံးစံ မရှိကြချေ။

ရွှေစေတီဆီသို့ သွားရောက်ဖူးမြော်သောအခါ အင်းကြီးမှာ ရေခန်းခြောက်လုနီးပါး ကောနေသည်ကို မြင်တွေ့ရသည်။

စေတီမှာမူ ကကျင်းရွာမှ ဒေါ်လုံး


စာမျက်နှာ (၁၅) သို့

www.burmeseclassic.com

www.burmeseclassic.com

# ထီကံပွင့်ဆုတောင်းပြည့်



"ဒိဝါတပတိ" အစပြုသော ဂါထာ

သန်းဇော်
(ပညာရေး)

အခ်ိဳ႕ၫ

ထီကံပွင့်ခြင်းသည် ကံအခွင့်အလမ်းကောင်းများ ကြုံတွေ့စေခြင်း၊ ရုတ်တရက် ငွေများစွာရရှိခြင်း၊ ကံပွင့်လာဘ်ပွင့်ခြင်းဖြစ်ရာ ထီကံပွင့်ရန်အတွက် ဆောင်ရွက်သော အစီအရင်များသည် ငွေရလွယ်အောင် ပြုခြင်း၊ ကံကောင်းအောင် ပြုခြင်းသာလျှင် ဖြစ်ပါတယ်။

ထို့ကြောင့် **ထီကံပွင့် ဆုတောင်းပြည့်အဓိဋ္ဌာန်ကို...**

❖ မျာဒိတ်ပေးဘုရား၊

❖ ဗောဓိပင်...

စတဲ့ နှစ်ဌာနတွင် ဆောင်ရွက်ရပါလိမ့်မယ်။

ကြည့်ပါဦး...

**မျာ ဒိတ် = ၅ ၇**
↓ ↓ ↓ ↓
**ဗော ဓိ = ၅ ၇**
╳ ╳ [ကက်ကင်း]
**ထီ ပေါက် = ၇ ၅**

**တနင်္လာနေ့တိုင်း မျာဒိတ်ပေးဘုရား မျက်မှောက်တော်တွင်...**

✳ ပိတောက်ညွန့် (၅)ညွန့် လှူပြီးရင်...

✳ ပဋ္ဌာန်း ၂၄ ပစ္စည်းအကျဉ်း (၅)ခေါက်

✳ မေတ္တာသုတ် (၅)ခေါက်

✳ ပုဗ္ဗဏှသုတ် (၅)ခေါက်

✳ ဗုဒ္ဓေါ (၅)ခေါက်

ရွတ်ဆိုပြီး ပုတီးစိပ်ရပါမယ်။

ကြည့်ပါ...

**ပ ဋ္ဌာန်း = ၅ ၇**
↓ ↓ ↓ ↓
**မေ တ္တာ = ၅ ၇**
↓ ↓ ↓ ↓
**ပုဗ္ဗ ဏှ = ၅ ၇** [ကက်ကင်း]
↓ ↓ ↓ ↓
**ဗု ဒ္ဓေါ = ၅ ၇**
╳ ╳
**ထီ ပေါက် = ၇ ၅**

**"ထီပေါက်ခြင်း"** ပညတ်ကို အထပ်ထပ် ကက်ကင်းရိုက်ပြီး စီရင်ထားခြင်း ဖြစ်ပါတယ်။

တစ်ဖန် ကြည့်ပါဦး...

**ထီပေါက်** ပညတ်တွင် **ထီ**=စနေနံသည်၊ **ငွေနံ**=၂လံ၊ရဲ့ (၆)ခုမြောက် ဂြိုဟ်(ဆပွတ်)ဖြစ်ပြီး **ပေါက်**= ၅ဘေးနံသည် ငွေနံ=၂လံ၊ရဲ့ စတုရန်းဂြိုဟ် (၄-ခုမြောက်ဂြိုဟ်)ဖြစ်ရာ လာဘ်ရမှုကို အထောက်ပြုစေရန် **မျာဒိတ်, ဗောဓိ, ပိတောက်, ပဋ္ဌာန်း, မေတ္တာ, ပုဗ္ဗဏှ, ဗုဒ္ဓေါ** စသည်တို့ဖြင့် အထပ်ထပ် စီရင်ထားခြင်းလဲ ဖြစ်ပါတယ်။

ပြီးရင်...

ဗောဓိပင်ရဲ့ အနီးဝန်းကျင်များတွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း စတဲ့ သန့်ရှင်းရေး ကုသိုလ်ယူပါ။

ပြီးရင်...

**ဂြိုဟ်ရှစ်ခွင်ရှိသော စေတီတစ်ဆူဆူတွင်...**

ခရေညွန့် (၉)ညွန့် လှူပါ။

"ဒိဝါတပတိ" အစပြုသော ဂါထာကို (၉)ခေါက် ရွတ်ပါ။

ရေသပ္ပါယ်ပါ။ ဆုတောင်းပါ။

နေ့သားအလိုက် ဆောင်ရွက်ရမယ့် ထောင့်/အရပ်များကို ဖော်ပြပေးပါမယ်။

| | | |
|---|---|---|
| တနင်္ဂနွေ | → | သောကြာအရပ်(မြောက်အရပ်) |
| တနင်္လာ | → | စနေထောင့်(အနောက်တောင်ထောင့်) |
| အင်္ဂါ | → | တနင်္ဂနွေထောင့်(အရှေ့မြောက်ထောင့်) |
| ဗုဒ္ဓဟူး | → | တနင်္လာအရပ်(အရှေ့အရပ်) |
| ကြာသပတေး | → | အင်္ဂါထောင့်(အရှေ့တောင်ထောင့်) |
| သောကြာ | → | ဗုဒ္ဓဟူးအရပ်(တောင်အရပ်) |
| စနေ | → | ကြာသပတေးအရပ်(အနောက်အရပ်) |

## သဗ္ဗဇယမင်္ဂလာဂါထာ

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟော ရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊
နမက္ကာရ နုဘာဝေန
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **အာဒိစ္စော** | = | အာဒိတ်စော |
| **ရတ္တိမာ** | = | ရတ်တိမာ |
| **စန္ဒိမာ** | = | စန်ဒိမာ |
| **သန္နဒ္ဓေါ** | = | သန်နတ်ဓော |
| **ခတ္တိယော** | = | ခတ်တိယော |
| **ဗြာဟ္မဏော** | = | ဗြန်မဏော |
| **သဗ္ဗ** | = | သဗ်ဗ |
| **ရတ္တိံ** | = | ရတ်တိန် |
| **ဗုဒ္ဓေါ** | = | ဗုတ်ဓော |
| **သမ္ပန္နံ** | = | သမ်ပန်နံ |
| **ဗုဒ္ဓံ** | = | ဗုတ်ဓံ |
| **ဝန္ဒါမိ** | = | ဝန်ဒါမိ |
| **နမက္ကာရာ** | = | နမက်ကာရာ |
| **သဗ္ဗေ** | = | သဗ်ဗေ |
| **ပူရေန္တု** | = | ပူရင်တု |
| **သက်ပွာ** | = | သင်ကပ်ပါ |

အနက်

**အာဒိစ္စော**–နေမင်းသည် **ဒိဝါ**–နေ့အခါ၌၊ **တပတိ**–ထွန်းလင်းတောက်ပ၏၊ **စန္ဒိမာ**–လသည်၊ **ရတ္တိ**–ညဉ့်အခါ၌၊ **အာဘာတိ**– ထွန်းလင်းတောက်ပ၏၊ **ခတ္တိယော**–ရှင်ဘုရင်သည်၊ **သန္နဒ္ဓေါ**–ချပ်ဝတ်တန်ဆာဆင်ပါမှသာလျှင်၊ **တပတိ**–ထွန်းလင်းတောက်ပ၏၊ **ဗြဟ္မဏော**–ရဟန္တာသည်၊ **ဈာယီ**–ဈာန်ဝင်စားမှသာလျှင်၊ **တပတိ**–ထွန်းလင်းတောက်ပ၏။

**အထ**–ထို နေ့,လ,ရှင်ဘုရင်,ရဟန္တာတို့ထက်၊ **ဗုဒ္ဓေါ**– မြတ်စွာဘုရားသည်၊ **သဗ္ဗမဟောရတ္တိ**–အလုံးစုံသော နေ့ညဉ့်ပတ်လုံး၊ **တေဇသာ**–တန်ခိုးတော်ဖြင့်၊ **တပတိ**–ထွန်းလင်းတောက်ပတော်မူပါပေ၏။ **တာဒိသံ**–ထိုကဲ့သို့သော၊ **တေဇသမ္ပန္နံ**–တန်ခိုးတော်နှင့်ပြည့်စုံတော်မူသော၊ **ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊ **အာဒရံ**–ရိုသေစွာ၊ **ဝန္ဒာမိ**–ရှိခိုးပါ၏။ **နမက္ကာရာ** **နုဘာဝေန**–ရှိခိုးခြင်းကို ပြုရသော အာနုဘော်ကြောင့်၊ **သဗ္ဗေ**–အားလုံးကုန်သော၊ **သက်ပွာ**– အကြံအစည်တို့သည်၊ **ပူရေန္တု**–ပြည့်ပါစေကုန်သတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ့ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

*အေးမြရင်မှာ ရှိပါစေ*

သန်းခေါင်(ပညာရေး)


စာမျက်နှာ (၁၃)မှ အဆက်

ဆိုသူက မွမ်းမံပြင်ဆင်ထားသဖြင့် သပ္ပါယ်စွာ ဖူးမြင်ရသည်။ စေတီအနီးတွင် တပ်စခန်း၊ အိမ်ထောင်သည်တန်းလျားများ တည်ဆောက်ထားသဖြင့် **"တပ်ဦးရွှေစေတီ"**ဟု ကမ္ပည်းမှတ်တိုင် စိုက်ထူထားသည်။

မုန့်စီသကန်း ကပ်လျှထားသော စေတီသဏ္ဌာန်မှာ ထူးခြားသော ပုံစံတော် ဖြစ်သည်၊ သန့်စင်မွန်မြတ်စွာ ဖြစ်တည်ခြင်းသဘောဆောင်သော ပစ္စယံအဆင့်ဆင့်တည်ထားပုံ၊ အထက်မှ ခေါင်းလောင်းမှောက်တို့မှာ မူလ ရှမ်းဒေသလက်ရာအတိုင်း ဖြစ်ကြောင်း သိရသည်။

ရွှေစေတီသို့ လာရောက် ဖူးမြော်ပူဇော်ပါက **ကိုယ်စိတ်နှစ်ပါးသန့်ရှင်းစေကာ လောကီအညစ်အကြေးများရှင်းလင်းစေရပေသည်။**

အကယ်၍ စင်ကြယ်မှုမရှိပါက လမ်းပျောက်ခြင်း၊ ကိုယ်စိတ်ထိုင်းမှိုင်း လေးလံခြင်း၊ လမ်းခရီး ဖင့်နှေးကြန့်ကြာခြင်းတို့ ကြုံတွေ့ကြရကြောင်း မှတ်သားရပါသည်။




**ဝင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၂၀၁၁၊ တာဆထလာတိုး (၁၃၁၂)

# အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည့်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သံက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး ရှအားစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ ရူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅/၃၅၆)မောဓိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၈၆၃၂

ကြော်ငြာ တောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com



▲ အလည်ထွက်ခွင့် မပြုသည့် နတ်ဘော်သိမ်ဂူများ နယ်မြေအဖြစ်

သိုမြင်ထက် (မြန်မာစာ)

ဂမ္ဘီရဆန်းသောရွာ (သို့မဟုတ်)

# အလည်လှည့်ခွင့် မရသည့် ခေါင်တုန့်စည်ရွာဟောင်း

နမီးချောင်းဖျားထိပ် အင်းတော်မြို့နယ်၊ ကချင်ပြည်နယ်၊ ဗန်းမောက်မြို့နယ်တို့ ပေါင်းဆုံ စည်းခြားရာဒေသ **ဂမ္ဘီရဆန်သည့် ခေါင်းတုန့်စည်ရွာဟောင်း**။

ခေါင်တုန့်စည်ရွာဟောင်း မရောက်မီ ခေါင်တုန့်စီရွာသစ်ဆိုတာ ရှိသည်။ ဂမ္ဘီရဆန်သော ခေါင်တုန့်စည်ရွာဟောင်းသို့ စာရေးရန် သွားချင်လွန်း၍ မျှော်မှန်းခဲ့ရသည့် ရက်လများ ကုန်ဆုံးလွန်မြောက်ခဲ့ အခွင့်အခါ မသင့်လျှင် မိမိရောက်ချင်ပါသည်ဟု မည်သို့ပင် ရည်ရွယ်ပါစေ ရောက်ခွင့်မကြုံလျှင် မရောက်ပါ။

ရောက်ခွင့်,သွားခွင့် ကြုံပြန်လျှင်လည်း မမျှော်မှန်းဘဲ ရောက်တတ်စမြဲပါ။ စာရေးသူ မျှော်မှန်းချက် ကုန်ဆုံးပြီဟု အောက်မေ့မိသည်။ ရောက်ချင်ပြန်တော့လည်း တိုက်တိုက်ဆိုင်ဆိုင် ဟဲဥရွာနေ ဆရာကိုဝင်းမောင်(ပညာရေး၊ ငြိမ်း)က စာရေးသူအား...

'ဆရာ ဘယ်နေ့အားမလဲ၊ ဆရာ့ကို ခေါင်တုန့်စည် လိုက်ပို့မလို့ပါ'

တဲ့။ စာရေးသူ ထခုန်မိမတတ် ဝမ်းသာသွားမိသည်။ ရောက်ချင်သောနေရာ၊ မိမိစာရေးချင်သော အကြောင်းအရာတွေကို ရေးခွင့်ရတော့မည် မဟုတ်ပါလား။

စာရေးသူက ဆရာကိုဝင်းမောင်အား...

'ကျေးဇူးတင်လိုက်တာ ဆရာရယ်... ရှေ့ တစ်ရက်,နှစ်ရက်ဆိုရင် အားသားပဲ။ တက္ကသိုလ်ဝင်တန်း စာမေးပွဲအတွင်း မတ်လ(၁၀)ရက်နေ့ မနက် သွားကြမယ်'

ဟု ဆိုလိုက်ရာ အနီးရှိ ဒေါ်ချိတ်(မော်လူး)ကလည်း...

www.burmeseclassic.com



▲ ရှေးဟောင်းရုပ်ပွားဆင်းတုတော်



▲ ရှေးဟောင်းကြေးဆင်းတုတော်

'ကျွန်တော်လဲ လိုက်မယ်လေ။ ခေါင်တုန့်စည်ရွာရဲ့ တောတောင် သဘာဝရှုခင်းများနဲ့ ရှမ်းနီတို့ရဲ့ ရှေးဟောင်းသာသနိက အဆောက်အအုံတွေ တူးဖော်ရရှိထားတဲ့ ရှေးဟောင်း ရုပ်ပွားဆင်းတုတော်တွေ ဓာတ်တော်တွေကို မှတ်တမ်းတင်စရာတွေလဲ ရှိသေးတယ်'

ဟု ဆိုသဖြင့် စာရေးသူတို့ သုံးဦး မတ်လ(၁၀)ရက်နေ့ နံနက်(၉း၁၅)နာရီ အချိန် မော်လူးမှ ခေါင်တုန့်စည်ရွာ ဟောင်းသို့ ဆိုင်ကယ်နှစ်စီးဖြင့် ထွက်ရန် ပြင်ဆင်ခဲ့ကြသည်။

ဆရာကိုဝင်းမောင်၏ ဆိုင်ကယ် ရှေ့တွင် ဗိုက်ဆာလျှင် အချိန်နေရာ မရွေး အဆင်သင့် စားသောက်နိုင်ရန် ကိုချိတ်၏ဇနီး မစိမ်းလန်း ချက်ပြုတ် ပေးလိုက်သည့် ဟင်းမျိုးစုံနှင့် ထမင်းဘူးတို့ကို ခြင်းဖြင့် ထည့်၍ ကြိုးနှင့် ချည်လိုက်သည်။

စာရေးသူက ကိုချိတ်၏ ဆိုင်ကယ် နောက်က ဆရာတော်အား ကပ်လှူမည့် မုန့်ထုပ်များကို ကြွပ်ကြွပ်အိတ်နှင့်ထည့်ကာ လက်က ဆွဲလျက်လိုက် ရသည်။

အသွားလမ်းကို မော်လူးမှ ဟောင်းတုန်း၊ ဆားမှော်ရွာတို့ကို ဖြတ်ကာ တောလမ်းခရီးအတိုင်း တစ်တောင်ဆင်း တစ်တောင်တက် ချောင်းတွေ့လျှင်ဖြတ်နှင့် နန်းမကြိုင်း အရှေ့လမ်းမှသည် ကြိုးဓာတ်တားကို ဖြတ်၊ အကွေ့အဝိုက် တစ်တောဝင် တစ်တောင်ကျော် ဆိုသလိုပင် ဆိုင်ကယ်ကို မြင်းဖက်များ ကိုင်သလို လျှော့လိုက်တင်းလိုက် ဘရိတ်ဖမ်းလိုက်နှင့် ခေါင်တုန့်စည်ရွာ မရောက်မီ **နတ်တံခါးဂူဘုရားနေရာသို့** ရောက် သည့်...

'ကဲ...ဆရာတို့ ဒီနေရာကစပြီး ခေါင်တုန့်စည်ရွာ နရန်းပတ်လည် ခွန်တုံနတ်မင်းကြီး ကြီးစိုးတဲ့ နယ်မြေအတွင်း ဘယ်အလံမှ ထူခွင့်မရပါဘူး။ အလံထူခဲ့ရင်တော့ ဒုက္ခ လှလှကြီး တွေ့ကြုံကြရတယ်'.

ဟု ဆိုသဖြင့် စာရေးသူနှင့် ကိုချိတ်တို့က ဆိုင်ကယ်ပေါ်ကဆင်းပြီး ကင်မရာများဖြင့် နတ်တံခါးဂူဘုရားကို ဓာတ်ပုံမှတ်တမ်းတင်လိုက်ပါသည်။

နတ်တံခါးဂူဘုရားအနီးမှာ ညောင်ပင်ကြီးတစ်ပင်ရှိပြီး ညောင်ပင်ကြီး၏ အကိုင်းအခက်တွေက နတ်တံခါးဂူဘုရားကို ဖြန့်မိုးထားသည်။ ခေါင်တုန့်စည်ရွာသားများ၏ အဆိုအရ နတ်

www.burmeseclassic.com



▲ ရှုပေါင်းရုပ်ပွားတော်များနှင့် ဓာတ်တော်များ


▼ သောင်းကျန်းသူများ မီရှို့သော်လည်း မီးမလောင်ဘဲ ကျန်ထားသည့် ရှုပေါင်းဘိုးကျောင်း





www.burmeseclassic.com

www.burmeseclassic.com



◆ ခေါင်တုန့်စည်ရွာအဝင်ဆိုင်းဘုတ်

◆ တောင်ထက်မှ ရိုက်ထားသည့် ခေါင်တုန့်စည်ရွာမြင်ကွင်း



တံခါးဂူဘုရား၏ အောက်ခြေ ကျောက်ဖျာညာဘက်တွင် အပေါက်တစ်ပေါက်ရှိကြောင်း၊ ဥစ္စာစောင့်သိုက်လိုလိုဖြစ်ကြောင်း...

ရှေးအခါက ရွာသူရွာသားတွေ ပွဲလမ်းသဘင် သွားလိုလျှင် ရွှေငွေ ရတနာများကို ငှားပြီး ဝတ်ဆင်ကြကြောင်း၊ နောက်ပိုင်း ငှားပြီး ပြန်မပို့ကြသဖြင့် ဂူတံခါးကြီး ပိတ်သွားသည်ဟု ပြောစမှတ်ပြုသည်။

ခေါင်တုန့်စည်ကို တစ်နည်းအားဖြင့် ဤသို့ဆိုကြသည်။ "**ခေါင်**"ဆိုသည်မှာ"**ကျား**"၊ "**တုန့်**"ဆိုသည်မှာ"**နဂါး**"၊ "**စည်**"ဆိုသည်မှာ "**ခြင်္သေ့**" ဟူ၍ အဓိပ္ပာယ်ကောက်ပြီး ရာဇာသုံးမျိုး ကြီးစိုးရာအရပ်ဟူ၍လည်း ဆိုကြပြန်သည်။

စာရေးသူတို့သည် နတ်တံခါးဂူဘုရားမှ ဆက်လက်ထွက်ခဲ့ရာ မကြာမီ ရှမ်းအခေါ် "**လွိုင်နန်းနု**" **ခင်လေးမျှော်တောင်ပေါ်**သို့ ရောက်ကြသည်။ ခင်လေးမျှော်တောင်မှ ကြည့်လျှင် ခေါင်တုန့်စည်ရွာကို အဝေးမှ ရေးရေးမြင်ရသည်။

ခင်လေးမျှော်တောင်မှ အကွေ့အကောက်များဖြင့် ဆိုင်ကယ်ကို ဖြည်းဖြည်းချင်း ဆင်းလာခဲ့ရာ ချောင်းအသေးနှစ်ချောင်းကို ဖြတ်လာခဲ့ရသည်။ ပထမချောင်းမှာ "**ပုစွန်လွှတ်ချောင်း၊**"ဟု အမည်တွင်သည်။

အကြောင်းမှာ အမျိုးသမီးတစ်ယောက်သည် ခင်လေးမျှော်တောင်မှ အမိဋ္ဌာန်ဖြင့် ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းအုပ်လာပို့ရာ မိမိရွက်လာသည့် ဆွမ်းအုပ်ဆွမ်းဗန်းထဲ၌ ရှမ်းအခေါ် "**ပေှ့ဖူးလော့**"ပုစွန်၊ **ကဏန်းကောင်** ပါလာသဖြင့် တောင်အောက်ရှိချောင်းတွင် ပုစွန်လွှတ်ပေးရာ ထိုချောင်းကို "**ပေှ့ဖူးလော့**" "ပုစွန်

www.burmeseclassic.com



◆ ခေါင်တုန့်စည်ကျောင်းထိုင်ဆရာတော်နှင့် တူးဖော်ရရှိထားသည့် ဓာတ်တော်များ

◆ ရွာလူကြီးပြောပြမှုအပေါ် စာရေးသူ မှတ်တမ်းပြုစုစဉ်



◆ အသစ်တည်ဆောက်ထားသည့် ဘုန်းတော်ကြီးကျောင်း



**ထွက်ချောင်း**''ဟူ၍ ခေါ်ကြောင်း...

ထိုမှ လွန်လာသော် တံခွန်တိုင်နှင့် အတူ ခေါင်တုန့်စည်ရွာ ဆိုင်းဘုတ်ကြီးက စာရေးသူတို့သုံးဦးအား ကြိုဆို နှုတ်ခွန်းဆက်နေသယောင်။

ယင်းဆိုင်းဘုတ်အနီးတွင် ချောင်းတစ်ချောင်းရှိသည်။ နှစ်ကာလ ရွေ့လျောလာ၍ထင်သည့် ချောင်းမှာကောပြီး မြောင်းသာသာ ရှိတော့သည်။

တံတားကလေးတစ်ခု ရိုက်ထားသည်။ "**ခေါင်**"=ထမင်းတောင်း၊ "**တုန့်**"=ကျသည်၊ "**စည်(စယ်)**"=စိမ်သည်။ ထမင်းတောင်း ရေခဲကျ၍ ရေထဲတွင် ထမင်းများ စိမ်နေသည်ကို အစွဲပြုကာ **ထမင်းတောင်း ရေထဲကျသည့်ရွာ** ရှမ်းအခေါ် "**ခေါင်တုန့်စည်**" ဟုခေါ်ကြောင်း အသက်(၇၇)နှစ်အရွယ် ဦးသန်းဖေ ပြောပြချက်အရ သိရှိရပါသည်။


ခေါင်တုန့်စည်သည် အိမ်ခြေ(၃၀) ဝန်းကျင်မျှသာရှိသည်။ နမီးချောင်းကို အမှီပြု လုပ်ကိုင်စားသောက်ကြသည်။ ချောင်းရိုးတစ်လျှောက် ရေညှိနှင့် ကျောက်ပွင့်တို့ကို ဆယ်ယူကာ ရေညှိပေါင်း ကျောက်ပွင့်ကော စသည်ဖြင့် အဝေးရောက် ဧည့်သည်တွေကို ဧည့်ဝတ်ပြုကျွေးမွေးကြသည်။

ယခင်က ငါးတောက်၊ ငါးလဝါ၊ ငါးခုံးမ စသည့် ငါးများ ချောင်းရိုးမှာ ရှာဖွေလျှင် အချိန်မရွေး တစ်ဝမ်းတစ်ခါးအတွက် လွယ်ကူစွာ ရသော်လည်း ယခုမူ သဘာဝ တောတောင်နှင့် နမီးချောင်းရိုးလည်း ရေတွေ ခန်းခြောက်လုနီးဖြစ်ကာ ငါးမျိုးစိတ်တွေလည်း ပျောက်သလောက် ဖြစ်နေပြီဟု ရွာ၏ ရာအိမ်စုမှူးက စာရေးသူအား ရှင်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သာသနာ့အလံ ထူခွင့်မရသည့် ရန်အောင်မြင်ဓာတ်ပေါင်းစုစေတီ

နံနက်(၁၀း၃၀)နာရီအချိန် ရောက်လာသဖြင့် မိမိတို့ ယူဆောင်လာသော ဆွမ်းထမင်းဟင်းများ ခူးခပ်ပြီး ဝယ်ယူလာသော မုန့်ထုပ်များပါ ဆရာတော်အား ကပ်လိုက်ကြသည်။ ဆရာတော် ဆွမ်းဘုဥ်းပေးနေစဉ် စာရေးသူတို့အဖွဲ့ စေတီတော်အသစ်တွင် ဌာပနာမည့် ရှေးဟောင်းရုပ်ဟောင်း ရုပ်ပွားဆင်းတုတော်များနှင့် ဓာတ်တော်ပွားများကို ကင်မရာရိုက်ခြင်း၊ စာအုပ်တွင် မှတ်တမ်းတင်ခြင်းများ ပြုလုပ်သည်။

* ငွေဘုရားဆင်းတုတော်(၃)ဆူ
* ကြေးဆင်းတုတော်(အကြီး) (၈)ဆူ
* ကြေးဆင်းတုတော်အလတ်(၃)ဆူ
* ရုပ်တော်မှု(၁)ဆူ
* ကြေးဆင်းတုတော်အငယ်(၁)ဆူ
* သိကြား,နဂါး,ရသေ့(၆)ဆူ
* ဓာတ်တော်ပွားများ ဇလုံကြီး(၃)လုံး
* ရှင်အနုရုဒ္ဓါဓာတ်တော်(၁)ပုလင်း
* ရှင်သီဝလိဓာတ်တော်(၁)ပုလင်း
* ရဟန္တာဓာတ်တော်(၂)ပုလင်း
* ဓာတ်တော်အကြည်(၄)ပုလင်း
* မှန်ညှင်းစေ့ပမာဏဓာတ်တော်(၁)ပုလင်း
* ပဲနောက်စေ့ဓာတ်တော်(၂)ပုလင်း
* ဓာတ်တော်အစိုင်အခဲ မန်ကျည်းစေ့ခန့် (၂)ပုလင်း
* ရွှေဆင်းတုအကြီး(၄)ဆူ, အသေး(၄)ဆူ
* ရှင်ဥပဂုတ္တကြေးပြာသာဒ်နှင့်
* ရွှေဆင်းတု(၁)ဆူ
* ပယင်းဘုရား(၁)ဆူ,

စသည်တို့ကို ဖူးမြော်မှတ်တမ်းတင်ခဲ့ရပါသည်။***(စာရေးသူ တွေ့မြင်ရသော ဓာတ်တော်နှင့် ဆင်းတုတော်များ ဖြစ်ပါသည်။)***

လက်ရှိ ရန်အောင်မြင်ဓာတ်ပေါင်းစုဆုတောင်းပြည့် စေတီတော်ကြီးကို ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆုတ်(၆)ရက်မှ (၉)ရက်နေ့အထိ အုတ်မြစ်စီ မင်္ဂလာကျင်းပခဲ့သည်။

**ထိုသို့ အုတ်မြစ်ချီမင်္ဂလာ ကျင်းပရာတွင်လည်း စေတီတော်ပတ်ဝန်းကျင်၌ သာသနာ့အလံစိုက်ထူခြင်း အလျှင်းမရှိကြောင်း စာရေးသူ မျက်ဝါးထင်ထင် မြင်ခဲ့ရပါသည်။**

လွန်ခဲ့သော ၁၃၇၆ ခုနှစ် ကျောင်းရေစက်ချမင်္ဂလာ ပြုလုပ်ရာ ကျောင်းဝင်းအတွင်း သာသနာ့အလံ စိုက်ထူနိုင်ရေးအတွက် ဝါးစည်းများကို အစည်းလိုက်ချထားပြီး သာသနာ့အလံ စိုက်ထူခွင့် ပေးသနားနိုင်ရန် ခွန်တုံ့နတ်နန်းသို့သွား၍ အမိဌာန်ပြုကာ နတ်ပူဇော်မေးမြန်းကြသည်။

ခွင့်ပြုချက်ရမရကို ပြသပေးပါရန် လျှောက်ထားဝံတောင်းခံရာ ကြက်ဥပြုတ်မှာ အလယ်က ကွဲအက်သွားခြင်း၊ ကြက်သေ၏ ဦးခေါင်းတွင်လည်း ကန့်လန့်ဖြတ်သွေး အနီရောင်ပြခြင်း။ ထိုအခြင်းအရာများကို ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com

ခွန်းတုံ့နတ်မင်းက ခွင့်မပြုကြောင်း...

အလံစိုက်ထူခြင်းကို မကြိုက်ကြောင်း သိရှိကြသဖြင့် နတ်ပူဇော်သူအကြီးအကဲက ဆရာတော်များအား အလံမထူကြရန် အလံထူရာတွင် ဦးဆောင်ဦးရွက် မပြုကြရန် လျှောက်ထားကြသည်။

ထိုအချိန် မော်လူးနယ်ဘက်မှ သံဃာတော်များက စီးလာသည့်ကားတွင် သာသနာ့အလံ အသေးကို စိုက်ထူခဲ့ရာ နတ်တံခါးဂူဘုရားတွင် ကားရပ်ပြီး ပြုတ်ကျခဲ့ကြောင်း...

ဆရာတော်များ၏ ကားနောက်မှ လိုက်ပါလာသည့် နန်းစီးအောင်ရွာမှ ထော်လာဂျီကားတစ်စီး ကျော်မောင်းလာပြီး ဘာမှ မကြာသေးမီ ကားမှောက်သွားကြောင်း၊ လူများ အသေအပျောက် မရှိ၍ တော်သေးကြောင်း ရွာလူကြီးက ထပ်ရှင်းပြပါသည်။

ထီးချိုင့်မြို့ တည်တောဆရာတော် ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ ရေးသားသည့် ဗန်းမောက်မြို့နယ် မဲဇာမြစ်ဦး ခေါင်တုန့်မြို့ ရွှေဂူတော်ဘုရားသမိုင်းတွင် မဟာပုရံမြို့နန်းဆက် မျိုးတူ(၅၀)၊ မျိုးခြား(၁၅) ပေါင်း(၆၅)ပါး ရှိရာတွင် နောက်ဆုံးမင်းဆက် ပြဟ္မဒတ်မင်း နတ်ထိလုံသောအခါ ခွန်းတုံ့၊ ခွန်ရုံဟူသော သားတော်နှစ်ပါး ကျန်ရစ်သည်။

အလောင်းစည်သူမင်း တိုက်ဖျက်သဖြင့် မဟာပုရံမြို့ ပျက်ပြီး ညီနောင်နှစ်ပါး အလုံးအရင်းစုကာ သလ္လာဝတီမြစ်ကို ဆန်တက်၍ ဥရုချောင်းပင်းသက်၌ သုံးနှစ်နေသည်။

ပင်းသက်မှ အရှေ့တောင်သို့ အကျော်ချင်းတို့က ဆီးတိုက်သောကြောင့် မိုးကောင်းကင်သို့ ရောက်သည်။

သာသနာတော် ၁၆၄၂ ခုနှစ်တွင်



◆ ခေါင်တုန့်စည် ဘုန်းတော်ကြီးကျောင်း အဆင့်ဆက် ပထမနှင့် ဒုတိယဆရာတော်၏ ရုပ်ပုံပန်းချီ

မိုးကောင်းနယ်သို့ ရောက်ရာ မိုးကောင်းစော်ဘွား သိုဟန်ဘွားနှင့် သားသိုခန်ဘွားတို့က ခေါင်တုန့်စည်ကို နေရန်ချပေးကြောင်း...

မဲဇာမှတ်တမ်း အဆိုအရ သက္ကရာဇ် ၁၀၇ ခုနှစ်တွင် ခေါင်တုန့်သားတို့သည် ယင်းတို့နေရပ် မဟာမြိုင်ပျက်၍ မိုးကောင်းမြို့နယ်အတွင်း မန်စည်ရွာမှ နေ၍ နှစ်ပေါင်း(၆၀)ရှိမှ သက္ကရာဇ် ၂၄၇ ခုနှစ်တွင် မိုးညှင်းမြို့နယ်အတွင်းသို့ရောက်လျှင် လက်ဆောင်ပဏ္ဏာနှင့် မိုးညှင်းရှင်စော်ဘွားထံ ကျွန်တော်များ နေထိုင်စရာ မရှိသဖြင့် နေရာချထားပေးရန် တောင်းပန်သောကြောင့် မိုးညှင်းစော်ဘွားက နမီးချောင်းဖျား မန်စည်ရွာကို လုပ်စားနေထိုင်လေတော့ဟု ချပေး၍ နေကြရသည်။

မိုးညှင်းတွင် အမှုထမ်း ပေါ်ပေါက်သမျှ ခေါင်တုန့်သားတို့က အစဉ်မပြတ်ထမ်းရွက်ကြရသည်။ ဤသို့ နမီးချောင်းဖျား မန်စည်ရွာ နေရာ၌ ချထားသောကြောင့် **"ခေါင်တုန့်စည်"** ဟု ခေါ်ကြောင်း...

ခွန်တုံ့၊ ခွန်ရုံ ညီနောင်နှစ်ပါးတို့တွင် ခေါင်တုန့်စည်မြို့ကို တည်ထောင်သည့်ကား အစ်ကိုခွန်တုံ့ဖြစ်သည်။ ညီခွန်ရုံကား ရေဝတီမြစ်၏ အရှေ့ဘက်သို့ ကူး၍ တရုတ်နိုင်ငံနယ်စပ် ပလောင်မိုင်းတွင်း၌ မြို့ပြတည်ထောင်သည်။

သူတို့နှမ နှင်းအိမ့်မှာ အခြံအရံနှင့် မဏိပူရသို့ ရောက်သည်။ သက္ကတုမ္ပ သမိုင်းအလိုအားဖြင့် သာသနာတော်နှစ် ၂၃၀၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် ခွန်တုံ့က ခေါင်တုန့်စည်မြို့ကို စတင် တည်ထောင်သည်ဟု ထီးချိုင့်တည်တော ဆရာတော်၏ ဖော်ပြချက်ကို ကိုးကားရပါသည်။

ခေါင်တုန့်စည် ဘုန်းတော်ကြီးကို ဆရာတော်လေးဆက် ကျောင်းထိုင်ခဲ့ကြောင်း... ပထမ ဦးကုန္တ၊ ဒုတိယ ဦးတိလောက၊ တတိယ ဦးတေဇ ဖြစ်ပြီး ယခု စတုတ္ထပဓာန ဆရာတော် ဦးဥတ္တရ သက်တော်(၄၁)နှစ်၊ ဝါတော်(၁၈)ဝါဖြစ်ကြောင်း သိရှိရပါသည်။

**၁၃၂၉ ခုနှစ် သောင်းကျန်းသူများ လာရောက်၍ ရွာနှင့် ဘုန်းတော်ကြီး ကျောင်းကို မီးလောင်တိုက် သဖြင့်ရွာ ဘုန်းကြီးကျောင်းပါ မီးထဲ ပါသွားပြီး သိမ်ကျောင်းနှင့် အာရုံခံမှာ မီးလောင်မှု**



စာမျက်နှာ (၃၁) သို့

www.burmeseclassic.com

www.burmeseclassic.com



# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"တိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ဝင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့တုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် တိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"တိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . စည့်သည်လဲပါလာတာကိုး၊ ဟဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ တိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ဟဲ. . . တိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်သဲကိုးရိမ်သောကဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်တဲ့သူများ၊ (၂) သဘာဝမဟုတ်သောပယ္ယမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုတ်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်။ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) ခါးပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် တိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ ခါးမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်အမြဲ အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

# သုံးဆယ့်တစ်ဘုံ ဝေနေယျ အမျှရပါစေ (၁)

အုံကြွယ်


## စိန်ရောင်ခြည်ဘုရား

ဘွဲ့နာမက ထူးခြားသလို တည်ထားကိုးကွယ်မှုကလည်း ဆန်းပြားလှပါသည်။ စေတီတော်ကို ကိုယ်လုံးပြည့်ပြဒါးသုတ် ကြည့်မှန်ချပ်များဖြင့် စီထားတည်ထားရာ နေ့အချိန်တွင် နေရောင်ဖြင့်လည်းကောင်း…

ညချမ်းအချိန်တွင် လရောင်,လျှပ်စစ်မီးရောင်တို့ကြောင့် လည်းကောင်း… စိန်တုံးလေးများ စီထားသည့်အလား ပြိုးပြိုးပြက်ပြက် တစ်ခဲနက်သော ရောင်ခြည်တော်များ ကွန့်မြူးနေသည့် သဖွယ် ဖူးတွေ့ရမည် ဖြစ်ပါသည်။

သို့ကြောင့်ပင်လျှင် သူတော်ကောင်းသူမြတ်လောင်းတို့က "**စိန်ရောင်ခြည်ဘုရား**"ဟု ဘွဲ့သညာတပ် သတ်မှတ်ခေါ်ဆိုခဲ့ခြင်း ဖြစ်ဟန်ရှိ၏။

ထို ထူးမြတ်လှသည့် ဘုရားစေတီနှင့်တွဲကာ စေတီတော်အား စောင့်ရှောက်နိုင်ရန် သာသနာအကျိုးကို သယ်ပိုးနိုင်ရန် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကိုလည်း တည်ထားခဲ့ရာ ဘုရားကို အမှီပြု၍ "**စိန်ရောင်ခြည်ကျောင်းတိုက်**"ဟု ဘွဲ့အမည် သမုတ်ခဲ့သည်။



▲ စိန်ရောင်ခြည်စေတီတော်

စိန်ရောင်ခြည် စေတီတော်နှင့်ကျောင်းတိုက်၏ ပရိဝုဏ်အကျယ်အဝန်းမှာ နှစ်ဧကခန့်ရှိပြီး ဘုရား၏ စနေထောင့်တွင် တည်ထားသည့် ပရိဝုဏ် အကျယ်အဝန်း မှုရင်းကျောင်းတိုက်မှာ ရှေးမူလက်ရာအတိုင်းဖြစ်ကာ ၁၉၆၇ ခုနှစ်က တည်ထားကြောင်း သိရသည်။

ယင်းနှင့် တစ်ဆက်တည်း ဘုရားကို မျက်နှာပြုလျက် အရှေ့ဘက်၌ ဆက်တည်ထားသော တိုးချဲ့ အဆောက်အအုံမှာ ဘုရားနှင့် လူသွားလမ်းသာခြား၍ ယခုခေတ်လက်ရာဖြင့် တည်ထားသည်ကို တွေ့ရမည်ဖြစ်သည်။

စေတီ၏ အရှေ့မြောက်ထောင့်တွင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များဖြစ်သည့် **ဘိုးဘိုးအောင်,ဘိုးမင်းခေါင်** စသည့် လူပုဂ္ဂိုလ်များ၊ **ရာကျော်ဆရာတော်, ရက်ကန်းစင်တောင် ဆရာတော်, ဦးကောဝိဒ** စသည့် ဆရာတော်များ၏ ရုပ်တုတော်များကို ဖူးတွေ့နိုင်ပါသည်။

ပရိဝုဏ်အတွင်း စေတီ၏ အရှေ့

www.burmeseclassic.com





◆ ရွှေတိဂုံဘုရားလမ်းရှိ
စိန်ရောင်ခြည်စေတီမုခ်ဦး
စေတီတော်အတွင်းရှိ
စိန်ရောင်ခြည်ဘုရားဆင်းတုတော် ◆

ဘက်တွင် ညောင်ပင်ခြားလျက် **ကိုကြီးကျော်၊ ကိုးမြို့ရှင်နှင့်ပုလဲရင်၊ အမေဂျမ်း၊ ပုပ္ပါးမယ်တော်နှင့် မင်းကြီးမင်းလေး၊ အမေရေယဉ်၊ ပဲခူးမယ်တော်၊ အစ်မတော်မြနန်းနွယ်၊ မမင်းစိန်နှင့်မမင်းသိမ်၊ သူရဿတီမယ်တော်၊ ကွမ်းရင်မယ်တော်** စသည့် ပြည်တွင်းနတ်ရော ပြည်ပနတ်များပါ တစ်ခန်း,တစ်ဆောင်စီ အခန်းဖွဲ့ကာ နတ်နန်းများ တည်ဆောက်ပေးထား သည်ကိုလည်း တွေ့နိုင်ပါသည်။

ထူးခြားချက် တစ်ရပ်မှာ **"မြေအလျှုရှင်နန်း"**ဟု ဆိုင်းဘုတ်ရှိ အိန္ဒိယနွယ်ဖွား ရုပ်တုတစ်ခုနှင့် နန်းဆောင်တစ်ခန်း တွေ့ရခြင်းပင် ဖြစ်ပါသည်။ ဤဘုရားစေတီ၏ ဝတ္တကမြေကို လူမျိုးခြား၊ ဘာသာခြား များက လှူဒါန်းခဲ့ဟန် ရှိလေသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ဦးထိပ် ထားကိုးကွယ်လျက် ,မိမိတို့ ယုံကြည် ရာ (သို့မဟုတ်) မိရိုးဖလာ အယူကြောင့် ပူဇော်မှုများ ပြုလုပ်လိုပါက အလွယ် တကူ ပူဇော်နိုင်ရန် စီစဉ်ထားလေရော့ သလားဟု တွေးထင်မိသည်။

ဒေါ်စုစုနှင့် ဒေါ်ဝင်းဝင်း ညီအစ်မ နှစ်ဦးသည် ကာထိန်ခင်းရန် ရည်မှန်း ချက်ကို လျှောက်တင်ခဲ့ပြီး ဆရာတော် ၏ ခွင့်ပြုချက်ရ ရက်သတ်မှတ်ပြီး နောက် ကျောင်းထက်မှ ဆင်းကာ စိန်ရောင်ခြည်စေတီ ပရိဝုဏ်အတွင်း လျှောက်လျက် ဓာတ်နန်း,နတ်နန်း များကို ကြည့်ကြရင်း ဆရာတော်များ ၏ ရုပ်တုကို ရှိခိုးခဲ့ကြသည်။

ထူးခြားမှုမှာ (၂၉-၄-၂၀၁၆)နေ့မှ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည့် စိန်ရောင်ခြည်ကျောင်းတိုက် ဆရာ တော်ကြီး ဖြစ်ခဲ့သော ဘုန်းဘုန်းကြီး **ဦးဓမ္မာနန္ဒ** ရုပ်တုတော်ကို ထုလုပ် လျက် သီးခြား နန်းဆောင်လေးကိုပါ





www.burmeseclassic.com

www.burmeseclassic.com



▲ ယခင်ကျောင်းထိုင်ဆရာတော်
ဦးခေမာနန္ဒရုပ်တု



▲ ဆရာတော်ဦးကောဝိဒ
ရုပ်တုနှင့်ဓာတ်ပုံ



▲ ရွာကျော်ဆရာတော်
ဓာတ်ပုံ

ဖူးတွေ့ခဲ့ရခြင်း ဖြစ်သည်။ ဆရာတော်ကြီး၏ သပ္ပါယ်ကြည်ညိုဖွယ်ရာ ရုပ်တုတော်ကို ဖူးကြရင်း ဘုန်းဘုန်းကြီးကို လွမ်းဆွတ်ကာ သတိရကာ မျက်ရည်စို့ခဲ့ရသည်။

ဘုန်းဘုန်းကြီး ဦးခေမာနန္ဒ ပျံလွန်တော်မူပြီးနောက် အန္တေဝါသိက တပည့်ရင်းလည်းဖြစ်၊ တူတော်သူလည်းဖြစ်သည့် သက်တော်(၅၆)နှစ်၊ ဝါတော်(၃၆)ဝါရှိသူ "ဦးဉာဏ"မှ လက်ရှိကျောင်းထိုင်ဆရာတော် ဖြစ်လာခဲ့သည်။

ဦးဉာဏမှာ ကျောင်းထိုင်ဆရာတော် မဖြစ်မီက ဘုန်းဘုန်းကြီး ပဓာနနာယက ဆောင်ရွက်ခဲ့သော ရွှေတိဂုံဘုရားတောင်ဘက် ခြေရင်းရှိ **"ဖွားသဲနုခေမာရုံကျောင်း"** တွင် တာဝန်ခံ ဦးပဉ္စင်းအဖြစ် သီတင်းသုံးခဲ့ရပြီး၊ ဘုန်းဘုန်းကြီး ပျံလွန်တော်မူမှ စိန်ရောင်ခြည် ကျောင်းတိုက်၏ ကျောင်းထိုင် ဆရာတော်အဖြစ် သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။

ဆရာတော်ဦးဉာဏမှာ ဦးပဉ္စင်းပျို ဘဝမှပင် ဒေါ်စုစုမိသားစုနှင့် ရပ်ဆွေမျိုး ဆရာဒကာရင်းများ ဖြစ်ကြသည့်အားလျော်စွာ ယခု ဆရာတော်အဖြစ် တာဝန်ယူရသည့် နှစ်မှာပင် ကထိန်ခင်းနိုင်ရန် လျှောက်တင်စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။

စိန်ရောင်ခြည်ဘုရားကို ရှိခိုး၊ ဘုရားနှင့် ကျောင်းပရိဝုဏ်အတွင်း လှည့်လည် ကြည့်ရှုပူဇော်ပြီးနောက် ဒေါ်စုစုနှင့်ဒေါ်ဝင်းဝင်း ညီအစ်မနှစ်ဦး ကျောင်းပေါ်သို့ ပြန်တက်ခဲ့ကြသည်။ ဘုရားခန်းတွင် ရှိနေသော ဆရာတော်လေးကို ဦးချကန်တော့ကြသည်။

'အကာမကြီးတို့ ဘုရားရှိခိုးပြီး စေတီပတ်ဝန်းကျင်ကို ကြည့်ရှုခဲ့ကြပြီလို့ ဘာများထူးခြားတာ တွေ့ခဲ့ကြသလဲဗျ'

ဆရာတော်ဦးဉာဏက မေးတော့ ဒေါ်စုစုက...

'စိန်ရောင်ခြည်စေတီနဲ့ ဘုရားပရိဝုဏ်ကို အကြိမ်ကြိမ် ရောက်ရှိဖူးမြော်ဖူးပါတယ် ဘုရား။ အခုတစ်ခေါက်မှာ ထူးတာကတော့ ဖေဖြီလကုန်ပိုင်းမှာ ပျံလွန်တော်မူခဲ့တဲ့ ဘုန်းဘုန်းကြီးဦးခေမာနန္ဒရဲ့ပုံတူရုပ်တုတော်နဲ့ သီးခြားအခန်း စံနန်းလေးကို အခု အောက်တိုတာလမှာ မြင်တွေ့ဖူးမြော်ခဲ့ရတာကတော့ တော်တော်ထူးခြားပြီး ကြည်နူးလွမ်းဆွတ်ခဲ့ရပါတယ် ဘုရား'

ဟု လျှောက်ထားလိုက်ပါသည်။

'ဟုတ်တယ် ဒကာမကြီး။ ဦးပဉ္စင်းတို့လဲ ကျေးဇူးရှင် ဘုန်းဘုန်းကြီးရဲ့ ရုပ်တုနဲ့ စံနန်းကို ဆရာတော်ကြီး ပျံလွန်တော်မူပြီး သိပ်မကြာခင်မှာဘဲ အလှူရှင်အများ၊ ဒကာအများရဲ့ လှူဒါန်းငွေနဲ့ ဆောင်ရွက်နိုင်ခဲ့ကြတယ်လေ'

'ဝမ်းမြောက်သာဓု ခေါ်စရာပါဘုရား၊ ဒါပေမယ့် အားတော့ နာပါတယ်ဘုရား...လက်စနဲ့ တပည့်တော်သိလိုတာလေးတွေကိုလဲ မေးမြန်းလျှောက်ထားခွင့်ပြုပါ ဘုရား'

ဒေါ်ဝင်းဝင်း လက်အုပ်လေးချီ၍ လျှောက်ထားခဲ့သည်။


'မေးပါဗျာ... ဦးပဉ္စင်း ဖြေနိုင်တာဆိုရင် ဖြေပေးရမှာပေါ့'

ဟု ဆရာတော်လေးက လိုလို



www.burmeseclassic.com

www.burmeseclassic.com



ရက်ကန်းစင်တောင်ဆရာတော်ဓာတ်နန်း



အဘဘိုမင်းခေါင်ဓာတ်နန်း

ချင်ချင် ခွင့်ပြုခဲ့သည်။

'ဒီလိုပါဘုရား... စေတီတော်ပရိဝုဏ် အတွင်းမှာ ဘဝနတ်ထံ ပုံလွန်တော်မူပြီးတဲ့ ဆရာတော်ကြီးတွေနဲ့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေကို ဖူးတွေ့ခွင့်ရလို့ လွန်စွာမှ ကျေနပ်ဝမ်းမြောက်ခြင်း ဖြစ်ရပါတယ် ဘုရား...

ဒါပေမယ့်... သုံးဆယ့်ခုနစ်မင်းနတ်တွေ ဟိန္ဒူဘာသာက ကိုးကွယ်မှုတွေ၊ တိုင်းတစ်ပါးက အယူဝါဒနတ်တွေကို တွေ့ရတော့ တပည့်တော်မ စိတ်ထဲမှာတော့ မှန်တာလျှောက်ထားရရင် ဘဝင်မကျလှပါဘုရား...

တပည့်တော်မတို့ရဲ့ ထေရဝါဒ ဗုဒ္ဓဘာသာနဲ့များ ဆန့်ကျင်ရာ ရောက်မနေဘူးလားလို့ ဆိုတာ သိချင်ပါတယ်ဘုရား။ ဆရာတော် အပန်းမကြီးဘူးဆိုရင် တပည့်တော်မတို့ အပါအဝင် အများသူငါ သံသယ ကင်းစေဖို့ ရှင်းပြလမ်းညွှန်စေချင်ပါတယ် ဘုရား'

'အင်း... ဒကာမကြီး မေးမယ်ဆိုရင်လဲ မေးစရာပါပဲ။ ဦးပဥ္စင်းလဲ ဘုန်းဘုန်းကြီး ရှိစဉ်ကာလတုန်းက လျှောက်ထား မေးမြန်းခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဘုန်းဘုန်းကြီးက မြွက်တော်မူပြီး...

"မောင်ဉာဏ တို့ရဲ့ မြတ်စွာဘုရားရှင်က ရတနာမြတ်သုံးပါးမှ လွဲပြီး ကိုးကွယ်ရာမရှိလို့ မိန့်မှာခဲ့တာ မောင်ပဥ္စင်းလဲ အသိပါနော်။ ဒါပေမယ့် တခြား မပူဇော်ရဘူးလို့ မိန့်တော်မမူဘူးကွယ့်။

**"ပူဇာစ ပူဇနေယျာနံ"** လို့ ဆိုထားတာမို့ မကိုးကွယ်ပေမယ့် ပူဇော်မယ်ဆိုရင် ခွင့်ပြုထားတာကို တွေ့ရမှာပါ။ တစ်ခါ နတ်တွေ၊ ဘီလူးတွေ နဂါး၊ဂဠုန်တွေ ဆိုတာကလဲ ဘုရားရှင် လက်ထက်တော်ကတည်းက ရှိနှင့်ပြီးသား။ လက်ခံပြီးသားတွေ မဟုတ်လား...

သာဓကပြရရင်... မောင်ပဥ္စင်း လိုက်နာ ရွတ်ဖတ်ပူဇော်နေတဲ့ "ရတနာသုတ်ပရိတ်တော်"ထဲမှာ **"ယာနီဓ ဘူတာနိ သမာဂတာနိ၊ ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊ သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊ အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ"** လို့ ဟောမြွက်ထားတယ်လေ။

အဓိပ္ပာယ်ကတော့ "ဤပရိတ်ရွတ်ရာ အရပ်သို့ ကြွရောက်လာသော ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ ပြိတ္တာများ၊ ဒေဝတာနတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ရတနာသုတ်ပရိတ်တော်ကို ရိုသေစွာ နာယူကြပါကုန်လော့"လို့ ဆိုထားတာမို့နာမ်ဆိုတာ ရှိတယ်လို့ ယုံကြည်ရမှာ ထင်ရှားလှပါ



www.burmeseclassic.com

www.burmeseclassic.com



အဘဘိုးဘိုးအောင် ဓာတ်နန်း



စိန်ရောင်ခြည်စေတီနှင့်ကျောင်း၏ မြေအလှူရှင်နန်းဆောင်



စိန်ရောင်ခြည်ကျောင်း၏ လက်ရှိကျောင်းထိုင်ဆရာတော်ဦးဉာဏ

တယ်။

တစ်ခုတော့ ရှိတာပေါ့ကွာ။ သုံးဆယ့်ခုနစ်မင်းနတ်တွေက အထက်တန်းစားနတ်တွေတော့ မဟုတ်ဘူးကွ။ ဘုမ္မစိုး၊ ရုက္ခစိုး အနွယ်ဝင် ဒါမှမဟုတ် သူတို့ရဲ့ အစေအပါး အောက်နတ်တွေလို့ ဆိုရမှာပေါ့။

တစ်နည်းအားဖြင့် ဓမ္မစကြာတရားတော်မှာပါတဲ့ ဘုမ္မာဒေဝါတွေ၊ စတုမဟာရာဇ်နတ်တုံ အနွယ်ဝင်တွေတော့ ဖြစ်မှာပါကွာ။ ဒါကြောင့် သူတို့ကို ကိုးကွယ်တာ မဟုတ်တဲ့ ရှိသေပူဇော်တာမို့ သရဏဂုံ မပျက်ပါဘူးနော်”

လို့ ဘုန်းဘုန်းကြီးက အမိန့်ရှိဖူးတယ်ဗျ။

နောက်ပြီး ဘုန်းဘုန်းကြီးက ဆက်လက်ပြီး မိန့်ကြားတယ်။

“မောင်ဉာဏ ဒီအတွင်း၊ အပြင် သတ်မှတ်ထားတဲ့ နတ်တွေက ဖုတ်၊ ပြိတ္တာ၊ ဘီလူး အနွယ်ဝင်တွေ ဖြစ်မယ် ဆိုရင်လဲ မရင့်ကျက်သေးတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေမို့ ကောင်းကျိုး၊ ဆိုးပြစ် ပေးတတ်သေးတယ်ကွယ့်။ ဒီလိုဖြစ်လာရင် ကောင်းကျိုးကိုသာ ရစေဖို့ သူတို့ရဲ့ ချစ်ခင်ယုံကြည်မှု လိုတယ်လေ။

ဒီတော့ သူတို့ လိုချင်၊ ရချင်တာတွေနဲ့ ပူဇော်ပသပြီး ရင်းနှီးချစ်ခင်မှု ရယူကြရမှာပဲပေါ့။ “ပေးကမ်းခြင်းသည် အောင်ရာ၏” ဆိုသလို စည်းရုံးရေး တစ်မျိုးပါပဲ။ ဒါတွေကြောင့် လူပုဂ္ဂိုလ်များကို အနှောင့်အယှက်မပေးဘဲ ကောင်းကျိုးတွေ ဆောင်ကြဉ်းနိုင်စေရန်၊ နတ်တို့ရဲ့ စောင့်ရှောက်မှုကို ခံယူနိုင်စေရန် ဟောဒီ... ရန်ကုန်မြို့နေ လုပ်သားပြည်သူအများ နီးနီးနားနား ပူဇော်နိုင်စေဖို့ ဒီစိန်ရောင်ခြည် ဘုရားဝန်းအတွင်း နတ်ရုပ်တုတွေကို ထားရှိပေးရတာပါ။

နောက်ထပ် ရည်ရွယ်ချက် တစ်ခု ရှိသေးတယ်ကွယ့်။ မကျွတ်မလွတ် သေးတဲ့ ဒီအောက်အဆင့်ဝင် နတ်စိမ်းများ ဘုရားရိပ်ကို ခိုလှုံပြီး ဘုရားသံ၊ တရားသံတွေ ကြားရတော့ ဒီဘဝက လွတ်မြောက်ကာ အထက်အဆင့်ဘုံများသို့ ရောက်ရှိကြပါစေဆိုတဲ့ စေတနာ ရည်ရွယ်ချက်လဲ ပါတာပေါ့ကွယ်။

ဒီဘုရားဝန်းအတွင်းမှာ ထုလုပ်တည်ထားတဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ဆိုတာကလဲ သာသနာပြုကြတဲ့ ပုဂ္ဂိုလ်တွေပဲလေ။ သူတို့ကို မြင်တွေ့ဖူးမြော်ရပြီး သူတို့ လမ်းစဉ်တွေကို ကျင့်ကြံ အားထုတ်မယ်ဆိုရင်လဲ ကောင်းကျိုးချမ်းသာမင်္ဂလာ ဖြစ်စေမှာပါ။

ဒီလို ရည်ရွယ်ချက်တွေနဲ့ ပုဂ္ဂိုလ်ဆိုင်ရာ ရုပ်တုများနဲ့ စံနန်းများ ရှိနေရခြင်း ဖြစ်တယ်လို့ မှတ်ထားပေါ့ကွယ်”

လို့ ရှင်းပြမိန့်မှာတော်မူခဲ့သေးတယ်။


ဦးပဥ္စင်းကလဲ တစ်ဆင့်တက်ပြီး...

“ဆရာတော်ဘုရား... အမိန့်ရှိလို့ အတော်အတန်တော့ သဘောပေါက်ပါပြီဘုရား၊ ဒါပေမယ့် နတ်တွေထဲမှာ အထက်အညာက နတ်တွေဖြစ်တဲ့ **ဦးမင်းကျော်၊ ပုပ္ပါးမယ်တော်နဲ့**



www.burmeseclassic.com

www.burmeseclassic.com



▲ သူရဿတီမယ်တော်



▲ ကွမ်ရင်မယ်တော်ရုပ်တုနှင့်မုခ်ဦးတောင်

**မင်းကြီးမင်းလေး၊ အမေဂျမ်းတို့** ပါသလို... အောက်အကြေအရပ်က **ပဲခူးမယ်တော်၊ မြနန်းနွယ်၊ မင်းစိန်, မင်းသိမ်**တို့လဲ ပါနေပါတယ်ဘုရား။

နောက်ပြီး **သူရဿတီတို့၊ ကွမ်ရင်မယ်တော်တို့** - ဆိုတဲ့ နိုင်ငံခြားနတ်တွေပါ ပါနေတော့ နတ်ဘုံနတ်နန်း နတ်စခန်းကြီး ဖြစ်နေသလားလို့ပါ ဘုရား''

လို့ . . အတွန့်တက်ပြန်တော့ ဘုန်းဘုန်းကြီးက ပြုံးတော်မူပြီး ဒီလို အမိန့်ရှိပြန်သဗျ။

''မိုက်ပဲ့ ဉာဏရယ်... ငါတို့ ဗုဒ္ဓဘာသာဝင်တွေဟာ ကျေးသား ရင်သား မခွဲတတ်ကြပါဘူး။ သတ္တဝါ ဘိုင်းအပေါ် မေတ္တာတားတတ်ကြ ဘယ် မဟုတ်လား။

ဒါကြောင့် ရန်ကုန်ပတ်ဝန်းကျင်မှာ ရှိနေကြတဲ့ ရှင်,လူအများ ပူဇော်ဆည်းကပ်နိုင်ဖို့ နိုင်ငံတစ်နံတစ်လျား အထက်အရပ်, အောက်အရပ်တို့က မိဆိုင်ဖဆိုင်ရိုးရာနတ်တွေ၊ တရုတ်, ကုလားပါမကျန် ရှိသေပသ တင်မြှောက်ဆုတောင်းနိုင်ကြဖို့ ဝက်သားမစားတဲ့ မင်းကြီး,မင်းလေးက စပြီး ဝက်သားကြိုက်တဲ့ ကွမ်ရင်မယ်တော်အထိ သတ္တဝါအများကို ဉာတာသနားခဲ့တာမို့ ရုပ်တုများ ထုလုပ်အခန်းလေးပါ ချီးမြှင့်ပေးထားတာပေါ့ကွယ်''

ဆိုပြီး ရှင်းလင်း မိန့်ကြားခဲ့တော့ ဦးပဥ္စင်းလဲ ကျေနပ်လက်ခံခဲ့ရတာပေါ့။

အခု ဒကာမကြီးတို့လဲ ဘဝင်မကျဖြစ်နေတဲ့ နတ်ကိစ္စအတွက်လဲ ဘုန်းဘုန်းကြီး အယူအဆအတိုင်း လက်ခံနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်နော်'

ဆရာတော်ဦးဉာဏမှ သူ မှတ်သားနာကြားခဲ့ရသမျှ ပြန်လည်ဖောက်သည်ချကာ ရှင်းပြခဲ့သည်။

'အခုလို ဦးပဥ္စင်းက ရှင်းပြခဲ့လို့ နတ်ကွန်းနတ်နန်းများ ထားရတဲ့ အကြောင်းရင်းကို ရှင်းလင်းသဘောပေါက်ပါပြီ ဘုရား။ ဒါပေမယ့် ဒီနတ်တွေရဲ့ သက်တမ်းက အတော်လေး ရှည်လျားကြာမြင့်နေပါပြီ။

တချို့ဆို နှစ်တစ်ထောင် ပတ်ဝန်းကျင်လောက် ရှိနေပြီဆိုတော့ ရှိနိုင်ပါပြီးမလား ဘုရား။ မရှိတာကို ပူဇော်ပသနေတာမျိုးများ ဖြစ်နေမလားလို့ မေးမြန်းလျှောက်ထားရတာပါ ဘုရား'

**ရွှေလ ဆက်ဖတ်ပါရန်**

**အံ့ကြွယ်**



www.burmeseclassic.com

www.burmeseclassic.com

# ဖြူဆူးတစ်ချောင်း

### အံ့ဖွယ်ကောင်း
### မီးဖွားလွယ်ကူစေသည့် စတိတစ်နည်း



ဖြူကောင်ရဲ့ အစာအိမ်ဟာ အလွန် ဆေးဖက်ဝင်တယ်လို့ ပြောပါတယ်။ ဖြူအူအခြောက်ကို ရေနဲ့သွေးပြီး တိုက်ရင် ခွာနာလျှာနာဖြစ်နေတဲ့ နွားတွေ ပျောက်ကင်းတယ်လို့ ဆိုပါတယ်။

ဖြူဆူးချွန်ဟာ ဦးခေါင်းက ဖောက်တွေ ယားယံခြင်းကို ပျောက်ကင်းအောင် စွမ်းဆောင်နိုင်ပါတယ်။ ဒါ့အပြင် **ဖြူဆူးဟာ မီးဖွားရန် ခက်ခဲတဲ့ ကိုယ်ဝန်ဆောင်မိခင်ကို အမြန် မီးဖွားစေနိုင်တယ်လို့ ဆိုပါတယ်။**

ကျွန်တော်တို့ ဂေါက်ကွင်းလုပ်သား ဦးတင်ဦးဟာ မုဆိုးစစ်စစ်တော့ မဟုတ်ပါဘူး။ ဂေါက်ကွင်းအလုပ်နားတဲ့ အချိန်မှာ ဂေါက်ကွင်းနဲ့ တစ်ဆက်တည်း လေ့ခွင်းတောင်ကြော တောစပ်ထဲ ဝင်ပါတယ်။

သူ့ရဲ့မိတ်ဆွေ ကရင်တိုင်းရင်းသား မုဆိုးတွေ သင်ပြပေးတဲ့ နည်းအတိုင်း တောကောင်ငယ်လေးတွေကို ထောင်ချောက်ဆင်ပြီး ဖမ်းပါတယ်။

ဘယ်လိုသတ္တဝါတွေဟာ ဘယ်လို အသုံးဝင်တယ်၊ ဆေးဖက်ဝင်တယ်ဆိုတာ သူ့မိတ်ဆွေတွေက တစ်ခါတည်း သင်ပေးလိုက်ဟန် တူပါတယ်။ သူပြောတာကတော့...

'ကျွန်တော်တို့ တောသူတောင်သားတွေကတော့ ဖြူကောင်မိတယ်ဆိုရင် အိမ်ထောင်သက်နုတဲ့ အိမ်တွေကို တစ်ချောင်းစီ ဝေပေးထားပါတယ်။

ပရိတ်ကြီး(၁၁)သုတ်မှာပါတဲ့ အင်္ဂုလိမာလ သုတ်အစွမ်းထက်ပေမယ့် ကျွန်တော်တို့ တောသူတောင်သားတွေ အလွတ်မရကြပါဘူး။ ကြည့်ဆိုဖို့လဲ အသံထွက်မှန်အောင် ရွတ်ဆိုဖို့ ခက်ခဲပါတယ်။ တကယ်တမ်း နာကျင် အော်ဟစ်နေတဲ့အချိန်မှာ ရွတ်ဆိုဖို့ မေ့လျော့နေမှာ အမှန်ပါ။

သူတို့ရဲ့ နည်းကတော့ မီးဖွားရန်ခက်နေတဲ့ မိခင်လောင်းရဲ့ ဆံပင်ထဲမှာ ဖြူဆူးကို ထိုးစိုက်ထားရုံပါပဲ။ မီးဖွားပြီတာနဲ့ ချက်ချင်း ပြန်နှုတ်ယူထားဖို့ပါပဲ'

တဲ့။

လွယ်ကူလျင်မြန်ပြီး အံ့သြဖွယ် တိုင်းရင်းသားရိုးရာ နည်းလမ်းတစ်ခု ဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

ရန်နိုင်ကျော်(လှုပ်စစ်-၁)

စာမျက်နှာ (၂၃)မှ အဆက်

**ကင်းလွတ်သဖြင့် ရွာသားများက ထိုကျောင်းကို သိမ်းတော်သည်ဟု အစွဲအလမ်း ဖြစ်ကြပါသည်။**

ခွန်တုံနတ်မင်းပိုင်ဆိုင်သည့် နယ်မြေအတွင်း၌ မည်သည့်အလံမျှ စိုက်ထူခွင့်မရခြင်း၊ ချောင်းအတွင်း ရေပုံပင်ရိုက်ခြင်းမပြုလုပ်ရ၊ အလံထူခြင်း ရေပုံပင်ရိုက်ခြင်း ပြုလုပ်ပါက ပြုလုပ်သူမှာ ခွန်တုံနတ်မင်း၏ ကျိန်စာ သက်ရောက်သည်ဟု ဆိုရမလား မပြောမပြတတ်။ ဒုက္ခတော့ အမှန်တွေ့သည်။ နောက်ဆုံး အသက်ပါ ပျောက်ကြရသည်။

'ဟိုယခင်က ခေါင်တုန့်စည်ရွာသို့ သစ်တောဘက်ဆိုင် သစ်တောပုဂ္ဂိုလ် တစ်ဦး ရောက်လာတယ်။ ရွာသားတွေက ထိုပုဂ္ဂိုလ်အား **"တဲထိုးရင်စခန်းမှာ အလံမထူပါနဲ့"**လို့ ပြောတာကို ထိုပုဂ္ဂိုလ်က ဂရုမစိုက်သူ့မှာ အယူမရှိကြောင်း ပြောပြီးအလံထူတယ်။

တစ်ရက် နှစ်ရက် ကြာတော့ ကိုယ်လက်တွေနာကျင်ကိုက်ခဲပြီး ဖျားလာတယ်။ လှည်းနဲ့ ဆေးရုံပို့တော့ နန်းမကြိုင် ရွာအနီး လှည်းပေါ်မှာတင် သေဆုံးသွားတယ်။

နောက်... အဖြစ်အပျက်တစ်ခုက တောလင်းသား ဦးတင်လှိုင်ဆိုသူက ချောင်းထဲမှာ ရေချိုးရင်ရေပုံပင်ရိုက်တယ်။ ရွာသားအချို့ကမြင်တော့ ရေပုံပင်မရိုက်နဲ့ ခွန်တုန့်နယ်က မကြိုက်ကြောင်း၊ ဒုက္ခတွေ့တတ်ကြောင်း ပြောရာကို ဂရုမစိုက်ဘဲ လုပ်မြဲတိုင်း လုပ်တယ်။

နောက်... အဲဒီဦးတင်လှိုင်စကားမပြောတော့ဘဲ သူ့ဖိနပ်တစ်ဖက်ကို မှန်လုပ်ပြီး သူ့မျက်နှာကို ကြည့်လိုက်၊ ကျန်ဖိနပ်တစ်ဖက်နဲ့ခေါင်းဖီးလိုက် လုပ်ရင်း နောက်ဆေးရုံ ပို့တော့ လမ်းမှာ သေတာပါပဲ'

ဟု ခေါင်တုန့်စည်ရွာခံ လူကြီးများအတွေ့အကြုံကို စာရေးသူအား ရှင်းပြကြပါသည်။

သို့ပါ၍ ယခုလက်ရှိ ရန်အောင်မြင်ဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော်တည်ရာတွင်လည်း သာသနာ့အလံမစိုက်ထူနိုင်သလို နိုင်ငံတော် အသိအမှတ်ပြု အခြေခံ ပညာမူလ တန်းကျောင်းတွင်လည်း နိုင်ငံတော် အလံလွှင့်ထူခွင့် မရနိုင်ခဲ့ပါ။

မြန်မာတစ်နိုင်ငံလုံးရှိ မြို့ပြကျေးလက်များထဲ၌ အလံစိုက်ထူခွင့် လုံးဝမရသည့် ရွာကိုပြပါဆိုလျှင် **ဤ မော်လူးဒေသနမ်းအုပ်စု ခေါင်တုန့်စည်ရွာ**ကိုပင် ညွှန်ပြရမည်ဖြစ်သကဲ့သို့ ကျွှိရဆန်သော ရှေးဟောင်း ခေါင်တုန့်စည်ရွာဟုဆိုလျှင် မှားအံ့မထင်။

ညိုမင်းထက် (မြစ်မား)

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ




မှတ်ပုံတင် ၁၁၁၆ (ပိုင်) ၀၁၂၇၇၇ လိုင်စင် ၁၁၇၈ (တိုး)

အမှတ်တံဆိပ်

[illegible] (တနင်္လာဝင်း) ၀၂၁/၀၆၁၄

"ကိုမင်းကျော်ပါလား .... မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို .. စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ ... ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး .... ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ ... သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် ... ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက ... ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် ... နိုင်ငံတကာဆေးတွေသောက်တာ ... တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ ..."
"မပေါ့နဲ့ကိုမင်းကျော် ... သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ ...
"ဒါဆို ... ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ... အခုလဲ ကျွန်တော့်မိတ်ဆွေ ... တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် ... ဆရာမဒေါ်ဝင်းဝင်းဇော် .., က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း ... သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် ... သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေလိုက်ရလို့ကံကောင်းသလို ... ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ ... ကံကောင်းပြီးရင် ... ကံကောင်းတာပဲဗျို့"
"ဒါနဲ့တစ်ခုလောက်မေးမယ် ... ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး ... အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ ... အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား ... ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက ..."
"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန် များရင် ... မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး ... ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ ,.. အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ ... ရောဂါမတိုးချင်သာနေမယ် ... သက်သာပျောက်ကင်းမှာ မဟုတ်ဘူး ... အိပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...
"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"
"ပြောနေတာနဲ့လိုရာ မရောက်ဘူးခပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် ... အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ ... အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ ... ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် ... သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ ... နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် ... ထပ်ပြောလိုက်မယ် ... **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် .. အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။** ....."

မင်္ဂရင်း 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

[illegible]

[illegible]

ဖုန်း – [illegible]



www.burmeseclassic.com


www.burmeseclassic.com

ကျောက်တံခါးမြို့ မဇ္ဈိမာရုံကျောင်းမှ

# ဆုထူးပန်ဆရာတော်

# ဦးကေသရ (၃)

ထက်မြင့်ကျော်စွာ




◆ ဆရာတော်ဦးကေသရရုပ်တု

**ယခင်လမှ အဆက်**

ဌာပနာပိတ်သောနေ့တွင် ချီးများက ဌာပနာတိုက်တွင်း၌ ဥများ ဥထားခဲ့ကြသဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု သိရသည်။

## ရွှေစက်တော်တွင် ကြုံရသမျှ

ဒေါ်ရှုပ်ဟုန်က ဆရာတော်နှင့်အတူ ရွှေစက်တော်ဘုရားဖူးလိုက်ပါခဲ့ရပုံကို ပြောပြသည်။

ရွှေစက်တော်မှာ ရေကြီးတဲ့နှစ်က ဆရာတော်နဲ့အတူ ကျွန်မတို့ ယောဂီမိန်းကလေး,လေးဦး ဘုရားဖူး သွားဖြစ်ကြတယ်။

ကိုးခန်းမဏ္ဍာရုံဘေးက ဝါးကျောင်းကလေးမှာ တည်းရတယ်။ ဆရာတော်ကြီးပါလို့ ဂေါပကအဖွဲ့က တည်းခွင့်ပြုတာပါ။ ခေါင်းရင်းခန်းမှာ ဆရာတော်ကျိန်းပြီး ကျွန်မတို့ လေးယောက်က ဆရာတော်ကို ကန့်လန့်ဦးတိုက်ပြီး အိပ်ကြတယ်။

နေဝင်တာနဲ့ ဆယ်ပါးသီလယူ၊ ဂုဏ်တော်ပုတီးစိပ်၊ ပဋ္ဌာန်းအကျယ်ပူဇော်ရတယ်။ ညဦးသည်လာရင် စကား မပြောရဘူး။ ဒါပေမယ့် ဆရာတော် အပြင်ခဏသွားတုန်း အဝါရောင်သင်္ကန်းနဲ့ ဘုန်းကြီးတစ်ပါး ရောက်လာတယ်။

သင်္ကန်းထုပ် တစ်ထုပ် လွယ်ထားတယ်။ အထဲမှာ သပိတ်လို့ ထင်ရတာပဲ။ သင်းပိုင်ကလဲ လက်တစ်ဝါးလောက် အပေါက်ကြီးနဲ့။


ဟိုသည်ကြည့်ပြီး **"မင်းတို့ ဘုန်းကြီးက ယယ်ပါသေးတယ်ကွာ"** လို့ ပြောပြီး အပေါ်ကို တက်သွားတယ်။ ဆရာတော်ရောက်လာလို့ အကျိုးအကြောင်းပြောပြတော့ **"ဘယ်မှာလဲ**





www.burmeseclassic.com

www.burmeseclassic.com



◆ သံဃာများအား ပဋိပတ်လှူဒါန်းရာ ဓမ္မာရုံ

ငါ့ကို **လိုက်ပို့စမ်း**"ဆိုလို့ အပေါ်ကို လိုက်ပို့ရတယ်။

အာဂန္တုဘုန်းကြီးကို မြင်တာနဲ့ "**နင်တို့ ပြန်ဆင်းကြ**"တဲ့။ နောက်တော့မှ "**အဲဒါ ရဟန္တာ**"လို့ ပြောတယ်။ ဘွဲ့တော့ မသိရဘူး။

နောက်နေ့ည ပုတီးစိပ် ပဋ္ဌာန်းပူဇော်ပြီးတဲ့အခါ ကျွန်မက လျှောက်တယ်။

'ဘုန်းဘုန်း... တပည့်တော်တို့ ရွှေစက်တော်ရောက်တာ တောင်ပိုင်ဘိုးဘိုး မကန်တော့ရသေးဘူးဘုရား'

'ဟုတ်လား... အခုသွားကြတာပေ့ါ။ ငါလိုက်ပို့ပေးမယ်'

ညတွင်းချင်းပဲ တောင်ပိုင်နန်းကို သွားကြတယ်။ ဟိုရောက်တော့ နန်းထိန်း(အမျိုးသား)က ပျာပျာသလဲ ဦးချကန်တော့တယ်။

'ရွှေစက်တော်ဘုရားပွဲစလို့ တောင်ပိုင်ကန်တော့ပွဲပေးတော့ အရှင်ဘုရားနဲ့ ရသေ့မလေးဦး ကောင်းကင်ခရီးနဲ့ ကြွလာတာ တွေ့ရပါတယ်ဘုရား'

လို့ လျှောက်ပြီး ဘုန်းတော်ဘွဲ့ရတုတွေဆိုလိုက်၊ ကန်တော့လိုက်နဲ့ အတော်ကလေးကြာတော့ ဆရာတော်က "တော်ပါတော့ ဒကာကြီးရယ်"လို့ မိန့်ပြီး တည်းကျောင်းကို ပြန်ခဲ့ကြတယ်။

ရွှေစက်တော် ဘုရားဖူးသွားရာမှာ မှတ်သားစရာ တိုးပွားတယ်။ ကျွန်မတို့ တည်းတဲ့ "ဝါးကျောင်း"ဆိုတာ အခြောက်အလှန့်ကြမ်းလို့ ဘယ်သူမှ မတည်းဝံ့၊ မနေဝံ့ကြဘူး။ ဒါကို ပြန်ခါနီးမှ သိရတယ်။

ရောက်ရောက်ချင်း ဆရာတော်က အာရုံယူပြီး "**နင်တို့ ပဋ္ဌာန်းအကျယ်ကို နေ့တိုင်းပူဇော်ကြ**" လို့ မိန့်မှာတယ်။ ဆရာတော့်စကားအတိုင်း ပူဇော်ခဲ့လို့ အခြောက်အလှန့် မကြုံရသလို ပုတီးစိပ်တဲ့အခါလဲ ပေ့ါပါးနေသလို ခံစားရတယ်။ ပဋ္ဌာန်းပူဇော်လို့ ပရလောကသားတွေက အနှောင့်အယှက်မပေးဘဲ ကူညီကြသတဲ့။

'ပုဂံမြို့ ရှင်အရဟံ ပရိယတ္တိစာသင်တိုက် ကုန်းတော်မှာ အခြောက်အလှန့်ကြမ်းလို့ နှစ်ပေါင်း (၂၀)ကျော်တဲ့အထိ သီတင်းသုံးသံဃာ မမြဲဘူး။ "တောင်ဘ"ရွာက ဆရာတော်ဦးဉာဏသီတင်းသုံးတော့ နေ့တိုင်း ပဋ္ဌာန်းပူဇော်လို့ ဘုမ္မိုရတ်တွေက ကူညီပေးကြတယ်။

(၂၇)နှစ်အကြာ (ပျံလွန်တော်မူတဲ့ အချိန်)အထိ အနှောင့်အယှက်ကင်းကင်းနဲ့ အားထုတ်နိုင်ခဲ့တယ်လို့ ဆရာတော်ကိုယ်တိုင် မိန့်ကြားလို့ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းမှာ ကျွန်တော် ရေးခဲ့ဖူးပါတယ်။ တကယ့်ကို အကျိုးများတဲ့ ပူဇော်မှုပါပဲ'

## အမိဋ္ဌာန်အုတ် ရှာပုံတော်

ဆရာတော်ဦးကေသရ၏ အထိမ်းအမှတ်ကမ္ဘည်းတိုင်နှင့် ဆက်စပ်၍ ဆရာတော်၏ နောက်ဆုံးကာလများတွင် ပြုစုခွင့်ရခဲ့သော ဒါယိကာမဒေါ်ရွှေဟုန်ပြောကြားသမျှကို (အလျဉ်းသင့်သဖြင့်) ဖော်ပြခြင်း ဖြစ်ပါသည်။

ဆရာတော်၏ အထိမ်းအမှတ် ဂ. မ္ဘည်းတန်ဆောင်းမှ နောက်ကြောင်းပြန်လှည့်ခဲ့ကြရာ (အဝင်လမ်းက အနောက်ဘက်၌ ရှိသောကြောင့်) စေတီ၏ အနောက်မြောက်ထောင့် ယွန်းယွန်းတွင် ဗောဓိညောင်ပင်ကို တွေ့ရသည်။

သက္ကရာဇ်ဟု ယူဆရသော ၁၃၃၀ ဂဏန်းခြေပါ အမိဋ္ဌာန် အုတ်ချပ်ကြီးကို ဤဗောဓိညောင်ပင် ပရိဘောဂစေတီတွင် အများသူ ငါကြည်ညိုနိုင်စေရန် ထားရှိခဲ့သည်ဟု သိရသဖြင့် တစ်ပတ်ပြည့်အောင် လှည့်ပတ် ကြည်ညိုကာ ရှာဖွေကြည့်သည်။

အတန်ကြာမျှ ရှာဖွေသော်လည်း မတွေ့ရှိရချေ။ ဦးတင်ကြည်က...

'အရင်တုန်းက ဒီညောင်ပင်မှာ ထားခဲ့တာပဲ။ ကျွန်တော်လဲ မရောက်တာ နှစ်အတော်ကြာပြီ။ အခုမှ မတွေ့ရတော့တာပါ။ ၈"× ၁၆"×၂" ရှေးအုတ်ချပ်ကြီး ထက်ပိုင်းကျိုးနေတာကို သွပ်နန်းကြိုးနဲ့ တည်းထားတယ်။ တကယ်ထူးခြားတဲ့ ရှေးအထောက်အထားပါ'

တခုတ်တရ ညွှန်းဆိုကာ အလုပ်





www.burmeseclassic.com

www.burmeseclassic.com



◆ ဦးကေသရာအထိမ်းအမှတ်ကျောက်တိုင်

ပျက်ခံ၍ လိုက်လံ ပို့ဆောင်ပေးသော်လည်း မတွေ့မမြင်ရတော့သဖြင့် စိတ်မကောင်းဖြစ်နေသည့် ဦးတင်ကြည်တစ်ယောက် စိတ်သက်သာရာရစေရန် ဤသို့ အားပေးဖြစ်ခဲ့သည်။

'အုတ်ချပ် ပျောက်သွားတယ်ဆိုတော့ ဒီကျောင်းတော်မှာ "အုတ်"နဲ့ ပတ်သက်ပြီး အကျိုးထူး ခံစားရမယ့် နိမိတ်ပေါ့ဗျာ။ သိပ်လဲ စိတ်မကောင်းဖြစ်မနေပါနဲ့။ အုတ်ကစ်ချပ် သဲတစ်ပွင့် ဆိုကြတယ် မဟုတ်လား။ အုတ်နဲ့ ပတ်သက်ပြီး အကျိုးရှိရင် သာသနာအတွက် အားတက်စရာပေါ့'

## ထူးဆန်းသည့် ဒါယကာ

ထို့နောက်တွင် "ရွှေဘုန်းဂိုး" စေတီအား နှုတ်ဆက် ဦးခိုက်ကာ ကုန်းတော်တခွင် မှီတင်းနေထိုင်ကြသူအားအတွက် အမျှပေးဝေ မေတ္တာပို့သခဲ့သည်။

မုခ်ဦးအနီးသို့ ရောက်သောအခါ ချွတ်ထားခဲ့သော ဖိနပ်တစ်ရံမှ တစ်ဖက်သာ ရှိတော့သည်။

'ခွေးချီတယ်ဆိုရင်လဲ ကျွန်တော့်သားရေဖိနပ်ကိုသာ ချီမယ်။ ရော်ဘာဖိနပ်က သူတို့ စိတ်ဝင်စားမယ် မထင်ဘူး'

အနီးဝန်းကျင်လိုက်လံ ရှာဖွေသော်လည်း မတွေ့ရသဖြင့် ကျန်တစ်ဖက်ကို လွှင့်ပစ်၍ ခြေဗလာဖြင့် ပြန်လာခဲ့သည်။

'အစ်ကိုတို့က နိမိတ်တွေ၊ ဟောကိန်းတွေရေးတာဆိုတော့ ဒါဟာ အကောင်းလား၊ အဆိုးလား'

'ဖိနပ်အသစ် ဝယ်ရရုံကလွဲပြီး ဆိုးတယ်လို့မဆိုနိုင်ဘူး။ ခြေကျင်လျှောက်ပြန်ရမှာမှ မဟုတ်တာ။ ၁၉၈၀ ပြည့်လွန်နှစ်တွေက နယ်စပ်ကုန်သွယ်ရေးကိစ္စနဲ့ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ကို မကြာခဏ ရောက်ဖြစ်တယ်။

အဲဒီကလူတွေ ဥပုသ်စောင့်ဖို့ ဘုန်းကြီးကျောင်းကို သွားတဲ့အခါ အိမ်က ထွက်ကတည်းက ဖိနပ်မစီးဘဲ ခြေဗလာနဲ့ သွားလေ့ရှိကြတယ်။ လေးစားမှု ပိုမို ထက်သန်တဲ့သဘောပေါ့။ ,

နောက်ပြီး ကွမ်းယင်း ဗောဓိသတ္တဖြစ်လာမယ့် "မြောက်ရှုန့်" မင်းသမီးကို အမတ်ယုတ်ရဲ့ နောက်လိုက်တွေ လိုက်သတ်တော့ ဖိနပ်ချုပ်တဲ့ရွာက ဖိနပ်ပုံတွေကြား ဝှက်ထားပေးလို့ အသက်ဘေး လွတ်ကင်းခဲ့တယ်။

ဒါကြောင့် "ကွမ်းယင်း"ဟာ ဖိနပ်စီးလေ့ မရှိဘူး။ အသက်သခင်ဖြစ်လို့တဲ့၊ အဲဒီနောက် ထူးခြားတဲ့ အတွေ့အကြုံရှိသတဲ့။ *(သဗ္ဗဝါများကို ဆင်းရဲဒုက္ခတွင်းမှ ကယ်ဆယ်ခြင်းကို ရည်ညွှန်းသည်။)*

ထူးခြားတဲ့ အတွေ့အကြုံဆိုလို့ ၁၃၄၈ ခုနှစ်လောက်က ဖြစ်မယ်။ ညမှောင်နေပြီ။ ကျွန်တော့်ဆီကို ပါဘလစ်ကာ ကားတစ်စီးနဲ့ လင်မယားနှစ်ဦး ရောက်လာတယ်။ တောင်ငူမှာ လုပ်ငန်းစစ်ဦးစီးမှုလုပ်သွားတဲ့ ဦးသိန်းမြင့်တို့ပါ။

အဲဒီအချိန်မှာ ရာထူးတိုးပြီး ညွှန်မှူးဖြစ်နေပြီ။ ရန်ကုန်ကနေ တောင်ငူအပြန် ဆရာတော်ဦးကေသရကို ဖူးချင်လို့ ဝင်လာတာတဲ့။

ဒါနဲ့ ဆရာတော်ရဲ့အနီးနေ ဒကာရင်း ဦးအုန်းသီးကို ဝင်ခေါ်ပြီး မဖွို့မာရုံကျောင်းကို သွားကြတယ်'

'ဘယ်ကလာတာလဲ ဒကာ"

'ရန်ကုန်ကနေ တောင်ငူကို သွားမှာပါ ဘုရား။ မမှတ်မိတော့ ဦးအုန်းသီးကတစ်ဆင့် ဆရာတော့်အကြောင်းကြားရပြီး ကြည်ညိုလို့ ဝင်ဖူးတာပါဘုရား

'အင်း" "**တောင်ငူမှာ**" အသိဒကာမရှိလို့ အရဏ်ဆွမ်းတစ်နပ်အတွက် ကြုံရာကျောင်း တစ်ကျောင်းဝင်ပြီး ဘုဉ်းပေးခဲ့ရတယ်'

'မိန့်တော်မူပါဘုရား'

'တစ်ည ဒီလိုအချိန်လောက်မှာ ကျောင်းပေါ်ကို ဒကာတစ်ယောက် တက်လာတယ်။ ဦးချပြီးတော့...

"တပည့်တော်ကို မမှတ်မိဘူးလား သိပေါ်မင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်၏ ဗိုရှ့(သိမ်တွင်း)

တဲ့။

ဘယ့်နှယ် သီပေါမင်းကို နိုင်ငံခြားသားတွေ ခေါ်သွားပြီး အိန္ဒိယနိုင်ငံမှာ ကွယ်လွန်ပြီ မဟုတ်လား၊ ဘယ်လိုဖြစ်တာတုန်း၊ ကိုင်း ဒကာကြီးကော ဘယ်လိုထင်သလဲ'

'တင်ပါ့ဘုရား သီပေါလိုလို ငချိဖမ်းတယ်ဆိုတာတော့ ကြားဖူးတယ်။ သီပေါမင်းနဲ့ ရုပ်ချင်းဆင်တူတဲ့ ငချိကို လူစားထိုးပြီး သီပေါမင်းအစစ်က လွတ်မြောက်သွားတယ် ဆိုကြတယ်'

'အေး အေး သူက...

"တပည့်တော်တို့လဲ ဇာတ်မြှုပ်ပြီး အရှေ့ရိုးမတောင်ကြောက လိုဏ်ဂူထဲ ပုန်းအောင်းနေထိုင်ရင်း ကံကုန်လို့ နတ်စိမ်းတွေ ဖြစ်နေကြပါတယ်၊ ဆရာတော်ဘုရားက အတိတ်အကြောင်း ဆက် ပဋ္ဌာန်းဆက်ရှိလို့ တပည့်တော်တို့ကို ချေချွတ်ပေးပါဘုရား"

"ဘယ်လိုအကြောင်းဆက် ရှိလို့လဲ၊ ငါက ဘာတုန်းဟဲ့"

"အရှင်ဘုရားက အလောင်းစည်သူမင်း ဖြစ်ခဲ့ပါတယ် ဘုရား"

"ဟော... အင်းလေ ထားပါတော့၊ ငါ ဘယ်ကို လာရမလဲ"

"တောင်ငူ မြတ်စောညီနောင်တောတန်းအရှေ့ဘက်ကို (...)ရက်နေ့ ညနေ ကြွခဲ့ပါ။ တပည့်တော် အကြိုလွှတ်ပါ့မယ်ဘုရား"

သို့ဖြင့် ချိန်းဆိုသောနေ့တွင် ဆရာတော် ဦးကေသရသည် ကပ္ပိယ ဦးအောင်စိန်နှင့်အတူ ကြွရောက်ရာ ညနေစောင်း(၄)နာရီခန့်တွင် တောတန်းကလေးသို့ ရောက်သည်။

တောစပ်၌ အရပ်အမောင်း ကောင်းလှသော လုံးကြီးပေါက်လှ အမျိုးသမီးတစ်ယောက် ခြေချင်းဝတ်တိုင်အောင် ရှည်လျားသော ဆံပင်ဖားလျားချလျက် ရပ်နေသည်ကို တွေ့ရသည်။

အထက်အောက် အစိမ်းရောင်ဝတ်စုံမှာ ရေးကျလွန်းခြင်း မရှိသလို ခေတ်ဆန်ခြင်းလည်း မရှိပေ။ ဆရာတော်တို့အား မြင်သည်နှင့် ရှေ့မှ ထွက်သွားသဖြင့် ခပ်လှမ်းလှမ်းမှ လိုက်ပါသွားကြသည်။

တောနက်လာသည်နှင့် အမျှ အလင်းရောင်လည်း တဖြည်းဖြည်း လျော့ပါးကာ မှောင်ရီသန်းသည်အထိ ဆက်လျှောက်နေခဲ့ဖြစ်သည်။ အတန်ကြာသော် မိုးစုန့်စုန့်ချုပ်၍ မှောင်အတိကျသွားလေရာ အမျိုးသမီးကို မျက်ခြည်ပြတ်သွားသည်။

သို့ဖြစ်၍ စမ်းတဝါးဝါး လာခဲ့ကြရာ ကိုးတောင်ပြည့် စေတီငယ်တစ်ဆူနှင့် ကျောင်းငယ်တစ်ဆောင် တွေ့ရသောကြောင့် ခေတ္တ အပန်းဖြေပြီးနောက် စေတီတော် အားပါလာသည့် ဖယောင်းတိုင်၊ အမွှေးတိုင်များ ဆက်ကပ်၍ ဘုရားဝတ်ပြုသည်။

သုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပြီးနောက် မေတ္တာပို့ အမျှပေးဝေပြီးသောအခါ တီးတိုးစကားသံများ၊ လှုပ်ရှားသံများ ကြားရသည်။ မကျယ်လောင်လှသော်လည်း လူများစွာ စုပေါင်း ပြောဆိုလှုပ်ရှားနေကြသည့် အသံမျိုးဖြစ်သည်။

နောက်သို့ လှည့်ကြည့်လိုက်လေမှ ရွာကြီးတစ်ရွာစာ လူအုပ်ကြီးကို ကညင်ဆီမီးတိုင်များ ထိန်ထိန်လင်းလျက် မြင်တွေ့ရလေသည်။ စေတီကုန်းတော်ဝန်းကျင်တွင် သူ့အစုနှင့်သူ ငြိမ်သက်စွာ ဒူးတုပ်ထိုင်နေကြသည်။

သီပေါမင်းက အလျားတစ်မိုက်ခန့် ရှိသည့် သေတ္တာငယ်တစ်လုံး ဆက်ကပ်၍...

'အချိန်တန်လျှင် သော့အပ်ပါမည်။ နန်းစဉ်ကိုးကွယ်ခဲ့သည့် ရွှေဆင်းတုဖြစ်၍ ဘုရား၌ ဌာပနာပေးပါဘုရား'

ဟူ၍ လျှောက်ထားသည်။ ဆရာတော်က သေတ္တာကို ဦးအောင်စိန်အား ကမ်းပေး၍ ပရိသတ်ကို တရားဟောကြား၏။ တရားဟောပြီးနောက်...

'ကဲ အခု ဒီမှာ စုဝေးရောက်ရှိနေကြတဲ့ ဘဝအဆက်ဆက်က ဆွေတော်မျိုးတော်အားလုံး မြတ်စွာဘုရားရှင်ရဲ့တရားတော်ကို ဟောကြားရတဲ့အကျိုး နာယူရတဲ့အကျိုး ကုသိုလ်အဖို့ဘာဂကို ကြားသူ သိသမျှ အားလုံးတို့အား အမျှပေးပါတယ်၊ အမျှ



www.burmeseclassic.com

www.burmeseclassic.com

'အမျှ အမျှ'

ဟု အမျှပေးဝေရာ သာဓုခေါ်သံများမှာ အသံချဲ့စက် ဆယ်လုံးစုပေါင်း၍ အသံကုန်ဖွင့်လိုက်သည့်ပမာ တောတောင်တစ်ခုလုံး ဟိန်း၍ ထွက်ပေါ်လာလေသည်။

ထို့နောက် ချက်ချင်းပင် တစ်ယောက်မကျန် ပျောက်ကွယ်သွားကြသည်။ ဆရာတော်နှင့် ဦးအောင်စိန်တို့လည်း ထိုနေရာမှ ဖယောင်းတိုင်မီး အားကိုးဖြင့် ပြန်ထွက်ခဲ့ကြရာ အရုဏ်မတက်မီတွင် (တောစပ်)မူလ ဝင်ရောက်ရာ နေရာသို့ ပြန်ရောက်ကြသည်။

ဦးအောင်စိန်က အနီးအနားတွင် လိုက်လံစုံစမ်းရာ တောကျောင်းတစ်ကျောင်းကို တွေ့ရသဖြင့် အကျိုးအကြောင်း လျှောက်ထားကာ ဆရာတော်အား အရုဏ်ဆွမ်း ဆက်ကပ်ခဲ့ရလေသည်။

အရုဏ်ဆွမ်းကိစ္စပြီး၍ မိုးလင်းသောအခါ တောင်ငူမြို့ဝန်းကျင် ဘုရားပုထိုးများအား ဖူးမြော်ပြီးနောက် မဖ္ဖိမာရုံကျောင်းသို့ ပြန်ကြွခဲ့လေသည်။

'ဒီအကြောင်းကိုသိတာ ဦးသိန်းမြင့် လဝမယား၊ ဦးအုန်းသိန်း၊ ကပ္ပိယဦးအောင်စိန်နဲ့ ကျွန်တော်ရယ်ပဲရှိတယ်။ ဦးအုန်းသိန်းနဲ့ ဦးအောင်စိန်က ကွယ်လွန်သွားကြပြီ၊ ဦးသိန်းမြင့် ရှိသေးရင် အသက်(၈၀)လောက် ရှိရောပေါ့၊ ဒီမှာတော့ ကျွန်တော် တစ်ယောက်သာ ရှိတော့တယ်'

'ရွှေဆင်းတုကို ဘယ်ဘုရားမှာ ပူဇော်လိုက်ပါသလဲ ဦးတင်ကြည်'

'ဟုတ်ကဲ့ ပြောဖို့ကျန်သွားတယ်။ ရွှေဘုန်းတိုးစေတီတော် ထီးတော်တင်ပြီး ပူဇနီယပွဲတော် ကျင်းပတဲ့အခါ နတ်ကတော် ဒေါ်ခွေးမက ဆရာတော်ကို လျှောက်ပါတယ်'



ဘုရားအနေကာဓာတ်တင်ထားစဉ်

'အစောင့်အရှောက် နတ်တွေက ကနားပွဲပေးဖို့ တပည့်တော်ကို အိပ်မက်ပေးပါတယ် ဘုရား၊ အရှင်ဘုရား ဆုံးဖြတ်ပေးတော်မူပါ'

'အေး အေး ဒကာမတို့ လုပ်သင့်တာ လုပ်ကြကွယ်'

ဟု ခွင့်ပြုတော်မူသဖြင့် ဒေါ်ခွေးမဦးဆောင်ပြီး နတ်ကနားပွဲ ပြုလုပ်ပါသည်။ ထိုအခါ နတ်ဝင်နေသော ဒေါ်ခွေးမက ဆရာတော်အား သော့တစ်ချောင်း ဆက်ကပ်ပြီး...

'တောတွင်းရှိစဉ် တပည့်တော် အပ်ပါမယ်ဆိုတဲ့ သော့ပါဘုရား'

ဟု လျှောက်၏။ သိမ်းထားသော သေတ္တာ၏သော့ဖြစ်သည်။ ထိုရွှေဆင်းတုကို ဘုရားတစ်ဆူတွင် ဌာပနာပြု ပူဇော်လိုက်ကြောင်းသာ မိန့်၍ မည်သည့်စေတီဟူ၍မပြော။

ဆရာတော်မှလွဲ၍ ရွှေဆင်းတုကို ဖူးမြင်ရသူ မရှိခဲ့ပါ။ "**လောဘကြောင့် ပါရမီအညွန့်ကျိုးတတ်တယ်**"ဟု မိန့်တော်မူကြောင်း ကြားသိရပေသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

# သွေးတိုးဆိုတာ ချိုနဲ့လား



ဖူလိုင်လ၏ လဆန်းရက်ပင် ဖြစ်ပါသည်။ ငါးသိုင်းချောင်းမှ ရန်ကုန်သို့ မောင်းနှင်လျက်ရှိသော ရွှေဝါဖူးကားကြီးမှာ ဖူလိုင်မိုးဖွဲနှင့်အတူ အနောက်တောင် မုတ်သုတ်လေတို့အား အားပြိုင်၍ အဝေးပြေး ကားလမ်းမကြီး တစ်လျှောက် တရိပ်ရိပ်ပြေးလျက်ရှိပေသည်။

ကျွန်ုပ်နှင့် ဇနီးသည်မှာ အဆိုပါ ကားကြီးဖြင့် လိုက်ပါလာလျက် ထန်းတစ်ပင်မြို့မှ အသက်(၉၄)နှစ်ရှိ ဆေးဆရာကြီး ဆရာသိန်းထံ ဆေးကုသရန် လိုက်ပါလာခဲ့ပေသည်။

"ထန်းတစ်ပင် ဆင်းမယ့်လူတွေ အသင့်ပြင်ထားပါဗျို့"

ဟူသော ကားစပယ်ယာလေး၏ အော်သံနှင့်အတူ ရွှေဝါဖူးကားကြီးမှာ **"ထန်းတစ်ပင်မြို့သို့"** ဟူသော ဆိုင်းဘုတ်ကြီးအနီး၌ ရပ်လိုက်သော အခါ ကျွန်ုပ်တို့ဇနီးမောင်နှံ ကားမှ ဆင်း၍ ထန်းတစ်ပင်မြို့သို့ လိုင်းပြေးနေသော ဒိုင်နာကားလေးဖြင့် တစ်ဆင့် စီး၍ လာခဲ့ပါသည်။

ထန်းတစ်ပင်ကားဂိတ်သို့ ရောက်သောအခါ မြသိန်းတန်ဘုရားကျောင်းလမ်းမှ ဆိုက်ကားဖြင့်စီး၍ (၂)ဖာလုံ ခန့်သွားမိသောအခါ သုံးပင်နှစ်ခန်းတွဲ သစ်ခါးအိမ် ကုတ်ကုတ်လေးအတွင်း၌ **အသက်အရွယ် ကြီးရင့်ပြီဖြစ်သော ချောင်ထုံးကို တစ်စောင်းထုံးထားသည့် အဘဆရာသိန်းကြီးအား** မြန်မာပြည်အရပ်ရပ်မှ လာကြသော လူနာပရိသတ်များ၏ ခေါင်းရင်းဘက်၌ တင်ပျဉ်ခွေထိုင်လျက် တွေ့ရပါသည်။

ထူးခြားသည်မှာ ဤမျှ သတင်းကြီးနေသော အဘဆရာသိန်းအိမ်၌ ဆိုင်းဘုတ်မတားရှိခြင်းပင်။

လူပေါင်းစုံ၊ ရောဂါပေါင်းစုံအား မေးမြန်းလိုက်၊ ဆေးပေးလိုက်ဖြင့် အတော်ကြာသောအခါ ကျွန်ုပ်တို့ အလှည့် ရောက်၍လာပါသည်။

ဆေးဘူးဆေးခွက်များအား နေရာချရင်းမှ အဘဆရာသိန်းကြီးမှ ကျွန်ုပ်တို့ဘက်လှည့်ကာ...

'ကဲ...ငါ့သားက လာရင်းကိစ္စနဲ့ ကျန်းမာရေးအခြေအနေ ပြောပါဦး ကွယ့်'

ဟု မေးလိုက်ပါသည်။

ကျွန်ုပ်တို့ ဇနီးမောင်နှံမှလည်း လာရင်းကိစ္စမှာ နှစ်ရှည်လများ ကျွန်ုပ်၌ ခံစားနေရသော **"လေးဖက်နာရောဂါနှင့် သွေးတိုးရောဂါ"** အကြောင်း စုံလင်အောင်ပြောပြ၍ မေတ္တာဖြင့် ကုသပေးပါရန် ပြောသောအခါ...

'အေး... အနာသိတော့လဲ ဆေးရှိရမှာပေါ့ကွာ ဘာမှမပူနဲ့ ငါ့သား'

ဟု ဆို၍ လေးဖက်နာဆေးများကို ပေး၍ အညွှန်းနှင့်အတူ ဆေးသောက်ရန် မှာပါသည်။

ဆေးပေးပြီးသောအခါ ဆရာကြီးက...

'ကဲ...ငါ့သားရေ သွေးတိုးဆေးကတော့ အဘ ဇီဝိတံဒါနပေါ့ဗျာ ဟုတ်ပလား ဆေးတော့မရှိဘူး။ ငါ့သား ဆေးနည်းကို မှတ်သွားပြီး ကိုယ့်ဟာကိုယ် ဖော်သောက်ပေတော့'

ဟုပြောကာ အောက်ပါဆေးနည်းအား ပြောပြပါတော့သည်။

'အဘ အသက်(၆၀)လောက်တုန်းက ရထားနဲ့ ခရီးသွားရင်း ဘုန်းကြီး တစ်ပါးက ကိုသိုလ်ဖြစ်ပြောခဲ့တဲ့ ဆေးနည်းပဲ။

အခုဆို လှိုင်သာယာမြို့က သွေးတိုးသမားတွေ အဲဒီဆေးနည်းနဲ့ ဟန်ကျနေကြလို့ အဘဆီ ခဏခဏ ကျေးဇူးတင်ကြောင်း လာလာပြောနေကြတယ်'

'ဆေးနည်းက ဒီလိုကွသား၊ ပထမဆုံး (၁၅)ကျပ်သား (၂၀)ကျပ်သားလောက်ရှိတဲ့ ငါးရံ့တစ်ကောင်ကို ဗိုက်ခွဲ အညစ်အကြေး သန့်စင်ပြီးအိုးတစ်လုံးမှာထည့်လို့နူးအောင် ပြုတ်ရတယ်။

အဲဒီလိုပြုတ်တဲ့အခါမှာ **ဗမာသံပရာရွက် "ထက်တစ်ဆုပ်ခန့်" ထည့်ပြီး ပြုတ်ရမယ်။** နူးပြီဆိုတော့မှ အချို အငန် အပေါ့ စိတ်ကြိုက်ပြုပြင်ပြီး မနက်ထမင်းစားရင် ဟင်းသောက်ပန်းကန်တစ်လုံး၊ ညထမင်းစားရင် ဟင်းသောက်ပန်းကန်တစ်လုံး သောက်စားရမယ်။

အဲဒီလို ဆယ်ရက်ခြား တစ်ကြိမ်၊ တစ်ကြိမ်နဲ့ တစ်လအတွင်း သုံးကြိမ် သောက်ရမယ်။

တစ်နေ့သောက်ရင် ည,မနက် နှစ်ကြိမ်ဆိုတော့ တစ်လသုံးကြိမ်မှာ ခြောက်ခါသောက်ပြီး ဖြစ်သွားမယ်လေ။ အဲ...အဲဒီဆေးနည်းကို တစ်လ သောက်ပြီးသွားပြီ ဆိုလို့ကတော့ "သွေးတိုးဆိုတာ ချိုနဲ့လား" လို့သာ မေးလိုက်ပေတော့ ငါ့လူရေ'

ဟု အားပါးတရ ပြောပြခဲ့သော အဘဆရာသိန်းကြီး၏ ဆေးနည်းအား နှလုံးလှရောင်ခြည် စာဖတ်ပရိတ်သတ်များအား လက်ဆင့်ကမ်းကုသိုလ်ပြုလိုက်ရပါသည်။

***သတ္တဝါမှန်သမျှ တရားတွေ့ ချမ်းမြေ့ကြပါစေ...***

**ကိုလှအောင်**
***(ငါးသိုင်းချောင်း)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဇာတ်လမ်းတို

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အဝှအဝုဝ် ထင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက် အမှတ် တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ။ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ။ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညီ့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာစဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သီမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူရှိန် အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ခုဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူမှတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း-မြန်ပို့ရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး
သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၇၁



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရှင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ဖူးပူဇော် ဂါထာတော်များ (၅၄)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

ကျွန်ုပ်တို့ပေါက်စေတီ

**နမောတဿ ဘဂဝတော အရဟာ တော သမ္မာသမ္ဗုဒ္ဓဿ။**

***[၃-ကြိမ် ရွတ်ပါ။]***

သင့်္ဂ ဟောမဠ ရတန်၊
ဂေဟ်ဝတ္တ ဘောဇနံ။
တဒ္ဒညေပိ ယထာစိတ္တံ၊
မာပေယျံ တံ နမာမိနံ။

***(အရှင်ကေလာသ.ပဓက)***

မြန်မာပြန်

**ယောဇိနော**–အကြွင်ရှင်တော်မြတ် ဘုရားသည်၊

**သင့်္ဂ**–ပစ္စည်းဥစ္စာ ရတနာကို လည်း ကောင်း၊

**ဟောမဠ**– ရွှေငွေရတနာကို လည်း ကောင်း၊

**ရတန်**–ပတ္တမြားမျက်ရွဲ ပုလဲတို့အား လည်းကောင်း၊

**ဂေဟ်**–ကျောင်းဇရပ် သိမ် အိမ် ဂေဟာကို လည်းကောင်း၊

**ဘောဇနံ**–စားနပ်ရိက္ခာ ချိုချဉ် ခဲဖွယ်တို့အား လည်းကောင်း၊


**တဒ္ဒညေပိ**–အလိုရှိရာ အလုံးစုံတို့ အား လည်းကောင်း၊

**ယထာစိတ္တံ**–စိတ်ဝယ်လိုလား ဆန္ဒ များကို လည်းကောင်း၊

**မာပေယျံ**– ဖန်ဆင်းတော်မူနိုင်ပါ ပေ၏၊

**တံဇိနံ**–ထို လိုရာပြည့်စုံ ကျွန်ုပ်တို့ ပေါက်စေတီတော်မြတ်အား၊

**အဟံ**–"..."ဟုနာမသညာ အကျွန်ုပ်



◆ [illegible]

သည်၊

**နမော**–လက်အုပ်ချီ မိုး ရှိခိုး ကန်တော့ပါ၏။

ဘုရားတည်နှစ်


သက္ကရာဇ် ၁၃၁၀ ပြည့်နှစ်





www.burmeseclassic.com

www.burmeseclassic.com



◆ မယ်ဒက်ကယ် ဆရာတော်ကြီး၏
ဗွဲ့ဆိုဏ်းပေါက်စေတီတော်ကို ဖူးမြင်ရပုံ



◆ ဗွဲ့ဆိုဏ်းပေါက်စေတီတော်နှင့်အတူ တစ်နေ့တည်း
တစ်ချိန်တည်း တည်ထားကိုးကွယ်ခဲ့သော
ဆရာတော်ကြီးအရှင်ဇနိမာ၏ ပေါက်ကူစေတီတော်အား
တောအုပ်အတွင်း ဖူးမြင်ရပုံ

ဘုရားဒါယကာ

မယ်ဒက်ကယ် ဆရာတော်ကြီး အရှင်သံဝရထေရ်။

တည်နေရာ

စစ်ကိုင်းတောင်းရိုး ဆွမ်းဦးပုညရှင်အနီး ပုပ္ပါရုံရှင်ပြင်။

ပွဲတော်ရက်

နတ်တော်လပြည့်နေ့။

အောင်မြေဌာန

စေတီတော်၏ သောကြာအရပ်။

အစောင့်အရှောက်

ပုပ္ပါရုံ ရှက္ခစိုးကြီး။

◆ ဗွဲ့ဆိုဏ်းပေါက်စေတီ၏ အောင်မြေနေရာ







www.burmeseclassic.com

www.burmeseclassic.com



◆ဆွမ်းဦးပုညရှင်စေတီတော် ဂူဟာတောင် ရှိ ဦးထင်ရှိမှ ကျောင်းပုံဆိုသောငွေ့များ နိုင်ငံကိုလိုက်ခဲ့သော ခြင်္သေ့ကြီးအား ညအချိန် တွေ့မြင်ရပုံ



◆ရှင်ပင်မြသိန်းဦးစေတီနှင့် ဗွမ္ဘီဆံပေါက် စေတီတို့အား အထူးအလှ မှုတွေ့ရပုံ

ကျေးဖူးရှင် မယ်ဒက်ကယ်ဆရာတော်ကြီး အရှင်သံဝရမထေရ်မြတ်သည်ကား ကျွန်ုပ်၏ ဆရာအရှင်(၄)ပါးတို့တွင် တတိယဆရာအရှင် ဖြစ်လေသည်။

မယ်ဒက်ကယ် ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်ကို **"ကျွန်ုပ်၏ ဆရာအရှင်ပုဂ္ဂိုလ်ထူးများ"**ခေါင်းပါးဖြင့် သိမှီသမျှ ရေးသားပူဇော်ခဲ့ပြီး ဖြစ်ပါသည်။ ယခုခေါင်းပါးတွင် ယခင်က မပါခဲ့သော အကြောင်းအရာကို ဖြည့်စွက် ဖော်ပြလိုက်ပါ၏။

## မိသားစုများနှင့်ဘဝ

ရန်ကုန်မြို့၊ လသာလမ်းနေ ဦးထင်ရှား+ဒေါ်ရွှေရင်တို့မှ သက္ကရာဇ် ၁၂၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃)ရက်၊ သောကြာနေ့ နံနက် (၅း၀၀) တွင် ဖွားသန့်စင်ခဲ့၏။

ကော့မှူးမြို့နယ်၊ ထမ္မနိုင်ကျေးရွာ မူလတန်း၌ ဉာဏ်စွမ်းရည် ထက်မြက်လှသောကြောင့် ဒုတိယတန်းမှာပင် တတိယတန်းဖတ်စာများကို အလွတ်တတ်မြောက်နေလေရာ တစ်ရွာလုံး၏ စံပြကျောင်းသား ဖြစ်နေလေ၏။

တစ်ဖန် ရန်ကုန်မြို့ "ဘီဂင်းဒက်ကျောင်း"တွင် စတုတ္ထတန်း၌ အမှတ်အများဆုံးရရှိခဲ့၍ ကျောင်းအုပ်ကြီး၏ ဂုဏ်ပြုခြင်း ခံယူခဲ့ရလေသည်။

ရန်ကုန်မြို့ စိန့်ဂျွန်းအထက်တန်းကျောင်းတွင် မက်ထရစ်စာမေးပွဲ အောင်မြင်ပြီးသောအခါ ရန်ကုန် မြူနီစပယ်ရုံးချုပ်၌ အခွန်တော် စာရေးကြီး အဖြစ် အမှုထမ်းနေလေ၏။

ထိုအခါမှာပင် ဆာဦးသွင်နှင့် ဆက်စပ်မိပြီး အင်္ဂလိပ်စကားပြော ကျွမ်းကျင်လှသောကြောင့် ဆာဦးသွင်၏ နေရှင်နယ် အသက်အာမခံကုမ္ပဏီတွင် ငွေစာရင်းကိုင်ရာထူးဖြင့် လုပ်ကိုင်ရပြန်လေ၏။

စစ်အတွင်း ရန်ကုန်မြို့တော်ကြီးအား ဂျပန်တပ်များက ဗုံးကြဲတိုက်ခိုက်သောကြောင့် အစိုးရအုပ်ချုပ်ရေးယန္တရား ကင်းကွာနေသည့်အတွက် စစ်ဘေးတိမ်းရှောင်ရင်း ရေတာရှည်မြို့၊ အောင်ချမ်းသာကျေးရွာသို့ ရောက်ရှိခဲ့ရလေ၏။

အောင်ချမ်းသာတွင် ပထမမယ်ဒက်ဆရာတော်ကြီး အရှင်ဝိရိယမထေရ်က စောင့်ရှောက်တော်မူပါသည်။ အစစအရာရာ ငတ်မွတ်ခေါင်းပါး၍ သတ်ဖြတ် ထိုးခုတ်နေကြသောကာလ၌ ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်တို့နှင့်အတူ အနာရောဂါဘေးကြီးကို ရင်ဆိုင်ရလေတော့သည်။

ရောဂန္တရ ကပ်ဆိုးကြီးကြောင့် မိသားစု(၉)ဦးတို့သည် လပိုင်းအတွင်းမှာပင် ဆက်တိုက် ရှေ့ဆင့်နောက်ပါ တစ်ပြိုင်တစ်မကြီး ကွယ်လွန်ကြလေ၏။ ပထမ မယ်ဒယ်ဆရာတော်ကြီးလည်း ပျံလွန်လေတော့၏။

မိမိတစ်ဦးတည်း စိတ်ဆင်းရဲခြင်းကြီးစွာခံစားရပြီး ဒုတိယမယ်ဒက်ဆရာတော်ကြီး အရှင်ဝိလာသအား ဉပဇ္ဈာယ်ပြု၍ မယ်ဒက်ကျောင်း ခဏ္ဍသိမ်တော်ကြီးတွင် အသက်(၂၉)နှစ်မှာပင် ရဟန်းဘောင်သို့ ရောက်ရှိခဲ့လေ၏။

သက်တော်(၃၂)နှစ်၊ (၃)ဝါဆိုပြီးသောအခါ ဘုရားဖူးရင်း ဂန္ဓာရီခရီးထွက်တော်မူလေသည်။ တောတောင်အနှံ့ လှည့်လည်၍ အားထုတ်တော်မူပါသည်။

ပုပ္ပါးတောင် ဦးတင့်တယ် နတ်ကွန်း၏ အနောက်ဘက်အနီးတွင် **"ပထမမယ်ဒက်ဆရာတော်ကြီး" စိုက်ပျိုးထားခဲ့သော ဖောဓိပင်နှင့် ထင်းလွန်းပင် အောင်မြေ၌** ပုတီးစိပ်နေလေ၏။

ပုတီးစိပ်နေခိုက်မှာပင် "အဘအောင်မင်းခေါင်" ရောက်ရှိလာလေ၏။ အသံဩဇာနှင့် ပြည့်စုံသောအသံဖြင့်

www.burmeseclassic.com



ခြင်္သေ့အကောင်မှ [illegible]

ထီးစွာ (မင်းကွန်း)



မယ်ဒက်ကျောင်းဆရာတော်ကြီး၏ ခေတ်ပေါ်ညီနောင်ဖြစ်သော ဆရာတော်ကြီး အရှင်ဓမ္မိကာ၏ ရုပ်ကြွင်းတော်ရှိရာ အဆောင်တော်

ရှေးယခင်က သံကြိုးကွင်းဖြင့် သော့ခတ်ထားခဲ့ရသော ခြင်္သေ့ကြီးအား ယခုအခါ လွတ်လပ်စွာ တွေ့ရှိရပုံ

မယ်ဒက်ဆရာတော် လောင်းလျာအား လမ်းညွှန်လေတော့သည်။

အဘအောင်မင်းခေါင်၏ လမ်းညွှန် ဩဝါဒကို ခံယူပြီး ပုပ္ပါးတောင်မကြီး၏ ကိုးဌာန အောင်မြေဖြစ်သည့် တောင်တော်များတွင် အောင်ဓာတ်ယူတော်မူပါသည်။

၁။ သီလတောင်အောင်မြေ၊
၂။ လွှမ်းတောင်အောင်မြေ၊
၃။ နွားပြုတောင်အောင်မြေ
၄။ မျှော်တော်တောင်အောင်မြေ
၅။ ရသေ့တောင်အောင်မြေ
၆။ ရွှေလဝင်းတောင်အောင်မြေ
၇။ ဆည်ပေါက်မှန်ကင်းအောင်မြေ
၈။ ဖေယျသိခ်ကုန်း ဆည်ပေါက်အောင်မြေ၊
၉။ စပါးပုံတောင်အောင်မြေ

တို့ဖြစ်လေ၏။ ထို့နောက် အောက်ပါ ဌာနများတွင်လည်း ဂန္ဓာရီလှည့်လည် အားထုတ်ခဲ့လေသည်။

၁။ ဟာလာတောင်၊
၂။ ကင်ပွန်းတောင်၊
၃။ ဆေးဖုံးတောင်၊
၄။ လေတွင်းတောင်၊
၅။ မြဲတောင်၊
၆။ ရွှေတွင်းတောင်၊
၇။ ငွေတွင်းတောင်၊
၈။ နဂါးပတ်တောင်၊
၉။ မြောက်နှားတောင်းတောင်

တို့ဖြစ်ကြပါသည်။

ဖော်ပြပါရှိသော ဆည်ပေါက် မှန်ကင်းတောင်အောင်မြေနှင့် ဖေယျ သိခ်ကုန်း ဆည်ပေါက်အောင်မြေဌာန တို့မှာ **"ဒီပဲယင်း ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ"** နှစ်ပေါင်း (၂၀)ကျော် အောင် သိတင်းသုံး သာသနာပြုခဲ့ သည့် ဌာနများ ဖြစ်ပါသည်။

အဘအောင်မင်းခေါင်၏ လမ်းညွှန် ဩဝါဒဖြင့် **"အောင်မင်းခေါင်စေတီ တော် (၇)ဆူ"**ကိုလည်း တည်ထား လေသည်။ အဘအောင်မင်းခေါင်၏ ဩဝါဒကို အထူးအလေးထားပြီး တိကျ စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်လေ၏။

ထူးခြားသောအချက်များမှာ အဘ အောင်မင်းခေါင်အား သက်ရှိထင်ရှား ကျော်ကြားနေချိန် သက္ကရာဇ် ၁၃၀၉ ခုနှစ်၊ တပေါင်းလတွင် ဩဝါဒခံယူခဲ့ ခြင်းဖြစ်လေသည်။

ဘုရားဖူး၊ ဂန္ဓာရီခရီးမှ မယ်ဒက် ကျောင်းသို့ ရောက်ရှိလာပြီး အောင်မင်း ခေါင်စေတီကြီး ဝေတီတော်(၇)ဆူ စတင် တည်ထားတော်မူပါသည်။

၁။ အောင်မင်းခေါင်စေတီခေါ် ကုဋ္ဌိတံပေါက် စေတီ *[စစ်ကိုင်းတောင်]*
၂။ အောင်မင်းခေါင်ကြီးစေတီ *[ကျွန်းကုန်းရွာ၊ တောင်ငူမြို့]*
၃။ အောင်မင်းခေါင်စေတီ *[မရမ်းတောင်၊ တောင်ငူမြို့]*
၄။ အောင်မင်းခေါင်ကြီး ငြိမ်းချမ်းရေးစေတီ *[ရေတာရှည်မြို့]*
၅။ အောင်ချမ်းသာခေါင်စေတီ *[ပုပ္ပါးတောင် (ဦးတင့်တယ်နတ်ကွန်းအနီး)]*
၆။ အောင်သာခေါင်စေတီ *[မဖြတ်လှနတ်ကွန်း အနီး၊ ပုပ္ပါးတောင်]*
၇။ အောင်မင်းသာခေါင်စေတီ *[ရေငန်းကြီး တောင်၊ ပုပ္ပါး]*

အထက်ပါ စေတီတော်များနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



▲ ပုဂ္ဂိုလ်ကိုမြင်မှ ထူးခြားမန်ကျည်းပင်ကြီးနှင့်
အမိဋ္ဌာန်အောင်မြေဌာနကို တွေ့မြင်ရပုံ

ထူးခြားမန်ကျည်းပင်ကြီး၏ သစ်ခေါင်းပေါက်ကို တွေ့မြင်ရပုံ ▶



အဘအောင်မင်းခေါင်၏ ဓာတ်ပန္နက် စေတီတော်တစ်ဆူဖြစ်သော စစ်ကိုင်း မင်းဝံတောင်ဦးစွန်းရှိ **"ရွှေမုဋ္ဌော စေတီ"** ရင်ပြင်မှ **"စတုဓေယျာဘုမ္မိ"** စေတီတော်ကို ပြန်လည်မွမ်းမံတော်မူ ပါ၏။

ဒီပဲယင်းဆရာတော်ကြီးနှင့် မယ်ဒက် ဆရာတော်ကြီး(၂)ပါးတို့အား ကျွန်ုပ်၏ နေအိမ်တွင် ကြိမ်ဖန်များစွာ ဆွမ်းကပ် ခွင့် ရရှိခဲ့ပါသည်။ ဘုရားအနေကဇာ တင်ခြင်း၊ မွေးနေ့မင်္ဂလာပြုခြင်း၊ တိုက် တက်မင်္ဂလာပွဲ စသဖြင့် ပွဲများတို့၌ ကြွရောက် ချီးမြှောက်ကြလေ့ ရှိပါ သည်။

ကျွန်ုပ်မှာ ဖော်မပြနိုင်လောက် အောင် အလွန် ဝမ်းသာကြည်နူးခဲ့ရ သော်လည်း တစ်ပါးနှင့်တစ်ပါး ဆုံတွေ့ ခဲ့ဖူးခြင်း မရှိကြပါ၊ ရင်းနှီးကျွမ်းဝင်ခြင်း လည်း မရှိကြပါ။

ဆွမ်းကပ်ခွင့် များစွာ ရရှိခဲ့ရသော် လည်း မဆုံစည်းဖြစ်ခြင်းမှာ ထူးဆန်း လေသလား။ ထူးခြားလေသလား မဝေ ခွဲတတ်ပါ။

ဆရာအရှင်(၂)ပါးတို့၏ ထူးခြားချက် တစ်ခုမှာ အဘအောင်မင်းခေါင်ကြီး၏ ညီတော်ဖြစ်ခဲ့ကြောင်း အမိန့် စကား ပြောကြားခြင်း ဖြစ်ပါ၏။

ကျွန်ုပ်နှင့် ရှင်သီရိတို့(၂)ဦးအား ၁၉၈၀ ပြည့်နှစ်၊ ဧပြီလတွင် **"စတု ဓေယျာဘုမ္မိ"** **ဓာတ်ပန္နက်စေတီ တော်**၌ ကျင့်စဉ် အမိဋ္ဌာန်တက်ခိုက် အမိန့်ရှိခဲ့ခြင်း ဖြစ်လေသည်။

တူညီသောအချက်မှာ (၂)ပါးစလုံး စိတ်ဆတ်၍ စိတ်ဓာတ်မာကျောပြီး ပြတ်သားစွာ ဆိုဆုံးမတတ်ကြလေ၏။ အမှား တစ်ရံတစ်ရာကို ထောက်ပြ ဆုံးမရာတွင် ပြောင်မြောက်လှ၏။

ပက်ပက်စက်စက် တစ်တစ်ခွခွ ပြောဆိုရာ၌ လွန်စွာ တူညီကြပါသည်။

အပြောအဆို ခံရလေ့ရှိသော ကျွန်ုပ် အပါအဝင် တပည့်သားများသည်ကား နာလိုခံခက် လုံးဝ စိတ်ပျက်ခြင်း မဖြစ်ခဲ့ ကြပါ။ ပိုမို၍သာ ချဉ်းကပ်ခဲ့ကြသည် သာ။

အဘ အောင်မင်းခေါင်သည်လည်း ထိုနည်းတူသာ ဖြစ်ကြောင်း သိမှတ် ခဲ့ရပါ၏။

မက်ဒက်ကယ် ဆရာတော်ကြီးက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ပါ သည်။

'တုတ်နဲ့ရိုက် မီးနဲ့ခြိုက်တဲ့ ဒို့ဆရာဖြစ်သလို
အမြွက်စုတ်ပေးမယ့် ရွှေထုပ်တဲ့ မြပဝါ'

ဟု အမိန့်ရှိခဲ့လေသည်။ အဘ အောင်မင်းခေါင်၏ လမ်းညွှန်ချက်များ ကို ဆက်ခံကြရာတွင် အမှားမခံ အား ထုတ်ရာ၌ တူညီကြပါသည်။

သို့ရာတွင် **ဆရာတော်ကြီးနှစ်ပါး တို့သည်ကား အဘအောင်မင်းခေါင် ကြီး၏ ဆန္ဒအမှန်တစ်ခုအား ဖြည့် ဆည်းပေးခြင်း မရှိခဲ့ကြပါ။** ထူးဆန်း လှပါ၏။

အဘအောင်မင်းခေါင် ကိုယ်တိုင် ရဟန်းဘဝ ခံယူနေထိုင်ပြီးနောက် လူ ဝတ်သို့ ပြန်လည် ကူးပြောင်းခဲ့လေ သည်။ လူဝတ်ဖြင့်သာ ထွက်ရပ်စခန်း သို့ မြန်းကြွပါသည်။

မက်ဒက်ကယ် ဆရာတော်ကြီး ဦးသံဝရအား "အသွင်ပြောင်း" စေရန် လမ်းကြောင်းပေးခဲ့သော်လည်း ရဟန်း

www.burmeseclassic.com

ဝတ်ဖြင့်သာ ထွက်ရပ်ပြုခဲ့လေသည်။

ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမ သိဒ္ဓိအားလည်း လူဝတ်ဖြင့် ပြောင်းလဲ အားထုတ်ဖို့အတွက် **"ပုခက်ထဲတွင် နောက်ကျွမ်းပစ်"** ၍ ပြသခဲ့ဖူးလေ၏။

ထွက်ရပ်ပြုကြသည့် ကာလတွင်လည်း သက်တော်(၈၅)နှစ်စီသာ ရှိနေကြခြင်းမှာကား တိုက်ဆိုင်ခြင်း မဖြစ်နိုင်ဟုသာ ထင်မှတ်ရပါ၏။

မယ်ဒက်ကယ် ဆရာတော်ကြီး စစ်ကိုင်းတောင် ခနုဖြူချောင် အထက်ထပ်တွင် သီတင်းသုံးနေခဲ့စဉ် သံဃ ညီနောင်သုံးပါးတို့ဖြင့် **"ရှုရင်ကျော် စေတီ ထီးတော်သစ်"** တင်လှူဖို့ အတွက် အဘအောင်မင်းခေါင် ဓာတ်နန်း၌ ဆွေးနွေးတိုင်ပင်လျက် ရှိကြလေ၏။

အဘအောင်မင်းခေါင် ကြွရောက်လာလေ၏။ ဆရာတော်ကြီးလေးပါး တို့အား အောက်ပါအတိုင်း ချီးမြှင့်၍ လူပရိသတ် အနည်းဆုံးဖြင့် ပြုလုပ်စေခဲ့ပါ၏။

၁။ မယ်ဒက်ကယ်ဆရာတော်ကြီး ဦးသံဝရအား ***[လေဓာတ်စမ]***

၂။ လှည်းကူးဆရာတော်ကြီး ဦးအာစရအား ***[ရေဓာတ်စမ]***

၃။ ခနုဖြူအောက်တိုက် ဆရာတော် ဦးသူရိယ အား ***[နေဓာတ်စမ]***

၄။ ခနုဖြူ တိုက်မကြီးဆရာတော်ဦးစန္ဒိမာအား ***[လဓာတ်စမ]***

စသည်တို့ဖြင့် တစ်ပါးလျှင် စမ တစ်မျိုး ချီးမြှင့် သောက်မျိုးစေခဲ့ပါသည်။ ရှုရင်ကျော် စေတီတော်သည့်လည်း တိတ်ဆိတ်အေးငြိမ်းစွာ ရွှေထီးတော် အထွတ်တင် အောင်မြင်ခဲ့လေ၏။

မယ်ဒက်ကယ် ဆရာတော်ကြီး **"ကုက္ကိုတံပေါက်စေတီ"** တည်ဆောက် နေစဉ် တစ်ချိန်တည်းမှာပင် ခနုဖြူ



**▲ ပုပ္ပါးရုံစခန်းမှ တောမဲ့ရောက်နံတော်နှင့် ထူးခြားသော မန်ကျည်းပင်ဒွာရ**

တိုက်မ ဆရာတော်ကြီးဦးစန္ဒိမာ ကလည်း **"အောင်မင်းစံခေါင် စေတီ"** တော်ကို ကျောင်းတော်၏ မြောက်ဘက် တောင်နံရံတွင် တည် ထားတော်မူပါသည်။

**ထွန်းဦးညှနာ်စေတီ ခြင်္သေ့တစ်ကောင် စောင်းတန်းအနောက်ရှိ ရေမြဲကျောင်း၏ မြောက်ဘက်နံရံ တောအုပ်တွင် ပျက်စီးနေ ရှိနိုင်ကြလေသည်။**

ယခုအခါ စောင်းတန်း၏ အရှေ့ ဘက်တောင်ကြော တောအုပ်အတွင်း ပွဲတော်ရက်မရှိဘဲ ငြိမ်သက် တိတ် ဆိတ်စွာ စံပယ်နေပါ၏။

"ကုက္ကိုတံပေါက်စေတီ" တည် ဆောက်နေစဉ်အတွင်း မယ်ဒက်ကယ် ဆရာတော်ကြီးဦးသံဝရသည် မြစ်ဝ ကျွန်းပေါ်ဒေသ (ရောဝတီတိုင်းဒေသ ကြီး)မှ တပည့်သာဝကများ အား ခေါ်ယူ ခဲ့လေ၏။ ရောက်ရှိလာကြသော သာဝကအများအား အခြေအရံများ အဖြစ် တာဝန်ပေးပါ၏။

**ခြင်္သေ့တစ်ကောင် စောင်းတန်းမုခ်ဦး မှ ခြင်္သေ့ကြီး၏ လည်ပင်းတွင် ကြီးမား သော သော့ခလောက်ကြီးကို သံကွင်း ဆက်ကြိုးဖြင့် ဆင်ယင်ပေးထားရှိ လေ၏။**

တစ်ကောင်တည်း ထီးထီးရှိနေ သော ခြင်္သေ့ကြီးအား (၉)ပေမျှ ရှိလေ ၏။ ဤခြင်္သေ့ကြီးအား အကြောင်းပြု၍ **"ခြင်္သေ့တစ်ကောင် စောင်းတန်း"** ဟု ယနေ့တိုင် အမည်တွင်လျက် ရှိနေ လေသည်။

စိတ်ရိုင်းစိတ်ကြမ်း လူသရမ်းတို့အား ထိန်းချုပ်ထား၍ ယဉ်ကျေးသိမ်မွေ့စေ ရန် စီမံထားခြင်းဖြစ်လေ၏။ တစ်နည်း အားဖြင့် နယ်ချဲ့အင်္ဂလိပ်တို့အား ဒဏ် ပြန်စေခြင်းသဘောလည်း ဆောင်နေ လေ၏။

ယနေ့ကာလတွင် သံကြိုးနှင့် သော့ ခလောက်ကြီးဖြင့် ထိန်းကွပ်ထားခြင်း မရှိတော့။ လွတ်လပ်အေးချမ်းစွာ နှောင်ကြိုးမဲ့စေမည့် နိမိတ်လက္ခဏာကို ဖော်ပြနေလေပြီ။


ကုက္ကိုတံပေါက်စေတီ၏ တောင်နံရံ တွင် ရှေးယခင်က **"ဘုရားလေး ငယ်ငယ် ကယ်ဆယ်မည့်ဘုရား။ ကုက္ကိုတံပေါက်ဘုရား ဖူးကြအများ"** စာတမ်းကလေးမှာ တောင်နံရံတွင် မြုပ်လျှိုးလျက်။

ပုပ္ပါးရုံကုန်းမြေထက်တွင် အဘ အောင်မင်းခေါင်၏ လမ်းညွှန်ချက်ဖြင့် တည်ထားခြင်းမှာ ပုပ္ပါးတောင်၌ ဩဇာ ခံယူရခြင်းကြောင့် ပုပ္ပါးနှင့် နံတူတော်တူ အောင်ပွဲယူ တည်ထားခြင်းလည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



◆ပုပ္ပါးဂုံစခန်းမှ လိုက်ဂူသောတောင်းနိုင်သော ကျောက်ကမ္ဗားလိပ်ကြီးအား တွေ့မြင်ရပုံ

လေ၏။

ဟသ်ာတ၊ ကြံခင်း၊ ဂမ္ဘီအစရှိသော မြို့များမှ အဘ၏ အဆက်အနွယ်များကလည်း စောင်းတန်းအဝင် ဝဲယာတို့၌ နားနေမေတ္တာပြုနိုင်ရန် ထိုင်ခုံများ၊ ဇရပ်များဖြင့် ဖြည့်စွက်ပါဝင် ကုသိုလ်ပြုကြလေ၏။

မယ်ဒက်ကယ် ဆရာတော်ကြီး၏ ပထမဆုံးစေတီတော် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်လေ၏။ စေတီတည်ရှိသောနေရာမှာ အနည်းငယ် ကျဉ်းသော်လည်း လွန်စွာကြီးမားသော ရည်ရွယ်ချက်မှာ ဘာသာ သာသနာအတွက်၊ ထွက်ရပ်ကန္တာရီအတွက် လမ်းဖွင့်ပေးခဲ့ခြင်းသာ ဖြစ်လေသည်။

အင်း၊ ဆေး၊ ဓာတ်နှင့် မန္တန် လမ်းစဉ်တို့ဖြင့် လျှောက်လှမ်းလိုသူများအတွက် **ပတ္တူကြီးသံဃရာဇာ၏ ဓာတ်ဖက်စေတီနှင့် အနီးကပ် တည်ရှိနေသောကြောင့်** မည်သို့သော လမ်းစဉ်ဖြစ်စေ လိုရာခရီးအတွက် လမ်းပွင့်နေပါပြီ။

## စေတီတော်၏ ပုံဟန်

ဉာဏ်တော်အမြင့်မှာ (၁၈)ပေမျှရှိလေသည်။

ပုံဟန်အနေအထားကို ရှုမြင်ဖူးမြော်ပါက ရိုးရှင်းပြီး ကြည်ညိုစရာ ဖြစ်လေ၏။

ဘုရားရင်ပြင်၏ ဖိနပ်တော်ထောင့်လေးထောင့်တွင် အုတ်ပလ္လင်ခံ၍ ခြသေ့်ပျိုလေးကောင်တို့က ဝန်းရံထားပါသည်။

အခြားသော စေတီတော်များကဲ့သို့ ပစ္စယံသုံးဆင့်ကို ထပ်ဆင့်ပြုလုပ်ထားမှု မရှိပါ။ ပစ္စယာသုံးဆင့်နေရာတွင် ခိုနန်းချိုးအုတ်ပလ္လင်ပေါ်၌ ပဒုမ္မာကြာပွင့်ခံပြီး ခေါင်းလောင်းကို မ,တင်ထားဟန် ဖန်တီးထားလေ၏။

ရွှေခေါင်းလောင်းတော်၏ ခါးစည်းတော်ကို ဗဟိုချက်၌ မထားဘဲ (၃)ချိုး (၂)ချိုး မြှင့်တင်၍ ထားပါသည်။

ရွှေခေါင်းလောင်းတွင် မည်သည့်အဆင်အယင်မျှ မပါဘဲ ထားဟန်မှာ ထူးခြားသော ဝိဇ္ဇာစည်းကို ဖော်ပြနေခြင်းဖြစ်လေ၏။

ရွှေဖောင်းရစ်များအား (၅)ဆင့်ထားရှိလေ၏။ အကြောင်းရင်းမှာ သီလကိုသာ အထူးဦးစားပေး စီမံထားပါ၏။

ဖောင်းများ၏ အထက်၌ ကနုတ်ပန်း ရွှေစားပွဲပြုလုပ်ပြီး ဣန္ဒာသယ ရွှေခွက်ရွှေဖလား၌ ကြာဖူးသဏ္ဌာန် ခရေသီးကို ထည့်လှူထားဟန် ပုံဖော်ထားလေ၏။

ထူးခြားဆန်းပြားသော ပုံဖော်ထားဟန် ဖြစ်ပါသည်။ ရှားပါးလှပါသည်။

ခရေသီး၏ မြင်းမိုရ်ဦးတွင် ငွေထီးတော်ဖြင့် အထွတ်တင် အပူဇော်ခံလေ၏။ •

စေတီတော်၏ တည်ဆောက်ထားပုံအချိုးမှာ...

- ❖ ဖိနပ်တော်မှ ခရေသီးအထိ မျဉ်းမတ်ဆွဲပါက ဗဟိုချက်ကို ခါးစည်းတော်။
- ❖ ဖိနပ်တော်မှ ပဒုမ္မာကြာအထိ နှစ်ချိုး။
- ❖ ပဒုမ္မာကြာပွင့်မှ ဖောင်းရစ်အထိ နှစ်ချိုး။
- ❖ ဖောင်းရစ်ငါးဆင့်အား တစ်ချိုးခွဲ။
- ❖ ဖောင်းရစ်မှ ဣန္ဒာသယ ရွှေဖလားအထိ တစ်ချိုးခွဲ။
- ❖ ရွှေဖလားအတွင်း ကြာဖူးတော် ခရေသီးထိပ်မှ ငွေထီးတော်ကို နှစ်ချိုးအထိ တိကျစွာ တည်ဆောက်ထားလေ၏။

ထို့ကြောင့် **"ဣန္ဒြီတံပေါက်စေတီ"**ခေါ် အောင်မင်းခေါင်စေတီတော်အား ဉာဏ်တော်အားဖြင့် (၁၈)ပေ၊ အချိုးအား ကိုးချိုးဖြစ်နေလေသည်။

ဣန္ဒြီတံပေါက် စေတီတော်တွင် အဘအောင်မင်းခေါင် ချီးမြှင့်ခဲ့သော ဂါထာတော်ဖြင့် မိမိဆန္ဒအကြောင်းလျော်စွာ ပုတီးပတ်နှင့် အဓိဋ္ဌာန်ပြုဆုတောင်းကြည့်ပါဟုသာ ညွှန်းလိုပါသည်။

## ဂါထာတော်

**"အောင် အရဟံ ဂုဓေ နာ့ထော"**

တစ်ခေါက်ရွတ် ပုတီးတစ်စေ့ချ၍ အဓိဋ္ဌာန်ပြုခြင်းဖြင့် လက်တွေ့ သိမြင်နိုင်ကြပါလိမ့်မည်။

***အဝေရာ ဘေးမဲ့ လိုတရ အေးမြချမ်းသာကြပါစေ...***

**အောင်ရွှေမြတ် (စစ်ကိုင်းအောင်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

•••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမလိုတဲ့ ••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ သွေးတွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနုချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ မီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ခါး၊ ဝမ်း လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တုဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉ဝ၆၁ဝ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ နှာရောင်တွင်းပလ္လင်

စင်ညိုငယ်

ပုပ္ပါးတောင်မှ

# ပလ္လင်ကျွန်းတော် ခုနစ်ရှာ

ခရီးစဉ် (၂)

▼ ချေသူငယ်၏ နှာရောင်နှင့်တူသော ကျောက်တုံးများ



ယခင်လမှ အဆက်

## နှာရောင်တွင်းပလ္လင် [၁]

ဦးတင့်တယ် နတ်နန်းမှ အသာက်သို့ တက်ရောက်ခဲ့ရာ မိနစ်(၂၀)ခန့်အကြာတွင် ညီညာပြန့်ပြူးသော လွင်ပြင်တစ်ခုသို့ ရောက်ရှိသည်။ **ဝိသေသထူးသော ကျောက်တုံးကျောက်ခဲများ ပေါ်များရာ ဒေသဖြစ်သည်။** အဝေးမှ ကြည့်ပါက **ချေသူငယ်၏ နှာရောင်နှင့်တူသဖြင့် "နှာရောင်တွင်းပလ္လင်"**ဟု ခေါ်တွင်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ချေသူငယ်မှာ သနားစရာ သတ္တဝါ အဖြစ် မြန်မာမှုရေးရာ၌ အထူးပြု ဖော်ပြသော့ ရှိကြရာ အားနွဲ့သူမှ မတရား ခံစားနေရသော လူမှုရေးဆိုင် ရာ လှုပ်ရှားမှုများအတွက် အထူးပြု ဆုပန်နိုင်သော နေရာ ဖြစ်သည်။

ငွေကြေး၊ ဂုဏ်ဓနနှင့် မာန်မာန ဆိုင် ရာ အမှားအယွင်းများကို တိုင်တည်၍ ဤကုန်းတော်လွင်ပြင်တွင် သမ္မာဒေဝ များအား အသိပေး လျှောက်ထားနိုင် ကြသည်။ အမှန်တကယ်ပင် ဆန္ဒ ပြည့်ဝကြသည်ဟု အထောက်အထား များကို ကြားသိရပေသည်။

နာရေစင်တွင်းပလ္လင်တွင် တွေ့မြင်ရသော ကျောက်တုံးကျောက်စိုင်များမှာ ချေသူငယ် ၏ နာရေစင်နှင့် တူညီနေရုံမက ထူးဆန်း သော သုညပရန်အကွက်များ ဖြစ်သည်ကို သတိပြုမိသည်။

ဤသို့သော သုညပရန်အကွက် ဖြစ်တည်မှုကို မွန်ပြည်နယ်၊ ဘီလူး ကျွန်းရှိ ကညော်ရွာ ကျိုက်ရွဲစေတီ ပူဇော်ခရီး၌ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါ သည်။


အချို့သော ကျောက်တုံးများတွင် **အင်းကွက်အင်းဆန်းများ ပါဝင်နေ သည်ကိုလည်း** တွေ့မြင်ရသည်။ ရှေးအထက်ကျော်ကာရီက မဟာ ဂန္ဓာရီ ဝိဇ္ဇာသူတော်စင်ပုဂ္ဂိုလ်များသည် ဤ ကျောက်တုံးကျောက်ဆောင်များ ထက်တွင် အင်းကစားခဲ့ကြသည်ဟု ပုပ္ပါးသမိုင်းဟောင်း၌ ဖတ်ရှုခဲ့ရလေရာ သိဒ္ဓိမြောက်အင်းကွက်များ ဖြစ်နိုင် သည့်ကို သတိပြုမိသည်။

**ရှစ်ထပ်ပီးများစွာ မပျက်မစီး ထင်ကျန် ရစ်သော ဤကျောက်တုံးများအပေါ်မှ အင်းကွက်များကို ဖော်ထုတ်နိုင်ပါက ပျက်စီးပျောက်ဆုံးတွင်ဖောက်အစု ကျန်ရစ် နေသည့် အင်း အင်္ဂလိပ်၏ ပညာရပ်များ မြန်မာလည်းဖော်ထုတ် သက်သေပြနိုင်မည်ဟု**




ထီးဖြူကျိုးဝင်း အနီးကပ်မြင်ကွင်း

လမ်းဘေးကောင်းကောင်းမှ ရည်တိုင်းဂုဏ်ထမ်းအရာများ



မြေပြင်တွင် တွေ့ရသည့် အုတ်ကျိုးအချို့







www.burmeseclassic.com

www.burmeseclassic.com



ရွှေတွင်း၊ငွေတွင်းတောင်

ယုံကြည်မိသည်။

## မျက်စိအတွက် အကျိုးပြုဆေး [၂]

နာရောင်တွင်းပလ္လင်တွင်း လေ့လာပြီးစီး၍ စန္ဒကူးနံ့သာ တောတောင်အတွင်း ကားလမ်းမှ ပုပ္ပါးသို့ ပြန်လာကြရာ လမ်းနံဘေးတွင် ပေါက်ရောက်နေသော ဆီးဖြူပင်မှ အကိုင်းအခက်အချို့ကို ချိုးဖဲ့ယူနေသူ ကိုဝင်းဖော်ကို မေးမြန်းကြည့်သောအခါ မျက်စိဝေခြင်း၊ မှုန်သီခြင်း၊ မျက်ကြောကိုက်ခဲခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာ ရရှိခြင်း၊ မျက်စိနာခြင်း စသည့် မျက်လုံးဝေဒနာ အလုံးစုံအား သက်သာပျောက်ကင်းစေသည့် အစွမ်းထက်ဆေးတစ်မည်ဖြစ်ကြောင်း သိရသည်။

ဆီးဖြူကိုင်းများတွင် ဖြစ်ပေါ်လေ့ရှိသော ကျိုးပေါင်းများဖြစ်ကြသည့် ဆီးဖြူကျိုးပေါင်းအား ဆန်ဆေးရည်တွင် သွေးကာ မျက်လုံးဝေဒနာများအတွက် အသုံးပြုခြင်းဖြစ်သည်။

သာမန် သွေးရိုးသားရိုး ရောဂါများသာမက **ရန်သူမျိုးငါးပါးနှင့် မလိုမုန်းထားသူများ၏ လှည့်ကွက်၊ မကောင်းသော အနိဋ္ဌာရုံများကိုပါ ပျောက်ကင်းစေသည်ဟု သိရသည်။**

ညအိပ်ရာဝင်ချိန်တွင် မျက်စိနှစ်ကွင်းအား ဆေးလူး ကွင်းထားရုံသာ ဖြစ်သည်။ အဖိုးနည်းပါးသော်လည်း အစွမ်းထက်လှသော မြန်မာ့ရိုးရာတိုင်းရင်းဆေးတစ်မည် ဖြစ်ပေသည်။

မျက်စိကို အားပြုရသော စာရေးစာချီ၊ ကွန်ပျူတာလုပ်သား၊ ဓာတ်ပုံနှင့် ဘက်ထရီလုပ်သားများ၊ ရုပ်မြင်သံကြား၊ မော်နီတာစက်နှင့် အဖော်ပြုရသူများ၊ အသက်အရွယ် ကြီးရင့်၍ မျက်စိအမြင် ဝေဝါးသူများအတွက် အထူးအသုံးဝင်လေသည်။

## ရွှေစည်တိုင်

## (ပလ္လင်ကျန်းတော်တာတိယဌာန)[၃]

ရွှေစည်တိုင်သည် အနော်ရထာမင်းသားဘဝ စုက္ကတေးကို တိုက်ခိုက်ရန် ပုပ္ပါးတွင် လူသူလက်နက် စုစည်းရာ စည်တော်များ ချိတ်ဆွဲခဲ့သည့် နေရာဖြစ်သည်။ ယင်းအနီးတွင် စည်တော်ဝန်ထမ်း စုဝေးနေထိုင်သည့် ကျေးရွာရှိသည်။

ပုပ္ပါးမြို့မှ ဗျတ္တပန်းဆက်လမ်းအတိုင်း မိနစ်(၄၀)ခန့် လျှောက်သွားပါက ကားလမ်းနံဘေးတွင် ရွှေစည်တိုင်ကျေးရွာကို တွေ့မြင်နိုင်သည်။

ရွာဦးရေကန်အနား ကတ္တရာလမ်းမဘေး နှစ်ဖက်၌ စည်တော်ထားသည့် အုတ်တိုင်ကြီးများ အကြွင်းအကျန်ကို ယခုတိုင် တွေ့မြင်ရသည်။ တောထွင်းယာလုပ်ကြသဖြင့် အုတ်အကျိုးအပဲ့များမှာ ပြန့်ကြဲနေလေပြီ။

## ရွှေငွေထွက်သည့် နေရာ [၄]

ရွှေစည်တိုင်ရွာအနီးတွင် နဂါးတစ်ကောင် ရစ်ခွေနေသည့်ပမာ မြင်တွေ့ရသော ရွှေတွင်းတောင်၊ ငွေတွင်းတောင်တို့ တည်ရှိသည်။ ပုပ္ပါးတွင် တောင်ကြီးကိုးလုံး ပါဝင်လျက်ရှိရာ ဤတောင်များလည်း အပါအဝင်ဖြစ်သည်။ ယခင်က ရွှေ,ငွေများ ထွက်ရှိသည်ဟု ဆိုသည်။

ရွှေစင်,ငွေစင်များ မဟုတ်ချေ။ လက်ဝတ်တန်ဆာ ရတနာပစ္စည်းများ ဖြစ်သည်ဟု သိရသည်။ ယင်းနှင့်ပတ်သက်၍ ရွှေစည်တိုင်ကျေးရွာမှ အသက်(၇၀)ကျော်ခန့်ရှိသည့် ဦးနီက အောက်ပါအတိုင်း ပြောပြသည်။

'ကျုပ်တို့ငယ်ငယ် လွန်ခဲ့တဲ့ နှစ်(၆၀)ကျော်လောက်က ရွာဦးကုန်းထိပ်မှာ ညီတော်

www.burmeseclassic.com



▲ လက်ယာဘက်ရှိ ရွှေတွင်းတောင်

လမ်းဘေးတောင်စောင်းမှ စည်တိုင် အုတ်ထင်အရာများ ▶



အုတ်တိုင်ကြီးတွေ အတော်များများ တွေ့ရသေးတယ်။ ပေ(၆၀)ကျော် ကျယ်တယ်။ နောက်ပိုင်း ယာလုပ်ဖို့ မြေပြင် ထွန်ယက်ကြတာနဲ့ အုတ်တွေလဲ မြေအောက်ရောက်ကုန်တယ်။ အုတ်ချပ်ကြီးတွေက ဖြက်(၁၀)လက်မ၊ အလျား တောင်ဆုပ်လောက်ရှိတယ်။

အမိုးအုတ်ကြွပ်တွေလဲ ပါတယ်။ အနော်ရထာမင်း အချက်ပြစည်တိုင်တွေ ထားတဲ့နေရာပေါ့။ အဲဒီမှာ ယာလုပ်နေတဲ့ ဘိုးကွန်းနဲ့ မယ်ဆေးဆိုတဲ့ လင်မယားနှစ်ယောက်ဟာ အမှိုက်တွေကို စုပုံပြီး မီးရှို့ဟာ မလောင်တာနဲ့ ထွန်နဲ့တိုက်ပြီး ဖြန့်မယ်ပေါ့။

ထွန်သွား နွားတပ်ပြီး မေး ငင်းတော့လဲ နွားက မရုန်းပြန်ဘူး။ ဒါနဲ့ တူးဆွကြည့်တော့ ပတ္တမြားလက်စွပ်တစ်ကွင်း တွေ့ရတယ်။ အမယ်အိုက လက်စွပ်ကို ဝတ်ပြီး အိမ်ပြန်လာတော့ ရွာထိပ်ခပ်လှမ်းလှမ်းမှာ လူတစ်ယောက်က “အမယ်ကြီးအို ပုဆိုးမီးလောင်နေတယ်”လို့ အလန့်တကြား ပြောတာနဲ့ သေသေချာချာ ကြည့်တော့မှ လက်စွပ်အရောင်တောက်ပြီး မီးလောင်တယ် ထင်တာကိုး။

အိုးထဲ ထည့်ပြီး ဂါဝွမ်းဖုံးထားရင် တစ်အိုးလုံး နီနေတယ်။ ရက်အတော်ကြာတော့ လူတစ်ယောက်က လာတောင်းဝယ်တယ်။ တန်ကြေးမသိတော့ အလျှုတစ်လျှုစာ ငွေရရင် တော်ပြီဆိုပြီး ရောင်းလိုက်တယ်’

ဤသည်မှာ လွန်ခဲ့သော နှစ်တစ်ရာခန့်က အဖြစ်အပျက်ဖြစ်သည်။ ဦးနီ ကိုယ်တိုင် ဘိုးကွန်း,မယ်ဆေးတို့ကို သိမီလိုက်သဖြင့် ထိုအကြောင်းအရာများကို ကြားသိရခြင်းဖြစ်သည်။ လက်စွပ်ကိုမူ မမြင်ရပါ။ နောက်ပိုင်းတွင် ဤသို့ ရတနာရကြောင်း မကြားရတော့ချေ။

ပတ္တမြားလက်စွပ် ရသည်မှာ **ရွှေစည်တိုင် အုတ်ပုံတွင်ဖြစ်၍** ရွှေတွင်းတောင်, ငွေတွင်းတောင်နှင့် အနည်းငယ် ကွာလှမ်းသည်။ ရွှေတွင်းတောင်အစွန်းတွင် သေတ္တာသဏ္ဌာန် ကျောက်ဆောင်ကြီးတစ်ခုရှိရာ ဤကျောက်သေတ္တာအတွင်း ရွှေငွေ ရတနာများစွာ ရှိသည်ဟု ယုံကြည်ကြလေသည်။

**နောင် ဘုရားပွင့်ချိန်အတွက် ထားရစ်သော သိုက်ဝင်ပစ္စည်းများ ဖြစ်သောကြောင့် လူတိုင်း မတွေ့နိုင်ဟု ဆိုကြသည်။ ကျောက်သေတ္တာနှင့် ပတ်သက်သော ဒဏ္ဍာရီများကိုမူ ယနေ့တိုင် ပြောဆိုနေကြဆဲ ဖြစ်သည်။**

ယခုအခါ ရွှေစည်တိုင်ရွာ ရှိသေးသော်လည်း **ရွှေစည်တိုင် အထိမ်းအမှတ် အုတ်ပုံနေရာမှာ ကွယ်ပျောက်နေပြီဖြစ်သည်။** ကားလင်နံဘေး မြေပြင်တွင် အုတ်အကျိုးအပဲ့များနှင့် ကုန်းစောင်းတစ်ခုတွင် အုတ်ထပ်အရာများကိုမူ တွေ့မြင်နိုင်ပေသည်။

ထိုနေရာကလေးမှပင် တစ်ချိန်က စည်ကားခဲ့သော အနော်ရထာမင်း၏ အချက်ပြစည်တော်များ၊ စည်တော်ဝန်ထမ်းများကို မြင်ယောင်ကြည့်သည်။

တောင်စောင်း ကုန်းမော့ထိပ်တွင် ရှိသဖြင့် ရန်သူများကို ကြိုတင်မြင်သာသည့် ကင်းစခန်းနေရာကောင်းဖြစ်သည်။ အထိမ်းအမှတ် ဘုရားစေတီတစ်ခုခု တည်ရှိပါက သင့်လျော်ပေမည်။ ဘေးအန္တရာယ်များကို ကြိုတင်သိမြင် ကာကွယ်နိုင်သောနေရာ ဖြစ်ခဲ့ရာ နိမိတ်အမြင် ကောင်းမွန်လှသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဇင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ဟူသမျှ ကင်းရှင်းစေတတ်သော

# တု(၄)ချက် မိ(၄)ရပ် အင်းကောင်းတစ်ကွက်

ဖိုးမြင့် (မင်းလှ)

စာရေးသူအနေဖြင့် အင်းအစီအရင် ပညာရပ်ကို သိပ်ပြီး မကျွမ်းကျင်ပါ။ ဆရာသမားများထံက လက်ဆင့်ကမ်း ရရှိခဲ့သော အင်းနှင့် ပတ်သက်၍ အစီအရင် အင်းကောင်းတစ်ကွက်အား ရေးသားဖော်ပြလိုပါသည်။

လောကဌ် လူအများတို့သည် အကျိုးစီးပွားဟူသမျှ ဘေးအန္တရာယ် ကင်းရှင်းကြစေရန် အစီအမံ အမျိုးမျိုး တို့ဖြင့် ကာကွယ်မှု ပြုကြပါသည်။


အကာအကွယ် ပြုလုပ်ထားခြင်း သည် သတ္တဝါအားလုံးအတွက် အဓိက လိုအပ်သော အရာတစ်ခု ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါဝေနေယျ တွေ ဘေးအန္တရာယ် ကင်းရှင်းကြစေ ရန် မေတ္တာဘာဝနာကို ပွားများအား ထုတ်ကြရန် အကြိမ်များစွာ ဟောကြား ဆုံးမတော်မူခဲ့ပါသည်။

* ဗုဒ္ဓမြတ်စွာ၏ စကားတော်အတိုင်း မေတ္တာဘာဝနာ ပွားများသူတို့သည် ဘေးဒုက္ခအန္တရာယ် ဟူသမျှမှ လွတ် မြောက်ခဲ့ကြပါသည်။

မြတ်ဗုဒ္ဓအပေါ် ယုံကြည်သူများ သည် မြတ်ဗုဒ္ဓ၏ ဟောဖော်ညွှန်ပြ သည့်အတိုင်း လိုက်နာခဲ့ကြ၍ ဘေးအန္တရာယ်မရှိ နေထိုင်နိုင်ခဲ့ကြပါ သည်။

စာရေးသူတို့၏ **ကျေးဇူးရှင် ဆရာ တစ်ဆူဖြစ်တော်မူသော ရှိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် မေယုမြစ်၏ အနောက်ဘက်ကမ်း ကျောက်ထရံ ကျောင်းတိုက် ဆရာတော်ကြီး ဦးကောဝိဒ** အရှင်သူမြတ်သည် ဒေသ ဝန်းကျင်ရှိ ဒါယကာ,ဒါယိကာမများ ဘေးအန္တရာယ် ကင်းရှင်းကြစေရန် **"အန္တရာယ်ကင်း တု(၄)ချက် မိ(၄)ရပ်"**အင်းကောင်းတစ်ခု စီမံ၍ ပေးခဲ့ဖူးပါသည်။



စာရေးသူ၏ မိဘများဖြစ်သော (ဦးထွန်းအောင်+ဒေါ်သာစိန်နု)တို့သည် လွန်ခဲ့သော နှစ်(၆၀)ခန့်က လယ်ယာ လုပ်ငန်းဖြင့် အသက်မွေးမှု ပြုခဲ့ကြပါ သည်။

ယင်းခေတ်အချိန်က ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်းတောဒေသတွင် ရောင်စုံသောင်းကျန်းသူများစွာ ရှိခဲ့ကြ ပါသည်။

ကျောင်းထိုင် ဆရာတော်ဖြစ်သော ကျောက်ထရံ ဆရာတော်ကြီး ဦးကောဝိဒမွှ အရှင်သူမြတ်သည် မိမိ နှင့် သာသနာတော်အတွက် ကိုးကွယ် ဆည်းကပ်အထောက်အကူ ပြုနေကြ သော ဒါယကာ,ဒါယိကာမ အပေါင်း ဘေးအန္တရာယ်ဟူသမျှ ကင်းရှင်းကြ စေရန် စီရင်ပေးသော **"တု(၄)ချက် မိ(၄)ရပ်"** အင်းအဆောင် ယတြာ များကို ပေးဆောင်စေခဲ့ပါသည်။

ဒေသခံ လူအများ ကလေး,လူကြီး အားလုံး ဘေးအန္တရာယ်ဟူသမျှ ကင်းရှင်းကြစေရန် အကာအကွယ် အဖြစ် ဆောင်ထားခဲ့ကြပါသည်။

အချို့မိသားစုဝင်များမှာ ယခုအချိန် တိုင်အောင် မပျောက်မပျက် ဆောင်၍ ထားကြပါသည်။

ဤ "တု(၄)ချက် မိ(၄)ရပ်" အန္တရာယ်ကင်း အင်းအဆောင်ယတြာ ကို မည်သည့် စီးပွားရေးကိစ္စကိုမဆို အသုံးပြုနိုင်ပါသည်။

**ဥပမာ** ကားအတွက် အန္တရာယ် ကင်း ပြုလုပ်လိုလျှင် အင်းအလယ် ကွက်တွင် **"ကား"**ဟု ပညတ်အမည် ရေးသွင်းရမည်။

နွားအတွက် အန္တရာယ်ကင်းပြုလုပ် လိုလျှင် **"နွား"**ဟု အမည်ပညတ် အင်းအလယ်ကွက်တွင် ရေးသွင်း၍ ဆောင်ရမည် ဖြစ်ပါသည်။

မီးဘေး၊ ရေဘေး၊ လေဘေး အန္တရာယ်ကင်းရှင်းစေရန် နေအိမ် ဈေးဆိုင် အဆောက်အအုံ ဟူသမျှကို လည်း အင်းကွက်၏ အလယ်ကွက် တွင် ရေးသွင်း၍ ဆောင်ရွက်ထားနိုင်ပါ သည်။

ဤအင်းကွက်ကို စီရင်သောအခါ ကျောက်သင်ပုန်း(သို့မဟုတ်)မိတ်ကပ် ဘူးမှန်နှင့် ရိုးရိုးလူကြည့်မှန်တို့တွင် ခဲတံဖြင့် အင်းကွက်ချ၍ ဆောင်ထား နိုင်ပါသည်။

www.burmeseclassic.com

သန့်ရှင်းသော ပိတ်ဖြူစနှင့် ကြေးပြား၊ ငွေပြား စသည်တို့၌လည်း စီရင်၍ သွားလေရာ ဆောင်ထားနိုင်ပါသည်။

မည်သူမဆို ဤအင်းကွက်ကို စီရင်သောအခါ ဦးစွာ ရှစ်ပါးသီလ ခံယူဆောက်တည်ရပါမည်။ ပြီးလျှင် အင်းကွက်ကို စနစ်တကျ ရေးဆွဲပါ။

အင်းကွက် ရေးဆွဲပြီးသည့်အခါ အင်းဆန်စာလုံး ရေးသွင်းရပါမည်။ အင်းကွက် ထောင့်(၄)ကွက်ကို တု(၄)ချက် ရေးသွင်းပေးရပါမည်။ **တု(၄)ချက် အင်းဆန်စာလုံး ရေးသွင်းချိန်တွင်...**

၁။ "ဦး အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီအတ္တာနံ ပရိဟာရန္တု၊"

ဟု အင်းဆန်စာလုံး ရေးသွင်းချိန်၌ (၄)ကြိမ်တိတိ ရွတ်ဆို၍ အင်းစာလုံး သွင်းပါ။


၂။ **ဝိ(၄)ရပ် အင်းဆန်စာလုံး** ရေးသွင်းသည့်အခါ...
"ဦး အဝေရာ ဟောမိ
အဗျာပဇ္ဇာ ဟောမိ
အနီဃာ ဟောမိ
သုခီအတ္တာနံ ပရိဟာရံမိ"

ဟု ရွတ်ဆို၍ အရပ်(၄)မျက်နှာတွင် အင်းဆန်စာလုံး ရေးသွင်းပေးရပါမည်။

၃။ အင်းကွက် အလယ်ကွက်တွင် **"နေ့နံ"** ရေးသွင်း၍လည်း ဆောင်ထားနိုင်ပါသည်။

ဤအင်းကို ဆောင်ထားသူများ လိုက်နာမည့်အချက်မှာ ပါဏာတိပါတကံကို တတ်နိုင်သမျှ အထူးပြု၍ ရှောင်ပါ။

ကားတိုက်၊ ရထားတိုက် အခြားထိခိုက်ဒဏ်ရာများဖြင့် သေဆုံးခြင်းမှ လွတ်မြောက်နိုင်သည်ဟု ကြို့န်တန်းကျေးရွာမှ ကျောင်းဒါယကာကြီး ဦးဘရွှေအောင်က ပြောပြပါသည်။




သတ္တဝါဟူသမျှ ဘေးအန္တရာယ်ဟူသမျှ ကင်းရှင်းနိုင်ကြပါစေ။

**မိုးထိမင်း(မင်းလှ)**

စာမျက်နှာ (၅၅)မှ အဆက်

ညောင်းညာကိုက်ခဲမှုများအချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မည်။

**လေဖြတ်လူနာအတွက် ကုသပေးမည်ဆိုပါက...**

လေဖြတ်သော လူနာ၏ ရောဂါဖြစ်သော လက်မနှင့်လက်ညှိုးကြား (သို့မဟုတ်) ခြေမနှင့် ခြေညှိုးကြားတွင် ဆေးတောင့်ညှပ်ပေးထားပြီး လူနာစောင့်ပုဂ္ဂိုလ်မှ လူနာအား အနည်းငယ် ဖိပေးထားပါ (သို့မဟုတ်) ထိန်းထားပေးပါ။

ခေတ္တအကြာ ဆေးတောင့်မှ လျှပ်စစ်ဓာတ်များ ထွက်ပေါ်လာပြီး ငုပ်လျှိုးနေသော သွေးလေများကို လှုံ့ဆော်ပေးပြီး ဓာတ်လိုက်သကဲ့သို့ ဖြစ်ကာ လူနာမှာ မခံမရပ်နိုင်ဖြစ်၍ အော်ဟစ်လျှင် ဆေးတောင့်အား ဖြုတ်၍ အနားပေးပါ။

လူနာခံနိုင်ရည်ရှိသလောက်သာ အကြိမ်အရေအတွက် ပြုလုပ်ပေးပါ။ တစ်ရက်လျှင် အနည်းဆုံး နံနက်၊ ည (၂)ကြိမ် ပြုလုပ်ပေးပါ။ လူနာအား နေ့စဉ် ဆောင်ရွက်ပေးခြင်းအားဖြင့် ပျောက်ကင်း သက်သာနိုင်ပါမည်။

**စာရေးသူ၏ တွေ့အချက်မှာ** သွေးတိုးရောဂါရှိသူများ သွေးတိုးသွေးတက်နေချိန်တွင် ဤဆေးတောင့်အား အသုံးမပြုသင့်ပါ။

ဤဆေးတောင့်သည် လေးလံထိုင်းမှိုင်း ပိတ်ဆို့နေသော သွေးလေများလှုပ်ရှားရှန်းကန်စေသော ဂုဏ်သတ္တိကြောင့် ဖြစ်ပါမည်။

*သတ္တဝါအားလုံး ကျန်းမာချမ်းသာ ဝမ်းသာနိုင်ကြပါစေ။*

**ကိုသိန်းလွင်ဟိန်း(ပန်းသခင်) စဥ်ကူး**

နက္ခတ္တရောင်ခြည်
မဂ္ဂဇင်းတိုက်သို့
ဆက်သွယ်နိုင်
မည့်
ဖုန်းနံပါတ်များ...
၀၉-၇၇၆၃၄၉၇၈၅
၀၉-၉၆၈၀၀၄၃၉၂



www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းလွင်ဟိန်း
(ပန်းသခင်) စဥ်ကူး

အစွမ်းထက်သော
# ကျပ်ပိစ်ဆေးတောင့်

စာရေးသူသည် တိုင်းရင်းဆေးဆရာတစ်ဦး မဟုတ်ပါ။ လျှောက်လွှာ စာရေးတစ်ဦးသာ ဖြစ်ပါသည်။

စာရေးသူ လွန်ခဲ့သော နှစ်(၄၀) ကျော်ခန့်က ဖတ်ခဲ့ဖူးသော မဂ္ဂဇင်းစာအုပ်မှ မှတ်သားမိသော ဤအဖိုးတန် ဆေးနည်းအား တင်ပြခြင်း ဖြစ်ပါသည်။

နှစ်များကြာညောင်း၍ ဆေးနည်းဖော်စပ် အသုံးပြုပုံအား ရေးသားတင်ပြသူ ပုဂ္ဂိုလ်နှင့် မဂ္ဂဇင်းအမည်တို့အား ဖော်ပြနိုင်မှုမရှိခြင်းအား နားလည်ခွင့်လွှတ်ပေးကြပါရန်နှင့် မူလရေးသားတင်ပြခဲ့သော စာရေးသူ၏ ဖြူစင်သော စေတနာအား လေးစားဂုဏ်ပြုလိုပါ၍ ဤစာမူအား ရေးသားတင်ပြခြင်း ဖြစ်ပါကြောင်း...

*(စာရေးသူ)*

ကျွန်ုပ်တို့မှာ ဓာတ်ကြီးလေးပါးနှင့် ဖွဲ့စည်း တည်ဆောက်ထားကြသူများ ဖြစ်ကြ၍ ဓာတ်တစ်မျိုးမျိုး ဖောက်ပြန်၍ ညောင်းညာကိုက်ခဲခြင်း၊ ဖျားနာခြင်း၊ နာစေးချောင်းဆိုးဖြစ်ခြင်း စသည့် အပယိကရောဂါများနှင့် သွေးတိုး၊ လေဖြတ်၊ နှလုံးရောဂါ စသည့် (၉၆)ပါးသော ရောဂါများ တစ်မျိုးမဟုတ် တစ်မျိုး ခံစားနေကြရရာ ရောဂါအလိုက် သင့်လျော်သော တိုင်းရင်းဆေး၊ အနောက်တိုင်းဆေးများနှင့် ကုသမှုခံယူနေကြရပါသည်။

ယခု ကျွန်ုပ် တင်ပြလိုသည်မှာ ခြေလက်ညောင်းညာ ထုံကျဉ်ကိုက်ခဲ လေဖြတ်သူ ရောဂါသည်တို့အတွက် ဆေးတောင့် ဖော်စပ်ပြုလုပ်ပုံကို တင်ပြလိုခြင်း ဖြစ်ပါသည်။





### ဆေးတောင့် ဖော်စပ်ပြုလုပ်ပုံ

၁။ လက်ဖက်အစို *(သံပရာ၊ ဆီ စသည်တို့နှင့် နှပ်ထားသော လက်ဖက်မဖြစ်စေရ၊ လက်ဖက်အစို၏ ပကတိအရှိအတိုင်း)*
၂။ ထိကရုံး(ခ)ထိကညွန့်ပုဏ္ဏငါးပါး
၃။ ကြက်မောက်ပန်းအပြာကြီး *(ကြက်မောက်ပန်းအပွင့် အပြာအသေး မဟုတ်ပါ)*

ယင်းသုံးမျိုး ဆတူရော၍ နူးညံ့သည်အထိ ညက်စွာထောင်း၍ ယောက်ျားတစ်ဦး၏ လက်မအရွယ် အတုတ်အရှည်ခန့် ဆေးတောင့်ပြုလုပ်ပါ။ ယင်း ဆေးတောင့်အား အရိပ်တွင် ခြောက်သွေ့သည်အထိ ထားရှိပါ။

ဆေးတောင့်များ ခြောက်သွေ့လျှင် ဆေးတောင့်ပတ်ပတ်လည် နှမ်းဆီစစ်စစ်ဖြင့် ခပ်ပါးပါး သုတ်လိမ်းပြီး အရိပ်တွင် အခြောက်ခံပါ။

ဆေးတောင့်များ လုံးဝခြောက်သွေ့သွားလျှင် လေလုံသော ဖန်ပုလင်းထဲတွင် ထည့်သွင်း သိမ်းဆည်းထားပါ။

### လူနာအား ပြုစုကုသပုံ

သာမန် ညောင်းညာကိုက်ခဲသူတို့အတွက် မိမိတို့၏ ညောင်းညာကိုက်ခဲသော ခြေ(သို့မဟုတ်)လက်တို့၏ ခြေမနှင့် ခြေညှိုးကြား (သို့မဟုတ်) လက်မနှင့်လက်ညှိုးကြား ယင်းဆေးတောင့်အား ညှပ်ထားပြီး ခေတ္တငြိမ်သက်စွာနေပါ။

ခေတ္တအကြာ ဆေးတောင့်မှ လျှပ်စစ်စွမ်းအင်များ ထွက်ပေါ်လာပြီး ခန္ဓာကိုယ်တွင် ဓာတ်လိုက်သကဲ့သို့ ခံစားရပြီး မိမိခံနိုင်ရည်ရှိသလောက် အချိန်ထိ ညှပ်ထားပါ။ ဆိုးဆိုးရွားရွား ခံနိုင်ရည်မရှိမှ ဆေးတောင့်အား ဖယ်ရှားပြစ်ပါ။

အကြိမ်အရေအတွက် မိမိ ခံနိုင်ရည်ရှိသလောက် ဆောင်ရွက်ပါ။ သာမန် ညောင်းညာကိုက်ခဲသူများ တစ်ကိုယ်တည်း ဆောင်ရွက်နိုင်ပါသည်။

ဤဆေးတောင့်၏ အစွမ်းကြောင့်


စာမျက်နှာ (၅၄) သို့

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'


ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုဓမ္မာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



(ပုံ-၇)အဝိုင်းဆရာတော်ကြီး ကြွလေရာ ကိုယ်နှင့်မကွာ အမြဲပင်ဆောင် သွားတတ်သည့် ရှေးဟောင်းရုပ်ပွားတော် နှင့် ဆရာတော်ဦးရာဇိန္ဒ၏ ဘွဲ့တံဆိပ်တော်များ

(စာသင်)သန့်စင်

ကြီးပွားချမ်းသာလိုသလား ချမ်းသာကြီးကိုသွားနှင့်...လွန်ခဲ့သော (၂၁)နှစ်က

# အဝိုင်းမင်းကျောင်း မှ

## ထူးခြားအံ့ဖွယ်ရာများ (၂)

ယခင်လမှ အဆက်

### ရှေးဟောင်းမင်းကျောင်းကြီး

ချမ်းသာကြီး စေတီတော်အကြောင်း ရေးလျှင် ယင်းပရိဝုဏ်တွင်းရှိ အဝိုင်းမင်းကျောင်း၏ အကြောင်းပါ ရေးမှ ပြည့်စုံပေမည်။

မင်းကျောင်း၏ မုခ်ဦးတွင် "**၁၁၄၈ ခုနှစ်က တည်သည်**"ဟု ရေးထားသည်။ **ကျောက်ရဲမြို့စား မင်းသားကြီးဦးစလွယ်က တည်ခဲ့ခြင်း ဖြစ်သည်။** မင်းတို့ ကိုးကွယ်သဖြင့် ထိုစဉ်က မင်းကျောင်းဟု တွင်ခဲ့သည်။ ကျောင်းတည်ခုနှစ်ကို အချို့က **၁၂၄၈ ခုနှစ်** ဆိုကြသည်။

**[ဟင်္သာတမြို့ မင်းကျောင်းဆရာတော် ဦးမဃ ပြုစုသည့် ပေါရာဏကထာပေါင်းချုပ်ကျမ်း၌ ကျမ်းပြီးနှစ်ကို ဖော်ပြရာတွင် ၁၁၉၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅) ရက်၊ သောကြာနေ့ ညချမ်း၌ ပြုစုပြီးသည်ဟု ပါရှိသဖြင့် ထိုစဉ်ကတည်းက မင်းကျောင်း တည်ဆောက်ပြီးဖြစ်မည်ဟု ခန့်မှန်းကြောင်း ဟင်္သာတ ကောလိပ်မှ မြန်မာစာဌာနမှူး ဦးမြင့်စိုးက (၉-၁-၈၃)ရက်နေ့က လာရောက် လျှောက်ထားခဲ့သည်။]**

မည်သို့ပင်ဆိုစေ ကျောင်းတော်ကြီးမှာ အလွန် ရှေးကျလှပေ၏။ ရောမ ကျွန်းတိုင်ကြီးများဖြင့် ဆောက်လုပ်ထားသော အနောက်ဘက် ကျောင်းဆောင်ကြီး၏ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားတို့မှာ ရှေးလက်ရာ ဖောက်လှို များဖြစ်သည်။ **(ပုံ-၄)**

### ခန်းမ၊ စနုနှင့် ပြာသာဒ်

အနောက်ဘက် ကျောင်းဆောင်ကြီးကို ခန်းမ၊ စနုနှင့် ပြာသာဒ် ဟူ၍ သုံးပိုင်းခွဲထားသည်။ **[ပုံ-၄(ခ)]**ခန်းမနေရာကို **အတွင်းချုပ်**ဟု ခေါ်သည်။

**အပြင်ချုပ်ဆောင်မှာ** ယခုအခါ ပြိုကျသွားလေပြီ။ ခန်းမ၏ အရှေ့ဘက် မျက်နှာကြက်တွင် နေကြာဆိပ်၊

F.8A. August, 2017.

လတံဆိပ်တို့ကို ထွင်းထု၍ မှန်စီရွှေချထားသည်။ **နေတံဆိပ်မှာ ဥဒေါင်းရုပ်ဖြစ်ပြီး လတံဆိပ်မှာ ယုန်ရုပ်ဖြစ်သည်။** ရှေးယခင်က နက္ခတ်များ တည်နေပုံကိုပါ ထွင်းထုထားသော်လည်း ယခုမူ ပျက်စီးယိုယွင်းနေပေပြီ။

**(ပုံ-၅)**

စနုဆောင်သည် ရှေးယခင်က သံဃာတော်များ အမှုအခင်းဖြစ်လျှင် ဆုံးဖြတ်ရာ အဆောင်ဖြစ်သည်။ ထိုစဉ်က နေပြည်တော်မှ လှထွေးဆရာတော်၊ ဖောင်ဝင်ဆရာတော်တို့ ကိုယ်တိုင်ကြွတော်မူခဲ့ကြသည်။

အမှုအခင်းဆုံးဖြတ်ရာ၌ ဝိနိစ္ဆယဆရာတော်ကြီးများ ထိုင်၍ သီတင်းသုံးခဲ့သော ရှေးဟောင်းသလွန်တစ်ခုကို တွေ့ရသည်။**(ပုံ-၆)**

ပြာသာဒ်ဆောင်၌ ကျောက်ဆင်းတုတစ်ဆူ သီတင်းသုံးလျက်ရှိပြီး အထက်၌ ဘုံ(၉)ဆင့် ပြာသာဒ်ရှိသည်။




▲ (ပုံ-၉)အံ့ဖွယ်
အစွမ်းထက်မြက်လှသည့်
အဆိုင်းဆရာတော်ကြီး ဦးကုမာရာလင်္ကာရ



▲ (ပုံ-၁၀)
အဆိုင်းမင်းကျောင်းပေါ်မှ
ရှေးဟောင်းအနုလက်ရာတစ်ခု

▼ (ပုံ-၈) ဦးရာဇိန္ဒ၏ ဘွဲ့တံဆိပ်တော်များ (မူရင်းအရွယ်အစား)



## ရှေးမင်းများ ဆက်ကပ်ခဲ့သည့် ဘွဲ့တံဆိပ်တော်များ

**ဦးမဃ**နောက်တွင် **ဦးပညာဇောတ**၊ ယင်းနောက် **ဦးရာဇိန္ဒာလင်္ကာရ**တို့ သီတင်းသုံးသည်။ ဦးရာဇိန္ဒာလင်္ကာရ၏ ထက်မြက်လှသော သီလ၊ သမာဓိ၊ ပညာဂုဏ်တော်တို့ကို ပူဇော်သည့်အနေနှင့် **"ရာဇိန္ဒာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု"** ဟူသော ဘွဲ့တံဆိပ်တော်နှင့် **"ရာဇိန္ဒသီရိကဝိဓဇမဟာဓမ္မရာဇဂုရု"** ဟူသော ဘွဲ့တံဆိပ်တော်တို့ကို ရှေးမင်းများက ဆက်ကပ်(**ဘွဲ့တံဆိပ်တော်များကို နောင်းလူတို့ လေ့လာသိရှိနိုင်ရန် ဓာတ်ပုံရိုက်ရုံမျှမက စက္ကူပါးခံ၍ ခဲနှင့်ခြစ်ကာ မူရင်းအတိုင်း ပုံဖော်ကူးယူတင်ပြပါသည်။**)

www.burmeseclassic.com



(ပုံ-၁၁)အိုင်းမင်းကျောင်းမှ မန်ကျည်းစေ့ ကမ္ဗလီများနှင့် ရှေးဟောင်းပစ္စည်းများ
၁။ဘယ်ဘက်အစွန်မှကမ္ဗလီသည် မင်းညီ မင်းသားများ၏ ဝတ်လဲတော်များကို ဖြုချ သရိုက်ကိုင်၍ ပြုလုပ်ထားသည်။
၂။ဒုတိယမြောက်ကမ္ဗလီသည် ကြေးကမ္ဗလီဖြစ်သည်။ ၃။ကြက်ပုံမှာရှေးလက်ရာ ကြေးလက်ဖက်အုပ် ဖြစ်သည်။
၄။ထမင်းလောင်းအဝေးမှာ ဓာတ်သားထမင်းလောင်းဖြစ်သည်။ ဆင်းတုတော်ထဲမှာ ဓာတ်တော်များကို
ရှင်စောင်(၇-၂-၉၆)နေ့က ရသော ရှေးဟောင်းဆင်းတုတော်ဖြစ်သည်

**(ပုံ-၇,၈)**

ဦးရာဇိန္ဒသည် ၁၂၉၉ ခုနှစ်တွင် ပျံလွန်သော် မင်းကျောင်း၌ ဆက်ခံမည့် ဆရာတော် မရှိတော့ချေ။ ထိုအခါ နေပြည်တော်ရှိ သာသနာပိုင် ဆရာတော်ကြီးက ရန်ကုန်မြို့အနီး **အဝိုင်းရွာမှ ဦးကုမာရအရှင်သူမြတ်ကို** စာချွန်ဖြင့် စေလွှတ်၍ မင်းကျောင်း၌ ကျောင်းထိုင်စေခဲ့သည်။ ထိုအချိန်မှစ၍ **အဝိုင်းဆရာတော်၊ အဝိုင်းကျောင်း**ဟု တွင်ပြန်သည်။


(ပုံ-၁၂)ခွေးရူးကိုက်ခံရသော ဓာတ်ဓာတ်ရှင်များကို
မျောက်ကောင်းချစ်သောအခါ
ပေးသည့် လက်ရှိ အိုင်းမင်းကျောင်း
ဆရာတော်ကြီးအရွယ်သ





www.burmeseclassic.com

www.burmeseclassic.com



◆ (ပုံ-၁၃)ယခင်က ချုံနွယ်များကြားတွင် ထင်ရှားပေါ်ပေါက်နေသော သီတင်းသုံးခဲ့ရာ ဂူသော်လည်း၊
(ယခုအခါ အစွန်ရှိ ဓာတ်ပုံ မှာ ရဟန်းများတည်ခဲ့သော ဘုရားတော်ထပ် ထပ်တိုးခဲ့သည်)

## အံ့ဩဖွယ် အာစွမ်းထက်မြက်သည့်

## ပုဂ္ဂိုလ်ထူးဆရာတော်

ဦးကုမာရာလင်္ကာရသည် ကုမာရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဖြစ်သည်။ အဝိုင်းဆရာတော်ဟု အမည်တွင်သည်။

**ဆရာတော်သည် လေ့ကို တားမူသည်၊ မီးကို တားမူသည်၊ ပရိတ်ရေကို ဆုတောင်းမူသည်။ အဝိုင်းဆရာတော်၌ အာဏာစက်ရှိသည်။ လျှာများတွင် အသီးမှည့် အာဆေးတွင် ဖြည့်ဆည်းပေးသည်။ ပျားပယောင်းကို အာဆေးတွင် ထိုသော် ဖြည့်ပုံအပ်ကြောင်း သိရှိလိုက်သူတို့ မကြာမကြာ ပြောကြ၏။**

အာဏာစက် ရှိပုံမှာ ကျွန်ုပ်၏ အဖေါ်ကြီးအရင်း ညောင်ပင်ရပ်၊ အလယ်လမ်းနေ ဒေါ်မြညွန့်သည် ငယ်စဉ်က ညဉ့်နက်သန်းခေါင် လန့်၍ လန့်၍ ယောင်တတ်၏။

သူ၏ဖခင် ကျွန်ုပ်၏အဘိုးဦးဘိုးလှိုင်က ဆရာတော်ထံ ခေါ်သွား၏။ ဆရာတော်ကြီးက ဘာမှ မန်းမှုတ်ရွတ်ဖတ်မနေ။ ရေတစ်ခွက်ကိုတိုက်၍ "**နောက်မယောင်နဲ့တော့**"ဟု ပြော၏။ တစ်ခွန်းတည်း။

အမှန်ပင် နောင်အခါ လုံးဝမယောင်တော့ချေ။

**အာဏာစက်ရှိပုံမှာ ပရိတ်ကြီး (၁၁)သုတ်ကို အမြဲတစေ ရွတ်သည်။ ကျောင်းခံ နောက်ဘက်တွင် ရေတွင်းတစ်တွင်းရှိသည်။ အဝိုင်းဆရာတော်သည် တွင်းထဲတွင် ပရိတ်ရွတ်သော် တွင်းထဲမှ ရေတို့ ဆူဝေ၍ လျှံကျကြောင်း၊ ရှေးလူကြီးတို့ ပြောကြသည်။**

မြွေကိုက်ခံသူတို့ ဆရာတော်ထံ လာကြရ၏။

ပဝါတစ်ပိုင်းကိုရှေ့ချ ပရိတ်ရွတ်ကာ ထိုပရိတ်ပဝါနှင့် ဒဏ်ရာကို ပုတ်ချသပ်ချကာ မေတ္တာပို့ပေးသည်။ ချမ်းသာ၏။

ခွေးရူးကိုက်သူတို့ ဆရာတော်ထံ လာကြရ၏။

အုန်းသီးတစ်လုံးကို ပရိတ်ဂါထာတို့ ရွတ်ဖတ်၍ ကျွေး၏။ ခွေးရူးမပြန်၊ ချမ်းသာကြ၏။

ဝေဒနာရှင်များစွာတို့ လာကြရ၏။ ရောဂါပေါင်းစုံတို့ ပျောက်ကြရ၏။ အသက်ပေါင်းများစွာကို ကယ်တင်ခဲ့ဖူးလေ၏။ ဆရာတော်၏ ဆေးကား **ပရိတ်ဆေး။ မေတ္တာဆေးတည်း။**

အဝိုင်းဆရာတော် ဦးကုမာရာလင်္ကာရပုံတော်ကို ဖော်ပြထားပါသည်၊ **(မျက်လုံးများကို သေချာစွာ ဖူးပါ။ မျက်လုံးအစုံသည် ထူးခြားစွာ စူးရှတောက်ပြောင်၏။ မျက်လုံးနီ။ ထိုမျက်လုံးကို ကြည့်ကာမျှနှင့် အစွမ်းကို ခန့်မှန်းနိုင်သည်။)(ပုံ-၉)**

## ယခုအချိန်ထိ အစွမ်းထက်သော


## အုန်းတစ်လုံးဆေး

အဝိုင်းဆရာတော်ကြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



(ပုံ-၁၄)ဘီလူးတုတ်ထမ်းပုံကို အနီးကပ် ကြည့်သော်

**ဦးပညာ**၊ ယင်းနောက် **ဦးပဏ္ဍိတဓမ္မ**၊ ယင်းနောက် ယခုလက်ရှိ **ကျောင်းထိုင် ဆရာတော်ဦးအဂ္ဂဝံသ**သို့ တိုင်အောင် ခွေးရူးကိုက်ခံရသော ဝေဒနာရှင်ပေါင်း များစွာကို ချမ်းသာစေခဲ့သည်။

ထို့ပြင် ရှေးဟောင်းစေတီတော်မြတ်ကြီးနှင့် အောင်တော်မူ သစ်တစ်လုံးရုပ်ပွားတော်ကြီးကို ဖူးမြင်လိုပါသလား၊ လောကုတ်,လောကီ အကျိုးအတွက် စိတ်အေးချမ်းသာစွာ ဂုဏ်ရားအားထုတ်လိုပါသလား။ ရှေးဟောင်းပစ္စည်းများကို လေ့လာလိုပါသလား။

ရှေးယခင်က အကျော်ဒေးယျ အဝိုင်းဆရာတော်ကြီး၏ ပုံတော်ကို ဖူးမြင်လိုပါသလား၊ မရေးအပ်,မပြောအပ်၍ မရေးဘဲ ထားခဲ့သော အလွန်လျှို့ဝှက်နက်နဲလှသည့် ဖြစ်ရပ်များကို သိလိုပါသလား ဖိတ်ခေါ်ပါရစေ။

လာရောက်ပွားများ အားထုတ်ဖူးမြော်လိုက်ရသူတိုင်း ကိုယ်လည်းချမ်းသာ စိတ်လည်း ချမ်းသာရလေအောင် **ဟသာ်တမြို့၊ ညောင်ပင်ရပ်ကွက်၊ အလယ်လမ်း အဝိုင်းမင်းကျောင်းရှိ ချမ်းသာကြီးဘုရား**သို့ ကြွရောက် ကြည်ညိုကြပါဟု တိုက်တွန်းရင်း...

**[ဤဆောင်းပါးရေးရန် အချက်အလက်များ ကူညီစုဆောင်းပေးသော ဦးမောင်မောင်၊ ဦးသန်းအောင်၊ ဦးသောင်းနှင့် ဘုရားကြီး ဂေါပကအဖွဲ့ကို လည်းကောင်း၊ တက်တိုး ဓာတ်ပုံတိုက်မှ ကိုရဲတင့်အား လည်းကောင်း အထူး ကျေးဇူးတင်ရှိပါသည်။]**

***ကိုယ်စိတ် ချမ်းသာကြပါစေ။***

**(စာသင်)သန့်စင်**

စာရှုသူ...သုတေသီနှင့် ပညာရှင်များသို့...

ဤစာမူမှာ ၉-၂-၉၆ နေ့စွဲဖြင့် ရရှိလာသော စာမူဖြစ်ပါသည်။ ဖော်ပြခွင့် မကြုံခဲ့ပါ။ ယခု ဖော်ပြအပ်ပါသည်။

ယခုခေတ် အဝိုင်းမင်းကျောင်း၏ အခြေအနေများကို ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
***စာတည်းချုပ်***
***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာမြွက်

## နှင့် အစွမ်းထက်သည့် အာစီအရင်



အောင်မြင့်မြတ်
(စစ်ကိုင်း)

စာရေးသူတို့ လူသားတွေ၊ သက်ရှိသတ္တဝါတွေ အားလုံးသည် "ဇာတိ" မွေးဖွားခြင်းမှ "ဇရာယ" ဆိုသော ပျက်စီးယိုယွင်းခြင်း၊ "မရဏ" ဆိုသော သေဆုံးခြင်းထံသို့ ရှေးရှု ခရီးသွားနေကြသော ခရီးသွားဧည့်သည်များပင် ဖြစ်ကြပေသည်။

မိမိတို့ လျှောက်လှမ်းနေသော ဘဝခရီးလမ်းတစ်လျှောက် အဆင်ပြေချောမွေ့ကြလျှင် ဝမ်းသာကြည်နူးရယ်မောမဆုံး တပြုံးပြုံးနှင့်... အဆင်မပြေကြသောအခါ ပူဆွေးသောကရင်တမမဖြင့် ငိုကြွေးကြရသည်မှာ လူ့ဘဝတစ်ခုပါ။

အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ ဘဝနိဂုံး အဆုံးသတ်သောအခါ "မရဏ" ဆိုသော သေဆုံးခြင်းထံ ရောက်မည်အမှန် ဖြစ်လေသည်။

ကိုယ့်ထက်ငယ်သူ ကိုယ့်ရွယ်တူ သေသူတွေလည်း များလှပြီ။ ကိုယ့်ထက်ကြီးသူ၊ မြတ်သောသူ၊ ကောက်ကျစ်ယုတ်ညံ့ ဆိုးတေသူများလည်း သေပါသည်။

ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ မည်သည့်အရာမျှ တည်မြဲခြင်း မရှိသော လောကကြီးတစ်ခုအတွင်း မှီတင်းနေထိုင်ကြသော ကျွန်ုပ်တို့ လူသားများသည် ဘဝသက်တမ်း မကုန်ဆုံးမီ စီးပွားရေး လူမှုရေး၊ စားဝတ်နေရေး၊ ပညာရေး ကျန်းမာရေး၊ လှူဒါန်းပေးကမ်းရေး များအတွက် အလုပ်နှင့်လက် မပျက်အောင် လုပ်ဆောင်ကြရလေ၏။

တချို့သောသူများမှာ စားဝတ်နေရေးအတွက် မမှန်ကန်သော နည်းလမ်းများသုံးကာ လောဘ, မောဟ, ဒေါသ, အတ္တ, မာန်မာနများ ဖုံးလွှမ်းလာကာ "**ဒီဘဝ ဒီကိုယ်နဲ့စံမည်၊ နောင်ဘဝ နောင်ကိုယ်နဲ့ ခံလိုက်မည်**"ဟု သဘောပိုက်ကာ ဗုဒ္ဓတရား ဘေးဖယ်ထားပြီး အောက်လမ်းနည်းများသုံး၍ စီးပွားရှာကြလေသည်။

ရိုးရိုးသားသားဖြင့် ကြိုးစားရှာဖွေနေသူများအပေါ် မလိုတမာ ကောက်ကျစ်စွာ အောက်လမ်းနည်းများကို သုံးလျက် နည်းမျိုးစုံဖြင့် တိုက်ခိုက်ကြလေသည်။

"စီးပွားတူ ရန်သူ" ဆိုသလို လုပ်ငန်းတူသည့်သူများ ပိုပြီး အတိုက်အခိုက်ခံရ၏။ အများဆုံး ကြုံတွေ့ရလေ၏။

တစ်နေ့... ထိုတစ်နေ့မှာ **၂၀၀၉ ခုနှစ်က** ဖြစ်၏။ စာရေးသူ စစ်ကိုင်းဈေးကြီးအတွင်း ကုန်မျိုးစုံ ရောင်းဝယ်သော ဦးသန်းမောင်+ဒေါ်ထားထားဦး တို့ဆိုင်သို့ ရောက်လာခဲ့၏။

ဆိုင်တွင် ဈေးရောင်းနေသော ဦးသန်းမောင်တို့ ဇနီးမောင်နှံကို တွေ့ရသော်လည်း ဈေးဝယ်သူ များနေသဖြင့် စာရေးသူနှင့် စကားမပြောနိုင်သေးပါ။

'ဆရာ...ခဏထိုင်ပါဦးနော်'

ဟု ဦးသန်းမောင်က ပြုံးရွှင်သော မျက်နှာဖြင့် ပြော၏။

စီးပွားရေး အရောင်းအဝယ် အဆင်ပြေလျှင် ပျော်ရွှင်ကြည်နူးကြသည်မှာ လူတိုင်းပင် မဟုတ်ပါလား၊ သူတို့ လင်မယား ပျော်ရွှင်နေသည်ကို ကြည့်ပြီး စာရေးသူကို စိတ်ချမ်းသာမှု ကူးစက်စေပါသည်။

ဆိုင်အတွင်း လူရှင်းသွားလျှင် ဦးသန်းမောင်မှ...

'ဆရာ... လာဗျာ လက်ဖက်ရည်ဆိုင် သွားရအောင်'

ဟု ကျွန်တော့်အား ပြောပြီး သူ့အမျိုးသမီးအား...

'မထား... အစ်ကို ဆရာနဲ့ လက်ဖက်ရည်ဆိုင် သွားလိုက်ဦးမယ်။ မဆင့်နဲ့မတင့်တို့ ညီအစ်မလဲ လာတော့မှာပါ'

ဟု ပြောပြီး လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်လာခဲ့ကြသည်။

"ကောင်းကင်ပြာပြာ" လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ နှစ်ဦးသား လက်ဖက်ရည်နှင့်မုန့်တို့ မှာလိုက်ကြ၏။

ထိုဆိုင်သို့ လာရောက်ထိုင်သူများမှာ ဆူညံခြင်း မရှိသဖြင့် စာရေးသူ ထိုလို နားအေးပါးအေး ဆိုင်မျိုး နှစ်သက်သဘောကျမိပါသည်။

'ဦးသန်းမောင်... ခင်ဗျားတို့ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

လေး တော်တော် ရောင်းကောင်းတယ် နော်’

ဟု စာရေးသူက မေးလိုက်လျှင် သူက…

‘ဆရာက အခုမှ မြင်တာကိုးဗျ။ ဟိုအရင် ဆရာရောက်လာမခင် လေး,ငါးလလောက်က တော်တော် အခြေအနေ ဆိုးတယ်။ အရင်းအနှီးတွေပြုတ် လင်မယားတောင် ကွဲမလို ကွာမလို ဖြစ်သွားတဲ့ အခြေအနေထိ ရောက်ခဲ့တယ်ဗျ’

‘ဟောဗျာ…ဘာကြောင့်လဲ’


ဟု ကျွန်တော်က အံ့ဩစွာ မေးမိ၏။ စာရေးသူ ထိုအချိန်အခါက စာမူကိစ္စများ၊ ဗေဒင်ဟောပြောခြင်းများ မအားလပ်သဖြင့် သူတို့လင်မယားထံသို့ မရောက်ခဲ့မိ။

‘အတိုက်အခိုက်ပေါ့ဗျာ… “စီးပွားတူ ရန်သူ” ဆိုသလို ကျွန်တော်တို့ဆိုင်နဲ့ မတည့်တဲ့ဆိုင်က အောက်လမ်းနည်းတွေသုံးပြီး ခေါ်ယည့်လိုက်တာ တော်တော် အလူးအလဲ ခံလိုက်ရတယ် ဆရာ။ ဆရာကလဲ ပေါ်မလာဆိုတော့ အိမ်ထောင်ရေး,စီးပွားရေး ဒုက္ခတွေနဲ့ နပန်းလုံးနေရတယ်။

တစ်နေ့ ယောက္ခမတွေရှိတဲ့ မုံရွာအသွား ကားပေါ်မှာ ဆရာတော်တစ်ပါးနဲ့ တွေ့တယ်ဗျ။ စီးပွားရေး၊ လူမှုရေးတွေအကြောင်း မေးတာနဲ့ မကောင်းကြောင်း လျှောက်ထားမိလိုက်တော့…အဲဒီမှာတင် ဆရာတော်က သနားကရုဏာသက်ပြီး နေ့တိုင်းမိမိသက်စေ့ သမ္ဗုဒ္ဓေဂါထာမြတ်ကြီးကို ရွတ်ဆိုပြီး **ဖယောင်းတိုင် တစ်တိုင်မှာ…**

“ဥ ပ္ပရုဏံ မယာပွလံ သဗ္ဗသိဒ္ဓိ ဂုရုသွားဟာ”

လို့ အထက်က အောက်ကို တစ်ကြောင်းရေး အောက်ကနေ အထက်ကို တစ်ကြောင်းရေး’




**ဖယောင်းတိုင်တစ်တိုင်တည်းတွင် အဆင်း/အတက် ရေးရပါမည်။**

တဲ့။

‘ဖယောင်းတိုင်တစ်တိုင်မှာ အထက်, အောက် နှစ်ကြောင်း ရေးရမှာပေါ့ ဟုတ်လား’

ဟု စာရေးသူက မေးလိုက်လျှင် သူက…

‘ဟုတ်တယ် ဆရာ…အဲဒီလို ရေးပြီး ဘုရားစင်ရှေ့မှာလှူပြီး “အတိုက်အခိုက်လွတ်စေ၊ စီးပွားရေး ကောင်းစေ” ဆိုပြီး ဆုတောင်းလိုက်ပါ။ အတိုက်အခိုက်လွတ်ပြီး စီးပွားရေး ကောင်းလာမယ်။ အိမ်ထောင်ရေး သာယာလာမယ်’

တဲ့။

‘ထူးခြားသလားဗျာ’

ဟု စာရေးသူက သိချင်စိတ် ပြင်းပြစွာဖြင့် မေးလိုက်လျှင်…

‘ဟာ…ထူးခြားတာပေါ့ ဆရာရယ်၊ ကျွန်တော့် ပြုတ်မလိုဖြစ်တဲ့ဆိုင် ဆရာမြင်တဲ့အတိုင်း အရောင်းအဝယ်ကောင်းလွန်းလို့ မဆင့်နဲ့မတင့် ညီအစ်မနှစ်ဦးကို စရိတ်ငြိမ်း တစ်လငါးသောင်း တစ်ယောက် နှစ်သောင်းခွဲပေါ့။ သူတို့လေးတွေလဲ ဆင်းရဲနွမ်းပါးတော့ ပိုပေးလိုက်တာပါ’

‘ကြော်…ဒါနဲ့ ဦးသန်းမောင်ကို ပြောရဦးမယ်။ ကျွန်တော် ဒီအကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ထည့်သွင်းရေးသားခွင့်ပြုပါ။ ပြီးတော့ ခင်ဗျားနဲ့ တွေ့ခဲ့တဲ့ ဆရာတော် အမည်နာမ (ဘွဲ့တော်) ပြောပြပါဦးဗျာ’

‘တောင်တန်းသာသနာပြု ဆရာတော်လို့သာ သိခဲ့ရတာ…ဒီထက်ပိုပြီး မသိခဲ့ရဘူးဗျ။ ဆရာတော်က ကားပေါ်မှာ တရားမှတ်နေတာရယ်၊ နောက်ပြီး မထင်မှတ်ဘဲ လမ်းခုလတ်မှာ ဆင်းသွားတာကြောင့် ဆရာတော့်ကျောင်းသင်္ခမ်း ဘယ်နေရာ ဘယ်ဒေသ မသိလိုက်ရဘူးဗျာ’

ဟု ဦးသန်းမောင်က မချိတင်ကဲ ဆိုရှာလေသည်။

နှစ်ဦးသား အတွေးကိုယ်စီ အဖော်ပြုလျက် လက်ဖက်ရည်ဆိုင်မှ ပြန်လာခဲ့ကြသည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် လှုပ်ရှားရုန်းကန်နေကြသော စစ်ကိုင်း ဈေးသူဈေးသားများ၏ ဘဝတစ်စိတ် တစ်ဒေသကို တွေ့မြင်နေရ၏။

စီးပွားရေး,လူမှုရေးများ အဆင်မပြေသောကပွေလျက် အတိုက်အခိုက်ကြုံတွေ့နေပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်း မိတ်ဆွေများ **သမ္ဗုဒ္ဓေဂါထာမြတ်ကြီး**အား ရွတ်ဖတ်လျက် အထက်ပါ အစီအရင် နည်းလမ်းကလေး ပြုကြည့်ပါက လက်တွေ့ အောင်မြင်ပါကြောင်း စေတနာပေါင်း၍ နည်းလမ်းကောင်း ပေးလိုက်ပါသည်။

***အတိုက်အခိုက် လွတ်ကင်းကြပါစေ။***

**အောင်မြင့်မြတ်(စစ်ကိုင်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆဆလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုရက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်း အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

၁၂ - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

ဓာစီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃

ကာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)



www.burmeseclassic.com

www.burmeseclassic.com



(ပုံ-၈)ဘောဓိပက္ခိယစေတီ

စဉ်ဆိုယ်

ရှင်ကာလာဝ်တော်မှ

# တက်တော်မြွှင်းဆဉ် မိုးကုတ်တက်ဝိုင်းဆရာတော်(၂)

ယခင်လမှအဆက်

သို့သော် မိုးကုတ်ဆရာတော်နှင့် မတွေ့မီ ကာလကပင် ကျောက်ဆည်မြို့ **ဝေဘူချောင် ဆရာတော်ထံတွင်လည်းကောင်း၊ သထုံမြို့ မင်းကွန်းဇေတဝန်ဆရာတော်ထံ၌ လည်းကောင်း** တပည့်ခံ၍ ဝိပဿနာတရား ကျင့်ကြံခဲ့ဖူးသည်ဖြစ်ရာ ထိုဆရာတော်များနှင့် ဆက်နွယ်၍ သိမှတ်ဖွယ်များကိုလည်း ဥပမာပြု ဆုံးမတော်မူလေ့ရှိသည်။

ပျံတော်မူရန် (၅)နှစ်၊ (၆)နှစ်ခန့် အလိုတွင် ညောင်လွန့်တောရ ဆရာတော်အကြောင်း ဥပမာပြုကာ မကြာခဏ ဆုံးမဩဝါဒ ပေးတော်မူသည်။

ယင်းနှင့်ပတ်သက်၍ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်နေ **ဦးသန်းမောင် (၆၅ နှစ်ခန့်)**က ဤသို့ ပြောပြသည်။

ဝေဘူဆရာတော်က တစ်ဆင့် ညောင်လွန့် ဆရာတော်အကြောင်း ကြားနာ‌ရသတဲ့။ **[ဝေဘူဆရာတော်ကြီး ဝါပေါ်(၈)ဝါအရမှာ အာနာပါန တရားကို ပြင်းပြင်းထန်ထန် ရှုမှတ်လို့ လောကီအဘိညာဉ်များ ထူးထူးခြားခြား ရသလိုဖြစ်လာတယ်။ ဒါကို အတည်ပြု ဆွေးနွေးဖို့**



www.burmeseclassic.com

www.burmeseclassic.com





◆ (ပုံ-၉)စေတီမြင်ပြင်မှမဲ့ဂန္ဓာကုန်းအရှိ

◆ (ပုံ-၇) ဆိပ်ကမ်းကျောင်းတော်ဦးမြင်ပုံ ယောဂီနှစ်ဦး(၁၀)နှစ်

◆ (ပုံ-၁၀)သာသနာ့အကျိုးဆောင်

(၁) ကိုခင်မောင်သန်းနှင့် အဖွဲ့ဝင်နှစ်ဦး



ညောင်လွန့်တောရ ဆရာတော် ဦးမေဓာဝီဆီ သွားဖူးပါတယ်။ တောရ ရောက်တော့ စေတီရင်ပြင် တံမြက် စည်းလှည်းနေတဲ့ ဦးပဉ္စင်းကြီး တစ်ပါးတွေ့လို့ ရှိခိုးဦးချပြီး မေးမြန်း တယ်။

ညောင်လွန့်ဆရာတော်နဲ့ တွေ့ချင် တယ်လျှောက်တော့ "ဆရာတော် ကြီး အခု ကျောင်းပေါ်မှာ စာချနေ ပါတယ်။ ပြီးတော့မှာပါ ဦးပဉ္စင်း ဒီကပဲ စောင့်နေပါ"လို့ မိန့်တော်မူ ပါတယ်။

အတော်ကလေး ကြာတော့ ကျောင်းပေါ်က ရဟန်းသာမဏေတွေ ဆင်းလာတာ မြင်ကြရတယ်။

"စာဝါပြီးပါပြီ။ ဦးပဉ္စင်းကြွပေ တော့"လို့ ဦးပဉ္စင်းကြီးက မိန့်တာနဲ့ ကျောင်းပေါ်တက် ဖူးမြော်ပါသယ်။

မော့ကြည့်လိုက်တော့ စာချနေ တဲ့ ညောင်လွန့်ဆရာတော် ဦးမေဓာဝီ ဆိုတာ ခုနက တံမြက်စည်းလှည်း နေတဲ့ ဦးပဉ္စင်းကြီး ဖြစ်နေသတဲ့။]

ဆရာတော် (မိုးကုတ်စက်ဝိုင်း ကျောင်း)က လူအများ ကြားထဲ ဒီလို မိန့်တော်မူတာ ဗဟုသုတဖြစ်အောင် ဟောတယ်လို့ပဲ ထင်ကြတယ်။ ကျွန်တော်တို့ မိတ်ဆွေရင်းချာ လေး, ငါးဦးကတော့ အံ့သြတကြီး ဖြစ်ရ တယ်။

ဆရာတော်ကို ဖူးဖို့ ကျောင်းကို အလာလမ်းမှာ ဒီလို သိပ္ပံခေတ်ကြီးမှာ ဈာန်အဘိညာဉ်ရဖို့ မလွယ်တဲ့ အကြောင်း ငြင်းခုံလာကြတာမို့ပါ။

နောက်တစ်ခုရှိသေးတယ်။


[ညောင်လွန့် ဆရာတော်ကြီးရဲ့ တပည့်တစ်ပါးက ဆရာတော်ကြီး မရှိ တဲ့နောက် ညောင်လွန့်တောရကြီး မေးမှိန်ပျောက်ကွယ်သွားမှာ အစိုး ရိမ်ကြီးပြီး ကြိုတင် စီမံကာကွယ်ဖို့ နည်းလမ်းရှာသတဲ့။

F.9B. August, 2017.



www.burmeseclassic.com

www.burmeseclassic.com



▲ (ပုံ-၁၁) ပြိုပျက်[illegible]စေတီငယ်



▲ (ပုံ-၁၂) တင်ပျဉ်ခွေရုပ်ပွားတော်ကြီး

ဆရာတော်ကြီး သိတော့ အဲဒီ ဦးပဥ္စင်းကို ခေါ်ပြီး...

'ဆောင်းပဥ္စင်း ပေယျာလကံ ပြုထားပေမယ့်လဲ ဒီကျောင်းကြီး ကောင်းချင် ကောင်းနေလိမ့်မယ်။ ဘယ်လောက်ပဲ ဂရုတစိုက် ထိန်းသိမ်းပေမယ့်လဲ ပျက်ချိန်တန်ရင် ပျက်မှာပဲ။ ဒါဖြစ်ပျက် လောကဓံတရား ပြုပြင်လို့ မရဘူးကွယ့်'

လို့ ဆုံးမတော်မူသတဲ့။ ဖြစ်ပြီးပျက် ပျက်ပြီးဖြစ် ရသလို ဖြစ်ဖို့ပျက်၊ ပျက်ဖို့ ဖြစ်ရတာတွေလဲ ရှိတာပေါ့။]

ဒီစကားကိုတော့ လူအတော်များများ နားလည်သလို ရှိကြတယ်။ အဲဒီကာလပိုင်းမှာ ဆရာတော်ကြီးနဲ့ မသက်ဆိုင်ပါဘူး။ ရဟန်းတစ်ပါးရဲ့ ကြည်ညိုဖွယ် ပါသာဒိကဂုဏ် ပျက်ယွင်းမှုကြောင့် တပည့် ဒါယကာ တချို့ ကျောင်းကို အရောက်အပေါက် နည်းလာကြပါတယ်။

အဲဒါကို ရည်ရွယ်ပြီး ယသော၊ အယသော လောကဓံတရား အကြောင်း မိန့်ကြားတယ်လို့ ယူဆကြတယ်။ ကျွန်တော်တို့လဲ ဒီလိုပဲ တွေးမိတယ်။ နောက်ပိုင်းမှာ သေသေချာချာ စဉ်းစားမိတယ်။

ဆရာတော်က ဝိပဿနာတရား နည်းလမ်းပြပေးရုံမကဘူး။ လူငယ် လူလတ်ပိုင်းတွေလဲ ပရိယတ္တိ ပိဋကတ်တော်တွေနဲ့ ကျွမ်းဝင်မှု ရှိအောင် သိသင့်သိထိုက်တဲ့ သုတ်၊ အဘိဓမ္မာတွေကို စကားပြေပြန် ပို့ချပေးတယ်။

ဘာသာခြား၊ ဘာသာမဲ့ တိုင်းရင်းသားကလေးတွေ တော်တော်များများ ဗုဒ္ဓအဆုံးအမကို ခံစားခွင့် ရကြတယ်။

ဒါကြောင့် ဆရာတော်မှာ အချိန်ပို မရှိသလောက်ဘဲ၊ ဆိုလိုတာက အခုလို အခြေအရံ နည်းပါးမှ မိမိအကျိုး သံသရာ လွတ်လမ်းကို ပိုကြိုးကြိုးစား ဖြစ်တယ်လို့ သဘောပေါက်မိကြပါတယ်။

ဆရာတော်ပျံတော်မူပြီး ဓာတ်တော်တွေ ကျလာမှ ပြန်ပြီး အာရုံ စိုက်လာကြသူတွေ။ ညဘက် လူခြေတိတ်ချိန် ဆရာတော်ဗိမာန်မှာ ရှိခိုးတောင်းပန်သူတွေ အတော်များများ တွေ့မြင်ခဲ့ရပါတယ်'

ဟု ပြောပြသည်။

## ပျံတော်မူချိန်

ဆရာတော်အား ဝိပဿနာ တရား ပြသပေးပါရန် ပင့်လျှောက်ပြီးနောက် မြဝတီသို့ ကြွရောက်ကာ **"မိုးကုတ်စက်ပိုင်းတောရ"** စတင် ပေါ်ပေါက်လာသည်။ **အချိန်မှ စတင်၍ အမြဲမပြတ်**

**နဂျွှန်ဆွေးရောင်ကြည်မြွှေရှင်းဗြဲ**

www.burmeseclassic.com



▲ (ပုံ-၁၃) ကျိုးတော်ဆောင်အဘိ



▲ (ပုံ-၁၄) အမွှန်းတလောလွာ ရှိနေသော အင်ကြင်းပင်

▼ (ပုံ-၁၅) အင်ကြင်းပွင့်အချို့



**လှူဒါန်းဆည်းကပ်ခဲ့သော ဒါယိကာမ တစ်ဦးဖြစ်သည့် ဒေါ်သိန်းမြင့်[ပုံ-၇]** က ပြောပြခြင်းဖြစ်သည်။

'ဆရာတော်က အလိုနည်းတယ်။ ဘာလိုချင်ပါတယ် ဆိုပြီး မပြောခဲ့ဖူးဘူး။ မေးလျှောက်ရင် ပြည့်စုံပါတယ် လို့ပဲ ဖြေတယ်။ လှူမယ့်သူက အခြေအနေကို စောင့်ကြည့်ပြီး လိုအပ်တာတွေ ရှာဖွေလှူဒါန်းကြတယ်။

လောကီရေးရာကိစ္စ တပည့်ဒါယကာတွေရဲ့ အရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်လေ့မရှိလို့ အားလုံးက ချစ်ကြောက်ရိုသေကြတယ်။

ကျွန်မတို့က ဆရာဒကာ၊ သားအဖလို ရင်းနှီးနေတော့ ဆရာတော် ကောင်းကျိုးဖြစ်မယ့် ကိစ္စဆိုရင် တချို့တလေနဲ့ အတိုက်အခံပြုလုပ်ပြီး လုပ်ပေးလိုက်ရတာတွေ ရှိပါတယ်။

**သက်တော် (၈၂)နှစ်အရွယ်** လှုပ်ရှားမှုတွေ အားနည်းလာတော့ နေ့ညမပြတ် စောင့်ရှောက်ပေးကြတယ်။ ပျံတော်မူမယ့်နေ့ မနက်စောစောမှာ ဆရာတော်ဆီက ''အမေ'' ဆိုပြီး အသံတိုးတိုးကလေး ကြားလိုက်တယ်။

ဘယ်နှယ့် ကျွန်မတို့တစ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



(ပုံ-၁၆) မိုးကုတ်စက်ဝိုင်းကျောင်း ဆရာတော်ဗိမာန်

တော့ ဝေဒနာနဲ့ ငါကို ကွဲပြားအောင် ရှုကြဆိုပြီး အမြဲတမ်း သတိပေးခဲ့တယ်။ အခုကျတော့ ဆရာတော်ကိုယ်တိုင် အမေ, တနေပါလှားပေါ့ စိတ်ထဲ တွေး မိတာပါ။

ချက်ချင်းပဲ ဆရာတော်က "**မသိန်းမြင့်**"ဆိုပြီး မာန်ပါတော့တယ်။

"တပည့်တော်ဘုရား...တပည့်တော်တို့ ပုထုဇဉ် စိတ်နဲ့ နှိုင်းပြီး ပြစ်မှားမိတာ ခွင့်လွှတ်ပါ ဘုရား"

စိတ်နဲ့ပဲ ကမန်းကတန်း ပြန်တောင်းပန်လိုက်ပါတယ်။ ကေန္တ ဆရာတော်ကြီး မုချ တရားထူးရပြီးပြီလို့လဲ တွေးပြီး ဝမ်းမြောက်မိတယ်။

အဲသလို မာန်ပြီး ငြိမ်သက်နေတာ (၅)နာရီကြာမှ ခန္ဓာဝန်ချပါတယ်။ ရုပ်ကလပ်တော်ကို စံကျောင်းချ ပူဇော်ထားတော့ မတောင့်မတင်း မပုပ်မနံ့ပါဘူး။ ဦးခေါင်းတော်မှာ စေတီပုံ ပေါ်နေတာကို အားလုံး ဖူးကြရတယ်။ ဓာတ်ပုံရိုက်လို့လဲ ရတယ်။

မီးပူဇော်တဲ့နေ့မှာ အဲဒီ စေတီပုံဓာတ်ပုံတွေကူးပြီး ဝေငှပါတယ်။ ကျွန်မ သိမ်းထားသေးတာယ်။ ရပ်ဝေးမိတ်ဆွေတွေက ပူဇော်ပါရစေဆိုပြီး ယူသွားကြတာနဲ့ တစ်ပုံမှတောင် မကျန်တော့ဘူး'

ဟူ၍ ပြောပြသည်။

ဒေါ်သိန်းမြင့်သည် အသက်(၈၀)ခန့်ရှိပါမည်။ ကျောင်း၏ တောင်ဘက်ရှိ ဗောဓိပက္ခိယစေတီ မွမ်းမံမှုတွင် လုပ်အားပေးကြသည့် လူငယ်ပန်းရန်သမားများ၊ မိန်းကလေးများနှင့် သာသနာ့အကျိုးဆောင်များ စုံညီရောက်ရှိနေကြသဖြင့် ထမင်းစားဇရပ်တွင် ဒေါ်သိန်းမြင့်နှင့် တွေ့ဆုံ ပြောဆိုဖြစ်ခဲ့ခြင်း ဖြစ်သည်။


## ဗောဓိပက္ခိယစေတီ

[ပုံ–၈]

ကျောင်းတောင်ဘက်၌ သီးခြားအရံတံတိုင်းခြား၍ ပူဇော်ထားသော ဗောဓိပက္ခိယစေတီအား ဝင်ရောက်ဖူးမြော်ဖြစ်သည်။

မိုးကုတ်စက်ဝိုင်းကျောင်း ဆောက်လုပ်ရန် ဒါယကာများ စုပေါင်းထည့်ဝင်ငွေဖြင့် ဤမြေကွက်လပ်ကို ဝယ်ယူသောအခါ ရှေးစေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။ ကာလကြာ ပြိုပျက်နေကာ မူလဒါယကာနှင့် ဖြစ်စဉ်ဇာတ်တို့ကိုလည်း မသိရှိရပေ။

www.burmeseclassic.com



◄ (ပုံ-၁၇) ဆရာတော်၏ ဓာတ်တော်များ

(ပုံ-၁၈) ဆရာတော် ဦးအရိယဝံသဓာတ်ပုံ ►

ဆရာတော်ဦးအရိယဝံသက ပြန်လည်မွမ်းမံ တည်ဆောက်လျက် **ဗောဓိပက္ခိယစေတီ**ဟု ဘွဲ့မည်ကပ်လှူခဲ့သည်။ ဗောဓိပက္ခိယဟူသည် ဗောဓိပက္ခိယတရား(၃၇)ပါး သို့မဟုတ် မဂ်ဉာဏ်၏ အသင်းအပင်းဟု အဓိပ္ပါယ်ရပေသည်။

ဒကာ,ဒကာမတို့ ကြိုးစား အားထုတ်နေကြသော ဝိပဿနာလမ်းတွင် မဂ်ဉာဏ်ရရှိစေရေး အထောက်အကူဖြစ်စေခြင်းငှာ လှူဒါန်း ပူဇော်ကုသိုလ်ပြုနိုင်ရေးကို ရည်မှန်းတော်မူခြင်း ဖြစ်သည်ဆို၏။

စေတီတော်မှာ နှစ်ပေါင်း (၅၀)မျှကြာခဲ့ပြီဖြစ်၍ ယိုယွင်းနေသည်ကို လက်ရှိဆရာတော် ဦးကုဏ္ဍာစရိယ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျား,မ ကြီးငယ် လုပ်အားကုသိုလ်ရှင်များ ပါဝင်လှူဒါန်း မွမ်းမံလျက် ရှိသည်ကို တွေ့ရ၏။[ပုံ-၉-၁၀]

စေတီ၏ မြောက်ဘက်၌ ဂြိုဟ်ပြေ နံ့ပြေ စေတီငယ်တစ်ဆူရှိ၍ [ပုံ-၁၁] အနောက်မြောက်ထောင့် အရပ်တွင် တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ ပူဇော်ထားသည်။ [ပုံ-၁၂]


တောင်ဘက်တွင် ကုန်းတော်စောင့် ဒေဝီအား ကွန်းဆောင်ငယ်ဖြင့် ထားရှိသည်။ လက်အုပ်ချီ၍ စေတီတော်အား ဖူးမြော်ဟန် ထုလုပ်ထားလေသည်။[ပုံ-၁၃]

ဌာနကာရက ဖြစ်စေသော ကုန်းတော် စောင့်နတ်များတွင် များသောအားဖြင့် **"ကုန်းတော်စောင့် ဘိုးဘိုး"** ကိုသာ အတွေ့အမြင်များသဖြင့် စုံစမ်းကြည့်ရာ ဤသို့ ပြောပြကြသည်။

မြဝတီမြို့သည် ဘုရားမပွင့်မီ နှစ်ပေါင်း(၅၀)ခန့်ကပင် တည်ရှိခဲ့သော မြို့ဖြစ်၏။ ဇေယျမြို့၏ မြို့ရံ(၆)မြို့၌ ပါဝင်၏။ ဇေယျမြို့သည် (ယခု ကော့ကရိတ်မြို့ အရှေ့ဘက်အနီးတောအုပ်၌ ရှိခဲ့၏) သုဝဏ္ဏဘုမ္မိမြို့၏ အရံမြို့ ဖြစ်သည်ဆိုလေသည်။

သုဝဏ္ဏဘုမ္မိကို ယခု ဘီလင်းနယ်၊ တိုက္ကလားကျေးရွာအနီးသို့ ပြောင်းရွှေ့

www.burmeseclassic.com



(ပုံ-၁၇) ဆရာတော်ဓာတ်တော်အချို့

ထူထောင်ခဲ့သော စူဠသီရိမာသောက မင်းခေါ် ရာဇာဓိရာဇ်မင်း လက်ထက်တွင် မြဝတီနယ်မှ လူစွမ်းကောင်း လူလင်"ဖိုးခဲ"ကို စစ်ကဲခန့်၍ ယောနကတိုင်းမှ ယွန်းသူပုန်တို့ ရန်ကို နှိမ်နင်းစေသည်။

အရေးတော်ပုံ အောင်မြင်၍ သူပုန်တို့ အကြွင်းအကျန်မရှိအောင် သုတ်သင်နိုင်သဖြင့် စစ်ကဲကြီးဖိုးခဲကို သမီးတော် မြစန္ဒီနှင့် လက်ဆက်ပေးသည်။ သူတို့ သမီးမောင်နှံသည် ခမည်းတော်ထံမှ ခွင့်တောင်းကာ မြဝတီမြို့ကို မြို့လည် ထူထောင်ကြသည်။

ကြင်ရာတော်"ဖိုးခဲ"ကား ရိုးသားအေးချမ်းသော တောင်ယာသမားဘဝ၊ မုဆိုးဘဝကိုသာ ခုံမင်သဖြင့် ငယ်စဉ်က ကျင်လည်ခဲ့သော တောတောင်များအကြားတွင်သာ မုဆိုးအလုပ်ဖြင့် ပျော်မွေ့အချိန်ကုန်စေသည်။

ထို့ကြောင့် မြစန္ဒီမင်းသမီးက မြဝတီမြို့ ထူထောင်ရေးကို မြို့စားမင်းသမီးအဖြစ် ဦးဆောင်လုပ်ကိုင်ခဲ့ရလေသည်။ ထို့ကြောင့် မြဝတီနယ်မြေအချို့ နေရာများ၌ မြစန္ဒီမင်းသမီးအား ရိုသေသမှုဖြင့် ကုန်းတော်စောင့် ဒေဝီမယ်တော်များအဖြစ် ပူဇော်လေ့ရှိကြောင်း သိရှိရလေသည်။

စေတီ၏ မြောက်ဘက်၌ အင်ကြင်းပင် နှစ်ပင်ရှိ၍ ပင်လုံးညွတ်မျှ ဖူးပွင့်နေကြသည်။ ကလျာဏီအင်ကြင်းဖြစ်ကာ ဘုရားရှင်၏ လုမ္ဗိနီ အင်ကြင်းတောကို အကြောင်းပြုလျက် လုမ္ဗိနီ အင်ကြင်းဟုလည်း ခေါ်ကြသည်။

ဂေါတမဘုရားရှင်၏ ဗုဒ္ဓဝင်၌ အင်ကြင်းပင်ကို အထူးပင် မြင်တွေ့ရတတ်သဖြင့် ဗောဓိပက္ခိယစေတီနှင့် ဖူးပွင့်ဝေဆာနေသည့် အင်ကြင်းပင်များကို ယှဉ်တွဲ ကြည့်ညိုရခြင်းကား ကျက်သရေရှိလှသည်ဟု ယူဆမိသည်။ [ပုံ-၁၄-၁၅]

## ဆရာတော်ဗိမာန်

စေတီ၏ အနောက်ဘက်မုခ်တွင် စေတီတွဲ့ကမှုည်းပါ မုခ်ဦးရှိ၍ အနောက်တောင်ထောင့် အရပ်တွင် ဆရာတော်ဦးအရိယဝံသ၏ ဓာတ်တော်များ ပူဇော်ထားသည့် ဗိမာန်ကို မြင်တွေ့ရသည်။[ပုံ-၁၆]

အတွင်း၌ အလယ်မဏ္ဍိုင်ခံကာ မဏ္ဍိုင်ပတ်လည်တွင် ဆရာတော်၏ ဓာတ်တော်များကို ကြုတ်၊ ပုသင်း



စာမျက်နှာ (၇၄) သို့

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်ဓာတ်လန်းရှင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး ရှိပါပြီ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၃၁၁ YR ၀၀၆၀၂၄)

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရေ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

အမှတ် (စ / ၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၉၁၄

ကိုကြီးကောင်း




www.burmeseclassic.com

www.burmeseclassic.com



▲ မြောက်ဘက်မှ မြင်ဦးလှုပ်
မဟာအံ့ဘွယ်သာ ပုံတော်ရုပ်ပွားတော်



▲ အနောက်မြောက်ထောင့်မှ
ကျိုက်မရောဆုတောင်းပြည့် ပြည်တော်ဝင် ပုံတော်ရုပ်ပွားတော်

# ဖင်းကျိုက်ဆံတော်ရှင် တောင်ခြေရင်းမှ

ခရီးသည်ဘဲ့တောသိ

## သတ္တဋ္ဌာနကုန်းတော်မြေ (၂)

**• ယခင်လမှ အဆက်**

ပွင့်တော်မူပုံ

ဖင်းကျိုက်ဆံတော်ရှင် စေတီတောင်ခြေ သတ္တဋ္ဌာန ပေါ်ထွန်း၍ (၉)နှစ်မျှ အကြာ ၂၀၀၀ ပြည့်နှစ်တွင် ပေါင်မြို့ တရားရုံးမှ ဥပဒေဝန်ထမ်း ဦးထွန်းရွှေသည် လုပ်ငန်းတာဝန်မှ နုတ်ထွက်၍ သတ္တဋ္ဌာန သာသနပြုလုပ်ငန်းကို ဦးဆောင်ဦးရွက် ပြုခဲ့သည်။

ပဋ္ဌာန်းဆက်ပုဂ္ဂိုလ် တပည့်သာဝကများ ကူညီပံ့ပိုးမှုဖြင့် သာသနာ့အကျိုးဆောင် အဘာနန္ဒအဖြစ် သာသနာရေးကိစ္စကိုသာ တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ မေလတွင် လောကချမ်းသာရွှေစေတီကို စတင်၍ အုတ်မြစ်ချခဲ့သည်။ ဗောဓိညောင်ပင်၏ တောင်အရပ် မနီးမဝေးရှိ ကုန်းမို့ထက်တွင် မြေရှင်း၍ အုတ်မြစ်ချရန် တူးဖော်သောအခါ **ထုပါး၊ မြက်ကျယ်၊ အလျားရှည်သော ရှေးခေတ် (သုဝဏ္ဏဘူမိခေတ်)** အုတ်ချပ်များကို တွေ့ရသည်။

မူလစေတီဟောင်း၏ အုတ်မြစ်ဖြစ်ဟန်ရှိ၍ ပေ(၃၀)ခန့် ရှည်လျား၏။ အခြားဌာပနာပစ္စည်း ရှေးမှတ်တမ်း တစ်စုံတစ်ရာ မတွေ့ရှိရချေ။






www.burmeseclassic.com

www.burmeseclassic.com



▲ အရှေ့မြောက်ထောင့်မှ

ပုဂံအလိုတော်ပြည့် ပုံတူရုပ်ပွားတော်



▲ အထက်ပစ္စယံ အရှေ့မှ

ရွှေတိဂုံပုံတူမြားမျက်ရှင်ပုံတူရုပ်ပွားတော်

သမိုင်းသုတေသီများ၏ ခန့်မှန်းချက်အရ အေဒီ(၉)ရာစု(မနောဟရီရာဇာခေါ် မနူဟာမင်းလက်ထက်)က လက်ရာ အုတ်ချပ်များပြွစ်ကြောင်း သိရ၏။

မနော်ဟရီရာဇာမင်းသည် ကျွမ်းသူပုန်တို့ရန်ကြောင့် ပေါက္ကာရာမသို့ ရွှေ့ပြောင်း ခိုလှုံတော်မူခဲ့သည်ဖြစ်ရာ ဤစေတီသည် မနောဟရီရာဇာမင်းသို့မဟုတ် သူ၏ သားတော်,င ၁မီးတော်မျ.း၏ကောင်းမှု စေတီဖြစ်ပွ:သ် ရှိပေသည်။

သို့ဖြစ်လေရာ ဤစေတီသည် တပုဿနှင့်ဘလ္လိကတို့၏ ရွှေတိဂုံစေတီတော်ကိုသာမက သုဝဏ္ဏဘုမ္မိပြည့်ရှင်၏ ကောင်းမှုစေတီအတွက် အပါအဝင် တစ်ကျော့ပြန် ကန်တော့ခံရာဇာဓာတ်ဆင် ပြည်တော်ဝင်စေတီ ထူးလည်း ဖြစ်ပေသည်။

## ဖူးမြော်ရစဉ်

လောကချမ်းသာ ရွှေစေတီအားသတ္တဌာန သာသနာ့အကျိုးဆောင် အဘနန္ဒနှင့်အတူ သွားရောက် ဖူးမြော်ကြည်ညိုရာ စေတီတော် ပစ္စယံ အဆင့်ဆင့်နှင့် အထက်ခေါင်းလောင်းမှောက်တို့မှာ ရွှေတိဂုံစေတီပုံစံတူ နိမိတ္တစေတီဖြစ်၍ အောက်ခြေရှစ်မျက်နှာ မုခ်(၈)မုခ်နှင့် ပထမပစ္စယံထက် အရှေ့ဘက်မျက်နှာ၌ မုခ်(၁)မုခ် စုစုပေါင်း နဝင်းကျေ (၉)မုခ်ရှိသည်ကို တွေ့ရ၏။

စေတီဟောင်း မြေကုန်းမို့မို့ကို ရှင်းလင်းစဉ်က ပေ(၃၀)ရှည် အုတ်မြစ်ရိုးတစ်ခုမှလွဲ၍ အခြားသော ဌာပနာပစ္စည်း တစ်စုံတစ်ရာ မတွေ့ရပေ။

၁၉၉၁ ခုနှစ် မတိုင်မီ ကာလက မသမာသူတို့ တူးဖော်ဖျက်ဆီးခြင်းကို အကြိမ်ကြိမ် ခံထားရသဖြင့် ဤမျှသာ ကျန်ရှိကြောင်း ဇင်းကျိုက်ရွာ ခလောက်အင်းရပ်မှ အသက်(၉၀) အရွယ်ရှိ အဘိုးအေးက ပြောပြခဲ့ဖူးသည်ကို သတိရမိသည်။

၁၉၇၇ ခုနှစ်ကာလက ဇင်းကျိုက် တောင်ထိပ် ဆံတော်ရှင်စေတီ၌






www.burmeseclassic.com

www.burmeseclassic.com






◆ ကျွန်ုပ်အားလုံးအား စောင့်ရှောက်ရှိနှင့် ဘုရားမူးတော်နေရည့် နဂါးပယ်တော်

◆ ကျိုက်ထော်အရှေ့ဘက်ရှိ ရှင်ဒီဝပါတနီတောင်း

◆ ဝိစ္စာတနီတောင်းမှ သိမ္မိရှင်များရုပ်တု



တန်ဆောင်းမုန်းလ ဆေးပေါင်းခရန် ဆရာဦးကျော်ဝင်း အပါအဝင် ဆရာ တပည့်(၅)ဦးတို့ တက်ရောက်ခဲ့ကြ သည်။

ထိုအခါက အတက်စောင်းတန်း ခြသေ့နှစ်ကောင်မှစ်ဦးအနီး မင်းတက် ကျောက်ဖျာ၌ ခေတ္တ နားနေ အဓိဋ္ဌာန် ပြုကြစဉ် မျှစ်ချိုး ထင်းခွေရာမှ ပြန်လာ သော အဘိုးအေးနှင့် ဆုံတွေ့ကြခြင်း ဖြစ်သည်။

သန်မာဖျတ်လတ်သော လှုပ်ရှား သွားလာဟန်ကြောင့် အသက်(၆၀) ကျော်ခန့်ဟု ထင်မိသော်လည်း အသက်(၉၀)ကျော်ပြီ ဖြစ်ကြောင်း သူကိုယ်တိုင် ပြောပြ၍ သိရသည်။ နက်မှောင်သော ဆံပင်ကို သျှောင် တစောင်း ထုံးထားသည်။

'ဦးကောင်းလိမ်ထုတ် – မင်းဆက် ပြုတ်တဲ့ သီပေါမင်း ပါတော်မူတဲ့ ၁၂၄၇ ခုနှစ်မှာ ကျုပ်ကို မွေးခဲ့တယ်။(ခရစ်နှစ် ၁၈၈၅ ခုနှစ် ဖြစ်၏။) ဗမာပြည်တစ်ခု လုံး ဗြိတိသျှလက်အောက် ရောက်တဲ့ နှစ်မှာမွေးလို့ ဖိုင်းသားပြည်သူတွေ အေးချမ်းပါစေလို့ ရည်ညွှန်းပြီး မိဘ တွေက **"မောင်ပေါ့"**လို့ မှည့်ခဲ့ကြ တယ်'

ဟု ဆို၏။

(**"ပေါ့"** သည် မွန်စကားဖြစ်၍ ရေး ထုံးအားဖြင့် **"နို့"**ဟု ရေး၏။ **"ပေါ့"** ဟု အသံထွက်၏။ **"အေး"**သည်ဟု အဓိပ္ပါယ်ရသည်။

ဆံပင်များ နက်မှောင်နေသည်ကို မေးမြန်းကြည့်သောအခါ မွန်တိုင်းရင်း ဆေးကုထုံးတစ်ခုကို သိခွင့်ရ၏။

**လက်ဖက်ခြောက်ကို အုန်းဆီ စိမ်၍ ပေါင်းထားကာ ထိုဆီကို ဖျော၍ လိမ်းပေး ရခြင်းဖြစ်သည်။ ဆံပင်များ နက်မှောင် ၍ ဆံပင်နှင့် ပတ်သက်သော ရောဂါ ဝေဒနာများ ကင်းဝေးစေသည်ဟု သိရပေ သည်။**


## ကျိုက်ထီးရိုးဘုရားပွဲရုပ်ပွားတော်များ

စေတီတော်၏ ပထမပစ္စယံ အရပ် ရှစ်မျက်နှာတွင် မုခ်လိုဏ်(၈)ခု ပြုလုပ် ၍ ရုပ်ပွားတော်ရှစ်ဆူ ပူဇော်ထား၏။ ၁။ အရှေ့ဘက်မုခ်တွင် – **မျှလေး**



www.burmeseclassic.com

www.burmeseclassic.com





▲ ဦးနန္ဒ နေထိုင်ရာ တန်ဆောင်တွင်း ပူဇော်ထားသည့် ရုပ်ပွားတော်အချို့

◀ ရေချင်ဦးကျောင်းမှုတော်

**မဟာမုနိ** ပုံတူကိုယ်စားတော်။

၂။ အရှေ့တောင်ထောင့်မှန်တွင် **စလေနှ် ပြည်တော်ပြန်ဘုရား** ပုံတူကိုယ်စားတော်။

၃။ တောင်အရပ်တွင် စဥ့်ကိုင်မြို့နယ်၊ **ပလိပ်မြွေဘုရား**(ပုဂံခေတ် ပေါင်လောင်ရှင်ကဿပ၏ ကောင်းမှုစေတီ)ပုံတူကိုယ်စားတော်။

၄။ အနောက်တောင်ထောင့်တွင် **စကြဒေသဆံတော်ရှင် ကျိုက်ခမီ ရေလယ်ဘုရား** ပုံတူကိုယ်စားတော်။

၅။ အနောက်အရပ်တွင် **ပုဂံအာနန္ဒာ ဘုရား**ပုံတူကိုယ်စားတော်။

၆။ အနောက်မြောက် ထောင့်တွင် ကျိုက်မရောမြို့မှ **ဘုရင်မ ရှင်စောပု** ကောင်းမှု ဆုတောင်းပြည့် ပြည်ဝင်ဘုရား ပုံတူကိုယ်စားတော်။

၇။ မြောက်အရပ်တွင် ပြင်ဦးလွင်မြို့မှ ပြည်ချစ်ဘုရား ခေါ် **အံ့ထူးကံသာ ဘုရား** ပုံတူရုပ်ပွားတော်။

၈။ အရှေ့မြောက်ထောင့်တွင် **ပုဂံအလို တော်ပြည့်ဘုရား** ပုံတူ ရုပ်ပွားတော်။

၉။ အရှေ့အရပ် အထက်ပစ္စယံတွင် မှန်လိုဏ်တစ်ခုရှိ၍ အတွင်း၌ **ရွှေတိဂုံစေတီမှ ပတ္တမြားမျက်ရှင် ဘုရား** ပုံတူကိုယ်စားတော်ကို ပူဇော်ထားရာ ပုံတူကိုယ်စား(၉)ဆူ ဖြစ်လေသည်။

ဤရုပ်ပွားတော်ကိုးဆူကို မူလဌာနီ၌ စံပယ်တော်မူကြသော မူလရုပ်ပွားတော်များနှင့်အတူ ရင်ငွေ့လှူ အပူဇော်ခံပြီးမှ ဤလောကချမ်းသာ ရွှေတိဂုံပုံတူစေတီ၌ ကိန်းဝပ်ပူဇော်ကြခြင်းဖြစ်သည်။

ရွှေတိဂုံပုံတူစေတီအတွက် ရင်ငွေ့လှူပူဇော်ရန်အတွက် အခက်ကြုံရစဥ် ထိုစဥ်က ရွှေတိဂုံစေတီ ဘက်စုံ မွမ်းမံမှုများ ပြုလုပ်နေချိန် ဖြစ်လေရာ ရွှေတိဂုံ ပင်မစေတီမဏ္ဍိုင်မှ အင်္ဂတေခဲတစ်စကို ကံအားလျော်စွာ ပူဇော်ခွင့်ရလိုက်သဖြင့် ဤစေတီတည်ရာ၌ ထည့်သွင်းလျက် မူလဓာတ်ယူ ရင်ငွေ့လှူ ပူဇော်နိုင်ခဲ့ကြောင်း သိရပေသည်။

ဤစေတီတော်၌ မြန်မာနိုင်ငံတစ်လွှားရှိ ထင်ရှားကျော်ကြားသော တန်ခိုးကြီးဘုရား ရုပ်ပွားတော်များ ကိုယ်စား ရင်ငွေ့လှူ ပူဇော်ထားသည် ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြသော (၁၃၅)မျိုးသော တိုင်းရင်းသား ညီအစ်ကိုအပေါင်းတို့ စည်းလုံးညီညာ၍ ပြည်မြန်မာ သာယာ အေးချမ်းကာ သာသနာတော် အဓွန့်ရှည်ကြာစေကြောင်း ရည်ရွယ်ခဲ့သည် ဆိုပေသည်။

## အခြားကြည်ညိုဖွယ်များ

စေတီတော်အား ရှိခိုးဖူးမြော်ပြီးနောက် အရှေ့ဘက်ဆီသို့ ထွက်ခဲ့ကြသည်။ အင်္ဂတေလျှောက်လမ်းနံဘေးဦးစွာတွေ့မြင်ရသည်ကား ရှင်သီဝလိ တန်ဆောင်းဖြစ်သည်။

ထိုမှ အရှေ့ဘက် မနီးမဝေးတွင် တစ်ကမ္ဘာလုံး အေးချမ်းစေရန် ရည်ရွယ်ပူဇော်ထားသည့် **ကမ္ဘာလုံးအေးစေတီ၊** ဖင်းကျိုက်ဆံတော်ရှင် ဒါယကာ သုဝဏ္ဏဘုမ္မိပြည့်ရှင် တီဿဓမ္မသီဟရာဇာမင်း၏ မယ်တော်နဂါးမနှင့် ဘုရားရှင် မတ်ရပ်တော်ကို

www.burmeseclassic.com

ဖူးတွေ့ရ၏။

လက်ယာဘက်အနီးတွင် ဝိဇ္ဇာတန်ဆောင်းရှိ၍ အတွင်း၌ အဘဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်၊ ရက္ကန်းစင်တောင်ဆရာတော် စသည်တို့ အပါအဝင် ပါရမီကျင့်စဉ်လမ်း၌ ပေါက်မြောက် အောင်မြင်တော်မူကြသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ရုပ်လုံး သွန်းလုပ်ပူဇော်ထား၏။

ဝိဇ္ဇာတန်ဆောင်းအနီးတွင်မူ နဂါးခေါင်းဆောင်းနှင့် နဂါးမယ်တော်ရုပ်တုကို သီးခြားကွန်းဆောင်ဖြင့် တွေ့မြင်ရသည်။ ယင်း၏ အရှေ့ဘက်တောင်ကုန်းထက်၌ နေ့ချမ်းပြီး ကောင်းမှုတော်ကို ပူဇော်ထားသည်။

တပည့်သာဝကများ စုပေါင်းကာ တစ်ရက်အတွင်း ပြီးစီးအောင်၊ တည်ဆောက်ထားခြင်း ဖြစ်သည်ဆို၏။

**ဘဝမျက်မှာစာများတွင် အခက်အခဲ ပြဿနာများကြောင့် မိမိတို့ အလိုရှိရာ လာဘ်လာဘကို ရရှိရန် ကြန့်ကြာနေပါက အမြန်ပြုပြင်ပေးနိုင်သော ဖေတီ ဖြစ်ပေသည်။**

## အပြန်လက်ဆောင်

ယင်းနောက်တွင် ဦးနန္ဒ နေထိုင်ရာ အုတ်တိုက်တန်ဆောင်းသို့ ပြန်လည်ဝင်ရောက်ကာ ဘုရားစင်မှ ရုပ်ပွားတော်များကို ကန်တော့သည်။

ပူဇော်ထားသော ရုပ်ပွားတော်များတွင် ရှမ်းဘုရား ခေါ် ယိုးဒယားလက်ရာ ရုပ်ပွားတော် အတန်များစွာ တွေ့ရ၏။ ယိုးဒယား(ထိုင်း)နိုင်ငံမှ ပါရမီဆက်၊ ပဋ္ဌာန်းဆက်ကုသိုလ်ရှင်များ ပေးပို့လှူဒါန်းထားကြောင်း သိရ၏။

မကိုဠ်နားကင်းတန်ဆာဆင် ပူဇော်ထားသော ရှေးဟောင်း မွန်လက်ရာလက်ရာ ရုပ်ပွားတော်တစ်ဆူကိုလည်း ထူးခြားစွာ ဖူးတွေ့ရ၏။



◆ ရှေးဟောင်းမွန်လက်ရာ ရုပ်ပွားတော်

နှုတ်ဆက်ကန်တော့ပြီး၍ ပြန်ရန်ပြင်စဉ် ဦးနန္ဒက စက္ကူကတ်ပြားတစ်ခုကို လက်ဆောင်ပေးသည်။ တစ်ဖက်တွင် ဝ,လုံး အကြီးနှင့် အသေးနှစ်လုံး ရေးဆွဲထား၍ ကျန်တစ်ဖက်တွင်ကား...

### “ပထမံ “ဝ” သိဒ္ဓိ<br>“ဝ”ဝရတော ဒေတုမေဝရံ

ဗုဒ္ဓဟူးနေ့ မွန်းတည့်(၁၂)နာရီ မကျော်မီ ဘုရားရှေ့ (၁၀၈)ခေါက် ရွတ်ဖတ်ပူဇော်ရန် မှာထား၏။ အဘဘိုးဘိုးအောင်၏ အကြံအစည်အောင်ပုတီးစိပ်ဂါထာဖြစ်ကြောင်း သိရ၏။

‘ဝ,မရှိဘဲ ဝိ,လုပ်လို့ မရဘူး။ ဝ,ရှိမှ ဝိ,ဖြစ်မယ်။ ဝိ,ဖြစ်မှ “အထူး” ဖြစ်မယ်။ ရောက်ရာနေရာ လုပ်ကိုင်ရာ အလုပ်အကိုင်မှာ အထူးဖြစ်ပြီး အောင်မြင်ကြီးပွားနိုင်လိမ့်မယ်။ ဝ,ဖြစ်အောင် စ,မှတ်ကနေ ပိုင်းဝန်းပြီး စ,မှတ်ဆီ တစ်ပတ် ပြန်လည်အောင် ရောက်အောင် ရေးရသလိုမဲ့ ဒီပထမံဂါထာကိုလဲ ပြည့်စုံပြီးမြောက်အောင် ရွတ်ဖတ်ပူဇော်ပေးရပါတယ်’

ဟုလည်း မှာကြား၏။

သူ၏ တပည့်သာဝကများအနက်




www.burmeseclassic.com

# ဝထေမံ ‘ဝ’ ယိမ္မွ
# ‘ဝ’ ဝရတော ဒေတုဝ

ဗုဒ္ဓဟူးနေ့၊ မွန်းတည့်(၁၂)နာရီ
ဘုရားရှေ့ (၁၀၈)ခေါက်



အဘဘိုးဘိုးအောင်၏ အကြံအစည်အောင် ပုတီးစိပ်ဂါထာ
နဂါးမယ်တော်ရုပ်တု
ဝလုံးအစီအစဉ်



သားသမီးများ နိုင်ငံရပ်ခြားသွားသော အခါ ဤလက်ဆောင်ကို လာရောက် ခွန့်ယူလေ့ ရှိကြသည်။

ယင်းအတွက် ဦးနန္ဒကိုယ်တိုင် လည်း ရည်ရွယ် အဓိဋ္ဌာန်ဥပုသ်ဝင်ကာ ဗုဒ္ဓဟူးနံ့ ရန်ကုန် ပညတ်ကောင်းသော မြို့ရှိ ဗုဒ္ဓဟူးနံ့ပါဝင်သော ရွှေတိဂုံ၊ မဟာဝိဇယ၊ ကျိုက်ဝိုင်း စေတီသုံးဆူ၌ ဗုဒ္ဓဟူးနေ့နံနက်မှ နေ့မွန်းတည့်ချိန် အထိ ဝ,လုံး နှစ်လုံးကို ရေးသားခဲ့ ရသည်။

တစ်ကြိမ်လျှင် အခေါက်လေးရာ ပြုလုပ်ရသဖြင့် အထူးပင် ကြိုးစားခဲ့ရ သည် ဆိုလေသည်။

## နိဂုံးလမ်းညွှန်

သတ္တဋ္ဌာန ရုပ်ပွားတော်များနှင့် ရွှေတိဂုံပုံတူစေတီတော် ကိန်းဝပ်ရာ ဋ္ဌာနသည် ဘုရားရှင်၏ ဆံတော်ကို ဌာပနာပြု၍ သုဝဏ္ဏဘုမ္မိပြည့်ရှင်မင်း နှင့် မွေးစားဖခင် တိဿရသေ့တို့ စေတီတည် ကောင်းမှုပြုရာဌာနဖြစ် သည်။

ထို့အပြင်လည်း ပြည့်ရှင်မင်းနှင့် မိဖုရားခေါင်တို့၏ မွေးဖွားရာ ဇာတိမြေ လည်း ဖြစ်ခဲ့သည်။

မြန်မာသမိုင်းတစ်လျှောက် တန်ခိုး ထွားခဲ့ကြသော ရှင်ဘုရင်များ စစ်ချီရာ၌ ဤဖင်းကျိုက်ဌာနတွင် တစ်ညတာ စခန်းချကာ စေတီအား ပူဇော်၍ မင်းတက်ကျောက်ဖျာ၌ အောင်မြေ နင်းခဲ့ကြသည်မှာ နောက်ဆုံး မင်း ဆက်ကို ထူထောင်ခဲ့သည့် အလောင်း မင်းတရားကိုယ်တိုင်လည်း ပါဝင်ခဲ့ ကြောင်း တွေ့ရ၏။

ဤသို့ဖြင့် ထူးခြားလှသော ဖင်းကျိုက်ဆံတော်ရှင်စေတီ တောင် ခြေရင်းမှ သတ္တဋ္ဌာနနှင့် နိမ္မိတ ကိုယ်စားရုပ်ပွားစေတီများအား ဖူးမြော် လိုပါက ရန်ကုန်–မော်လမြိုင် အဝေး ပြေးကားလမ်း၏ အရှေ့ဘက်၊ ပေါင် မြို့နယ် ဖင်းကျိုက်မြို့ကလေးအနီးတွင် လွယ်ကူစွာ သွားရောက် ဖူးမြော်နိုင် ကြောင်း လမ်းညွှန်ရပါသည်။


**ကူညီပေးသည့် သာသနာပြု ဦးနန္ဒ(ဦးထွန်းရွှေ)အား ကျေးဇူးတင် ရှိလျက်...**

**ခရီးသည်သုတေသီ**

www.burmeseclassic.com

ယခုကာလ အချိန်ရတ် ပိသနာပါသော ပါရမီရှင်များသည် ရှေးဆရာကြီးများ၏ အချိန်ရတ်ကျမ်းကို လေ့လာရန် ဥာဏ်မမီတော့ပါ။ သို့ပါ၍ ရှေးပေရိုက်မှတ်စုများမှ ရရှိသော နည်းများအရ လုပ်ဆောင်ကြရန် တိုက်တွန်းပါသည်။ ယခုနည်းမှာ မန္တလေး ရန်ကင်းတောင် ဆီးမြှပ် သရာတော်၏ မှတ်စုလက်ရေးမှ ရရှိသောနည်း ဖြစ်ပါသည်။

# မဟာမြိုင် ဆရာကြီး ဦးဩဘာနည်း



ခဲ (၃၀)ကျပ်သားကို အပြားခတ် ကတ်ကြေးစာ နုပ်နုပ်ချ၊ ယင်းခဲအပြား ကတ်ကြေးစာကို သတ်ဆေးကား...

**ကန့်(၆)ကျပ်သား၊ ဟင်းရိုင်း(၆)ကျပ်သား** လုံ့ရှည်ရှည်တွင် ကန့်,ဟင်းရိုင်း အမှုန့်ထောင်း၍ ညက်လျှင် ယင်း ကတ်ကြေးစာ ခဲပြားနှင့် ရောစပ်ခပ်ထည့်၊ ဖော်(၃) ထပ်မံ၊ ဖွဲ့တစ်ပြည်ကကို ဆထက်တိုး၍ ဖွဲ့တစ်တင်း ကုန်အောင်ဖုတ်၊ ပြီးလျှင် မီးအေး၍ ဖော်ထုတ်ပြီးလျှင် ဖွင့်၍ကြည့်၊ ကြိတ်ကြေ ပြာကျလိမ့်မည်။

ထို ကြိတ်ကြေပြာကို **ကြေးနီ(၁၇)ကျပ်သား**ကို အရည်ကျို၍ အထက်က ခဲပြာ(၁)မတ်တန်သည် (၅)ပဲတန်သည် ပစ်၊ ချော်ဖြစ်လိမ့်မည်။ ယင်းချော်ဖြစ်လျှင် သံချောင်းနှင့် ရစ်၍ ဆွဲထုတ်ပြီးလျှင် ရေတွင်ချ၊ ကြေးနီ ချော်ကုန်မှတန်၊ ချော်နီ့,နက်ရ၏။

ရသော ချော်နှင့် **ရေသယံကောင်းကောင်း** ထုတ်ပြီးသား သံနှင့်ဆတူတွဲ၍ မီးသွေး(၆)ပြည်ကုန်အောင် တစ်လုံးစီ ထိုး။ လုံ့ရေ (၁၂၀)စေ့လျှင် သံသည် ရွှေနီဖလံသွေးဖြစ်၏။ တန်တော့။

သံလုံးကို မူလဆေးနှင့် ချုပ်ရန်မှာ **ကံ့ကော်ဝတ်ဆံ, လဲဝါစေ့,ဆီးချိပ်,ပျားရည်နှင့်ကြိတ်**၊ လုံ့အတွင်း ကုန်အောင်သုတ်၍ မီးပေါင်း။ လုံလုံးရေ(၆၀) ထိုးပြီးလျှင် ကျင်ရွှေ တစ်မူး,တစ်မူး ကျွေးမိလျှင် ယင်းကို ဘော်ကျင်း၊ ဘော်သည် (၇)မူး ရေဝါ၏။

ယင်းရွှေကျွေး၍ ဆတူကျော်လျှင် ပြာအန်၏။ ယင်းပြာကို သိမ်းထား၊ ဓာတ်လုံးကို ငုံ၍သွားရသော် ယူဇနာ(၃၀) တစ်နေ့တည်း ပေါက်၏။

ယင်းပြာကို ပျားရည်နှင့် စားသော် အာယုကပ်ကို ကျော်၏။ ထမင်း,ရေ ဆာလောင်မွတ်သိပ်ခြင်းမရှိ၊**(ရ–ယောက် ခြစ်ဖူးပြီ။)**

*တင်လှ(ဆ–မ–ငြိမ်း)*


www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

<u>Diseases to be applied</u>

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085


ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅


www.burmeseclassic.com

www.burmeseclassic.com



▲ (၆)ဦးသီလလိုဏ်ဂူ



▲ (၇)ဦးသီလလိုဏ်တွင်း ရုပ်ပွားတော်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

စစ်တောင်းရေအလျဉ် ဦးတင်ပူဇော်လာသည့်

# ရှေးကျောင်းတော် သာသနာရေမြေ (၂)

**ယခင်လမှ အဆက်**

**ဦးသီဟလိုဏ်ဂူ[ပုံ–၆]**

ဆရာတော်က လမ်းညွှန်အဖြစ် ထည့်ပေးလိုက်သည့် ကိုရင်ကလေးက ရွှေတိဂုံကိုယ်ပွား စေတီကြီး၏ အနောက်ဘက် မြစ်ကမ်းနဖူးသို့ ကွေ့ဝိုက်သွားရသည့် လမ်းကလေးအတိုင်း ဦးဆောင်ခေါ်သွားသည်။

မြစ်ပြင်ဆီသို့ မျက်နှာပြုထားသော လိုဏ်ဉမင်နှင့် မျက်နှာစာ၌ မြစ်ကမ်းခြေသို့ ဆင်းသွားသည့် စောင်းတန်းလှေကားကို တွေ့ရသည်။[ပုံ–၈]

စောင်းတန်းမုခ်ဦးသည် ရေမျက်နှာပြင်နှင့် တစ်လံသာသာမျှသာ ကွာဝေးသည်။

'အရင်တုန်းက အဲဒီရေလယ်မှာ သစ်ပင်ကြီးတစ်ပင်ရှိတယ်။ ဟိုဘက်မှာတော့ ထန်းပင်တောကြီး။ အဲဒါကြောင့် ထန်းတောရွာလို့ ခေါ်ကြတာတဲ့။

ဂူနဲ့ရွာကြားမှာ ရထားသံလမ်းရှိတယ်။ ဒီကနေ ရွာအရောက် ပြေးသွားရင် တမောပဲ။ လူကြီးတွေက တစ်ခေါ်သာသာ ဝေးတယ် ပြောကြတယ်'

ဆရာတော်က "ကိုရင်အာကာသ" ဟု ချစ်စနိုး အမည်ပေးထားသည့် ကိုရင်လေးက ပြောပြခြင်း ဖြစ်သည်။

ယခုခေါ် သစ်ပင်ကြီးနှင့် ထန်းတောများ၊ အိမ်ခြေများလည်း စစ်တောင်းမြစ်အောက် ရောက်ကုန်ကာ မြစ်ရေအလျဉ်က ကုန်းတော်အား ရစ်ဝိုက်ကာ ဦးခိုက် ကော်ရော်နေ





www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ ရှိ၏။

'အဲဒီမှန်ဦးလှေကားထစ်ကနေ ခြေချပြီး ရေကစားလို့ရရင် ဆက်မတိုးတော့ဘူး။ ရေတိုက်စားတာ ရပ်သွားမယ်လို့ ဆရာတော်ပြောတယ်'

ဆရာတော်သည် တစ်စုံတစ်ခုသော အာရုံနိမိတ်များအရ ဤသို့ မိန့်ကြားခြင်း ဖြစ်မည်ဟု ယူဆရသော်လည်း ကျောင်းပြန်ရောက်၍ မေးလျှောက်သောအခါ...

'ဘာရယ်မဟုတ်ပါဘူးကွာ။ ရွှေတိဂုံကိုယ်ပွားစေတီအုတ်မြစ်ချတော့ အောက်မှာ ဂဝံတစ်ထပ်နဲ့ အောက်ဆုံးမှာ လိပ်သဲကျောက်လွှာကြီး ခံနေတာတွေ့ရလို့ ရေမတိုက်စားတော့ဘူးလို့ ပြောတာကွယ့်'

ဟု မိန့်တော်မူသည်။

ဦးသီဟ လိုဏ်ဂူတွင်း၌ကား တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ **[ပုံ-၇]**ကို ပလ္လင်ခုံမြင့်မြင့် ပူဇော်ထားသည်ကို တွေ့ရ၏။ ပင်မဥမင်၏ ဝဲယာတွင် ဥမင်လိုဏ်ခန်းတစ်ခုစီရှိသည်။ လူတစ်ရပ် ကောင်းစွာ လွတ်၍ အကျယ်တစ်လံခန့်ရှိသည်။ တရားကျင့်ဂူများ ဖြစ်ဖွယ်ရှိသည်။

တစ်ဖက်ပိတ်လိုဏ် ဖြစ်သော်လည်း အသက်ရှူ မကျပ်၊ မမွန်းဘဲ လေဝင်လေထွက်ရှိဟန်တူသည်။ ပေ(၂၀)ခန့်ရှည်သော လက်ယာဘက် ဥမင်အဆုံးတွင် မြေပြိုခြင်း သို့မဟုတ် လူတို့ဆို့ပိတ်ထားခြင်း ဖြစ်ဖွယ်ရှိသည်။ မြေသားများ မညီမညာနှင့် လေတိုးပေါက်ငယ်များ တွေ့ရသည်။

'ဘုန်းဘုန်းကြီးဦးသီလ နေတုန်း က ဒီဥမင်ကနေ ကျိုက်ထီးရိုးဘုရားဖူးသွားသတဲ့။ နောက်မှ လူတွေပိတ်လိုက်ကြတယ် ပြောတယ်။ ဆရာတော်ရောက်လာတော့ ပိတ်နေပြီတဲ့'

**လွန်ခဲ့သော (၄၅)နှစ်ခန့်ကပင်** ပိတ်ဆို့ခဲ့ကြသည်ဟု ယူဆရသည်။

ဥမင်ဝအထက်၊ မြောက်ဘက်အနီးတွင် ဦးသီလ သီတင်းသုံးစဉ်က သိမ်တော်ရှိခဲ့သော်လည်း တောင်စောင်းမြေပြို၍ သိမ်မှာလည်း ပြိုပျက်သွားလေရာ လက်ရှိဆရာတော်က ဦးသီလကျောင်းတော်ရာ၌ သိမ်အသစ်ဆောက်လုပ်ထားကြောင်း သိရ၏။



◆ (၈)ဦးသီလလိုဏ်ဂူရှေ့မှ တောင်တက်လှေကား

## ကျောင်းတော်ဦးစေတီ[ပုံ-၉]

လိုဏ်ဂူမှ ပြန်တက်ခဲ့ရာ ကုန်းပေါ်အရောက်တွင် ကိုးတောင်ပြည့်စေတီတစ်ဆူကို ဖူးတွေ့ရသည်။ ဦးသီလ တည်ထားကိုးကွယ်ခဲ့သော စေတီဖြစ်သည်။

ရှေးယခင် ထန်းတောရွာရှိစဉ်က ကုန်းမြင့်အထက်၊ ကျောင်းအနီး၌ ဖူးတွေ့ရသဖြင့် "ကျောင်းတော်ဦး" စေတီတွင်ကြောင်း သိရသည်။

ရဟန္တာပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်သော ဘုန်းတော်ကြီးဦးသီလ တည်ထားကိုးကွယ်ခဲ့သည့်စေတီဖြစ်ရာ ဆုတောင်းပြည့်ဝသည်ဟု ယုံကြည်ကြသည်။

ကျောင်းတော်ဦးစေတီ ဘွဲ့အမည်ရှိသဖြင့် လုပ်ခလစာ အဦးအဖျားဖြင့် ဒါနကုသိုလ်ပြုကာ လိုရာဆုပန်ကြသည်။

**ဘုန်းတော်ကြီး ဦးသီလ၏ အဓိဋ္ဌာန်စေတီတော်**ဖြစ်ရာ ဤသို့ ဆုတောင်းပြည့်ဝခြင်း ဖြစ်ကြောင်း ကြားသိရသည်။

ယခုအခါ မြစ်ရေတိုက်စားမှုကြောင့် စေတီတည်ရာ ကုန်းတော် အနောက်ဘက်အခြေသို့ ရေအလျဉ်ဦးခိုက်လျက် ရှိနေပြီဖြစ်သည်။

ရေလယ်စေတီများအပါအဝင် ရေအလျဉ်ဦးတိုက်သော စေတီတော်များတွင် ရန်ငြိုး၊ ရန်မာန်ပြေ ချစ်ခင်စည်းလုံးခြင်း၊ မောင်နှမသားချင်း မိတ်ဆွေများ အချင်းချင်း စိတ်သဘောညီညွတ်ခြင်း၊ မိသားစု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွင်း စည်းလုံးမှု စသည်တို့အတွက်ဆုပန်ခြင်းပြည့်ဝစေသည်ဆို၏။

အာပေါဓာတ်၏ ယိုစီးခြင်း တစ်သားတည်း မကွဲမပြားရှိခြင်းသဘောများကြောင့် ဖြစ်ကြောင်း ဆရာအရှင်ပညာဒီပက မိန့်တော်မူခဲ့ပေသည်။





www.burmeseclassic.com

www.burmeseclassic.com

## ထိုင်းမယ်တော်ရုပ်တု[ပုံ-၁၀]

ကျောင်းတော်ဦးစေတီမှ တောင်ဘက်သို့ လျှောက်ခဲ့ရာ ကမ်းနားစွန်းတွင် ပုဆစ်ဒူးတုပ်ထိုင်နေသည့် အမျိုးသမီးရုပ်တုကို အဆောင်နှင့်တကွ ပူဇော်ထားသည်။ "ကိုရင်အာကာသ" က **ထိုင်းမယ်တော် "ဆုပန်ကလျာ"** ရုပ်တုဖြစ်သည်။

ထိုင်းဘုန်းကြီးတစ်ပါး ကြွရောက်၍ တရားအားထုတ်ရာမှ နိမိတ်အာရုံရသဖြင့် ဆရာတော်အား လျှောက်ထားပြုလုပ်ခဲ့သော ရုပ်တုဖြစ်ကြောင်း ပြောပြသည်။

ထိုင်းမင်းသမီး ဆုပန်ကလျာသည်ကား ဒုတိယမြန်မာနိုင်ငံတော်ကို စည်းလုံးထူထောင်ခဲ့သော ဘုရင့်နောင်(ခေါ်) ဟံသာဝတီမင်းတရားကြီး၏ မိဖုရားတစ်ပါးဖြစ်သည်။ ပိဿလောက်မြို့စား **"ဖြမဟာဓမ္မရာဇ"**နှင့် **"ဖြဝိသုဒ္ဓိကေသထရီ"**တို့၏ သမီးဖြစ်သည်။ "ဖြသဝဏ်"ဟုလည်း တွင်၍ မောင်ငယ် "ဖြနရစ်" နှင့် "ဖြကေထို့စလို့" ဟူ၍ နှစ်ပါးရှိ၏။

ထို မင်းမောင်နှမသုံးဦးကို ထိုင်းတို့က သူရဲကောင်းအဖြစ် သတ်မှတ်လေးစားကြသည်။

- ❖ **ဆုပန်ကလျာ**(ဖြသဝဏ်)ကို ရွှေမင်းသမီး Golden princess
- ❖ **ဖြနရစ်**ကို မဟူရာမင်းသား Black prince
- ❖ **ဖြကေထို့စလို့**ကို အဖြူရောင်မင်းသား Whiteprince

ဟု ခေါ်ဝေါ် သတ်မှတ်ကြသည်။

အေဒီ ၁၅၆၃ ခုနှစ်တွင် ဘုရင့်နောင်မင်းကြီး ယိုးဒယား(ထိုင်း)သို့ စစ်ချီရာ ပိဿလောက်သို့ အရောက်တွင် အယုဒ္ဓယဘုရင်က ခြေဖဝါးတော်အောက် သစ္စာခံလာသဖြင့် အလိုတော်ပြည့်ခဲ့၏။



(၉)ဦးသီလကိုကွယ်ပူဇော်ခဲ့သည့် ကျောင်းတော်ဦးစေတီ

(၁၀)ထိုင်းမင်းသမီး ဖြသဝဏ်ခေါ် ဆုပန်ကလျာမိဖုရား



မင်းကြီး ပြည်တော်ပြန်သောအခါ ပိဿလောက်မြို့စား၏ သားကြီး **"ဖြနရစ်"**(၉ နှစ်သားအရွယ်)ကို သားအမှတ်ဖြင့် မွေးစားရန် ခေါ်ယူခဲ့သည်။

**"ဖြနရစ်"**သည် ဟံသာဝတီတွင် မင်းကြီး၏ မြေးတော်များနှင့်အတူ အဌရသပညာများ သင်ယူခွင့်ရကာ မွန်-မြန်မာစကားများလည်း ကောင်းစွာ တတ်ကျွမ်းခဲ့သည်။

၁၅၆၉ ခုနှစ်တွင် အယုဒ္ဓယဘုရင် ပုန်ကန်သဖြင့် ဘုရင့်နောင်မင်းကြီး ယိုးဒယား(ထိုင်း)သို့ ကြွရောက်ရာ ခမည်းတော် ပိဿလောက်မြို့စားနှင့်အတူ "ဖြနရစ်"သည်လည်း ရှပ်ရှပ်ချုံချုံ တိုက်ခိုက်ပေးခဲ့သည်။

အာယုဒ္ဓယကို အောင်နိုင်သောအခါ ဘုရင့်နောင်မင်းကြီးက ပိဿလောက်မြို့စား ဖြမဟာဓမ္မရာဇာအား **"ချောင်ဖစောင်ခွေ"** (စော်ဘွားသောင်ကျည်)ဟူသော ဘွဲ့ဖြင့် အယုဒ္ဓယ ဘုရင်မြှောက်သည်။

စော်ဘွားသောင်ကျည်က (၁၇)နှစ်အရွယ် **သမီးတော် ဆုပန်ကလျာခေါ် ဖြသဝဏ်ကို** မင်းကြီးအား ဆက်သခဲ့

www.burmeseclassic.com



◄ (၁၁)လွမ်းစေတီ



(၁၂)နဂါးတွင်းဝ ဝန်းကျင် ►

သည်။ မြနရစ်သည်လည်း ဝိသာလောက်မြို့ကို စားရ၏။

သို့ဖြစ်လေရာ "ဆုပန်ကလျာ"ခေါ် "မြသဝဏ်ဒေဝီ"မိဖုရားသည် ထိုစဉ်က ရေမြေတစ်စပ်တည်းဖြစ်သော မွန်၊ မြန်မာ၊ ယိုးဒယား(ထိုင်း)တို့ ကြည်ညိုလေးစားခြင်းကို ခံယူရသည့် ဒေဝီဖြစ်ခဲ့လေသည်။

ယခုအခါ ယိုးဒယား(ထိုင်း)နိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြသူ များစွာ ရှိလေရာ ဤမယ်တော်(ဒေဝီ)ထံ ကောင်းမှုအမျှဝေ၍ ဆုပန်ခြင်းဖြင့် ဆန္ဒပြည့်ဝကြသည်ဟု သိရပေသည်။

## နဂါးတွင်း

ဆုပန်ကလျာ နန်းဆောင်မှတောင်ဘက် ကွက်လပ်သို့ ထွက်ခဲ့ရာစေတီငယ်တစ်ဆူမှာ "လွမ်းစေတီ"[ပုံ–၁၁]တွင်ကြောင်း သိရ၏။ နောက်ခံဖြစ်စဉ်တော်ကို မူမသိခဲ့ရပေ။

ထိုကုန်းတော်[ပုံ–၁၂]မှ မြစ်ကမ်းခြေသို့ ဆင်းခဲ့ရာ တောင်ဘက်အစွန်တွင် "နဂါးတွင်း"ဟု ခေါ်ကြသည့် ဥမင်ဝ တစ်ခုကို တွေ့ရသည်။

ဘုန်းတော်ကြီးဦးသီလရှိစဉ်က ကြီးမားလှသော မြွေကြီး(နဂါးတစ်ကောင်)သည် ဆရာတော်သီတင်းသုံး အားထုတ်ရာ ဥမင်သို့ ဝင်ရောက်ကာ နေ့စဉ် ဂါရဝပြုလေ့ရှိသည်။

ဆရာတော် ပေါကြားဆုံးမသည်များကို နာခံ၍ လူပရိသတ်တို့ အသံကြားသောအခါ...

'ကဲ...ဒကာမ လူတွေမြင်ရင် ကြောက်ကြလိမ့်မယ်။ နင့်နေရာကို ပြန်တော့'

ဟု မိန့်ကြားလျှင် ဤဥမင်သို့ ဝင်ရောက်သွားလေ့ရှိသည် ဆို၏။ (ဦးသီလ၏ ကျောင်းသား ဦးမောင်ဖမှအဆင့်ဆင့် သိရှိမှတ်သားရခြင်း ဖြစ်သည်။)

အဆိုပါမြွေကြီးမှာ မရှိတော့သော်လည်း လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က မြွေကြီးနှစ်ကောင်က ဆရာတော် (အရှင်နန္ဒမာလာ)ထံ အိပ်မက်ဖြင့် လျှောက်ထားကြသည်။ ဆရာတော်က ခွင့်ပြုတော်မူပြီးနောက် မြွေကြီးနှစ်ကောင်ကို ဤ ဥမင်၌ ထူးဆန်းစွာ တွေ့ရသည်ဆို၏။

ယင်းနောက် မကြာမတင်ကာလတွင် ဒါယကာအချို့က မြွေကြီးတစ်ကောင်ကို လာရောက် ပို့ဆောင်ပေးကြသည်။

သို့သော် ထိုမြွေကြီးမှာ အသား(ကြွက် စသည်) စားသဖြင့် အဝေးသို့ ပို့ဆောင်လိုက်ရသည်ဟု ကိုရင်က ပြောပြသည်။

ဥမင်အဝ အထက်တွင် တင်ပျဉ်ခွေ ရုပ်ပွားတော်သုံးဆူ ပူဇော်ထား၍ ဥမင်ဝတွင် "နဂါးဘိုးတော်"[ပုံ–၁၃] ရုပ်တုတစ်ခု ပြုလုပ်ထားသည်။ ရုပ်တုရှေ့တွင် ရေကန်ငယ်ရှိသည်။ ကိုရင်အာကာသက...

'ဒီဘိုးတော်ရုပ်တုက ဘယ်လိုပြပြင်ယဉ်တော်ရုပ်နဲ့ တူနေတာနဲ့ ဒီအတိုင်းထားရတယ်'

ဟု ပြောသည်။ အပြင်ဘက်တွင် တစ်လက်မ သံဆန်ကာဖြင့် လုံခြုံစွာ ကာရံထားသည်။

မြွေကြီးတစ်ကောင်သည် ဘိုးတော်



www.burmeseclassic.com

www.burmeseclassic.com



▲ (၁၃)တွင်းဝမှ ဘိုးတော်ရုပ်

▼ (၁၄)ဘိုးတော်ရုပ် နောက်အခြေမှ မြေတာစိစိတ်တာစ်ဆေသ





▲ (၁၅)ရှင်ဘုရင်စေတီ

ရုပ်တုနောက်ဘက် အောက်ခြေ၌ ခွေလျက်ရှိကာ ကျန်တစ်ကောင်မှာ ဖလားတင်ထားသော ခုံအောက်တွင် ရှိနေ၏။

နှစ်ကောင်စလုံး ငြိမ်သက်နေ၍ အလင်းရောင် အားနည်းသဖြင့် စူးစိုက်ကြည့်မှ အနည်းငယ်မှ မြင်ရသည်။ လုံးပတ်မှာ လက်မောင်းလုံးနီးပါးခန့် ရှိမည်ဟု ခန့်မှန်းရသည်။ [ပုံ-၁၄]

နို့နှင့် အသီးအနှံများ တိုက်ကျွေးရသည်ဆို၏။


## နှုတ်ဆက်ဂါရဝ

နဂါးတွင်းမှ ပြန်တက်လာ၍ ဆရာတော်ကျောင်းဆီသို့ ပြန်လာခဲ့ရာ ကုန်းထိပ်တွင် ပုံစံထူးခြားသည့် စေတီ



www.burmeseclassic.com

www.burmeseclassic.com



▲ (၁၆)တည်ဆောက်လက်စ မင်းတစ်ရာ့တစ်ပါးစေတီ

▼ (၁၇)ဦးသီလ ကျောင်းတော်ရာသိမ်



တစ်ဆူ ဖူးတွေ့ရသည်။

ရှင်ဘုရင်စေတီ[ပုံ–၁၅]ဘွဲ့မည်ရှိ၍ နောက်ခံဖြစ်စဉ်တော်ကို မသိရပေ။ အောက်ခြေအဝိုင်းပုံ တိုက်မနှစ်ဆင့်ခံ၍ အထက်တွင် စေတီကြီးတစ်ဆူ၊ **အရံစေတီ(၈)ဆူ** ပူဇော်ထားသည်။

အထက်ထပ်တွင် အဝိုင်းပုံ လသာဆောင်(ဝရန်တာ)ရှိ၍ နံဘေးမှ ကြောင်လိမ်လှေကားဖြင့် တက်ရသည်။

လှေကားတွင် မြွေကြီးနှစ်ကောင် ပါးပျဉ်းထောင်၍ တစ်ဖက်တစ်ချက်စီရံထားသည်။ ဦးသီလလက်ထက်က ပင်ရှိခဲ့သော'နဂါးခေါ် မြွေကြီးများနှင့် ဆက်နွှယ်ပုံရလေသည်။

ထိုမှ အရှေ့ဘက်တွင် မင်းတစ်ရာ့တစ်ပါးစေတီ တည်ဆောက်ဆဲ အခြေအနေကို မြင်ရသည်။ ရှစ်မြှောင့်အဌဂံ မဏ္ဍိုင်ခံ[ပုံ–၁၆]၌ ရုပ်ပွားတော်များ ပတ်လည်ဝန်းရံထားသည်။ ရုပ်ပွားတော်တစ်ဆူလျှင် မရေတွက်နိုင်အောင် များပြားသော ရုပ်ပွားဆင်းတုငယ်များကို တန်ဆာဆင် မွမ်းမံထားမည် ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ကျောင်းဆောင်တွင်းဝင်၍ ဆရာတော်အား နှုတ်ဆက်ကန်တော့သည်။ လာရောက် ဖူးမြော်သူပရိသတ် အတန်များနေသဖြင့် ဘုရားစေတီအချို့၏ နောက်ခံဖြစ်စဉ်တော်ကို မေးမြန်းရန် အခွင့်မသာခဲ့ချေ။

ဆရာတော်သည် လက်ပံခါးကဲ့သို့ ရှားပါး၍ အစွမ်းထက်သော ဆေးဖက်ဝင် ပစ္စည်းများကို အသုံးပြုကာ ဝေဒနာရှင်များအတွက် အာယုဒါန ကုသိုလ်ပြုလျက်ရှိကြောင်း သိရ၏။ **ဗိန္ဓာဝရုနယဆိုင်ရာဝေဒနာများ (အရပ်အခေါ် ပယောဂဝေဒနာ)**များကိုမူ သိသာပိုင်နိုင်စွာ ကယ်မပေးနိုင်သည်ဟု ကြားသိခဲ့ရ၏။

ဆရာတော်အား ဝတ်ဖြည့်ပြီးနောက် ပြန်လာရာ ကုန်းတော်အရောက်တွင် သိမ်တော်ကို မှတ်တမ်းပြု ကြည်ညိုခဲ့သည်။

**[ပုံ–၁၇]** ဆရာတော်ဦးသီလ သီတင်းသုံး(ဆွမ်းဘုဉ်း)ရာ ကျောင်းတော်ရာ၌ မူလပျဉ်ထောင်ကျောင်း ပြိုပျက်သွားသဖြင့် တရားကျင့်လိုဏ်ဂူအထက်ရှိ ပြိုပျက်သွားသော သိမ်တော်အစား ထပ်မံတည်ဆောက် သမုတ်ခဲ့သည့် သိမ်တော်ဖြစ်သည်။

## မြေပမာ ကျင့်ဆောင်ရာ

ယင်းနောက်တွင် ကုန်းတော်ရှိ စေတီ အဆူဆူအား အာရုံပြု ဦးခိုက်၍ ကုန်းတော်နေ ဝေနေယျသတ္တဝါအားလုံးသို့ မေတ္တာပို့ အမျှပေးဝေခဲ့သည်။

ရွှေဂူကုန်းတော်သည်ကား မြွေကြီးများက အထူးပြု ပူဇော်လေ့ရှိသော ထူးခြားသည့် သာသနာမြေဖြစ်လေသည်။

စာမျက်နှာ (၈၇) သို့

www.burmeseclassic.com

အိမ်မြေ

# အခိုက်ပြေရှင်းနည်း



သိပ္ပံပညာ၊ ထွန်းကားနေသော ခေတ်ကာလတွင် ရှေးရိုးပညာများကို လက်တွေ့ မဟုတ်ဘဲနှင့် ယုံကြည်လက်ခံကြမည် မဟုတ်ပေ။

အဖွဲ့အစည်းအမျိုးမျိုး၊ ဂိုဏ်းဂဏ အမျိုးမျိုးရှိခဲ့ဖူးသော ကျွန်တော်တို့ နိုင်ငံတွင်ပညာရှင်များ၊ ဆရာ့ဆရာကြီးများ၊ ရသေ့ရှစ်သောင်း၊ ဆရာအပေါင်းတို့ ကလက်ဆင့်ကမ်း၊ အမွေပေးခဲ့သော ဂမ္ဘီရဆန်သည့်နည်းနိဿယများ ရှိခဲ့ပေသည်။

အချို့သော ပညာရပ်များသည် မြေမြှုပ် သင်္ဂြိုဟ်ခံခဲ့ရ၏။ ပညာကို သေရွာသို့ ယူသွားသူများကြောင့် ဖြစ်၏။


အချို့သော ဆရာ,ဆရာမများသည် မိမိ၏ လက်ဆင့်ကမ်းအမွေနှင့် ထိုက်တန်မည့်သူကို ရှာဖွေမရ၍ ပညာကို သေရွာသို့ ယူသွားခဲ့ကြပေသည်။ နှမြောစရာ ကောင်းလှပေစွ။

ထိုထိုသော ပညာရပ်များတွင် **အိမ်ခိုက်ခြင်း၊ မြေမသန့်ခြင်း၊ သူတစ်ပါးက ပညာရပ်တစ်ခုခုဖြင့် ပြုလုပ်ထားခြင်းများရှိသော်** ထိုအခိုက်အတန့်များ ပြေစေရန် တန်ဖိုးရှိသည့် ပညာရပ်များ ထားရှိခဲ့ကြပါသည်။ အမွေကောင်း၊ အမွေမွန်အဖြစ် ချန်ရစ်ခဲ့ကြပါသည်။

**ထိုနည်းမှာ...**

သံပန်းကန်တွင် သဲထည့်ပြီး အာရုံစုစည်းကာ အောက်ပါစမကို ရေးဆွဲပါ။

***




**ရွတ်ဖတ်ရန်...**

ဥုံဘုရားဟူက မောက္ကလူ (၂၄)
ဥုံတရားဟူက ဘာလီကွေး (၇၅)
ဥုံသံဃာဟူက သံချပ်ဝတ် (၆၇)
မူတင်တေရေအ (၁၃)

ဟု ဂဏန်းများ ရေးသွင်းစဉ် ရွတ်ဖတ်ပါ။

'ဥုံဘုရားဟူက မောက္ကလူ (၂၄)၊ ဥုံတရား ဟူက ဘာလီကွေး (၇၅)၊ ' ဥုံသံဃာဟူက သံချပ်ဝတ်(၆၇)၊ မူတင်တေရေအ (၁၃)၊ ကျင့်သုံး တည်ဆောက်တော်မူသော၊ အရှင်မဟာကဿပ၊ ကိုန်းစက်တော်မူသောအခါ ဂုန္တ အမုဓို ဩကာသေ တိဌာဟိ၊ ဝေမေဝံ ဝါယာမိ၊ သောညတ္တိ၊ ဥုံ အရှေ့က ဘုရား။ ဥုံ အနောက်က တရား။ ဥုံတောင်က ပစ္စေကဗုဒ္ဓါ၊ ဥုံမြောက်က ရဟန္တာ၊ ကာဆရာကာ၊ ကွယ်ဆရာကွယ်'

(၉)ခေါက်ရွတ်ပြီးမှ ထို**သဲမန်း**ကို အိမ်မြေ အခိုက်ပြေအောင် ပက်ဖျန်းနိုင်ပါကြောင်း စေတနာရှေ့ထား ရေးသား တင်ပြလိုက်ရပေသည်။

**ဂမ္ဘီရ အောင်ခေတ်မင်းနိုင် (မုဒုံ)**

**စာမျက်နှာ (၈၆)မှ အဆက်**

သို့ဖြစ်၍ အရှင်နာဂသိန်၏ မြေ ဥပမာ အ[illegible]ဖြေရှင်းတင်ဆက်ခဲ့လေသည်။

၁။ မြေသည် ရင်ဖြင့်သွားလာသကဲ့သို့ **တရားဓမ္မအား ကျင့်ကြံသူသည်** ပညာဖြင့်သာ သွားလာရသည်။ စိတ်သည် မှုပါရုံ၌ မကျက်စားဘဲ ဖောက်ပြန်သောအမှတ်ကို ရှောင်ကြဉ်ကာ သဘောတရားလက္ခဏာ ရှိသည်ကို ပွားများစေအပ်၏။

၂။ မြွေသည် အဆိပ်နိုင်စေတတ်သော ဆေးကို ရှောင်ကြဉ်သကဲ့သို့ တရားလိုလား ကျင့်ကြံသူသည်လည်း **မကောင်းသောအစရိုက်ကို** ရှောင်ကြဉ်ရသည်။

၃။ မြွေသည် လူကိုမြင်သော် ပူပန်စိုးရိမ်ခြင်းရှိ၍ အကြံရှိသကဲ့သို့ တရားရှာသူသည်လည်း မကောင်းသော စိတ်အကြံအတွေး၌ မွေ့လျော်ခြင်း ပမာဒတရားဖြင့် နေ့နေ့ညည ကုန်လွန်စေခဲ့ပြီ။ ထိုပမာဒတရားကို တစ်ဖန်ရခြင်းငှာ မဖြစ်စေရန်ပူပန်စိုးရိမ်၍ကြံစည်အပ်၏။

ဤသို့လျှင် မြွေအင်္ဂါသုံးရပ်ကို အကြောင်းပြု တည်မှီ၍ တရားအသိထူးခြင်းငှာ ကျင့်ကြံသင့်ကြောင်း အရှင်နာဂသိန်မထေရ်ကမိလိန္ဒမင်းကြီးအား မြွက်ကြားတော်မူခဲ့လေသည်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ စစ်တောင်းမြစ်ကမ်းနဖူးမှ **"ရွှေဂူကုန်း"** တော်သည် ရဟန္တာပုဂ္ဂိုလ်ထူး တစ်ပါးဖြစ်သော ဦးသီလ၏ ကျင့်ကြံအားထုတ်ခဲ့ရာနေရာ ဖြစ်သည့်အပြင် လက်ရှိဆရာတော် အရှင်နန္ဒမာလာ၏ လုံ့လဥဿာဟကြောင့် ဘုရားစေတီ သာသနိက အဆောက်အအုံများ ပေဆာစည်ပင်စွာဖြင့် ပြန်လည်ပွင့်လင်း ထွန်းကားနေသည်ဖြစ်ရာ သာသနာတော်အတွက် ဝမ်းမြောက်သာမုခေါ်ရပေသည်။

ရွှေဂူကုန်းဆရာတော် အရှင်နန္ဒမာလာသည် (သက်တော် ၇၉နှစ်)အား ရှိသေစွာ ကန်တော့အပ်ပါသည်ဘုရား။

**ဘုန်းကျော်စွာ (မြိုင်တဲ့သိုလ်)**


www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်–၃/၂၀၀၄၊
တာဆာလ (၁၂၅၁)]



မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုးအမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေဖောက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ကျပ်ခြင်းတို့ဟာ သီတနဲ့ဥတု ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်–(၁၉၂) ဖရော်(ဂ)လမ်း (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၃၅၂၂၅၊ ၀၉ ၂၅၀၁၁၅၀၈၇။

မြောင်းမြ မောင်ယုဦးတင့်

www.burmeseclassic.com

www.burmeseclassic.com

### စစ်သည်ဗိုလ်ပါအပေါင်း

### တည်ထားကိုးကွယ်သော

### တပ်လှန့်စေတီတော်

အေဒီ ၁၀၄၄ ခုနှစ်၊ အနော်ရထာမင်းစော ပုဂံပြည်ကို စိုးမိုးအုပ်ချုပ်သောအခါ ဥသာပဲခူးတွင် ဂျွမ်းစစ်သည်များ လာရောက် ဝိုင်းရံထားကြောင်း၊ ဥသာဘုရင်က အကြောင်းကြားလာခဲ့သည်။ အနော်ရထာမင်းက ကျန်စစ်သားဦးစီးသော တပ်တော်များကို ရေကြောင်း၊ ကြည်းကြောင်းခွဲ၍ ချီတက် စစ်ကူပေးခဲ့သည်။

ရေကြောင်းမှ စစ်သည်များသည် ဖောင်တော်ကြီးပေါ်တွင် ဆင်မြင်းလက်နက်ရိက္ခာများ တင်ဆောင်လျက် စလေပခန်းငယ်ကို ဖြတ်ပြီး မကွေးမြို့တွင် တပ်စွဲထားကြသည်။

ထိုမှတစ်ဆင့် မြင်းသည်တော်များသည် မိတ္ထီလာမှ ချီတက်လာသော ကြည်းကြောင်းနှင့် ပူးပေါင်းကာ ဥသာပဲခူးသို့ တိုက်ခိုက်ခဲ့ကြသည်။

မကွေးမြို့တောင်ဘက် နှစ်မိုင်အကွာရှိ မြင်းတပ်များချထားရာနေရာကို မြင်းကင်းအရပ်ဟု ခေါ်တွင်စေပြီး ထိုမှ မြောက်ဘက်ကင်းစခန်းတည်ရာ နေရာကိုကင်းရွာဟု သမုတ်ခဲ့ကြသည်။

ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်သော အနော်ရထာမင်း၏ တပ်များသည် မြင်းကင်းအရပ်တွင် တပ်စွဲကြ၍ နှစ်နှစ်ခန့်ကြာသောအခါ စစ်သည်တော်များမှာ မိမိတို့နေရပ် ပုဂံပြည်သို့ လွမ်းဆွတ် သတိရလာကြသည်။


**ထိုကြောင့်မှူးမတ်ဗိုလ်ပါစစ်သည်တို့က မြင်းကင်းအရပ်တွင် တပ်တော်ကြီး တိုလှန့်၍ အောင်ပွဲခံပါစေကြောင်း ဆုတောင်းလျက် တပ်လှန့်စေတီတော်နှင့် အခြားစေတီတော်သုံးဆူကို တည်ထား**



မြန်မာပြည်အရပ်ရပ်မှ ထူးခြားသော

# လျှို့ဝှက်သောင်မြေနှင့် နေရာထူးများ

ဓာလှနွယ်
(မကွေး)



◆ တပ်လှန့်စေတီတော်ဘုရားကြီး၏ ထူးခြားချက်



www.burmeseclassic.com

www.burmeseclassic.com




တပ်လှန်စေတီဘုရား၏ ထူးခြားချက် ရှေးဟောင်းစစ်သည်တော်ရုပ်ထုများ

**ကိုးကွယ်ခဲ့ကြခြင်း ဖြစ်ပေသည်။**

တပ်လှန်စေတီတော်၏ ထူးခြားချက်မှာ အထက်ဖောင်းရစ်တော်တွင် ဘီလူးပန်းဆွဲ (၄)ရုပ်၊ မုတ်ဆိတ်ဘီလူး(၄)ရုပ်၊ အထက်ပစ္စယံအဆင့်တွင် ရွှေအိုးကြီး(၄)လုံးအလယ်ပစ္စယံအဆင့်တွင် ရွှေအိုးကြီး(၄)လုံး ဘုရားအုတ်မြစ်တော်သို့ တက်ရောက်ရာ နေရာ အောက်ခြေမြောက်ဘက်တွင် နေပြည်တော်စစ်မှုထမ်းရုပ် (၂)ရုပ်ကို သွန်းထုခဲ့သည်။

**နေပြည်တော်မင်းမှုထမ်းရုပ် (၂)ရုပ်တွင် အရှေ့ဘက်အရုပ်မှာ လက်ဝဲဘက်လက်ကို ရင်ညွန့်ပေါ်တင်၍ မျက်စိမှိတ် ငိုကြွေးဟန်ရှိပြီး အနော်ရထာမင်း၏ တပ်မတော်ကြီး စစ်ချီတက်လာသည်မှာ ကြာမြင့်လှပြီဖြစ်သောကြောင့် ပုဂံပြည်ကို လွမ်းဆွတ်ကြောင်း အဓိပ္ပာယ် ပေါ်လွင်သည်။**

အနောက်ဘက်အရုပ်တွင်မူ ယာ



လက်ကိုမြှောက်၍ ရွှင်ပျသောဟန်ပန် အမူအရာကို တွေ့မြင်ရသဖြင့် စစ်အောင်ပွဲရသဖြင့် အောင်လံလွှင့်ထူပြီး ပုဂံနေပြည်တော်သို့ ပြန်မည့်အတွက် ဝမ်းသာပီတိဖြစ်နေပုံကို ဖော်ကျူးထားခြင်းဖြစ်သည်။


ထို့ကြောင့် အနော်ရထာမင်းလက်ထက်က မှူးမတ်စစ်သည်ဗိုလ်ပါများ တည်ထားကိုးကွယ်ခဲ့သော တပ်လှန်စေတီတော်သို့ ဖူးမြော်လိုပါက မကွေး





www.burmeseclassic.com

www.burmeseclassic.com



ရာဇမုနိစေတီတော်

မြို့ နစ်မိုင်အကွာရှိ မြင်းကင်းကျေးရွာသို့ သွားရောက်ဖူးမြော်နိုင်ကြောင်း အကျိုးမျှော်၍ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

## မင်းတုန်းမင်း တည်ထား ကိုးကွယ်သော ရာဇမုနိစေတီတော်

မြန်မာသက္ကရာဇ် **၁၂၂၅ ခုနှစ်က ရတနာပုံ ရွှေနန်းတည်ဘဝရှင် မင်းတုန်းမင်းတရားကြီးသည်** မကွေးမြို့စား မဟာမင်း လှမင်းခေါင်အား မကွေးမြို့တွင်အစီအရင်ဂမ္ဘီရဖြင့် ထုံမွမ်းသော စေတီတော်တစ်ဆူကို တည်ထား ကိုးကွယ်စေသည်။

ထို့ကြောင့် ရဟန္တာဓာတ်တော်များကို ဌာပနာတော်မူပြီး **"ရာဇမုနိ" ဘွဲ့တော်ဖြင့်** ကိုးတောင်ပြည့်စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြသည်။

အဆိုပါ ရာဇမုနိစေတီတော်သည် နှစ်ပရိစ္ဆေဒ ကြာမြင့်သောအခါ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်ပြီး ကိုးကွယ်သူမရှိ ဖြစ်လာခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်ခေတ်တွင် ရာဇမုနိစေတီတော်တည်နေရာ၏ မြောက်ဘက်တွင် ဆောက်လုပ်ရေးစခန်းကြီး တစ်ခု တည်ရှိလာခဲ့သည်။ မျက်နှာဖြူအရေးပိုင် အုပ်ချုပ်ပြီး ထိုအရေးပိုင်သည် မြန်မာအမျိုးသမီး ဒေါ်ဖျိုင်းနှင့် အိမ်ထောင်ပြုခဲ့သည်။

ဒေါ်ဖျိုင်းသည် ချုံနွယ်ပိတ်ပေါင်း ဖုံးအုပ်နေသော စေတီတော်ကို တွေ့ရှိရာမှ ရှင်းလင်းပြီး ကိုးကွယ်မှု ပြုခဲ့သည်။ စေတီတော်ကိုလည်း ဉာဏ်တော် တစ်ဆယ့်သုံးတောင်အထိ မြှင့်တင်ကိုးကွယ်ခဲ့သည်။

ခင်ပွန်းဖြစ်သူ မျက်နှာဖြူအရေးပိုင် သိရှိသောအခါ ဒေါ်ဖျိုင်း၏ ရှင်းလင်းချက်အရ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်လာပြီး ထိုနေရာကိုဝတ္တကံမြေ သတ်မှတ်စေခဲ့သည်။ ရာဇမုနိစေတီတော် ပရိဝုဏ်အတွင်း နယ်ချဲ့ မျက်နှာဖြူများ ဖိနပ်မစီးရန် တားမြစ်ပေးခဲ့သည်။

ထိုအချိန်မှစတင်၍ ဘဝရှင်မင်းတုန်းမင်း ကိုးကွယ်ခဲ့သော ရာဇမုနိစေတီတော်အား လက်ဆင့်ကမ်းပြုပြင် ထိန်းသိမ်းလာခဲ့ရာ ယနေ့တိုင်ပင် ဖြစ်ပေတော့သည်။

**ရာဇမုနိစေတီတော် ပရိဝုဏ်အတွင်း၌ ရာထူးတိုးလိုသူများ၊ စီးပွားဥစ္စာရလာဘ်တိုးတက်အောင်မြင်စေလိုသူများ၊ တရားအားထုတ်လိုသူများ၊ အဓိဋ္ဌာန်ပုတီးစိပ်သူများဖြင့် ညစဉ်ညတိုင်း စည်ကားသိုက်မြိုက်စွာ ဖူးမြော်မပျက်ရှိကြကြောင်း စာရေးသူကိုယ်တိုင် မြင်တွေ့ သိရှိရသည်။**

**စောလှနွယ် (မကွေး)**

www.burmeseclassic.com

ဆရာ မင်းသွန်းအာ


(၁၂)လရာသီ နက္ခတ်ဓာတ်စာ

(2017-June လအတွက်)

# နယုန်လ

## မေထုန်ရာသီ (Gemini)





# နက္ခတ်ဓာတ်စာ

### ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ



**"ကဆုန် နယုန် ရေ့ရေ့ချုန်"...**
**"နယုန် မိုးသေး မြက်သားမွေး"**
ဆိုထားသလို နယုန်လ မေထုန်ရာသီ၏ ရှေ့ပိုင်း ပထမ၊ ဒုတိယ ရက်ပတ်အတွင်း မိုးမရွာ,လေမတိုက်,ပူအိုက်ချက် ပြင်းလှပါသည်။

သို့သော် နယုန်လ၏ နှောင်းပိုင်းရက်များမှာတော့ မိုးသက်လေညင်းလေးများတိုက်ခတ်လာပြီး မိုးနှံ့မိုးသေး, မိုးဖွဲကလေးများက ပါလာကြသည်။

မိုးမြေနှံ့ သင်းသင်းလေးနဲ့အတူ မြက်သားပေါက် ကလေးများကလည်း စိမ်းစိမ်းစိုစိုနှင့် လောကကို အေးချမ်းသွားသရောင် အလှဆင်ပေးနေပါသည်။

မြန်မာမှု(၁၂)လ ရာသီခွင်အိမ်တွင် နယုန်လ မေထုန်ရာသီ၊ အိမ်ရှင်ဓာတ်မှာ ဝါယောဓာတ် ကြီးစိုးခြင်းကြောင့် လေဓာတ်(ဝါယော)၏သဘောသဘာဝတိုင်း ပူမှုအေးမှု တေဇောဓာတ်၏ ပြုပြင်ခြယ်လှယ်ခြင်းကို နာခံတတ်သောသဘောသဘာဝမို့...

ဝါယောလေဓာတ် လွန်,ယုတ်လွဲမှား မဖြစ်ပွားရအောင် အပူ,အအေး, အတက်,အသက်တို့ကို ချိန်ညှိ၍ နေ့ထိုင်စားသောက်မှုကို သတိပြုရမည့် လ,ရာသီ ဖြစ်ပါသည်။

နက္ခတ်ဓာတ်စာ မြန်မာမှုဆေးဓာတ်စာ အစာအာဟာရ ဆေးပညာရပ်သည် အလွန်နက်နဲ သိမ်မွေ့လှပါသည်။

အထူးအားဖြင့် ရတုသန္ဓိ စပ်ကူး မတ်ကူး ရာသီဥတုပြောင်းတဲ့ လရာသီခွင်လများတွင် ရှေ့နောက် ဆေးဓာတ်စာ အစာအာဟာရ ပေးကျွေးမှုတို့ကို ဆက်စပ်ချိန်ညှိတတ်ရန် လွန်စွာ လိုအပ်လှပါသည်။

ဥပမာအားဖြင့် နွေဥတု၏ အပူဆုံး အလယ်လများဖြစ်တဲ့ တန်ခူးလ၊ ကဆုန်လရာသီများတွင် ပူပြင်းခြင်း ဓါတ်ကို ပြေလျော့စေရန် အအေးစာ၊ အအေးလွန်စာ၊ ရေခဲ၊ အုန်းနို့ လေအေး ပန်ကာ၊ အဲယားကွန်းစသည်တို့ကို စားသုံးသုံးစွဲမှု များပြားခဲ့ကြသူများသည်...

နွေရာသီဥတု၏ နောက်ဆုံးလဖြစ်သည့် နယုန်လ၊ မေထုန်ရာသီမှာအနာရောဂါဖြစ်ပွားမှု များတတ်တဲ့ သဘာဝရှိကြပါသည်။

ဒါကြောင့် ရှေးရာသီခွင်များမှာ အနေအစား မှားခဲ့ကြပြီဆိုရင် ရတုသန္ဓိဖြစ်တဲ့ နွေနှောင်း၊ မိုးအကူးရာသီခွင်ဖြစ်တဲ့နယုန်လမှာစားသောက်နေထိုင်မှု မှန်ကန်အောင် အသိသတိပြုနေရန် လိုအပ်လှပါသည်။

မတော်၍များ နွေရာသီဥတု၏ နောက်ဆုံးလ နယုန်လမှာပါ ဆက်ပြီး အနေအစား မှားခဲ့မည်ဆိုရင်တော့ တစ်မိုးတွင်းလုံး ကိုယ်ကျိုးနည်းရလေတော့မည်ဟု မှတ်ယူထားကြစေချင်သည်။

သို့ပါ၍ နွေနှောင်းမိုးအစ နယုန်လမှာ ရာသီအလိုက် ဓာတ်အကြိုက် အထူးသတိပြု နေထိုင်စားသောက်နိုင်ကြစေရန်အတွက်...

---

**ရှောင်ကြဉ်ရမည့်**

**အစားအစာများ**

---

မူလ ဝါယော,လေဓာတ်ကို ပွားများပျက်ပြားစေနိုင်သော အခါးလွန်၊ အစပ်လွန်၊ အဖန်အချပ်ဓာတ် လွန်ကဲသော အစားအစာများကို အထူးဆင်ခြင်၍ ရှောင်ပါ။ သရက်ရွက်နု၊ ငှက်သီးနု၊ မန်ကျည်းသီးအနု။

မာလကာသီး၊ သရက်ဖူး၊ ကလောဥ၊ ကင်းပုံခါး၊ ပုံလုံခါး၊ ကြက်ဟင်းခါးသီး၊ သဘော်ရွက်အနု၊ ကြောင်လျှာသီး၊ ကြက်ပေါင်သီး။

ကုလားအော်ရေတ်သီး၊ ကြိမ်ခါးဖူး၊ ဆန်ဆေးရွက်၊ ကိုင်းဥ၊ အင်ဥ၊ လိင်ဥ၊ ဝက်သား၊ ဘဲသား၊ ဒံပေါင်ဆီမင်း၊ အုန်းထမင်း၊ မျှစ်ချဉ် [illegible]ည်တို့ကို ရှောင်ကြဉ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေးအတွက်**
**အကျိုးပြုဆေးဖက်ဝင်**
**စားသုံးသင့်သည့် အစားအစာများ**

**အသီးအရွက်**

မြင်းခွာရွက်၊ ဒန့်သလွန်သီး၊အရွက်၊ ကန့်ချွန်နီ၊ ခရမ်းသီး၊ မြေပုံသီး၊ ကန်စွန်းရိုးနီ၊ ပုစွန်စာရွက်၊ ပင်စိမ်းရွက်၊ ဗျူးတော်သိမ်ရွက်၊ ပေါက်ပန်းဖြူရွက်၊ ဥဘတ်ပွင့်၊ လက်ပံပွင့်၊ မြက်ကြက်သွန်။

ငါးရောင်ချဉ်၊ ကင်ပလင်းရွက်၊ ဂုံမင်း၊ ဇရစ်ရိုး၊ မာလာဖူး၊ မင်းဘောဖူး၊ ခံတက်ဥ၊ မျောက်ဥ၊ ကြွဟင်းညွန့်၊ ဂေါ်ရခါးညွန့်၊ သခွတ်ပွင့်၊ ကနဖော့၊ သပွတ်ညွန့်။

ဖရုံညွန့်၊ ဘူးသီး၊ သခွါးသီး၊ ကျောက်ဖရုံသီး၊ ပန်းဂေါ်ဖီပွင့်၊ ကြာစွယ်၊ကြာရိုး၊ ကင်ပွန်းချဉ်ရွက်၊ ချဉ်ပေါင်ရွက်၊ သမုန်းပွင့်၊ ပဲနီလေး၊ ပဲကြီး၊ ဘိုကိတ်ပဲစသည်တို့ကို စားသုံးပေးနိုင်ပါသည်။

**အသား၊ ငါး**

ဆိတ်သား၊ ဒရယ်သား၊ ဂျို့(ချေ)သား၊ ချိုး၊ ခါငုံး၊ စာကလေး၊ ယုန်သား၊ တောကြက်သား၊ ရစ်သား၊ ဆိတ်သား၊ ကြက်သား၊ နွားကလေးသား၊ အမဲခြောက်၊ ပြောင်သား၊ နွားနောက်သား၊ ငါးခွေးလျှာ၊ ကကူရံ၊ ကသပေါင်း။

ငါးဖောင်ရိုး၊ ကသမျှင်၊ က,ကတစ်၊ ငါးကြင်းဖြူ၊ ငါးကြင်းရွှေဝါ၊ ငါးရှဉ့်ကျပ်တိုက်၊ ငါးမြွေထိုးကျပ်တိုက်။

ငါးချု၊ ငါးကျည်း၊ ငါးနုသန်း၊ ငါးပတ်၊ ကင်းမွန်၊ ပြည်ကြီးငါး၊ ငါးလိပ်စွန်၊ ရေကြက်သား စသည်တို့ စားသုံးနိုင်ပါသည်။

**အချဉ်သီး**

သံပရာသီး၊ ရှောက်သီး၊စောင်းလျားသီး၊ စောင်းချမ်းချဉ်၊ ညောင်ချဉ်ဖူး၊ မရန်းသီးခြောက်၊ မန်ကျည်းသီးမှည့်၊ ထန်းရည်ခါး၊ အချဉ်၊ ဆန်ပုံးရည်၊ ပအုန်းရည် စသည့် အချဉ်များကို အသုပ်ဟင်းပွဲတို့တွင် တွဲစပ်၍ စားသုံးနိုင်ပါသည်။

**အထူးသဖြင့်**

နယုန်လ၊ မေထုန်ရာသီတွင် ရောဂါဟောင်း၊ အနာဟောင်းများ ပြန်ပေါ်ခြင်း၊ ဒဏ်ပြန်ပေါ်ခြင်းများ ဖြစ်တတ်ပါသည်။

ယခင်က ထိခိုက်မိခြင်းကြောင့် ဒဏ်ပြန်ပေါ်လျှင် **ဖာသီးအဆန်ကို အရက်ဦးရည်နှင့် သွေးပြီး ဒဏ်ပေါ်သည့်နေရာမှာ နိုင်နိုင်ထိမ်းပါက** သက်သာ ပျောက်ကင်းစေပါသည်။

**ရောဂါဟောင်း ပြန်ပေါ်လျှင်...**

○ ရှောက်ရည်
○ ပျားရည်
○ နံ့သာဖြူသွေးရည်

သတူစပ်ပြီး တစ်နေ့(၃)ကြိမ် ဟင်းစားဇွန်း(၁)ဇွန်း၊ ရေနွေးဖြင့် သောက်ပေးနိုင်ပါသည်။

**မေထုန်ရာသီ နယုန်လ မိသားစု**
**ကျန်းမာရေး ထမင်းပွဲအတွက်**
**ဆေးဖက်ဝင် ဓာတ်စာ**
**ဟင်းစပ်အတွဲများ**
**[(၇)ရက်(၁)ပတ်စာ ဟင်းပွဲများ]**

**၁။ ဆိတ်သားခပတ်ဟင်း**
- မုန်လာချဉ်သုပ်၊
- ချဉ်ပေါင်ဟင်းချို၊
- ပုစွန်ခြောက် ဗာလချောင်ကြော်။

**၂။ ငါးရံ့အူ မန်ကျည်းချဉ်အုပ်ချက်**
- လက်ပံခေါင်း ချဉ်ရည်ဟင်း၊
- သမုန်းပွင့်သုပ်၊
- အညာဇရစ်သီးဆားထောင်း။

**၃။ ငါးပုပ်ခြောက်အာလူးကုလားဟင်း**
- ငါးခူကြော်နှပ်၊
- သခွတ်ပွင့် ငါးပိတို့စရာ၊
- မြင်းခွာရွက်သုပ်။

**၄။ ငါးခူစဉ်းကော ရဲယိုရွက် ဆီပြန်ဟင်း**
- ခံတက်ချဉ်၊ ငါးပိတို့စရာစုံ၊
- ပဲနီလေးဟင်းချို၊
- ပန်းမုန်လာကြော်။

**၅။ ကြက်သားကာလသားချက်**
- ဘူးသီးဟင်းခါး၊
- သရက်ချဉ်သုပ်၊
- ရခိုင် ငါးပိထောင်း၊

**၆။ ဆိတ်သားခြောက် ခရမ်းချဉ်သီး နှပ်ချက်**
- ကျောက်ပွင့်သုပ်၊
- ပဲကြီး ဆူးပုပ်နှပ်၊
- ဇရစ်ရိုးချဉ်ရည်ဟင်း။

**၇။ ငါးပြေမ စောင်းလျားသီး အုပ်ချက်**
- ကြက်အသည်းအမြစ် အချဉ်သုပ်၊
- ကင်ပွန်းချဉ်ဟင်းချို၊
- မရန်းသီး ငါးပိကြော်။

**အချိုပွဲ**

ထိုးမုန့်၊ နဂါးမောက်သီး၊ ကျောက်ကျော၊ လိမ္မော်သီး၊ ပန်းသီး၊ စတော်ဘယ်ရီ၊ သီးစုံ ရွှေရင်အေး၊ အာလူးရွှေကြည်၊ ခရမ်းချဉ်သီးယို၊ ကရေကရာ မုန့်ပျားဆုပ် စသည်တို့ကို အချိုပွဲအဖြစ် တည်ခင်း စားသုံးနိုင်ပါသည်။

ယခုတင်ပြခဲ့သော (၇)ရက် (၁)ပတ်စာ ဟင်းစပ်အတွဲများသည် မေထုန်ရာသီ နယုန်လအတွက် ရာသီအလိုက် ဓာတ်အကြိုက်ဆေးဖက်ဝင် ကျန်းမာရေး အကျိုးပြု **"နက္ခတ်ဓာတ်စာ ဟင်းလျာ"** များ ဖြစ်ပါသည်။

***စားသမျှ ဆေးဖက်ဝင်၍ ကျန်းမာကြပါစေ။***


**ဆရာ မင်းချမ်းသာ**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၇၁)မှ အဆက်



(ပုံ-၂၀) ဆရာတော်၏ မုန့်ညင်းစေ့ပမာ ဓာတ်တော်အချို့

စသည်များဖြင့် ပူဇော်ပြသထားသည်။ [ပုံ–၁၇] ဆရာတော်၏ဓာတ်ပုံ[ပုံ–၁၈]နှင့် ထေရုပ္ပတ္တိအကျဉ်းကိုလည်း ချိတ်ဆွဲ မှတ်တမ်းတင်ထားသည်။

**အရိုးတော်ဓာတ် (ရဟန်းသံဃာ တစ်ပါး ပျံလွန်တော်မူ၍ မီးသင်္ဂြိုဟ်ပြီးနောက် ကြွင်းကျန်ရစ်သော အရိုးကို အရိုးတော်ဓာတ် ခေါ်သည်ဆို၏။)** အချို့နှင့် မုန့်ညင်းစေ့ပမာ အဖြူ၊ အညိုရောင်အလုံးကလေးများကို တွေ့မြင်ရသည်။[ပုံ–၁၉၊ ၂၀]

ရန်ကုန် ကမ္ဘာအေးရှိ ဗုဒ္ဓဘာသာတက္ကသိုလ်မှ ဆရာတော်ကြီးများအား ပြသလျှောက်ထားရာ ရဟန္တာဓာတ်တော် ဖြစ်နိုင်သည်ဟု မှတ်ချက်ပေးကြကြောင်း သိရ၏။

**အညိုရောင် ဓာတ်တော်များမှာ လုံးဝန်း၍ မြင်းခြံမြို့နယ်၊ နဘူးတိုင်ကျေးရွာ အနီးရှိ ရှင်အရဟံ ဓာတ်တော်ကျန်း၌ တွေ့ရသော ဓာတ်တော်များနှင့် ဆင်တူနေပေသည်။**

## နိဂုံးဂါရဝ

မိုးကုတ်စက်ဝိုင်းကျောင်းတိုက်ကို စတင်တည်ထောင်၍ ဝိပဿနာတရားစခန်း ဖွင့်လှစ်ကာ ၁၃၂၈ ခုနှစ်မှ ၁၃၇၃ ခုနှစ်အထိ (၄၅)နှစ်တိုင် သီတင်းသုံးလျက် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာပြန့်ပွားအောင် သာသနာပြုတော်မူခဲ့သည့် ဦးအရိယဝံသနှင့် ပတ်သက်၍ ကျမ်းတစ်စောင် ပေတစ်ဖွဲ့ မှတ်တမ်းပြုထားသည်ကို မတွေ့ရှိခဲ့ရပါ။

မြဝတီမြို့သို့ရောက်ခိုက် လက်လှမ်းမီသမျှ တပည့်ဒါယကာ အချို့အား မေးမြန်းမှတ်သား၍ တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

**ဆရာတော်ကြီးနှင့် ပတ်သက်၍ ကျန်ရစ်သော သမိုင်းကွက်လပ်များကို သိရှိသူများက ဆက်လက် ဖြည့်စွက်ကုသိုလ်ပြုကြပါရန် တိုက်တွန်းလျက် ဆရာတော်ကြီးအား ဂါရဝပြု နိဂုံးချုပ်ရပေသည်။**

**[အစအဆုံး ကူညီပေးသည့် သာသနာ့အကျိုးဆောင် ဦးခင်မောင်သန်းအား ကျေးဇူး အထူးတင်ရှိပါသည်။]**

ဖင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၀၁၃ \ ၁၁၀၆၇၂) (တဆဝက(စာနယ်ဇင်း) ၀၀၇/၀၂၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများ လည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ အနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့ အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ် မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေး ကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည့်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူရိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံ လိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ခေါက်တည်ရာမရခံစားရပြန်သည်။

သည့်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည့်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလိုကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်၊ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုးခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့်မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၃၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘုတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။
ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၃။




www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော(၁၅)နှစ်က ဖူးတွေ့ကြည်ညိုခဲ့ရသော
အဓိဋ္ဌာန်အောင် ရွှေနတ်ကယ်တောင်တွင် တောရ ဆောက်တည် သာသနာပြုနေသည့်

# သက်သတ်လွတ်ဆရာတော် ဦးဝိမလဗုဒ္ဓိ

နတ်မောက် လှမြင့်သစ်

[ ၁ ]


ဟိုးယခင် ရှေးအတိတ်တောက နွားစားကျက်၊ သိုး,ဆိတ်များကျောင်းရာ **"နတ်ကယ်တောင်"**ဟု သိခဲ့သော တောင်တော်မဟာသည် ယခု (သွားရောက်ချိန် ၂၀၀၁ ခုနှစ်) ဆယ်နှစ်ကျော်ကာလအတွင်း **"ရွှေနတ်ကယ်တောင်"**ဟု လူသိများ ထင်ရှားကျော်ကြားလာခဲ့သည်။

ထို့ထက်ပို၍ **"အဓိဋ္ဌာန်အောင် ရွှေနတ်ကယ်တောင်"**ဟုပင် ရေပန်းစား သတင်းမွှေးလာခဲ့သည်။

၂၀၀၁ ခုနှစ်က မိတ်ဆွေကြီး ဦးစံဝင်း(ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌဟောင်း)၏ လာရောက် ဖိတ်ခေါ်ချက်အရ စာရေးသူသည်"ရွှေနတ်ကယ်တောင်"သို့ လေ့လာရေး အဓိဋ္ဌာန်ခရီးအဖြစ် သွားရောက်ခဲ့ပါသည်။

နတ်မောက်မြို့နှင့် မိုင်(၃၀)ကျော်ဝေးကွာပြီး မိုင်ကောင်းကျေးရွာသို့ နတ်မောက်–ပျော်ဘွယ် လိုင်းကားစီး၍ (၂)မိုင်ကျော်ကျော် ခြေကျင်လျှောက်သောအခါ ရွှေနတ်ကယ်တောင်သို့ ရောက်ရှိခဲ့တော့သည်။ ယခုအခါ တောင်ခြေအထိ ကားလမ်းပေါက်နေပြီဖြစ်သည်။

"နတ်ကယ်တောင်"မှ "ရွှေနတ်ကယ်တောင်"၊ ထိုမှ "အဓိဋ္ဌာန်အောင် ရွှေနတ်ကယ်တောင်"မဟာ အဖြစ်ဖြစ်တည်လာရပုံနှင့် ၄င်းတောင်မဟာတွင် သာသနာပြုနေသော ဆရာတော်၏ အကျင့်သီလ စရဏ သာသနာလမ်းစဉ်များ လေ့လာခဲ့သည်များကို စာစီပြုရသော်ကား...




▲ သာသနာပြုနေသည့် သက်သတ်လွတ် ဆရာတော် ဦးဝိမလဗုဒ္ဓိ

[ ၂ ]

"နတ်ကယ်တောင်"၏ အနောက်တောင်ယွန်းယွန်း (၂)မိုင်ကျော်ခန့်တွင်

www.burmeseclassic.com





▲ အလိုတော်ပြည့်စေတီနှင့်
ရွှေနတ်ကာယ်တောင်အဝင်မုခ်ဦး
◀ အမိဋ္ဌာန်အောင်သူများ တည်ထားသည့်
နှစ်ကိုယ်ရှင်စေတီများ

**"သရက်ချောင်းရွာ"** တည်ရှိသည်။ သရက်ချောင်းကျေးရွာမှ ညီဝမ်း ကွဲဘုန်းကြီးက ယခု သာသနာပြု ဆရာတော် ဦးဝိမလဗုဒ္ဓိကို ပဲခူးသို့ လာရောက်ပင့်သဖြင့် ကြွလာခဲ့ရသည်ဟု သိခဲ့ရသည်။

ဆရာတော်ဦးဝိမလဗုဒ္ဓိ၏ ငယ်နာမည်မှာ မောင်ဝင်းမြင့်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ ပျဉ်ပုံကြီးရွာတွင် ဦးဖိုးအေး+ဒေါ်လှရီတို့မှ မွေးဖွားသော သားသမီး(၁၀)ဦးအနက် တတိယမြောက်သား ဖြစ်သည်။

ငယ်စဉ်ကျောင်းသားဘဝ ကိုရင်ဘဝတွင် ပျဉ်ပုံကြီးရွာ ဘုန်းတော်ကြီးကျောင်းတွင် နေခဲ့ပြီး အသက်(၂၀) ပြည့်တွင် ပဲခူးတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဦးရိုးတော်ဘုန်းကြီးက ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ရောက်ရှိခဲ့သည်။


**ကြခတ်ဝိုင်းကျောင်းတွင် ပထမငယ်, ပထမလတ်, ပထမကြီးများ** အောင်မြင်ခဲ့ပြီး ဝိနည်းလေးစောင်ထိ (၁၀)နှစ်တိတိ စာဝါလိုက်ခဲ့သည်။ ပဋိယတ်(၁၀)နှစ် အခြေခံခဲ့ပြီးနောက် ပဋိပတ်သို့ ပြောင်းကာ **ရန်ကုန်မြို့ မဟာစည် ဆရာတော်ကြီးထံတွင်** တပည့်ခံခဲ့သည်။

ထိုမှ **တောင်ပုလုဆရာတော်ကြီးထံတွင် (၄)နှစ် တပည့်ခံခဲ့ပြီး** ၁၃၅၀ ပြည့်နှစ်မှ စ၍ တောင်ပုလုဆရာတော်ကြီး နည်းပေးလမ်းပြခဲ့သည့်အတိုင်း အကျင့်သီလ ဆောက်တည်၍ တောရကျင့်ခဲ့သည်။

သရက်ချောင်းရွာ ကျောင်းသို့ ရောက်သောအခါ (၅)နှစ်ခန့် သာရေးနာရေးများ ကြွရောက် တရားချီးမြှင့်ခဲ့ပြီး ကျောင်းနှင့်ရွာ နီးလွန်းသဖြင့် ဆရာတော်၏အကျင့်နှင့် မကိုက်ညီသဖြင့် ရွာနှင့် မနီးလွန်း မဝေးလွန်း

www.burmeseclassic.com





◀ ရွှေနတ်ကယ်တောင်သို့အတက် လှေကားထစ်(၈၅)ထစ်ရှိသည် အဓိဋ္ဌာန်အောင်သူတို့ တည်ထားသည့် နှစ်ကျိပ်ရှစ်ပါးရုပ်ပွားများ ▶

သော ဤ''နတ်ကယ်တောင်''သို့ တစ်ပါးတည်း ကေစာရီကျင့်ရန် ခွဲထွက်လာခဲ့သည်။

ဆရာတော်သည် မည်သည့်အရပ်ဒေသသို့မျှ မကြွရောက်။ နတ်မောက်မြို့ မြို့နယ်လုံးဆိုင်ရာ သံဃနာယကစည်းဝေးပွဲသို့ သုံးနှစ်၊လေးနှစ် တစ်ကြိမ် မဖြစ်မနေ ကြွရောက်ရသည့်အခါမှာပင် **တောရအပျက်မခံဘဲ တောရဆောက်တည်နိုင်သည့် နေရာသို့** သွားရောက်ပြီး အာရုံယူသည်ဟု သိရသည်။

၁၃၅၂ ခုနှစ်မှစပြီး နတ်ကယ်တောင်တွင် သစ်ပင်ရင်း၌ ဝါးကပ်ကလေးဖြင့် ကေစာရီကျင့်ခဲ့သည်။ ကိုယ့်ရေ ကိုယ်ခပ်သောက် ကိုယ့်ဆွမ်း ကိုယ်ခံစားပြီး အကျင့်သီလကို ရှေ့တန်းတင်ကျင့်ခဲ့သည်။

တစ်နေ့တွင် ဆရာတော်က သစ်ပင်ရင်းတွင် ဝါးကပ်ကလေးနှင့် တရားရှုမှတ်နေစဉ် မြွေကြီးတစ်ကောင်က ဆရာတော်ကို လက်ယာရစ် (၇)ပတ် ပတ်ပြီး ဦးခိုက်ဖူးမြော်သည်။

ဤနေရာသည် ထူးသောနေရာ အောင်မြေနေရာ အမှန်ဖြစ်ရမည်ဟု ဆရာတော်က မှတ်ချက်ပြုခဲ့သည်။ **(ယခုအခါ ယင်းနေရာတွင် အလှူရှင်မိသားတစ်စုက ''သိမ်'' ဆောက်လုပ်လှူဒါန်းပြီးဖြစ်သည်။)**

ထိုနေရာမှတစ်ဆင့် တောင်၏အထက်အမြင့်တွင် ဆရာတော်က ပြောင်းရွှေ့ကျင့်ကြံပြန်ရာ မြွေကြီးတစ်ကောင် ထပ်မံရောက်ရှိလာပြီး ဆရာတော်ကို လက်ယာရစ်ပတ်၍ ပူဇော်ကန်တော့ပြန်သည်။

ယခင်မြွေကြီး မဟုတ်မူဘဲ နောက်ထပ်မြွေကြီးတစ်ကောင် ဖြစ်သည်။ **(ယခုအခါ ယင်းနေရာတွင် မီးစက်လာရောက် လှူဒါန်းထားပြီးဖြစ်သည်။)**

ဆရာတော်မှာ ယင်းနေရာမှ တစ်ဆင့်မြင့်သော တောင်တော်၏ အမြင့်ဆုံး ထိပ်ပိုင်းသို့ ပြောင်းရွှေ့ကျင့်ကြံအားထုတ်ပြန်သည်။ **(ယခုအခါ တောင်၏ အမြင့်ဆုံးထိပ်တွင် ဆင်ခံဘုရား ''အလိုတော်ပြည့်စေတီ'' တည်ထားကိုးကွယ်ပြီးဖြစ်**

www.burmeseclassic.com





▲ ရွှေနတ်ကယ်တောင်မဟာ၏ အဝေးရှုခင်း

◀ တောင်စောင့်ဘိုးဘိုးကြီး

သည်။)

[၃]

ဆင်ခံဘုရား "အလိုတော်ပြည့် စေတီ" တည်ထားခြင်းနှင့် ပတ်သက်ပြီး ဆရာတော်ဦးဝိမလဗုဒ္ဓိက စာရေးသူကို ထူးထူးခြားခြား မိန့်ဆိုသည်မှာ...

'နတ်ကယ်တောင်မှာ ဆရာတော် တစ်ပါးတည်း ကေစာရိကျင့်လို့ သုံးနှစ်လောက်ရှိတော့ ဘုန်းကြီးကို တောင်စောင့်ဘိုးဘိုးကြီးက အိပ်မက်လာပေးတယ်။ ဥပုသ်နေ့တွေမှာ အိပ်မက်လာလာပေးတာ...

"ဘုရားတည်ဖို့ အချိန်ကျပြီ။ ဘုရားတည်ဖို့ အချိန်ကျပြီ"

နဲ့ပေါ့။

ဘုန်းကြီးမှာ ဘုရားတည်ဖို့ ဒကာလဲ မရှိဘူး။ ပစ္စည်းလဲ မရှိဘူး။ အဲဒါကြောင့် မတည်နိုင်ပါဘူးလို့ သုံးကြိမ်တိတိ ငြင်းခဲ့တယ်လေ။ ငြင်းတော့ ဘိုးတော်ကြီးက...

"ဘာမှ မပူပါနဲ့၊ ဘုန်းကြီးကသာ ခွင့်ပေးလိုက်ပါ။ ဘာမှမပူပါနဲ့"

ဆိုတာနဲ့ ဘုန်းကြီးလဲ ကတိပေးလိုက်တယ်။ **"ဘာမှ မပူနဲ့"** ဆိုလို့ **"အလိုတော်ပြည့်လိမ့်မယ်"** လို့ ယူဆပြီး **"အလိုတော်ပြည့်"**လို့ ဘုရားဘွဲ့ပေးလိုက်တယ်။

အလိုတော် ပြည့်,မပြည့် သိရအောင်၊ ဟုတ်,မဟုတ် သိရအောင်...

"ငါ စကားပြောနေရင်လဲ ပို့ပြီးယောဂပါမယ်။ ဆွယ်တရား သွယ်တရားတွေ ပါနေမှာစိုးတယ်။ မပူပါနဲ့ဆိုတော့ ငါမပြောလဲ ပြီးမှာပဲ"

ဆိုပြီး ဘုန်းကြီးအနေနဲ့ ဘုရားတည်ပြီးတဲ့အထိ ဝစီပိတ် စကားမပြောဘဲ (၁၀)လတိတိ နေထိုင်ကျင့်ကြံ အားထုတ်ခဲ့တယ်။ ဘုရားအနေကဗာတင်မှပဲ ဘုန်းကြီး စကားပြောတော့တယ်။

ပုဂံအလိုတော်ပြည့်ဘုရား သမိုင်းနဲ့ တိုက်ဆိုင်ကြည့်တော့ ဒီဘုရားက (၆)လလောက် စောတယ်။ နှစ်ကတော့ တစ်နှစ်တည်းပဲ။ ပွင့်လာ,ပေါ်လာတာ အတူတူပါ။

ထူးတာ,တူတာက ဟိုမှာလဲ ဘုန်းကြီးကို အိပ်မက်ပေးတယ်။ အိပ်မက်လို့ ဖြစ်လာတာလဲတူတယ်။ နာမည်ဘွဲ့ချင်းလဲ တူတယ်။ ဒီက နှစ်ဝက်လောက် စောတာပဲရှိတယ်'

ဆရာတော်က စာရေးသူကို ထူးခြားစွာ မိန့်ကြားလိုက်ခြင်း ဖြစ်ပါသည်။

ဆရာတော်အနေဖြင့် "နတ်ကယ်တောင်"ကို **"နတ်ဘုရားကွဲရွာ"**၊ **"နတ်ဘုရားတောင်ရွာ"**၊ **"နတ်မောက်"** စသည်ဖြင့် ရှိနေသဖြင့် နာမည်အသစ်ပေးရန် ကြိုးစားရာ တောင်ပေါ်သို့ အလုပ် လာလုပ်နေသော လူငယ်တစ်ဦးကို တောင်စောင့်ဘိုးတော်ကြီးက ဝင်ပူးပြီး **"ဆရာတော်ဘုရား... နတ်ကယ်တောင်ဆိုတဲ့ မူလအမည်နဲ့မှ ဤတောင်တော်သည် ပိုမိုတိုးတက်ပါလိမ့်မည်"**ဟု လျှောက်ထားသည်။

ဆရာတော်က...

'ဘုန်းကြီး ဒီတောထဲတောင်ထဲ လာနေတာ တိုးတက်ချင်လို့၊ ချမ်းသာချင်လို့ မဟုတ်ဘူး။ ကိုယ်ကျင့်တရား ကောင်းရေးအတွက် အကျင့်သီလကို အဓိကထားပြီး ကေစာ လာကျင့်နေတာ။ တိုးတက်ချင်ရင် မြန်တဲ့နေရာတွေ သွားနေမှာပေါ့။

တိုးတက်ချမ်းသာချင်လို့ မဟုတ်ဘူး။ အကျင့်သီလ ကောင်းကောင်းနဲ့

www.burmeseclassic.com

အေးအေးချမ်းချမ်း နေရအောင် တစ်ပါးတည်း အေးကြောင်းလာရှာတာ။ အကျင့်သီလကို "ရွှေ"လို တန်ဖိုးထားလို့"ရွှေနတ်ကယ်တောင်" လို့ "ရွှေ"တစ်လုံးတိုးပြီး တောင်တော်ကို အမည်သစ်သမုတ်တယ်။ ဘိုးတော်ကြီးကိုလဲ တရားဟောလိုက်တယ်။

ဆရာတော်က မိမိကိုယ်တိုင်လဲ ဆုံးမရင်းလဲ ဘိုးတော်ကြီးကိုလဲ တရားဟောရင်း တရားပြလိုက်တယ်။

ရွှေနတ်ကယ်တောင် အမြတ်ရယ်ဆောင်
ရွှေရောင်တောက်လိမ့်မည်။

အကျင့်သာ လိုပါသည်။ အကျင့်သာ
လိုတော့သည်။

ရိုးသားမှုလည်း ရှိရမည်။ နူးကြွားမှုလည်း
ရှိရမည်။ ကြိုးစားမှုလည်း ရှိရမည်။

သို့မှသာ ဘုရားအလိုကျလိမ့်မည်။

သွားချင်တိုင်းလည်း မသွားသင့်ပြီ။

စားချင်တိုင်းလည်း မစားသင့်ပြီ။

အိပ်ချင်တိုင်းလည်း မအိပ်သင့်ပြီ။

လုပ်ချင်တိုင်းလည်း မလုပ်သင့်ပြီ။

သွားချင်, လာချင်, လုပ်ချင်, ပြောချင်
လယ်ဆုံးဖို့ ဘယ်မမြင်။

လုပ်ချင်တိုင်း လုပ်နေရင် လမ်းဆုံးမှာ မဟုတ်ဘူး။ အကျင့်သီလနဲ့ပဲ တိုးတက်ချင်ပါတယ်။ အကျင့်သီလ မပါဘဲ တိုးတက်ရင်လဲ ဘရိတ်မအုပ်နိုင်ဘဲ အဖျားရှူးသွားမှာ စိုးရိမ်တယ်။

ဒါကြောင့် အကျင့်သီလကို ရွှေလို တန်ဖိုးထားပြီး"ရွှေနတ်ကယ်တောင်" လို့ အမည်သစ် သမုတ်ခဲ့တာပါ။ မူရင်းက "နတ်ကယ်တောင်"ပါ။

ဆယ်နှစ်အတွင်းမှာ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ နှစ်ကျိပ်ရှစ်ပါးသော ရဟန္တာများ တည်ပြီးခဲ့တယ်။ ဘုရားအဆူပေါင်း(၆၀)ကျော် ရှိပြီ။

အခု တည်နေတဲ့ ကျိုက်ထီးရိုးပုံတူစေတီ အပါအဝင် ဒီတောင်မှာ အဓိဋ္ဌာန်အောင်မြင်သူ၊ အလိုတော်ပြည့်သူ ဒကာ,ဒကာမတွေ စုပေါင်းပြီး လာတည်သွားကြတာတွေပါ'



ဆရာတော်ဦးဝိမလဗုဒ္ဓိ၏
တောရကျောင်းလေး

အဓိဋ္ဌာန်ဝင်လိုသူတွေနှင့် တရားဘာဝနာ ပွားများလိုသူတို့အတွက် တောင်တော်ပေါ်တွင် တစ်ပါးနေကျောင်းလေးများ၊ တစ်ဦးနေကျောင်းလေးများကို တောင်တော်အနှံ့ တစ်နေရာစီတွင် ကျောက်တန်းရွာ၊ မြင်းတဲကြီးရွာ၊ သရက်ချောင်းရွာများမှ လာရောက်ကုသိုလ်ယူ ဆောက်လုပ်လှူဒါန်းထားသည်မှာ (၂၀)ကျော်ရှိနေသည်ကို မြင်တွေ့ခဲ့ရပါသည်။

ဆရာတော်၏ အကျင့်သီလ စရဏတရားကို လူ,နတ်,ရှင်ဗိဇ္ဇာအပေါင်းက ကြည်ညိုသံမှုနှင့် ရှိုင်းပင်းကူညီသာသနာပြုနေသဖြင့် ယခုအခါ **"ရွှေနတ်ကယ်တောင်"** သည် သာသနာ အထူးစည်ကား ပွင့်လင်းလာချေပြီ။ ရဟန်းသံဃာ အပါး(၂၀)ခန့် ရှိနေပြီ။

နေ့စဉ် လာရောက်ပုတီးစိပ်သူ၊ အဓိဋ္ဌာန်ဝင်သူများ ရှိနေသည်။ အထူးမှာ သက်သတ်လွတ်စားသုံး အဓိဋ္ဌာန်ဝင်ရသည်။ ဆရာတော် ဦးဝိမလဗုဒ္ဓိ ကိုယ်တော်တိုင်မှာလည်း အသီးအရွက်သာလျှင် ဘုဉ်းပေးတော်မူသည်ကို တွေ့မြင်ခဲ့ရသည်။

သက်သတ်လွတ် စားသုံးပြီး မိမိကြိုက်နှစ်သက်ရာ ပုတီးစိပ် ဂါထာဖြင့် လာရောက် အဓိဋ္ဌာန်ဝင်နိုင်သည်။ စားရေးသောက်ရေးကို ဆရာတော်က တာဝန်ယူသည်။ အဓိဋ္ဌာန်အောင်မြင် ပြည့်ဝကြသဖြင့် လာရောက်လှူဒါန်း ဆောက်လုပ်သည့် သာသနိက အဆောက်အအုံများလည်း တောင်ပေါ်အနှံ့ ပြည့်နေလေပြီ။

မည်သူမဆို "ရွှေနတ်ကယ်တောင်" သို့ အဓိဋ္ဌာန်ဝင်လိုပါက သွားရောက်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

*တိုးတက်ထွန်းလင်းကြပါစေ။*

**နတ်မောက် လှမြင့်သစ်**

စာရှုသူ...သုတေသီနှင့် ဝါသနာရှင်အပေါင်းတို့ခင်ဗျာ...

ဤဆောင်းပါးမှာ **၂၀၀၁ ခုနှစ်က** ရရှိခဲ့သော ဆောင်းပါးဖြစ်ပါသည်။ ထိုအချိန်က ရွှေနတ်ကယ်တောင်အခြေအနေနှင့် ယနေ့(၂၀၁၇ ခုနှစ်) ရွှေနတ်ကယ်တောင် အခြေအနေကို နှိုင်းယှဉ်ကြည်ညိုနိုင်ရန် ဖော်ပြအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

*စာတည်းချုပ်*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော

# ပိတောက်သစ်ကွင်းကြီး



▲ ပိတောက်သစ်ကွင်းကြီး

**မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် အပိုင်၊ လေးကော့ကျေးရွာသို့** ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရောက်ရှိခဲ့စဉ်က ကျွန်ုပ်၏ အသိမိတ်ဆွေဖြစ်သော ဦးတင်ဝင်း(ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း)၏ သတင်းပေး၊ လိုက်ပြပေးခြင်းကြောင့် ထူးခြားသော **ပိတောက်သစ်ကွင်းကြီး**ကို တွေ့မြင်မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ထိုပိတောက်ပင်ကြီး၏ ပင်စည်လုံးပတ်မှာ လူသုံးယောက်ဖက်မျှကြီးမားပြီး အမြင့်ကတော့ ပေ သုံး , လေးဆယ်ခန့်သာ ရှိပါမည်။ ကျေးရွာအတွင်း လယ်းသွယ်တစ်ခု ဘေးတွင် တည်ရှိခြင်းဖြစ်သည်။

ထိုပိတောက်ပင်ရှိရာ အိမ်မြေအနီးရှိ ပိုင်ရှင်ဖြစ်သူက ပိတောက်ကိုင်းများခုတ်၍ ထိုသစ်ကွင်းကြီးကိုပါ ခုတ်မည်ဟု ပြောသဖြင့် ဦးတင်ဝင်းမှ မေတ္တာရပ်ခံ တားမြစ်ထားကြောင်း သိရသည်။

သစ်ကွင်းကြီးမှာ အပင်၏ အလယ်တွင်ရှိပြီး အမြင့်(၉)ပေခန့်ရှိကာ အကျယ်(၁)ပေခွဲခန့် ရှိသည်။ ပိတောက်ပင်စည်မှ ထူးခြားဖြစ်ပေါ်နေခြင်းဖြစ်သည်။

**ထို ပိတောက်ပင်ကြီး၏ သက်တမ်းမှာ နှစ်တစ်ရာကျော်ခန့် ရှိမည်ဟုယူဆရကြောင်း ဦးတင်ဝင်းက ပြောပြသည်။**

ရွာရှိ လူကြီး(သက်ကြီးရွယ်အို) ရှေးမီနောက်မီတို့၏ ပြောပြချက်အရဆိုလျှင် **ဤလေးကော့ရွာမှာ ဤပိတောက်သစ်ကွင်းကြီး အနီးဝန်းကျင်တွင် တစ်ကြိမ်မှ မီးလောင်ဖူးခြင်းမရှိ၊ ဂျပန်ခေတ်,အင်္ဂလိပ်ခေတ်တို့တွင် ဗုံးဆန်,အမြောက်ဆန်တို့ ကျရောက်ဖူးခြင်းမရှိ၊ ပြည်တွင်းစစ်အတွင်း လက်နက်ကျည်ဆန် အပစ်အခတ်အတိုက်အခိုက် မရှိဟုဆိုသည်။**

အတက်ရောဂါ ရှိသူများ ထိုပိတောက်သစ်ကွင်းအတွင်း လျှိုဝင်ခြင်းဖြင့် ရောဂါ သက်သာပျောက်ကင်းကြောင်း ယုံကြည်ကြသည်။

ဤ ပိတောက်သစ်ကွင်းကြီးတွင် သာမန်လူသားတို့ မသိမြင်နိုင်သော အကျိုးပြုစွမ်းအင်ထူးများ ရှိနေမည်သာ ဖြစ်ပါသည်။

အသိထူး၊ အမြင်ထူး၊ အတွေ့အကြုံထူးများ ရှိသူတို့က ပိတောက်သစ်ကွင်းကြီးနှင့် ပတ်သက်၍ တတ်စွမ်းသမျှ ဖော်ထုတ်ပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇေ*(LL.B)***



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အသိကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသားကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်းကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခုမဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်းမာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေးများ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်းခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညိုပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါတာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာတော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါကတက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ ဆင့်တော်မှယ့်ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစုသော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိသန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိသန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီမလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေ့ါပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေ့ါ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြ ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုမ္မောလမ်း

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉[illegible]၉၇၂၄။

---



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ဝေပ်ကြားဝေပ်

စံပယ်တော်မှုသည့် ဆံတော်ရှင်စေတီ

ဒရိုးသညာလှဝတာသိ



◆အရှေ့အာရုံခံတွင်းမှ ဆင်းတုတော်များ



ပင်မစေတီ နောက်ခံပြုလျက် ပူရသော နောင်တော်ကြီးစေတီ ▶

**ဘီလူးကျွန်း ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်တောင်တန်းမှာ** အဝေးမှ ကြည့်လျှင် အလေးအပင် ထမ်းထားသော အဘိုးအိုတစ်ဦး၏ပုံစံ ရှိသဖြင့် ကွမ်ရိုက်တောင်ဟု ခေါ်ခြင်းဖြစ်သည်။ ထိုတောင်ခြေမှ ရွာကလေးမှာ ကွမ်ရိုက်ရွာ ဖြစ်သည်။ "**ကွမ်**"မှာ "**ရွာ**"၊ "**ရိုက်**"မှာ "**ထမ်းပိုးသည်**"ဟု အဓိပ္ပာယ်ရလေသည်။

ဤရွာကလေးသို့ ဦးဆောင်ခေါ်ငင်လာသူမှာ ရွာလွတ်မှ ဆေးတံလုပ်ငန်းရှင် ဦးရင်ဖေ ဖြစ်သည်။

'သူငယ်ချင်း လုပ်ကိုင်စားသောက်ရတာ အဆင်ပြေရဲ့လား'

"ရရစားစားပဲ ဆိုပါတော့။ အလျှဉ်မိ ရှိပါပဲ'

'ငါတို့လဲ ဒီလိုပဲ။ (၂၅ ,၃၀) လောက် ဖြစ်လာရင် ပြန်ကုန်သွားတာပဲ။ ဒါကြောင့် လောဘသတ်ပြီး ဝန်နဲ့အားမျှပြီး ကိုယ်နိုင်တဲ့ဝန်လောက်ပဲ ထမ်းတော့တယ်။ ဘုရား အားကိုးပြီး ဗုဒ္ဓရဲ့ အဆုံးအမနဲ့အညီ နေသွားနိုင်ရင် ပြီးတာပဲ'

'အသက်ကြီးလာလို့ ကယောင်ကတမ်းတွေ ပြောနေပြီ။ တရေးဘာဝနာ ကျင့်ကြံဟန်တော့ မတူပါဘူး'

'တရားကျင့်မလို့ မဟုတ်ဘူး။ မင်းကို






www.burmeseclassic.com

www.burmeseclassic.com



◆ စေတီသမိုင်း ကျောက်စာ



စေတီသမိုင်း မြန်မာဘာသာကျောက်စာ ▶

ဘုရားခေါ်သွားမလို့'

'ဟာ ကောင်းတာပေါ့၊ ဘယ်ကိုလဲ'

'နာမည်ကိုက ထမ်းပိုးတဲ့ရွာတဲ့။ မွန်လို "**ကွမ်ရိုက်**" ပေါ့ကွာ'

သူ၏ဆိုင်ကယ်လေးဖြင့် ရွာလွတ်ရွာ အနောက်ဘက် ကတ္တရာလမ်းအတိုင်း နှစ်မိုင် နီးပါးခန့် သွားရသည်။ ညီညာလှသော ကတ္တရာလမ်းမှာ ကွမ်ရိုက်ရွာသားများ၏ 'ကိုယ်ထူကိုယ်ထ ဖောက်လုပ်သောလမ်း ဖြစ်ကြောင်း သိရသည်။

မကြာမီ ကွမ်ရိုက်တောင်ခြေသို့ ရောက်ကာ ခြသေ့်နှစ်ကောင်ရံသော မုခ်ဦးထက်၌ "**ဆံတော်ရှင်ကျိုက်တမော့လုံ့စေတီတော်**" ဟူသော ကမ္ပည်းကို တွေ့ရသည်။ စောင်းတန်းလှေကားအတိုင်း တက်လာသောအခါ ကုန်းတော်ထိပ် အာရုံခံတန်ဆောင်းအတွင်း မတ်ရပ်တော်သုံးဆူနှင့် တင်ပျဉ်ခွေဆင်းတုတော် သုံးဆူတို့ကို ဖူးမြော်ရသည်။

သုံးနှင့်သုံး ပေါင်းဆုံလျှင် မြန်မကြာ အကျိုးဖြစ်ထွန်းမည် ဟူသော အဆိုကြောင့် ဤ ပူဇော်မှုတွင် ထူးခြားမှုများ ကြုံတွေ့ရမည်ဟု မျှော်လင့်ဝမ်းမြောက်မိသည်။

အာရုံခံ တန်ဆောင်းအတွင်း ဝဲဘက်၌ ကမ္ပည်းကျောက်စာနှစ်ချပ် စိုက်ထူထားသည်။ စေတီသမိုင်း ကမ္ပည်း ဖြစ်ပေသည်။

## စေတီသမိုင်း အကျဉ်း

မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် ဂဝံပတီရဟန္တာ ပင့်လျှောက်ချက်အရ ဘုရားရှင် ဒေသစာရီ ကြွချီရာ ကျိုက္ခမီမှသည် ပင်လယ်ပြင်အတွင်း တံငါ မောင်ဒီ ငါးမျှားနေသော အငူစွန်း (ယခု ကမာကေးရွာ)ကိုရောက်ရှိသည်။

ထိုမှ ကလော့တောင်၊ ထိုမှဆက်၍ ကွမ်ရိုက်တောင်သို့ ရောက်စဉ် သီလသုခရသေ့ တောင်းပန်သဖြင့် ဆံတော် တစ်ဆူ ချီးမြှင့်တော်မူသည်။

ရသေ့သည် ထိုဆံတော်ကို ရွှေကာလပ်ဖြင့် ကောင်းစွာ ပူဇော်ထားကာ နောင် အရှည်ပူဇော်နိုင်ရန် ရည်ရွယ်၍ ကွမ်ရိုက်တောင်၏ မြင့်မြတ်သော နေရာ ကျောက်ဖျာကြီးကို ထွင်းဖောက်လျက် ထားရှိခဲ့သည်။

ရသေ့ ကွယ်လွန်၍ ကာလအတန်ကြာသော် ဆရာတော် အရှင်သုဒ္ဓနှင့် တပည့် အရှင်တာလပွန်းတို့က ကွမ်ရိုက်ရွာသားများနှင့် တိုင်ပင်၍ ဆံတော် ကိန်းဝပ်ရာ ကျောက်ဖျာအထက် ဉာဏ်တော်အမြင့်(၁၈)တောင်ရှိ စေတီ တည်ဆောက်ပူဇော်ခဲ့သည်။

**၁၂၈၅-ခုနှစ်တွင် ကွမ်ရိုက်ရွာသားများ ဦးဆောင်ကာ ဉာဏ်တော်(၂၄) တောင်၊**

**၁၃၂၈ ခုနှစ်တွင် ကွမ်ရိုက်ရွာ ထီးကျောင်းဆရာတော် အရှင်ဥတ္တမ ဦးဆောင်၍ ဉာဏ်တော်အမြင့်(၆၀) တောင်၊ စေတီတော် ရှင်ပြန်မြှင့်ပုံ။**

**၁၃၆၃ ခုနှစ်တွင် ကွမ်ရိုက်ရွာသားများ ဦးဆောင်၍ ဉာဏ်တော်အမြင့် (၆၀) တောင် နဂိုရိုက်သို့ တိုးချဲ့မွမ်းမံ ပူဇော်ခဲ့ကြသည်။**

ဤကား ကျောက်စာပါ မှတ်တမ်းဖြစ်၍ မွန်-မြန်မာ နှစ်ဘာသာကို ကျောက်စာတစ်ချပ်စီတွင် ရေးထိုးထားလေသည်။

## မိသားစုရေးရာ စိတ်အေး

## ချမ်းသာစေသော အရေး

စေတီသမိုင်း ကျောက်စာကို လေ့လာနေစဉ် ဂေါပကအဖွဲ့ဝင် အဘ

www.burmeseclassic.com

တစ်ဦး ရောက်ရှိလာကာ မွန်ဘာသာဖြင့် နှုတ်ခွန်းဆက်သည်။ ရုပ်ဝေး ဘုရားဖူးဖြစ်ကြောင်း ပြောပြသော အခါ စေတီရင်ပြင် တောင်ဘက် တံတိုင်းအနီးရှိ အုတ်တိုက်ငယ်ဆီသို့ ခေါ်ဆောင်သွားသည်။

'ဒါက ကွမ်ရိုက်တောင်ကို စောင့်ရှောက်နေတဲ့ အမေပဲ'

'ကုန်းတော်စောင့် အမေပေါ့။ နာမည် ဘယ်လိုခေါ်သလဲ'

'အမေလို့ပဲ ခေါ်ကြတယ်။ နာမည် သီးသန့် မရှိဘူး'

'ဘယ်လို စောင့်ရှောက်တာလဲ'

'လူလေး ခံစားနေရတဲ့ အခက်အခဲတွေ တိုင်တည်ပြီး ကူညီပေးပါလို့ တောင်းပန်ပါ။ ပြေလည်သွားတဲ့အချိန်မှာ ဒီကိုပြန်လာပြီး ပဝါတစ်ပိုင်၊ ထဘီတစ်ထည် စသည်ဖြင့် မိမိတို့ တတ်နိုင်သလောက် ကန်တော့ပါ။ အထူးသဖြင့် မိသားစုရေးရာ၊ အိမ်ထောင်မှုရေးရာကိစ္စတွေကို ကောင်းကောင်း ကူညီဖြေရှင်းပေးတတ်တယ်။ ဒီမှာကြည့် ပဝါ အင်္ကျီ ထဘီ အမြဲတမ်း အသစ်ချည်းပဲ။ အဝတ်အစား တစ်စုံ ဘယ်တော့မှ ကြာကြာ မနေဘူး'


တိုင်တည်၍ ဆန္ဒပြည့်ဝသဖြင့် တံ့ပြန်ကန်တော့သူ များပြားကြောင်း ဆိုလိုခြင်း ဖြစ်လေသည်။ အမေရုပ်တုမှာ စေတီဆီသို့ ဒူးတုပ်ကာ မျက်လွှာချလျက် တရားရှုမှတ်နေဟန် ရှိ၍ **တပ်ဖက်တစ်ချက်၌ ပါးပျဉ်းထောင်နေသော မြွေတစ်ကောင်စီ ရံထားသည်။**

ကုန်းတော်စောင့်အမေအား မေတ္တာပို့သ၊ ကုသိုလ်အမျှပေးဝေကာ မိမိ၏ မိသားစု၊ ကျင်လည်နေရသော စာပေ မိသားစုနှင့် စည်းလုံးသိုက်မြိုက်စွာ နေရလိုကြောင်း တောင်းပန်ခဲ့လေသည်။



▲ နောင်တော်ကြီးကျောက်ဖျာ

▼ ကျိုက်ထီးယောလှဲ့ အထက်ဆောင်တန်း




▼ ကုန်းတော်စောင့် အမေရုပ်တု





www.burmeseclassic.com



▲ မသိုးသက်နှီးပြိုင်ပွဲအတွက် ပြင်ဆင်ထားစဉ်

## နောင်တော်ကြီးစေတီနှင့် ကုန်းတော်

ရင်ပြင်တော်၏ တောင်ဘက်ဆင်ခြေလျှောတွင် ကျောက်ဖျာတစ်ချပ်ရှိကာ နောင်တော်ကြီးစေတီ စံပယ်တော်မူသည်။ နောင်တော်ကြီးစေတီသို့ သွားရောက် ဝတ်ပြုရာ အောက်ခံကျောက်မြေမှာ ထူးခြားစွာ အေးမြလှသည်ကို သတိပြုမိသည်။

ကျောက်လွှာ အထပ်ထပ်ဖြင့် ဖွဲ့စည်းထားသော ဤကျောက်ဖျာမှာ စေတီရင်ပြင်ခင်း အပူခံကျောက်ပြားထက် များစွာ အေးမြနေသည်။

'ပွဲတော်ကာလဆိုရင် ဒီကျောက်ဖျာပေါ်မှာ အိပ်နေကြတဲ့သူတွေ မပြတ်လို့ နေရာလပ်အားတယ်ကို မရှိဘူး'

'ညအိပ်တာလား'

'ဘယ်ဟုတ်မလဲ၊ နေ့လယ်နေ့ခင်းချိန်လာပြီး ကျောခင်းကြတာ။ ရောဂါဝေဒနာပေါင်းစုံ ပျောက်ကင်းကျန်းမာစေသတဲ့။ နေရာလပ် မရှိပေမယ့် ချေချောင်ငံပြောပြီး နေရာဖယ်နိုင်ရင် ဖယ်ပေးတတ်ကြပါတယ်'

လူသူ ကင်းရှင်းသောကာလ ဖြစ်သောကြောင့် ကျောက်ဖျာထက်တွင် စိတ်အေးလက်အေး ကျောခင်းဖြစ်ခဲ့သည်။ ကိုယ်စိတ်နှစ်ပါး အေးချမ်းမှုရသည်ကား အမှန်ပင်ဖြစ်သည်။

ဆူညံသော မြို့ပြအငွေ့အသက်နှင့် ဗာဟီရကိစ္စ လူမှုသောက အထွေထွေ မေ့ပျောက်စေနိုင်သော နေရာကလေးပင် ဖြစ်လေသည်။

## နှုတ်ဆက်ပူဇော

ကျိုက်တမော့လှဲစေတီ ဘွဲ့တော်မှာ မွန်ဘာသာ **"ကျာ် ထုံလး"**ဟူ၍ ဖြစ်သည်။ ကျောက်ပြားကျောက်ထပ်(၌တည်သော)စေတီဟု အဓိပ္ပာယ် ရရှိသည်။ ကုန်းတော်ကျောက်သားများမှာ အပြားအချပ်ကလေးများ ယှက်၍ထပ်၍ တည်နေသည်။ သက်ရင့်ကျောက်များ ဖြစ်ကြသည်။

မုဒွန်းတောင်တွင်လည်း ဤသို့ ကျောက်အလွှာအထပ်များ ရှိကြသော်လည်း အေးမြခြင်း မရှိပါ။ ဤသည်က ကွမ်ရိုက်တောင် ကျိုက်တမော့လှဲစေတီကုန်း၏ ထူးခြားမှုဖြစ်သည်။

'ကဲ သိပ်အေးမနေနဲ့၊ သွားစရာတွေ ရှိသေးတယ်မဟုတ်လား။ ဘုရားဖူးပြီး ပြန်ကြရအောင်'

ဦးရင်ဖေ လောခေါ်သဖြင့် ရင်ပြင်တော်သို့ ပြန်တက်ကာ စေတီတော်အား နှုတ်ဆက်ကန်တော့သည်။

'ကွမ်ရိုက် ဆိုတဲ့ စကားအတိုင်း ကိုယ်ထမ်းဆောင်ရမယ့် ရင်ရှာကိစ္စ၊ နိုင်ငံကိစ္စ၊ အိမ်ထောင်မိသားစုကိစ္စ၊ လူသားကိစ္စ တာဝန်အားလုံးကို နိုင်နိုင်နင်းနင်း ထမ်းဆောင်နိုင်အောင် ဒီစေတီမှာ ဆုတောင်း ကန်တော့ရတယ်။ ဆုတောင်းပြည့်တယ်လို့ ဆိုကြတယ်။ ယုံယုံကြည်ကြည်သာ ပူဇော်ပါ'

ကွမ်ရိုက်တောင်နှင့် စေတီတည်ရာကုန်းတော်၏ နေရာဒေသ ထူးခြားမှုကြောင့် ဤသို့ ဆုတောင်းပြည့်ကြသည်ဟု ယူဆမိသည်။ စေတီအား ကန်တော့ပြီးနောက် ဓမ္မာရုံအတွင်းရှိ အဘကို နှုတ်ဆက်သည်။ ဓမ္မာရုံအတွင်း တန်ဆောင်မုန်းလပြည့်နေ့ မသိုးသင်္ကန်း ပူဇော်ရန် ရက်ကန်းစင်များ ဆင်ထားသည်ကို တွေ့ရသည်။

ဝါဖန်သည်မှ စကာ သင်္ကန်းဖြစ်သည်အထိ တစ်ရက်တည်းအပြီး ရက်လုပ်ပူဇော်သဖြင့် မသိုးသင်္ကန်းဟု ခေါ်ဆိုသော ဤသင်္ကန်း ရက်လုပ်ရာတွင် မိမိတို့အဖွဲ့လိုက် တစ်စင်နှင့်တစ်စင် အပြိုင်အဆိုင် ရက်လုပ်ကာ အရင်ဆုံးပြီးသောစင်ကို ဆုများ ချီးမြှင့်သည်ဟု သိရပေသည်။

ယခုအခါ အတွေ့အမြင် နည်းသွားပြီဖြစ်သော မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲအတွက် ရှေးအမွေအနှစ် ထိန်းသိမ်းမှုတစ်ရပ်အဖြစ် ဂုဏ်ယူ ဝမ်းမြောက်မိရပေသည်။

***[ကျိုက်တမော့လှဲ ကုန်းတော်နှင့် တကွ (၃၁)ဘုံတွင် ကျင်လည်နေကြကုန်သော ဝေနေယျအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။]***

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးအောင်
(စစ်ကိုင်းတောင်)

# ဂန္ဓာရီအတွက်

## ပထမခြေလှမ်း

ဂန္ဓာရီခရီးသွားဖို့ ကြိုးစားနေသူတွေအတွက် အားဖြည့် အချိုရည်တစ်ခွက် အဖြစ် ရေးသားလိုက်ပါတယ်။

ယခု ကျင့်စဉ်ကတော့ အများဝေနေယျတို့အတွက် မိမိကိုယ်တိုင် အားထုတ်ရမယ့် စွမ်းဆောင်ချက်လဲ ဖြစ်ပါတယ်။

ဦးတည်ချက်ရှိရင် စွမ်းဆောင်ချက် ရှိရမှာပါ။ ဦးတည်ချက် လုံးဝ မပြောင်းဘဲ စွမ်းဆောင်အားထုတ်ချက် ထိထိမိမိ ရှိခဲ့ရင် အောင်မြင်မှုကို တွေ့ရမှာ မလွဲပါ။

ဂန္ဓာရီထွက်မယ့် ပုဂ္ဂိုဟ်ဟာ မိမိ တိုင်းပြည်နဲ့ အမျိုးဘာသာ သာသနာတော်အတွက် တစ်ဖက်တစ်လမ်းက အကျိုးပြု စောင့်ရှောက်ကူညီဖို့ တာဝန်ကြီးကို ဘယ်သူကမျှ မခိုင်းရဘဲနဲ့ လုပ်ရမှာပါ။

ဆိုပါတော့ ဒါဟာ ဝါသနာလဲ ပါတယ်။ ပါရမီကံကလဲ ရှိနေတယ်။ ဆရာသခင်တွေကလဲ ညွှန်ကြားတယ် ဆိုရင်တော့ ဂန္ဓာရီခရီးဟာ အထူးပြောဖို့ မလိုအောင် အောင်မြင်တတ်ပါတယ်။

နှစ်ပေါင်းများစွာ၊ လပေါင်းများစွာ ကျင့်စဉ်တွေ အားထုတ်ထားသော်လဲ ဂန္ဓာရီအတွက် ညွှန်ပြမယ့် ဆရာသခင်လဲ မရှိဘူး။ ဂန္ဓာရီခရီးကိုလဲ တအားစိတ်ပါနေတယ်၊ ဆန္ဒပြင်းပြနေတယ်ဆိုရင် **"ကျေးဇူးတော်ရှင် ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိ"** ချီးမြှင့်ထားတဲ့ သရဏဂုံကျင့်စဉ်နဲ့ တောတောင် ရဂုံမြိုင်ခရီးကို စတင်ဖို့ တင်ပြလိုက်ပါတယ်။

ဂန္ဓာရီခရီးအတွက် လေ့ကျင့်ပျိုးထောင် ခံယူထားရမယ့် မရှိမဖြစ် အချက်တွေ ရှိနေပါတယ်။ တစ်ခုတလေမျှ ချန်ထားလို့ မရပါဘူး။ ဒါတွေကတော့...

၁။ သရဏဂုံကို အထူးယုံကြည် ကိုးစားရမည်။
၂။ မကြိုးမပေါက်သော သီလ ရှိရပါမည်။
၃။ မေတ္တာဝါဒဖြင့် သည်းခံတတ်ရမည်။
၄။ မိမိကိုယ်ကိုသာ ယုံကြည်အားထားရမည်။
၅။ စိတ်ပျက်အားငယ်လွယ်သော အကျင့်လုံးဝ မရှိအပ်။
၆။ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး အထူးကောင်းရမည်။
၇။ မိမိတစ်ကိုယ်ရေ ကောင်းစားဖို့ လာဘ်လာဘကို ရှောင်ရမည်၊

အထက်ပါ (၇)ချက်သည် ဂန္ဓာရီထွက်လိုသည့် ပုဂ္ဂိုလ်များအတွက် အလွန်တရာ အရေးကြီးပါကြောင်း ဆရာတော်ကြီးမှ မိန့်တော်မူပါသည်။

ထိုအချက်များကို နက်နက်နဲနဲ ခံယူနိုင်ပါလျှင် အောက်ဖော်ပြပါ သရဏဂုံကျင့်စဉ်တော်ကို ဖွဲလုံ့လဖြင့် အားထုတ်ပါတော့။

ဂန္ဓာရီခရီးအတွက် ရသေ့ရိက္ခာ

www.burmeseclassic.com

ထောက်သာမကဘဲ ရအပ်သော သိဒ္ဓိထူးများ ပါရမီကံအလျောက် လက်တွေ့ပေါက်မြောက်ပါလိမ့်မည်။ အနေးနှင့်အမြန် ကေန်မလွဲ အောင်မြင်မည် ဖြစ်ပါသည်။

## မဟာသရဏဂုံကျင့်စဉ်တော်ကိုးပါး

၁။ ဂြိုဟ်သက်ကျင့်စဉ် = ၁၀၈-ရက်
၂။ မိတ်ဓာတ်ကျင့်စဉ် = ၁၀၈-ရက်
၃။ အပြင်မိတ်ကျင့်စဉ် = ၁၀၈-ရက်
၄။ ဓာတ်မိတ်ကျင့်စဉ် = ၁၀၈-ရက်
၅။ ရန်ဓာတ်ငြိမ်းကျင့်စဉ် = ၁၀၈-ရက်
၆။ အတွင်းရန်ဓာတ်ငြိမ်းကျင့်စဉ် = ၁၀၈-ရက်
၇။ အပြင်ရန်ဓာတ်ငြိမ်းကျင့်စဉ် = ၁၀၈-ရက်
၈။ ပ,အာ,ဝိ,တေ (၄)ပါးကျင့်စဉ် = ၁၀၈-ရက်
၉။ သရဏဂုံအောင်ပွဲကျင့်စဉ် = ၁၀၈-ရက်

အထက်ပါ ကျင့်စဉ်များကို အမှတ်စဉ်အတိုင်း မပျက်မကွက် အားထုတ်ရပါမည်။ ပေးထားသော မဟာသရဏဂုံဂါထာတော်ကြီးဖြင့် အမှတ်စဉ် (၁)မှ(၇)အထိနှင့် (၉)တို့အား ရက်မခြားဘဲ မရပ်မနား ကြိုးစားပါ။ **ပထမဦးဆုံးရက်အား လဆန်းရက် တနင်္ဂနွေနေ့မှာ** စတင်ရပါမည်။

## ပုတီးစိပ်ရမည့်

## သရဏဂုံဂါထာတော်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ ***(ပုတီးတစ်လုံးချ)***
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
***[ပုတီးတစ်လုံးချ]***
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
***[ပုတီးတစ်လုံးချ]***



## ၁။ ဂြိုဟ်သက်ကျင့်စဉ် ပုတီးစိပ်

| | | | |
|---|---|---|---|
| တနင်္ဂနွေဂြိုဟ်သက် | တစ်ရက် | ၆-ပတ် | ၆-ရက် |
| တနင်္လာဂြိုဟ်သက် | တစ်ရက် | ၁၅-ပတ် | ၁၅-ရက် |
| အင်္ဂါဂြိုဟ်သက် | တစ်ရက် | ၈-ပတ် | ၈-ရက် |
| ဗုဒ္ဓဟူးဂြိုဟ်သက် | တစ်ရက် | ၁၇-ပတ် | ၁၇-ရက် |
| စနေဂြိုဟ်သက် | တစ်ရက် | ၁၀-ပတ် | ၁၀-ရက် |
| ကြာသပတေးဂြိုဟ်သက် | တစ်ရက် | ၁၉-ပတ် | ၁၉-ရက် |
| ရာဟုဂြိုဟ်သက် | တစ်ရက် | ၁၂-ပတ် | ၁၂-ရက် |
| သောကြာဂြိုဟ်သက် | တစ်ရက် | ၂၁-ပတ် | ၂၁-ရက် |

***[စုစုပေါင်း ၁၀၈-ရက်]***

## ၂။ မိတ်ဓာတ်ကျင့်စဉ် ပုတီးစိပ်

| | | | |
|---|---|---|---|
| ဥသာဓာတ် | တစ်ရက် | ၂၇-ပတ် | ၂၇-ရက် |
| စိန်ပန်းဓာတ် | တစ်ရက် | ၂၇-ပတ် | ၂၇-ရက် |
| ဒန်းလှဓာတ် | တစ်ရက် | ၂၇-ပတ် | ၂၇-ရက် |
| ကိုရှာဓာတ် | တစ်ရက် | ၂၇-ပတ် | ၂၇-ရက် |

***[စုစုပေါင်း ၁၀၈-ရက်]***

## ၃။ အပြင်မိတ်ကျင့်စဉ် ပုတီးစိပ်

| | | | |
|---|---|---|---|
| အောင်ပဓာတ် | တစ်ရက် | ၂၅-ပတ် | ၂၅-ရက် |
| ကုလားဓာတ် | တစ်ရက် | ၃၂-ပတ် | ၃၂-ရက် |
| ဆွေသားဓာတ် | တစ်ရက် | ၂၉-ပတ် | ၂၉-ရက် |
| တော်ရင်းဓာတ် | တစ်ရက် | ၂၂-ပတ် | ၂၂-ရက် |

***[စုစုပေါင်း ၁၀၈-ရက်]***

## ၄။ ဓာတ်မိတ်ကျင့်စဉ် ပုတီးစိပ်

| | | | |
|---|---|---|---|
| အန္တောဓာတ် | တစ်ရက် | ၁၆-ပတ် | ၁၆-ရက် |
| ဂန္ဓောဓာတ် | တစ်ရက် | ၃၄-ပတ် | ၃၄-ရက် |
| စရေဓာတ် | တစ်ရက် | ၂၀-ပတ် | ၂၀-ရက် |
| ဝံသေဓာတ် | တစ်ရက် | ၃၈-ပတ် | ၃၈-ရက် |

***[စုစုပေါင်း ၁၀၈-ရက်]***

## ၅။ ရန်ဓာတ်ငြိမ်းကျင့်စဉ် ပုတီးစိပ်

| | | | |
|---|---|---|---|
| အင်းဝဓာတ် | တစ်ရက် | ၂၃-ပတ် | ၂၃-ရက် |
| ရာဇာဓာတ် | တစ်ရက် | ၂၀-ပတ် | ၂၀-ရက် |
| ဓမ္မာဓာတ် | တစ်ရက် | ၂၉-ပတ် | ၂၉-ရက် |
| ယော်ကဓာတ် | တစ်ရက် | ၃၆-ပတ် | ၃၆-ရက် |

***[စုစုပေါင်း ၁၀၈-ရက်]***

## ၆။ အတွင်းရန်ဓာတ်ငြိမ်း ကျင့်စဉ်ပုတီးစိပ်

| | | | |
|---|---|---|---|
| ဦးညိုဓာတ် | တစ်ရက် | ၁၄-ပတ် | ၁၄-ရက် |
| ခေမာဓာတ် | တစ်ရက် | ၃၄-ပတ် | ၃၄-ရက် |
| သုတဓာတ် | တစ်ရက် | ၃၁-ပတ် | ၃၁-ရက် |
| ဝေရီဓာတ် | တစ်ရက် | ၂၉-ပတ် | ၂၉-ရက် |

***[စုစုပေါင်း ၁၀၈-ရက်]***

## ၇။ အပြင်ရန်ဓာတ်ငြိမ်းကျင့်စဉ် ပုတီးစိပ်

| | | | |
|---|---|---|---|
| ဦးဝေဓာတ် | တစ်ရက် | ၂၃-ပတ် | ၂၃-ရက် |
| စံကူးဓာတ် | တစ်ရက် | ၂၃-ပတ် | ၂၃-ရက် |
| ရွှေပုံဓာတ် | တစ်ရက် | ၃၁-ပတ် | ၃၁-ရက် |
| တောသူဓာတ် | တစ်ရက် | ၃၁-ပတ် | ၃၁-ရက် |

***[စုစုပေါင်း ၁၀၈-ရက်]***

## ၈။ ပ-အာ-ဝိ-တေ

## ဓာတ်(၄)ပါးကျင့်စဉ်ပုတီးစိပ်

### ပထဝီဓာတ်ပုတီးစိပ်ဂါထာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ပထဝီ သိဒ္ဓိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ ပထဝီ သိဒ္ဓိ၊
သံဃံ သရဏံ ဂစ္ဆာမိ ပထဝီ သိဒ္ဓိ
***[ပုတီးတစ်လုံးချ]***

**[တစ်ရက် ၉-ပတ် ၂၇-ရက်]**

### အာပေါဓာတ်ပုတီးစိပ်ဂါထာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အာပေါ သိဒ္ဓိ
ဓမ္မံ သရဏံ ဂစ္ဆာမိ အာပေါ သိဒ္ဓိ

(စာမျက်နှာ (၁၂၃) သို့)

www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောထိုးတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ ဇောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အသီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"





ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ဇင်း)(၁၁၂/၁၂၁၂)


"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၅၂၄။

www.burmeseclassic.com

# ဆရာကြီး ဦးထင်အောင်ထံမှ

## ပစ္စည်းဆန်းများ

စင်သိုက်



◆ ကိုယ်ပျောက်စေသည့် ဓာတ်သားဘုရား

**၂၀၀၆ ခုနှစ်က** တကောင်းနယ်မှ ရဟန္တာသုံးပါးနှင့်တကောင်းဓာတ်တော်များ ကိန်းဝပ်ရာ ရှေးဟောင်းနယ်မြေသို့ ပူဇော်မှုခရီး နိဒါန်းတွင် အစ၏ ကောင်းခြင်းနှင့် ပြည့်စုံစေရန် မဟာမုနိဘုရားကြီးအား ရွှေသက်န်းများ ကပ်လှူပူဇော်ခဲ့သည်။

ပြီးသော် ရှင်ဝိစာရက ခြေတော်ရာ တန်ဆောင်းသို့ ခေါ်သွားကာ ဆရာကြီး (ပ–အရာခံဗိုလ်/ငြိမ်း) ဦးထင်အောင်နှင့် မိတ်ဆက်ပေးသဖြင့် သူ၏ နေအိမ်မှ ထူးဆန်းသော ပစ္စည်းများ၊ ဆင်းတု၊ ရုပ်တုတော်များကို လေ့လာခွင့် ရခဲ့လေသည်။

### ကိုယ်ပျောက်စေသည့် ရုပ်ပွားတော်

'နှစ်(၂၀)ကျော်ပါပြီ။ ကျွန်တော် ပုသိမ်မှာ တပ်သားသစ်တွေကို သင်တန်းပေးရတယ်။ အဲဒီမှာ မောင်သိန်းဇော်ဆိုတဲ့ တပ်သားသစ်ကလေးနဲ့ အထူးရင်းနှီးပြီး သူ့အတွေ့အကြုံကို သိရတယ်။

တပ်ထဲ မဝင်ခင်တုန်းက ''ကယ်ရီ'' ခေါ်တာပေါ့။ ပစ္စည်းတွေ သယ်ပို့ရတယ်။ အဲဒီအချိန်မှာ ခဲမိုင်းဟောင်းတစ်ခုထဲက ဆင်းတုကလေး တစ်ဆူကောက်ရခဲ့တယ်။ နားလည်သူတွေ ပြကြည့်တော့ ဓာတ်သားဘုရားတဲ့။ အတွင်းမှာ ဓာတ်လုံး ရှိသတဲ့ သေသေချာချာ သန့်ရှင်းပြီး ရိုရိုသေသေ ကိုးကွယ်ဖို့ မှာတယ်။

ဒါနဲ့ ရုပ်ပွားတော်ကို ကိုယ်နဲ့ မကွာ ပင့်သွားတာ တစ်ခေါက်မှာ ရှာဖွေရေးအဖွဲ့နဲ့ ပက်ပင်းတိုးတယ်။ တောပိုင်းကျကျ နေရာဖြစ်တာမို့ နီးရာ ချုံစပ်ထဲ ဝင်ပုန်းရတယ်။ အဲဒီတုန်းက အဖွဲ့ခေါင်းဆောင်က တိုက်တိုက်ဆိုင်ဆိုင်ပဲ သူပုန်းနေတဲ့ ချုံထဲဝင် အပေါ့စွန့်တယ်။ အနီးကပ် တစ်ပေကွာလောက်ပဲ ရှိပေမယ့် သူ့အကြည့်က မြင်ပုံ မရဘူး။ ပြန်ထွက်သွားတယ်။

ခဏလေးကြာတော့ နောက်တစ်ယောက် ချုံထဲဝင် ဟိုရှာဒီရှာ စေ့စေ့စပ်စပ် လိုက်ကြည့်တယ်။ ငုတ်တုတ်ထိုင်နေတာ ရှင်းရှင်းကြီး မြင်နိုင်ပေမယ့် ထူးခြားတဲ့ဟန် မရှိဘူး။ တစ်ဖွဲ့လုံး ဆက်ထွက်သွားကြတယ်။ အဲဒီနောက်ပိုင်း မောင်သိန်းဇော်တစ်ယောက်





www.burmeseclassic.com

www.burmeseclassic.com



▲ ခေတ်သစ်ဘုရား ပလ္လင်အောက်ခြေ




▲ အဂ္ဂိဇာတသာခါ ရှင်သီဝလိရုပ်တု



မိမြို့ရှင်သီဝလိ ▶

▼ အပင်အောက်ပိုင်း



ဘယ်ရှာဖွေရေးအဖွဲ့ကြောင့်မှ ဒုက္ခ မရောက်ခဲ့ဘူး။

နောက်ပိုင်း အဲဒီအလုပ်တွေကို မလုပ်တဲ့ တပ်ထဲ ဝင်လာတယ်။ အဲဒီ အချိန်ကတည်းက ကျွန်တော်က ပုတီးစိပ် တရားထိုင်နေတာ သိရတော့ ကျွန်တော့်ကို လှူခဲ့တာပါပဲ'

ရုပ်ပွားတော်မှာ ဉာဏ်တော်အမြင့် တစ်လက်မခွဲခန့်ရှိ၍ မျက်နှာတော်နှင့် သင်္ကန်းအတွန့်အရေးများ ပီပြင်မှု မရှိပါ။ ရွှေချထားသည်။ ပလ္လင်ခြေအောက်ဘက်ကို လှန်ကြည့်သော် ပြဒါးရောင် လက်လက် မြင်ရလေသည်။

## အဂ္ဂိဇာတသာခါ ရှင်သီဝလိ

'ဒီရုပ်တုကိုတော့ ခ-လ-ရ(၁၉)မှာ တာဝန်ထမ်းဆောင်တုန်း လှည်းကူးမှာ တာဝန်ကျပါတယ်။ အဲဒီက ကျူရှင်ပေးတဲ့ ဆရာကြီးတစ်ယောက်က လှူခဲ့တာပါ။ ဗုဒ္ဓဂယာက ဗောဓိညောင်ပင်ရဲ့ တောင်ဘက်ကိုင်းကို အဲဒီအပင်အောက်မှာပဲ ရှင်သီဝလိပုံ ဖြစ်အောင် တစ်ထိုင်တည်းနဲ့ ထုထားတာလို့ ဆိုပါတယ်။

၁၉၆၃ ခုနှစ်မှာ ဖာပွန်ကို ပြောင်းရတယ်။ ရှေ့တန်းမှာ စခန်းချတုန်း ကျွန်တော် မှတ်မိတယ်။ အောက်တိုဘာလ(၁၃)ရက်ည ခင်ဗျ။ ဘန်ကာထဲ အိပ်နေတုန်း ဘီလူးစီးသလို ဝူးဝူးဝါးဝါးနဲ့ လန့်နိုးလာတယ်။ ဂုဏ်တော်နဲ့ ပရိတ်ရွတ်ပြီး အချိန်တော်ကြာအောင် စိတ်ကိုပြောင်း၊ တည်ငြိမ်အောင် လုပ်ပြီး ပြန်အိပ်တယ်။

ဒီလိုပဲ လန့်နိုးပြန်တယ်။ ရှေ့တန်း စစ်မျက်နှာဆိုတော့ အကြောင်းထူးပြီ ရယ်လို့ သတိနဲ့ နေကြဖို့ တပ်လှန့်၊ ကိုယ်တိုင်လဲ ဝန်းကျင်ကို စေ့စေ့စပ်စပ် အကဲခတ်ရတယ်။ တစ်နာရီနီးပါး ကြာတဲ့အထိ သင်္ကာမကင်းစရာ ဘာမှ မတွေ့ရဘူး။ ဒါနဲ့ ကင်းတွေ မလစ်သပ်အောင်မှာ ပြန်အိပ်တယ်။ ဖြစ်ပြန်ပြီး ဘီလူးစီးသလို။

မထူးတော့ဘူးဆိုပြီး ဘန်ကာပြင်ထွက် ငုတ်တုတ်ထိုင်နေတော့မှ လား..,လား... ဘန်ကာခေါင်းမိုးပေါ်မှာ ခွေးတစ်ကောင် အမြီးနှံ့လား ခွေအိပ်နေတာ တွေ့ရတယ်။ အံနီးအနား

www.burmeseclassic.com




ပန်းပေါင်းသေးဘုရား

ပန်းပေါင်းသေးဘုရားအောက်ခံ



ဆေးဘုရား ချွေးပြားကွင်းအတွင်းသား



ယာတဲတွေက ခွေးဖြစ်မှာပေါ့။ ခြောက်လှန့်မောင်းထုတ်ပြီးမှ ပြန်အိပ်တော့ နှစ်နှစ်ခြိုက်ခြိုက်ပါပဲ။ ဒီ ရှင်သီဝလိ ရုပ်တုကို ကိုယ်နဲ့မကွာ ဆောင်ထားတော့ ခွေးအောက် ရောက်လို့ မသန့်တာနေမှာလို့ တွေးမိပါတယ်။


နောက်... မှတ်မှတ်ရရ ရှိတာက ၁၉၈၅ ခုနှစ်မှာ ချင်းပြည်နယ်၊ ဖလမ်းကို စခန်းမှူးတာဝန်နဲ့ ပြောင်းရတယ်။ နာမည်ကြီး အသည်းပုံရေအိုင်ရှိတဲ့ ရိဒ်နယ်ကအပြန် ဂျစ်ကားဂီယာ ချိုယွင်းပြီး တောင်တက်ခရီးမှာ နောက်ပြန်လိမ့်ကျတယ်။ ကျွန်တော်လဲ ကားပေါ်ကျပြီး လမ်းပေါ် ခွေခွေကလေး ပေါ့။

အဲဒီအချိန်မှာ ကားက ခါးကို ဖြတ်ကြိတ်သွားတယ်။ နောက် လှမ်းလှမ်းက လိုက်လာတဲ့ ရဲဘော်တွေ ကားပေါ်ကဆင်း ပိုင်းထိန်းမှ ကားရပ်



www.burmeseclassic.com

www.burmeseclassic.com






◆ အချင်းနှစ်လက်မရှိ ဘူးငယ်တွင်းမှ ပွတ္တကီကိုဒီဦးရုပ်တုများ

ရုပ်တု အမြင့်(၀.၇၅)လက်မ ◆

◆ ပွတ္တကီရုပ်တုရဲ့တည့်တည့်



သွားတယ်။ အကြပ်တစ်ယောက်က ကမန်းကတန်း ပြေးထူပြီး…

"ကျွန်တော်တို့ မြင်ရတာ ဆရာကြီး ခါးပေါ်ကားဖြတ်ကြိတ်သွားတာပဲ။ သွားပြီလို့ ထင်နေတာ။ အခုတော့ အဝတ်အစားတွေ စုတ်ပြဲရုံမို့ တော်သေးတယ်"

လို့ ပြောတယ်။ ကျွန်တော့် အနားကို ကားရောက်လာချိန်မှာ ရုတ်တရက် နောက်ကျွမ်းပစ်ပြီး တောင်စောင်း ရောက်သွားတာကို မှတ်မိတယ်။ ဒါပေမယ့် ကျွန်တော် ကျွမ်းမထိုးတတ်ဘူး'

ထိုရုပ်တုမှာ (၀.၇၅)လက်မ အရွယ်ရှိ၍ ရွှေချထားသော ယပ်ထမ်းတောင်ဇေးကိုင် ရဟန္တာရုပ်တု ဖြစ်လေသည်။

### ဝါးပြွန် ရှင်သီဝလိ

ဒီရုပ်တုကတော့ ဝါးပြွန်ရုပ်တုပါ။ သစ်ပင်ပေါ် ပေါက်တဲ့ ဝါးပျံတော့ မဟုတ်ဘူး။ ခုတ်ထားတဲ့ ခေါင်းချုပ်ဝါး

www.burmeseclassic.com

မျက်စိကနေ **အပင်ပြန်ပေါက်တဲ့ ဝါးပြန်ပါ။**

တမူးမြို့ကို ရိက္ခာပို့အသွား မိုးချုပ်တာနဲ့ အနီးဆုံး ရွာကြီးမှာ ညအိပ်ရတယ်။ ၈၅ ခုနှစ်လောက်က ယခင်ကာလ ကျေးရွာကောင်စီ ဥက္ကဋ္ဌအိမ်မှာ စခန်းချတုန်း ရာဇမတ် ကာထားတဲ့ ဝါးရုံတစ်ရုံ တွေ့ရတယ်။ မေးကြည့်တော့ ကျေးရွာထုံးစံ အမိုးဖက်တွေ လေတိုက်လို့ မလန်ရအောင် ဝါးလုံးတွေနဲ့ ခေါင်နှိမ် ဖိထား၊ ချုပ်ထားကြတယ်။

အဲဒီ ခေါင်ချုပ် ဝါးခြမ်းရဲ့ မျက်စိကနေ ဝါးပင်ကလေး ပေါက်နေတာ တွေ့ကြတယ်။

ဝါးဆိုတာ မျှစ်စို့ကို စိုက်မှ…ဒါမှမဟုတ်ရင်လဲ လတ်လတ်ဆတ်ဆတ် ခုတ်ထားတဲ့ ဝါးအဆစ်ကို မြေမြှုပ်စိုက်မှ အပင်ပေါက်တာပါ။

အခုဟာက ထက်ဝက်ခြမ်းပြီး ခေါင်ပေါ်တင်ထားရာက အပင်ပေါက်တာမို့ မြေသန့်ရာမှာ ရာဇမတ်ကာ စိုက်ထားတယ် ဆိုပါတယ်။ အဲဒီ… ဝါးရုံ ဝါးအစကလေး ဖြတ်ပေးလို့ ယူလာပြီး ရှင်သီဝလိပုံတော် ထုထားပါတယ်။ အကျိုးသွားတော့ မလေ့လာရသေးပါဘူး’

ဝါးပြန် ရှင်သီဝလိရုပ်တုမှာ တစ်လက်မနီးပါး အရှည်ရှိကာ ရွှေချထားသော်လည်း ရွှေရောင်များ မှိန်ကာ သစ်စေးအမည်းများ ပေါ်နေပါသည်။



▲ ပဌဝီရုပ်တု လက်ဝဲဘက်



▲ ပဌဝီရုပ်တု လက်ယာဘက်

▼ ပဌဝီရုပ်တု နောက်ကျောဘက်



▼ ရုပ်တု၏ ပုံအကျယ် (၀.၂၅)လက်မ



---

### အပင်ဖောက်ဝါး

---

နှစ်လက်မခွဲခန့် ရှိသော ဝါးဆစ်ကလေးဖြစ်သည်။ ထိုဝါးနှင့် စပ်လျဉ်း၍…

‘၁၉၈၈ ခုနှစ်၊ ဒီဖင်ဘာလတုန်းက ခလရ(၈၉)မှာ တာဝန်ကျတယ်။ မော်လိုက်စခန်းမှူးအဖြစ် တာဝန်ယူရတုန်း ယုဝချောင်းထဲမှာ လှေအစီး (၂၀)လောက် တွေ့တယ်ဆိုတာနဲ့ သတင်းအရ ကျွန်တော် ဦးဆောင်ပြီး လိုက်ရတယ်။ ကလေးနယ်မှာပါ။

လှေတွေကို ထိန်းသိမ်းပြီး အပြန် ဝမ်းထဲ ရစ်လာလို့ နေရာရှာတော့ လှေက လောင်းလှေတွေ အိမ်သာ မပါဘူး၊ ဒါနဲ့ ကမ်းကပ်ပြီး နီးနားချုံထဲဝင် ကိစ္စရှင်းရတယ်။

အဲဒီမှာ ဝါးပင်ကြီးကို ခါးလယ် ဖောက်ထွက်နေတဲ့ ဝါးကိုင်းတစ်ခု တွေ့ရလို့ လှေထဲပြန် ဓားယူခုတ်ခိုင်းတယ်။ ပင်ဖောက်ဝါးဆိုတော့ အခွဲ့သားတွေလဲ သူတစ်ဖြတ်၊ ငါတစ်ဖြတ် ဝိုင်းယူကြလို့ ကျွန်တော့်မှာ ဒါလေးပဲ ရလိုက်တယ်။ အဖောက်ခံရတဲ့ ဝါးပင်

www.burmeseclassic.com

က ဝါးနက်ပင်ဆိုတော့ စနေဂြိုဟ် အဆိုးတရားတွေ ပျောက်ကင်းစေမယ်လို့ ယူဆပါတယ်'

ဟု ရှင်းပြပါသည်။

### ပန်းပေါင်းဆေးဘုရား

ဉာဏ်တော်အမြင့် နှစ်လက်မခွဲ ရှိ၍ ထုလုံးပုံ ပလ္လင်ထက် စံပယ်သည်။ ၁၉၈၉ ခုနှစ်တွင် ကသာသို့ ရောက်စဉ် ဝိဇ္ဇာဓရနယဆိုင်ရာ ဆေးဆရာတစ်ဦးက ဦးထင်အောင်၏ ဘုရား,တရား ကြည်ညိုမှုနှင့် အကျင့်စရဏကို သဘောကျသဖြင့် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကသာနယ်တွင် နယ်လှည့်စည်းရုံးရေး ရုပ်ရှင်ပိတ်ကား လှည့်လည် ပြသစဉ် ရေစကြိုရွာအရောက်၌ အလှူခံယူရရှိသည်။

ပုဂံခေတ် တောင်သူကြီးမင်း၏ နန်းဦးဆရာတော် ကိုးကွယ်ခဲ့သည့် ဆေးဘုရားဖြစ်ကာ သိဒ္ဓိပေါက် ကာရကစွမ်းအင်များ ကိန်းဝပ်ကြောင်း မယ်တော်ဒေါ်သုမင်္ဂလ၏ အကူအညီဖြင့် သိရှိရသည်။ ဆေးပေါင်းမံဘုရားကို ရွှေပြားခတ်၍ ကွပ်ထားသည်။

### ပျူခေတ်မှ ပဥ္စဝဂ္ဂီငါးပါး

တကောင်းမင်းဆက်မှ ရာဇမဟာနန္ဒဘုရင်လက်ထက် သွန်းလုပ်သည်ဆို၏။ **အမြင့်မှာ (၀.၄၄)လက်မ၊ ဖြက်အကျယ် (၀.၂၅)လက်မရှိသော လက်သန်းဖျားအရွယ် ရုပ်တုများ ဖြစ်ကြသည်။**

**ဆောင်းခြောက်ထိုင်ကာ ဒူးနှစ်ဖက်ထပ် လက်ယှက်တင်ထားသည်။ ဝဲလက်သီး ကို မေးစေ့နားထိ မြှောက်ကာ စဉ်းစား ဆင်ခြင်နေဟန် ဦးခေါင်းမှာ ဝဲဘက်ခိုက် နေဟန် မြင်ရသည်။**

တစ်ခုနှင့်တစ်ခု မတိမ်းမယိမ်းရှိကာ ခေါင်းငုံ့စောင်းပုံ အနည်းငယ်စီ ကွဲပြားကြသည်။ မကြားမနာရဘူးသော ဓမ္မစကြာ တရားဦးကို ကြားနာရသော အခါ အလေးအနက် ဆင်ခြင်စဉ်းစားနေကြပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်။

လက်သန်းဖျား ပမာဏ သေးငယ်လှသော်လည်း လက်ရာ သေသပ်၍ အနုစိတ်သည်။ ရွှေပန်းထိမ်ဆရာများက ရွှေမဟုတ်သော ထူးဆန်းသည့် သတ္တုတစ်မျိုးဖြစ်ကြောင်း မှတ်ချက်ပေးကြသည်။ ပွတ်တိုက်သန့်စင်ခြင်း မရှိသော်လည်း တောက်ပ ဝင်းလက်နေသဖြင့် ဓာတ်ပုံရိုက်ရာတွင် အနည်းငယ် မပီမပြင် ရှိသည်။

ဂေါ်ဝန်ဆိပ်အနီး တိုက်အိမ်တစ်အိမ်အတွက် ပန္နက်မြေတူးရာ၌ ရရှိသော ရုပ်တုကလေးများဖြစ်၍ လက်ခံရရှိသော ပန်းရန်ဆရာများက သိမ်းဆည်းထားကြသည်။

တစ်နေ့တွင် ထိုပန်းရန်ဆရာ နေအိမ်သို့ ဘွဲ့အမည် မသိသော သာမဏေငယ်တစ်ပါး ရောက်လာကာ...


'ဒါယကာတို့ အိမ်က အရုပ်ကလေးတွေကို ဘုရားကြီးမြေတော်ရာ တန်ဆောင်းက ဆရာကြီးဦးထင်အောင်ဆီ လှူလိုက်ပါ'

ဟု မိန့်ကြားသည်။ စုံစမ်းကြည့်ရာ ဦးထင်အောင်ဆိုသူ အမှန်ပင် ရှိသဖြင့် လာရောက်လှူဒါန်းကြကြောင်း ပြောပြကြသည်။ ၂၀၀၀ ပြည့်နှစ်ဦးပိုင်းတွင် ရောက်ရှိလာသည်ဟု သိရသည်။

ဤရုပ်တုငယ်များကို ပူဇော်ခွင့်ရပြီးသည့် နောက်ပိုင်း နှစ်ကာလတွင် ပုတီးစိပ် တရားဝင် အဓိဋ္ဌာန်လုပ်ငန်းများ ပိုမို၍ တည်ငြိမ်မှု၊ သမာဓိများ ရရှိလာပြီး လောကီရေးရာတွင်လည်း ဖူလုံလောက်ငစေသည့် ရိက္ခာထောက်သဖွယ် ငွေကြေးလာဘ်လာဘ တိုတို ထွာထွာများ ဝေဝေဆာဆာ ဝင်ရောက် ရရှိလာသည်ဟု ဝမ်းမြောက်ဖွယ် သိရှိရလေသည်။

ပျူခေတ် ရာဇမဟာနန္ဒမင်း လက်ထက် သွန်းလုပ်ခဲ့သည်ဆိုသော လက်သန်းဖျားအရွယ် ပဥ္စဝဂ္ဂီရုပ်တုငယ်များကို ပုံကြီးချဲ့ ရိုက်ကူးတင်ပြလိုက်ပါသည်။

**ခင်ညိုငယ်**



မြေတော်ရာတန်ဆောင်းတာဝန်ခံ ဆရာကြီး ဦးထင်အောင်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း

# ကျန်းမာရေးအတွက်

အကြံပေးချက်

ဤလတွင်...

✦ **မိဿရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ရက်အတွင်းမွေးသူ)တို့သည် တေဇောဓာတ်စာများကို အားပြုစားသုံး၍ ဝါယောဓာတ်စာများကို လျှော့ပေါ့စားသုံးသင့်သည်။**

❂ **တေဇောဓာတ်စာများ** ။ ။ မြွေပွေး၊ မြွေဟောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား၊ ကြက်သား၊ ငါးပြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ ကကတစ်၊ ကဘီလူး၊ ငါးကြင်း၊ ငါးသလောက်...

ရဲယိုသီး၊ ရဲယိုရွက်၊ ဒူးရင်းသီး၊ ဩဇာသီး၊ သဘော်သီးမှည့်၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး၊ ရှောက်သီး၊ ဆီးသီးချဉ်၊ ကန်စိုးသီး၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ကရဝေး၊ သစ်ကြပိုး၊ လေးညှင်း၊ ပတဲကော၊ ဒန့်သလွန်၊ ထောင်သလဲ

ပေါက်ပန်းနီ၊ ပေါက်ပန်းဖြူ၊ ကြိတ်မှန်ရွက်၊ ကင်ပွန်းရွက်၊ ချဉ်ပေါင်ရွက်၊ လဲလူရွက်၊ ဝါရွက်၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း၊ လက်လုပ်ချဉ်မျိုးစုံ၊ ကြာဟင်း၊ ကုက္ကိုငုံ၊ သက်ရင်းကြီး၊ ဝဥ၊ အင်ဥ၊ ပိလောပီနံဥ၊ ထန်းရည်။

❂ **ဝါယောဓာတ်စာများ** ။ ။ ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ လိပ်ဥ၊ ငုံးဥ၊ ငှက်ဥ...

ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်း(ဥ)၊ ခွေးတောက်ရွက်၊ တမာရွက်၊ ကြောင်လျှာ၊ သပွတ်ခါးသီး၊ ယင်းပြား၊ ရှားစောင်းခါး၊ လက်ဖက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်...

ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ ထန်းလျက်၊ မုန်ညင်းခါး၊ ကနဖော့။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်းမွေးသူ)တို့သည် ပထဝီဓာတ်စာကို အဓိက စားသုံး၍ အာပေါဓာတ်စာများကို ဆင်ခြင်သုံးဆောင်ပါ။**

❂ **ပထဝီဓာတ်စာများ** ။ ။ ကြက်သား၊ ချိုးသား၊ ခါးသား၊ ချေ၊ သမင်၊ ဒရယ်၊ ဆတ်သား၊ ဆိတ်သား၊ ဝက်ပေါင်သား၊ အမဲ(နွား)သား၊ ဖွတ်၊ ပုတတ်၊ လင်းမြွေ၊ စပါးကြီးမြွေသား...

ပုရစ်၊ ပလူ၊ ငါးခူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ပုစွန်၊ ဆိတ်နို့၊ ကျွဲနို့၊ နွားနို့၊ ထောပတ်...

ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ တညင်း၊ မာလကာ၊ ဒူးရင်း၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံ၊ မြေပဲ၊ ပဲလွန်း၊ စားတော်ပဲ၊ ပဲကြီး၊ သစ်ကြားသီး၊ အုန်းသီး၊ ဒန့်သလွန်။

❂ **အာပေါဓာတ်စာများ** ။ ။ ရေမြွေသား၊ ကျွဲသား၊ ကြံ့သား၊ ရေကြက်သား၊ ဝက်သုံးထပ်သား၊ ခရု၊ လိပ်၊ ကဏန်း၊ ကနုကမာ၊ ဗျိုင်းသား၊ ဘဲသား၊ ငန်းသား၊ ဖားသား၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း...

ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်း၊ ကသပိုး၊ ငါးသလဲထိုး၊ စပျစ်သီး၊ ဆီးချိုသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ သဘော်သီး၊ ဖရဲသီး...

ကြက်မောက်သီး၊ မင်းကွတ်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ ငှက်ပျောသီး၊ ကနဖော့၊ မန်ကျည်းသီးစိမ်း၊ သပွတ်၊ ရေထိကရုံး၊ ကြက်သွန်နီ၊ လယ်ပတူ၊ အောင်မဲညို၊ ရေညှိ၊ ကျောက်ပွင့်၊ တော်သလင်းဖူး...

ဂေါ်ဖီထုပ်၊ နံနံ၊ ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုံးရည်ကြီး၊ မဲဇလီကြီး၊ ဖလံတောင်ဝေး၊ ရေသရက်ကင်းညွန့်၊ ကြံရည်၊ အုန်းရည်။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အဓိက စားသုံး၍ တေဇောဓာတ်စာကို ရှောင်ကြဉ်ပါ။**

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့သည် အာပေါဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာကို လျှော့ပေါ့စားသုံးသင့်သည်။**

✦ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)တို့သည် တေဇောဓာတ်စာကို အဓိက စားသုံး၍ ဝါယောဓာတ်ကို ဆင်ခြင်သုံးဆောင်ပါ။**

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)တို့သည် ပထဝီဓာတ်စာကို အားပြု၍ အာပေါဓာတ်စာကို လျှော့ပေါ့ သုံးဆောင်သင့်သည်။**

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အားပြုသုံးဆောင်၍ တေဇောဓာတ်စာကို ရှောင်ကြဉ်သင့်သည်။**

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)တို့သည် အာပေါဓာတ်စာကို အထူးပြုသုံးဆောင်၍ ပထဝီဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။**

✦ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်းမွေးသူ)တို့သည် တေဇောဓာတ်စာကို အဓိက စားသုံး၍ ဝါယောဓာတ်စာကို သတိပြု ဆင်ခြင်ပါ။**

✦ **မကာရရာသီဖွား(ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး အာပေါဓာတ်စာကို လျှော့ပေါ့ သုံးဆောင်ပါ။**

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)တို့သည် ဝါယောဓာတ်စာကို အဓိက သုံးဆောင်၍ တေဇောဓာတ်စာကို ဆင်ခြင်သုံးဆောင်သင့်သည်။**

✦ **မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)တို့သည် အာပေါဓာတ်စာကို အားဖြည့်စားသုံး၍ ပထဝီဓာတ်စာကို လျှော့ပေါ့သုံးဆောင်သင့်ပါသည်။**

*အာရောဂျဆုလာဘ်နှင့် ပြည့်စုံကြပါစေ။*

**ဆေးသုဓောသီ**





www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y-၁၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်**
**တဆ၀က(စာနယ်ဇင်း) ၅၇/၀၅၁၃**

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေးဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"


**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုမေ္ဓာလမ်းမကြီး။**
**သင်္ဘာမှတ်တိုင်အနီး။ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၅၂၂၅၄၁**

www.burmeseclassic.com

www.burmeseclassic.com



▲ အဖြူရောင်ဆေးသုတ်ထားသည့် အောင်မြေနေရာ

ဆရာကြီးဦးအောင်မြင်
(ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ

အောင်မြေအဓိဋ္ဌာန်ခရီးမှ

# အနုရုဒ္ဓါ အောင်မြေ

ကျွန်ုပ်သည် **"အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်"** ဟူသော ပဆောင်ပုဒ်ကို လက်ကိုင်ထားပြီး လက္ခဏာဗေဒင် ပညာရပ်ဖြင့် သက်မွေးဝမ်းကျောင်း ပြုနေသူဖြစ်၍ အခါအားလျော်စွာ မြန်မာနိုင်ငံ အနှံ့အပြားရှိ ဘုရားစေတီတော်များကို သွားရောက် ဖူးမြော်ရင်း အောင်မြေများတွင် အဓိဋ္ဌာန်ဝင်ခြင်း ပြုပါသည်။

ယခု ကျွန်ုပ် ဖော်ပြပေးမည့် အောင်မြေမှာ **အနုရုဒ္ဓါအောင်မြေ** ဖြစ်ပေသည်။

မန္တလေးတိုင်းဒေသကြီးရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ညောင်ဦးမြို့တွင် တည်ရှိသည့် ရွှေစည်းခုံစေတီတော်သို့ တစ်နှစ်လျှင် အနည်းဆုံး (၂)ကြိမ်ခန့် ကျွန်ုပ်တို့ မိသားစုဝင်များ ဘုရားဖူးခရီး ရောက်ရှိကြမြဲ ဖြစ်ပါသည်။

**ရွှေစည်းခုံစေတီတော်၏ တနင်္ဂနွေ (အရှေ့မြောက်)ထောင့် မဟာရံတံတိုင်း အနီးမှာ အနုရုဒ္ဓါအောင်မြေဟု သတ်မှတ်ထားသည့် နေရာရှိသည်။**


ထိုအောင်မြေနှင့် မနီးမဝေးရှိ သံဆန်ခါနှင့် ကာရံထားသည့် အဆောက်အအုံတစ်ခု အတွင်းမှာ သစ်သားနှင့် ထုလုပ်ထားပြီး ဆေးဝါရောင်သုတ်ထားသော ဂဠုန်ငှက်ရုပ်ကြီးတစ်ရုပ်နှင့်အတူ ရွှေစည်းခုံစေတီတော်ကို လက်အုပ်ချီ ရှိခိုးကန်တော့နေဟန် သစ်သားရုပ်တုရှေးခေတ်လက်ရာကို တွေ့မြင်ရသည်။

ရှေးခေတ် နန်းဝတ်နန်းစားနှင့် ဖြစ်ရာ အနော်ရထာမင်းနှင့်သူ၏ မိဖုရားရုပ်တုဟု ယူဆရပါသည်။

ပုဂံခေတ်တွင် သမုဒ္ဒရာဇ်မင်းမှ အစပြု၍ (၃၉)ဆက်မြောက် နန်းတက်သော ကွမ်းဆော်ကြောင်းဖြူမင်းတွင် သားတော်(၃)ပါး ထင်ရှားရှိခဲ့ရာ ကြည်းစိုး၊ စုက္ကတေးနှင့် မင်းစောဟူ၍ ဖြစ်ကြသည်။

အငယ်ဆုံးသားဖြစ်သော မင်းစော

www.burmeseclassic.com



◆ အောင်မြေအနီးရှိ ရုပ်ပွားများ

မှာ အနုရုဒ္ဓါမြို့စားရသော မြို့စားမင်းသားဖြစ်၍ အနုရုဒ္ဓါမင်းစောဟု ခေါ်ကြသည်။

ကွမ်းဆော်ကြောင်းဖြူမင်း နန်းကျပြီးနောက် သားတော်ကြီးဖြစ်သူ ကြည်းစိုးက ထီးနန်းစာက်သည်။ (၆)နှစ်အကြာတွင် တောလည်ထွက်စဉ် မုဆိုးလက်ချက်ဖြင့် အနိစ္စရောက်သဖြင့် ညီတော်စုက္ကတေး နန်းတက်ပြန်သည်။

(၂၅)နှစ်အကြာတွင် ညီတော် (ဖအေတူ မအေကွဲ) အနုရုဒ္ဓါမင်းစောနှင့် စီးချင်းထိုးရာတွင် စုက္ကတေးမင်း ရှုံးနိမ့်ကွယ်လွန်သည်။ ထို့ကြောင့် အနုရုဒ္ဓါမင်းစောက ပုဂံထီးနန်းကို သိမ်းမြန်းစိုးစံရသည်။

နောင်တော် စုက္ကတေးမင်းအား စီးချင်းထိုး ယှဉ်ပြိုင် တိုက်ခိုက်အနိုင်ရရှိသောနေရာမှာ ယခု အနုရုဒ္ဓါ အောင်မြေနေရာဖြစ်ကြောင်း သိရသည်။

ထိုအောင်မြေတွင် လက်အုပ်ချီလျက် ရွှေစည်းခုံစေတီတော်ဘက် မျက်နှာလှည့်ကာ အနုရုဒ္ဓါမင်းစောအား ရှင်အရဟံ ပေးသနားတော်မူခဲ့သည့် ဂါထာတော်ကိုသာ (၉)ခေါက် ရွတ်ပွားပူဇော်ခြင်း၊ အောင်မြေမှာ (၉)ပတ်လှည့်လျှောက်၍ အောင်မြေနင်းခြင်း၊ မေတ္တာပို့ အမျှအတန်းပေးဝေခြင်းတို့ ပြုခဲ့ပါသည်။

---

အနုရုဒ္ဓါမင်းစောအား ရှင်အရဟံ

ပေးသနားခဲ့သောဂါထာတော်

---

အနန္တဂုဏ သမ္ပန္နံ နဝဂုဏေဟိ ဥတ္တမံ။

သဗ္ဗညု ဗုဒ္ဓစေတီယံ၊ အဟံဝန္ဒာမိ သဗ္ဗဒါ။


ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **အနန္တဂုဏ** | = | အနန်[illegible]ဂုဏ |
| **သမ္ပန္နံ** | = | သမ်ပန်နံ |
| **ဥတ္တမံ** | = | အုတ်တမံ |
| **သဗ္ဗညု** | = | သဗ်ဗင်ညု |
| **ဗုဒ္ဓစေတီယံ** | = | ဗုတ်ဓစေတီယံ |
| **အဟံဝန္ဒာမိ** | = | အဟံဝန်ဒါမိ |
| **သဗ္ဗဒါ** | = | သဗ်ဗဒါ |

အနက်

**အနန္တဂုဏသမ္ပန္နံ** – မဆုံးနိုင်သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော၊ **နဝဂုဏေဟိ**– ကိုးပါးသော ဂုဏ်တော်တို့ဖြင့်၊ **ဥတ္တမံ**– သတ္တဝါ ခပ်သိမ်းတို့ထက်မြတ်တော်မူသော၊ **သဗ္ဗညု ဗုဒ္ဓစေတီယံ**– သဗ္ဗညု မြတ်စွာဘုရား၏ ဓာတ်တော်တည်ရာ စေတီတော်မြတ်ကို (“**ဤစေတီယံ**”ဟူသော ပုဒ်၌ “**စေတီယံ**”ဟု ရှိရမည်ကို ဆန်းဂိုဏ်

www.burmeseclassic.com



▲ ရွှေစည်းခုံစေတီတော် ဆိုင်းဘုတ်

▼ အောင်မြေဆိုင်းဘုတ်



မိစေရန် "**စေတီယံ**"ဟု ထားခြင်းဖြစ်၏။)၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါ ခပ်သိမ်း၊ **ဝန္ဒာမိ**– ရှိခိုးပါ၏ဘုရား။

*[ဤဂါထာတော် ပါဠိအနက်ကို နဂွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ(ဓမ္မာစရိယ (မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

စာဖတ်သူများ ရွှေစည်းခုံစေတီတော်သို့ ဘုရားဖူး ရောက်ရှိခဲ့လျှင် အနုရုဒ္ဓါအောင်မြေမှာ အဓိဋ္ဌာန်ဝင်နိုင်ကြစေရန် လမ်းညွှန် ဖော်ပြပေးလိုက်ရခြင်းဖြစ်ပါသည်။

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီးဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

**စာမျက်နှာ (၁၁၀)မှ အဆက်**

သံဃံ သရဏံ ဂစ္ဆာမိ အာပေါ သိဒ္ဓိ
*[ပုတီးတစ်လုံးချ]*
[တစ်ရက် ၉–ပတ် ၂၇–ရက်]

ဝါယောဓာတ်ပုတီးစိပ်ဂါထာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဝါယော သိဒ္ဓိ
ဓမ္မံ သရဏံ ဂစ္ဆာမိ ဝါယော သိဒ္ဓိ
သံဃံ သရဏံ ဂစ္ဆာမိ ဝါယော သိဒ္ဓိ
*[ပုတီးတစ်လုံးချ]*
[တစ်ရက် ၉–ပတ် ၂၇–ရက်]

တေဇောဓာတ်ပုတီးစိပ်ဂါထာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ တေဇော သိဒ္ဓိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ တေဇော သိဒ္ဓိ၊
သံဃံ သရဏံ ဂစ္ဆာမိ တေဇော သိဒ္ဓိ၊
*[ပုတီးတစ်လုံးချ]*
**[တစ်ရက် ၉–ပတ် ၂၇–ရက် စုစုပေါင်း ၁၀၈–ရက်]**

၉။ မဟာသရဏဂုံအောင်ပွဲ

ကျင့်စဉ်

မဟာသရဏဂုံ ဂါထာတော်ကြီး **တစ်ရက် (၁၀၈)ပတ် (၁၀၈)ရက်** ရွတ်ဆိုပူဇော်ခြင်းဖြင့် ကျင့်စဉ်တော်ကြီး အပြီးတိုင် အောင်ပြီဖြစ်ပါသည်။

အထက်ပါအတိုင်း ပြီးပြည့်စုံစွာ ကြိုးစားအားထုတ်ပြီးပါက မိမိ၏ အခြေအနေကို ကိုယ်တိုင် သိရှိလာပါလိမ့်မည်။

ထိုအချိန်မှစ၍ မိမိသည် အသေးစားတစ်နိုင် ဂန္ဓာရီခရီးတိုအား စတင်လျှောက်လှမ်းသင့်ပါကြောင်း ဆရာအရှင်၏ ဩဝါဒပညာအမွေကို ဒါနပြုလိုက်ပါသည်။

**ဂန္ဓာရီခရီးမှစ၍ သိဒ္ဓိကိစ္စ အဝဝ ပြီးမြောက်အောင်မြင်ကြပါစေ။**

**ဘကြီးအောင်(စစ်ကိုင်းအောင်)**



www.burmeseclassic.com

www.burmeseclassic.com



# မိုးရိုးချောင်မှ နွားဆေးဆရာများ

စိန်ကုလား (ပဲခူး)

လယ်တီဆရာတော်ကြီး၏ နွားမေတ္တာစာကို မန္တလေးမြို့ ယခင်က ဘိသိက်ဆရာကြီးဦးကဗျာစံ၏ တပည့်ရင်း ဘိသိက်ဆရာကြီး **ရွှေကူစိန် (ဦးစိန်ထွန်း)**က သံနေသံထားနှင့် ရွတ်ဆိုပြပါသည်။

ဆရာကြီးဦးစိန်ထွန်းသည် ယခုအရွယ်အားဖြင့် အသက်ရှစ်ဆယ်ကျော် ဖရာပိုင်း ရောက်ရှိနေသဖြင့် ဘိသိက်ဆရာမှ အနားယူကာ ရိုးရာတောင်သူလုပ်ငန်းကို သားသမီးများနှင့်အတူ လုပ်ကိုင်စားသောက် နေထိုင်ပါသည်။

ဆရာကြီးက မိမိဒေသရှိ တောင်သူဦးကြီးတို့၏ နွားများကို နေထိုင်မကောင်းပါက အခမဲ့ လိုက်လံပြီး ကုသပေးရာမှ စာရေးသူ၏ နွားကို ကုသပေးရင်း စကားစပ်မိရာမှ လယ်တီဆရာတော်ကြီး၏ နွားမေတ္တာစာသားကို ရွတ်ဆိုပြီး...

'မောင်ဖိုးကုလား မင်းက ဝါသနာလဲပါ ဗဟုသုတလဲ ရှိတဲ့လူငယ်တစ်ဦး ဖြစ်တော့ နွားကုသတဲ့ ဆေးနည်းကို လက်ဆင့်ကမ်းပေးမယ်နော်။

တစ်ခုတော့ ရှိတယ်ကွယ့်၊ ဂါထာပေးတော့ဖြစ်ဆိုတဲ့ ရှေးစကားပုံ ရှိတယ်နော်၊ သမားရဲ့ ဂုဏ်အင်္ဂါနဲ့လဲ ကိုက်ညီမှ ဆေးကလဲ လိုက်တယ်ဆိုတာ သတိရှိဦးမှနော်။

ကျေးဇူးရှင် ရွှေပေါက်ကျွန်းဆရာတော်ကြီးရဲ့ ဩဝါဒကတော့ အမဲသား၊ ကျွဲသား၊ ဝက်သား အရက် ဤလေးချက်ကို ရှောင်နိုင်ရင် အကောင်းဆုံးပါပဲလို့ မိန့်ခဲ့ဖူးတယ်ကွယ့်။

ဒါကြောင့်လဲ ဆရာကြီး ကုသတဲ့အခါမှာ ဆရာတော်ကြီးရဲ့ မိန့်မှာခဲ့ဖူးတာကို နာခံတယ်။

နောက်တစ်ချက်က စေတနာဆရာဖြစ်ပါစေ၊ အသပြာဆရာ မဖြစ်ပါစေနဲ့။ ဘာဖြစ်လို့လဲဆိုတော့ နွားတစ်ကောင်ရောဂါပျောက်ရင် ငွေဘယ်လောက်ကန်တော့ရမယ်၊ ဘာပေးရမယ် မလုပ်ပါနဲ့။

မိမိစိတ်က သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတဲ့စိတ်နဲ့ စေတနာ ပြည့်ဝထားပြီး ကုသပေးပါက ပျောက်ကင်းမယ်တဲ့'

ဒါဆိုရင် ဆရာကြီးရဲ့ စေတနာမေတ္တာကို ယုံကြည်လေးစားတဲ့ အနေနဲ့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တောင်သူဦးကြီးများ မှတ်သားကုရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ထည့်သွင်း ရေးသားခွင့်ပြုပေးပါလို့ တောင်းခံရင်းနဲ့ ရေးသား တင်ပြလိုက်ပါရစေ။

**ပထမ နွားရောဂါ ကပ်မကပ် စမ်းသပ်ရန်မှာ...**

၁။ နွား၏ နှာရင်းပေါက်(နဖားပေါက်) နေရာကို လက်ညှိုးလက်မနှင့် ညှပ်၍ စမ်းသပ်ပါ။ **နှာရင်းများ အေးနေလျှင်** ယင်းနွား ရောဂါစွဲကပ်သည်ဟု မှတ်ပါ။

၂။ **နွား၏ လျှာရင်းကို လက်ဖြင့်** စမ်းသပ်ကြည့်ပါက လျှာရင်း ပူလျှင် ရောဂါ စွဲသည်ဟု မှတ်ပါ။

၃။ **နားနှစ်ဖက်အရင်းမျ ႏ အေး၊ လည်ရွဲ အေးလျှင်** ရောဂါစွဲကပ်သည်ဟု မှတ်ပါ။

**မိုးဦးကျတွင် နွားများဖြစ်တတ်သော ရောဂါ လက္ခဏာများမှာ...**

သလဲရွက်၊ ထောင့်တန်း၊ ဂျိတ်၊ လေးဖက်နာ(ဝါ) စွပ်နာဆိုသည့် ရောဂါများ စွဲကပ်တတ်ပါသည်။

အထက်ပါ ရောဂါလက္ခဏာများ ဖြစ်နေပါက မိမိ အိမ်မီးဖိုချောင်မှာရှိသော နနွင်းမှုန့် စတီးဟင်းစားဇွန်း နှစ်ဆနှင့် ဆားတစ်ဆ သမအောင် မွှေပြီး တိုက်ပါ။ နွားအရွယ်အစားမှာ နွားကြီးလျှင် ဟင်းစားဇွန်း သုံးဇွန်း၊ ဆား တစ်ဇွန်းကောင်းကောင်း သုံးပုံနှစ်ပုံခန့် နွားလျှာပေါ် တွင် ထည့်သွင်း တိုက်ပါ။ ရေနှင့်စပ်၍ မတိုက်ရ။



www.burmeseclassic.com

www.burmeseclassic.com

ဆား,နနွင်း သီးသန့်တိုက်၊ ကျန်တစ်ပုံကို နှမ်းဆီစစ်စစ် ဟင်းစားဇွန်း တစ်ဇွန်းခွဲခန့်ဖြင့် သမအောင် ကြာကြာ မွှေနှောက် (သုံးမိနစ်ခန့်)မွှေပြီး တိုက်ပါ။

ဆေးမွှေထားသော ပန်းကန်တွင် ဆေးကျန်များကို လက်ဖြင့်သပ်ပြီး နွား၏ နားရွက်အတွင်းဘက်များ၊ နွားဦးချိုရင်းများ **နွားလည်ရွှဲခေါ် လည်မြစ်**များကို (၇)ကြိမ်၊ (၇)ခါ ပွတ်သပ် သုတ်လိမ်းပါ။ ထို့နောက် နှာသီးဖျားများ ပွတ်သပ် သုတ်လိမ်းပေးပါ။

နောက်တစ်နေ့ နံနက်မှာ မိမိနွားကို စမ်းသပ်သောအခါ အမောများ ရပ်သွားပြီး ခြေ၊ လက်မှား ကျိုးစပြုလာပါလိမ့်မည်။

ယင်းလက္ခဏာများ တွေ့ရှိပါက **ထောင့်တန်း ရောဂါလက္ခဏာသို့** ကူးပြောင်းသွားခြင်း ဖြစ်သည်။ ကြောက်စရာမလိုပါ။

ပထမတိုက်သော ဆေးနည်းအတိုင်း ဆက်လက်တိုက်ကျွေးပါ။

**မှတ်ချက်** ။ ။ **ဆေးဖျော်ထားသော ပန်းကန်တွင်းမှ ဆေးကြွင်းဆေးကျန်ကို နွား၏ ပေါင်ရင်းစုံ၊ လက်ပြင်စုံ၊ အမြီးပိုင်းနှင့် အမြီးဖျားနေရာကို သုတ်လိမ်းပေးပါ။**

သတိထားစရာ ထောင့်တန်းရောဂါသို့ မကူးပြောင်းဘဲ နွား၏ ပါးစပ်မှ "ဂီး ဂီး ဂီး" နှင့် ဆိုးဝါးသော အသံများ ထွက်ခဲ့ပါက **ဂျိတ်ရောဂါ လက္ခဏာ** ဟု ခေါ်ဆိုသည်။

ထိုရောဂါမျိုး ပြောင်းလဲ စွဲကပ်ပါက **ငရုတ်သီးခြောက်မှုန့် ဟင်းစားဇွန်း တစ်ဇွန်းခွဲနှင့် နှမ်းဆီစစ်စစ် ဟင်းစားဇွန်း(၇)ဇွန်း ရော၍** သုံးမိနစ်ခန့် သမအောင် ဖွန်းနှင့် မွှေနှောက်ပြီး



တိုက်ကျွေးပါ။

ဆေးကြွင်း ဆေးကျန်များကို အထက်ပါနည်းအတိုင်း နေရာများတွင် သုတ်လိမ်းပေးပါ။

**ရှောင်ရန်မှာ** ရောဂါဖြစ်နေသော နွားကို ရေ လုံးဝမတိုက်သင့်ပါ။ အရည်ပါဝင်သော အစားအစာများ မကျွေးပါနှင့်။ မြက်စို၊ ပြောင်းရိုးစို၊ ကောက်ရိုးစို စသည်တို့ကို ရှောင်ပါ။

ကောက်ရိုးခြောက်၊ ပြောင်းရိုးခြောက် (စဉ်းပြီး) မြက်ခြောက် စသည်တို့ကို ကျွေးပါ။

စားသလောက် မကျွေးသင့်ပါ။ အကယ်၍ နွားက စားချင်စိတ် ရှိနေပါက လက်သုပ်ခေါ် နွားစာအခြောက်ကို ရေအနည်းငယ် ဆွတ်ဖျန်းပြီး ကျွေးလိုက်ပါ။

နောက်တစ်နေ့ နွားက စားမြုံ့ပြန်နေပြီး(စားမြုံ့ကြိတ်)လျှင် ရေသင့်တော်ထည့်ပြီး ကျွေးပါ။

နွားများ အစားပျက်လျှင် **မြန်မာရှောက်သီးနှစ်လုံး**ကို အခွံများ ခွာပြီး ဓားဖြင့် သေးသေးစိတ်ပါ။ ထန်းဖိုထန်းလျက် တစ်ဆယ်သားခန့်ကို မထုမထောင်းဘဲ ဓားဖြင့် ပါးပါးလှီးပြီး ဆားသင့်တော်ရုံထည့် နှမ်းဆီစစ်စစ် ဟင်းစားဇွန်းသုံးဇွန်းထည့် ယင်း သုံးမျိုးကို လက်ဖြင့် သမအောင် ရောစပ်မွှေပါ။

ဆေးမွှေသောအခါ လက်ဖြင့် ကြိတ်ကြိတ်ပြီး တအား မမွှေပါနှင့်။ ထိုဆေးကို တစ်နေ့ နှစ်ကြိမ်တိုက်ပါ။ နံနက်ပိုင်း တစ်ကြိမ်၊ ညနေပိုင်း တစ်ကြိမ် တိုက်ပါ။ သုံးရက်တိုက်ကျွေးပါက အစာများ စားလာပါလိမ့်မည်။

**နွားသည်းခြေပျက် ရောဂါ လက္ခဏာထွက်ကား...**

တုန်ပြီး လဲသွားခြင်း၊ မျက်လုံးများ ပြူးလာခြင်း၊ ပြာတီပြာချာဖြစ်ခြင်း၊ ယိမ်းယိုင်လဲခြင်း၊ ပယောဂယောင်ယောင် ထင်မှားခြင်းဖြစ်ခဲ့လျှင် မန်ကျည်းသီးမှည့်အစေ့မပါ၊ အမျှင် အမှုန်အမွှားများ ဖယ်ရှားပြီး **ဩဇာသီးလုံးခန့်ကို ဇလုံတွင် ထည့်ပြီး ရေနွေးပွက်ပွက်နှင့် စိမ်ထားပါ။**

ရေနွေးလက်နှိုက်ရချိန်မှာ မန်ကျည်းစေ့ အမှုန်အမွှားများ ဖယ်ရှားပြီး ထန်းဖိုထန်းညက် ဩဇာသီးလုံး တစ်ဝက်ခန့် ဓားနှင့် ပါးပါးလှီး၍ မန်ကျည်းသီးမှည့်နှင့် သမအောင် ရောစပ်မွှေ၍ တစ်နေ့ နှစ်ကြိမ် တိုက်ပါ။

ထိုဆေး တိုက်ကျွေးလို့ ရောဂါ မထူးခြားပါက မြန်မာ သံပရာသီးငါးလုံးကို ဓားဖြင့် ပါးပါးစိတ်၍ သကြား ဟင်းစားဇွန်း သုံးဇွန်းဖြင့် ရောစပ်ပြီး တိုက်ကျွေးပါ။ ရောဂါပျောက်ကင်းသွားပါလိမ့်မည်။

အထက်ပါ ဆေးနည်းများနှင့် ကုသပေးရာတွင် နွားများရောဂါ ပျောက်ကင်းပါသဖြင့် တောင်သူဦးကြီးများ အလွယ်တကူ ကုသနိုင်ရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ထည့်သွင်းရေးသား ဖော်ပြအပ်ပါသည်။

**[ဤဆေးနည်းများ ဆင့်ပွားပေးသူ ဆရာကြီး ဦးစိန်ထွန်းအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ရပါသည်။]**

**စိန်ကုလား(ပဲကူ)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း

# လာဘ်လာဘ

ရွှင်လန်းကြပါစေ



ဩဂုတ်လတွင် ငွေကြေး အခက်အခဲများ ပြေပျောက်၍ လာဘ်လာဘ ရွှင်လန်းကြစေရန် အောက်ပါအတိုင်း ယတြာပြုလုပ်နိုင်ကြပါသည်။

- **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ရက်အတွင်းမွေးဖွားသူ)တို့သည်** ဩဇသွန် (၆)ညွန့်၊ ဥသျှစ်ညွန့် (၆)ညွန့်၊ ရွက်လှပန်း(၆)ခက်နှင့် ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် အများပူဇော်သည့် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးဖွားသူ)တို့သည်** သီဟိုဠ်ညွှန့်(၈)ညွှန့်၊ ပိတောက်ညွန့်(၈)ညွန့်၊ ရဲယိုညွန့် (၈)ညွန့်နှင့် ဆွမ်းတော်ထမင်း (၆) ပန်းကန်တို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးဖွားသူ)တို့သည်** ခရေညွန့်(၂)ညွန့်၊ သပြေ(၂)ခက်၊ ကံ့ကော်ညွန့်(၂)ညွန့်နှင့် တံခွန်(၈)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ကရကဋ်ရာသီဖွား (ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ၂၁ရက်အတွင်း မွေးဖွားသူ)တို့သည်** ကြံညွန့်(၁)ညွန့်၊ အုန်းလက်(၁)ရွက်၊ ဩဇာညွန့် (၁)ညွန့်နှင့် သောက်တော်ရေ (၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။
- **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးဖွားသူ)တို့သည်** အုန်းလက် (၄)ရွက်၊ ကံ့ကော်ညွန့်(၄)ညွန့်၊ သရက်ညွန့်(၄)ညွန့်နှင့် ဖယောင်းတိုင် (၁)တိုင်တို့ကို အင်္ဂါနေ့တွင် ဘုရားစေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ကန်ရာသီဖွား (ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက်အတွင်း မွေးဖွားသူ)တို့သည်** ရွက်လှပန်း(၆)ညွန့်၊ ဥသျှစ်ညွန့် (၆)ညွန့်၊ သပြေ(၆)ခက်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် ဘုရားစေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးဖွားသူ)တို့သည်** ဒေါင်းသိုးဥ(ကြက်သွန်ဖြူဥတစ်လုံး) (၃) လုံး၊ နာနာယို(၃)ပန်းကန်၊ ဖီး(ဆီး)ယို(၃)ပန်းကန်နှင့် တံခွန်(၆)ခုတို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။
- **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်းမွေးဖွားသူ)တို့သည်** ဩဇာညွန့်(၉)ညွန့်၊ ခရေညွန့်(၉)ညွန့်၊ အောင်သပြေ(၉)ခက်နှင့် သောက်တော်ရေ(၃)ခွက်တို့ကို တနင်္ဂနွေနေ့၌ စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက်အတွင်း မွေးဖွားသူ)တို့သည်** စံပယ်ပန်း (၇)ကုံး၊ သီဟိုဠ်ညွန့်(၇)ညွန့်၊ စွယ်တော်ညွန့်(၇)ညွန့်နှင့် ဖယောင်းတိုင်(၉)တိုင်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးဖွားသူ)တို့သည်** ပိတောက်ညွန့် (၁၀)ညွန့်၊ အုန်းလက်(၁၀)ရွက်၊ စွယ်တော်ညွန့်(၁၀)ညွန့်နှင့် ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကင်လှူဆုတောင်းပါ။
- **ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက် အတွင်း မွေးဖွားသူ)တို့သည်** ဗာဒံရွက်(၅)ရွက်၊ အုန်းလက်(၅)ရွက်၊ အောင်သပြေ(၅)ခက်နှင့် တံခွန် (၁၀)ခုတို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးဖွားသူ)တို့သည်** ပေါက်ပေါက် (၃)ပန်းကန်၊ သီဟိုဠ်ဆန်(၃) ပန်းကန်၊ ကောက်ညှင်းထုပ်(၃) ထုပ်နှင့် သောက်တော်ရေ(၅)ခွက် တို့ကို တနင်္လာနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

*အတိတ်ကုသိုလ်သံ ဝိတ်ဆိုးတားဆီးမှုများ ပြေပျောက်၍ ရရန်ရှိသော ငွေကြေးဥစ္စာတို့ လွယ်ကူစွာ ဝင်ရောက်လာနိုင်ကြပါမည်။*

**ထက်မင်းကျော်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ကိုဉာဏ်ထွန်းရှိန်
(စက်မှု-၁)




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၆/၀၅၁၃

'ဟော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလာ'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၁၂၅

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၁၁၂YR ၀၀၆၇၀၈

ခံစားရတာပါပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျီးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျီးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျီးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျီးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျီးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျီးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျီးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဖက်ကျီးပေါင်းရောဂါ၊ ခါးရိုးကျီးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျီးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ ကောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျီးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျီးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျီးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဖက်ကျီးပေါင်း၊ ခါးရိုးဆစ်ကျီးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။ "

ကျွန်တော့်လို ဘဝတူ အရိုးကျီးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျီးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်–၈/၆၆၆ သုခမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးညာဏ်ထွန်းရှိန် (စက်မှု–၃)**

www.burmeseclassic.com



▲ ရုပ်ပွားတော်အလှ

အောင်ခိုင်လင်း

# မိန်းမရဲတောင် သခင်မ

**အခန်း[ ၁ ]**

ထူးခြားသောနေရာများမှာ မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ ရှိကြသည်။

အချို့က ရှေးနှစ်ပေါင်းများစွာကတည်းက သမိုင်းကြောင်းများဖြင့် ရှိခဲ့ကြသောကြောင့် စိတ်ဝင်စားသဖြင့် သွားရောက် လေ့လာသူတို့ စိတ်ကျေနပ်မှု ရှိစေသည်။

အချို့နေရာများက မကြာသေးခင်ကမှ ထူးထူးခြားခြား ပေါ်လာသောနေရာများဖြစ်ပြီး မှတ်တမ်းနှင့် သမိုင်းကြောင်းများ ခိုင်ခိုင်မာမာ မရှိသေးပေ။

အချို့နေရာများမှာ ခရီးသွားများအတွက် စာအုပ်များ ရိုက်ထားသော်လည်း သမိုင်းအထောက်အထားများ မရှိပေ။

ရှေးအခါက ရှမ်းပြည်နယ်ဘက်မှာ ခရီးသွားလာရန် လမ်းပန်းဆက်သွယ်မှု ခက်ခဲသောကြောင့် တချို့နေရာများမှာ လေ့လာချင်သူတို့ မရောက်နိုင်ကြပေ။

ယခု နောက်ပိုင်းကာလမှာတော့ နေရာအနှံ့သို့ သွားလာနိုင်သောလမ်းများ ပေါ်လာပြီဖြစ်သည့်အပြင် နယ်မြေအေးချမ်းမှု ရခဲ့ပြီဖြစ်သောကြောင့် ခရီးသွားလာမှုတို့မှာ များစွာ အဆင်ပြေတိုးတက်လာကြသည်။

ရှမ်းပြည်နယ်ဘက်တွင် ယခင်ကတည်းက ပေါ်ပေါက်နေခဲ့ပြီး လူအများ စိတ်ဝင်စားကြသဖြင့် သွားရောက်ခဲ့ကြသော နေရာအချို့ ရှိခဲ့သည်။

ကုံလုံ၊ ပင်းတယ၊ မြင်းမထိဂူနှင့် မွေတော်ကက္ကူဘုရား စသည်တို့ဖြစ်သည်။

အင်းလေးကန်နှင့် ဖောင်တော်ဦးဘုရားကတော့ အထူးရေးစရာ မလိုတော့ပါချေ။


ယခု နောက်ပိုင်းနှစ်များ ရောက်တော့မှ ပေါ်ပေါက်လာပြီး လူအများ စိတ်ဝင်စားသဖြင့် သွားရောက်သောနေရာအချို့ ရှိပေသည်။

ထမ်းဆန်းလိုဏ်ဂူနှင့် မိန်းမရဲတောင်သခင်မ ရှိသောနေရာပင် ဖြစ်သည်။

**မိန်းမရဲတောင် သခင်မတောင်**ဟု နာမည်ကြီးသောနေရာမှာ ပေါ်ပေါက်ခဲ့သည်မှာ မကြာလှသေးပေ။

**မိန်းမရဲသခင်မတောင်မှာ ရှမ်းပြည်နယ်**

www.burmeseclassic.com



▲ အထူးမှုမြော်ရသော ရုပ်ပွားတော်

ရွာငံမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာ နယ်နိမိတ်အတွင်း၌ ရှိပေသည်။

မြင့်မားသော တောင်မှာ သီးခြားရှိသောကြောင့် တကူးတက သွားရောက်ကြရသည်။

ယောက်ကော် အဖေကြီးသည် ယခင်ကပင် ရန်ကုန်မြို့၌ နေထိုင်ပြီး သာသနာပြု လုပ်ငန်းများ လုပ်ကိုင်နေသူ ဖြစ်သည်။

နောက်တော့ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ သာသနာပြုလုပ်ငန်းများ လုပ်ကိုင်နေရာမှ မိန်းမရဲတောင်သခင်မက အိပ်မက်ပေးပြီး ခေါ်သဖြင့် ထိုတောင်ရှိရာသို့ မေးမြန်းစုံစမ်းပြီး သွားရောက်ခဲ့ခြင်းဖြစ်သည်။ အဖေကြီး သွားရောက်ခဲ့စဉ်က... သာမန်လမ်းသာ ရှိသေးပြီး ကားသွားနိုင်သော လမ်းချော မရှိသေးပေ။

ထိုတောင်သို့ ယောက်ကော်အဖေကြီးရောက်လာသော အချိန်က တောင်ပေါ်မှာ မည်သည့် အဆောက်အအုံမှ မရှိသေးဘဲ နေထိုင်သူလည်း

▼ တောင်တက်လမ်းမှ တက်ကြရခြင်း



မရှိသေးပေ။

တောင်တစ်တောင်လုံး သစ်ပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများသာ ဖုံးပိတ်နေလေသည်။

အဖေကြီးရောက်တော့ သင့်တော်သောနေရာမှာ နေထိုင်စဉ် မိန်းမရဲတောင်သခင်မနှင့် တွေ့ခွင့်ရခဲ့သည်။

'ကျုပ်ကို ဘာအတွက်ကြောင့် ဒီနေရာကို ခေါ်တာလဲ'

'သာသနာပြုလုပ်ငန်းတွေ လုပ်ပေးစေချင်လို့ပါ'

'ဘယ်လို အလုပ်မျိုးတွေလဲ'

'တောင်ပေါ်မှာ ဘုရားတွေ တည်ပေးပါ'

မိန်းမရဲတောင်သခင်မ မည်သည့်နေရာတွင် မည်သည့်ပုံသဏ္ဌာန်မျိုး



www.burmeseclassic.com

www.burmeseclassic.com



◄ တောင်ထိပ်မှ စေတီ



ဘိုးမင်းခေါင်နှင့် ကျွှာလုံးစေတီ ►

တည်ပေးရန် ပြောပြသည်။

'ဘုရားတည်ရင် ငွေရှိဖို့ လိုတယ်'

'ရွှေ၊ ငွေအတွက် စိတ်မပူပါနဲ့ ကျွန်မ ပေးပါ့မယ်။ နောက်ပိုင်း ပဒ္ဒါန်းဆက် ရှိတဲ့သူတွေလဲ ရောက်လာကြပါလိမ့်မယ်။ ရှေ့ကသာ ဆောင်ရွက်ပေးပါ'

ထိုသို့ ပြောပြီး လိုအပ်သော ရွှေ၊ ငွေများ ရရှိအောင် ဆောင်ရွက်ပေးသဖြင့် ၂၀၀၆ ခုနှစ်တွင် စေတီနှင့် ရုပ်ပွားတော်များ စတင် တည်ထားလေသည်။

ထိုသို့ တည်ထားနေသော အချိန်ကာလအတွင်းမှာ ထိုနေရာတစ်ဝိုက်မှာ ရှိသော ဘုမ္မိရုက်များနှင့် ပရလောကသားများ၏ ကူညီစောင့်ရှောက်မှုများ ရရှိခဲ့ပေသည်။

**အခန်း [ ၂ ]**

မိန်းမရဲတောင်သခင်မနှင့် ပတ်သက်သည့် သမိုင်းကြောင်း၊ သမိုင်းဟောင်းကတော့ မရှိသေးပေ။ ဒေသခံများကလည်း မပြောနိုင်ကြသေးပေ။

အချို့ခရီးသွားများကတော့ သူတို့ သိထားသော သမိုင်းကြောင်းကို ပြောပြသည်။

မိန်းမရဲတောင်သခင်မ ဖြစ်လာမည့် အမျိုးသမီးမှာ ရှင်ဘုရင်က တော်ကောက်မည်စိုးသောကြောင့် ထို တောင်ရှိရာသို့ ထွက်ပြေးလာရာ ဘုရင်နှင့် မှူးမတ်များက နောက်မှ လိုက်လံရှာဖွေကြသည်။

ယခု မင်းတိုင်ပင်ရွာနေရာ ရောက်သောအခါ ဘယ်နည်းဘယ်ပုံ ရအောင် ပြန်ခေါ်ကြမည်ကို တိုင်ပင်သဖြင့် နောင်တွင် **မင်းတိုင်ပင်ရွာ**ဟု ခေါ်ဝေါ်ခဲ့ကြသည်။

နောက်တော့ အမတ်၊ စစ်သူကြီးများက သခင်မ ခိုအောင်းနေသော တောင်ရှိရာသို့ ရောက်လာကြသည်။ ယင်းတို့ ရောက်လာသောအခါ အဖမ်းမခံလိုသောကြောင့် သခင်မက မတ်စောက်လှသော တောင်ထိပ်ရောက်သည် အထိ တက်ပြေးလေသည်။

ထိုအခြင်းအရာကို မြင်သောအခါ အမတ်၊ စစ်သူကြီးများက...

'တယ်ရဲတဲ့ မိန်းမပါလား'

ဟု ရေရွတ်ပြောဆိုခဲ့ကြသည်။

နောက်တွင် သခင်မသည် အမတ်၊ စစ်သူကြီးများ အဖမ်းမခံလိုသောကြောင့် တောင်ထိပ်မှ ခုန်ချကာ အသက်သေဆုံးသွားရာ နတ်ဘဝသို့ ရောက်လေသည်။

ထိုတောင်ကို "**မိန်းမရဲတောင်**"ဟု ခေါ်ဝေါ်ပြီး သခင်မကိုလည်း "**မိန်းမရဲတောင်သခင်မ**"ဟုပင် ခေါ်ဝေါ်ကြသည်။

ယခင်က ထိုတောင်သည် အတော်ပင် ကြမ်းသည်။ အမှားအယွင်းမခံဘဲ တစ်ခုခုမှားယွင်းပါက အသက်သေအောင်ထိ ဖြစ်လေ့ရှိသည်။

စည်းကမ်းမဲ့ အလေးအပေါ့စွန့်ခြင်း၊ ကြမ်းတမ်းသော စကားပြောခြင်း၊ ဆဲဆိုခြင်း၊ လင်စုံမယားဖက်နေခြင်းများ ခွင့်မပြုပေ။ အရက်သေစာ သောက်စားသွားလျှင်လည်း မနစ်သက်ပေ။

ထိုသို့ အမှားပြုလုပ်မိပါက မြွေနှင့်တွေ့၍ သေခြင်း၊ ကျားနှင့်တွေ့၍ သေခြင်း၊ နာနာဘာဝများ ခြောက်လှန့်သဖြင့် သေခြင်း၊ မမြင်ရသော ပရလောကသားများက တောင်ပေါ်မှ တွန်းချသဖြင့် သေရခြင်းများ ရှိခဲ့သည်။

နောက်ပိုင်း ယောက်ကော်အဖေကြီးရောက်လာပြီး သာသနာပြုလုပ်ငန်းများ ဆောင်ရွက်သောအခါမှ အမှားအယွင်းပြုလုပ်ခြင်း အချို့ကို



www.burmeseclassic.com

www.burmeseclassic.com



◆ စီးတော်ကျားရုပ်



◆ မိန်းမရဲတောင်သခင်မ

ရက်နေ့တွင် စတင် ကျင်းပကြသည်။ အငြိမ့်ပွဲ ဇာတ်ပွဲ၊ ဈေးသည်၊ ဈေးဝယ်များဖြင့် စည်ကားသော ဘုရားပွဲတော် ဖြစ်သည်။

မိန်းမရဲတောင် သခင်မ ဟုနာမည်ပေါ်ထွက်လာသည်မှာ အချိန်ကာလ မကြာသေးပေ။ သို့သော် ရောက်လျှင်ဆုတောင်းပြည့်ဝသည် ဟု ယုံကြည် မှုရှိကြသဖြင့် ယခုနှစ်ပိုင်းအတွင်းမှာအသွားအလာများသော နေရာ တစ်ခု ဖြစ်လာခဲ့ပေပြီ။

**ကုံလုံသွားသော ကားလမ်းမှ တောင်ခြေရောက်သည်အထိ ကတ္တရာလမ်းချော ပေါက်နေပြီဖြစ်သောကြောင့်ကားဖြင့် တစ်နာရီကျော်မျှ မောင်းလျှင် ရောက်နိုင်ပေသည်။**

ဆုတောင်းပြည့်လိုသူများ တစ်ခါတစ်ခေါက် သွားရောက်သင့်သော နေရာထူးတစ်ခုဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရှာင်ဒေသသည် နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး သဘာဝအလှများဖြင့် ပြည့်စုံသောနေရာလည်း ဖြစ်သည်။

အောင်ပန်းမှ ပင်းတယလိုဏ်ဂူ၊ ကုံလုံတောရတို့ဘက်သို့ သွားပြီး အပြန်ဝင်ရောက်နိုင်သော နေရာလည်း ဖြစ်သည်။

အဓိဋ္ဌာန်ဝင် ဆုတောင်းလိုသူတို့ တစ်ခါတစ်ခေါက် သွားရောက်သင့်သော နေရာဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသား လမ်းညွှန်အပ်လိုက်ပါသည်။

**အောင်နိုင်လင်း**

သည်းခံခွင့်လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။

ယခင်ကတော့ တောင်ကြမ်းသဖြင့် အကြောင်းမရှိဘဲ မသွားမလာဝံ့ကြပေ။

မိန်းမရဲတောင်သခင်မ အိပ်မက်ပေးခေါ်ယူခဲ့ပြီး လိုအပ်သော အကူအညီများပေးခဲ့သဖြင့် ယောက်ကျော်အဖေကြီးမှာ နှစ်အနည်းငယ်အတွင်းမှာ ဘုရားစေတီပေါင်း မြောက်မြားစွာကို တည်ထားခဲ့လေသည်။

၂၀၀၆ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ရာ (၁၀)နှစ်ကျော် အချိန်ကာလ အတွင်း၌ စေတီ၊ ရုပ်ပွားတော်ပေါင်း မြောက်မြားစွာ ပေါ်ထွန်းခဲ့ပေပြီ။

တောင်ထိပ်ပေါ်တွင် စေတီတော်နှင့် အခြားနေရာများမှာလည်း စေတီပေါင်းများစွာ တည်ထားသည်။ တောင်နံရံတွင် မြင့်မားသော **မုဒ္ဒရုပ်ပွားတော်ကြီးလေးဆူကို** တည်ထားရာ အဝေးမှပင် ဖူးမြော်နိုင်ကြသည်။

တောင်က မတ်စောက်ပြီး မြင့်မားလှသောကြောင့် တောင်တက်လှေကားများအပြင် စတီးလက်ရန်းများပါ တပ်ဆင်ပေးထားသည်။ ထို့ပြင် ဘုရားဖူးများ တည်းခိုရန် ဇရပ်ရုံလည်း ရှိနေပြီ။


**ထိုတောင်၏ ထူးခြားမှုမှာ** တောင်ထိပ်ပေါ်ရောက်ပြီးပါက မိမိလိုသော ဆု တောင်း၍ လက်သီးလက်မောင်း တန်းကာ **"အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ"**ဟု အော်ဟစ်ပါက လိုသော အလိုဆန္ဒ ပြည့်ဝသည်ဟု ယုံကြည်မှု ရှိကြလေသည်။

အချို့လည်း ဆုတောင်းခြင်းများ ပြည့်ဝသဖြင့် လာရောက်လှူဒါန်းမှုများ ရှိကြသဖြင့် ထိုကဲ့သို့ စေတီ၊ ရုပ်ပွားတော်များ တိုးပွားလာခြင်း ဖြစ်ပေသည်။

မိန်းမရဲတောင်သခင်မ ပျော်စံရာ တောင်ပေါ်၌ တည်ထားသော စေတီ၊ ရုပ်ပွားတော်များကို ဘုရားပွဲတော် ကျင်းပကြသည်။

နှစ်စဉ် တပေါင်းလပြည့်ကျော် (၈)

www.burmeseclassic.com



မြသန့်မြိုးဝေ
(လှိုင်ကော်)

# သူလိုဖြစ်ချင်ရင် ဒီလိုလုပ်

စာရေးသူသည် အထွေထွေ ဗဟုသုတလေ့လာရန် လှိုင်ကော်မြို့မှ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း သီရိခေတ္တရာပြည်မြို့သို့ ၁၇-၂-၂၀၁၅နေ့ ခရီးထွက်ခဲ့ပါသည်။ ပြည်မြို့ ရွှေဆံတော်ဘုရားကြီး ဖူးမြော်ပြီး ရွှာဘဲရပ်တောင်ပေါ်ကျောင်း ဆရာတော်အား သွားရောက် ဂါရဝပြုရာ ဆရာတော်အနီးတွင် ကိုယ်အမူအရာ ထူးခြားသော ဦးပဥ္စင်းကြီးတစ်ပါးကို ဖူးတွေ့ရပါသည်။ ယင်းဦးပဥ္စင်းကြီးကို...

'အရှင်ဘုရားရဲ့ကိုယ်အမူအရာများ ထူးခြားနေပါတယ်။ သိခွင့်ရှိရင် သိပါရစေ'

ဟု လျှောက်ထားရာ ဦးပဥ္စင်းကြီးမှ အောက်ပါအတိုင်း ပြန်ပြောပြပါသည်။

ဦးပဥ္စင်း လူဝတ်ကြောင်ဘဝက **အောင်လံမြို့တောင်ပိုင်း**မှာ နေပါတယ်။ အမည် ဦးစိုးဝင်းဖြစ်ပြီး ဆီစက်တစ်ခုမှာ မန်နေဂျာလုပ်ပါတယ်။ တစ်နေ့ အောင်လံမြို့မှ ပွဲစားကြီး ဦးကြွက် မိမိထံရောက်လာပြီး...

'မောင်စိုးဝင်း ကန်နှစ်ဆင့်အောက်ကျောင်း ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ငါ့ကို အလွန်စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ခုပြောပြခဲ့ဖူးတယ်။ တို့ဗမာပြည်မှာ ငွေအိုးသုံးတဲ့ခေတ်က အောင်လံမြို့ ရွှေပေါက်ပင်ကျောင်းမှာ ဖိုထိုးနေတဲ့ ဆရာမြတ်လူဟာ ကျောင်းဒါယကာပွဲစားကြီး ဦးဘမောင်ထံ ငွေဒင်္ဂါး(၅)ကျပ် ချေးယူပြီး ဓာတ်ပစ္စည်းများ ဝယ်ယူကာ ဖိုထိုးခဲ့တယ်။

ဓာတ်လုံး အောင်မြင်တဲ့အခါ ကျောင်းဒါယကာကြီး ဦးဘမောင်အား ကျေးဇူးဆပ်ရန် သူ့အိမ်သွားတယ်။ ဦးဘမောင် ရန်ကုန် မြင်းပြိုင်ပွဲသွားနေလို့ ဆရာမြတ်လူ ရန်ကုန်လိုက်သွားရာ ည(၉)နာရီအချိန် ရန်ကုန်ဘူတာကြီးမှာ ဦးဘမောင်ကို တွေ့ရပြီး ငွေဒင်္ဂါး (၅ဝ/)ကျပ်ပေးခဲ့တယ်။

ဆရာမြတ်လူဟာ အဲဒီည(၉)နာရီ (၁၅)မိနစ်အချိန်မှာ အောင်လံမြို့ ရွှေပေါက်ပင်ကျောင်း ဆရာတော်ကို...

'တပည့်တော် သွားတော့မယ်ဘုရား'

လို့ လျှောက်ထားပြီး ကန်တော့သွားတယ်။

နောက်တစ်နေ့ ကျောင်းဒါယကာ ဦးဘမောင် ရွှေပေါက်ပင်ကျောင်း ဆရာတော်ထံ လာပြီး ဆရာမြတ်လူ သူ့ထံလာပြီး ငွေဒင်္ဂါး(၅ဝ/)ကျပ်ပေးကြောင်း လျှောက်ထားရာ ဆရာတော်က...

'ကျောင်းဒါယကာကြီး အဲဒီည(၉)နာရီ (၁၅)မိနစ်အချိန် ငါ့ကိုလဲ လာကန်တော့သေးတယ်။ သူ့ဓာတ်လုံး အောင်မြင်သွားပြီထင်တယ်'

လို့ ပြောပြီး ကျောင်းဒါယကာကြီးနဲ့ အတူ ဆရာမြတ်လူ အိပ်ရာ သွားကြည့်ရာ မှတ်တမ်းတွေ့ရတယ်လို့ ကန်နှစ်ဆင့်အောက်ကျောင်း ဆရာတော်ကြီး ပြောခဲ့တယ်။

'အဲဒီမှတ်တမ်း ဘယ်သူ့ထံမှာရှိမလဲ တွေ့အောင် ရှာကွာ'

လို့ ပွဲစားကြီးဦးကြွက် ပြောသဖြင့် အောင်လံမြို့တောင်ပိုင်း တန်ဖိုးရှာ ဘုန်းတော်ကြီးကို ရှာခိုင်းရာ အလှူတစ်ခုမှာ ညောင်ပင်သာကျောင်းဆရာတော်နှင့် တွေ့ရပြီး ဆရာမြတ်လူ၏ မှတ်တမ်း ရရှိခဲ့တယ်။

ပွဲစားကြီးဦးကြွက် ကွယ်လွန်သွားသဖြင့် မပေးလိုက်ရဘဲ မိမိ ရဟန်းဘဝရောက်မှ မှတ်တမ်းပါ နည်းအတိုင်း လုပ်သဖြင့် အထိုက်အလျောက် ထူးခြားနေကြောင်း ရွှာဘဲတောင်ပေါ်ကျောင်းဆရာတော်အနီးရှိ ဦးပဥ္စင်းကြီး ပြောပါသည်။

| ဆရာမြတ်လူမှတ်တမ်း |
| --- |
| ဆရာမြတ်လူ ဓာတ်ဖြစ်ဖြစ် |
| ဖမ္မိုသောင်းရပ်လောကဓာတ်တွင် |
| ပြောမှတ်မဆိုး လုပ်ရတ်ထုံးဟား |

၁။ စိန်ဖြူဆင်ဦးနှောက် (၅)ကျပ်သား

(အမှုန့်ထောင်းနိုင်းနှင့်ချ)

၂။ ဒုတ္တာ (၅)ကျပ်သား

(အမှုန့်ထောင်းနိုင်းနှင့်ချ)

၃။ လက်ချား (၅)ကျပ်သား

 စာမျက်နှာ (၁၃၅) သို့

www.burmeseclassic.com

# သက်ရှည်အားတိုးဆေးကြီး

ဆောင် (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်



မည်သူမဆို ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဂုဏ်ရှိဂုဏ်မဲ့သူ အားလုံးတွင် အမှန်တကယ် အလိုအပ်ဆုံးသည် ကျန်းမာခြင်းဖြစ်မည်မှာ အမှန်ဟု ဆိုခြင်းဖြစ်ပါသည်။

ကျန်းမာသော်လည်း အားအင်ပြည့်စုံပြီး ခွန်အားရှိဖို့ကလည်း လိုပေသေးသည်။ မိမိတို့၏ မိသားစုဘဝအတွက် တာဝန်ယူနေကြသူများတွင် ကိုယ်ပင်ပန်း ဆင်းရဲစွာ ရှာဖွေနေကြရသူများနှင့် စိတ်၏ ပင်ပန်းဆင်းရဲကို ခံစားကြရသောသူများလည်း ရှိကြမည်မှာ မုချဟု ဆိုခြင်းဖြစ်ပါသည်။

မည်သည့်အကြောင်းဖြင့် ဆင်းရဲ၍ အင်အားချည့်နဲ့ပြီး အားအင်ကုန်ခန်းသူများနှင့် ရောဂါဝေဒနာ တစ်စုံတစ်ရာကြောင့် အင်အားကုန်ခန်းကြသူများအတွက် "**ကုန္ဒာညြသမ**"ဟု အမည်ပေးရလောက်အောင် လွန်စွာ အစွမ်းထက်ပြီး အင်အားတိုးတက်စေသော ဆေးများ ရှိခဲ့ပါသည်။

ကျွန်တော်သိသမျှ တင်ပြရလျှင် ဤအားဆေးကြီးသည် မည်သည့်အကြောင်းကြောင့် အင်အားကုန်ခန်းနေပါစေ စားသုံးသင့်ပါသည်။ **အသက်အရွယ် (၄၅)နှစ်ကျော်ပြီဖြစ်သော အမျိုးသား၊ အမျိုးသမီးများလည်း ပို၍ စားသုံးသင့်ပါသည်။**

ဆေးမည်များ၊ ဖော်စပ်ပုံနည်းလမ်း စားသုံးရပုံ စသည်တို့ကို အောက်တွင် ပြည့်စုံစွာ ဖော်ပြလိုက်ပါသည်။

ကုန္ဒာညြသမ

သက်ရှည်အားတိုးဆေးကြီး

| | |
|---|---|
| ၁။ ကျောက်ဖရုံသီး | (၅၀)ကျပ်သား။ |
| ၂။ ထောပတ် | (၅)ကျပ်သား။ |
| ၃။ ပျားရည် | (၅)ကျပ်သား။ |
| ၄။ သကြား | (၂၅)ကျပ်သား။ |
| ၅။ ဇာသီးဆန် | (၄)ပဲသား။ |
| ၆။ ဇာပွင့် | (၄)ပဲသား။ |
| ၇။ လေးညှင်းပွင့် | (၄)ပဲသား။ |
| ၈။ ပန်းဦး ပန်းနု ပန်းရင်း | (၄)ပဲသားစီ |
| | [၁၂-ပဲသား] |
| ၉။ ဇီရာ | (၄)ပဲသား။ |
| ၁၀။ အိပ်မွှေး | (၄)ပဲသား။ |
| ၁၁။ ကြူ | (၄)ပဲသား။ |
| ၁၂။ စူလာနဖာ | (၄)ပဲသား။ |
| ၁၃။ ကရဝေး | (၄)ပဲသား။ |
| ၁၄။ သစ်ကြံပိုး | (၄)ပဲသား။ |
| ၁၅။ နှမ်းဆီ | (၂)ကျပ်သား |

တို့ ဖြစ်ပါသည်။

ဆေးမည်စုစုပေါင်း၏ **အလေးချိန် (၉၀)ကျပ်သား** ဖြစ်ပါသည်။

ဆေးဝါးဖော်စပ်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆေးမည်စာရင်းတွင် နံပါတ်(၁)တွင် ဖော်ပြထားသော **ကျောက်ဖရုံသီး (၅၀)ကျပ်သား**ကို ခြစ်ဖြင့် ခြစ်ယူပါ။

နောက် သန့်ရှင်းသော အိုးဖြင့် ထည့်၍ အစဉ်(၄)တွင် ပါဝင်သော **သကြား**ကိုထည့်ပါ။

နောက် **ထောပတ်**နှင့် **နှမ်းဆီ**တို့ကို ထည့်ပြီးနောက် မီးအေးအေးဖြင့် ချက်ပါ။

ကျောက်ဖရုံသီးများ အားလုံး အရည်ပျော်သွားပါလိမ့်မည်။

မီးအေးအေး ဆိုရာတွင် မီးသွေးဖိုဖြင့် ချက်သင့်ပါသည်။

ကျောက်ဖရုံသီးများ အားလုံး ကောလီကျေပြီး အရည်ဖြစ်လာသော အခါတွင် **ပျားရည်**ထည့်လိုက်ပါ။

နောက် မီး‌ပေါ်မှ ဆေးကျိုချက်နေသောအိုးကို အောက်ချထားပြီး သမနိုင်သမျှ သမသွားအောင် အေးဆေးစွာ မွှေပေးပါ။

အထက်တွင် စီမံခဲ့ပြီးသော ဆေးမည်များမှအပ **ကျန်ရှိသေးသော ဆေးမည်အားလုံး**ကို အမှုန့်ပြုလုပ်ထားရပါမည်။

ထိုဆေးမှုန့်ကို မီးဖိုပေါ်မှချပြီး သမအောင်မွှေနေသော ဆေးအိုးထဲသို့ အပူရှိန်လျော့ပါးလာချိန်တွင် ထည့်ပြီး မွှေပေးရပါမည်။

မီးဖိုပေါ်တွင် အပူပေးပြီး ကျိုချက်နေကြသော ဆေးကျိုချက်သည့်အိုးကို မီးဖိုပေါ်မှချပြီး မွှေပေးရာ အချိန်အားဖြင့် **(၁၀)မိနစ်၊ (၁၅)မိနစ်ခန့်ကြာသောအခါတွင်** အမှုန့်ပြုထားသော ဆေးမှုန့်များထည့်၍ တစ်သားတည်းဖြစ်အောင် ထပ်မံ၍ မွှေပေးရပါသည်။

အသားကျသွားအောင် မွှေပြီးသော ဆေးကို အလိုအလျောက် အေးသွားသည့် ကာလတိုင်အောင် အအေးခံထားပါ။ နောက် သန့်ရှင်းပြီးသောသော



www.burmeseclassic.com

www.burmeseclassic.com

ဖန်ဘူး၊ ပုလင်းတို့တွင် ထည့်သွင်းပြီး ထားနိုင်ပါသည်။

**ဆေးစားရန် နည်းလမ်းမှာ...**

၁။ ညအိပ်ရာဝင်ချိန်တွင် စားပွဲစားဇွန်း တစ်ဇွန်းစာ စားပါ။ ရေအေးသောက်ပါ။

၂။ ညစဉ် မှန်မှန်သောက် စားသင့်ပါသည်။

**အကျိုးသွားများမှာ....**

ဣန္ဒြာဩသဓ ခွန်အားတိုးဆေးကြီးကို စားသုံးရသောသူသည် အသားအရေ စိုပြည်လာခြင်း၊ ကုန်ခန်းနေသော ခွန်အားများ ပြန်လည်ရရှိပြည့်စုံလာခြင်း၊

ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ စသော မူလဓာတ်ကြီးများကို အလွန်အယုတ်မရှိစေဘဲ ညီပေးခြင်း၊ အတွင်းပယောဂဟု ဆိုအပ်သော သွေး၊ သည်းခြေ၊ လေ၊ သလိပ်နှင့် သွေးပင်း၊ လေးပင်း၊ စမြင်းပင်း စသည်များကို သန့်စင်၍ မျှတစေခြင်း၊

အတွင်းအားစွမ်းအင်တို့ကို တစ်နေ့တခြား တိုးပွားလာရခြင်း၊ ဆင်ပြောင်ငါးစီးအားမနက်ကဲ့သို့ ခွန်အားများကို ပိုင်ဆိုင်နိုင်ခြင်း စသည်တို့ကို ရရှိခံစားကြရမည် ဖြစ်ပါသည်။

ဤနေရာတွင် ရှေးဆရာများနှင့် ကျမ်းလာစကားတို့အရ ဆေးကျိုချက်သောအိုးကို **ကြေးအိုးဖြင့်** သုံးစွဲသင့်သည်ဟု ဆိုပါသည်။

ရှေးဆရာတို့၏ ပညာနှင့် စေတနာကို ကျူးကျူးကျော်ကျော် စော်ကားခြင်း မဟုတ်ပါ။ ခေတ်အခြေအနေအရ သင့်လျော်ရာ(ရရာ) သန့်ရှင်းသောအိုးဖြင့် သုံးလျှင်လည်းဖြစ်ပါသည်။

ဆေးပညာရှင် ဆရာသခင်တို့သည် ဆေးဝါးကျိုချက်ချိန်တွင် **သရဏဂုံသီလ ဆောက်တည်ကြပြီး မေတ္တာ** **သုတ်ပရိတ်တော်**ကို ရွတ်ဖတ်ကြသည်ဟု ဖော်ပြထားပါသည်။

ဤဆေးတော် ဖော်စပ်သူများအနေဖြင့် သိရှိနိုင်စေရန်အတွက် ပြည့်စုံအောင် ရေးသားဖော်ပြလိုက်ပါသည်။ ရှေးက ဆရာကြီးများ၏ လုပ်ထုံးဖြစ်ပါသည်။

စာရေးသူ အကြံပြုလိုသည်မှာ အင်အားချည့်နဲ့သော ပုဂ္ဂိုလ်များနှင့် သက်ကြီးရွယ်အိုများ စားသုံးသင့်ပါသည်။

ယခု တစ်ကမ္ဘာလုံးမှာ ကြောက်လန့်နေကြသော အထွေထွေ ကိုယ်ခံအားကျဆင်းသည့် ရောဂါရှင်များ အနေဖြင့်ဆိုလျှင် အောက်ပါ ဆေးမည်သုံးမျိုး ဖြည့်စွက်ပြီး စားသင့်ကြောင်းကို ထပ်လောင်း တင်ပြအပ်ပါသည်။

ဖြည့်စွက်ဆေးမည်

| | | |
|---|---|---|
| ၁။ | ကုံကုမံ | (၂)ကျပ်သား |
| ၂။ | ငါးကြီးအန်ဖတ် | (၂)ကျပ်သား |
| ၃။ | ငှက်သိုက် | (၂)ကျပ်သား |

တို့ ဖြည့်စွက်လိုက်ပါမူ ဆေးချိန်စုစုပေါင်းသည် (၉၆)ကျပ်သား ဖြစ်ပါသည်။

စားရမည်မှာ နံနက်တစ်ကြိမ်၊ ညတွင် တစ်ကြိမ် စားသုံးမှီဝဲသင့်ပါသည်။

ဤဆေးကို မှီဝဲစားသုံးခြင်းဖြင့် အသက်ရာကျော်ရှည်ပြီး အနာရောဂါကင်းကွာ၍ ခွန်အားပြည့်ဖြိုးနိုင်ကြပါစေဟုသာ။

***ရောဂါကင်းကွာ စိတ်ချမ်းသာကြပါစေ။***

**အောင်(သိဒ္ဓိရာဇာ)**
**နဝင်းမြို့တော်**

---

စာမျက်နှာ (၁၃၃)မှ အဆက်

*(၂-ခါး မီးဖောက်၊ ၂-ခါး ဆမ္မ(ပြ))*

၄။ နှမ်းကြီးဆီ (၇)ကြိမ်ချည်လောင်း
၅။ ဖွတ်ဆီ (၇)ကြိမ်ချည်လောင်း

လုပ်ထုံး– စိန်ဖြူ၊ ဒုဋ္ဌာ၊ လက်ချားမီးဖောက်တို့ကို သံပန်းကန်ပြား၌ထည့်၊ သံပရာရည်မြုပ်အောင် ထပ်ထည့်၊ သံပရာရည်ခန်းလျှင် ပေါင်မုန့်ကဲ့သို့ ပွနေမည်။ မင်းလှ လုံနံပါတ်(၁၀)တွင် ဒိုးကြီးဆန်(၅/)ကျပ်သား၊ မြောက်ဒိုးဆန်(၅/)ကျပ်သားကို အမှုန့်ထောင်းဇိုင်းနှင့်ချ၊ ရေနှင့်ဖျော်၍ လုံအတွင်း၌ သုပ်၊ နေလှန်း(၃)ကြိမ် ပြုလုပ်ပါ။

လုံအတွင်း၌ ဆေးခြောက်လျှင် ပေါင်မုန့်ကဲ့သို့ ပွနေသော ဓာတ်သားများထည့်။ လက်ချားစိမ်းအမှုန့်(၅/)ကျပ်၊ (ဓါး)ပဲသား ထပ်ထည့်၊ ဆားအပြည့်သိပ်၊ ဖော်ကောင်းစွာမံ။ ဖားဖိုတွင်ထည့်၍ မီးလှုံ့(၃)ရက်ထိုး၊ လုံချော်စီးမိလျှင် နှုတ်ခမ်းတိုက်(၃)ရက် မီးဖြင့်ထိုး၊ ခါးတိုက်(၂)ရက်ထိုး၊ ဖင်တိုက်(၁)ရက်မီးပြင်းထိုး၊ ဖိုခွင်တွင် အေးအောင်ထား၊ ဓာတ်သား(၃)မတ်သားခန့် ရရှိမည်။

ရရှိသောဓာတ်သားကို **စတုပညာ်သ ချော်**နှင့် ဓာတ်လုံး အသက်ရှူပေါက်ပိတ်အောင်ထိုး၊ ယင်းနောက် ဓာတ်သားမျော့အောင် ခဲ(ဂိုး)ချိုပ်၊ သဓော်ဖိုဆား ဆတူစပ်၍ထိုး၊ ယင်းနောက် နှမ်းကြီးဆီ (၇)ကြိမ်လောင်း၊ ဖွတ်ဆီ (၇)ကြိမ်လောင်း ကိစ္စပြီး၏။ ဆရာမြတ်လှကဲ့သို့ ဖြစ်၏။

**သတိပြုရန်။ ။ စီရင်သောအခါ ဓာတ်ပစ္စည်းမှန်မှုနှင့် အချိန်နက္ခတ်ကောင်းမိရန် လိုအပ်ပါသည်။**

**ပြည့်ဖြိုးဝေ(လှိုင်တော်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး





# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

## အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




တိုင်းရင်းဆေးပါးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၅၂၂၉၄။

---

www.burmeseclassic.com

သာဝတ္ထိပရိယတ်လေးပါးအား ဂန္ထဓုရ ဝိပဿနာဓုရ အလင်းရောင် ထွန်းပြောင်စေသော
မီးအိမ်ရှင် မဟာရင်ပိုက်ချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု

# ဘဒ္ဒန္တ အာဒိစ္စမဟာထေရ်ကြီး (၄)

ခင်ခင်ဝင်း
(မောရဝတီ)

ယခင်လမှ အဆက်

## ကတိုး မဟာရင်ကျောင်း
## စာသင်တိုက်
## ဦးစီးဖွင့်လှစ်ခြင်း



ဘဒ္ဒန္တအာဒိစ္စမဟာထေရ်၏ မဟာရင်ပိုက်ချုပ်

ဆရာတော် ဦးအာဒိစ္စသည် မွန်၊ မြန်မာ၊ ပါဠိ၊ အင်္ဂလိပ်၊ ထိုင်း၊ ဟိန္ဒူ ဘာသာများကို ကောင်းစွာ တတ်ကျွမ်းထားသည်။ ရဟန်းတို့ဖြေဆိုရမည့် အစိုးရစာမေးပွဲအတန်း ဆုံးသည့်အထိ အောင်မြင်ထားသည်။

ထို့ကြောင့် လက်ထောက်စာချ ဘုန်းကြီးတို့နှင့်တိုင်ပင်ကာ ထိုနှစ်မှာပင် စာသင်တိုက် ဥပဒေစည်းကမ်းများ ရေးဆွဲ၍ စာသင်တိုက် ဖွင့်လှစ်စာပေ ပို့ချလေတော့သည်။

ဆရာတော်ဦးအာဒိစ္စ ကိုယ်တိုင် စာချမည်ဟု သတင်းကြားကြကုန်သော စာသင်သား ရဟန်း သာမဏေများတို့သည် စဖွင့်သည့်နှစ်မှာပင် စာသင်သား(၅၀)ခန့်ရှိသည်။

သက္ကရာဇ် ၁၃၁၄ ခုနှစ်မှ စတင်၍ ဆရာတော် ဦးအာဒိစ္စသည် ကတိုးမဟာရင်စာသင်တိုက်ကို ဖွင့်လှစ်ခဲ့ရာ (၄၇)နှစ်ပြည့်သော စာသင်နှစ်အထိ...

| | |
|---|---|
| ၁။ အခြေပြုမူလတန်း | (၂၈၉)ပါး |
| ၂။ ပထမငယ်တန်း | (၄၀၉)ပါး |
| ၃။ ပထမလတ်တန်း | (၂၆၅)ပါး |
| ၄။ ပထမကြီးတန်း | (၁၃၅)ပါး |
| ၅။ စာချတန်း | (၃၅)ပါး |
| ၆။ မြန်မာဂုဏ်ထူး | (၂)ပါး |
| ၇။ ပါဠိပါရဂူတန်း | (၆)ပါး |

### အထူးအောင်

၁။ အငယ်တန်း(တစ်ပြည်လုံး ပထမ) (၁)ပါး၊

၂။ အလတ်တန်း (တစ်ပြည်လုံး တတိယ) (၁)ပါး၊

၃။ ဓမ္မာစရိယစာချတန်း (တစ်ပြည်လုံး တတိယ) (၁)ပါး၊

ဘီအေ၊ အမ်အေ၊ ပီအိပ်(ချ်)ဒီ စသော တပည့်များ ပေါ်ထွက်အောင် သင်ကြားခဲ့၏။

မော်လမြိုင်မြို့ စာသင်တိုက်များမှ ဖြေဆိုခဲ့သမျှတွင် ထူးချွန်ဆုများ ရွေးချယ်ရာ ကတိုးမဟာရင် စာသင်တိုက်မှ အငယ်တန်းတွင် ပထမနှင့် ဒုတိယ(၂)ဆု။

အလတ်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ(၃)ဆု၊ အကြီးတန်းတွင် ပထမ(၁)ဆု၊ (၂)နှစ်ဆက်တိုက် ထူးချွန်ဆု ဆွတ်ခူးခဲ့သည်။

အခြေပြု မူလတန်းတွင်လည်း ၁၃၄၈၊ ၁၃၄၉၊ ၁၃၅၀ ပြည့်နှစ်တို့တွင်

www.burmeseclassic.com

(၃)နှစ်ဆက်တိုက် ပထမဆုရချည်း ထူးချွန်ဆွတ်ခူးခဲ့ပါသည်။

ဗုဒ္ဓဘာသာအသင်း အဖွဲ့ပေါင်းများစွာတို့၏ စာမေးပွဲတို့တွင်လည်း အများအပြား အောင်မြင်ကြသည်။

ဂိုဏ်းပေါင်းစုံ အာဂုံပြိုင်ပွဲနှင့် ရေးဖြေစာမေးပွဲတို့တွင် ဤကတိုးမဟာရင် စာသင်သားများ ထူးချွန် အောင်မြင်ကြသဖြင့် အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံများသို့ ဘုရားဖူးပို့ဆောင်ခြင်း အထူးဆုကို ရရှိခဲ့ကြပါသည်။

သက္ကရာဇ် ၁၃၃၃ ခုနှစ်တွင် ဤမဟာရင်ကျောင်းတိုက်မှ အရှင်ဝေပုလ္လပဥ္စင်းပျိုလေးသည် နိုင်ငံတော်ဓမ္မာစရိယစာမေးပွဲတွင် ကျမ်းရင်းနှင့်တကွ မြန်မာဂုဏ်ထူး၊ ပါဠိဂုဏ်ထူးတို့ဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် တစ်ပါးတည်း ထူးချွန်စွာ အောင်မြင်ခဲ့သည်။

အစိုးရက **"သာသနဓဇ သိရီပဝရဓမ္မာစရိယ ဒီဃနိကာယ ပါဠိပါရဂူ"** ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ချီးမြှောက်ပါသည်။

ဆရာတော်ဦးအာဒိစ္စ၏ စေတနာ-မေတ္တာ စည်းကမ်းတို့ကြောင့် နှစ်စဉ် စာသင်သား(၁၃၀)ကျော် ရှိလာသည်။

ကတိုးမဟာရင် စာသင်တိုက်သည် နှစ်စဉ် တိုးတက်လာခဲ့သည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားဆိုသကဲ့သို့ စာသင်သားများ မဝင်မပန်း အေးချမ်းစွာ စာသင်ကြားနိုင်အောင် ဆရာတော်ကြီးသည် အထူးကြိုးစားတော်မူသည်။

ရဟန်းမှစ ကိုရင်ကျောင်းသားအဆုံး စီမံအုပ်ချုပ်ရာတွင် နည်းစနစ်ပြည့်စုံ လိမ္မာကျွမ်းကျင်သည်။

နာယကဂုဏ်နှင့် ပြည့်စုံသဖြင့် ကတိုးမဟာရင်ကျောင်းအပြင် ဓမ္မယုတ္တိကနိကာယ(မဟာရင်) ဂိုဏ်းဝင်



သက်တော်(၉၁)နှစ်ထိ စာပေါ်မပျက်သော ဆရာတော် ဘဒ္ဒန္တအာဒိစ္စမဟာထေရ်

ကျောင်းများအားလုံးအတွက် မဟာရင်ဂိုဏ်းချုပ်ကြီး ဝီဝီ အားကြိုးမာန်တက် သယ်ပိုးရွက်ဆောင်သည်။ မဟာရင်ဂိုဏ်းဝင်ကျောင်းပေါင်း(၆၆) ကျောင်း တည်ထောင်ခဲ့ပါသည်။

ဒါယကာများ ရောက်လာတိုင်းလည်း ပြေပြေလည်လည် ဆက်ဆံတတ်သဖြင့် သာသနာအပေါ် သဒ္ဓါတိုးပွားကြသည်။ ဆရာတော်သည် အထူးသဖြင့် မွန်တိုင်းရင်းသားများအပေါ်တွင် အလွန်သြဇာညောင်းတော်မူသည်။

တပည့်ဒါယကာ၊ ဒါယိကာမများရှိရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးများသို့ ကိုယ်ပင်ပန်းမှုကို ဂရုပြုတော်မမူဘဲ နှစ်စဉ်ကြွရောက် ဆုံးမဩဝါဒပေးတော်မူသည်။

ရဟန်းရှင်လူ ပြည်သူများ ကျန်းမာရေးအတွက် ကတိုးတိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေး စွမ်းဆောင်ပေးခဲ့သည်။

ကတိုးဇာသပြင် ကားလမ်း (၄)မိုင်(၂)ဖာလုံ ကတ္တရာလမ်းကို ကျပ်သိန်း (၁၀၀၀) ကိုယ်တိုင် ဦးဆောင်လှူဒါန်းသည်။

(၅)မိုင်ရှည်သော **ကော့နှပ်+ ကော့ဝွန်း+ဖဲကဘော ကတ္တရာလမ်း** ဖြစ်မြောက်ရေး ဦးဆောင်လှူဒါန်းသည်။

မွေးဇာတိမြေ ဘီဘူးကျွန်း ကွမ်ရိုက်ရွာမှ ကလွီရွာ(၁၃)မိုင်လမ်း ကတ္တရာလမ်းသစ် ဖြစ်ရန် ကိုယ်တော်တိုင်ဦးဆောင်၍ ကျပ်(၁၀၀၀)သိန်း လှူဒါန်းဦးဆောင်သည်။

ကတိုး+ကော့နှပ် ရှေးဟောင်းဘုရားများ၊ သံဖြူဇရပ်တောင်ဖလုကျေးရွာ၊ ကွမ်ရိုက်(ဘီလူးကျွန်း)၊ ကျုံပနော(ဘားအံ) ကျေးရွာတို့ရှိ ရှေးဟောင်းဘုရားများကို ဦးဆောင်ပြုပြင်ခဲ့ပါသည်။

ကတိုးကျေးရွာရှိ အထက်တန်းကျောင်းအတွက် ကျောင်းဆောင်သစ်တည်ဆောက်လှူဒါန်းခြင်း၊ ကွန်ပျူတာခန်း ဖြစ်မြောက်အောင် လမ်းညွှန်ပေးခြင်း၊ လိုအပ်သော ကျောင်းသုံး စာအုပ်များ လှူဒါန်းခြင်း၊ ကတိုးကျေးရွာ စာကြည့်တိုက် ဖြစ်မြောက်အောင် စွမ်းဆောင်ပေးခြင်း စသည်များ ဦးဆောင် လှူဒါန်းခဲ့ပါသည်။

ကတိုးမဟာရင် စာသင်တိုက်ကိုလည်း **ဘောဇနသာလ** (ဆွမ်းစားဆောင်)၊ **အဂ္ဂမဟာဓမ္မသာလ** (ဓမ္မာရုံ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆောင်)၊ **ဂန္ဓဝါစကဆောင်** (စာချဆောင်)၊ **နှစ်ထပ်ယောဂီဆောင်၊ ဓမ္မယုတ္တိကာ သိမ်တော်** စသည်တို့ကို သိန်းပေါင်း(၇၀၀၀) ကျော်ကုန်ကျခံ ဦးဆောင်ပြုပြင်ခဲ့ပါသည်။

ဆရာတော်သည် တပည့်ဒါယကာ၊ ဒါယိကာမများအား အခါအားလျော်စွာ မကြာမကြာဖိတ်ကြား ကျွေးမွေး လှူဒါန်းတတ်သည်။

'ဘုန်းကြီးနဲ့ အပြန်အလှန်ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ကျေးဇူးရှိလို့ ဘုန်းကြီးက ကျေးဇူးပြန်ဆပ်တာ။ နိဗ္ဗာန်ကိုပဲ အာရုံပြုပြီး လှူတာပါ'

ဟု မိန့်တော်မူတတ်သည်။

ဆိုင်းဆိုင်းသံ၊ သီချင်းသံများ မကြားရ၊ ကျယ်လောင်သော စကားသံများ မကြားရ၊ မန်းကန်းခွက်ယောက် ခွန်းသံများ မကြားရ။

သံဃာတော် များဆွမ်းဝိုင်းသို့ ဝင်ရောက်ခြင်းမှာ စည်းကမ်းသေဝပ်စွာ၊ နေရာလပ်ကွက်ကြားမရှိ၊ သွက်လက်ဝင်ရောက် စည်းကမ်းကျနနေသည်။

မဟာရင် စာသင်သားတို့သည် သင်္ကန်းအရောင်တို့မှာ တစ်သွေးတစ်ရောင်တည်း ဖြစ်၍ သေခ်ိယနှင့်အညီ ဝတ်ဆင်ထားကြသည်ကို ကြည်ညိုစွာ ဖူးတွေ့ရပါသည်။

သံဃာငယ်တစ်ပါး (ရှင်သာမဏေ)ကို ကြည့်ရုံမျှနှင့် မဟာရင်ဂိုဏ်းကမှန်း သိသာကြသည်။ ဝိနည်းတော်နှင့် စနစ်တကျ၊ သင်္ကန်းရုံပုံ၊ သွားလာပုံ၊ စည်းကမ်းတကျ ဝိနယဂရုက အုပ်ချုပ်မှုအောက်တွင် သင်ကြားပေးတော်မူသော ဆရာတော်ဦးအာဒိစ္စ ဩဝါဒများကြောင့်ပါတည်း။



◆ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ သမ္မတဦးသိန်းစိန်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်အပ်နှင်း လှူဒါန်းစဉ်

## သာသနာပြန့်ပွားရေး ပြည်ပသာသနာပြုခြင်း

ထိုင်းနိုင်ငံရှိ ဒါယကာများ သံဃနာယကများ၊ မြို့နယ်သံဃရာဇာများ၊ တာဝန်ရှိသူများ ပင့်ဖိတ်ချက်အရ ထိုင်းနိုင်ငံသို့ အကြိမ်ကြိမ်ကြွ၍ တရားဟောခြင်း၊ တရားပြခြင်း...

မြတ်စွာဘုရား၏ တရားအစစ်အမှန်များကို စကားပြန်မလို၊ ကိုယ်တော်တိုင် ဟောကြားပြသတော်မူသည်။

ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံရှိ တပည့်ဒါယကာ, ဒါယိကာမများ ပင့်ဖိတ်ချက်အရ ထိုထိုနိုင်ငံများသို့လည်း ကြွရောက်၍ တရားဟော တရားပြခဲ့ပါသည်။

## ဆရာတော်ပြုစုရေးသားခဲ့သော ကျမ်းစာများ

ဆရာတော်သည် စာပေကျမ်းစာများကိုလည်း ရေးသားပြုစုခဲ့ပါသည်။

❖ ၁၃၂၂ ခုနှစ်တွင် ရှင်ကျင့်ဝတ်(မြန်ဘာသာ) နဝမအကြိမ်ထိ၊

❖ ၁၃၂၀ ခုနှစ်တွင် သုတ္တာမိပ္ပါယ (မြန်ဘာသာ)ဒသမအကြိမ်ထိ၊

❖ ၁၃၆၅ ခုနှစ်တွင် တရားဒေသနာပေါင်းချုပ်၊

❖ ၁၃၆၇ ခုနှစ်တွင် ကျောင်းတိုက်ဝတ်ရွတ်စဉ် နှင့် အခါအားလျော်စွာ ဘာသာရေး စာများ ဩဝါဒကထာများ၊ သမ္မောဒနီယကထာများ ရေးသားချီးမြှင့်တော်မူပါသည်။

ဆရာတော်သည် မိမိကိုယ်တိုင် ပိဋကတ်စာပေများ တတ်မြောက်ကျွမ်းကျင်သလို မိမိထံပါးသို့ လာရောက် ပညာရင်နို့ သောက်စို့ကြသော တပည့်သံဃာတော်များကိုလည်းစာပေ တတ်ပုဂ္ဂိုလ်၊ စာချပုဂ္ဂိုလ်၊ တရားဟော,တရားပြပုဂ္ဂိုလ် အကျော်အမော်များ ဖြစ်စေရန် မွေးထုတ်ပေးခဲ့သည်။

ဆရာတော်ကြီးအား လှူဒါန်းပူဇော်ကြသော သင်္ကန်း,ပရိက္ခရာ အသုံးအဆောင်ပစ္စည်း၊ စားဖွယ် သောက်ဖွယ် အားလုံးတို့ကို သိုမှီးသိမ်းဆည်းခြင်း မပြုဘဲ မိမိ၏ တပည့်သံဃာတို့အား ဘက်လိုက်မှုမရှိ ပေးဝေလေ့ရှိသည်။

စာသင်သားများ ဆွမ်းကိစ္စ အဆင်ပြေရန်၊ စာချဆရာတော်များလည်း ပူပင်ကြောင့်ကြမှုကင်းစွာ စာဝါပို့ချ



www.burmeseclassic.com

www.burmeseclassic.com



◆ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက
အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းစဉ်

နိုင်ရန် ချမ်းချမ်းသာသာ ဆွမ်းကိစ္စအတွက် တာဝန်ယူ ရပ်တည်ပေးနေသော ဆရာတော်ကြီး ဖြစ်ပါသည်။

ဆရာတော်ကြီးနှင့် တပည့်သံဃာတော်များကို တစ်ခါဖူးမြော်ပြီးလျှင် နောက်တစ်ခါ ပြန်လည်ဖူးမြော်ချင်ရောက်ချင်သော စိတ်ဆန္ဒ ဖြစ်ပေါ်တတ်ကြောင်း သွားရောက်ဖူးသူတိုင်း သိရှိကြပါသည်။

ဆရာတော်ကြီး၏ သီလ,သမာဓိ, ပညာ,ဒါန,တရား စသည်တို့ အကုန်အစုံ ရေးသားပူဇော်မည် ဆိုပါလျှင် ကျမ်းစာအုပ်ကြီးတစ်အုပ် ဖြစ်သွားနိုင်သည်မို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား မဟာရင်ဂိုဏ်း သာသနာနှင့် မိတ်ဆက်သဘောလောက်သာ ရေးသားပူဇော်တင်ပြလိုက်ရသည်ကို အားမရသော်လည်း အဓိကများရွေးချယ်တင်ပြလိုက်ပါသည်။

## ဝုဍ္ဎိဃောဝ ဘိက္ခုနံ
## ကြီးပွားကြောင်းကျင့်စဉ်

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ယေ တေ ဘိက္ခူထေရာ ရတ္တညူစိရ ပဗ္ဗဇိတာ သံဃပိတရော သံဃပရိဏာယကာ၊ တေ သက္ကရိဿန္တိ၊ ဂရုံ ကရိဿန္တိ၊ မာနေဿန္တိ၊ ပူဇေဿန္တိ၊ တေသဉ္စ သောတဗ္ဗံ မညိဿန္တိ၊ ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ နော ပရိဟာနိ။

"ရဟန်းတို့ သာသနာ၌ သီလ, သမာဓိ,ပညာ ခိုင်ခံ့ကုန်သော ရဟန်း, ဝါရင့်ကုန်သော သိက္ခာကြီးကုန်သော၊ ကြာမြင့်ကာလက ရဟန်းပြုကြကုန်သော သံဃာတော်မြတ်တို့၏ ဖခင်သဖွယ် ဖြစ်ကြကုန်သော သံဃာအပေါင်းတို့၏ အကြီးအကဲ ဦးစီးဖြစ်ကုန်သော မထေရ်ကြီးရဟန်းတို့ကို အရိုအသေပြုကြကုန် ပူဇော်ကြကုန်။ ထိုမထေရ်မြတ်ကြီးတို့၏ စကားတော် ဩဝါဒကို နာယူသင့်သည်ဟု ထင်မှတ်၍ နေသမျှကာလပတ်လုံး ကြီးပွားရန်သာရှိသည်။ ဆုတ်ယုတ်ရန်မရှိ"

ဟု ဘုရားရှင်သည် အင်္ဂုတ္တရ နိကာယ် သတ္တကနိပါတ် ပဌမသတ္တက သုတ်(စာ–၄၁၂)တွင် ဟောတော်မူ၏။

အထက်ပါ အချက်များနှင့် ပြည့်စုံတော်မူသော ကတိုးမဟာရင်ဆရာတော်ကြီး ဦးအာဒိစ္စသည် နိုင်ငံတော်က ချီးမြှင့်ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်ကြီး (၃)ခု အလှူခံတော်မူလေသည်။

## နိုင်ငံတော်မှ ချီးမြှင့်သော
## ဘွဲ့တံဆိပ်တော်များ

၁။ သက္ကရာဇ် ၁၃၅၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။
၂။ သက္ကရာဇ် ၁၃၆၄ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။
၃။ သက္ကရာဇ် ၁၃၇၄ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

## အောင်မြင်ခဲ့သော
## အမြင့်ဆုံးဘွဲ့များ

၁။ ၁၃၁၀ ပြည့်နှစ်တွင် သာသနဓဇသီရိပဝရ ဓမ္မာစရိယဘွဲ့၊
၂။ ဝိနယဘာဏကဘွဲ့၊ (ဝိနယဘာဏကစာမေးပွဲ–မုဒုံမြို့)
၃။ ပရိယတ္တိသာသနဟိတဘွဲ့၊ (ပရိယတ္တိသာသနဟိတအသင်း–မန္တလေးမြို့) ၁၃၆၀ ပြည့်နှစ်။

## စာပေပို့ချခြင်း

၁။ သက္ကရာဇ် ၁၃၁၄ ခုနှစ်မှ ၁၃၂၈ ခုနှစ်အထိ ကတိုးမဟာရင် ပရိယတ္တိစာသင်တိုက်တွင် တိုက်အုပ်နှင့် စာချဆရာတော်အဖြစ် သင်ကြားပို့ချခဲ့သည်။
၂။ သက္ကရာဇ် ၁၃၂၈ ခုနှစ်တွင် ပဓာနနာယက ဆရာတော်အဖြစ် နေစဉ်နှစ်တိုင်း စာသင်သား သံဃာတော် (၁၀၀)ပါးကျော်တို့ကို မိမိကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

စီမံကွပ်ကဲအုပ်ချုပ်လျက် ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့သည်။

၃။ ပရိယတ္တိသာသနာရေးရာ၌ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဒီဃဘာဏက၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ တစ်ပုံအောင်၊ တစ်စိတ်အောင် တပည့်သံဃာတော်များ မွေးထုတ်ပေးသည့်အပြင်…

ဘာသန္တရ စာပေရေးရာ၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သီဟဠကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်သို့ တက်ရောက်စေ၍ ဘီအေ၊ အမ်အေ၊ ပီအိပ်(ချ်)ဒီ ဘွဲ့ရ တပည့်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးခဲ့ပါသည်။

## ဆရာတော်ကြီး၏ ထူးခြားသော ဂုဏ်ရည်များ

ကတိုးမဟာရင်ဂိုဏ်းချုပ် ဆရာတော်ကြီး ဦးအာဒိစ္စ၏ ထူးခြားအံ့ဖွယ် ဂုဏ်ရည်များမှာ…


**၁။ အသက်ရှည်ခြင်း** [သက်တော် (၉၉)နှစ် ဖြစ်သည်။]

**၂။ ဘုန်းကံကြီးခြင်း** [အိုမင်းသည်အထိ ချမ်းချမ်းသာသာ ဘုန်းကံတက်နေသည်။]

**၃။ အခြံအရံများခြင်း** [မဟာရင်ဂိုဏ်းဝင်များ၏ အကြီးအကဲ ဂိုဏ်းချုပ်ကြီးဖြစ်၍ များစွာသော ကြယ်ပေါင်းခသည့် လမင်းကြီးပမာတည်း။]

**၄။ အနာရောဂါနည်း၍ ကျန်းမာခြင်း** [အသက်အရွယ် ကြီးမားသော်လည်း ကျန်းမာရေး ကောင်းမွန်လျက် ရှိသည်။]

**၅။ ပေါ့ပါးမှုရှိခြင်း** [သက်တော် (၁၀၀) ပြည့်ခါနီးသော်လည်း အရွယ်နှင့်အမျှ အထိုင်အထ ပေါ့ပါးသည်။ ခါးကုန်းခြင်းမရှိ၊ အိပ်ရာထဲ လဲလျောင်းစက်နေရခြင်းမရှိ။ (၅၄)ကေ ရှိသော ကျောင်းဝင်းကြီးကို တစ်နေ့တစ်ခေါက် မှန်မှန် လှည့်ပတ်ကြည့်ရှုသည်။]



● ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းစဉ်

**၆။ မျက်စိအမြင် ကြည်လင်ခြင်း။ နားလေးလံခြင်း မရှိခြင်း။** [သက်တော်(၉၈)နှစ်အထိ မျက်မှန်မတပ်ဘဲ စာရေးစာဖတ်နိုင်သည်။]

**၇။ သတိကောင်းတော်မူခြင်း**

ငယ်စဉ်က စာများကိုပင် အလွန်းသင့်လျှင် ပြန်ရွတ်ပြတတ်သည်။ သတိမေ့လျော့ခြင်းမရှိ။ လုပ်ရမည့် အလုပ်ကို မေ့လျော့မှားယွင်းခြင်း မရှိ။ သတိချို့ယွင်းမှုကြောင့် ပြောပြီးစကားကို ထပ်ခါတလဲလဲ ပြောဆိုခြင်းမရှိ။

**၈။ လှူ့လ,ဝီရိယကြီးခြင်း**

သက်တော် ကြီးလာသည့်အထိ လုံ့လ,ဝီရိယ လျော့ပါးခြင်း ရှိတော်မမူ။ တပည့်သံဃာများနှင့် ဒါယကာ, ဒါယိကာမများအား ဆုံးမဩဝါဒ ပေးခြင်း၊

သာသနာရေးကိစ္စများကို စီမံညွှန်ကြားခြင်း၊ စာပေကြည့်ရှု ကျမ်းဂန်များရေးသားခြင်း၊ အချိန်အားလျော်စွာ တရားဘာဝနာ နှလုံးသွင်းခြင်း လုံ့လကြီးလှ၏။

**၉။ ပညာကြီးခြင်း**

ဆရာတော်ကြီးသည် "ပဋိသမ္ဘိဒါ ပညာ" ဟုခေါ်သော ပင်ကိုဉာဏ်ပညာနှင့် ပြည့်စုံသဖြင့် ကြီးသော ပညာရှင်တစ်ပါးနှင့် လိုက်လျောညီထွေစွာ တိုင်းပြည်က အလေးပြုအပ်သော အမြင့်ဆုံးဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူခြင်း ခံတော်မူရသည်။

**၁၀။ ကြည်ညိုဖွယ်ကောင်းခြင်း**

မြတ်စွာဘုရားရှင်က ကြည်ညိုဖွယ် ဆောင်နိုင်အောင် သိက္ခာပုဒ်များ ပညတ်တော်မူခဲ့သည်။ အနေအထိုင် အပြောအဆို ကိုယ်အမူအရာ၊ နှုတ်အမူအရာ ကြည်ညိုဖွယ်ဆောင်သည့် နေရာတွင် ကတိုးမဟာရင်ဆရာတော်ကြီး ဦးအာဒိစ္စသည် စံပြဟု ပြောစမှတ်တွင်ပါသည်။

ရဟန်းရှင်လူ ပရိသတ်အလယ်တွင် ဆရာတော်ကြီး၏ ကြည်ညိုဖွယ် အသွင်ကို မြင်တွေ့ဖူးရသူတိုင်း လွန်စွာ ကြည်ညို လက်စုံမိုးကြသည်။

မိမိ သီတင်းသုံးရာ ကျောင်းဆောင်တွင်လည်း ကြည်ညိုဖွယ်ဖြစ်သည်။ မည်သည့်အချိန်သွားဖူးဖူး သင်းပိုင်ကိုယ်ရုံတို့ကို အမြဲတမ်း သေသပ်ညီညာစွာ ဝတ်ရုံထားသည်။

မျက်မှောက် မျက်ကွယ် နှစ်သွယ် မခြား ကျင့်ဝတ်သိက္ခာ လေးစားသည်ဟု မှတ်သားရပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခင်ခင်ဝင်း (မေသဒ္ဒါ)**

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ ✱ ✱ ✱




ယခုလအတွက် **နံပါတ်(၁)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသားဖြူဖြူ **အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။

**"မြင့်မြင့်ထွေး"** ဆိုသော နာမည်သုံးလုံးမှ ထိပ်နှစ်လုံးကို မြန်မာ စာလုံးဖြင့် လက်မှတ်ရွေးထိုးထားခြင်းဖြစ်ကြောင်း ပြောပြသည်။

**ထိုးမြဲလက်မှတ်ပုံသဏ္ဍာန် ညီသည်။** လက်မှတ်နောက်ဆုံးမှာ အမှားသင်္ကေတ( ⅃— ) ပါရှိနေခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် အသားဖြူသူ မိန်းကလေးကို အမည်းရောင် နှစ်သက်သည့် "မ"အက္ခရာ နှစ်လုံးဆင့် နာမည်ပေးထားခြင်းက "ဝဏ္ဏ" မှားနေသည်။

ကြာသပတေးနံ အက္ခရာစာလုံးကို "သံရှည်" သုံးရမည့်အစား "သံတို" သုံးထားသဖြင့် "ဒီဃရဿ" မှားနေပြန်သည်။ "မ"အက္ခရာအစ စနေနံ အက္ခရာ အဆုံး နာမည်ပေးမိသော အသား "ဖြူ,လတ်,ဝါ" အမျိုးသမီးများမှာ အိမ်ထောင်ရေး ကံမကောင်းတတ်ကြပါ။


**ယခု နာမည်ရှင်မှာ အိမ်ထောင်ရေး ရော စီးပွားရေးပါ အကျက်တကွဲ အမှု**



**မြသနာကြီး တွေ့ကြုံရတတ်ပါသည်။ ဤနာမည်အညွှန်တွင် ထိုးမြဲလက်မှတ် ရွေးထိုးပုံလည်း မှားနေပါသည်။**

သူမ၏မွေးသက္ကရာဇ်မှာ **၁၃၄၆ ခုနှစ်၊ ကဆုန်လ၊ ကြာသပတေး**ဖြစ်၍ မူလ မဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ် ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရသည်။

✱ ✱ ✱*[နံပါတ်-၁]*





ကြာသပတေး မရဏဖွား ဖြစ်သူကို ကြာသပတေးအစ စနေအဆုံး နာမည်ပေးထားရာ **မရဏ+ရာဇ=အနိဋ္ဌ+ဣဋ္ဌ** နာမည်ဖြစ်ပြီး နာမက္ခရတိုင်စဉ် မှန်နေသည်။

နာမည်ပေးနည်း အထိုက်အလျောက် မှန်သော်လည်း ကြာသပတေးနှင့်စနေ အတွင်းရန်ဓာတ်ဖြစ်ခြင်း နာမည်အစ စာလုံး၊ အလယ်စာလုံးတို့နှင့် လူ၏ အသားအရောင်လွဲခြင်း၊ သံတိုသံရှည်လွဲခြင်း စသည့် ချို့ယွင်းချက်များကြောင့် နာမည်အညံ့ အမျိုးအစား ဖြစ်ပါသည်။

ထိုနာမည်မျိုးတွင် နာမည်၏ နောက်ဆုံးစာလုံး **"ထ"**အဖြူရောင် နှစ်သက်သော အက္ခရာ **"မဓာတ်"** စာလုံးကိုသာ ရွေးချယ် လက်မှတ်ထိုးသင့်သည်။ ထို့မှသာ အညံ့အပျက်များ သက်သာပေလိမ့်မည်။

✱ ✱ ✱



"ဝဆွဲ"ကို တည့်တည့်လှလှကြီး ဆွဲခြင်းနှင့် အညွှန့်နေရာတွင် မူလမဟာဘုတ်၌



www.burmeseclassic.com

www.burmeseclassic.com

သိုက်ဌာနရှိ ဗုဒ္ဓဟူးနံကိုယ်စားပြု စနေ၏ အိတွင်းဆိတ်လည်းဖြစ်သော ပွင့်ဖတ်(၄)ခုပါ ပန်းပွင့်သင်္ကေတ ထည့်သင့်သည်။

၂။ * * *



ယခုလအတွက် **နံပါတ်(၂)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသားခပ်ညိုညို အသက်လေးဆယ်ဝန်းကျင် အမျိုးသားတစ်ဦး ဖြစ်ပါသည်။

**“မောင်ကို”**ဆိုသော နာမည်နှစ်လုံး တွဲကို မြန်မာအက္ခရာစာလုံးဖြင့် လက်မှတ်ထိုးထားခြင်းဖြစ်သည်။

**ထိုးမြဲလက်မှတ်ပုံသဏ္ဍာန် ညီသည်။** လက်မှတ်နောက်ဆုံးမှာ ထောင်လိုက်မျဉ်း ပိတ်ထားသလို အညွှန့်ကလည်း အောက်စိုက်နေသည်။

**အလုပ်ပြုတ်ခြင်း၊ အိမ်ထောင်ပျက်ခြင်း၊ အောင်မြင်တိုးတက်မှုများ ရပ်တန့်သွားခြင်းမျိုး ကြုံရတတ်သည့် နိမိတ်ဖြစ်သည်။**


သူ၏မွေးသက္ကရာဇ်မှာ **၁၃၄၀ ပြည့်နှစ်၊ တော်သလင်းလ၊ ကြာသပတေးနေ့** ဖြစ်၍ မူလ မဟာဘုတ်နှင့် နာမက္ခရာပိုင်စဉ် ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရသည်။

*** * ****[နံပါတ်-၂]*

ကြာသပတေး သိုက်ဖွားကို ကြာသပတေးအစ တနင်္လာအဆုံး **သိုက်+အထွန်း=ကူဋ+ကူဋ** နာမည်ပေးထားခြင်း၊ ဓာတ်မိတ်ဂြိုဟ်တွဲဖြစ်ခြင်း၊ နာမက္ခရာပိုင်စဉ်မှန်ခြင်း၊ ဝဏ္ဏမှန်၊ ဒီဃရဿမှန်ဖြစ်ခြင်းတို့ကြောင့် နာမည်ကောင်း ဖြစ်ပါသည်။

နာမည်နှစ်လုံးတွဲ လက်မှတ် ရေးထိုးခြင်းလည်း ကောင်းပါသည်။ လက်မှတ်ပုံသဏ္ဍာန် ညီခြင်းကိုသာ ပြန်လည်ပြုပြင်သင့်ပါသည်။


* * *



လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။ ငွေအိတ်သင်္ကေတ တည့်တည့်လှလှကြီး ဆွဲသင့်သည်။ အောက်ခြေပြား ငွေအိတ်မျိုး ဖြစ်ရန် လိုပါသည်။

***ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။ အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေသွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**





**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖတ်ရှုလိုသူများသို့...**

စာတိုက်ရှိသော မည်သည့်ဒေသတွင် နေထိုင်သူများဖြစ်စေ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို လစဉ်ဖတ်ရှုလိုပါက စာဖတ်သူများလက်ဝယ် အရောက် ပို့ဆောင်ပေးပါမည်။ စာအုပ်ရောက် ငွေပေးချေစနစ်ဖြင့် တစ်လလျှင် ၂၆၀၀/ကျပ် (နှစ်ထောင့်ခြောက်ရာကျပ်နှုန်း) ကျသင့်ပါသည်။ လစဉ်ဖတ်ရှုလိုသူများ အောက်ပါလိပ်စာသို့ အကြောင်းကြား မှာကြားနိုင်ပါသည်။


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉-မြေညီ၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း
၀၉-၇၇၆၃၄၉၇၈၅
၀၉-၉၆၀၀၀၁၀၉၂





www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ





## ဆုကြီးများ ဆွတ်ခူးနိုင်ဖို့

ဩဂုတ်လတွင် ဖွင့်လှစ်မည့် ထီဖွင့်ပွဲတွင် ကျပ်သိန်းထောင်သောင်းသော ဆုငွေများနှင့် နီးစပ်ကံထူးနိုင်ကြစေရန် ၆,၁,၃,၂ ဂဏန်းခြေများကို **က,ဆ,ချ,ဓ** အက္ခရာများနှင့် တွဲဖက်၍ ကံစပ်းပါ။

**ဆိုင်အမည်တွင်** အင်္ဂါနံ အားကောင်းသော ထီလက်မှတ် အရောင်းဆိုင်က ဆုကြီးများကို ဆွတ်ခူးပေးနိုင်ဖွယ်ရှိသည်။ **ဥပမာ။** ။ ဇီဇဝါ ထီလက်မှတ် အရောင်းကဲ့သို့ ရွေးချယ်ပါ။

**ဥပမာ။** ။ **မိဿရာသီဖွား(မတ်လ(၂၁)ရက်မှ ဧပြီလ(၂၀)အတွင်း မွေးသူ)** တို့သည် ပန်းရောင်၊ (၃)ဂဏန်း၊ တောင်အရပ်၊ တနင်္လာနေ့၊ ခါးသောအရသာနှင့် သန္တာကျောက်တို့က ကံလာဘ်ပွင့်လင်းစေပါမည်။ စပ်တူထိုးလိုပါက သောကြာသားသမီးနှင့် ပေါင်းစပ်ပါ။ တနင်္ဂနွေသားသမီးများနှင့် စပ်တူထိုးခြင်းကို ရှောင်ပါ။

<u>မိမိတို့ မွေးလရာသီအရ</u>
<u>ကံအခွင့်အလမ်းများ</u>

* * *

| မွေးလရာသီ | အရောင် | ဂဏန်း | အရပ် | နေ့ | အရသာ | ကျောက်မျက် | စပ်တူ ထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ်၂၁မှဧပြီ၂၀ | ပန်း | ၃ | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |
| ပြိဿရာသီ ဧပြီ၂၀မှမေ ၂၀ | ပြာ | ၆ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး သားသမီး | စနေသားသမီး |
| မေထုန်ရာသီ မေ၂၀မှဇွန် ၂၀ | ပြောက်ကျား | ၈ | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေသားသမီး | ဗုဒ္ဓဟူးသားသမီး |
| ကရကဋ်ရာသီ ဇွန်၂၀မှဇူ ၂၀ | မြ | ၂ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူးသားသမီး | ကြာသပတေး သားသမီး |
| သိဟ်ရာသီ ဇူ၂၂မှဩ ၂၀ | နီ | ၁ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး သားသမီး | အင်္ဂါသားသမီး |
| ကန်ရာသီ ဩ၂၂မှစက် ၂၀ | စိမ်း | ၄ | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာ သားသမီး | ဗုဒ္ဓဟူးသားသမီး |
| တူရာသီ စက်၂၂မှအောက်၂၂ | ပြာ | ၆ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| ဗြိစ္ဆာရာသီ အောက်၂၃မှနို ၂၀ | ပန်း | ၃ | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |
| ဓနုရာသီ နို၂၂မှဒီ ၂၀ | မြ | ၉ | အနောက်မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူးသားသမီး | ကြာသပတေး သားသမီး |
| မကာရရာသီ ဒီ၂၀မှဇန် ၁၉ | နက် | ၇ | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာ သားသမီး |
| ကုံရာသီ ဇန်၂၀မှဖေ ၁၈ | နက် | ၀ | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာ သားသမီး |
| မိန်ရာသီ ဖေ၁၉မှမတ် ၂၀ | ဝါ | ၅ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချို | ဥဿဖရား | တနင်္ဂနွေ သားသမီး | တနင်္လာ သားသမီး |

**ဆိုင်တည်ရာ ဌာနအရ ရွေးချယ်လိုပါက** အသစ်ဖွင့်သောဆိုင်၊ ယာဉ်ရထားပေါ်တွင် ရောင်းသောဆိုင်ကား,တွန်းလှည်း,စက်ဘီး စသည်ဖြင့်လှည့်လည် ရောင်းချသောဆိုင်၊ လွင်တီးခေါင်တွင် ဖွင့်လှစ်ထားသောဆိုင်၊ သစ်ရွက်သစ်ခက်များ အုပ်ဆိုင်းလျက်ရှိသော ဆိုင်၊ ပန်းရောင်ကို အားကောင်းစွာ ခြယ်သထားသော ဆိုင်များတွင် ကံစမ်းသင့်သည်။

**ဤလတွင် ထီကံထူးနိုင်သူတို့မှာ** အင်္ဂါသားသမီးများ ဖြစ်ကြသည်။ စနေသားသမီးတို့မှာလည်း အတန်အသင့် ကံကောင်းကြပါသည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက** မုဆိုး,ထဘီ,ဖိနပ်,ခြေအိတ် တစ်ခုခုအတွက် အဝါရောင်ကို ရွေးချယ်ဝတ်ဆင်၍ ထီး(သို့မဟုတ်)ဦးထုပ် အနက်ရောင်ကို ဆောင်းကာ ထီထိုးပါ။

ကံဇာတာ ပွင့်လင်း၍ ရရန်ရှိသော ငွေကြေးလာဘ်လာဘများ အဆီးအတားမရှိ ဝင်ရောက်လာပါလိမ့်မည်။


***သိန်းထောင်သောင်း ဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



ပီကျွင်းဂမုန်း

# လိပ်ခေါင်းဆို ချီနိုင်လား

မြန်မာ့ဆေးရဲ့ စွမ်းပကား

ကိုလွှန်း (မင်းလှ)

ကျွန်တော်နာမည် ကိုသန်းနိုင် ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ကြို့ကုန်းရွာတွင် နေပါသည်။ ကျွန်တော်တို့ ကြို့ကုန်းရွာမှာ အမည်တူ ရွာသုံးရွာ ရှိပါသည်။

အရှေ့ကြို့ကုန်း၊ အနောက်ကြို့ကုန်းနှင့် မြောက်ကြို့ကုန်းရွာဟု သုံးရွာ ရှိပါသည်။ ကျွန်တော်နေသော ရွာမှာ အရှေ့ကြို့ကုန်းရွာ ဖြစ်ပါသည်။

ကျွန်တော့်တွင် ဒူလာရောဂါ ရှိပါသည်။ ယင်းရောဂါမှာ နေပူနေလျှင်၊ မိုးရွာနေလျှင် ပြဿနာမရှိပါ။ မိုးအုံ့ပြီး ရာသီဥတု မပွင့်လင်းလျှင် စအိုအထက် ခါးထဲမှ စပြီး ကိုက်ပါတော့သည်။ နေ၍ထိုင်၍ မကောင်းတော့ပါ။

ကျွန်တော်ကလည်း အရက်သောက်တတ်သဖြင့် အရက်သောက်လေ ပိုဆိုးလေ ဖြစ်ပါသည်။ ကျွန်တော် မင်းလှမြို့ပေါ်ရှိ ဆန်စက်တစ်ခုတွင် အလုပ်လုပ်ပါသည်။ ဆန်စက်လုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်တတ်ပါသည်။

ဆန်စက်ပိုင်ရှင် 'အဘထွန်းက လည်း ကျွန်တော့်ကို အားကိုးပါသည်။ ကျွန်တော်ကလည်း စက်ပိုင်းအလုပ်များသာမက ဆန်အိတ်၊ စပါးအိတ်များ ထမ်းသည့်၊ ပိုးသည့် လုပ်ငန်းများကိုလည်း ဝင်ရောက်လုပ်ကိုင်ပေးသဖြင့် အဘက သဘောကျပါသည်။

ဆန်စက်တစ်ခုလုံး ကုန်ဝင်ကုန်ထွက် ငွေဝင်ငွေထွက်မှစ၍ ကျွန်တော့်အား အဘက အားကိုးပါသည်။ တစ်နည်းပြောရလျှင် ဆန်စက်တစ်ခုလုံး ကျွန်တော့်လက် ကျွန်တော့်ခြေသာ ဖြစ်ပါသည်။

သို့သော် ထိုလိပ်ခေါင်းရောဂါ စွဲကပ်လာကာမှ အလုပ်၌ ပျက်ကွက်မှုများ ရှိလာပါသည်။ ရောဂါထလာလျှင် မလုပ်ချင် မကိုင်ချင် ဖြစ်လာပါသည်။ အထူးသဖြင့် မိုးတွင်းအခါ မိုးအုံ့ပြီး ရာသီဥတု မပွင့်လင်းလျှင် ကျွန်တော် အနေရ အထိုင်ရ ခက်လာပြီး ကိုက်ခဲ

www.burmeseclassic.com



◆ ဓာတ်ပုံ - ရေလှိုင်

လာပါတော့သည်။

'ဟော့ကောင်... မင်း ဘာဖြစ်နေတာလဲ'

ဟု အဘက ခဏခဏ မေးပါသည်။ ပထမတော့ ကျွန်တော် အမှန်အတိုင်း မဖြေမိပါ။ ရှက်၍ ရှောင်လွှဲပြောမိပါသည်။ ကြာလာတော့လည်း မထက်နိုင်တော့ပါ။

'အဘ ကျွန်တော်မှာ လိပ်ခေါင်းရှိတယ်'

'လိပ်ခေါင်းရှိတာ ဆန်းလားကွ၊ အခု ဘယ်လိုနေလဲ'

'ကိုက်တယ် အဘ'

'ဟော့ကောင်... သုခဒါရီ ဆေးခန်းမှာ လိပ်ခေါင်းကုတယ် သွားပြချေ'

'ဟုတ်ကဲ့'

အဘမှ ပိုက်ဆံ ထုတ်ပေးပြီး ဆေးခန်းသွားပြနိုင်း၍ သွားပြပါသည်။ ဆရာဝန်က စစ်ဆေးကြည့်ပါသည်။ နောက်နေ့ ထပ်ချိန်း၍ သွားပြသောအခါ ဆေးကုပေးပါသည်။ ခါးကုန်းပြီး နောက်မှ စအိုအတွင်းသို့ ပစ္စည်းတစ်ခု သွင်းပါသည်။

နောက် ခြောက်လုံးပြူးသေနတ်ပုံ ပစ္စည်းတစ်ခုမှ သားရေကွင်းနှင့် ပစ်ပါသည်။ သုံးချက်,လေးချက် ပစ်ပါသည်။ သိပ်တော့ မနာပါ။ သွင်းထားသည့် ပစ္စည်းကသာ ၊ အခံရ ကျပ်ပါသည်။ နောက် သောက်ဆေးများပေး၍ ပြန်လွှတ်လိုက်ပါသည်။

ဆေးကုပြီး နှစ်လ,သုံးလခန့် ကောင်းနေပါသည်။ ကျွန်တော်ကလည်း အရက်မပြတ် နည်းနည်းသောက်မိနေပါသည်။ ဝမ်းချုပ်မခံနှင့်ဆိုသော်လည်း ဝမ်းချုပ်သည့် အခါများလည်း ရှိပါသည်။ ထို့ကြောင့် (၆)လခန့်ကြာသောအခါ လိပ်ခေါင်းက ပြန်ထွက်လာပါသည်။

ယခုတစ်ခါ ယခင်ထက် ပိုဆိုးလာပါသည်။ စအိုမှ သွေးပါ ပါလာပါသည်။ ထိုနေရင်းလည်း သွေးက ဆင်းနေတတ်ပါသည်။ လူကလည်း ယခင်ကထက် ပိုန်းလာပါသည်။ တစ်နေ့ ကျွန်တော် စက်ရုံတွင် ထိုင်နေရာမှ ထလိုက်ရာ ကျွန်တော့်ပုဆိုးမှ သွေးကွက်ကို အဘ မြင်သွားပါသည်။

'ဟော့ကောင်... ဘယ်လိုဖြစ်တာလဲ'

'အဘ လိပ်ခေါင်းက ပြန်ထလာတယ်။ အခု သွေးပါ ဆင်းလာတယ်'

'မင်း ဆရာဝန် ပြန်မပြဘူးလား'

'ပြန်ပြလဲ သားရေကွင်းနဲ့ ပစ်ဦးမှာပဲ အဘ'

'ဘာလုပ်လုပ်ပေါ့ကွ... သူ ဆရာ

www.burmeseclassic.com

ဝန်ပဲ'

'ဟုတ်ကဲ့ အဘ'

ကျွန်တော် ဟုတ်ကဲ့ဟုသာ အဘကို ပြောခဲ့ပါသည်။ ဆရာဝန်ကို မပြတော့ပါ။ ကျွန်တော့်သူငယ်ချင်းကိုစည်သူက ခေါ်သဖြင့် **မင်းလှမြို့ ခြသေ့်ကြီးနှစ်ကောင် ရပ်ကွက် မြန်မာ့ဆေးဆရာမကြီး ဒေါ်တင်ပိုင်း**ထံ ရောက်သွားပါသည်။ ကျွန်တော် အဖြစ်အပျက်ကို ပြောပြပါသည်။

သူက ကျွန်တော်အား ဆေးနှစ်မျိုး ပေးလိုက်ပါသည်။ ငွေကြေးလည်း တစ်ပြားမှ မယူလိုက်ပါ။ သူ ပေးလိုက်သော ဆေးများမှာလည်း အလွန်ပေါလှပါသည်။

ကျွန်တော့်တို့အိမ်တွင်လည်း ရှိသဖြင့် မယူခဲ့ပါ။ ကျေးဇူးတင်စကားပြောပြီး ပြန်လာခဲ့ပါသည်။ အမှန်ပြောရလျှင် ထိုဆေးဖြင့် ကျွန်တော့်ရောဂါပျောက်မည်ဟု မထင်မိပါ။ ဆေးနှစ်မျိုးမှာ သောက်ရန်နှင့် လိမ်းရန်ဖြစ်ပါသည်။

သောက်ရန်ဆေးမှာ ကျွန်တော့်အိမ်ရှေ့တွင်သာမက အိမ်တိုင်းလိုလိုပင် စိုက်ထားလေ့ရှိသော **မီးကွင်းဂမုန်းရွက်**ကို ကျို၍ သောက်ရန် ဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်းကိုစည်သူက ပြောလွန်းသဖြင့် မီးကွင်းဂမုန်း ငါးရွက်ကို ကျိုကာ သောက်ကြည့်မိပါသည်။

နံနက်တစ်ခွက်၊ နေ့လယ်တစ်ခွက်၊ ညနေတစ်ခွက် သောက်မိပါသည်။ သောက်ပြီး ညအိပ်ရာ ခါတိုင်း ကျွန်တော့်စအိုမှ တစ်စက်,တစ်စက်ကျသော သွေးမှာ နောက်နေ့နံနက်တွင် မကျတော့ပါ။ ကျွန်တော် အားရသွားပါသည်။ နောက်နေ့ ဆက်၍ သုံးခွက် သောက်ပါသည်။ သွေး လုံးဝ မဆင်းတော့ပါ။

ထိုအခါမှ မြန်မာ့ဆေးနည်းတိုကို ယုံကြည်လာပါသည်။ လိပ်ခေါင်းကလည်း အနည်းငယ်သာ ထွက်ပါတော့သည်။

ထို့ကြောင့် **လိမ်းဆေးအဖြစ် ကျွန်တော်တို့ ချောင်းထဲမှ ရသော ခရုဖင်ရှည်အခွံကို ဆန်ဆေးရည်ဖြင့် သွေးကာ လိပ်ခေါင်းအား လူးပေးပါသည်။ လူးဆေးကို တစ်နေ့ သုံးကြိမ် လူးပေးပါသည်။** သုံးရက်ခန့် လူးလိုက်ရာ လိပ်ခေါင်း လုံးဝ မထွက်တော့ပါ။

'အဘ ကျွန်တော် လိပ်ခေါင်းလုံးဝ ပျောက်သွားပြီ'

'ဟေ...ဘယ်ဆရာနဲ့ ကုတာလဲ'

'မြန်မာဆေးနဲ့'

'ဟေ... ကောင်းတာပေါ့ကွ၊ ဒါမှ မြန်မာဆေးကွ၊ ဘာဆေးလဲ'

'မီးကွင်းဂမုန်းနဲ့ ခရုဖင်ရှည်'

'ကောင်းကွာ... မင်း အားရှိအောင် တော့ ကြက်စွပ်ပြုတ်လေး သောက်ပေးကွ'

'သောက်တယ် အဘ၊ အခု မနုံးတော့ဘူး'

'အရက်လဲ ဖြတ်ဦးကွ'

'ဖြတ်ပါ့မယ် အဘ၊ ကျွန်တော့်အကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးမှာလား'

'အေး...ရေးမှာကွ'

***လူသားအားလုံး လိပ်ခေါင်းရောဂါနှင့် ကင်းဝေးကြပါစေ။***

***ကိုထွန်း(မင်းလှ)***

မည်
သူ
မ
ဆို
ပါ
ဝင်
ရေးသား
နိုင်ပါသည်...

စာမူပို့လိုက...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉-ဧမြည၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့၊
ဖုန်း
၀၉-၇၇၆၁၃၄၉၇၈၅
၀၉-၉၆၈၀၀၄၁၂



www.burmeseclassic.com

www.burmeseclassic.com



# သွပ်ဖမ်းဝိဇ္ဇာ

အပိုင်း(၄)

ဦးမင်းစိုင် (ရွှေနဝင်း)

သွပ်ဖမ်းဝိဇ္ဇာဆရာ ဖမ်းချုပ်ပေးလိုက်သည့် သွပ်,ပြဒါး,သွပ်,မီးခံ ရွှေဝါရောင် ဓာတ်သားများသည် အကြောင်းမသိသည့်သူ ဆိုလျှင် တကယ် အခေါက်ရွှေတုံးဟု ထင်ကြမိမှာ မလွဲပါ။

သို့သော်... အရောင်အဆင်း ဝါဝင်း၍ ကျက်သရေ တင့်ပါသော်လည်း ရိက္ခာထောက် စားလမ်းအတွက် ကိတ်နှင့် စပ်ဟပ်တွဲ၍ မရသေးပါ။

အကြောင်းမှာ ယင်းရွှေဝါရောင် သွပ်မီးခံဓာတ်သားသည် လုံထဲ ထည့်ပြီး အပေါ်က လက်ချားချော် ထည့်ပြီး ကြိုက်သည့်မီးနှင့် မီးပြင်းထိုးနိုင်ပါသည်။ မီး(၇)အုပ်,(၈)အုပ် စိတ်ကြိုက် ထိုးပြီး လုံဖုံး ဖွင့်ကြည့်လိုက်လျှင်...

ရွှေဝါရောင် ပိတောက်ပွင့် (၄,၅) ချက် ရိုက်ပြပြီး ပြင်ပမှ လေနှင့် တွေ့လိုက်သည်နှင့် ဖတ်ခနဲ ဓာတ်အပေါ်ယံ အရည်ချက်ချင်း ခဲသွားပြီး ရုပ်ခံနေပေသည်။

သူ့အကြောင်း သိရအောင် မီးသွေးချသည့် သံဂေါက်နှင့် ချော် အရည်ပျော်နေသည့် လုံထဲကို ထိုးကြည့်လိုက်လျှင် အောက်က ဓာတ်သားမာခဲပြီး ရုပ်တင်းခံနေတာကို ဂေါက်ခနဲ အသံပေးပြီး သိသာစွာ ပြနေပါတော့သည်။

"ကဲ...ဒီလောက်တောင် ရုပ်တင်းပြီး မာန်တင်းခံနေတဲ့ဓာတ် သူကပဲ တင်းနိုင်,မာနိုင်မလား၊ ငါကပဲ မီးနဲ့နိုင်အောင် ထိုးသတ်ပြီး ပျော့အောင် လုပ်နိုင်မလား" ဆိုသည့် စိတ်နှင့် ယင်းယင်းသွပ်နှင့် သွပ်ပြဒါးတွဲ ဓာတ်သား (၁)ကျပ်သားစီဖြတ်ပြီး ဓာတ်လုံးတည်၍ လုံပေါင်း(၃၀/၄၀)ခန့် မီးသွေး (၁၄/၅)တင်းကုန်အောင် ထိုးခဲ့ပါသော်လည်း ရုပ်က ခံမြဲခံနေပေသည်။

ဒါဆို နောက်တစ်နည်းကြံပြီး သူ့ကို **ယမ်း+ဆား+လက်ချား+ဖဝက်သာ** ချော်ဆေးချက်ပြီး လုံ(၃၀/၄၀)လောက် ထိုးပြန်သည်။

ဒါကျတော့ ဓာတ်သားက မူလ ဓာတ်လုံးထက် ပိုပြီး ကျစ်ခဲလာသည်ကို တွေ့ရသည်။ လုံ(၃၀)လောက် ထိုးလိုက်တာ **ဓာတ်သား(၁)မူးသား** လောက် လျော့သွားပြီး (၁)ကျပ် မူးတင်းသား ကျန်နေသည်။

သို့သော် ယင်းဓာတ်ကို လက်ချားချော် သီးသန့်နှင့် ထိုးကြည့်လိုက်လျှင် တော့ ယခင်လိုပဲ တင်းခံနေပြန်တော့သည်။

ဒီလောက်တောင် ဖြစ်လှတာ သင်းကိုတော့ ဖြစ်ချင်တာဖြစ် လုံခြောက်ချည်းပဲ ထိုးမည်ဆိုပြီး ချော်မပါ လုံပိတ်ပြီး လုံခြောက်ကို စိတ်ကြိုက် မီးပြင်း (၁၅)လုံလောက် ထိုးကြည့်လိုက်ပြန်တော့ ဓာတ်သားက (၁)ရွေးသားတောင် မလျော့ဘဲ လမျက်နှာပြင်လို ကျောက်ပေါက်မာတွေ ထလာပြီး ညိုညစ်ညစ် ဖြစ်သွားလေသည်။

ထိုအခါ သူ့ကို ချော်နှင့် (၁)လုံ၊ (၂)လုံ ပြန်ထိုးကြည့်လိုက်တော့ ယခင်လိုပဲ ရုပ်ခံနေပါသည်။

ကဲ... ဒီလောက်တောင် ပြုမရ ပြင်မရ ပေကပ်ကပ်နှင့် ရုပ်တင်းခံနေသည့် ဓာတ်ကို နာနှင့်လှည့်ချက်မည် ဆိုပြီး ဓာတ်၏အလေး (၂)ဆ နာထည့်ပြီး နာနှင့် ချက်ပြန်တော့ ထည့်လိုက်သည့် နာ(၂)ဆကပါ ကြွပ်ဆတ်ဆတ် ဖြစ်ကုန်ပြီး နာကြွပ်ဆတ်ဆတ်က



www.burmeseclassic.com

www.burmeseclassic.com

တစ်ထပ် သွပ်ဓာတ်သားက တစ်ထပ် ဖြစ်နေလေတော့သည်။

ဒါနှင့် နာကြွပ်ဓာတ်သားတွေကို အသာရိုက်ခွဲပြီး သွပ်နှင့် သွပ်ပြဒါးတွဲ ဓာတ်သားဓာတ်လုံး(၂)လုံးကို စိတ်ကုန်သွားပြီး လှည့်မကြည့်တော့ဘဲ တစ်နှစ်ခန့်လောက် ပစ်ထားပြီး အခြားသော အာရုံရသည့် ဓာတ်လမ်းတွေကိုသာ လုပ်ဆောင်နေပါတော့သည်။

ဒီလိုနှင့် တစ်နေ့မှာတော့ အစပိုင်းမှာ ပြောခဲ့သည့် စာရေးသူနှင့်အတူ ဓာတ်ဖမ်းခဲ့သည့် မိတ်ဆွေ၏ ပရဆေးဆိုင်မှာ လုံးသွားဝယ်ခဲ့ပါသည်။

အဲဒီမှာ ကိုယ်ရေပြားရောဂါ အနာကြီးရောဂါတွေကို ဆေးကုပေးသည့် **"အနုဘုရင်"**ဆိုသည့် ဘွဲ့ပေးထားသည့် ဆေးဆရာတစ်ပိုင်း၊ အဂ္ဂိရတ်ဆရာတစ်ပိုင်း ဖြစ်နေသည့် ဆရာတစ်ဦးနှင့် စာရေးသူ၏မိတ်ဆွေ ပရဆေးဆိုင်ရှင်က မိတ်ဆက်ပေး၍ အသိဖြစ်သွားပြီး အဂ္ဂိရတ်ဓာတ်လမ်းတွေ အကြောင်း စကားစမြည် ပြောကြလေသည်။

'ဆရာ...အခု ဘာဓာတ်ဆေးတွေ ဖော်ဖို့ လာဝယ်တာလဲ'

'အခြားမဟုတ်ပါဘူး။ **ကျုပ် အမြဲလက်စွဲသုံးနေတဲ့ (၁၀)ပါး နဝင်းဓာတ်ဆေး** ဖော်ဖို့ လာဝယ်တာပါ'

'ဆရာကလဲ ပြောတော့ (၁၀)ပါး ဆိုပြီး ဘယ်လိုဖြစ်လို့ "နဝင်းဆေး" ခေါ်တာလဲ၊ နဝင်းဆေးဆို (၉)ပါးပဲ ဖြစ်ရမှာပေါ့'

'ဩော်... ဒီလိုဗျာ ဆေးပစ္စည်းဝယ်ရတာက (၁၀)မျိုး (၁၀)ပါး ပါတာပေမယ့် ဆေးချက်တဲ့ အခါမှာတော့ ဓာတ်ဆေး (၉)ပါးကို ထောင်းထုအမှုန့်ပြုပြီး ကျန်တဲ့



(၁)ပါးကို ရေနဲ့စိမ်ပြီး အဲဒီဆေးရည်နဲ့ ပြန်ချက်ရလို့ (၁၀)ပါးနဝင်းဆေးလို့ ခေါ်ရတာပါ'

'ကဲပါ ဆရာရယ်... မိတ်ဆွေရင်းလို့ သဘောထားပြီး သေချာလေးရှင်းအောင် ပြောပြပါလား ဆရာရယ်'

'အေးလေ ပို့မယ့်ပို့လဲ ကူးတို့ရောက်အောင်တော့ ပို့ရတော့မှာပေါ့။

**(၁၀)ပါးနဝင်းဆေး ဆိုတာက...**

"စိန်-ခဲ-ကန့်-ဝက်-ထုံး-ဟင်း-လက်-ယမ်း-ဆား-ကျောက်ချဉ် စွက်"

**လက်ာအရ...**

၁။ စိန်
၂။ ဆေးခဲ
၃။ ကန့်
၄။ ဝက်သာ
***[ထုံး—မဖောက်ထုံး(၁၀)ဝိဿာ၊ ရေ(၂)ပုလင်းနှင့် စိမ်ပါ။]***
၅။ ဟင်းရိုင်းနီ
၆။ လက်ချား
၇။ ယမ်းစိမ်း
၈။ ဆား
၉။ ကျောက်ချဉ် (၁)ကျပ်သားစီ

ဒီနေရာမှာ စာရေးသူ၏ အမူအကျင့်အတိုင်း "တပည့်ခံပြီဆိုရင် နည်းမကျန်အောင်" အသေးစိတ် မေးမြန်းစူးစမ်းတတ်သည်မို့...

'ကဲပါ ဆရာရယ်... လက်တွေ့ နဝင်းဆေးချက်တဲ့နည်းပါ တစ်ပါတည်း ချီးမြှင့်ပေးခဲ့။ ကျွန်တော် တကယ် စိတ်ဝင်စားနေလို့ပါ'

'လုပ်ပြီဗျာ ဟင်းစားလဲပေး၊ ကွန်ချက်လဲ ပြခိုင်းနေပါပြီ။

ကျုပ်ကလဲ တကယ်စိတ်ဝင်စားပြီး တကယ်လက်တွေ့ လုပ်မယ့်သူဆိုရင် နည်းမချန် အကုန်ပေးတတ်တာနဲ့တော့ ကိုက်နေပြီဗျာ။

ခင်ဗျားက စေ့စေ့ပေါက်ပေါက် တကယ်မေးတတ်တော့ တကယ်လုပ်မယ့်သူလို့ ယုံကြည်ပါတယ်။

ဒီ(၁၀)ပါး နဝင်းဆေးဆိုတာ အဂ္ဂိရတ်သမား အတော်များများ သိသလိုလိုနဲ့ တကယ်မသိတဲ့ ဆေးဗျာ။

သူ့ကို တကယ်နည်းစနစ်တကျ သိရှိပြီး နဝင်းဆေးသားကျအောင် ဖော်နိုင်၊ချက်နိုင်ပြီ ဆိုခဲ့ရင် **သွပ်နဲ့ ပြဒါး** မျက်တောင်မခတ်နိုင်အောင် ချုပ်သတ်နိုင်တဲ့ ဆေးကောင်းဆေးမြတ် တစ်ပါးပါပဲ'

သူက ဒီလိုပြောလိုက်တော့ စာရေးသူက "ဖိုးကျိုင်းတုတ်" အဟုတ် ဝမ်းသာသွားတာပေါ့။ ကိုယ့်မှာက ချော့မရ ခြောက်မရသည့် သားသမီးလို ဖြစ်နေသည့်... သွပ်နှင့် သွပ်ပြဒါးတွဲ ရုပ်ခံနေသည့် ဓာတ်(၂)လုံးက လက်ရှိ ပစ်ထားရတာဆိုတော့ ဘယ်ဝမ်းမသာဘဲ ရှိပါ့မလဲ။

'ကဲပါ... အခု ဆရာ ထမင်းနေ့လယ်စာ ကျွန်တော့်အိမ်မှာ လိုက်စားပြီးတော့ အခု ဆရာဝယ်ခဲ့တဲ့ ဓာတ်ဆေးတွေကို ယူလာခဲ့ပြီး ကျွန်တော့်အိမ်မှာ ပစ္စည်းကိရိယာ အစုံရှိတယ်ဆိုတော့ အိမ်မှာ တစ်ခါတည်း ဆရာ့ရဲ့ "(၁၀)ပါး နဝင်းဆေး"ကို ချက်ပြီးမှ ပြန်ယူသွားပေါ့။ ဒါမှ ကျွန်တော်လဲ ဆရာ့ရဲ့ လက်တွေ့ကို သိမြင်ရမှာဆိုတော့ ပိုအဆင်ပြေသွားတာပေါ့



www.burmeseclassic.com

www.burmeseclassic.com

ဆရာရယ်'

'အေးပါဗျာ... ထမင်းကျွေးပြီး နည်းယူမယ့်သူက အဆင်သင့်ဆိုတော့ ကျုပ်က ငြင်းလို့ ဘယ်ကောင်းပါတော့မလဲဗျ'

ဒီလိုနှင့် စာရေးသူ၏အိမ်သို့ ချီတက်လာခဲ့ပါတော့သည်။

နေ့လယ်စာ ထမင်းနှင့် ညှော်ခံကျွေးမွေး၍ ခေတ္တ အနားယူပြီး လက်တွေ့စခန်းကို စ,ပါတော့သည်။

ရှေးဦးစွာ **"မြွေလေးစင်း" "မင်းလေးပါး"**ခေါ် **စိန်, ဆေးအန်း, ကန့်, ဟင်းရိုင်းနီ** စတဲ့ ဓာတ်လေးပါးကို တစ်ပါးချင်းစီ သေချာစွာ အမှုန့်ပြုပြီး ထပ်ပြီး (၄)ပါးစလုံး ကောလီကျအောင် ပြန်ထောင်းပြီး ဆန်ခါစိပ်နှင့် အမှုန့်နှ ပြန်ချယူထားပါသည်။

ပြီးရင် ကျန်သည့် ဓာတ်ဆေးတွေကိုလည်း (၁)ပါးချင်းစီ အမှုန့်ပြုပြီးမှ **ယမ်းစိမ်း, ဆား, လက်ချား, ဝက်သာကျောက်ချဉ် ဓာတ်ဆေး (၅)ပါး**ကို စုပေါင်းပြီး ကောလီကျပြီး ညက်နေအောင် ထောင်းရပါသည်။

ထိုဆေး(၅)ပါး ကောလီသားကျမှ မင်းလေးပါး ကောလီသား ကျနေသည့် ဓာတ်ဆေးများကို ထည့်ပြီး စုပေါင်း၍ ဓာတ်ဆေး(၉)ပါးစလုံး အားလုံး ရောသမ၍ ကောလီသားကျပြီး မိန်းကလေးများ လိမ်းခြယ်သည့် မိတ်ကပ်အသားလို အိညက်စေးပိုင်နေပြီး မသိလျှင် တကယ် မိတ်ကပ်အရောင်လို ပုစွန်ဆီရောင် သန်းနေသည့် "နဝင်းဆေး" ကောလီသားကို ရပါပြီ။

'ဒီနေရာမှာ ခင်ဗျား တကယ်သိထားရမှာက **"နဝင်းဆေး"**ဆိုတဲ့ အဓိပ္ပာယ် စကားအတိုင်း ဆေးမချက်ခင် ဆေးထောင်းစဉ်ကတည်းက နဝင်း



ကျပြီး ဆေးသား ကောလီကျနေမှ ဆေးချက်တဲ့အခါ နဝင်းဓာတ်ပေါ်ပြီး နဝင်းအဆီအသားကို ရတော့မှာပေါ့။

ဒါမှ ကိုယ်လိုတဲ့ဓာတ်ကို ချုပ်သတ်နိုင်တဲ့ ဆေးစွမ်းကောင်း တစ်လက်အဖြစ် အသုံးချနိုင်မှာပေါ့ဗျာ'

**[နဝင်းဆေး ကောလီသားကျသည် ဆိုလိုသည်မှာ ဓာတ်(၉)ပါးစလုံး ရောစပ်ပြီး ကြိတ်ထားသည့် ဆေးသားသည် မိတ်ကပ်အသားလို နုညက်ပြီး ပျော့ပျောင်း၍ လက်ညှိုးနှင့် လက်မ(၂)ခုနှင့် ပွတ်ကြည့်လိုက်လျှင် လက်မွေအရေးအကြောင်းလေးများထဲသို့ ပုစွန်ဆီရောင်၊ မိတ်ကပ်ရောင် ဆေးသားများ နစ်ဝင်သွားသည့်အထိ နုညက်ချောအိနေအောင် ကြိတ်ရပါသည်။]**

နဝင်းဆေး ချက်တော့မည်ဆိုတော့ (၆)လက်မ အမြင့်ရှိသည့် သံခွေတပ်(၃)ချောင်းထောက် ဖိုး‌ေ ဂက် ခွေ(၁)ခုမှာ (၈)လက်မ သံ ကြပ်ဒယ်အိုး (၁)လုံးတင်ပြီး နဝင်းဆေး ကောလီသားများကို ထည့်၍ ပထမ **ထုံးရည်ကြည် (၁)ပုလင်းစာထည့်ပြီး** ဝါးခြမ်းပြား ထင်းမီးလေးနှင့် မီးအရှိန် ပျော့ပျော့ပေးပြီး ဆေးရည် ဆူပွက်လာသည်အထိ မီးအေးအေးနှင့် ချက်ပါ။

ဆေးချက်နေစဉ် ဝါးယောက်မ ထူထူ ထိပ်စောင်းထက်ထက်နှင့် မပြတ်မွှေပေးပါ။

ပထမ **ဆေးရည်ခန်း၍ ပျစ်လာသည့် အချိန်မှာ ဒုတိယ ထုံးရည်ကြည် (၁)ပုလင်း ထပ်ထည့်ပြီး** ယခင်အတိုင်း မီးအေးအေးနှင့်သာ ချက်သွားပါ။

ဆေးရည်ခန်းလာပြီး ပျစ်ခဲ၍ ရွှံ့နှစ်လိုဖြစ်လာလျှင် သံဒယ်အိုးဖင်မှာ ဆေးချိုးမကပ်အောင် သတိမပြတ်ထားပြီး ဆက်တိုက် မွှေပေးပါ။

ဒီလိုနှင့် နဝင်းဆေးသည် အရည်ခန်းလာပြီး ဆေးအပေါ်မှာ ရေငွေ့များ ပျံတက်လာပြီး ဆေးသားသည် ခြောက်သွေ့၍ လာပြီး လိမ္မော်ရောင်အရင့်မှ အရောင်ဖျော့ဖျော့ ဖြစ်လာပြီး နောက်ဆုံးပိတ် ဆက်တိုက် မပြတ်မွှေပေးရင်းနှင့် **"ကြွက်ကျစ်စာခဲလေး"** များလို အလုံးလိုက်လေးတွေ ဖြစ်လာပြီး ရေ လုံးဝ ကုန်သွားပြီဆိုရင် နဝင်းဆေးချက်လို့ ပြီးဆုံးသွားပါပြီ။

ယင်းဆေးကို ဒယ်အိုး အောက်ချပြီး ဆက်မွှေပေးပြီး အတော်အသင့်အေးလာပြီဆိုလျှင် မွှေတာကို ရပ်ပြီး လုံးဝ အေးသွားသည့်အထိ အအေးခံထားလိုက်ပါ။

ပြီးလျှင် နဝင်းဆေးကို ဖန်ဘူး (သို့မဟုတ်) ကော်ဘူးတွင် သေချာထည့်၍ လေလုံအောင် သိမ်းဆည်းထားပါ။

သုတေသီဝါသနာရှင်များ ယခုစာရေးသူ တင်ပြခဲ့သည်အထိ နဝင်းဆေးကို သေချာအောင်မြင်အောင် ဖော်စပ် လုပ်ဆောင်နိုင်ခဲ့ပြီဆိုလျှင် ခရီးတစ်ဝက် ရောက်ပြီဟု မှတ်ယူနိုင်ပါသည်။

သည်တော့ မိမိတို့မှာ ဆေးကောင်းဝါးကောင်း ရှိထားပြီး လွှမ်းမိုးထွက်စေ

စာမျက်နှာ (၁၅၂) သို့



www.burmeseclassic.com

www.burmeseclassic.com

# နဂိုရ်ပိပိ ယာယီမထွက်



မောင်ဖြိုးဟိန်း
(အင်းတော်)



မဟာမင်းလုကျော်ခေါင် ရေးသည့် ဥမ္မာဒန္တီပျို့တွင် နဂိုရ်ပိပိ ယာယီမထွက် ခရီးသွားလာ ပြောင်းရွှေ့ခြင်း ရှိမရှိ တွက်နည်းတင်ပြသွားလိုပါသည်။

ကျေးလက်ဓလေ့ တွက်နည်းလည်း ဖြစ်ပါသည်။ ခေတ်အဆက်ဆက် မြန်မာဘုန်းတော်ကြီးများ၏ မြန်မာ့ ရိုးရာ ဗေဒင်လက်ဆန်း တွက်နည်း လည်း ဖြစ်ပါသည်။

ခရီးယာယီ ရှိသလား၊ ပြောင်းရွှေ့မှု ရှိမရှိတွက်နည်းကလေး ဖြစ်ပါသည်။

ဝန်ထမ်းများ မေးတတ်သည့် အမေးမျိုး ဖြစ်ပါသည်၊ လက်ရှိနေရာမှ ပြောင်းရွှေ့ရမှလား၊ မပြောင်းရဘူး လား၊ မပြောင်းချင်ဘူး။ နေမြဲဖြစ်ချင် တယ်။ ပြောင်းသွားချင်တယ် စသည့် အမေးမျိုးကို ကြုံဖူးရပါသည်။

**တွက်နည်းမှာ** အလွယ်ကလေး ဖြစ်ပါသည်။

မေးသူ၏ အသက်ကို တည်ရမည် ဖြစ်ပါ သည်။ ရောက်ဆဲအသက်ကို (၅၃)နှင့် မြှောက်ရမည်။ (၉)နှင့် စားရမည်ဖြစ်သည်။ “မ”ဂဏန်း ကြွင်းလျှင် နဂိုရ်ဟု သတ်မှတ် သည်။ နဂိုရ်သည် နေမြဲတည်မြဲနေမည်ဟု တွက်ပါသည်။

မပြောင်းချင် မရွှေ့ချင်သူများအဖို့ သန္ တုဋ္ဌိဖြစ်စေသော အဟောပင် ဖြစ်ပါသည်။ ပြောင်းချင် ရွှေ့ချင်သူများအဖို့ အဆင်မပြေ ပါ။

**“မ”ဂဏန်း ကြွင်းပါက နဂိုရ်မြဲပြီး “စုံ”ဂဏန်း ကြွင်းပါက ပြောင်းရွှေ့ရ မည်ဖြစ်သည်။**

**ဥပမာ တွက်ပြပါမည်။**

**အသက်(၄၅)နှစ် ရှိသူတစ်ဦး ဆိုပါစို့။** နဂိုရ်လား၊ ယာယီလား အတွက်၌ အထက်ဖော်ပြပါ တွက်နည်း အတိုင်း တွက်ကြည့်သော်...

```
အသက်   ၄၅  နှစ်
     × ၅၃
     ------
      ၁၃၅
    + ၂၂၅၀
   -------
 ၉ |  ၂၃၈၅ | ၂၆၅
     −၁၈
     ------
       ၅၈
       ၅၄
     ------
        ၄၅
        ၄၅
     ------
         ၀  ကြွင်း
```

တွက်နည်းအရ အကြွင်းမှာ စုံကိန်း ဖြစ်နေပါသည်။

ယင်းကြောင့် အသက်(၄၅)နှစ် ရှိသူ သည် အမျိုးသား(သို့မဟုတ်)အမျိုးသမီး ဖြစ်နေပါက ဝန်ထမ်းဖြစ်လျှင် အပြောင်း ရှိသည်ဟု အဟောထွက်ပါသည်။

ပြောင်းချင်သူအဖို့ ကောင်းမွန် သင့်တော်မည် ဖြစ်သော်လည်း နေရာ ဌာနသည် အဆင်ပြေသော နေရာ ဒေသ ဖြစ်နေပါက ပြောင်းကိန်း၊

နဂိုရ်ယာယီအရ စုံကိန်း အကြွင်း ကိန်း ဖြစ်နေပါက မပြောင်းချင်သူ ဆိုလျှင် ဘုရားလေးဆူဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပနှင့် ဂေါတမ မြတ်စွာဘုရား လေးဆူကို ပြောင်းဖူးတစ်ဖူးစီ မီးဖုတ်ပြီး (၄)ဖူး ဆက်ကပ်လှူဒါန်းပါ။

တစ်ဖူးကိုမူ သာသနာတော်စောင့် နတ်ကိုလှူပါ။ မွေးနေ့တွင်လှူပါ။ (၃)ရက်ဆက်တိုက် လှူဒါန်းပါ။

**အကယ်၍ အကြွင်းသည် “စုံ” အကြွင်း မဟုတ်ဘဲ “မ”ကိန်းဖြစ် ပါက** နဂိုရ်ဂြိုဟ် ဖြစ်ပါသည်။ နဂိုရ် ဂြိုဟ်သည် မပြောင်းရဘဲ နေမြဲနေရ မည်ဖြစ်သည်။ ရပ်ဝေးမှ လာရောက် အမှုထမ်းသူ ဖြစ်ပါက ပြောင်းရွှေ့ချင် သည်မှာ အမှန်ဖြစ်သည်။

ထိုသူများအဖို့ ဆိုလျှင် ဇလွန်မြို့ ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ စမ္မခဏ်ဂါထာကို စက္ကူတွင် လက်ရေး နှင့် ပီသ သပ်ရပ်စွာ ရေးလျှင် ဖြစ်စေ၊ သို့တည်းမဟုတ် ကွန်ပျူတာ စာစီ စာလုံးနှင့်ဖြစ်စေ ရေးပြီး အိမ်က



www.burmeseclassic.com

www.burmeseclassic.com

ဘုရားစင်ရှိ ရုပ်ပွားတော်၊ ဆင်းတုတော်၏ လက်ဝါးတော်တွင် တင်ပြီး ပူဇော်ပါ။

ရုပ်ပွားဆင်းတုတော် မရှိပါက ဓမ္မစကြာတရားဦး ဟောတော်မူသည့် မြတ်စွာဘုရားရှင်၏ ပုံတော်ကို ပူဇော်ပြီး ပန်းကလပ်တွင် စောစောက ကွန်ပျူတာစာစီဖြင့် ရိုက်နှိပ်ထားသည့် ဇလွန်မြို့ ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ စမ္မခဏ်ဂါထာကို ခေါက်ပြီးပူဇော်ပါ။

ဆီမီး(၃၇)တိုင်၊ ပန်းမွှေးတိုင်(၃၇)တိုင် ပူဇော်ပါ။ စမ္မခဏ်ဂါထာကို (၃၇) ခေါက်ရွတ်ပါ။ အမျှအတန်းဝေပါ။ သစ္စာဆိုပါ။ နေ့စဉ်လည်း (၃၇)ခေါက်ဖြစ်စေ၊ ပုတီးတစ်ပတ်ဖြစ်စေ ရွတ်ဖတ်ပူဇော်ပါ။ ဘုရားရှင်အား အမြစ်အညွန့် ပန်းလှူပါ။

* * *

| | | |
|---|---|---|
| ၁။ တနင်္ဂနွေသား | → အုန်းကြီး | → (၂၁)ညွန့်. |
| ၂။ တနင်္လာသား | → ညစာ | → (၁၅)ညွန့်. |
| ၃။ အင်္ဂါသား | → ဝဂရ | → (၂၇)ညွန့်. |
| ၄။ ဗုဒ္ဓဟူးသား | → စံပယ် | → (၂၇)ညွန့်. |
| ၅။ ကြာသပတေးသား | → ဝါး(၁၇)ညွန့်၊ စိန်ပန်း(၁၉) ပေါင်း(၃၆)ညွန့်. | |
| ၆။ သောကြာသား | → ပိတောက် | → (၂၁)ညွန့်. |
| ၇။ စနေသား | → သီး(၂၀)ညွန့်၊ အုန်း(၁၀)ညွန့်. ပေါင်း(၃၀)ညွန့်. | |

ဘုရားလှူပါ။ အင်္ဂါဝိဇ္ဇာအရ **အမြစ်အညွန့်** လှူပါ။

နေ့သားအလိုက် အမြစ်အညွန့် ရှာရန် ခက်ခဲပါက နေ့တစ်ခုချင်း၏ နေ့နံအမြစ်၊အညွန့်တို့ကို လှူဒါန်းပါ။ မည်သည့်ယတြာဖြစ်စေ စီရင်သူ၏ သီလစင်ဖို့ လိုပါသည်။

ငါးပါးသီလလုံဖို့ လိုမည် ဖြစ်ပါသည်။

နားနောင်ဆရာတော် ဦးကလျာဏ၏ လမ်းညွှန်မိန့်မှာချက် ဖြစ်ပါသည်။

***အာယု ဝဍ္ဎော သုခံ ဗလံ***

**မောင်ဗဟိန်း(အင်းတော်)**

စာမျက်နှာ (၁၅၀)မှ အဆက်

တတ်သည့် အာကာသဓာတ်များကို ချုပ်ကိုင်ဖမ်းအုပ်ဖို့ လိုအပ်လာလျှင်(၁၀)ပါးနဝင်းဆေးသည် ဉာဏ်ကွန့် နိုင်သလောက် အကျိုးကျေးဇူး များလှပါသည်။

နဝင်းဆေးနှင့် ဓာတ်ကို ဖမ်းချုပ်ခြင်းမပြုမီ နဝင်းဆေး၏ ဓာတ်သဘာဝစွမ်းဆောင်နိုင်မှု သဘောတရားကို အရင်သိထားရန် လိုအပ်ပါသည်။

ဒါမှ မိမိတို့မှာ စွဲကိုင်ထားသည့် လက်နက်သည် ဘယ်အတိုင်းအတာအထိ စူးရှထက်မြက်ပြီး အရှိန်အင်အား ဘယ်လောက်ပြင်းထန်ခရီးရောက်သလဲဆိုသည်ကို သိထားမှသာ သူ့ကို ပိုင်နိုင်စွာ အသုံးချနိုင်ကြမည် ဖြစ်ပါသည်။

**"ဝန်နှင့်အား။ လေးနှင့်မြား။ သတ္တဝါနှင့်လက်နက်"** သင့်တော်အောင် ချိန်ဆနိုင်ပါမှ (၁)ချက်ပစ် (၁)ကောင်သေ၊ (၂)ချက်ပစ် (၂)ကောင်ရဆိုသလို ဖြစ်ပေမည်။

နောက်တစ်ခုက အင်္ဂုရတ်ဝိသနာရှင် သုတေသီများ သတိထား[illegible]အရေးကြီးသည့်အချက်က...

'အိုးတန် ဆန်ဆတ် အင်္ဂုရတ် မပြတ်ပညာ မျက်စိပါမှ လိုတရ၏'

ဆိုသည့် စကားရပ်လေးကို အထူးသိထားသင့်ပေသည်။

ယခု စာရေးသူ ရှေ့လတွင် ဆက်လက်ဖော်ပြမည့် သွပ်၊ပြဒါး စသော အာကာသဓာတ်များကို ဖမ်းချုပ်ပြီး တစ်လုံး၊တစ်မီးနှင့် ကိုယ်လိုရာ ခရီးရောက်အောင် စွမ်းဆောင်နိုင်ကြစေရန် စေတနာအရင်းခံဖြင့် လုပ်ထုံး လုပ်နည်းစနစ်ကို အသေးစိတ် တင်ပြပေးပါမည်။

**ဦးမင်းဇင်(ရွှေနဝင်း)**

နက္ခတ္တဗေဒင်ခြည်
မဂ္ဂဇင်းတိုက်သို့
ဆက်သွယ်
နိုင်သော
ဖုန်းနံပါတ်များ...
၀၉-၇၇၆၃၄၉၇၈၅
၀၉-၉၆၈၀၀၀၉၉၂

www.burmeseclassic.com

www.burmeseclassic.com

သခွတ်တောမြောက်မှ ကာရကစွမ်းအင် ထူးခြားသည့်

# မံဘုရား

စောသိင်းလ





◄ ကြည်လင်သော မျက်နှာတော် မံဘုရားကြီး ►

၂၀၀၆ခုနှစ်က ဟံလင်းမြို့ဟောင်းမှ အပြန် သခွတ်တောရွာအနီးသို့ ရောက်သော် လိုက်ပို့သူ ဦးကျော်မြင့်က…

'သခွတ်တော မြောက်ကျောင်းမှာ မွန်လေး ဘုရားကြီးထက် ဉာဏ်တော်ပိုမြင့်တဲ့ မံဘုရား တစ်ဆူ ရှိတယ်'

ဟု ဆိုကာ ပို့ဆောင်ပေးသဖြင့် သခွတ်တော မြောက်ကျောင်းတိုက်သို့ ရောက်ရှိခဲ့သည်။

ရှပ်ပွားတော်မှာ သီးခြား ဂန္ဓကုဋိ တိုက်တော်ဖြင့် သီတင်းသုံးတော်မူ သည်။ ရဟန်းသံဃာများမှာ အလှူ ဆီစွဖြင့် ပြင်ပသို့ ကြွချီတော်မူကြ သဖြင့် သာမဏေငယ်များ၏ အကူ အညီဖြင့် တန်ဆောင်းတော်ကို ဖွင့်လှစ်ကာ ဖူးမြော်ကြသည်။ ရွှေ သင်္ကန်းအသစ် ကပ်လှူရန် ဆစ်စေး သင်္ကန်း ဆက်ကပ်ထားသည်ကိုတွေ့ရ သည်။

လွန်ခဲ့သော နှစ်ပေါင်း(၇၀)ကျော် ကာလက ဤမံဘုရား သီတင်းသုံးရာ ဌာနရပ်ရွာတွင် ကပ်ဘေးများကျ ငတ် မွတ်ခေါင်းပါးမှုဒဏ်ကြောင့် လူအများ

www.burmeseclassic.com




▲ မွမ်းမံတော်မူသည့် ဆရာတော် ဦးအာစိဏ္ဏ

အိုးအိမ်စွန့် ပြေးကြရာ ရုပ်ပွားတော် ထီးတည်း ကျန်ရစ်၍ ရာသီဥတုဒဏ်ဖြင့် ယိုယွင်းပျက်စီးလျက်ရှိနေသည်။

ဤသည်ကို **ဆရာတော်ဦးအာစိဏ္ဏ (ရွှေကျင်တွဲဖက် သာသနာပိုင်အရှင် သုပညိန္ဒာဘိဝံသ၏ ဦးရီးတော်)**က မျက်ကွယ်မပြုနိုင်သဖြင့် ရွာသားများ အကူအညီဖြင့် သွားရောက်ပင့်ဆောင်ကာ ရွာအနီးချောင်းကမ်းတွင် ယာယီစံပယ်စေ၍ မွမ်းမံပြုပြင်ရန် အားထုတ်တော်မူသည်။

**သာသနာ့ပါလကာရက နတ်မြတ်များအား တိုင်တည်ကာ သာသနာတော် မွှန်လင်းရေးအတွက် သခွတ်တော ချောက်ချောင်းတွင် သီတင်းသုံး လိုက်ရာ နှစ်ပါလျှင် ကြည်ညိုဖွယ် သပ္ပာယ်အောင် ပြုပြင်နိုင်ပါစေဟု အဓိဋ္ဌာန်ပြုရာ နိမိတ်ရက်လုပ်ခြင်း ဒေါင်းရွှေပညာကို တတ်ကျွမ်းနိုင်စေမှု မရှိသော ဆရာတော်ကြီးသည် စိတ်တွင်ပြစ်လာသည့် ဆန္ဒအတိုင်း တစ်ရက်ချင်း ပြုပြင်လျက် (၆)နှစ်အကြာတွင် ယခုတိုင် ဖူးမြော်ရသော ကြည်ညိုဖွယ်အသွင်တော် ပွင့်ထွန်းလာခဲ့လေသည်။**

'ဒေါင်းရွှေအတတ်၊ သစ်စေး သရိုးကိုင်အတတ်နဲ့ လုံးဝ နီးစပ်ခြင်းမရှိတဲ့ ဆရာတော်က ဒီလို သပ္ပာယ်အောင် မွမ်းမံ ပူဇော်နိုင်တာဟာ သမ္မာဒေဝနတ်များ ကူညီမှုကြောင့်သာလို့ ယုံကြည်ကြပြီး ပူဇော်ဆည်းကပ်သူ တစ်နေ့တခြား များပြားစည်ကားလာသလို အဓိဋ္ဌာန်ပြုသမျှ သမ္မာဝါယမ၊ သမ္မာဆန္ဒတွေလဲ အောင်မြင် ပြည့်ဝကြတယ်လို့ ကျော်ကြားပါတယ်။

ကျွန်တော်က သီးနှံပွဲစား ဆိုတော့ ကောက်ဦးပေါ်တိုင်း ဒီဘုရားမှာ လာလှူပြီး ဆုတောင်းလေ့ရှိတယ်။ သမ္မာအာဇီဝကျစွာ ရှာဖွေရရှိသော ဓမ္မိယလဒ္ဓပစ္စည်းများကို အချို့ကို လှူ၍ အချို့ကို မိသားစုအတွက် စားသုံးပါတယ်။ စီးပွားတိုးတက်အောင် စောင့်ရှောက်တော်မူပါလို့ မကြာ[illegible]ဂိုင်တည်တယ်။

အခု ဆရာမြင်တဲ့အ[illegible]င် ချမ်းသာ ရွာကလေးမှာ ကိုယ်ပိုင် ဆိုင်ကယ်ကလေးနဲ့ မရှိမရှား သက်သောင့်သက်သာ လုပ်ကိုင်စားသောက်နေနိုင်ပါတယ်'

ဦးကျော်မြင့်က သူ၏ယုံကြည်မှု သဒ္ဓါတရားကို ပြောပြလေသည်။

မန္တလေး မဟာမုနိရုပ်ပွားတော်ထက် ဥဏ်တော်အမြင့် ပို၍မြင့်မားသည် ဆိုသော ဤ မံဘုရားကြီးမှာ မျက်နှာတော် ကြည်လင်၍ သပ္ပာယ်လှသည်။

**သီလ သမာဓိနှင့် စရဏအားထောက်သူများသည် ဤမံဘုရား၏ ရှေ့တော်မှောက်တွင် အဓိဋ္ဌာန်ပြုပါက ထူးခြားသော နိမိတ်ထူးများ လက်ခံ ရရှိနိုင်ကြသည်ဟု သိရပေသည်။**

**စောသိင်းဝေ**

▼ ရုပ်ပွားတော် စံပယ်ရာ ဂန္ဓကုဋိ



www.burmeseclassic.com

# ယောက်ျားကလေးတစ်ဦး၏

လက်ဖဝါးပြင်မှာ

ဆရာကြီးဦးအောင်မြင့် (ဥပဒေဘွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ

ယခုဖော်ပြထားသော ညာ လက်ဖဝါးပုံစံ ပိုင်ရှင်မှာ **ဗိုလ်တထောင်မြို့နယ်မှ အသက်(၁၀)နှစ်အရွယ်ကျောင်းသား၊ လူငယ်လေးတစ်ဦး** ဖြစ်ပါသည်။

ကလေး၏ မိဘများက ခေါ်လာပြီး လက္ခဏာသီးသန့် ဟောစေခြင်း ဖြစ်သည်။

**"က"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **လက်ကောက်ရစ်(၄)ရစ်** ရှိခြင်းဖြစ်သည်။

ကိုယ်ခန္ဓာ ကြံ့ခိုင်သန့်စွမ်းပြီး အသက်ရှည်မည်။

**"ခ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **အသက်လမ်းကြောင်း အရင်းပိုင်းမှ လမ်းခွဲက မူလလမ်းထက်ပိုထင်ရှား၍** တနလ်ာဂြိုဟ်ခုံဘက် ရောက်ရှိနေခြင်းဖြစ်သည်။

ပြည်ပနိုင်ငံရပ်ခြားမှာ ပညာသင်ရခြင်း လုပ်ကိုင်နေထိုင်အကျိုးပေးခြင်း အခြေချနေထိုင်ရခြင်းများ ဖြစ်နိုင်သည်။

**"ဂ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **တနလ်ာဂြိုဟ်ခုံ အထက်ပိုင်း၌ ကြိုးမွှေ** ရှိခြင်း ဖြစ်သည်။


ဘဝမှာ စိတ်ချမ်းသာ ပျော်ရွှင်စွာ နေထိုင်ရမည်။


**"ဃ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **ကာယလမ်းကြောင်းပေါ်မှ အတက်ငယ်လမ်းခွဲများ ထောင်တက်နေခြင်း** ဖြစ်သည်။

အလုပ်အကိုင်မှာ ရာထူး မကြာခဏ တိုးတက်ရရှိ မြင့်မားမည်။

**"င"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **ဉာဏ်လမ်းကြောင်း အရင်း၌ အပေါ်ထောင်သော အတက်ငယ်များ**ရှိခြင်း ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေရသည့် အခါ ဂုဏ်ထူးများနှင့် အောင်မြင်မည်။




* * *

**"စ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **ဉာဏ်လမ်းကြောင်းနှင့် ဟဒယ လမ်းကြောင်းကြား၌ စတုဂံကွက် သင်္ကေတ** ထင်ရှားစွာ ရှိခြင်း ဖြစ်သည်။

အသက်ငယ်စဉ်ကတည်းက ချမ်းသာသော မိဘများ အရိပ်အောက်မှာ ကြီးပြင်းရမည်။ ကိုယ်ပိုင်ခြံမြေ ဝိဘ်တာ၊ ယဉ်ကား ပိုင်ဆိုင်ရမည်။

**"ဆ"အက္ခရာနှင့်** ညွှန်ပြထားသည် မှာ **လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ အောင်မြင်ရေးလမ်းကြောင်း**ရှိခြင်း ဖြစ်သည်။

ဘာလုပ်လုပ် အောင်မြင်ကျော်ကြားမည်။



www.burmeseclassic.com

www.burmeseclassic.com

**“ဇ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **လက်ခလယ်အောက် စနေဂြိုဟ်ခုံ၌ ထောင်လိုက်မျဉ်းမတ်ရှိခြင်း** ဖြစ်သည်။


ဆေးပညာ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးပညာ၊ ဓာတ်သတ္တုပညာ၊ ဂဗ္ဗီရပညာရပ်များ လိုက်စားထူးချွန်နိုင်သည်။

**“ဈ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **လက်ခလယ်နှင့် လက်သူကြွယ်ကြားမှာ မျဉ်းရှည်တစ်ကြောင်းရှိခြင်း** ဖြစ်သည်။

လူဝင်စား အမှတ်အသားဖြစ်သည်။

**“ည”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **ကြာသပတေးဂြိုဟ်ခုံနှင့် စနေဂြိုဟ်ခုံကြား၌ သန်လျက်သင်္ကေတရှိခြင်း** ဖြစ်သည်။

ယခုဘဝမှာ ရာထူးကြီး မြင့်မားသော မင်းစိုးရာဇာ မိဘများမှ မွေးဖွားခြင်း၊ မိမိကိုယ်တိုင်လည်း ရာထူးကြီး မြင့်မားသူ ဖြစ်နိုင်ခြင်းရှိမည်။




**“ဋ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **လက်သူကြွယ်ထိပ်များ၌ ခရုပတ်ဗွေရှိခြင်း** ဖြစ်သည်။

အသက်(၄၀)ကျော်လျှင် ပို၍ အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားနိုင်သည်။

**“ဌ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **လက်ညှိုးထိပ်၌ ခရုပတ်ဗွေရှိခြင်း** ဖြစ်သည်။

ဝန်ထမ်းများကို လက်ညှိုးညွှန် စေခိုင်းနိုင်သော အလုပ်အကိုင် အဆင့်အတန်းမျိုး ရှိမည်။

**“ဍ”အက္ခရာနှင့်** ညွှန်ပြအားသည်မှာ **ဉာဏ်လမ်းအဖျားနှင့် ကာယလမ်းအဖျား(၂)စင်တီခန့် ထိကပ်နေခြင်း** ဖြစ်သည်။

ဝန်ထမ်းလုပ်ကိုင်ခြင်း (သို့မဟုတ်) စပ်တူရှယ်ယာလုပ်ကိုင်ခြင်းများ ပိုအကျိုးပေးမည်။


**“ဎ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **လက်မထိပ်၌ ခရုပတ်ဗွေရှိခြင်း** ဖြစ်သည်။

ဘဝမှာ ဘာပဲလုပ်လုပ် လက်မထောင်နိုင်လောက်အောင် တိုးတက်ကြီးပွားအောင်မြင်သူဖြစ်မည်။

**“ဏ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **ဉာဏ်လမ်းကြောင်းပေါ်၌ ကျွန်းသင်္ကေတကြီးရှိခြင်း** ဖြစ်သည်။

မကြာခဏ ခေါင်းမူးခေါင်းကိုက်ရောဂါ ခံစားရမည်။ စာကျက်လျှင် မြန်မြန်ရလွယ်သလောက် မန်မြန်မေ့လွယ်မည်။ မှတ်ဉာဏ် အားနည်းတတ်သည်။

စာကျက်ချိန်မှာ စိတ်ပျံ့လွင့်ခြင်း၊ အိပ်ငိုက်ခြင်းများလည်း ဖြစ်မည်။ ညဘက် အိပ်ပျက်မခံသင့်ပါ။ အာရုံကြောရောဂါ ကြိုတင်ကာကွယ်မှုများ ပြုထားသင့်ပါသည်။




***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေသွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**


စာမျက်နှာ (၁၅၇)မှ အဆက်

ပစ္စည်း ဆုံးရှုံးခြင်း၊ ကျန်းမာရေးညံ့တတ်ခြင်း၊ အဆင်မပြေမှုများနှင့် တွေ့ကြုံရတတ်ခြင်းစသော ဆိုးကျိုးတို့ကို ရရှိစေတတ်ပါသည်။

အဂ္ဂာယ်၍ မိမိနှင့် တစ်နှစ်တာအတွင်း မသင့်သော ထိုအရပ်ကို မဖြစ်မနေ ကိစ္စနှင့်ကြုံ၍ သွားရမည် ဆိုပါစို့... ထိုသူအတွက် ယတြာနှင့်အဆောင်ကို ပြုလုပ်သွားပါက ထိုအညံ့ဆိုးကျိုးတို့မှ သက်သာစေပါသည်။

နေ့သားအလိုက် ယတြာနှင့်အဆောင်ကို ဇယားနှင့်အတူ ရေးပြပါမည်။

| နေ့သား | နင်းပန်း | ဆောင်ပန်း |
|---|---|---|
| ၁-နေ့သား | ငှက်ညွှန့် | ပေါက်ပန်းဖြူညွှန့် |
| ၂-လာသား | ရွက်လှပန်း | သီးညွှန့်,သပြေ |
| ၃-ဂါသား | ပေါက်ပန်းဖြူ | အုန်းညွှန့် |
| ၄-ဟူးသား | သီးညွှန့်,သပြေ | အုန်းညွှန့် |
| ၅-တေးသား | ဒန်းညွှန့် | ကံ့ကော်ညွှန့် |
| ၆-ကြာသား | အုန်းညွှန့် | ငှက်ညွှန့် |
| ၀-နေသား | ကံ့ကော် | ရွက်လှညွှန့် |
| ရာဟုသား | ငှက်ညွှန့် | ကံ့ကော်ညွှန့် |

* * *

အထက်တွင် တွက်ပြခဲ့သော ဥပမာဇာတာတွင် ၂-လာ သား ဖြစ်သည့်အတွက် **တောင်အရပ်သို့ မဖြစ်မနေ ခရီးသွားရမည် ဆိုပါစို့...ထိုသူသည် အိမ်အထွက်တွင် ရွက်လှပန်းအခက်ကို** ခြေစုံနင်းပြီး သီးညွှန့်(မရှိပါက) သပြေညွှန့် တစ်ညွှန့်ကို ဆောင်၍သွားပါ။

**ကောင်းခန့်(သခွတ်မြေ) ဓာတ်လက်**




www.burmeseclassic.com

www.burmeseclassic.com

## တစ်နှစ်တာအတွင်း (၇) ရက်သားသမီးတို့ ရှောင်သင့်သောအရပ်



ကောင်းခန့် (သခွတ်မြေ) ဓာတ်လက်

ကိစ္စများမြောင် ဤလူ့ဘောင်တွင် အရွယ် ရောက်လာသည်မှ စတင်ပြီး မိမိ၏ ပညာရေးအတွက်သော် လည်းကောင်း၊ အချစ်ရေး,စီးပွားရေး အတွက်သော်လည်းကောင်း သွားလာ လှုပ်ရှား မနားမနေ အဆင်ပြေစေရန် ရုန်းကန်နေကြသူတွေက များ၏။

ထိုသူတွေတွင် တစ်နှစ်တာအတွင်း မိမိနှင့် အကျိုးမပြုသောအရပ်၊ မိမိ အတွက် ထိုမသင့်သောရပ်သို့ သွားမိ၍ ကျန်းမာရေးသော်လည်းကောင်း၊ စီးပွားရေးသော်လည်းကောင်း ဆုတ်ယုတ်စေသော အဆင်မပြေမှုများစွာ နှင့် တွေ့ကြုံကြရတတ်သည်။

ထိုသို့ မသင့်သောအရပ်၊ ရှောင်ကြဉ်အပ်သော အရပ်ကို သိရှိရန် ကျွန်ုပ်တို့၏ မြန်မာ့ရိုးရာဗေဒင်ပညာ၌ တွက်နည်းပေါင်း များစွာရှိပါသည်။

ထိုတွက်နည်းတွေထဲမှ ကျွန်ုပ် ယခုရေးမည်ဖြစ်သော တွက်နည်း တစ်နည်းသည် ရှေးလူကြီး သူမတို့ လက်တွေ့တွက်ကြည့် အသုံးပြုကာ မှတ်သားထားခဲ့သော နည်းတစ်နည်း ဖြစ်၍ ဗေဒင်ဝါသနာရှင်တို့အတွက် လေ့လာနိုင်စေရန် ရေးသားလိုက်ရပါသည်။

**တွက်နည်းနှင့်အဟောမှာ...**

တွက်လိုသူ၏ ရောက်သက်ကို တည်ပြီး မွေးနံနုတ်ပါ။ ထိုနုတ်ပြီးကို (၈)နှင့် စားပါ။ လဒ်မလို အကြွင်းကိုယူပြီး အရပ်ရှစ်မျက်နှာဂြိုဟ်တို့ စိုးမိုးသော အရပ်ရှစ်ပါး ခွင်တွင် ကြည့်ပြီး မိမိ၏ မွေးနံအရပ်မှ တစ်ခွင်ကျော် အရပ်မှစပြီး အကြွင်းအတိုင်း ရောက်သွားပါ။

ကျရောက်ရာ အရပ်သည် မိမိနှင့် တစ်နှစ်တာအတွင်း ထောင့်မသင့်သော မတည့်သောအရပ် ဖြစ်ပါသည်။

လေ့လာသူအတွက် သိရှိရန် ဥပမာ တွက်ပြပါမည်။

| | | |
|---|---|---|
| **အသက်** | | ၃၅ |
| **မွေးနံ့ဂဏန်း** | | − ၂ |
| **စားကိန်း** | ၈ ÷ | ၃၃ = ၄ လဒ်မလို |
| | | ၃၂ |
| | | ① အကြွင်းယူပါ |

**ဥပမာ အသက်(၃၅)နှစ်ရှိသူ ၂–လ်ာသားကို** တွက်ကြည့်သည် ဆိုပါစို့...

**အကြွင်း(၁)ကို** မှတ်ထားပါ။

* * * ⟶

**ဂြိုဟ်တို့စိုးမိုးသောအရပ်**

အသက်(၃၅)နှစ် ရှိသူ ၂–လ်ာသားကို ဥပမာ တွက်ကြည့်ရာ အကြွင်း(၁) ဖြစ်၍ မွေးနံ ၂–လ်ာမှ တစ်ခွင်ကျော် ၍ ရေတွက်ရာ ထိုသူသည် ထိုနှစ် အတွက် တောင်အရပ်သည် သူနှင့် မသင့်သောအရပ်ကို ထိုနှစ်အတွင်း ညအိပ်ညဉ့်နေ ခရီးမသွားသင့်ဟု တွေ့ရပါသည်။

ထိုအရပ်သို့ သွားမိပါက ဥစ္စာ

အရှေ့

| | | |
|---|---|---|
| ၁ | ၂* | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

အနောက်


စာမျက်နှာ (၁၅၆) သို့

www.burmeseclassic.com

စာရေးသူက ကနီမြို့သို့ ရောက်ရှိခိုက် ကိုထွန်းအောင်ဝင်းက သူ၏ဖနီး မခင်ပြုံးလှအား စာရေးသူသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆောင်းပါးများ ရေးသားနေသူဖြစ်ကြောင်း၊ ယံခုလည်း ကိုခွေဌေးထံတွင်ရှိသည့် ဝါးအမြွှာပူးအား မာတ်ပုံလာရိုက်ကြောင်း ပြောပါသည်။

စာရေးသူ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆောင်းပါးများ ရေးသားနေသည်ဆိုသောကြောင့် မခင်ပြုံးလှက သူမလည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်တစ်ဦး ဖြစ်ကြောင်းနှင့် စာရေးသူကို မည်သည့်အမည်ဖြင့် ရေးသားနေကြောင်း မေးမြန်းသည့်အတွက် စာရေးသူသည် **(မောင်မောင်ထွန်း–မုံရွာ)** အမည်နှင့် ရေးသားနေလျက်ရှိကြောင်း ပြောပြသည်။

ထိုအခါ စာရေးသူ၏ ဆောင်းပါးများကို သူမ ဖတ်ရှုရကြောင်း ပြောပြီး **အမှတ်(၁)ရပ်ကွက်တွင် နေထိုင်သည့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သော ဒေါ်ခင်သန်းအေး၏ နေအိမ်တွင် စမပုံလိုလို နွယ်ဝင်ကွင်းထိုး တစ်ခုရှိကြောင်း** ပြောပြပါသည်။

ထို့ကြောင့် စာရေးသူလည်း စမပုံ နွယ်ဝင်ကွင်းထိုးအား စိတ်ဝင်စားသည့်အတွက် ကိုထွန်းအောင်ဝင်းနှင့် မခင်ပြုံးလှတို့ကို စမပုံ နွယ်ဝင်ကွင်းထိုး ရှိသည်ဆိုသော ဒေါ်ခင်သန်းအေး၏ နေအိမ်သို့ လိုက်ပို့ပေးပါရန် ပြောကြားသည့်အခါ ကိုထွန်းအောင်ဝင်းတို့ ဇနီးမောင်နှံက လိုက်ပို့ပေးပါသည်။

ဒေါ်ခင်သန်းအေး၏အိမ်သို့ ရောက်ရှိသည့်အခါ မခင်ပြုံးလှက စာရေးသူနှင့် မိတ်ဆက်ပေးကာ စာရေးသူသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆောင်း



▲ စမပုံ နွယ်ဝင်ကွင်းထိုးအား ရှေ့ဘက်မှ မြင်ရပုံ



▲ စမပုံ နွယ်ဝင်ကွင်းထိုးအား နောက်ဘက်မှ မြင်ရပုံ

# စမပုံ နွယ်ဝင်ကွင်းထိုး

မောင်မောင်ထွန်း (မုံရွာ)

ပါးရေးသားနေသူဖြစ်ကြောင်း၊ ယခုလာခဲ့သည်မှာလည်း ဒေါ်ခင်သန်းအေး အိမ်တွင်ရှိသော နွယ်ဝင်ကွင်းထိုး အကြောင်း မဂ္ဂဇင်းတွင် ရေးသားဖော်ပြလိုသည့်အတွက် လာခဲ့ကြောင်း ပြောခဲ့သည်။

ထိုအခါ ဒေါ်ခင်သန်းအေးက ဘုရားစင်ရှေ့တွင် ချိတ်ဆွဲထားသော နွယ်ဝင် ကွင်းထိုးအား ယူ၍ စာရေးသူကို ပြပါသည်။

**နွယ်ဝင်ကွင်းထိုးမှာ နဘူးနွယ် ဖြစ်ပြီး အတုတ်မှာ ယောက်ျားကြီး တစ်ယောက်၏ လက်မနှင့် တုတ်ပါသည်။ ကွင်းထိုးပုံမှာ ကြိုးများထုံ**



www.burmeseclassic.com

www.burmeseclassic.com

**ထုံးချည်ထားသကဲ့သို့ ထိုးဝင်နေပြီး ပြန်ထွက်လာသည့် နွယ်အဖျားပိုင်းမှာ တွန့်လိမ်နေသည့်အတွက် ရုတ်တရက် ကြည့်ပါက (စမ)ပုံလိုလို ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။**

စာရေးသူလည်း ဒေါ်ခင်သန်းအေးအား နွယ်ဝင်ကွင်းထိုး ရရှိခဲ့ပုံနှင့် ထို နွယ်ဝင်ကွင်းထိုး ရရှိပြီးသည့် နောက်ပိုင်း စီးပွားရေးနှင့် အလုပ်အကိုင် အခြေအနေ မည်ကဲ့သို့ ထူးခြားမှု ရှိ,မရှိတို့ကို မေးမြန်းကြည့်မိပါသည်။

ထိုအခါ ဒေါ်ခင်သန်းအေးမှ နွယ်ဝင်ကွင်းထိုး မရရှိမီက စီးပွားရေးနှင့် အလုပ်အကိုင်တို့မှာ ပုံမှန် အနေအထားသာရှိပြီး နွယ်ဝင်ကွင်းထိုး ရရှိပြီးသည့် နောက်ပိုင်းတွင် စီးပွားရေးနှင့် အလုပ်အကိုင်များ တိုးတက်ကောင်းမွန်ပြီး အောင်မြင်လာကြောင်း ပြောပြပါသည်။

နွယ်ဝင်ကွင်းထိုး ရရှိလာခဲ့သူမှာ သူမ၏မောင်ဖြစ်သူ ဦးသန်းဖေက ရရှိခဲ့သည့်အတွက် ဦးသန်းဖေကို မေးကြည့်ရန် ပြောပြီး ခေါ်ပေးပါသည်၊

ဦးသန်းဖေ ရောက်ရှိလာသည့်အခါ စာရေးသူက နွယ်ဝင်ကွင်းထိုး ရရှိခဲ့ပုံကို မေးမြန်းကြည့်သည့်အခါမှာ ဦးသန်းဖေက သူသည် **သစ်တောဌာနမှ ချောင်းခေါင်းတစ်ဦးဖြစ်ကြောင်း။ လွန်ခဲ့သည့် (၂)နှစ်လောက်က မဟာမြိုင်တောဘက်တွင် တာဝန်ကျစဉ် သူ၏မိတ်ဆွေ ဆင်ခေါင်းခွဲတစ်ဦးထံတွင် ထိုနွယ်ဝင်ကွင်းထိုးကို တွေ့ရှိရသည့်အတွက် တောင်းယူလာခဲ့ပြီး အိမ်ရောက်သည့်အခါ ဘုရားစင်ရှေ့တွင် အမြတ်တနိုး ချိတ်ဆွဲထားကြောင်း...**

ယခုတော့ အလုပ်မှ အနားယူလိုက်ပြီဖြစ်ကြောင်းနှင့် နွယ်ဝင်ကွင်းထိုး ရရှိပြီးသည့်နောက်ပိုင်း အစစအရာရာအားလုံး အဆင်ပြေပြီး ကောင်းမွန်စွာ နေထိုင်စားသောက်နိုင်ကြောင်းများကို ပြောပြပါသည်။

စာရေးသူလည်း ဒေါ်ခင်သန်းအေးနှင့် မောင်ဖြစ်သူ ဦးသန်းဖေတို့ထံ ခွင့်တောင်းပြီး (စမ)ပုံလိုလို ဖြစ်နေသည့် နွယ်ဝင်ကွင်းထိုးအား ဓာတ်ပုံရိုက်ယူ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ ကြည့်ရှုလေ့လာနိုင်ကြစေရန် ဖော်ပြလိုက်ပါသည်။

နွယ်ဝင်ကွင်းထိုး အကြောင်းကို မအားလပ်သည့်ကြားမှ စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြကြသည့် ဒေါ်ခင်သန်းအေးတို့ မောင်နှမနှင့် လိုက်လံ ပို့ဆောင်ပေးခဲ့ကြသော ကိုထွန်းအောင်ဝင်းတို့ ဇနီးမောင်နှံအား ကျေးဇူးတင်ရှိပါကြောင်း...

**မောင်မောင်ထွန်း(မုံရွာ)**

စာမျက်နှာ (၁၆၀)မှ အဆက်

–နှလုံးသွင်းခြင်း ဆုံးဖြတ်ခြင်း၌ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း၊

**ဈာနာဒီနံ** – ဈာန်စသည်တို့၏၊ **သံကိလေသေစ** – ညစ်နွမ်းခြင်း၌ လည်းကောင်း၊ **ဝေါဒါနေစ**–ဖြူစင်ခြင်း၌ လည်းကောင်း၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း၊ **ပရော ပရေ**–သတ္တဝါတို့၏ အနုအရင့်၌ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း၊ **စုတူပပါတဉာဏဉ္စ**–စုတိပဋိသန္ဓေကိုသိသော ဉာဏ်လည်းကောင်း၊ **ဒိဗ္ဗစက္ခု သဝက္ခယံ** – ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် လည်းကောင်း။

ပြီးရင်...

နမောတော လာဘဂ္ဂိ ကရ

နမောတော လာဘဂ္ဂိ ဒဒ။

*[၁၀–ခေါက် (ဝါ) ပုတီး ၁၀–ပတ်]*

အနက်

**လာဘဂ္ဂိကရ**–မြတ်သော လာဘ်လာဘရခြင်းကို ပြုတော်မူတတ်သော မြတ်စွာဘုရား၊ **တေ**–အရှင်ဘုရားအား၊ **နမော**–ရှိခိုးပါ၏။

**လာဘဂ္ဂိဒဒ**–မြတ်သော လာဘ်လာဘရခြင်းကို ပေးတော်မူတတ်သော မြတ်စွာဘုရား၊ **တေ**–အရှင်ဘုရားအား၊ **နမော**–ရှိခိုးပါ၏။

***[ဤဂါထာတော်များ၊ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]***

ပြီးရင် မိတ်ဆွေ(၁၀)ဦးအား အာဟာရဒါန ပြုပေးလိုက်ပါ။

***အရှင်ဦး၍ ထူးပါစေ***

ဦးကိုဦး

www.burmeseclassic.com

# ဆယ်ဓာတ်ဆင်

ဂမ္ဘီရအစီအရင်ကျင့်စဉ်

ဦးကိုကြီး

ဆယ်ဓာတ်ဆင် ဂမ္ဘီရကျင့်စဉ်ဆိုတာကတော့...

- ❖ လုပ်ငန်းကိုင်ငန်းများ အဆင်မပြေဖြစ်ရခြင်း စီးပွားရေး အရှုံးပေါ်ပြီး ကျဆင်းခြင်း
- ❖ ကြွေးမြီတင်ပြီး ပဋိပက္ခ ပြဿနာများ ဖြစ်ပေါ်ခြင်း
- ❖ အခက်အခဲပေါင်းစုံများကြောင့် ဘေးကျပ်နံကျပ်ဖြစ်ခြင်း

စတဲ့ အကြောင်းမျိုးစုံ ဖြစ်ပေါ်လာတဲ့အခါမျိုးတွေသည် ဂမ္ဘီရကျင့်စဉ်ကို ယုံယုံကြည်ကြည် အားကိုးပြီး ဆောင်ရွက်နိုင်ဖို့ တင်ပြပေးလိုက်ပါတယ်။

ဆယ်ထပ်ဆင်ဂမ္ဘီရကျင့်စဉ် ဖြစ်တဲ့အတွက်...


စတင်ချိန်သည် **(၁၀)နာရီ** ဖြစ်ရပါမယ်။ ဆောင်ရွက်ရမယ့် နေရာကတော့ **"ဆယ်ထပ်ကြီး"** ရုပ်ပွားတော်ရဲ့ ရှေ့မှောက်ပဲ ဖြစ်ပါတယ်။

**[ဆယ်ဖြင့် စတဲ့ ဘွဲ့အမည်ပညတ်ရှိတဲ့ မည်သည့်စေတီ ရုပ်ပွားတော်၌မဆို ဆောင်ရွက်လို့ ရပါတယ်။]**

သက်တော်ထင်ရှား မြတ်ဘုရားရည်စူးပြီး မုန့်လုံးရေပေါ်ဆွမ်း ကပ်လှူပါ။ ဆယ်လုံးတစ်ပွဲ ကပ်ရပါမယ်။ **[ပန်း, ရေ, အလင်းတိုင်, အမွှေးတိုင်, သစ်သီးစတာတို့ကိုလဲ (၁၀)ခုစီ လှူလို့ရပါတယ်။ ဥပမာ ပန်း(၁၀)ပွင့် ဒါမှမဟုတ် ရေတော်(၁၀)ခွက် ဒါမှမဟုတ်သစ်သီး(၁၀)လုံး(ဝါ)(၁၀)စိတ်စသည်ဖြင့်]** အကောင်းဆုံးကတော့ မုန့်လုံးရေပေါ်ဆွမ်းပါပဲ။

မွေးနေ့တိုင်း ဆောင်ရွက်ရပါမယ်။ မွေးနေ့(၁၀)ကြိမ် ဆောင်ရွက်ပါ။ ဒါမှမဟုတ်ရင် တစ်လတစ်ကြိမ်နဲ့ (၁၀)လ ဆောင်ရွက်ပါ။

အကောင်းဆုံးကတော့ (၁၀)လပိုင်းမှာ စတင်ရင် ပို၍ ကောင်းပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို **ဉာဏ်တော်(၁၀)ပါးဂါထာ**ဖြင့် ပူဇော်ကန်တော့ပါ။ ဉာဏ်တော်(၁၀)ပါး ဂါထာကို မဖော်ပြမီ ဗုဒ္ဓဉာဏ်တော် (၁၀)ပါး ဦးစွာ ပြော့ပြချင်ပါတယ်။



◆ ဟင်္သာတမြို့က ဆယ်ထပ်ကြီး ရုပ်ရှင်တော်မြတ်ကြီး

- ❖ ဌာနဌာနဉာဏ်
- ❖ ကမ္မဝိပါကဉာဏ်
- ❖ သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်
- ❖ အနေကဓာတုဉာဏ်
- ❖ နာနာဓိမုတ္တိကဉာဏ်
- ❖ ဣန္ဒြိယပရောပရိယတ္တိဉာဏ်
- ❖ ဈာနသမာပတ္တိဉာဏ်
- ❖ ပုဗ္ဗေနိဝါသဉာဏ်
- ❖ ဒိဗ္ဗစက္ခုဉာဏ်
- ❖ အာသဝက္ခယဉာဏ်

ထို ဉာဏ်တော်(၁၀)ပါးကို ဖွဲ့သီထားတဲ့ ဂါထာပဲ ဖြစ်ပါတယ်။

## ဉာဏ်တော်(၁၀)ပါး ဂါထာတော်.

ဌာနာဌာနေ ဝိပါကေ စ၊ ဉာဏံ ပဋိပဒါယ စ။
နာနာဓာတုမှိ လောကမှိ သတ္တာနံ အဓိမုတ္တာယ။
ဈာနာဒီနံ သံကိလေသေ ဝေါဒါနေစ ပရောပရေ။
စုတူပပါတ ဉာဏဉ္စ ဒိဗ္ဗစက္ခု သဝက္ခယံ။

*[၁၀-ခေါက်]*

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဉာဏံ** | = ညာနံ |
| **ပဋိပဒါယ** | = ပတိပဒါယ |
| **နာနာဓာတုမှိ** | = နာနာဓာတုမ်မှိ |
| **လောကမှိ** | = လောကမ်မှိ |
| **သတ္တာနံ** | = သတ်တာနံ |
| **အဓိမုတ္တာယ** | = အဓိမုတ်တာယ |
| **ဉာဏဉ္စ** | = ညာနင်စ |
| **ဒိဗ္ဗစက္ခု** | = ဒိပ်ဗစက်ခု |
| **သဝက္ခယံ** | = သဝက်ခယံ |

အနက်

**ဌာနာဌာနေ** – ဌာန ဟုတ်သည် မဟုတ်သည်၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း၊ **ဝိပါကေ**–ကံ၏ အကျိုးတရား၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း၊ **ပဋိပဒါယစ** – အလုံးစုံသော အကျိုးသက်ရောက်မှုကို သိတော်မူနိုင်သော အကျင့်၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း၊ **နာနာဓာတုမှိ**–အထူးထူးသော ဓာတ်သဘော ရှိသော **လောကမှိ**–လောက၌၊ **ဉာဏံ**–သိတော်မူသော ဉာဏ်လည်းကောင်း၊ **သတ္တာနံ**–သတ္တဝါတို့၏၊ **အဓိမုတ္တာယ**

စာမျက်နှာ (၁၅၉) သို့

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ သဘာဝဆေးတိုင်းရင်းဆေးကုခန်း

# ဆရာကြီး ဦးသန်းဆွေထွန်း

(တဆ–၀၂၀၆၂)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# အဆီတိုးအဝလွန်ရောဂါ

ကြိုတင် ကာကွယ် စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်

အဆီတိုးအဝလွန်ခြင်းဟာ ရောဂါတစ်ခုလို့ သတ်မှတ်လို့ မရပေမယ့် အဆီတိုးအဝလွန်ခြင်းနဲ့ ဆက်နွှယ်ပြီး သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ လေးဖက်နာရောဂါ (အဆစ်ရောင်အဆစ်ကိုက်ရောဂါ)၊ အရိုးအဆစ်ဆိုင်ရာရောဂါ၊ နှလုံးသွေးကြောကျဉ်း ရောဂါတွေ ဖြစ်လာနိုင်ပါတယ်။

အဲဒီ အဆီတိုးအဝလွန်ခြင်းကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ကို ရောက်တဲ့အခါ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

**ဆရာဦးသန်းဆွေထွန်းက တိုင်းရင်းဆေးသမားတော်ကြီး ဦးရွှေသော်ရဲ့ မြေးဖြစ်ပြီး သဘာဝဆေးဆရာကြီး ဦးထွန်းရည်နဲ့သဘာဝဆေးဆရာကြီး ဦးငြိမ်းမောင်တို့ရဲ့ တပည့်ရင်း ဖြစ်ပါတယ်။**

ဆေးကုသက် နှစ်(၂၀)ကျော်ရှိနေပြီဖြစ်တဲ့ ဆရာဦးသန်းဆွေထွန်းနဲ့ ဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

■ **'ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမှာကတော့ အဆီတိုးအဝလွန်ခြင်းနဲ့ ပတ်သက်ပြီး ကြိုတင်ကာကွယ်တဲ့ နည်းလမ်းတွေကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆီတိုးအဝလွန်ခြင်းဟာ ရောဂါတစ်ခုလို့ သတ်မှတ်နိုင်ပါသလား ဆရာ'**

○ 'အဆီတိုးအဝလွန်ခြင်းဟာ ရောဂါတစ်ခုလို့ သတ်မှတ်လို့ မရပါဘူး။ ဒါပေမယ့် အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်တဲ့ အရပ်အနိမ့်အမြင့်၊ ခန္ဓာကိုယ်အပိန်အဝဟာ ရှိသင့်ရှိထိုက်တာထက် ပိုပြီး အဆီတိုးအဝလွန်သူတွေဟာ ဆေးပညာမျက်စိနဲ့ ကျန်းမာရေး ရှုထောင့်က ကြည့်ရင် ရောဂါရှင်တစ်ယောက်လို့ သတ်မှတ်နိုင်ပါတယ်။

ဘာကြောင့်လဲဆိုရင် အဲဒီအဆီတိုးအဝလွန်သူတွေဟာ အရိုးအဆစ်ဆိုင်ရာ ရောဂါရှိနေသူ ဖြစ်နေတတ်ပါတယ်။

ဒါ့အပြင် သွေးတိုးရောဂါ၊ နှလုံးနဲ့ဆိုင်တဲ့ ရောဂါတွေလဲ ဆက်နွှယ်ဖြစ်နေတတ်ပါတယ်။ ပုံမှန် ခန္ဓာကိုယ်ရှိသူတွေထက် ရောဂါ ထူပြောတတ်ကြပါတယ်'

■ **'အဆီတိုးအဝလွန်ခြင်းဟာ မျိုးရိုးလိုက်တယ်လို့ ပြောကြပါတယ်။ ဟုတ် မဟုတ် ရှင်းပြပေးပါဦး'**

○ 'အဆီတိုးအဝလွန်ခြင်းဟာ မျိုးရိုးလိုက်ခြင်းဟာ (၅၀)ရာခိုင်နှုန်း မှန်ပေမယ့် ကျန်တဲ့ (၅၀)ရာခိုင်နှုန်းဟာ မျိုးရိုးလိုက်ပြီး အဆီတိုးအဝလွန်ခြင်း မဖြစ်တတ်ပါဘူး။

ပထမမျိုးရိုးလိုက်တဲ့ (၅၀)ရာခိုင်နှုန်းဟာ မိဘနှစ်ပါးက ဝတဲ့သူတွေဖြစ်ပြီး မိသားစုအားလုံး အစားအသောက် အနေအထိုင် မဆင်ခြင်သူတွေဖြစ်လို့ မျိုးရိုးလိုက်ပြီး အဆီတိုးအဝလွန်တွေ ရှိပါတယ်။

အဲဒီလိုပဲ မိဘနှစ်ပါးလုံး အဆီတိုးအဝလွန်နေပေမယ့် မိဘများကိုယ်တိုင် ကျန်းမာရေးအသိ၊ ကျန်းမာရေး သတိရှိပြီး ကံ,စိတ်,ဥတု ,အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို ညီညွတ်မျှတအောင် နေထိုင်စားသောက်တဲ့ သားသမီးတွေဟာ အဆီတိုး အဝမလွန်ဘဲ ပြေပြစ်တဲ့ ခန္ဓာကိုယ်တွေ ရှိနေတတ်ပါ



ဆရာ ဦးသန်းဆွေထွန်း(တဆ–၀၂၀၆၂)

www.burmeseclassic.com

တယ်။

ဒါကြောင့် အဆီတိုးအဝလွန်ခြင်းဟာ မျိုးရိုးလိုက်တယ်လို့ ပြောလို့ မရပါဘူး’

■ **‘အဆီတိုး အဝလွန်ခြင်းဖြစ်စေတဲ့ အကြောင်းရင်းများကို ဆက်ပြီး ပြောပြပေးပါဦးဆရာ’**

○ ‘အဆီတိုးအဝလွန်ခြင်း ဖြစ်စေခြင်းရဲ့ အကြောင်းရင်းများကတော့…

၁။ အေး၊ ချို၊ ဆိမ့်၊ ချဲ့ အရသာရှိသော အစားအစာများ လွန်ကဲစွာ စားသောက်ခြင်း။ ဥပမာ–**အဆီဓာတ်များသော ငါးမြင်း၊ ငါးတန်၊ ဝက်သား၊ ဝမ်းတွင်းကလီစာများ** လွန်ကဲစွာ စားသောက်ခြင်း၊ မလိုင်အပြည့်ပါသော နို့ထွက်ပစ္စည်းများ လွန်ကဲစွာ စားသောက်ခြင်း၊

၂။ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း၊

၃။ နေ့အခါ အိပ်စက်မှုများခြင်း၊

၄။ ကိုယ်တွင်း ဟော်မုန်းဓာတ်များ၊ အပြောင်းအလဲရှိခြင်း တို့ကြောင့် အဝလွန်ခြင်းစတဲ့ အကြောင်းရင်းများကြောင့် အဆီတိုးအဝလွန်ခြင်း ဖြစ်လာခြင်းပဲ ဖြစ်ပါတယ်’

အထက်မှာပြောခဲ့တဲ့ အဆီတိုးအဝလွန် ဖြစ်စေတဲ့ အကြောင်းရင်းများကို ရှင်းလင်းပြောကြားရမယ်ဆိုရင် ပထမအချက်ဖြစ်တဲ့ **အေး၊ ချို၊ ဆိမ့်၊ ချဲ့ ကြေညက်ခဲတဲ့ သလိပ်ပွားအစားအစာ**များကို လွန်ကဲစွာ စားသုံးခြင်းကြောင့် စားသမျှ အစာမကြေဘဲ ပါစက ဝမ်းမီးညံ့ပြီး ဥသ္မာကိုယ်ငွေ့ အားနည်းခြင်းကြောင့် အဆီတိုးပြီး အဝလွန်စေပါတယ်။

ပထဝီအာပေါဓာတ်တွေ၊ ကပ္ပဒေါသအုပ်စုတွေကို အရေထူ၊ အရေပါးကနေ ပိတ်ဖွဲ့နေတဲ့အတွက် ခန္ဓာကိုယ်တွင်းက လေဓာတ်တွေ၊ အပုပ်

**နေ့အခါ အအိပ်များခြင်းဟာ ရောဂါမှန်သမျှကို ဖိတ်ခေါ်ရာ ရောက်ပါတယ်…**

အနိုးဓာတ်တွေဟာ ထွက်ပေါက်မရှိဘဲ အကျဉ်းမိပြီး နှလုံးအိမ်ကို ရိုက်ခတ်တဲ့အတွက် နှလုံးရောဂါအမျိုးမျိုးကို ဖြစ်စေပါတယ်။

**ဒုတိယအချက်ဖြစ်တဲ့** ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် သွေးကြောလေကြောတွေ ထိုင်းမှိုင်းပိတ်ဆို့လာပါတယ်။ အဲဒီ ဒုတိယအချက်ဖြစ်တဲ့ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းကြောင့် စားသမျှ အဆီ၊ အဆိမ့်တွေ မကြေညက်ဘဲ အဆီတိုးအဝလွန်ခြင်း ဖြစ်စေပါတယ်။

**တတိယအချက်ဖြစ်တဲ့** နေ့အခါ အအိပ်များခြင်းဟာ ရောဂါမှန်သမျှကို ဖိတ်ခေါ်ရာ ရောက်ပါတယ်။ ရှေးခေတ်တိုင်းရင်းသမားတော်ကြီးတွေက **“နေ့အခါ အိပ်မှုရောဂါထူ”**လို့ အဆိုအမိန့် ရှိပါတယ်။

**“စားပြီးအိပ်၊ အိပ်ပြီးစား”**ဆိုတဲ့ စကားဟာ အဆီတိုးအဝလွန်သူတွေ၊ လူပျင်းတွေ၊ လူဖျင်းတွေကို ရည်စူးပြီး ရှေးလူကြီးများဆုံးမတဲ့ စကားရပ် တစ်ခုဖြစ်ပါတယ်။

**စတုတ္ထအချက်ဖြစ်တဲ့** ကိုယ်တွင်းဟော်မုန်းဓာတ်များ အပြောင်းအလဲရှိခြင်းဆိုတဲ့အချက်ဟာ အသက်အရွယ်အလိုက် လူတိုင်း ကိုယ်တွင်းဟော်မုန်းဓာတ်များ ပြောင်းလဲနေပါတယ်။

အဲဒါကို ကျန်းမာရေးအသိ၊ ကျန်းမာရေး သတိမရှိဘဲ အထက်မှာ ပြောခဲ့တဲ့ အေး၊ ချို၊ ဆိမ့်၊ ချဲ့ အစားအစာများ လွန်ကဲစွာ စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း၊ နေ့အခါ အအိပ်များခြင်း စတဲ့အချက်များကြောင့် အဆီတိုးအဝလွန်စေခြင်းပဲ ဖြစ်ပါတယ်။

■ **‘အဆီတိုးအဝလွန်သူတွေရဲ့ ဖြစ်ဆဲလက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ’**

○ ‘အဆီတိုးအဝလွန်သူတွေရဲ့ ဖြစ်ဆဲလက္ခဏာများကတော့…

၁။ အာခြောက်ပြီး ရေငတ်ခြင်း၊

၂။ ဆီးလွန်ခြင်း၊

၃။ ချွေးထွက်လွန်ခြင်း၊

၄။ ကိုယ်သားကိုယ်ရေ အေးစက်နေခြင်း၊

၅။ အသားပွခြင်း၊

၆။ ကိုယ်ငွေ့မရှာဘဲ ဥသ္မာဓာတ် တေဇောအားနည်းခြင်း၊

၇။ မောပန်းလွယ်ခြင်း၊

၈။ တောင်ကုန်းအမြင့်၊ အိမ်အမြင့် မတက် မတက်နိုင်ခြင်း၊

၉။ အေး၊ ချို၊ ဆိမ့် အစားအစာများ စားချင်စိတ်ရှိခြင်း၊

၁၀။ ငိုက်မျဉ်းခြင်း၊

၁၁။ တွေဝေခြင်း၊ မူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊

၁၂။ ကိုယ်သားကိုယ်ရေ ယားယံခြင်း၊

၁၃။ အရေပြားတွင် အနာပေါက်ခြင်း၊

၁၄။ အသံပြာခြင်း၊ အသံတိမ်ခြင်း၊

၁၅။ ဝမ်းဗိုက်သား စူထွက်ခြင်း၊ ဗိုက်ခေါက်ထူခြင်း၊ ဗိုက်ပူခြင်း၊

၁၆။ ပန်းညှိုး ပန်းသေခြင်းစတဲ့ လက္ခဏာများဟာ အဆီတိုးအဝလွန်သူတွေရဲ့ ဖြစ်ဆဲလက္ခဏာ

www.burmeseclassic.com

များဖြစ်ပါတယ်'

■ **'အဆီတိုးအဝလွန်သူများ ဖြစ်တတ်တဲ့ နောက်ဆက်တွဲရောဂါများကို ဆက်ပြီး ပြောပြပေးပါဦး'**

○'အဆီတိုးအဝလွန်သူများ ဖြစ်တဲ့ နောက်ဆက်တွဲ ရောဂါများ ကတော့...

၁။ ယားနာအမျိုးမျိုး ပေါက်ခြင်း၊
၂။ အစာမကြေ ရင်ပြည့်ရင်ကယ် ရောဂါဖြစ်ခြင်း၊
၃။ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ခြင်း၊
၄။ သွေးတိုးရောဂါနှင့် လေငန်း လေဖြတ်ရောဂါ ဖြစ်ခြင်း၊
၅။ ဆီးရောဂါအမျိုးမျိုးနှင့် ဆီးချို ရောဂါဖြစ်ခြင်း၊
၆။ လိပ်ခေါင်းရောဂါဖြစ်ခြင်း၊
၇။ အဖုအကျိတ်ထွက်ခြင်း၊ အနာ ပေါက်ခြင်း၊
၈။ ချောင်းဆိုးရင်ကျပ်ရောဂါ ဖြစ်ခြင်း၊
၉။ သွေးယားကွက်ထခြင်း၊
၁၀။ အဆစ်ရောင်အဆစ်ကိုက်၊ လေး ဖက်နာဖြစ်ခြင်း၊
၁၁။ သည်းခြေအိတ်ရောင် ရောဂါ၊ သည်းခြေ ကျောက်တည်ရောဂါ ဖြစ်ခြင်း၊
၁၂။ အရိုးအဆစ်ရောဂါနဲ့ ကင်ဆာ ရောဂါဖြစ်ခြင်းစတဲ့ နောက်ဆက်တွဲ ရောဂါများ ဖြစ်တတ်ပါတယ်'

■ **'အဆီတိုးအဝလွန်ရောဂါ ကြိုတင်ကာကွယ် ဆောင်ရွက်နည်းများကို ပြောပြပေးပါဦး'**

○'အဆီတိုးအဝလွန်ခြင်းဟာ ရောဂါ တစ်ခုမဟုတ်တဲ့အတွက် ကြိုတင် ကာကွယ်နိုင်တဲ့နည်းများ ရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာဒေသနာ နည်းအရ ကံ,စိတ်,ဥတု,အာဟာရ ဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါး ညီညွတ်

**ဆား၊ ချို**
**ဆိမ့်၊ ချဲ**
**ကြေညက်ခဲ့တဲ့**
**သဂိပ်များ**
**အစားအစာများကို**
**လွန်ကဲစွာ**
**စားသုံးခြင်းကြောင့်...**

မျှတအောင် နေထိုင် စားသောက်ရင် အဆီတိုးအဝလွန်ရောဂါ သာမက ရောဂါမျိုးမျိုးကို ကြိုတင်ကာကွယ် နိုင်ပါတယ်။

ယနေ့ မြန်မာနိုင်ငံဟာ ခေတ်မီတိုး တက်လာတာနဲ့အမျှ အနောက်တိုင်း သားများ စားသုံးလေ့ရှိတဲ့ **အမြန်ပြင် အစားအစာ (Fast Food)**များ၊ **အချိုရည်(Fizzy Drink)**များကို စားသုံးလာ ကြတဲ့အတွက် အဆီပါဝင်မှု များပြားပြီး အဝလွန်ကာ နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်ပွားလျက် အဆီတိုးအဝ လွန်သူ များပြားလာတာ တွေ့ရပါ တယ်။

ဒါကြောင့် အပြင်စာ အစားအစာ များ မစားသောက်ဘဲ ကိုယ်တိုင်ချက် ပြုတ်တဲ့ အစားအစာများ စားသုံးရမှာ ဖြစ်ပါတယ်။ မြန်မာ့ရိုးရာ အစားအစာ များဟာ ကျန်းမာရေးကို အထောက် အကူ ပြုပါတယ်။

အဆီတိုးအဝလွန်ခြင်း မဖြစ်စေဖို့ အထက်မှာပြောခဲ့တဲ့ အဆီတိုးအဝလွန် ရောဂါဖြစ်ခြင်းအကြောင်းရင်း (၄)ချက် ကို မှတ်သား နားလည်ထားဖို့ လိုပါ တယ်။

အထူးသဖြင့် အဆီဓာတ်ပေါများတဲ့ **ဝက်သား၊ ငါးမြင်း၊ ငါးတန် စတဲ့ သားငါးများကို လုံးဝရှောင်ကြဉ်နိုင် ရင်** အကောင်းဆုံးဖြစ်ပါတယ်။

ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးရံ့၊ ငါးဆူ၊ ငါးကျည်းစတဲ့ ရေချိုငါးများကို တစ်ပတ်မှာ(၂)ရက်စားပြီး ကြက်သား၊ ဆိတ်သား တစ်မျိုးမျိုးကို တစ်ပတ်မှာ (၁)ရက် စားသုံးသင့်ပါတယ်။

နေ့စဉ် ဂေါ်ဖီ၊ ဆတ်ရွက်၊ မြင်းခွာ ရွက်၊ ဟင်းနုနယ်၊ ကန်စွန်းရွက်၊ မုန်လာဥ၊ မုန်လာဥနီ၊ ဂေါ်ရခါးသီး၊ ခရမ်းချဉ်သီး၊ ပဲသီးစတဲ့ အသီးအနှံ များကို တစ်မျိုးပါအောင် အစိမ်းကြော် တစ်မျိုးမျိုး တွဲဖက်စားသုံးသင့်ပါတယ်၊

**အရည်သောက်ဟင်းအနေနဲ့** သီးစုံ ချဉ်ဟင်း၊ ပဲဟင်း၊ ကျောက်ဖရုံသီး၊ ဘူးသီးများကို ငရုတ်ကောင်းထည့်ပြီး ရာသီအလိုက် အရည်သောက်ဟင်း တစ်မျိုးမျိုး တွဲဖက် စား... ...က်သင့်ပါ တယ်။

ချိုချဉ်၊ ငန်,ခါး,စပ်,ဖန်,ဆိမ့် စတဲ့ အရသာခြောက်ပါးကို မျှတအောင် စားသောက်ရပါမယ်။ ဟင်းချက်တဲ့ အခါ မြေပဲဆီ,နှမ်းဆီစစ်စစ်များကိုသာ စားသုံးသင့်ပြီး မြေပဲနှံ့ထည့်ထားတဲ့ စားအုန်းသီး၊ အကြော်ဆီများကို မသုံး စွဲမိလို့ သတိထား ရွေးချယ်ရမှာ ဖြစ်ပါ တယ်။

အထူးသဖြင့် ပြန်ကြော်ဆီများဟာ ကျန်းမာရေးကို ထိခိုက်စေပါတယ်။

ကိုယ်လက်လှုပ်ရှားမှုအနေနဲ့ နံနက် စောစော အသွားအပြန်(၃)မိုင်ခန့် နေ့စဉ် ပုံမှန် လမ်းလျှောက်သင့်ပါ တယ်။ အသက်အရွယ်အလိုက် အနေး၊ အမြန်လျှောက်ခြင်း လေ့ကျင့် ခန်း ပြုလုပ်သင့်ပါတယ်။

နေ့အခါ အအိပ်များခြင်းဟာ ...ရေး ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ကာယ ဉာဏဝန်ထမ်းများအနေနဲ့ ဆင်ခြင်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ပြီး လုပ်ငန်းရှင်၊ သူဌေး၊ စီးပွားရေးသမားများအနေနှင့် နေ့အခါ အိပ်ခြင်းကို အထူးဆင်ခြင်ဖို့ လိုပါတယ်။

အသီတိုးအဝလွန်ခြင်းဖြစ်တဲ့ ကိုယ်တွင်းဟော်မုန်းဓာတ်များ အပြောင်းအလဲရှိခြင်းတို့ကြောင့်ဆိုတဲ့ အချက်မှာလဲ အသီတိုးအဝလွန်ခြင်း ဖြစ်စေတဲ့ အချက်သုံးချက်ကို မရှောင်ကြဉ်ဘဲ အထက်မှာ ပြောခဲ့တဲ့ အချက်(၃)ချက်အတိုင်း နေထိုင်စားသောက်တဲ့ အတွက် အသီတိုးအဝလွန်ခြင်း ဖြစ်ကြရတာပါ။

ဒါကြောင့် ရှေးတိုင်းရင်းသမားတော်ကြီးများက စာပေအလင်္ကာနဲ့ မှတ်တမ်းတင်စားခဲ့ကြပါတယ်။ အဲဒီလင်္ကာကဗျာကတော့...

'အေး,ချို,ဆိမ့်,ချွဲ၊ အပြစားလျက်၊ နေ့အိပ်စက်၍၊ ကိုယ်လက်လှုပ်ရှား လွန်နည်းပါးသူ၊ လူကားဝ၏ အားမရှိဘဲ ဗျာပိထူပြော၊ ရောဂါပေါ်သည်၊ ဝသောသူ၏ အပြစ်တည်း'

လို့ စာပေလင်္ကာနဲ့ မှတ်တမ်းတင်ထားခဲ့ကြပါတယ်။

မိဘနှစ်ပါးက ဝလွန်းတဲ့သူတွေ ဖြစ်မယ်။ မိဘနှစ်ပါးကစပြီး အစားအသောက်အနေအထိုင် မဆင်ခြင်ဘဲ သားသမီးများကို အစားအသောက်အနေအထိုင် အလိုလိုက်မယ်ဆိုရင်တော့ မိဘနှစ်ပါးလို အသီတိုး အဝလွန်သူတွေ ဖြစ်ကြမှာပါ။

မိဘနှစ်ပါးက ဘယ်လောက်ပဲ ဝတဲ့သူဖြစ်ပါစေ၊ သားသမီးတွေ ကိုယ်တိုင်ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိပြီး အစားအသောက်အနေအထိုင် ဆင်ခြင်ရင် မိဘနှစ်ပါး အသီတိုးအဝလွန်ပေမယ့် သားသမီးများ အသီတိုးအဝမလွန်ဘဲ ပြေပြစ်တဲ့ ခန္ဓာကိုယ်နဲ့ ကျန်းမာပျော်ရွှင်စွာ သက်တမ်းပြည့် နေထိုင်နိုင်မှာ ဖြစ်ပါတယ်'


■ "ကျေးဇူးတင်ပါတယ် ဆရာ"

○ 'ဆရာ ဦးသန်းဆွေထွန်းနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

ဆရာ ဦးသန်းဆွေထွန်း
သဘာဝဓမ္မ တိုင်းရင်းဆေးကုခန်း
အမှတ်(၃၉)၊ လှော်ကားလမ်းမကြီး၊
(၁၈)ရပ်ကွက်၊ အုံမြို့သစ်တောင်ပိုင်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉ ၃၁၀ ၂၆ ၅၄ ၀၉ ၂၅ ၄၄၇၇၃၃၈၊
၀၉ ၇၉၉ ၅၅၆ ၉၂၉။

မြောင်းမြ မောင်ယဉ်တင့်

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ



## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၅၃ |
| **ဩဂုတ်လ** | + ၈ |
| **ခုနှစ်** | ၂၀၁၇ |
| | ၂၃၆၈ = ၁၉ = ၁ |


**အကြိမ်,လ,ခုနှစ်** ဂဏန်းများအား တစ်လုံး တည်းဖြစ်အောင် ပေါင်းပါက "**၁**"ရသည်။ သို့ဖြစ်၍ **၁, ၅, ၆, ၇, ၉** ဂဏန်းများများပါ အောင် ရွေးချယ်ပါ။ အထူးသဖြင့် **၁,၆,၇,၉** ဂဏန်းများကို ထိပ်ဆုံးဂဏန်းများအဖြစ် ရွေး ချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၆...၁ | ၇...၁ | ၉...၁ |
| ၁...၅ | ၆...၅ | ၇...၅ | ၉...၅ |
| ၁...၆ | ၆...၆ | ၇...၆ | ၉...၆ |
| ၁...၇ | ၆...၇ | ၇...၇ | ၉...၇ |
| ၁...၉ | ၆...၉ | ၇...၉ | ၉...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၁,၇,၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**"ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၈+၂+၀+၁+၇) = ၁၈ = ၉ ရသည်။ သို့ဖြစ်၍ "**၉**"ဂဏန်းပင်ရ၍ "**၉**"အားကောင်းပါသည်။ သို့ဖြစ်၍...



စ... ဆုံး
၁... ၁၊ ၅၊ ၆၊ ၇၊ ၉
၆... ၆၊ ၇၊ ၉၊ ၁၊ ၅
၇... ၇၊ ၉၊ ၁၊ ၅၊ ၆
၉... ၉၊ ၁၊ ၅၊ ၆၊ ၇

ဤလတွင် **တနင်္ဂနွေနှင့် တနင်္လာသားသမီး**များ ထီကံပွင့်နေပါသည်။

ထို့ကြောင့် မိမိတို့အိမ်တွင် မြတ်စွာဘုရားအား အလင်းတိုင် (၃)တိုင် ကပ်လှူပူဇော်ပြီး ဒိဗ္ဗတပတ် အစရှိ သမ္ဗုဒ္ဓေယျမင်္ဂလာ ဂါထာတော်ကြီးကို တစ်နေ့ ဂါထာတစ်ထောင်ပြည့်အောင် ရွတ်ပွားပူဇော်ပြီး (၃)ရက်တိတိ အဓိဋ္ဌာန်ဝင်ပါ။

အထက်ပါ အဓိဋ္ဌာန်အောင်မြင်ပါက မိမိတို့နှင့် နီးစပ်ရာ စာသင်တိုက်သို့ ဆန်၊ ဆီ၊ ဆေးများ တတ်နိုင်သမျှ လှူဒါန်းပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦ ၇၆၅၉၁၇ ✦ ၉၁၁၆၇၅ ✦ ၅၆၇၉၉၅

ထီကံ ပွင့်ပါစေ

ဆရာရဲထက်(...)

www.burmeseclassic.com

## ဆေးသုတေသီ

စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ရှိ နန်းဦး တိုက်သစ်ကျောင်းဝင်းအတွင်း အမိုး အောက်၌ ဖြန့်ထားသော **မန်ကျည်း ကိုင်း**များကို တွေ့ရသဖြင့် မေးလျှောက် ကြည့်သောအခါ **အရွက်များအား ဆေးဖော်ရန်** အရိပ်တွင် အခြောက် လှန်းထားခြင်း ဖြစ်သည်ဟု သိရသည်။

ဆေးနည်း ရရှိခဲ့ပုံနှင့် ပတ်သက်၍...

'ရွှေတောင်ဦးမော် ပဌာန်းပူဇော်ပွဲတုန်းက ကပေါ့...အလှည့်ရောက်လို့ မိမိတာဝန်ကျ တစ်နာရီ ရွတ်ဖတ်ပူဇော်ရမယ်။ စ,ရွတ်လို့ (၁၀)မိနစ်သာသာ ရှိသေးတယ်။ အသံတိမ်ပြီး ပျောက်သွားတယ်။ နောက်တစ်ပါးကို လွှဲပေးပြီး ပြန်လာရတယ်။

နောက်ထပ် နှစ်ရက်ဆက်ပြီး ဒီလိုပဲ အသံ ဝင်,ဝင်သွားလို့ စိတ်ပျက်နေချိန်မှာ ဒကာ တစ်ယောက်က ဒီဆေးကို ရေဖျော်တိုက် တယ်။ နှစ်နာရီလောက်ကြာတော့ မာတ်သွားပြီး ခေါင်းလဲ ကြည်လင်လာတယ်။ မာတ်ချုပ်နေတာ ရက်အတော်ကြာပြီပဲ။

မိုးမလင်းခင် ဝမ်းထဲ ဆာလာလို့ အရက်ဆွမ်း ဘုဉ်းပေးရတယ်။ အရင်ကဆိုရင် ကိုယ်တိုင်ကြွလေ့ မရှိလို့ တခြားကိုယ်တော် တွေ အထူးအဆန်း ဖြစ်နေကြတယ်။ အုန်းနို့ အဆီအအိမ့်တွေ ဖြစ်ပေမယ့် သွေးတိုး မှုးဝေတာတွေ မရှိဘူး။

ပဌာန်းရွတ်တော့လဲ ပုံမှန်အတိုင်း ကြည်ကြည်လင်လင် ဖြစ်လာတယ်။ ဒါနဲ့ ကိုယ်တိုင်ဖော်ပြီး ပုံမှန် သုံးစွဲလာတာ ဂရင် ဂျီနာ စတဲ့ အပူကျိတ် အနာတွေပါ ပျောက် ကင်းစေတယ်။ စာချ, တရားပြ ကျင့်ကြံမှု တွေကို အနှောင့်အယှက်ကင်းစွာနဲ့ ပြုလုပ် လာနိုင်ပါတယ်'

ဟု ရှင်းလင်း မိန့်ကြားတော်မူလေ သည်။

သွေးတိုးနှင့်

# အစာအိမ် ဝေဒနာများအတွက်

နှန်းညွှန့်နွယ်




◆ ကန်ချုပ်ဖြူပင်

www.burmeseclassic.com

www.burmeseclassic.com



▲ အရွက်ပုံသဏ္ဍာန်



အရွက်ထွက်ပုံ ▶

ဆေးအမည်များမှာ...

၁။ မန်ကျည်းရွက်*(အရိပ်တွင်အခြောက်လှန်း၊)* (၂၀)ကျပ်သား
၂။ ဆီးဖြူသီးခြောက် (၁၅)ကျပ်သား
၃။ ဆားပုပ် (၁၅)ကျပ်သား
၄။ ရှားစောင်းလက်ပပ်ခြောက် (၄)ကျပ်သား
၅။ စမုန်နက် (၁)ကျပ်သား
၆။ ပိတ်ချင်း (၁)ကျပ်သား
၇။ ကန့်ချုပ်ဖြူပွင့်ပါးအခြောက် (၁)ကျပ်သား

အားလုံး အမှုန့်ပြုပါ။

**✳ အစာကြေလိုလျှင်...**

အစာ စားပြီးတိုင်း မန်ကျည်းစေ့လေးစေ့ခန့် ရေအေးနှင့်သောက်။

**✳ အစာမှား၍ အသက်ရှုကျပ်၊ ရင်ကယ်နေလျှင်...**

ဟင်းသောက်ဇွန်း သုံးဇွန်းခန့် ရေဖျော်သောက်၊ နှစ်နာရီအတွင်း မူလအတိုင်း ပြန်ကောင်းလာမည်။

**✳ သွေးတိုးလျှင်...**

**အစာကြောင့် တိုးပါက** နှစ်နာရီအတွင်း၊ **လေကြောင့်တိုးပါက** (၁၅) မိနစ်အတွင်း၊ **ရာသီဥတုကြောင့် တိုးပါက** တစ်နာရီအတွင်း***(လဲလျောင်းနားနေသင့်ပါသည်။)*** သက်သာပျောက်ကင်းစေသည်။

ဆေး လက်ဖက်ရည်ဇွန်း လေးဇွန်းခန့် ရေဖျော်သောက်ရပါမည်။

**✳ ဝမ်းသွားလျှင်...**

မန်ကျည်းစေ့ခန့် လျှာပေါ်တင် ငုံထားကာ ရေကို နည်းနည်းချင်း သောက်၊ (၁၅)မိနစ်ခန့်ခြား၍ ငါးကြိမ်ခန့်အထိ သောက်ပေးနိုင်သည်။ လေလှည့်၍ ဝမ်းရပ်သွားပါမည်။

**✳ ဝမ်းချုပ်လျှင်...**

အကြမ်းပန်းကန် ထက်ဝက်ခန့် ရှောက်ရည်၊သံပရာရည်နှင့် မပျစ်မကျဲဖျော်၊ အိပ်ရာဝင်ခါနီး သောက်ပေးပါ။ ဆေးသောက်ပြီးနောက် ရေများများသောက်ပါ။ နံနက် ဝမ်းသွားသည့်အခါ မတည့်သည့် အစာများ ,၁ ဲထားမိပါက ဝမ်းရစ်၍ သွားပါမည်။ စိုးရိမ်စရာမရှိပါ။

**✳ အိပ်မရလောက်အောင် ချောင်းဆိုးပါက...**

ဆေး လက်ဖက်ရည် တစ်ဇွန်းခန့်ကို ကွမ်းရွက်တွင်ထည့်၍ အနည်းငယ်စီ ဝါးမျိုပေးပါ။

**✳ အစာအိမ် ဝေဒနာများအတွက်**

**အစာစားပြီးတိုင်း** ဆေးအနည်းငယ်ကို လျက်ပေးပါ။ အဆီအအိမ့် စသည် မှီမိနှင့်မတည့်သော အစာများ ဖြစ်ပါက စားထားသော ပမာဏအရ ချင့်ချိန်၍ လျက်ပေးပါ။ အစာကြောင့် ဘေးမဖြစ်တဲ့ ကျန်းမာရှင်လန်းပါလိမ့်မည်။

ဆေးအမည်များတွင် **ကန့်ချုပ်ဖြူ** မှာ ပရဆေးဆိုင်များတွင် ဝယ်ယူ၍ မရသဖြင့် မိမိတို့အနီး ပတ်ဝန်းကျင်တွင် ရှာဖွေယူနိုင်စေရန် အပင်အရွက်ပုံသဏ္ဍာန်ကို ဓာတ်ပုံမှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။

**စစ်ကိုင်းမြို့ နန်းဦးဇ ုက်သစ် ဆရာတော် ဦးဝိစက္ခဏ ဒါနပြုသော ဆေးနည်းဖြစ်ပြီး ဆရာတော်ကိုယ်တိုင် နှစ်(၃၀)ခန့် စွဲသုံးခဲ့သော ကိုယ်တွေ့ အညွှန်းများ ဖြစ်ပါသည်။**

ဆေးသုတေသီ

www.burmeseclassic.com

www.burmeseclassic.com

# ရှမ်းဗေဒကြီးမှတ်စု

၁။ ကြီး ၃ ကြီး

ဘယ်ဘက်လက်မောင်းတွင် ဖြစ်စေ၊ ညာဘက်လက်မောင်းတွင် ဖြစ်စေ ပြုလုပ်နိုင်သည်။ ဘယ်ဘက်လက်မောင်းတွင် ပြုလုပ်မည်ဆိုပါက ညာဘက်ရှိ လက်မကို ဘယ်ဘက် တံတောင်ဆစ် အရိုးဖုပေါ်တွင် ထောက်၍ ညာဘက်လက်ညှိုးဖြင့် 'ဘယ်ဘက်လက်မောင်းတွင် အရင်းမှ အဖျားသို့...

'ဦး ကဏ္ဍ'

ဟူ၍ **ကြီး ၃ကြီး** ရေးရပါမည်။

"**ဦး**"ဟု ဆိုပြီးပြီးချင်း ညာဘက်လက်နှင့် တံတောင်ဆစ်ဖုကို ထိထောက်ကာ တစ်ဆက်တည်းရေးပါ။

ရေးနေစဉ် အသက်အောင့်ထားရပါမည်။ **က မှ ဠ**အထိ တစ်ဆက်တည်း ရေးရပါသည်။

၁။ အစီအရင်ပြုလုပ်မည့် လက်မောင်းကို မပြုလုပ်မီ တံတောင်ဆစ်မှ လက်ဖျားအထိ အကွာအဝေး မည်မျှရှိသည်ကို တိုင်းတာထားပါ။ ပြုလုပ်ပြီးနောက် ထပ်မံတိုင်းလိုက်လျှင် ချက်ချင်း ရှည်ထွက်လာသည့် (အသားတိုးလာ)ကို လက်တွေ့ တွေ့ရပါမည်။

၂။ မိမိသွားမည့်ခရီးလမ်းတွင် တွေ့ကြုံမည့် မြွေရန်သူများ တွေ့ကြုံခြင်း၊ အန္တရာယ်ပြုခြင်း မလုပ်နိုင်ချေ။

၃။ ဓားနှောက်၊ လုံ့ထိုး၊ ဝေသနတ်ပစ် အထက်ပါအစီအရင် ပြုလုပ်ပြီးရင်ဆိုင်ပါက ထိခိုက်ခြင်း မရှိသော ကာယသိဒ္ဓိ တစ်မွဲထိုးဖြစ်ပါသည်။

၂။ ခြား ၃ ခြား

ခရီးသွားရာ၊ အတိုက်အခိုက်၊ အိပ်ရာဝင်အိပ်ရာထတို့၌...

'ဦး ရန်သူခြား၊ ငါ့ခြား၊ ဘုရားငါးဆူခြား'



အဓိဋ္ဌာန်သရဏ္ဍာယ်က အန္တရာယ်ကင်း၏။

၃။ သူခိုးမလာရ

လှူခြေတိတ်တွင် တံမြက်စည်းကို တံခါးဝတွင် ဇောက်ထိုးထောင်၍ ငရုတ်ဆုံကို မီးဖိုချောင်တွင် ဇောက်ထိုး၍ စီရင်ထားက ယင်းအိမ် သူခိုးဝင်မရ။

၄။ မျက်စိတိမ် စတီနည်း

နှမ်းဆီအနည်းငယ်ကို လက်ဖက်ရည်ပန်းကန်တွင်ထည့်၊ လက်ကိုင်ပဝါ မျက်စိမှိတ်၍ ရွတ်၊ ပြီးက မျက်စိဖွင့်၊ မျက်လုံးကို ဖူးခန် လေနှင့်မှုတ်၊ ဤသို့ ကိုးကြိမ်တိုင်တိုင် ပြုလုပ်ရမည်။

၅။ ဗဟူဒေဝါဂါထာနှင့် အစီအရင်

မင်္ဂလသုတ်တွင် "ဧ"မပါသော ဂါထာဖြစ်သော...

'ဗဟူဒေဝါ မနဿာစ
မင်္ဂလာနိ အ,စိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ
ဗြူဟိ မင်္ဂလ မုတ္တမံ'

ကို အောင်သပြေသုံးခက်ကို (၃၈) အုပ်မန်း၍ တစ်ခက်ကို ဘုရားလှူ၊ တစ်ခက်ကို မိရိုးဖလာဆက်၊ တစ်ခက်ကို မိမိကိုယ်တိုင်ဆောင် ပီယကောင်း၏။ အပြိုင်အဆိုင် ကောင်း၏။ အမှုအခင်းတို့၌ အောင်မြင်၏။ ဉာဏ်ရှိသလို အသုံးပြုနိုင်၏။

၆။ ခရီးသွားအောင်မြင်မှု အစီအရင်

***

| | |
|---|---|
| **တနင်္ဂနွေနေ့**ခရီးသွားပါက | "**အ**"အက္ခရာကို ခေါင်းထိပ်မှာရေး |
| **တနင်္လာနေ့**ခရီးသွားပါက | "**က**"အက္ခရာကို နဖူးမှာရေး |
| **အင်္ဂါနေ့**ခရီးသွားပါက | "**စ**"အက္ခရာကို နှာခေါင်းမှာရေး |
| **ဗုဒ္ဓဟူးနေ့**ခရီးသွားပါက | "**ရ**"အက္ခရာကို လျှာမှာရေး |
| **ကြာသပတေးနေ့**ခရီးသွားပါက | "**ပ**"အက္ခရာကို ညှပ်ရိုးမှာရေး |
| **သောကြာနေ့**ခရီးသွားပါက | "**သ**"အက္ခရာကို ရင်ညွန့်မှာရေး |
| **စနေနေ့**ခရီးသွားပါက | "**တ**"အက္ခရာကို ချက်မှာရေး. |

အုပ်၊ ကာယကံရှင် မျက်စိတိမ်၏ မျက်လုံးအောက်မှာ ကပ်၍...

'ဦး ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿ ဝဏ္ဏော ပထဝိ,ပ္ပဘာသော၊
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိ,ပ္ပ
ဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ'

သွားမည့်ဘက် မျက်နှာလှည့်၊ အသက်အောင့်၍ ယင်းအက္ခရာရေး၊ "**ငါ့ကိစ္စအားလုံး အောင်မြင်ပါစေ**" ဟု အဓိဋ္ဌာန်မပြီးစီး မအောင်မြင်သော အရာဟူ၍ မရှိနိုင်။

**အောင်ချို(ကသီ)**



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသား နောက်ကွယ်မှာ

[၁]

ဇာခန်းဆီးနောက်ကွယ်က အရာတွေဟာ ဇာခန်းဆီးကို လှစ်လိုက်ရင် ပေါ်လာသလိုမျိုးပါပဲ။

[၂]

နှလုံးသီးပွင့် (သည်းပွတ်)ဆိုတဲ့ စကားကို ပြန်စဉ်းစားကြည့်တော့ နှလုံးသားဟာ ရင်ထဲမှာရှိတဲ့ ကလီစာတွေနဲ့ အပင်မှာ အသီးပွင့်တွေ သီးနေသလိုမျိုး တည်နေမယ်ဆိုတာ မြင်ယောင်လာပါတယ်။ ဒါဟာ နှလုံးသားရဲ့ အနေအထားနဲ့ တည်နေပုံကို ပေါ်လွင်စေပါတယ်။

ကျွန်တော်တို့ ဗုဒ္ဓါနုဿတိသမားတွေကတော့ ဒီနှလုံးသားကို အစွဲပြုပြီး **"နှလုံးသားမှာ ဘုရားတည်ပါ"**လို့ ပြောကြလေ့ရှိပါတယ်။ ကျွန်တော်ကတော့ နှလုံးသားရဲ့ ဘယ်နေရာမှာ ဘယ်လိုအနေအထားနဲ့ တည်မလဲဆိုတာ ကြံကြံဖန်ဖန် စဉ်းစားနေမိပါတယ်။

ဟာ ဒါ တကယ်တည်တာ မဟုတ်ဘူး။ စိတ်ကိုပြောတာလို့ ဆိုလာရင် ကျွန်တော်ကလဲ စိတ်ကိုပဲ ပြောနေတာပါလို့ ပြန်ဖြေရမှာပါ။ ထို့အတူပါပဲ ခု ဒီစာကို ရေးပြီဆိုကတည်းက ကျွန်တော် တင်ပြစရာတစ်ခု ရှိနေလို့ဆိုတာလဲ ရိပ်မိကြမှာပါ။

[၃]

ဒီလိုပါဗျာ...။

**"ကိုယ်စိတ်နှစ်ဖြာ၊ ကိုယ်စိတ်နှလုံး သုံးပါးစလုံး"**စတဲ့ အသုံးအနှုန်းတွေ ရှိပါတယ်။

ကျွန်တော်တို့တစ်တွေ ပုတီးကို တည်တည်ငြိမ်ငြိမ် စိပ်နိုင်ပြီဆိုရင် ကိုယ်ရောစိတ်ပါ (ကိုယ်စိတ်နှစ်ဖြာ) ဖြစ်ပြီ ဆိုကြပါစို့။ အဲဒီလို စိပ်ဖန်များလာလို့ **ပီတိဖြစ်လာပြီဆိုရင် နှလုံး ပါ,ပါ လာပြီး သုံးပါးစလုံး စုံသွားပါပြီ။**



ပီတိ ကြပ်ကြပ်ဖြစ်ပြီဆိုရင် ဘုရားနိမိတ်က ကြိုးကြား ကြိုးကြား ပေါ်လာတော့တာပါပဲ။ ပကတိအတိုင်း ထိုင်နေရင်းနဲ့လဲ စိတ်ညွတ်လိုက်ရင် ဘုရား၊ စေတီပုံတွေ ဖူးမြင်ရသလို၊ အိပ်ပျော်နေစဉ်မှာလဲ ဘုရားတွေပဲ လည်ဖူးနေရပါတယ်။ **ဒါကိုပဲ နှလုံးသားမှာ ဘုရားတည်တယ်လို့ ပြောကြတာများလား။**

ဟုတ်တယ်ဆိုရင် အခု ကျွန်တော် တင်ပြချင်တာက နှလုံးသားမှာ ဘုရားတည်ရင် ဗုဒ္ဓါနုဿတိ အခြေခံတဲ့ သမထပိုင်း ပြီးသွားပြီလားဆိုတာပါပဲ။ ကျွန်တော် အတွေ့အကြုံအရတော့ မပြီးသေးဘူး ဖြစ်နေပါတယ်။

ရှင်းပါဦးမယ်။ ဂုဏ်တော်ကို စိတ်က ဆိုပြီး လက်က ပုတီးစေ့ကလေးကို ဆွဲယူနေတဲ့ကာလကို **"စိပ်မှားတယ်"** လို့ ဆိုချင်ပါတယ်။ နောက် လက်က ပုတီးက ရင်ထဲကို ရောက်သွားရင် ဒီကာလကို **"အောက်မေ့တယ်"** တစ်နည်းအားဖြင့် **"နှလုံးသွင်းတယ်"** လို့ ဆိုချင်ပါတယ်။

ဒီကာလမှာပဲ နှလုံးသားမှာ ဘုရားတည်တဲ့ ကိစ္စက ဖြစ်တာပါ။ ဘုရားတည်တဲ့ စိတ်နောက်မှာ မိမိရုပ်အတိုင်းသားပေါ်နေပြီး စိတ်အာရုံမှာ ဘာမှမဝင်၊ မလာ၊ မနှောင့်ယှက်တဲ့ အခြေအနေတစ်ခု ရှိနေပါတယ်။ ပီတိလိုလဲ မအေးစိမ့်ဘူး၊ ကြက်သီးလဲ မထဘူး။

ဒါပေမယ့် အင်မတန် နူးညံ့ သိမ်မွေ့လှပါတယ်။ အဲဒီလို ဖြစ်တဲ့ စိတ်အခြေအနေကို ကျွန်တော်ကတော့ "ဝင်စားတယ်"လို့ ကင်ပွန်းတပ်ထားပါတယ်။

[၄]

ဒါကို နေရာအနေနဲ့ ပြောရရင် နှလုံးသားထဲမှာ ဘုရားတည်တဲ့ နောက်နေရာတစ်ခုလို့ ဆိုချင်ပါတယ်။ တောင် ဥပမာနဲ့ပြောရရင် **အထွဋ်ဘက်**မှာလို့ ဆိုရမှာပါ။

ဒါကြောင့် စောစောကဘယ်နေရာလဲ၊ ဘယ်လိုပုံလဲလို့ ကျွန်တော်ကနဦးအတွေးဖြစ်ပုံကို ရေးလိုက်တာပါ။ တစ်ဆက်တည်းမှာပဲ ကျွန်တော့် အရေးအသား ချို့ယွင်းလို့ တောင်မလွတ်၊ မြောက်မလွတ် ဖြစ်သွားရင်လဲ ခွင့်လွှတ်ကြဖို့ တစ်ပါတည်း တောင်းပန်အပ်ပါတယ်။

ကျွန်တော် ဆိုချင်တာကတော့ **ဂုဏ်တော်ဟာ ပွားလေပွားလေ ဒီထက်ဒီထက် နက်ဝင်လေများလား လို့**ပါ။ နောက်တစ်ခုက ဆရာမင်းကျော်မင်း ပြောသလိုပါပဲ။ ဒါတွေကို သိချင်ပါသလား၊ ဂုဏ်တော်ကို ပုတီးစိပ်ပွားပါလို့ တိုက်တွန်း လိုက်ရပါကြောင်း...။

**ဝမ်း (စက်မှုတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com



ယခင်လမှ အဆက်

သိုင်းပညာရှင်


# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း) ၏

# ဘဝအတွေ့အကြုံများ

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

(ဒုတိယပိုင်း) (၁၀)



## ဗ–လ–စ အတွင်းပြိုင်ပွဲမှ

## ဓားနှစ်လက်သိုင်းပြိုင်ပွဲ

ဆရာကြီးဦးချစ်သန်းသည် ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံး(ဌာနချုပ်)၏ အထွေထွေ အတွင်းရေးမှူးဖြစ်သည်။ ဥက္ကဋ္ဌမှာ ပုဂံဦးဘဂျမ်း (နိုင်ငံတော်လုပ်ကြံမှုကြီးတွင် အသက်မသေဘဲ လွတ်မြောက်လာခဲ့ရသူ)ဖြစ်သည်။ (ပုဂံဦးဘဂျမ်းကို ဆက်ခံသူမှာ ဥက္ကဋ္ဌကြီး ပြည်–ဦးတင်ဖြစ်သည်။)

ဆရာကြီးဦးပြည်သိမ်းမှာ ဗ–လ–စ သိုင်းသင်တန်း၏ နာယကကြီးဖြစ်ပြီး ဆရာကြီးဦးချစ်သန်းမှာ တာဝန်ခံ (ကျောင်းအုပ်ကြီး) ဖြစ်သည်။

ဆရာကြီးဦးချစ်သန်း၏ ဉာဏ်အမြော်အမြင်ရှိစွာဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နယ်မြေတစ်ခုတွင် သိုင်းအဖွဲ့ တစ်ဖွဲ့ ထူထောင်စေရာ(ဗ–လ–စ)ဌာနချုပ် သိုင်းအဖွဲ့ခွဲများမှာ (၁၂)ခု၊ (၁၂)ဖွဲ့ ရှိပါသည်။

စာရေးသူ၏ အမှတ်(၉)နယ်မြေ (တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် နှစ်ခုကို ပေါင်းထားသော) အဖွဲ့ခွဲတစ်ခုဖြစ်သော "ယက္ခသိုင်းအဖွဲ့" ဖြစ်ပါသည်။ အချိန်ကာလက (၁၉၆၄) ခုနှစ်။

(ဗ–လ–စ)ဌာနချုပ်၏ အဖွဲ့ခွဲ(၁၂)ခု အချင်းချင်း ယှဉ်ပြိုင်သော သိုင်းပြိုင်ပွဲများကို အတွင်းပြိုင်ပွဲဟု ခေါ်ပါသည်။

ထိုအတွင်းပြိုင်ပွဲ၏ ဓားနှစ်လက်သိုင်း ဖိုင်နယ်ပွဲ (နောက်ဆုံး ဗိုလ်လုပွဲ)တွင် စာရေးသူ၏ ယက္ခသိုင်းအဖွဲ့မှ မောင်တင်ကိုနှင့် မြောက်ဥက္ကလာပမှ ဓာတ်ပုံဆရာမောင်မြသန်းတို့ တွေ့ကြရပါလေပြီ။

စာရေးသူသည် မောင်တင်ကိုအား ဆရာကြီးဦးပြည်သိမ်း အင်းစိန်ထောင်ထဲတွင် ယှဉ်ပြိုင်ခဲ့သော ဓားနှစ်လက်သိုင်းကွက်ကို သေသေချာချာ တိတိကျကျ သင်ကြားပေးသည်။

ပထမဆုံးတစ်ကွက် ဖြစ်သော ရန်သူ၏ဓားချက်ကို နောက်သို့ ယို့ရုံကလေး ယို့သောအကွက်ကို ဖြုတ်လိုက်သည်။ ဆရာကြီးဦးပြည်သိမ်း၏ သဘာပညာကို ကျွန်တော်လည်း မမီ မောင်တင်ကို ဆိုလျှင် ပို၍ ဝေးသည်။

ထို့ကြောင့် ဆရာကြီးဦးပြည်သိမ်း ပြုလုပ်သလို ယို့ပြီးရှောင်သည့်အကွက်ကို ထည့်၍ မဖြစ်၊ မောင်တင်ကိုအနေဖြင့် ဆရာကြီးလုပ်သလို လုပ်၍ မဖြစ်၊ ရှောင်၍ မလွတ်လျှင် ပထမ တစ်ချက်ဖြင့် ကိစ္စများသွားမည်။

မောင်တင်ကိုနှင့် ယှဉ်ပြိုင်မည့်သူမှာ မောင်မြသန်း အသက်(၃၀)ခန့်ရှိပြီး မြောက်ဥက္ကလာပတွင် ဓာတ်ပုံဆိုင်ဖွင့်ထားသည့် ဓာတ်ပုံဆရာတစ်ယောက်ဖြစ်သည်။

သူလည်း ခေသူမဟုတ်(က)အုပ်စုတွင် (၈)ဦးရှိရာ ပွဲတိုင်းနိုင်၍ အုပ်စုဗိုလ်ဖြစ်လာသူ။ မောင်တင်ကိုကလည်း (ခ)အုပ်တွင် (၈)ဦးရှိရာ ပွဲတိုင်းနိုင်၍ အုပ်စုဗိုလ်ဖြစ်လာသူ။

မောင်တင်ကိုက မောင်မြသန်းထက် သာသည့်အချက်က စာရေးသူ

www.burmeseclassic.com

မှတစ်ဆင့် လက်ထပ်သင်ကြားပေးထားသော ဆရာကြီးဦးပြည်သိမ်း၏ ဓားနှစ်လက်သိုင်းကွက်။ မောင်တင်ကိုက လေ့ကျင့်အား ကောင်းသည်။

စာရေးသူ၏ သင်ကြားချက်ကို လေးလေးစားစား သင်ယူသည်။ ပြောသည့်အတိုင်း လေ့ကျင့်သည်။

ထိုစဉ်ကာလက မောင်တင်ကို၏ သိုင်းပညာသက်မှာ (၅)နှစ်ခန့်ရှိပြီ။ မြို့နယ်ပေါင်းစုံပြိုင်ပွဲတွင် တာမွေမြို့နယ်အတွက် တုတ်သိုင်းပြိုင်ပွဲ၊ ဓားသိုင်းပြိုင်ပွဲတို့တွင် ရွေးတံဆိပ်ယူပေးနေကျ။ တာမွေမြို့နယ် သိုင်းအသင်း၏ လက်ရွေးစင် အားကစားသမားတစ်ဦးဖြစ်သည်။

မောင်မြသန်းသည် အားခွန်ဗလကောင်းကာ တောင့်တင်း သန်မာသူဖြစ်သည်။ ကစားရာတွင် ပေါ့ပါးသည်။ လျင်မြန်သည်။ ဓားချက် ပြင်းသည်။ သူလည်း ပွဲစဉ်တစ်လျှောက် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ကစားလာသူ ဖြစ်သည်။

မောင်တင်ကိုက သူ့ကိုကြည့်လျှင် မလှုပ်ချင်လှုပ်ချင် မထုံတက်သေးနိုင်လှသည်။ အေးတိအေးစက် မခုတ်ချင်ခုတ်ချင်ဖြင့် ခုတ်ရသည့်ပုံစံမျိုး။ သို့သော် ဓားချက်မြန်သည်။

ပြင်းထန်သည်။ ထိုစဉ်က ပြိုင်ပွဲတွင် ကြိမ်လုံးဖြင့် ပြိုင်ရသည်။ **[ကြိမ်လုံးလုံးပတ်မှာ (၃)လက်မရှိပြီး အချင်းမှာ ဒသမ ရှစ်လက်မခန့် ရှိပါသည်။ အချို့မှာ အရင်းလုံးပတ်(၁)လက်မခန့်ရှိပြီး အဖျားမှာ(၆)မူးလ ခန့် ရှိပါသည်။ အရှည်မှာ နှစ်ေ ခွဲခန့်ရှိသည်။ လက်ကိုင်နေရာကို စက်ဘီးကျွတ်စဖြင့် ပတ်ထားသည်။ လက်မြဲစေရန်ဖြစ်သည်။]**

ကျားနှင့် ဆင် လယ်ပြင်မှာ တွေ့ကြပေပြီ။ သဘာရင့်ဝါရင့်များပီပီ အခြောက်အစား အတို့အထိဖြင့် လှလှပပ သပ်သပ်ရပ်ရပ် ယှဉ်ပြိုင်နေကြသည်။ မောင်မြသန်းက ဗလအားကိုးဖြင့် ဖိရိုက်သည်။ မောင်တင်ကိုကလည်း ဆုတ်ကွက်များချည်းသာ ကစားသည်။

မောင်မြသန်းက လိုက်သူ မောင်တင်ကိုက ပြေးသူ။ ပညာအနွယ်တူသူချင်းဖြစ်၍ ဓားနည်းများမှာ တူကြသည်။ ဓားကောက်–မဓားချက်၊ မိုင်းသာအထိုင်၊ မိုင်းသာအယိုင်၊ စင်ရော်သုတ်၊ ပန်းကုံးဖြတ်ဓားများကို နှစ်ဦးစလုံး သုံးသည်။

နှစ်ယောက်စလုံး ဘယ်ခြေရှေ့ခင်း (ဘယ်ခြေရှေ့ထား)သော ရှမ်းကြီးသိုင်းပုံစံဖြင့် ကစားကြသည်။ တစ်ယောက်အထာကို တစ်ယောက်က သိနေ၍ အရိုက်ရ ခက်နေကြသည်။

မောင်တင်ကို ခြေကွက် ပြောင်းပြီ။ မောင်တင်ကိုသည် ဘယ်ခြေရှေ့သို့ ခင်းထားရာမှ ညာခြေရှေ့သို့ တက်ခင်းလိုက်သည်။ ညာဓားဘယ်ဓားကို ခပ်ကားကား ကိုင်ထားလိုက်သည်။

ရှမ်းတရုတ် ဓားခင်းဟန် ဖြစ်သည်။ ရှမ်းကြီးဓားသမားအနေဖြင့် ကြည့်လျှင် လိမ်ဖယ်ဖယ်ဖြင့် ဓားခင်းပုံမှားနေသည်ဟု တွက်မည်။ အမှန်မှာ ဒါက ပရိယာယ်။ တစ်နည်းအား ခြေထောက်ကို ကျွေးထားခြင်း ဖြစ်သည်။

သိုင်းကထာတွင် **"ကျွေးတတ်မှ ကျွေး၊ ပေးတတ်မှ ပေးပါ။ ကျွေးတတ်ရင် စားတတ်ရမည်။ ပေးတတ်ရင် ယူတတ်ရမည်"**ဟူ၍ ရှိသည်။

တစ်ဖက်လူ မရိုက်ချင် ရိုက်ချင်အောင် ညာခြေကို ထိုးကျွေးထားခြင်းဖြစ်သည်။

တစ်ဖက်လူက စားတတ်လျှင် မိမိရှုံးမည်။ အထိခံရမည်။ တစ်ဖက်လူက ကျွေးလို့ကျွေးမှန်းမသိဘဲ စားချင်အားကြီး၍ စားလျှင် မိမိက အနိုင်ရမည်။ တစ်ဖက်လူ အထိခံရမည်။

မောင်မြသန်းက ကျွေးလို့ ကျွေးမှန်းမသိ။ လွတ်နေဟာနေသော ခြေထောက်ကြီးကိုသာ ရိုက်ဖို့ အားသန်နေသည်။ ဘယ်ဓားဖြင့် မောင်တင်ကို၏ ခြေထောက်ကို တွက်ဓားဖြင့် ဝှီးခနဲနေအောင်-ခုတ်ထည့်လိုက်သည်။ ပြီးတော့ ညာဓားဖြင့် ပိုင်းစလွယ် ခုတ်ချလိုက်သည်။

ဒီလိုခုတ်ပါစေဟု မောင်တင်ကို ရင်ထဲမှာ ဆုတောင်းနေရသည်။ သူ့အကွက်ထဲသို့ ဝင်ပါ့မလားဟု ရင်တမမဖြင့် စောင့်နေရသည်။

မောင်တင်ကို ဆုတောင်းပြည့်ေ ပြီ။ မောင်မြသန်း၏ ဘယ်တွက်ဓားထွက်လိုက်သည်နှင့် ညာခြေကို နောက်သို့ ရုတ်တရက် ဆုတ်လိုက်ကာ ညာဆင်နှာမောင်းဓားနည်းဖြင့် သူ့ဓားကိုင်လက်ကို အပေါ်မှ အလိုက်သင့် ဖယ်ထုတ်လိုက်သည်။

ထို့နောက် သူ၏ ပိုင်းစလွယ်ဓား မလာမီ မောင်တင်ကို၏ ဘယ်ဓားဖြင့် သူ့ဓားအပေါ်မှ ဖြတ်ထား ခုတ်ချကာ တစ်ဆက်တည်း ညာဓား(ညာကြိမ်လုံး)ဖြင့် သူ့ဦးခေါင်းကို အားရှိပါးရှိ အံကြိတ်ပြီး ရိုက်ချလိုက်ပါသည်။ ထို့နောက် ဘယ်ဓားဖြင့် ဦးခေါင်းကို ဆင့်ကာ ရိုက်ချလိုက်ပါသည်။

မောင်မြသန်းမှာ အောက်သို့ ဒူးထောက်ကျသွားပါသည်။ သားရေဘောလုံး ခေါင်းစွပ်,စွပ်ထား၍ ခေါင်းကွဲမသွားခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဌ ဆရာကြီးဦးချစ်သန်းက စာရေးသူအား ခေါ်၍ ဆရာကြီးထံ သွားရပါသည်။ ဆရာကြီးဦးချစ်သန်းက စာရေးသူအား

www.burmeseclassic.com

ဒေါ်သဲဖြင့်...

'မောင်ထွန်းစိန်...မင်းတပည့်က အား ကစားပြိုင်ပွဲလုပ်နေတာ မဟုတ်ဘူး။ လူ သတ်နေတာကွ။ အမှတ်ရရုံဆို တော်ပြီပေါ့ ကွာ။ ခုဟာက အံကြိတ်ပြီး ခေါင်းကို အား နဲ့ နှစ်ချက်ဆင့်ရိုက်တယ်။ အဲဒါ သေသွား နိုင်တယ်ကွ။

မင်းတပည့်ကို အားကစားသမား စိတ်ဓာတ် မရှိဘဲ တစ်ဖက်လူကို ပြင်းပြင်းထန်ထန် ထိခိုက်အထိရာရအောင် လုပ်လို့ အရှုံးပေး လိုက်တယ်။ မင်းကျေနပ်လား'

ဟု ဒေါ်နှင့်မောနှင့် ပြောဆိုမေးမြန်း သောကြောင့် "ဟုတ်ကဲ့ ကျေနပ်ပါ တယ်ဆရာ" ဟု ပြောရုံမှတစ်ပါး အခြားမရှိပါပြီ။

ကျင်းပရေးကော်မတီ၏ ရှေ့ဆုံး တန်းတွင် ထိုင်ရင်း ကွမ်းယာ,ယာနေ သော နာယက ဆရာကြီးဦးပြည်သိမ်း က စာရေးသူအား ပြုံးတုံ့တုံ့ဖြင့် ကြည့် နေပါသည်။

ခေါင်းတညိတ်ညိတ် လုပ်နေပါ သည်။ **"ဒီကစားကွက်က ဒီလောက် တော့ ပြင်းမှာပေါ့ကွာ"** ဟု စိတ်ထဲမှ ပြောနေသယောင်ယောင်။ ဆရာကြီး ၏ အပြုံးတွင် အဓိပ္ပါယ်များစွာ ရှိပါ သည်။ ဒီလိုနှင့် မောင်တင်ကိုမှာ ဒုတိယဆုနှင့်သာ ကျေနပ်ခဲ့ရပါသည်။ ဒီပွဲတွင် မည်သူနိုင်၍ မည်သူရှုံးသည် ကိုတော့ လူတိုင်းသိကြပါသည်။

---

**ရန်ကုန်တက္ကသိုလ် သိုင်းပြိုင်ပွဲမှ**

**ဓားနှစ်လက်သိုင်းပြိုင်ပွဲ**

---

**ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် တွင်** ဆရာဦးဖိုးကျော်မြင့်(ခ) မြန်စာ ဂုဏ်ကျော်မြင့်က ၁၉၆၃ ခုနှစ်မှာ **"မြန်မာ့သိုင်းပညာအသင်း"** ဟူ၍ ဖွဲ့စည်းခဲ့ပါသည်။

ယင်းတက္ကသိုလ် မြန်မာ့သိုင်းပညာ



အသင်းတွင် စာရေးသူက အတွင်းရေး မှူးတာဝန်ယူခဲ့ပြီး သိုင်းပညာနည်းပြ မှူးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်နှင့် စက်မှုတက္ကသိုလ်တို့ တွင် မြန်မာ့သိုင်းပညာသင်တန်းများ ဖွင့်လှစ် သင်ကြားပေးသည်။

၁၉၆၇ ခုနှစ်တွင် တက္ကသိုလ်အပန်း ဖြေရိပ်သာ(အာရ်၊ စီ)တွင် တက္ကသိုလ် ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ကျင်းပ ပြုလုပ်ပေးသည်။

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ကိုယ်စားပြု၊ ကျွန်တော်၏ သိုင်းတပည့် များ ဖြစ်ကြသော (၁)မောင်တင်ဌေး (မြန်မာစာအဓိက)၊ (၂)မောင်ကြည်မြင့် (မြန်မာစာအဓိက)၊ (၃)မောင်ထွေး အောင် (သမိုင်းဘာသာအဓိက)တို့ ပါဝင်ယှဉ်ပြိုင်ကြပါသည်။

ဓားနှစ်လက်သိုင်းပြိုင်ပွဲတွင် မြန်မာ စာအဓိကမှ မောင်တင်ဌေးကို ယှဉ်ပြိုင် စေပါသည်။ မောင်တင်ဌေးကို ဓား နှစ်လက်သိုင်း လေ့ကျင့်ပေးရန် အတွက် ယှဉ်ပြိုင်ဘက်များ မြင်တွေ့ မည်စိုးသောကြောင့် (R.C)တွင် မလေ့ ကျင့်ဘဲ ကျောင်းဆင်းချိန်တွင် တောင်ငူဆောင်ရှိ အများသုံး သန့်စင် ခန်းရှေ့ သမံတလင်းပေါ်တွင် သင် သည်။

မော်င်တင်ဌေးကို ဆရာကြီးဦးပြည် သိမ်း၏ ဓားကွက်(၃)ကွက် သင်ပေး သည်။ **(ဓားနည်း၃-နည်းဟု နားလည်ပေးပါ။)** ပွဲသိမ်းကွက်ကို တော့ နံပါတ်(၃)တွင် ထားသည်။ ပထမနှစ်နည်းနှင့် မရလျှင် နောက်ဆုံး နည်းကို ထုတ်သုံးရမည်။

မောင်တင်ဌေး ဓားနှစ်လက်သိုင်း ကွက်များ သင်ပေးနေစဉ် ကျောင်းသား တစ်ယောက်ရောက်လာပြီး ကောလိပ် ဂျင်နေဝင်းလေသံဖြင့် မေးလာပါ သည်။

သူ့ကိုကြည့်တော့ ဗိုလ်အောင်ကျော် ခေါင်းတုံးဆံပင်နှင့်။ ခုံဖိနပ်ကို စီးထား လိုက်သေးသည်။ လုံချည်ကို ဒူးကျ ခပ်တိုတိုဝတ်ထားသည်။ မြင်တွေ့ လိုက်ရသည်မှာ တစ်စက်မှ ထောင့် မကျိုး။ သူက...

'ဒါ ဘာလုပ်နေကြတာလဲဗျ'

'ဒါ သိုင်းသင်နေတာပေါ့ကွ'

ဘုဆတ်ဆတ် ပြန်ဖြေလိုက်ပါ သည်။

'ဘာလုပ်ဖို့ သိုင်းသင်နေတာလဲဗျ'

'ရော့ ခက်ပြီ...ကိုယ့်ကို လာချရင် ပြန်ချဖို့ သိုင်းသင်တာပေါ့ကွ။ အခု လေ့ကျင့်နေတာက သိုင်းပြိုင်ပွဲဝင်ဖို့ကွ'

ဟု ခပ်ငေါက်ငေါက်လေး ဖြေလိုက် ရာ သူက ဘာမှ မဖြစ်သည့်ပုံဖြင့်...

'ကျုပ်ကော သင်လို့ရမလား၊ ပြိုင်ပွဲ ရော ဝင်ပြိုင်လို့ ရမလား'

ဟု မေးပြန်ရာ ကျွန်ုပ်က...

'အေး သင်လို့လဲ ရတယ်။ ပြိုင်ပွဲဝင် လို့လဲ ရတယ်။ မင်း သင်ချင်စိတ်သန္ဓ ရှိရင် အပင်ပန်းလဲ ခံနိုင်မယ်ဆိုရင် အခုကတည်းက စကျင့်ရမယ်၊ အချိန်

www.burmeseclassic.com

က တစ်လကျော်ကျော် လိုသေးတယ်။

မင်းကတော့ လူသစ်ဆိုတော့ တစ်လလောက် ပြင်းပြင်းထန်ထန် လေ့ကျင့်ရမယ်။ မနက်ဖြန် ညနေ(၄) နာရီ(အာရ်၊ စီ)မှာရှိတဲ့ မြန်မာသိုင်း သင်တန်းမှာ စာရင်းလာသွင်းပါ။

သင်တန်းမှာလဲ လေ့ကျင့်ရမယ်၊ ပြိုင်ပွဲဝင်ဖို့ကိုတော့ တစ်ရက်ခြား ဒီနေရာမှာ လာလေ့ကျင့်ရမယ်။ ဘာကိစ္စနဲ့မှ သင်တန်းမပျက်ရဘူး။ ကဲ… ဘယ်လိုလဲ’

ဟုပြောလိုက်ရာ မောင်ထွေးအောင်ဆိုသူက…

‘ကျုပ်အခုပဲ စသင်ပါမယ်။ မနက်ဖြန် ညနေ(အာရ်စီ)မှာ စာရင်းသွားသွင်းလိုက်ပါ့မယ်’

ဟုပြောလိုက်ရာ ကျွန်တော်ကလည်း သူ့ကို မောင်တင်ဌွေးနှင့်အတူ စတင်သင်ကြားပေးလိုက်ပါသည်။

**(မောင်ထွေးအောင်သည် နောင်တစ်ချိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲမှူးကြီး ဖြစ်လာပါသည်။ ကျွန်တော်နှင့် သူငယ်ချင်း တပည့်အဖြစ် ယနေ့ထက်တိုင် ရင်းနှီးချစ်ခင်လျက်ရှိပါသည်။)**

ပြိုင်ပွဲတွင် မောင်တင်ဌွေးနှင့် ယှဉ်ပြိုင်ရမည့်သူမှာ (ဗ–လ–စ)မှ ကျွန်တော်တို့ထက် တစ်ဆင့်နိမ့်သော ဆရာကိုငွေသိန်း၏ တပည့်ဖြစ်ပြီး (၅) နယ်မြေ၏ သိုင်းလက်ရွေးစင်တစ်ဦး ဖြစ်ကြောင်း သိရပါသည်။ ဓားကြမ်းသူတစ်ဦးဖြစ်သည်ဟု သတင်းထွက်သည်။

ဓားနှစ်လက်သိုင်း အုပ်စု( ၇)ဆဲမ်မီးဖိုင်နယ်တွင် ကျွန်တော်၏တပည့် မောင်ထွေးအောင်ကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်လာပြီး အုပ်စု(၁) ဗိုလ်မောင်တင်ဌွေးနှင့် ယှဉ်ပြိုင်ရမည်



ဖြစ်သည်။

မောင်တင်ဌွေးက ကစားဖော်လေ့ကျင့်ဖက် မောင်ထွေးအောင်အား…

‘မင်းကို အနိုင်ယူခဲ့တဲ့ကောင်ကို ငါ ပြန်ရိုက်ပေးမယ် မင်းစောင့်ကြည့်နေ’

ဟု အားပေးပါသည်။ မောင်ထွေးအောင်သည် တတိယဆုသာ ရခဲ့ပါသည်။

ပြိုင်ပွဲတွင် နှစ်ယောက်သား တွေ့ကြပါလေပြီ။ မောင်တင်ဌွေးက ခွန်အားဗလကောင်းပါသည်။ မောင်တင်ဌွေးသည် ဒေါသကြီးသူဖြစ်သည်။ အရပ်မှာ (၅)ပေ(၄)လက်မခန့်ရှိသည်။

မောင်ဇော်မင်းမှာ မောင်တင်ဌွေးထက် ခွန်အားဗလ အနည်းငယ်သေးသော်လည်း အရပ်မှာ(၅)ပေ (၅) လက်မခန့်ရှိပါသည်။

မောင်တင်ဌွေးထက် (၁)လက်မခန့် ပိုမြင့်ပါသည်။ နှစ်ယောက်စလုံး လုံးတူဆိုက်တူဟု ပြော၍ရပါသည်။

လုံးတူဆိုက်တူ နှစ်ယောက် ယှဉ်ပြိုင်ရန် ရင်ဆိုင်လိုက်ကြပါသည်။ မောင်တင်ဌွေးက ပြိုင်ပွဲအတွေ့အကြုံလုံးဝမရှိ။ ပညာအားကိုးဖြင့် တိုက်ရဲခိုက်ရဲသူဖြစ်သည်။

မောင်ဇော်မင်းက အမှတ်(၅) နယ်မြေ သိုင်းလက်ရွေးစင်ဖြစ်သည်။ ကွင်းဒိုင်ဆရာဇော်၏ **(နောင်တစ်ချိန် စာရေးဆရာ ဇော်ဇော်အောင် ဖြစ်လာသူ၊ တက္ကသိုလ်များအသင်း၏ အမှုဆောင်)** “စ”ဟူသော အသံကို ကြားလိုက်ရသည်နှင့် နှစ်ယောက်သားသည် တရွေ့ရွေ့ ချဉ်းကပ်လာကြပါသည်။

ဓားခင်းပုံချင်း တူကြသည်။ နှစ်ယောက်စလုံး ဘယ်ခြေရှေ့ ညာခြေနောက် ရှမ်းကြီးဟန်ဖြင့် အသင့်ပြင်ထားကြသည်။

မောင်ဇော်မင်းက စောင့်ရတာ စိတ်မရှည်ပုံရသည်။ အတင်းဝင်ခုတ်သည်။ မောင်ဇော်မင်းက မိုင်းသာ ဘားဟုခေါ်သော ရှမ်းတရုတ်ဓားကို အားသန်ပုံရသည်။

မိုင်းသာဓားခုတ်ပုံမှာ ဘယ်ခြေခင်းထားလျှင် ညာခြေကို ဘယ်ခြေရှေ့တက်၍ ဘယ်ဓားကို(ညာဘက်သို့) ပိုင်းဓားခုတ်သည်။ တစ်ဆက်တည်း ညာဓားကို မိုးဓား(သို့မဟုတ်)ပိုင်းဓား ခုတ်သည်။

ခုတ်ချက်မှာ အားပါလှသည်။ ထိသွားလျှင် အသက်ပါသွားနိုင်ပါသည်။ တော်သေးသည်က ခေါင်းမှာ ခေါင်းစွပ် စွပ်ထားပေးသည်။ ကျောင်းသားများဖြစ်၍ ဦးခေါင်းကို ပြင်းထန်စွာ မထိခိုက်မိစေရန်ဖြစ်သည်။

လက်ကောက်ဝတ်မှစ၍ လက်ဖျံကို ထိခိုက်မှု သက်သာစေရန် လက်ကာကို လက်နှစ်ဖက်စလုံး ပတ်ထားပေးသည်။ **(အားကစားအသွင်ဖြင့် ယှဉ်ပြိုင်ရသောကြောင့် ထိခိုက်ဒဏ်ရာ ရမှုများတွင် သက်သာနိုင်သမျှ သက်သာစေရန် ကြိုတင် ကာကွယ်ပေးထားခြင်း ဖြစ်သည်။)**



www.burmeseclassic.com

www.burmeseclassic.com

မောင်ဖော်မင်းက အတင်းဝင်ခုတ်လျှင် မောင်တင်ဒွေးက နောက်သို့ ဖရုပ်ပစ်ခြေခုတ်၍ မိုင်းသာ အယိုင်ဓား ဖြင့် ဖျက်ခုတ် ခုတ်ပစ်သည်။

မောင်ဖော်မင်းက မိုင်းသာအထိုင်ဟုခေါ်သော မိုင်းသာဓားဖြင့် ခုတ်ခြင်းဖြစ်သည်။ မိုင်းသာအထိုင်ကို ဆရာတော်တော်များများ ကစားတတ်ကြသော်လည်း မိုင်းသာအယိုင်ကို မကစားတတ်ကြပါ။

မိုင်းသာအထိုင်ဓားကို ဖျက်ရန် ကာကွယ်ခုခံနိုင်ရန် မိုင်းသာအယိုင်ကို တီထွင်ထားခြင်းဖြစ်သည်။ ဓားကွက်မှာ ညာခြေဘယ်လက်၊ ဘယ်ခြေညာလက်ပင်ဖြစ်သည်။

မိုင်းသာအထိုင်က ဘယ်ခြေတက်၊ ညာဓားပိုင်းခုတ်၊ ဘယ်ဓားတွတ်စလွယ်ခုတ်၊ မုဆိုးဒူးထောက်ထိုင်ချ၊ ညာဓားသည် ဘယ်ချိုင်းထဲရောက်နေ၊ ဘယ်ဓားကို ဘယ်ခြေဘေး ရောက်အောင်ခုတ်ချ၊ ရှမ်းအိုးစည်ဝိုင်းနှင့် ဓားသိုင်းကစားကြလျှင် ယင်းကစားကွက်ကို အညွှတ်အထိုင် အယိုင် အတိမ်းဖြင့် ကစားလေ့ ရှိကြသည်။

မိုင်းသာအထိုင် ကစားကွက်တွင် ညာခြေတက်လျှင် ဘယ်ဓားကို ပိုင်းဓားခုတ်၊ ညာဓားကို စလွယ်ခုတ်၊ မုဆိုးဒူးထောက်ထိုင်ချ၊ ဘယ်ဓားသည် ညာချိုင်းထဲရောက်နေ၊ ညာဓားကို ညာခြေ ဘေးရောက်အောင် ခုတ်ချရသည်။

ပြန်အထွက်တွင် ညာဓားပက်၊ ညာချိုင်းထဲမှ ဘယ်ဓားကို တွက်ခုတ်၊ ဓားချက်(၄)ချက် ရှိသည်။

မိုင်းသာအယိုင်ဓားမှာ ဓားချက် (၅)ချက်ရှိသည်။ **(၄)ကွက်ဖြင့် ကစားမည်ဆိုလျှင်...**



၁။ (၂)တွင်ရှိသည့် ညာခြေကို (၃)သို့ တက်လျှင် ဘယ်ဓားကို ပိုင်းခုတ်၊ ဓားသည် ညာချိုင်းအတွင်း ရောက်ရှိသွားလိမ့်မည်။

၂။ ညာဓားကို ပိုင်းစလွယ်ခုတ်၊

၃။ ညာဓားကို ပက်စလွယ်ခုတ်၊

၄။ ညာဓားကို ပက်ခုတ်၊

၅။ (၃)ရှိ ညာခြေကို (၂)သို့ ပြန်ဆုတ် ဘယ်ဓားကို တွက်ဓားခုတ်၊

**ဘယ်ခြေတက် ကစားမည်ဆိုလျှင်...**

၁။ (၁)မှ ဘယ်ခြေကို (၄)သို့တက်၊ ညာဘေးသို့ ပိုင်းခုတ်၊

၂။ ဘယ်ဓားကို ပိုင်းစလွယ်ခုတ်၊


၃။ ဘယ်ဓားကို ပက်စလွယ်ခုတ်၊

၄။ ဘယ်ဓားကို ပက်ခုတ်၊

၅။ (၄)မှ ဘယ်ခြေကို (၁)သို့ ပြန်ဆုတ်၊ ညာဓားကို တွက်ဓားခုတ်၊

ဤကား မိုင်းသာဓားအယိုင် ခုတ်နည်းဖြစ်သည်။

* * *




မောင်ဖော်မင်းကလည်း အတင်းဝင် အတင်းထွက်ဖြင့် ခပ်ကြမ်းကြမ်းခုတ်သည်။ မောင်တင်ဒွေးကလည်း ဆုတ်ကွက် ရှောင်ကွက်များဖြင့် လှလှပပ ရှောင်တိမ်းခုခံကာကွယ်သည်။

မောင်ဖော်မင်းက သဘာရင့် ဝါရင့် မြို့နယ်အဆင့် လက်ရွေးစင်ဖြစ်၍ သူ့ကို လွယ်လွယ်နှင့် အနိုင်မယူနိုင်။ မောင်တင်ဒွေး အခက်တွေ့ပြီ။ သူကတော့ လွယ်လွယ်နှင့် အရှုံးပေးမည့်သူ မဟုတ်။

ထို့ကြောင့် နောက်ဆုံး ဓားကွက်ကို ထုတ်သုံးရတော့သည်။ သူ ခင်းသော အကွက်ထဲသို့ တစ်နည်းအားဖြင့် သူ ဆင်ထားသော ထောင်ချောက်ထဲသို့ ဝင်လျှင် ပွဲသိမ်းပြီ။ မောင်တင်ဒွေး ပုံစံပြောင်းပြီ။

မောင်တင်ဒွေးက ရှမ်းကြီးဟန်ဖြင့် ဘယ်ခြေခင်း၊ ဘယ်ဓားကို ခန္ဓာကိုယ်ရှေ့တွင် ထောင်ထားပြီး ညာဓားကို ရင်ဘတ်ရှေ့တွင် (ဘယ်ဓားနောက်မှ) ခပ်စောင်းစောင်း ကာထားသည်။ ညာခြေကို ဘယ်ခြေရှေ့တက်လိုက်သည်။ ဘယ်ဓား,ညာဓားကို ခပ်ကားကားကိုင်ထားသည်။ အမည်အားဖြင့် ကျွဲချိုသွေးဟန်ဟု ခေါ်ပါသည်။

**ရှမ်းကြီးဟန်နှင့်ဆိုလျှင်** ဆန့်ကျင်ဘက်ဖြစ်နေသည်။ ညာခြေကို ရှေ့တွင် ခုတ်ထားသောကြောင့် ခြေထောက်မှာ ဟာကွက်ပေါ်နေသည်။

သိုင်းသဘာ ရင့်သူဖြစ်၍ ဟာကွက်ကို ချက်ချင်းမြင်သည်။ ငါးစာကို တီကောင်ဖြင့် မမျှား၊ ပိုးဟပ်ကို ငါးစာ လုပ်ထားသည်။ ငါးစာကို လာဟပ်ဖို့ပဲ လိုသည်။

မောင်ဖော်မင်းက ကျွေးထားသော ငါးစာကို လာဟပ်လိုက်ပါပြီ။ ငါးစာ နောက်ဘက်တွင် ငါးများချိတ် ရှိသည်



www.burmeseclassic.com

www.burmeseclassic.com

ကို မတွေးနိုင်တော့ပြီ။ တစ်ဖက်သားကို နိုင်လိုစိတ် အပြင်းအထန် ဒေါ်ရောရစေလိုသောစိတ်၊ ဒေါသစိတ်၊ မာနစိတ်၊ ပြင်းထန်သော အတ္တစိတ်တို့ကြောင့် ဆင်ခြင်တုံတရား မဲ့သွားသည်။

မောင်ဇော်မင်းက ညာခြေကို ဘယ်ခြေရှေ့သို့ ရုတ်တရက် ထောင်လိုက် တက်လိုက်ပြီး လွတ်ဟာနေသော(ကွေးထားသော) မောင်တင်ဌေး၏ ညာခြေသလုံးကို အားပါပါ ပိုင်းဓားဖြင့် ငိုးခနဲနေအောင် ရိုက်ထည့်လိုက်သည်။

သူက ချိုင်းထုတ်လက်ပူးခေါ် (ကဒူးဓား)ဖြင့် တိုက်ခိုက်လိုသည့်သဘောဖြစ်သည်။ ညာဓားကို ပိုင်းပြီးသည်နှင့် ဘယ်ဓားမိုးခုတ်မည်။ ဆက်တိုက် ဘယ်ဓားပက်မည်။ ပြီးတော့ ညာဓားကို တွက်ခုတ်မည်။ ဓား(၄)ချက်ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။

**"ဆန်စင်ရာ ကျည်ပွေ့မလိုက်နိုင်"**ဟူသော စကားရှိသည်။ သူထွက်လာသမျှ ဓားတို့ကို လိုက်မကာနိုင်ပါ။ သူက ဘာဓားနှင့် ခုတ်ခုတ် လေ့ကျင့်ထားသော ကစားကွက်တိုင်း လုပ်ရုံမှတစ်ပါး အခြားမရှိပြီ။

ဆရာ သင်ပေးလိုက်သော နည်းကို ယုံယုံကြည်ကြည်နှင့် ရဲရဲရင့်ရင့် သုံးဖို့ပဲလိုသည်။

မောင်ဇော်မင်းက ညာခြေတက်၍ ညာဓားပိုင်းခုတ် လိုက်သည်နှင့် မောင်တင်ဌေးက သူ့ညာခြေကို ရုတ်တရက် (အမြန်ဆုံး) ဆုတ်လိုက်ကာ သူ့ညာလက်ကိုင်ဓားကို(အတွင်းမှ အပြင်သို့) ဓားဦးကို အောက်စိုက်လျက် ဆင်နှာမောင်း ဓားချက်ဖြင့် အလိုက်သင့် ခုတ်ချလိုက်ကာ ဘယ်ဓားဖြင့် သူ့ခေါင်းကို မိုးရိုက်ချ၍ ညာဓား (ကြိမ်လုံး)ဖြင့် သူ့ငယ်ထိပ်ကို အားကုန်ရိုက်ချလိုက်သည်။

ကြိမ်လုံးမှာ ကျိုးကျသွားသည်။ မောင်ဇော်မင်းမှာ ရှေ့သို့ စိုက်၍ လဲကျသွားသည်။ မောင်ဇော်မင်းကို လူနှစ်ယောက်ဖြင့် တွဲခေါ်သွားရသည်။ လမ်းပင် ကောင်းကောင်း မလျှောက်နိုင်တော့။ ထိုပွဲတွင် မောင်တင်ဌေး ပထမရရှိသည်။

**[ဤနည်းများကို လက်တွေ့သင်ယူတတ်မြောက်ချင်ပါက အဆိုပါ ဆောင်းပါးပါ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ယူဆောင်လာပါက အဆိုပါ "လျှို့ဝှက်နည်းပညာ"ကို အခမဲ့ စေတနာအပြည့်ဖြင့် သင်ကြားပြသပေးပါမည်။***စကားချပ်***]**

ရှေ့လဆက်ဖတ်ပါရန်

**ဆရာကြီးမင်းယကွ**

***(တိုက်ပွဲဝင်)***

စာမျက်နှာ (၁၇၆)မှ အဆက်

သူခိုးကို ဖမ်းဆီးကြသတဲ့။

တုတ်,ဓား,လှံတွေနဲ့ လိုက်လံရှာဖွေကြတော့ မောင်တင်စိုးဟာ ပြေးမလွတ် မှန်းသိတာကြောင့် လယ်ကွင်းရိုးပြတ်တစ်ခုထဲမှာရှိ လယ်ကန်သင်းခုံကို ကပ်လျက် ဝမ်းလျားမှောက်ပုန်းနေသတဲ့။

သူဟာ အားကိုးရာ မရှိတော့၊ သူကျောင်းသားဘဝက သူ့ဆရာတော် ဦးပါမောက္ခ သင်ပေးခဲ့တဲ့ မင်္ဂလသုတ်မှ ဖုဒ္ဓသဂါထာကိုပဲ ပါးစပ်က အဆက်မပြတ် ရွတ်နေတယ်တဲ့။

ရွာသား(၃၀)လောက်ဟာ မီးတုတ်တွေနဲ့ သူ့ကို တစ်နာရီလောက် ကြာအောင် လိုက်လံရှာဖွေကြသတဲ့။ သူ့ကိုလုံးဝ မတွေ့မြင်ကြဘူးတဲ့။ နောက် လက်လျှော့ပြန်သွားကြပါသတဲ့။

မောင်တင်စိုးဟာ ရွာသားများ မရှိတော့တဲ့ အခါကျမှ ဖုဒ္ဓသဂါထာကို အဆက်မပြတ် ရွတ်ဆိုရင်း တိတ်တဆိတ် မိမိအိမ်ကို ပြန်လာသတဲ့။

နောက်(၁၀)ရက်ခန့် ကြာတဲ့အခါ သူ့ရဲ့ငယ်ဆရာ ဘုန်းကြီးဆီကိုလာပြီး သူ့ရဲ့ အကြောင်းစုံကို လျှောက်ထားတယ်။ သူ့ရဲ့စကား နိဂုံးချုပ်မှတ်ချက်ကိုလဲ ပြောသွားသေးတယ်။

"ဆရာတော်ဘုရား... တပည့်တော်လို သီလမရှိတဲ့ သူခိုးလိုလူတောင် ဖုဒ္ဓသ ဂါထာတန်ခိုးကြောင့် ရွာသားရန်သူတွေ ဘေးအန္တရာယ်က လွတ်ပါတယ်။

အရှင်ဘုရားတို့လို သီလ,သမာဓိ,ပညာဂုဏ်ရှိတဲ့ သူတော်ကောင်းပုဂ္ဂိုလ်တွေဆိုရင်တော့ ဘယ်လောက် အကျိုးထူးမယ်ဆိုတာ စဉ်းစားကြည့်တော်မူပါ ဘုရား"

တဲ့။

"တပည့်တော်လဲ နောင်တရပါပြီ။ အဲဒီဂါထာကို နေ့စဉ် ရွတ်ဆိုနေပါတယ်။ဆင်းရဲပေမယ့်စိတ်အေးချမ်းသာပါတယ်။ အရှင်ဘုရား သင်ကြားဆုံးမခဲ့တာတွေကို ပြန်သတိရပြီး ကောင်းကောင်း နေပါတော့မယ်ဘုရား" လို့ လျှောက်ထားသွားတယ်'

ဟု ဆရာတော် ဦးပါမောက္ခက ပြောပြပါသည်။

သို့ဖြစ်၍ ဖုဒ္ဓသဂါထာတော်၏ အစွမ်းထက်မြက်ပုံတို့ကို သိမြင်ကြသောသူတို့သည် အခက်အခဲ အမျိုးမျိုးမှ ကင်းလွတ်လိုကြပါက ထိုဂါထာကို ရွတ်ဖတ်ပွားများသင့်ကြပါသည်။

**အန္တရာယ်ကင်း၍သာမက မိမိတို့ ဉာဏ်အမြင်အဆင်အားထုတ်မှုအရ လိုအပ်သော လောကီ,လောကုတ္တရာကောင်းကျိုးများကို** ရရှိနိုင်ကြပါသည်။

**ဦးငွေအောင်မွန်**



www.burmeseclassic.com

www.burmeseclassic.com



ဦးငွေအောင်မြင့်

# အခက်အခဲ အမျိုးမျိုးမှ

## လွတ်စေသော ဂါထာ

မြတ်စွာဘုရား ဟောကြားတော်မူသော မင်္ဂလသုတ်တွင် (၁၄)ခုမြောက်ဂါထာဖြစ်သော **ဖုဋ္ဌဿဂါထာ**သည် တကယ် ယုံကြည်ကိုးစား အားထားရွတ်ပွားပူဇော်သူတို့အား တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲ အမျိုးမျိုးတို့မှ မုချ လွတ်မြောက်စေနိုင်သည်ဟု ရှေးဆရာမြတ်တို့ မိန့်ဆိုတော်မူခဲ့ကြပါသည်။

ထိုဂါထာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။-

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလမုတ္တမံ။

**အနက်အဓိပ္ပာယ်**

**ယဿ** – အသဝေါကုန်စင် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်အား၊ **လောကဓမ္မေဟိ** – လာဘော, အလာဘော, သဘော, အယသော နိန္ဒာ, ပသံသာ, သုခံ, ဒုက္ခံ ဟူသော လောကဓံတရား ရှစ်ပါးတို့နှင့်၊ **ဖုဋ္ဌဿ** – တွေ့ကြုံရငြားသော်လည်း၊ **စိတ္တံ**–စိတ်သည်၊ **နကမ္ပတိ**–မတုန်လှုပ်။

**တဿ** – ထို ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာမြတ်အား၊ **အသောကံ**–စိုးရိမ်ပူဆွေး ငိုကြွေးခြင်းလည်း မရှိ၊ **ဝိရဇံ** – ကိလေသာအညစ်အကြေးဟူသော မြူမှုန်လည်းမရှိ၊ **ခေမံ**–ဘေးရန်ကင်းကွာ ချမ်းသာလှ၏။

**ဧတံ**–ဤလေးပါးသော တရားသည်ကား၊ **ဥတ္တမံ**–မြတ်သော၊ **မင်္ဂလာ**–မကောင်းကျိုးပယ်ခွာ ကောင်းကျိုးအဖြာဖြာကို ရစေနိုင်သည့် မင်္ဂလာတရားဟူ၍ (**တွံ** –သင်နတ်သားသည်၊ **ဓာရေဟိ** – မှတ်ယူဆောင်ထားပါလော။)

---

လောကဓံတရား(၈)ပါး

---

ဤလောကကြီးထဲတွင် ဖြစ်ပေါ်နေထိုင်ကြကုန်သော ပုပုရွရွ မြင်မြင်သမျှ ပုဂ္ဂိုလ်သတ္တဝါ အားလုံးတို့သည် ကောင်းဆိုးနှစ်တန် လောကဓံ တရား ရှစ်ပါးတို့မှ မလွတ်ကင်းနိုင်ကြပါ။

၁။ **လာဘော** – လာဘ်ပေါ်များခြင်း၊ စီးပွားရေးကောင်းခြင်း၊ ငွေကောင်းခြင်း၊

၂။ **ယသော** – အခြံအရံများခြင်း၊

www.burmeseclassic.com

နောက်လိုက်နောက်ပါ အသိုင်းအဝိုင်းများခြင်း။

၃။ **ပသံသာ**–အများ၏ ချီးကျူးဂုဏ်ပြုခံရခြင်း။ ချီးမွမ်းခံရခြင်း။

၄။ **သုခံ** – ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းဟူသော အကောင်းဘက် လောကဓံတရား လေးပါးတို့နှင့် မုချမသွေ တွေ့မြင်ရကြမည် ဖြစ်သည်။

၅။ **အလာဘော** – လာဘ်လာဘ ဆုတ်ယုတ်ခြင်း၊ စီးပွားရေး ပျက်စီးခြင်း၊ ဝင်ငွေမရှိခြင်း။

၆။ **အယသော** – အခြံအရံ နည်းပါးခြင်း၊ နောက်လိုက်နောက်ပါ အသိုင်းအဝိုင်း မရှိခြင်း။

၇။ **နိန္ဒာ** – ကဲ့ရဲ့ပြစ်တင်ခံရခြင်း၊ ရှုတ်ချဝေဖန်စော်ကားခံရခြင်း။

၈။ **ဒုက္ခံ** – ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ခြင်း၊ စိတ်ထောင်းကိုယ်ကျေ အနေရ ခံရခက်ခြင်း…

ဟူသော အဆိုးဘက် လောကဓံတရားလေးပါးတို့နှင့် တွေ့ကြုံရမြဲ ဖြစ်ပါသည်။

ထို အကောင်းလောကဓံတရား လေးပါးတို့နှင့်ချည်း တွေ့ကြုံရပါလျှင် တရားမရနိုင်ပါ။ အဆိုးလောကဓံ တရား လေးပါးတို့နှင့်ချည်း တွေ့ကြုံရပါလျှင်လည်း တရားမရနိုင်ပါ။

ကောင်းသော လောကဓံတရား လေးပါးတို့နှင့် တွေ့ကြုံရပါလျှင် အောက်ခြေ မလွတ်သင့်ပါ။ ဘဝင် မမြင့်သင့်ပါ။ အဆိုးလောကဓံတရား လေးပါးတို့နှင့် တွေ့ကြုံရသော်လည်း စိုးရိမ်ပူဆွေးငိုကြွေးခြင်း၊ စိတ်ဆင်းရဲခြင်း မဖြစ်ရအောင် ထိန်းသိမ်းနိုင်ရမည်။

မည်သူမျှ အဆိုးလောကဓံတို့နှင့် ရင်မဆိုင်လိုကြပါ။ သို့ရာတွင်



အကုသိုလ်ကံကြမ္မာရှိလျှင် ရှောင်လွှဲ၍ မရနိုင်ကြပါ။

ထိုအခါ အကုသိုလ်တရားကို ကုသိုလ်တရား ပြုလုပ်ခြင်းဖြင့် တရားတော်နှင့်အညီ ကာကွယ်သင့်ကြပါသည်။

**ကာကွယ်နည်းမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား ပူဇော်ခြင်း။ တရားစောင့်ခြင်း။ သီလစောင့်ခြင်း။ သာမဏေဝိပဿနာအလုပ် လုပ်ခြင်းတို့ ဖြစ်ပါသည်။**

ဖုဒ္ဓသာဂါထာသည် တရားတော်ဖြစ်၍ ယင်းဂါထာကို ယုံကြည်စွာ ရွတ်ဖတ်ပွားများသင့်ပါသည်။

**အဆိုး လောကဓံတရားတို့နှင့် တွေ့ကြုံရပါလျှင်…**

သောက်ရေတစ်ခွက် သန့်သန့်ကို ယူပြီး ဘုရားရှေ့တွင် ပန်းပါးသီလ ခံယူပါ။ ထို့နောက် ဖုဒ္ဓသာဂါထာကို အဓိဋ္ဌာန်ပြု၍ (၉)ခေါက် ရွတ်ဆိုပါ။ လက်ငင်းကြုံတွေ့နေရသော အခက်အခဲ ဟူသမျှတို့မှ အမြန်လွတ်မြောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းပါ။ ထိုရေကို သောက်သုံးပါ။

တွေ့ကြုံနေရသော ဘေးရန်အန္တရာယ်နှင့် အခက်အခဲတို့မှ ကင်းလွတ်ရပြီး ကိုယ်စိတ်ချမ်းသာနှင့် ပြည့်စုံနိုင်ပါသည်။

### ကိုယ်ပျောက်ကြောင်း အဖြစ်အပျက်တစ်ခု

အထက်ပါ ဂါထာကို နံနက်(၉)ခေါက်၊ ည(၉)ခေါက် ရွတ်ဆိုပါ။ (သို့မဟုတ်) ရန်သူအန္တရာယ်တို့နှင့် တွေ့ကြုံပါက (၉)ခေါက် ရွတ်ဆိုပါ။

ထိုသူအား ရန်သူတို့က ရှာဖွေသော်လည်း မတွေ့ရဘဲ ကိုယ်ပျောက်သကဲ့သို့ အသက်အန္တရာယ်မှ ကင်းလွတ်ရသူတစ်ယောက်ဖြစ်သူ မောင်တင်စိုး၏ အကြောင်းကို အောက်တွင် ဖော်ပြပါသည်။

ပုသိမ်မြို့အစွန်ရှိသော သာသနာ့ရံသီပါဠိတက္ကသိုလ် ကျောင်းတိုက်မှ ဆရာတော် ဦးပါမောက္ခက သူ၏ တပည့်ဟောင်းဖြစ်သူ မောင်တင်စိုး၏ အကြောင်းကို စာရေးသူအား အောက်ပါအတိုင်း ပြောပြပါသည်။

'မောင်တင်စိုးကတော့ ဘုန်းကြီးတို့ စာသင်တိုက်မှာ ကျောင်းသားအဖြစ် နေခဲ့တဲ့ ဘုန်းကြီးရဲ့ တပည့်တစ်ယောက်ဖြစ်တယ်။

ဘုန်းကြီးက သူ့ကို မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နာမက္ခာရ၊ ပရိတ်ကြီး စတဲ့ ဗုဒ္ဓကျမ်းစာ အခြေခံကို သင်ပေးခဲ့ဖူးတယ်။

သူဟာ ဉာဏ်လေးတယ်။ ကိုရင်ဝတ်နဲ့ အထက်ဗုဒ္ဓကျမ်းစာ စာပေတွေကို သင်ပေးဆဲ သာသနာမှာ မပျော်ဘူးဆိုပြီး ကိုရင်ဘဝက လူဝတ်လဲကာ လယ်ကူလီ သူရင်းငှားအလုပ်ကို လုပ်ကိုင် စားသောက်နေသတဲ့။

တစ်နေ့မှာ သူဟာ ပုသိမ်မြို့ အရှေ့ဘက်က ကျေးရွာတစ်ရွာ အနီးမှာရှိတဲ့ လယ်ကွင်းထဲက တလင်းထဲမှ စပါးတွေကို ညအချိန်မှာ တောင်းတစ်လုံးနဲ့ ခိုးယူနေတယ်တဲ့။

ရွာသားတွေက သိပြီကြလို့ လူအများဟာ မီးတုတ်များ ထွန်းညှိကြပြီး

စာမျက်နှာ (၁၇၈) သို့

www.burmeseclassic.com

www.burmeseclassic.com

ကုလားမတောင် ရသေ့ကြီးထံမှ ထူးခြား

# ငွေလက်စွပ် နှင့် လောကီသုံး ပစ္စည်းများ

သန်းထွန်းဦး
(ကရင်ပြည်နယ်)



◆ ရသေ့ကြီးအကြောင်းကို ပြောပြပေးခဲ့သော ဆရာတော်ဦးဩဘာမုံ

"ဖွံ့"ကရင် တိုင်းရင်းသားဘာသာ စကားနှင့်တော့ **"ချောင်မဲအလို့ဘား နင်ကိုမိန့်ဒေ"**ဟုခေါ်ကာ မြန်မာလို တော့ **"လိုတိုင်းပြီးစီးနိုင်သော လက်စွပ်"**ဟု အဓိပ္ပာယ်ရပါသည်။

ဖော်ပြပါ လက်စွပ်ကတော့ ငွေသား ဖြင့် ပြုလုပ်ထားသော ထူးခြားသည့် လောကီသုံးလက်စွပ်တစ်မျိုး ဖြစ်ပါ သည်။

## ပုံသဏ္ဌာန်

ထို လက်စွပ်ပုံသဏ္ဌာန်မျိုးကား ကာလသား လူငယ်များ အပျော်ဝတ် သော လက်စွပ်တစ်မျိုးနှင့် ဆင်တူ မှုများရှိပြီး **"မျက်လုံးနှစ်ဖက် ပေါက် ပေါက်ဖြစ်နေကာ လူဦးခေါင်းခွံကြီးမှ အရှေ့သို့ လျှာထုတ်ပြနေပုံ"** ဖြစ်ပါ သည်။

ငွေသားဖြင့် ထုလုပ်စီရင်ထားပြီး **အလေးချိန်(၁၅)ပဲသားခန့်** ရှိပါသည်။

ဖော်ပြပါ လက်စွပ်ပိုင်ရှင်မှာ **ကရင် ပြည်နယ် ဒေါနတောင်တန်း၊ ကုလားမတောင်တန်းတွင် လှည့် လည်၍ တရားအားထုတ်နေသော**



◆ ကုလားမတောင် ရသေ့ကြီးထံမှ လောကီစီရင်မှုများဖြင့် ပြုလုပ်ထားသော ထူးခြားငွေလက်စွပ်အား အရှေ့တည့်တည့်မှ တွေ့မြင်ရပုံ


◆ ကုလားမတောင် ရသေ့ကြီးထံမှ လောကီစီရင်မှုများဖြင့် ပြုလုပ်ထားသော ထူးခြားငွေလက်စွပ်အား ဘေးတိုက်အနေအထား တွေ့မြင်ရပုံ





www.burmeseclassic.com

www.burmeseclassic.com




▲ ကုလားမတောင် ရသေ့ကြီးထံမှ လောကီသုံး ထူးခြားလက်စွပ်၊ ပြဒါးလုံးနှင့် မိုးကြိုးသွားများကို

**ဂန္ဓာရီခရီးသည်ကြီး** ဝ စံပါး ဖြစ်သော **ကုလားမတောင်ရသေ့ကြီး၏** လောကီတွင် အစွမ်းထက်လှသော လက်စွပ်တစ်မျိုး ဖြစ်ပါသည်။

လောကီလုပ်ရပ်များ၊ ထူးခြားလှသည့် အမြုတေများကို လေ့လာရှာဖွေရေးသားနိုင်ရန်အတွက် **ဘားအံမြို့မှ နောင်လုံအိန္ဒူကျေးရွာသို့ ရောက်ရှိခဲ့ရာမှ** တောင်ထွတ်တောင်မြွတ် ဂူများတွင် လှည့်လည်၍ တရားကျင့်ကြံအားထုတ်နေသော **ဂန္ဓာရီရဟန်းတော် ဦးဩဘနှင့်** စာရေးသူ တွေ့ဆုံခဲ့ရပါသည်။

ကုလားမတောင်တွင် အမိဌာန်ဝင် တရားသွားရောက် အားထုတ်ခဲ့စဉ်က ကုလားမတောင် ရသေ့ကြီးထံမှ ရရှိခဲ့သော ထူးခြား ငွေလက်စွပ်တစ်ကွင်း၊ ကျောက်မိုးကြိုးသွားတစ်ခု၊ ပြဒါးအဝါရောင်တစ်လုံးတို့ကို ရရှိခဲ့ရာ ထိုလောကီသုံးပစ္စည်းများနှင့် ပတ်သက်၍ ရှင်းပြခဲ့ပါသည်။

'ဟောဒီ လူရုပ်ခေါင်း ငွေလက်စွပ်ကတော့ သူတစ်ပါးက မကောင်းတဲ့ အကြံအစည်နှင့် ပြုလုပ်ထားတဲ့ လောကီမှုကိစ္စ မှန်သမျှတွေကို ကြိုတင်သိရှိနိုင်သလို လက်စွပ်ရေစိမ်ပြီး ပက်ဖျန်းသောက်ရုံနဲ့ လူတို့ပြုလုပ်ထားတဲ့ ပယောဂ၊ နတ်တို့ ပြုလုပ်ထားတဲ့ ပယောဂတွေကို ထူးခြားစွာ ပျောက်ကင်းစေပါတယ်။

နောက်တစ်မျိုးက ကလေးတွေကို မကောင်းတဲ့ နတ်ဆိုးတွေက ငိုအောင်၊ ရယ်အောင် ပြုလုပ်ပြီး ဝင်ကပ်နေခဲ့ရင်လဲ လက်စွပ်ကို ခဏစိမ်ပြီး မျက်နှာသစ်ပေးလိုက်ရုံနဲ့ ရောဂါများ ပျောက်ကင်းစေပါတယ်။ လောကီရေးရာ ကိစ္စတွေမှာတော့ ဉာဏ်နဲ့ယှဉ်ပြီး အမျိုးမျိုး အသုံးပြုနိုင်ပါတယ်'

▲ **'ဘာကြောင့် ရသေ့ကြီးက လူအရိုးခေါင်းကြီးက ...ပုံထုတ်ပြတဲ့ပုံကို လက်စွပ် စီမံပြုလုပ်ခဲ့ရပါသလဲ'**

○ 'ဦးဖင်းလဲ အဲဒီကိစ္စမှာ ရသေ့ကြီးကို မေးကြည့်ခဲ့ပါသေးတယ်။ လူတွေ ပြုလုပ်တဲ့ ပယောဂ၊ နတ်တွေပြုလုပ်တဲ့ ပယောဂ၊ မကောင်းတဲ့ အကြံအစည်တွေနဲ့ ပြုလုပ်တဲ့သူတွေကို လှောင်ပြောင်သရော်ထားတဲ့၊ လိုတိုင်းပြီးစီးနိုင်တဲ့ လက်စွပ်လို့ ဆိုပါတယ်'

▲ **'ဒီလိုဆိုတော့လဲ ကုလားမတောင် ရသေ့ကြီးရဲ့ လက်စွပ်က လူမြင်အောင် နတ်မြင်အောင် မကောင်းတဲ့ အကြံအစည်တွေနဲ့ ပြုလုပ်ခဲ့ရင် အဲ့ဒီ့ရောယ်ကင်းနိုင်ပြီး လိုတိုင်းပြီးစေနိုင်တာပေါ့၊ ကျန်နေတဲ့ ပစ္စည်းကလေးတွေကိုလဲ ရှင်းပြပေးပါဦး ဘုရား'**

○ 'ဟောဒီ အဝါရောင်တမ်းနေတဲ့ အလုံးကလေးက ပြဒါးလုံးကလေး

www.burmeseclassic.com

ဒိပဲယင်းဆရာတော်ကြီး၏

# ရန်ပယ်ဓာတ်(၄)ပါး ကျင့်စဉ်

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



ကျွန်ုပ်တွင် ဆရာတော်ကြီး ဦးဥတ္တမ သိဒ္ဓိ မရှိတော့သော်လည်း ဆက်နွယ်သော တပည့်များ၊ ရိုးရာသိုင်းပညာနှင့် နီးနွယ်သော တပည့်များ၊ ပန်းချီပညာ ဝါသနာရှင် တပည့်များကို နေ့စဉ်လိုပင် ဆက်ဆံပြောဆိုနေရခြင်းအား ပျော်ရွှင်ဖွယ် ဖြစ်နေလေ၏။

အရွယ်အားဖြင့် (၇၈)နှစ်အတွင်း (၅)လမျှ ဝင်ရောက်ခဲ့နေပြီဖြစ်၍ ချစ်ခင်ကြသော ယုံကြည်လေးစားသည့် တပည့်များက အနေအထိုင် အသွားအလာ အစားအသောက်မှ အစ မျက်ခြည်မပြတ် စောင့်ရှောက်နေကြသောကြောင့် ကိုယ်ပိုင်အချိန် နည်းပါးလှ၏။

အချိန်ကာလ နှုတ်ခြင်းတို့မှာကား ဝေးလှပါပကော။

တစ်နေ့တော့ ရေခါးရွာမှ မောင်မြင့်ဌေး ရောက်ရှိလာလေ၏။

'ဆရာ့ကို မြင်လိုက်ရရင်ပဲ အလိုလို ပျော်ရွှင်သွားတော့တာ'

'အမယ်...ကွာ ငါ့များ လူရွှင်တော် ဖိုးပါကြီးများ ထင်နေပြန်ပြီ'

'ဆရာကလဲဗျာ အဲလို မဟုတ်ပါဘူးဗျာ၊ ဘယ်အချိန်ပဲလာလာ. တစ်ခုခု တော့ လုပ်ကိုင်နေတာပဲ မဟုတ်လား၊ သွားကြစို့ လက်ဖက်ရည်ဆိုင်ဆိုလဲ ချက်ချင်းထလိုက်တာ။ ဘာလုပ်ပေးပါ ဆိုလဲ အခါမရွေးဘူး။ ကောက်ကာ ငင်ကာ လုပ်ပေးတာမို့ လေးစားအားရ လို့ပါ'

'အေးပါ...ဟိမဝန္တာ ချီးကျူးတာက တော့ညီနောင် လက်ဖက်ရည်သောက် လက်တွေ့မကျဘူး။ ငါ ဘာလုပ်ပေးရ မလဲ...ပြော'

'အဲဒါလေးကိုက ချစ်ဖို့ကောင်းနေပြီ ဆရာ'

'ထားပါတော့ကွာ'

'ဒီလို ဆရာရဲ့ **မိတ်ဓာတ်(၄)ပါး ကျင့်စဉ်က** ပြီးတော့မှာမို့ **ရန်ပယ် ဓာတ်(၄)ပါး**အတွက် ကြိုသိထားချင်လို့ လာခဲ့တာပါ။ လောလောဆယ် လက်ဖက်ရည်ဆိုင် သွားလိုက်ကြစို့'

ဟု ပြောပြောဆိုဆို ထွက်လာခဲ့ကြလေ၏။

မောင်မြင့်ဌေး သိချင်နေသလို မိတ်ဓာတ်(၄)ပါးကို လက်ခံအားထုတ်နေသူများအတွက် ဆရာတော်ကြီး၏ ရန်ပယ်ဓာတ်(၄)ပါး ကျင့်စဉ်ကို ရေးသားမျှဝေလိုက်ရပါသည်။

ရန်ပယ်ဓာတ်(၄)ပါး ကျင့်စဉ်မှာ **ဒါန, သီလနှင့်မေတ္တာကို** အရင်းခံထားသောကြောင့် ရှင်တော်မြတ်ဘုရား၏ တရားတော်၌ ယုံမှားသံသယ ကင်းရပါမည်။ သရဏဂုံသုံးပါးနှင့် တကွ ငါးပါးသောသီလ ခြွင်းချက်မရှိ ခံယူသက်ဝင်မှသာ ပြီးပြည့်စုံပါမည်။

မိစ္ဆာအယူအမှားကို လက်ခံခြင်း ကင်းဝေးရမည်။

ရန်လိုသူဖြစ်ခြင်း၊ ရန်ငြိုးရှိခြင်းနှင့် လက်စားချေလိုသူ ဖြစ်နေပါလျှင် ရန်ပယ်ဓာတ်ကျင့်စဉ်သည် အချည်းနှီးသာ ဖြစ်လိမ့်မည်။

ကျင့်ကြံအားထုတ်၍ အောင်မြင်ဖို့ ဝေးလွန်းလှပါသည်။ ယခုဘဝအတွက် သာမက နောင်သံသရာတိုင်အောင် အာမခံချက် မရှိပါ။

ကံငါးပါးအား ထိန်းချုပ်ကာကွယ် နိုင်ခြင်း မရှိပါကလည်း ကုရာနတ္ထိ ဆေးမရှိပါ။

## ရန်ပယ်ဓာတ်နှင့် အင်းပညာ

ဖော်ပြခဲ့ပြီးသော မိတ်ဓာတ်(၄)ပါး ကျင့်စဉ်ကဲ့သို့ပင် ရန်ပယ်ဓာတ်တွင်လည်း အင်းကိစ္စက တစ်စိတ်တစ်ပိုင်း ပါဝင်နေပါသည်။

အင်းပညာ ပါဝင်ဆက်နွယ်နေရခြင်း၏ အကြောင်းရင်းမှာ အဆောင် အကာအကွယ်လည်း ဖြစ်လေသည်။ အင်းသိဒ္ဓိ၏ အင်အားကို ယူဆောင်ထားခြင်းလည်း ဖြစ်လေ၏။

ရာသက်ပန်အဆောင် ရတနာ တစ်ပါးဟု ဆိုရပေလိမ့်မည်။ ခက်ခဲခြင်း လည်းမရှိ၊ ကိုယ်တိုင်ဆောင်ရွက်ရာ တွင် လွယ်ကူလှပေ၏။



www.burmeseclassic.com

www.burmeseclassic.com

မိမိကိုယ်တိုင် ဖန်တီးဖို့ အခက်အခဲရှိပါက အင်းပညာရှင် တစ်ဦးထံ ပြောပြ အကူအညီတောင်းလျှင် ပညာရှင်များက မေတ္တာစေတနာဖြင့် ဆောင်ရွက်ပေးကြလေ့ ရှိပါ၏။

သတိပြုရန်မှာ ငွေကြေးအဖိုးအခဖြင့် လက်ခံလုပ်ဆောင်ပေးသော ဆရာများထံ အကူအညီ လုံးဝ မတောင်းသင့်ပါ။***(ရှင်းနိုး၍ ယုံကြည်ရလျှင်တော့ ကောင်းပါ၏။)***

## ရန်ပယ်ဓာတ်(၄)ပါး

အလွယ်တကူ မှတ်မိရန် အောက်ပါအတိုင်း မှတ်သားနိုင်ပါသည်။

"ရန်အေးသက်ကူ လူစွာမနော၊ ဓာတ်သဘော"

၁။ ရန်အေးရန်ပယ်ဓာတ်
၂။ သက်ကူရန်ပယ်ဓာတ်
၃။ လူစွာရန်ပယ်ဓာတ်
၄။ မနောရန်ပယ်ဓာတ်

ဟူ၍ ဖြစ်ပါသည်။

## ဓာတ်(၄)ပါးတို့အကျိုး

▲**အထက်အရပ်နှင့် အောက်အရပ်**တို့မှ ပေးသော အန္တရာယ်ဆိုးကင်းဝေး၏။

▲**အရှေ့အရပ်နှင့် အနောက်အရပ်**တို့မှ အန္တရာယ်ဆိုးကို တားမြစ်တတ်၏။

▲**မြောက်အရပ်နှင့် တောင်အရပ်**တို့မှ မကောင်းကျိုးကို ကာကွယ်တတ်၏။

▲**အနောက်တောင်နှင့် အရှေ့မြောက်မှ** ပါပရန်ကို တားဆီးနိုင်၏။

▲**အနောက်မြောက်နှင့် အရှေ့တောင်အရပ်**တို့မှ ဥပဒ်ရန်ဘေးကင်းဝေးစေ၏။

ထို အကြောင်းသတ္တိတို့ကြောင့် "ရန်ပယ်ဓာတ်(၄)ပါး"ဟု အမည်ကင်ပွန်း တွင်ပါသည်။

## ရန်အေးဓာတ်

မြင်နိုင် ကြားနိုင် သိနိုင်အပ်သော အန္တရာယ်၊ မမြင် မသိ မကြားနိုင်သော ပါပအန္တရာယ်များ၏ လားရာ အရှေ့မြောက်နှင့် ရာဟုအရပ် အန္တရာယ်ဆိုးကို ကင်းစေ၏။

## သက်ကူဓာတ်

အဓိကအားဖြင့် သတ္တဝါတို့၏ အသက်ကို ရောဂါဆိုးရန်မှ ကာကွယ်စေတတ်၏။ အရှေ့အရပ်နှင့် မြောက်အရပ်တို့မှ ကျရောက်လတ္တံ့သော အန္တရာယ်မှ ကင်းငြိမ်းစေ၏။ ထိုအရပ်(၂)ပါးမှ လူမှုရေး၊ ကျန်းမာရေး အထောက်အပံ့ ရရှိစေတတ်၏။

ပတ်ဝန်းကျင်အရပ်တို့မှ လူစုလူဝေးဖြင့် အဟုန်ပြင်းစွာ ဆောင်ရွက်ရသော ပရဟိတလုပ်ငန်းများ၌ လွန်စွာ အကျိုးရှိစေပါသည်။

## လူစွာဓာတ်

အသင်းအဖွဲ့ကိုဖြစ်စေ မိဘဆွေမျိုးတို့အား ကောင်းရာကောင်းကျိုး ဆောင်ရွက်နိုင် လမ်းညွှန်နိုင်ခြင်း ဖြစ်စေ၏။

**တောင်ဘက်အရပ်တို့၌** ကောင်းမွန်သော ကိစ္စများစွာအား ဆောင်ရွက်ကြသော ဥပါသကာများ၊ မိတ်သင်္ဂဟများ၏ လုပ်ငန်းများကို ငြိမ်းချမ်းစွာ ပြီးမြောက်စေ၏။

**အရှေ့တောင်ထောင့်တို့မှ** ရန်ဓာတ်၊ မီးဓာတ်တို့အား အေးချမ်းစေခြင်းကို အကျိုးပြုစေပါသည်။

ထိုဆိုခဲ့ပြီးသော အရပ်နှစ်ပါးမှ သူတော်ကောင်းတို့၏ ချီးမြှောက်နှစ်သက်ခြင်းကို ခံယူရရှိနိုင်လေ၏။

## မနောဓာတ်

မနောဓာတ်၏ သဘောမှာ လူ၊ သတ္တဝါအပေါင်းတို့အား မိမိနှင့်ထပ်တူ စိတ်ရောကိုယ်ပါ ချမ်းမြေ့အေးမြခြင်းကို ရရှိခံစားနိုင်လေသည်။

**အနောက်အရပ်နှင့် အနောက်မြောက်ထောင့်**တို့၌ နေထိုင်မှီခိုနေကြသော ဥပါသကာများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့အား ဖျက်ဆီးတတ်သည့် လျှောင်အန္တရာယ်၊ လေမိုးအန္တရာယ်တို့မှ ဘေးမသီ ရန်မခ လွတ်မြောက်စေပါသည်။

ဤရွေ့ ဤမျှအထိ မိမိအပါအဝင် သတ္တဝါတို့ကို ချမ်းသာကောင်းကျိုးဖြစ်စေတတ်သော သဘောလက္ခဏာကြောင့် အဓိဋ္ဌာန်ထား၍ အားထုတ်နိုင်ကြပါစေ။

## အဓိဋ္ဌာန်ပြုခြင်း

ရှင်တော်မြတ်ဘုရားကို အမှူးထားပြီး ဝိရူဠှက၊ ဝိရူပက္ခ၊ ဓတရဋ္ဌ၊ ကုဝေရ နတ်မင်းကြီး(၄)ဦး၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဓာတ်ဝိဇ္ဇာကြီး(၄)ပါး၊ မိဘများ၏ ရိုးရာနတ်များ၊ (အမည်တပ်၍) ကိုယ်စောင့်နတ်၊ စေတီတော်စောင့်နတ်၊ မြို့တော်ရှင်၊ နယ်တော်ရှင်များနှင့် ဆရာသခင်များအား ပင့်ဖိတ်ပါ။

စွမ်းနိုင်သမျှ ဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ အလင်းတိုင်များဖြင့် မိမိ၏ မွေးနံဂြိုဟ်တွင် ပူဇော်ပြီး အဓိဋ္ဌာန်ပြုပါ။

နောက်တွင် ဖော်ပြထားသော နေ့နံအလိုက် အင်းတော်များကို သိဒ္ဓိတင်ခြင်း၊ အင်းသက်သွင်းခြင်းပြု၍ သောက်မျိုကြရပါမည်။ **(ဆရာအရှင်များ၏ လမ်းညွှန်ချက်ဖြင့် အင်း**

www.burmeseclassic.com

www.burmeseclassic.com

**သောက်မျိုသူများသည် ခွင့်ပြုပါက သောက်မျိုနိုင်ပါ၏။)**

ဤကျင့်စဉ်မှာ ဒါန,သီလနှင့် စရဏ ယှက်နွယ်နေသောကြောင့် အများ အယွင်းမရှိ ပြဿနာမရှိ ပကတိ မှန်မြတ်လှပါသည်။

**အဓိဋ္ဌာန်ရက် (၁၀၈)ရက်** ဖြစ်ပါ၏။ ဤ(၁၀၈)ရက်မှာ ရက်ရှည်မဟုတ်သောကြောင့် တစိုက်မတ်မတ် အားမထုတ်နိုင်သူများအတွက် အဆင်ပြေပါမည်။

**ရက်ရှည်အားပြုလိုပါက** ၁၀၈×၄ =၄၃၂ ရက် အားထုတ်နိုင်လေသည်။ ကျင့်စဉ်ကာလအတွင်း အာရုံများ၊ နိမိတ်များ၊ အိပ်မက်များ ထူးခြားစွာ ပေါ်ပေါက်လေ့ရှိသည်။ နိမိတ်များ၊ အာရုံများများကို ချင့်ချိန်ပြီး ဆောင်ရွက်ရန် လိုပါမည်။

နိမိတ်များ၊ အာရုံများ၊ စိတ်စေမှု အများများကို လက်ခံမိလျှင် လွဲမှားတတ်သောကြောင့် ဆရာများ၏ ဩဝါဒကို ခံယူသင့်ပါ၏။

**ရုံးပယ်ဓာတ်(၄)ပါး ဖြစ်သည့်အတွက် ဓာတ်တစ်ပါးလျှင် (၂၇)ရက် ဖြစ်ပါ၏။ ဓာတ်(၄)ပါး ပြီးစီးပါလျှင် (၁၀၈)ရက် ဖြစ်လေသည်။**

ရန်အေးဓာတ် စတင်ခြင်း

**တနင်္ဂနွေသားနှင့် ရာဟုသားသမီး**တို့အတွက် အထူး ရည်ညွှန်းပါ၏။ မည်သည့်နေ့သားသမီးမဆို မိမိ၏ မွေးနံဂြိုဟ်တိုင်မှ စတင်ကြရပါမည်။ မွေးနေ့တွင် စတင်ပါ။

နံနက် (၆း၀၀)နာရီ မှ (၇း၀၀)နာရီ အချိန်အတွင်း စတင်အားထုတ်ပါ။ အားထုတ်ချိန်မှာ မိနစ်(၉၀)အတွင်း ပြီးစီးပါသည်။ **(ရက်ရှည်အားထုတ်သူများမှာ နံနက် (၉း၀၀)နာရီမှ (၁၀း၃၀)နာရီ အတွင်းလည်း အား**



**ထုတ်နိုင်လေ၏။)**

ရန်အေးဓာတ်အတွက် တနင်္ဂနွေသားနှင့် ရာဟုသားသမီးတို့သည် တနင်္ဂနွေဂြိုဟ်တိုင်နှင့် ရာဟုဂြိုဟ်တိုင်တို့တွင် ဂြိုဟ်တိုင်တစ်ခုလျှင် ပုတီး(၁၀၈)ပတ် စိပ်ပါ။

အခြားသော နေ့နံသားသမီးများမှာ မိမိမွေးနေ့ မိမိဂြိုဟ်နံတိုင်တွင် စတင်အားထုတ်ပါ။ ဂြိုဟ်တိုင်တစ်ဌာနၡ ပုတီးတစ်ပတ် စိပ်ပါ။

သက်ကူဓာတ် စတင်ခြင်း

**တနင်္လာသားနှင့် သောကြာသားသမီးတို့အတွက်** အထူးရည်ညွှန်းပါ၏။ အခြားမည်သည့်နေ့သားမဆို မိမိ၏ မွေးနံတိုင်မှ စတင်အားထုတ်ပါ။ မွေးနေ့မှ စပါ။

တနင်္လာနှင့် သောကြာနေ့သားသမီးတို့မှာ မိမိဂြိုဟ်နံတိုင်တွင် ပုတီး(၃၆)ပတ် စိပ်ရမည်။ အခြားဂြိုဟ်တိုင်များတွင် (၉)ပတ် နဝင်းကိုက် စိပ်နိုင်လေသည်။

**တစ်ပါးသော နေ့နံသားသမီးများကား** မိမိတို့မွေးနေ့ မွေးနံဂြိုဟ်တိုင်မှ စတင်၍ ဂြိုဟ်တိုင်အားလုံးတွင် ပုတီး(၉)ပတ် စိပ်ပါ။

စတင်ချိန်မှာ နံနက် (၆း၀၀)နာရီ မှ (၇း၃၀)နာရီ အချိန်အတွင်းဖြစ်စေ နံနက် (၉း၀၀)နာရီမှ (၁၀း၃၀)နာရီ အချိန်အတွင်းဖြစ်စေ ဆောင်ရွက်နိုင်လေသည်။

လူစွာဓာတ် စတင်ခြင်း

**ဗုဒ္ဓဟူးသားနှင့် အင်္ဂါသားသမီး**တို့အတွက် အထူးရည်ညွှန်းပါ၏။ မိမိ၏မွေးနံတိုင် မွေးနေ့မှ စတင်အားထုတ်ကြရပါမည်။

ဗုဒ္ဓဟူးသားသမီး၊ အင်္ဂါသားသမီးတို့ကား ပုတီး(၂၅)ပတ် စိပ်ရပါမည်။ **တစ်ပါးသော နေ့နံသားတို့သည်** မိမိမွေးနေ့၊ မွေးနံတိုင်မှ စတင်၍ ပုတီး(၉)ပတ် စိပ်ပါ။

**စတင်ချိန်မှာ** နံနက် (၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်း နံနက် (၉း၀၀)နာရီ မှ (၁၀း၃၀)နာရီ အချိန်အတွင်း အဆင်သင့်သလို အချိန်၌ စတင် အားထုတ်နိုင်ကြလေသည်။

ဖနောဓာတ်

**ကြာသပတေးနှင့် စနေသားသမီးများအတွက်** အထူးရည်ညွှန်းခြင်း ဖြစ်ပါ၏။ ယခု နေ့သားသမီးတို့မှာ တွဲယှက်ဂြိုဟ်တိုင် (၂)တိုင်တွင် ပုတီး (၂၉)ပတ်စီ စိပ်ပါ။ အခြားဂြိုဟ်တိုင်များ၌ ပုတီး(၉)ပတ် နဝင်းကိုက်စိပ်ပါ။

**တစ်ပါးသော နေ့နံသားသမီးတို့မှာ** မိမိမွေးနေ့ မိမိဂြိုဟ်တိုင်မှ စတင်ပြီး ဂြိုဟ်တိုင်အားလုံး၌ ပုတီး(၉)ပတ် နဝင်းကိုက် စိပ်နိုင်ကြပါသည်။

**စတင်ချိန်မှာ** နံနက်(၆း၀၀)နာရီမှ (၇း၃၀)နာရီ အချိန်အတွင်းနှင့် နံနက် (၉း၀၀)နာရီမှ (၁၀း၃၀)နာရီ အချိန်တို့၌ အဆင်သင့်သော အခါတွင် စတင် အားထုတ်နိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နေ့နံသားသမီး အားလုံးတို့သည် ဖော်ပြပါ အစီအစဉ်အတိုင်း မိမိနှင့် သက်ဆိုင်သော ဂြိုဟ်တိုင်(၂)တိုင် တွင်သာ သတ်မှတ်ပုတီးဖြင့် စိပ်၍ အခြားဂြိုဟ် တိုင်များ၌ ပုတီး(၉)ပတ် စီသာ စိပ်ဖို့ လိုပါသည်။

ရွတ်ဆိုပူဇော်ခြင်း

ပရိက်ယူခြင်း၊ ငါးပါးသီလ ခံယူပြီးပါ လျှင် ပရိတ်တော်များနှင့် ပူဇော်ပါ။

ပထမဦးဆုံး ဂြိုဟ်နံတိုင်တွင် မေတ္တ သုတ်(၉)ခေါက်၊ မောရသုတ်(၉) ခေါက် ရွတ်ပါ။

စာအုပ်ကိုကြည့်ပြီး ရွတ်ဖတ်ပူဇော် ခြင်းမှာ အကောင်းဆုံးဖြစ်သည်။

ပုတီးစိပ်ဂါထာ

"**ဘဝတု သဗ္ဗမင်္ဂလာ**"တစ်ခေါက် ရွတ် ပုတီးတစ်စေ့ချပြီး သတ်မှတ်ပုတီး ပတ်ဖြင့် (၂၇)ရက် (ခုတ်တစ်ပါး) စိပ်ပါ။

ခုတ်(၄)ပါး ဖြစ်သောကြောင့် ခုတ်တစ်ပါးလျှင် (၂၇)ရက်ဖြစ်၍ (၁၀၈)ရက်စေ့လျှင် အောင်မြင်ပါသည်။

အင်းတော်ကို နောက်ဆုံးဂြိုဟ်တိုင် တွင် သစ္စာပြု၍ သောက်ပါ။

ဆုတောင်းဂါထာ

အစိန္တေယျ အစိန္တေယျ အစိန္တေယျ
အပ္ပမေယျ အပ္ပမေယျ အပ္ပမေယျ
ဉာဏသမ္ပန္နသဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
သဗ္ဗညုတဉာဏ နုဘာဝေန၊
နဝလောကုတ္တရ ဓမ္မာနုဘာဝေန၊
ဗုဒ္ဓဂုဏာ နုဘာဝေန၊
ဓမ္မဂုဏာ နုဘာဝေန၊
သံဃဂုဏာ နုဘာဝေန၊
ပရိတ္တာ နုဘာဝေန၊
သစ္စာ နုဘာဝေန၊
မမ အဝိဇ္ဇာနာ နုဘာဝေန၊
အဟံ ဒိနေ ဒိနေ ဘဏေန ဂါထာနုဘာဝေန၊
မဟာကာဝေန ဒါန သီလ ဘာဝနာ နုဘာဝေန၊
အနန္တဉာဏ သမ္ပန္နာနံ၊ အနန္တ သမ္မာသမ္ဗုဒ္ဓါနံ၊
ဗလေန တေဇေန၊ အာကာသဋ္ဌာစ ဘုမ္မဋ္ဌာ
ရုက္ခဋ္ဌာစ မဟိဒ္ဓိကာ သဗ္ဗဒေဝါ
ကုန္တာ မဟာပြဿနော အမှေ ရက္ခန္တု သဗ္ဗဒါ။
●ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊
သန္တိဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။
●ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊
သန္တိဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။
●ပစ္ဆိမသ္မိံ ဒိသာဘာဂေ
သန္တိနာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။
●ဥတ္တရသ္မိံ ဒိသာဘာဂေ၊
သန္တိယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။
●အာကာသေစ ဘုမ္မဋ္ဌာ၊
ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။
●ကုန္ဒိမန္တောစ ယေဒေဝါ
ဝသန္တာ ကုဝ သာသနေ။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေနစ။

အနက်

**အစိန္တေယျ** – မကြံစည်နိုင်သော ဂုဏ်ကျေးဇူးတော်နှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရား။*[၃–၆]*

**အပ္ပမေယျ** – မနှိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးတော်နှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရား။*[၃–၆]*

**ဉာဏသမ္ပန္နဿ**– ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော၊ **ဘဂဝတော**– ဘုန်းတော်ကြီးတော်မူသော၊ **အရဟတော**–ပူဇော်အထူးကို ခံယူတော်မူ ထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ**–အလုံးစုံ သော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏၊

**သဗ္ဗညုတဉာဏာနုဘာဝေန**–သဗ္ဗ ညုတဉာဏ်တော်၏ အစွမ်းအာနုဘော် ကြောင့်၊ **နဝလောကုတ္တရ ဓမ္မာနုဘာ ဝေန** – ကိုးပါးသော လောကုတ္တရာ တရားတော်၏ အာနုဘော်ကြောင့်၊ **ဗုဒ္ဓဂုဏာ နုဘာဝေန** – ဘုရား ဂုဏ်တော်၏ အာနုဘော်ကြောင့်၊ **ဓမ္မဂုဏာ နုဘာဝေန**–တရားဂုဏ် တော်၏ အာနုဘော်ကြောင့်၊ **သံဃ ဂုဏာ နုဘာဝေန**–သံဃာ့ဂုဏ်တော် ၏ အာနုဘော်ကြောင့်၊ **ပရိတ္တာ နုဘာ ဝေန**–ပရိတ်တော်၏ အာနုဘော် ကြောင့်၊ **သစ္စာ နုဘာဝေန**–ဝစီသစ္စာ ၏ အာနုဘော်ကြောင့်၊ **မမ အဝိဇ္ဇာနာ နုဘာဝေန** – အကျွန်ုပ်၏ အဝိဇ္ဇာန် အာနုဘော်ကြောင့်၊

**အဟံ ဒိနေ ဒိနေ ဘဏေန** – အကျွန်ုပ် နေ့တိုင်း နေ့တိုင်း ရွတ်ဆို အပ်သော၊ **ဂါထာနုဘာဝေန**–ဂါထာ တော်တို့၏ အာနုဘော်ကြောင့်၊ **မဟာ ကာဝေန**–အကျွန်ုပ် ပြုအပ်သော၊ **ဒါန သီလ ဘာဝနာ နုဘာဝေန** – ဒါန, သီလ,ဘာဝနာတို့၏ အာနုဘော် ကြောင့်၊

**အနန္တဉာဏသမ္ပန္နာနံ** – အဆုံး အပိုင်း အခြားမရှိသော ဉာဏ်တော်နှင့် ပြည့်စုံကုန်သော၊ **အနန္တ သမ္မာသမ္ဗုဒ္ဓါနံ**–အဆုံးအပိုင်းခြား မရှိကုန်သော မြတ်စွာဘုရားရှင်တို့၏၊ **ဗလေန**– စွမ်းအားတော်ကြောင့်၊ **တေဇေန**–

www.burmeseclassic.com



တန်ခိုးတော်ကြောင့်၊

**အာကာသဋ္ဌာစ** – ကောင်းကင်၌ တည်ကုန်သော နတ်တို့သည်လည်း ကောင်း၊ **ဘုမ္မဋ္ဌာစ**–မြေ၌တည်ကုန်သော နတ်တို့သည်လည်းကောင်း၊ **ရုက္ခဋ္ဌာစ**–သစ်ပင်၌ တည်ကုန်သော နတ်တို့သည်လည်းကောင်း၊ **မဟိဒ္ဓိကာ**–တန်ခိုးကြီးမားကုန်သော၊ **သဗ္ဗဒေဝါ**–ခပ်သိမ်းကုန်သော နတ်တို့သည် လည်းကောင်း၊ **ဣန္ဒာ**–သိကြားမင်းတို့သည်လည်းကောင်း၊ **မဟာဗြဟ္မာနော** – ဗြဟ္မာအများတို့သည်လည်း ကောင်း၊ **အမှေ**–အကျွန်ုပ်တို့ကို၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ရက္ခန္တု**–စောင့်ရှောက်ကြပါစေကုန်သတည်း။

◎ **ပုရတ္ထိမသ္မိံ ဒိသာဘာဂေ**–အရှေ့ အရပ်မျက်နှာအဖို့၌၊ **မဟိဒ္ဓိကာ**–ကြီးသောတန်ခိုး ရှိကုန်သော၊ **ဘူတာ**–ဂန္ဓဗ္ဗနတ်တို့သည်၊ **သန္တိ**–ရှိကုန်၏၊ **တေပိ** – ထိုဂန္ဓဗ္ဗနတ်တို့သည်လည်း၊ **အမှေ**–ငါတို့ကို၊ **အရောဂေန စ** – အနာမရှိသဖြင့် လည်းကောင်း၊ **သုခေန စ**–ချမ်းသာသဖြင့် လည်းကောင်း၊ **အနုရက္ခန္တု** – အစဉ် စောင့်ရှောက်စေကုန်သတည်း။

◎ **ဒက္ခိဏသ္မိံ ဒိသာဘာဂေ**–တောင် အရပ်မျက်နှာအဖို့၌၊ **မဟိဒ္ဓိကာ**–ကြီးသော တန်ခိုးရှိကုန်သော၊ **ဒေဝါ**–ကုမ္ဘဏ်နတ်တို့သည်၊ **သန္တိ**–ရှိကုန်၏၊ **တေပိ**–ထိုကုမ္ဘဏ် နတ်တို့သည်လည်း၊ **အမှေ**–ငါတို့ကို၊ **အရောဂေန စ** – အနာမရှိသဖြင့်လည်းကောင်း၊ **သုခေန စ**–ချမ်းသာသဖြင့် လည်းကောင်း၊ **အနုရက္ခန္တု** – အစဉ် စောင့်ရှောက်စေကုန်သတည်း။

◎ **ပစ္ဆိမသ္မိံ ဒိသာဘာဂေ**–အနောက် အရပ်မျက်နှာအဖို့၌၊ **မဟိဒ္ဓိကာ**–ကြီးသောတန်ခိုး ရှိကုန်သော၊ **နာဂါ**–နဂါးတို့သည်၊ **သန္တိ**–ရှိကုန်၏၊ **တေပိ**–ထိုနဂါးတို့သည်လည်း၊ **အမှေ**–ငါတို့ကို၊ **အရောဂေန စ** – အနာမရှိသဖြင့် လည်းကောင်း၊ **သုခေန စ**–ချမ်းသာသဖြင့် လည်းကောင်း၊ **အနုရက္ခန္တု** – အစဉ် စောင့်ရှောက်စေကုန်သတည်း။

◎ **ဥတ္တရသ္မိံ ဒိသာဘာဂေ**–မြောက် မျက်နှာအရပ်အဖို့၌၊ **မဟိဒ္ဓိကာ**–ကြီးသောတန်ခိုး ရှိကုန်သော၊ **ယက္ခာ** – ဘီလူးတို့သည်၊ **သန္တိ**–ရှိကုန်၏၊ **တေပိ**–ထိုဘီလူးတို့သည် လည်း၊ **အမှေ**–ငါတို့ကို၊ **အရောဂေန စ**–အနာမရှိသဖြင့် လည်းကောင်း၊ **သုခေန စ**–ချမ်းသာသဖြင့် လည်းကောင်း၊ **အနုရက္ခန္တု** – အစဉ် စောင့်ရှောက်စေကုန် သတည်း။

◎ **မဟိဒ္ဓိကာ** – ကြီးသောတန်ခိုး ရှိကုန်သော၊ **အာကာသဋ္ဌာစ**–ကောင်းကင်၌လည်း တည်ကုန်သော၊ **ဘူမဋ္ဌာ စ** – မြေ၌လည်း တည်ကုန်သော၊ **ဒေဝါစ** – နတ်တို့သည်လည်းကောင်း၊ **နာဂါစ**–နတ်တို့သည်လည်းကောင်း၊ **သန္တိ**–ရှိကုန်၏၊ **တေပိ**–ထိုနဂါးတို့သည် လည်း၊ **အမှေ**–ငါတို့ကို၊ **အရောဂေန စ** – အနာမရှိသဖြင့် လည်း ကောင်း၊ **သုခေန စ**–ချမ်းသာ သဖြင့်လည်းကောင်း၊ **အနုရက္ခန္တု**–အစဉ် စောင့်ရှောက်စေကုန် သတည်း။

◎ **ဣမေ သာသနေ** – ဤသာသနာ တော်၌၊ **ဝသန္တာ**–နေကုန်သော၊ **မဟိဒ္ဓိမန္တော**–ကြီးသောတန်ခိုး ရှိကုန်သော၊ **ယေဒေဝါစ**–အကြင် နတ်တို့သည်လည်း **သန္တိ**– ရှိကုန်၏၊ **တေပိဒေဝါ**–ထိုနတ်တို့သည်လည်း၊ **အမှေ**–ငါတို့ကို၊ **အရောဂေန စ** –အနာမရှိသဖြင့် လည်းကောင်း၊ **သုခေန စ**–ချမ်းသာသဖြင့် လည်း ကောင်း၊ **အနုရက္ခန္တု**–အစဉ် စောင့် ရှောက်စေကုန်သတည်း။

***[ဤဂါထာများ ပါဠိအနက်ကို နက္ခတ္တဗေဒင်ဖြည့်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဗိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

နေ့သားအလိုက် အင်းတော်များ


* * *

<u>တနင်္ဂနွေသား</u>




www.burmeseclassic.com


တနင်္လာသား




အင်္ဂါသား




ဗုဒ္ဓဟူးသား




ကြာသပတေးသား




သောကြာသား



စနေသား



ရာဟုသား



***အဓိဋ္ဌာန်ပြီးမြောက် မင်္ဂလာ ချမ်းသာ ဘယာဘေးကင်း ငြိမ်းချမ်းခြင်း ရှိပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

စာမျက်နှာ (၁၇၈)မှ အဆက်

ဖြစ်ပါတယ်။ အလေးချိန် တစ်မူး သားခန့်ကို လုံးဝိုင်းနေအောင် စီမံထားပါတယ်။

အိမ်တိုင်စိအိမ်မှာ အန္တရာယ်ရှိ၊ မရှိ သိနိုင်အောင် ဖန်ခွက်ကလေးထဲ ရေထည့်ပြီး ပြဒါးလုံးကလေး ရေထဲ ထည့်ကြည့်မယ်ဆိုရင် ရေထဲမြုပ်သွားရင်တော့ အန္တရာယ် ရှိပါတယ်။ သူများတွေ ကြံစည်ထားတာကိုလဲ သိနိုင်ပါတယ်။ ထူးခြားတဲ့ လောကီစီမံမှု ကလေး တစ်မျိုးပေါ့။

နောက်… ဟောဒီ **မိုးကြိုးသွားကလေးနှစ်ခုက** ဝမ်းတွင်းသက်တန့်၊ အပြင်သက်တန့်တွေကို ကုသတဲ့ နေရာမှာ အသုံးပြုလို့ရသလို အမျိုးသမီးတွေမှာ ဖြစ်တတ်တဲ့ ရင်သား အကျိတ်ရောဂါကို ဆန်းဆေးရည်နဲ့ သွေးပြီး လူးပေးရင် ပျောက်ကင်း ချမ်းသာစေပါတယ်။

ဒီလို လောကီသုံး ထူးခြားတဲ့ ပစ္စည်းတွေကို ကုလားမတောင်မှာ လှည့်လည်ပြီး တရားအားထုတ်နေတဲ့ ကုလားမတောင် ရသေ့ကြီးက သူ့ရဲ့ ဆွမ်း၊ ကွမ်းဒကာတွေ ကျန်းမာကြစေဖို့ ကုသကယ်တင်ပေးတဲ့ နေရာမှာသုံးတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်'

ဟု ပစ္စည်းများကို ထုတ်ပြသူ ဦးသြဘမှ ပြန်လည်ပြောပြပါသည်။

ဖော်ပြပါ လောကီသုံး ထူးခြား လက်စွပ်၊ ပြဒါးလုံး၊ မိုးကြိုးသွားများနှင့် ပတ်သက်၍ ကုလားမတောင်မှ အဓိဋ္ဌာန်ဝင်၍ ပြန်ကြွလာခဲ့သော ဆရာတော်ဦးသြဘကို ရသေ့ကြီးမှ လှူဒါန်းလိုက်သော ပစ္စည်းများဖြစ်ပါသည်၊

စာဖတ်သူများအနေဖြင့် လောကီ စီရင်မှု ပစ္စည်းများအကြောင်း ဗဟုသုတ အဖြစ် လေ့လာနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

**သန်းထွန်းသိန်း(ကုလားပြည်နယ်)**

www.burmeseclassic.com

www.burmeseclassic.com



ဗျိုးတင်
(ညောင်လေးပင်)

# စေတီဂမုန်း(ခေါ်)

## မြေဆိပ်နိုင်သော ဂမုန်းပင်

၂၀၁၇ ခုနှစ် မေလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆရာပွင့်ဆန်း (ပုပ္ပါး)က **"မြွေဆိပ်နိုင်သော ဂမုန်းပင်"** ဆောင်းပါးကို ရေးသား တင်ပြခဲ့ပါသည်။

ထိုဆောင်းပါး အောက်ခြေတွင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဦးကျော်မိုးသိန်းက သိသူများက ဓာတ်ပုံများနှင့်တကွ ဖြည့်စွက်တင်ပြပေးပါရန် ဖိတ်ခေါ်ထားပါသည်။

အယ်ဒီတာချုပ်ကြီး၏ မေတ္တာရပ်ခံချက်ကြောင့်ပင် အတန်ကြာ စာမရေးဖြစ်တဲ့ နေခဲ့ရာမှ မိမိသိထားသမျှကို **"စေတီဂမုန်း(ခေါ်)မြွေဆိပ်နိုင်သော ဂမုန်းပင်"** ဆောင်းပါးဖြင့် တင်ပြလိုက်ပါသည်။

မိမိစိုက်ပျိုးထားသော အသင့်ရှိနေသည့် ဂမုန်းပင်များကိုလည်း ဓာတ်ပုံများ ရိုက်ကူး တင်ပြပေးလိုက်ပါသည်။

စေတီဂမုန်း(ခေါ်) မြွေဆိပ်နိုင်ဂမုန်းပင်ကလေးများ ရှင်သန်ပေါက်ရောက်မှုမှာ ထူးခြားပါသည်။

ဤစေတီဂမုန်းပင်များကို စာရေးသူသည် လွန်ခဲ့သော(၁၅)နှစ်ခန့်က စတင်၍ တွေ့မြင်ဖူးပြီး စိတ်ဝင်တစား ရှိခဲ့ပါသည်။

ဝဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ တံခွန်တိုင်ကျောင်းပေါင်းကြီး၏ရှေ့တွင် ရှိသော သရက်ပင်ကြီးတွင် စင်ရိုက်၍ စေတီဂမုန်းများကို ပန်းအိုးနှင့် စိုက်ပျိုးထားခဲ့သည်။

ထိုအပင်များကို မျိုးတောင်း၍ ပန်းအိုးတွင် ရှိသေစွာ ဂရုပြုစိုက်ပျိုးထားခဲ့ရာ စေတီဂမုန်းပင်များ ပျိုးပွားလာခဲ့ပါသည်။

စေတီဂမုန်းပင်၏ ဥတက်များသည် မြေပေါ်တွင် ပေါ်လွင်ထင်ရှားစွာ ပေါက်ရောက်နေပါသည်။ မြေအောင်းပင်စည်မျိုးဖြစ်သော ချင်းပင်၊ နနွင်းပင်၊ ကန်စွန်း



www.burmeseclassic.com

www.burmeseclassic.com






ဥပင်တို့ကဲ့သို့ မြေအောက်တွင် ဥချခြင်း မဟုတ်ဘဲ မြေပေါ်တွင်သာ ထင်ထင် ရှားရှား ရှိနေပါသည်။

**ဥတစ်လုံးစီ၏ အရွယ်မှာ ကြက်သွန်နီ ဥကြီးအရွယ်ထက် ကြီးပါသေးသည်။ အမြစ် အရစ်အရစ်များနှင့် စေတီငယ် တစ်ဆူသဏ္ဍာန်ရှိသည်။**

အရွက်များမှာ ကြက်တောင်စည်း ကဲ့သို့ ဥ၏အဖျားတွင် ရှည်လျားစွာ ထွက်ကြသည်။ အစိမ်းရောင်ဖြစ်ပြီး တစ်တောင်ခန့် ရှည်သွယ်ပါသည်။

အရွက်အနေအထားမှာ ထူထူပိန်း ပိန်းနှင့် ရွက်လယ်၌ အတန်ငယ်ပေါ် လွင်နေသော ရွက်လယ်ကြောရှိသည်။

စေတီဂမုန်းပင်သည် နွေရာသီ တပေါင်း၊ တန်ခူးလများတွင် ပွင့်တံ တစ်ဖောင်ခန့် ထွက်လာပြီး ဘေး တစ်ဖက်တစ်ချက်စီတွင် အပွင့်ကလေး များ အလှည့်ကျ ပွင့်ကြသည်။ အပွင့် ကလေးများမှာ သေးငယ်၍ သစ်ခွပန်း နှင့်တူသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ တစ်နံ တစ်လျား၌ ဘုရားစေတီများ ထီးတင် လေ့ရှိသည် စေတီဂမုန်းစိုက်သူသည် ရွှေရည်ငွေရည်လောင်း၍ မြင့်မြတ် သောမြေတွင် စိုက်ရသည်။

လူတို့ ကျော်ခွခြင်း မပြုရပါ။ စေတီ ဂမုန်းပင်ကို လူတိုင်း စိုက်၍ မရပါ။ မြေသန့်ခြင်း၊ မြင့်မြတ်သောနေရာ ဖြစ်ခြင်း ရှိဖို့လိုပါသည်။

စာရေးသူ စိုက်ပျိုးထားသော စေတီ ဂမုန်းပင်များသည် ရှင်သန်ပွားများ လာ ပါသည်။ စိတ်ဝင်စားသူများကိုလည်း စေတနာနှင့် ပေးကမ်း လှူဒါန်းပေး သည်။

စာရေးသူက စေတီဂမုန်းပင်ပေး သောအခါတိုင်းတွင်...

'စေတီဂမုန်းပင်ကို မြင့်မြတ်သောနေရာတွင် များတွင် စေတီတစ်ဆူ တည်ထားကိုးကွယ် သကဲ့သို့ ယုံကြည်လေးစားစွာ စိုက်ပျိုးပါ။ သာမန်အားဖြင့် စေတီတစ်ဆူကို တည်ထား ကိုးကွယ်ရန် မလွယ်ပါ။

စေတီဂမုန်းပင်ကို "ရုက္ခစေတီတော် တစ်ဆူ"ဟု သတ်မှတ်ပူဇော်လျှင် စေတီ တည်ထားသည်နှင့်မခြား ငွေကုန်ကြေးကျ မရှိပါဘဲ ကုသိုလ်ထူးကို ရနိုင်ပါသည်'

ဟု ပြောပြခဲ့ပါသည်။ စေတီတစ်ဆူ ကို တည်၍ ကိုးကွယ်ထားသည့်အလား အလင်းတိုင်၊ အမွှေးတိုင်များ လှူဒါန်း ခြင်းပြုရန်လည်း အကြံပြုခဲ့ပါသည်။

စာရေးသူ လက်ဆင့်ကမ်း လှူဒါန်း သူများကလည်း အကြံပြုသည့် အတိုင်း လုပ်ဆောင်ကြသောကြောင့် စီးပွားလာဘ်လာဘ ပွင့်လင်းလာကြ ကြောင်း အားတက်သရော ပြောပြခဲ့ ကြပါသည်။

ဤသို့သော အခြေအနေတွင် ၂၀၁၇ ခုနှစ်၊ မေလထုတ်၊ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းပါ "မြွေဆိပ်နိုင်သော ဂမုန်းပင်" ဆောင်းပါးကို ဖတ်ရသော အခါ စာရေးသူသည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

**အကြောင်းမှာ စာရေးသူစိုက်ပျိုးထား သော စေတီဂမုန်းမှာ စီးပွားလာဘ်လာဘ ပွင့်လင်းရုံသာမက လူသားတို့ကို မြွေဆိပ် အန္တရာယ်မှ ကာကွယ်တားဆီးပေး ကြောင်း သိလိုက်ရသောကြောင့် ဖြစ် ပေသည်။**

ဆောင်းပါးရှင်၏ တင်ပြချက်အရ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်တောင်းကွေ့ရွာတွင် အသက်(၇၀) အရွယ် ဦးဘိုးမင်းဆိုသော အဘိုး တစ်ဦး နေထိုင်ခဲ့သည်။

စစ်တောင်းကွေ့ ရွာဝန်းကျင်တွင် ဇီးကုန်းရွာ၊ ရှမ်းတောရွာ၊ အထက်စီခွ ရွာ၊ အောက်စီခွရွာ၊ ကရင်တောရွာများ တည်ရှိပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုရွာတို့မှ ရွာသူရွာသားများသည် အရေးကြုံလာလျှင် ဦးထွန်းမင်း၏ မြွေဆိပ်နိုင် ဂမုန်းပင်ကို သတိရကြသည်။

ဦးထွန်းမင်း၏ ပြောပြချက်အရ နွေပေါက်လာသော် အပင်အရွက်များ ကျသွားပြီး ဥများတွင် အဖြူဖတ်ကလေးများ အရစ်အခွေအဖြစ် ပတ်လျက် စေတီပုံ ဥများကျန်နေပါသည်။

**စာရေးသူ၏ အတွေ့အကြုံမှာ ရေကို မုံ့မှုန်ပလောင်း၍ စိုက်ပျိုးထားရာ အပင်ကျသွားသော်လည်း တစ်ပေသာသာ မှိုတံကလေးများထွက်လာပြီး ဥတစ်ဥလျှင်စီတွင် မှိုတံ တစ်ပက်တစ်ချက်စီ၌ အဝါရောင် ပန်းပွင့်ကလေးများ ပွင့်နေသည်ကို တွေ့ရသည်။**

ဦးထွန်းမင်း၏ အတွေ့အကြုံအရ ဤဂမုန်းပင်သည် မြွေဆိပ်ကို ကောင်းစွာနိုင်လေသည်။ မြွေပွေးပိုးထိခြင်း ခံရသော လူတစ်ယောက်ကို ဆေးရုံသို့ တင်လာစဉ် အဘိုးနှင့် တွေ့၍ ဂမုန်းဥမှ ဆက်သန်းဖျားအရွယ် (၃)ခုခန့် ဖဲ့၍ ကိုက်ဝါးစားစေပြီးမှ ဆေးရုံသို့ ပို့ခဲ့သည်။

ဆရာဝန်က အဆိပ်ကို ရှာဖွေရာတွင် အဆိပ်မတွေ့ရသောကြောင့် အဆိပ်မရှိသောမြွေဟု ကောက်ချက်ချ ပြောဆိုခဲ့ပါသည်။

အသင့်ရိုက်၍ ယူသွားသော မြွေပွေးသေကို ပြသောအခါ အဆိပ်ပြီးသော မြွေဂမုန်းကြောင့်ဟူသော အဖြေကို တွေ့ရှိ လက်ခံခဲ့ပါသည်။

ဦးထွန်းမင်း၏ အဆိုအရ ပိုးထိသူများကို ကူညီကုသခဲ့ရာ အဖိတ်အစင် မရှိကြောင်း သိရပါသည်။ ဦးထွန်းမင်း ကိုယ်တိုင် မြွေပွေး(၇)ခါတိတိ အကိုက် ခံခဲ့ရသည်။

ထိုအခါ မြွေနိုင်ဂမုန်းပင်ဥကို လက်သန်းဖျားခန့် (၃)ခု ဖဲ့ယူဝါးစားခဲ့သည်။ အနီးရည်သောက်ကာ စောင်ခြုံ၍ အိပ်နေခဲ့ပြီး အိပ်ရာနိုးသည်နှင့် အကောင်း ပကာတိ အလုပ်အကိုင်များကို ဆက်လုပ်နိုင်ကြောင်း ဆိုလေသည်။

ဆောင်းပါးပါ တင်ပြချက်အရ ထိုဂမုန်းဥကို ကျော်ဖြတ်သွားမိလျှင် အဂ်စပ်များ ဖူးရောင်လာကြသည်။ ထိုအခါတွင် ဂမုန်းပင်၌ အလင်းတိုင်၊ အမွှေးတိုင်များ ညှိထွန်း၍ တောင်းပန်မှ ပျောက်ကင်းသည်ဟု ဆိုပါသည်။

ဂမုန်းပင်အနီး၌ ကျင်ကြီး၊ ကျင်ငယ် စွန့်ခြင်း၊ တံတွေးထွေးခြင်း၊ ကွမ်းတံတွေး ထွေးခြင်း မပြုရပါ။ မဖွယ်မရာပြုမိလျှင် ဂမုန်းပင်တို့အလိုအလျောက် သေကုန်ကြသည်။

ထိုဂမုန်းပင်မျိုးကို ဦးထွန်းမင်းသည် ပုပ္ပါးတောင်မှ ပွဲပေးပြီး ပင့်ဆောင်စိုက်ပျိုးခဲ့သည်။ ဦးထွန်းမင်းသည် ထိုဂမုန်းပင်နှင့် စီးပွားမရှာပါ။ စေတနာထားကာ ကုသပေးခြင်းသာပြုကြောင်း *တင်ပြထားပါသည်။*

စာရေးသူ သိထားသမျှနှင့် ပေါင်းစပ်လိုက်သောအခါ ဂမုန်းစေတီ(ခေါ်) မြွေဆိပ်နိုင်ဂမုန်းပင်သည် ဂမ္ဘီရဆန်စွာ တန်ခိုးသိဒ္ဓိများ ကိန်းအောင်းနေသော အပင်မျိုးဟု ဆိုချင်ပါသည်။ (၂)စွယ်ရ အပင်မျိုးဟု ပြောနိုင်ပါသည်။

စီးပွားပွင့်လင်း၍ မြွေဆိုးအန္တရာယ် ကာကွယ်နိုင်ပါသည်။ ဤအပင်ကို စိုက်ပျိုးလိုလျှင် စာရေးသူထံတွင် လှူဒါန်းရန် အသင့်ရှိပါသည်။

**ဆက်သွယ်ရန်မှာ ဦးမျိုးတင့် (ညောင်လေးပင်)မဒေါက်မြို့၊ တံခွန်တိုင် ပရိယတ္တိစာသင်တိုက်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး** ဟူ၍ ဖြစ်သည်။

***မေတ္တာရည်လျက်...***

**မျိုးတင့်(ညောင်လေးပင်)**

စာမျက်နှာ (၁၈၈)မှ အဆက်

ပြည့်စုံလျက် ဘုန်းကြီးပါရစေ”

ဆိုပြီး ဆုတောင်းရာ၏။

**အိပ်မက် မြင်မက်မှု ကောင်းလျှင်** အထက်ပါအတိုင်း ယတြာပြုရာ၏။ ဂုဏ်တော်(၉)ပါးအနက် အရဟံဂုဏ်တော်ကိုဖြစ်စေ ပုတီး(၉)ပတ်စိပ်ပါ။ သို့မဟုတ် ဂုဏ်တော်(၉)ပါးစလုံး တစ်မျိုးလျှင် တစ်ပတ်စီ (၉)ပတ်စိပ်ပါ။ သပြေ(၅)ညွန့် ဘုရားလှူပါ။

**အိပ်မက် မြင်မက်မှု မကောင်းလျှင်** ဆမင်းဆုပ်၊ ရေတစ်မှုတ်နှင့် သစ်ငုတ်တို့တွင် တင်ထားခဲ့ပါ။

အိမ်ရောက်လျှင် ပရိတ်ရေနှင့် ခေါင်းလျှော်ပါ။ ဘုရားသွားပြီး ရေသောက်စေ့လှူပါ။ ထီး၊ တံခွန်၊ ပန်းတို့ဖြင့် ပူဇော်ကန်တော့ပါ။ မွေးနေ့တွင် နဝင်္ဂသီလ ဆောက်တည်ပါ။

နောက်တစ်နည်းကား အိပ်မက်မှ အနိုးတွင် အိပ်မက် မကောင်းပါက မျက်နှာသစ်ခြင်း အမှုမပြုမီ *အပေါ့သွားလိုက်ပါ။ အပေါ့သွားနေစဉ်...*

‘ငါ၏ မကောင်းသော အိပ်မက်သည် ငါ့အတွက်လည်းကောင်း၊ ငါ့သားသမီး အတွက်လည်းကောင်း၊ ငါ့မိသားစုအတွက် လည်းကောင်း မှားဘေးနာဘေး ရောဂါ ဂြိုဟ်ဆိုး ကြမ္မာဆိုးပါမကျန် မကောင်းသော အနိဋ္ဌာရုံတို့သည် ငါ၏ ဆီးနှင့်အတူ လွင့်ပါး ပျောက်ကွယ်သွားစေ’

ဟုဆိုပြီး စွန့်ပါ။

ဤသို့ ဆောင်ရွက်ပြီးမှ မျက်နှာသစ်၊ ဘုရားရှင်အား ရေကြည်တော် သောက်တော်ရေများ ကပ်လှူဒါန်းပြီး ဆီမီး(၅)တိုင် ပူဇော်ပြီး...

‘နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’

(၃)ကြိမ်ရွတ်ဆိုပြီး မေတ္တာသုတ် ရွတ်ပါ။ **ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃဂုဏ်တော်တို့ကို** ရွတ်ပါ။ ပြီးမှ **ယံ ဒုန္နိမိတ္တံ အစရှိသော ပုဗ္ဗဏှသုတ်**ကိုရွတ်ပါ။ဝေနေယျသတ္တဝါများကို အမျှပေးဝေပါ။ သုတောင်းပါ။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com





မောင်ပြယ်ဟိန်း
(အင်းတော်)

# အိပ်မက်ယတြာ

အိပ်လျှင် မက်သည်၊
မအိပ်လျှင် မမက်ဘူးဟူသော
ရှေးလူကြီးသူမများ ပြောခဲ့သည်ကို
စာရေးသူငယ်စဉ်က ကြားခဲ့ဖူးပါသည်။

တကယ်တော့ လူသည် ဘဝင်စိတ်ဖြင့် အိပ်ပျော်နေခြင်းမဟုတ်။ ငိုက်ခနဲပျော်၊ ဖျတ်ခနဲ မက်လိုက်သည့် အချိန်ကလေးပင်ဖြစ်ပါသည်။ အိပ်မက်သည် လေးမျိုးရှိသည်။

၁။ သွေးလေချောက်ချားသဖြင့် မက်တတ်ခြင်း၊
၂။ တွေ့ဖူး၊ ကြုံဖူးခဲ့သည့် အစွဲအလမ်းကြောင့် မက်ခြင်း၊
၃။ နတ်, ပယောဂတို့ကြောင့် မက်ခြင်း၊
၄။ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို အကြောင်းပြုပြီး အကျိုးအပြစ်မဖြစ်မီ ပုဗ္ဗနိမိတ် အထင်အားဖြင့် မက်ခြင်း၊

လောကီပညာရပ်တွင် နေ့ကစွဲ၍ မက်ခြင်းနှင့် ပတ်သက်ပြီး အကျိုးပေးအဖြစ် ဖော်ပြကြသည်။

**၁။ တနင်္ဂနွေနေ့မက်လျှင် ⇨ ဇနီးအတွက်**
**၂။ တနင်္လာနေ့မက်လျှင် ⇨ ဆွေမျိုးသားချင်းအတွက်**
**၃။ အင်္ဂါနေ့မက်လျှင် ⇨ သားသမီးအတွက်**
**၄။ ဗုဒ္ဓဟူးနေ့မက်လျှင် ⇨ သူငယ်ချင်းအတွက်**
**၅။ ကြာသပတေးနေ့မက်လျှင် ⇨ ငယ်ရွယ်သူတွေ အတွက်**
**၆။ သောကြာနေ့မက်လျှင် ⇨ ကျွန်, ကျွဲ, နွား သတ္တဝါများအတွက်**
**၇။ စနေနေ့မြင်မက်လျှင် ⇨ ကိုယ့်အတွက်**

**အကဲ့ရ ရသေ့ စီရင်သောကျမ်းမှ** ဤသို့ဆိုခဲ့သည်။ အချိန်ကာလအားဖြင့် အကျိုးပေးပုံ သတ်မှတ်ချက်မှာ...

၁။ **ညဉ့်၏ ပထမယံတွင် မက်သော အိပ်မက်မှာ** တစ်နှစ်အတွင်း အကျိုးပေးသည်။
၂။ **ညဉ့်၏ဒုတိယယံ၌ မြင်မက်သော အိပ်မက်သည်** တစ်လအတွင်း၊
၃။ **ညဉ့်၏တတိယယံ၌ မြင်မက်သော အိပ်မက်သည်** သုံးလအတွင်း၊
၄။ **ညဉ့်၏စတုတ္ထယံ၌ မြင်မက်သော အိပ်မက်သည်** တစ်လအတွင်း၊
၅။ **အရုဏ်တက်လုဆဲဆဲ မြင်မက်သော အိပ်မက်သည်** ဆယ်ရက်အတွင်း အကျိုးပေးကြကုန်၏။

အိပ်မက်ကောင်းလျှင် ပီတိရင်မှာ အထပ်ထပ် ဖြစ်ရသလို၊ အိပ်မက်မြင်မက်မှု မကောင်းလျှင် စိုးရိမ်ကြောင့်ကြပူပန်မှုများ ဖြစ်ကြရသည်။

ဥပါဒါန်အစွဲဖြင့် ဥပဒ်ရောက်မှာ စိုးရိမ်ကြသည်။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ **ယတြာအလို့ငှာ** စာဖတ်ပရိသတ်အား ပေးလိုပါသည်။

ဘုရားမှာ ဆီမီး(၅)တိုင် ပူဇော်ပါ။ ဘုရားရှိခိုး၊ ငါးပါးသီလယူပါ။ ဘုန်းကြီးကျောင်းသို့ ဆွမ်း,ဟင်းလျာများ စုံလင်စွာဖြင့် ချိုင့်တစ်ချိုင့် ပို့ပါ။

"အသက်လည်းရှည်၊ အနာလည်းမဲ့ ကျန်းမာချမ်းသာစေပြီး စည်းစိမ်ဥစ္စာနှင့်

စာမျက်နှာ (၁၈၇) သို့

www.burmeseclassic.com

# ကိုက်သောခွေး မကိုက်စေသော

လက်တွေ့အသုံးချ မန္တန်

ကြာသိမြိုင်

ဆရာကြီးဦးသိန်းသည် မူလတန်းကျောင်းအုပ်ဆရာကြီးဘဝနှင့် ပင်စင်ယူခဲ့ပြီးနောက် ပင်စင်လစာ ထုတ်ရန် စာရေးသူရှိရာ နတ်မောက်မြို့သို့ လစဉ်လိုလို ရောက်လာတတ်၏။

သို့သော် ဆရာကြီးဦးသိန်းသည် စာရေးသူ၏အိမ်သို့ ဝင်လေ့မရှိချေ။ တစ်လတွင် ပင်စင်လစာထုတ်ပြီး ရွာပြန်ရန် ကားမမီသဖြင့် ဆရာကြီးဦးသိန်းသည် စာရေးသူ၏အိမ်သို့ တစ်ညတည်းခိုရန် ရောက်လာလေသည်။

စာရေးသူအိမ်တွင် ဘိုဖိုဟု အမည်ပေးထားသော ခွေးကြီးတစ်ကောင်ရှိ၏။ သူစိမ်းတစ်ရံဆံဆိုလျှင် ဘိုဖိုက ကိုက်တတ်ပါသည်။

သို့ဖြစ်၍ စာရေးသူ၏ အိမ်ကို သူစိမ်းတစ်ရံဆံများ အမှူမဲ့ အမှတ်မဲ့ မဝင်ရဲပါ။ "ခွေးကြည့်ပါဦး" ဆိုပြီးမှ ဝင်ရဲပါသည်။

ဆရာကြီး ဦးသိန်းမှာ စာရေးသူ၏ အိမ်ဝိုင်းထဲသို့ "ခွေးကြည့်ပါဦး"ဟု မဆိုဘဲ ဝင်ရောက်လာလေသည်။

ခွေးကြီးကို မြင်သောအခါ သူ့လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ပြီး ခွေးကြီးထံ ပစ်ချလိုက်သည်ကို စာရေးသူ တွေ့မြင်လိုက်၏။

စာရေးသူလည်း အသေအချာကြည့်လိုက်တော့ ဆရာကြီးဦးသိန်း ပစ်ချလိုက်သည်မှာ ထန်းလျက်တစ်လုံး ဖြစ်နေသည်ကို သိရှိလိုက်ရ၏။

ခွေးကြီးသည် ဆရာကြီးဦးသိန်း ပစ်ချလိုက်သော ထန်းလျက်ကို စားပြီး ဆရာကြီးဦးသိန်းကို မာန်ဖီခြင်းပင် မပြုဘဲ တစ်နေရာ သွားအိပ်နေပါတော့သည်။

ညပိုင်း ထမင်းစားပြီး ဆရာကြီးဦးသိန်းနှင့် စကားစပ်မိစပ်ရာ ပြောကြသောအခါ...

'ကျုပ်သိမှာ ကိုက်တဲ့ခွေး မကိုက်အောင် အစာကို မန်းပြီး ကျွေးရတဲ့ မန္တန်ရှိတယ်ဗျ။ ဆရာကြည်အိမ်က ခွေးကြီးဟာ သူစိမ်းတစ်ရံဆို ကိုက်တတ်တယ်ဆိုတာ ကျုပ်ကကြိုပြီး မေးမြန်းလေ့လာထားလို့ သိပြီးသားလေ။

ဒါကြောင့် ညနေက ထန်းလျက်ကို မန္တန်နဲ့မန်းပြီး ဆရာကြည်အိမ်က ခွေးကြီးကို ချကျွေးခဲ့တာ ဆရာကြည်အမြင်ပဲ မဟုတ်လား'

'မြင်ပါ့ဗျာ၊ အဲဒီမန္တန်လေးများ ကျွန်တော့်ကို မချီးမြှင့်ချင်ဘူးလား'

'မန္တန်ကို ယုံကြည်မှု ရှိတယ်ဆိုရင်တော့ ချီးမြှင့်ပါမယ်။ တချို့ကျတော့ ဂါထာပေး တေးဖြစ် ဆိုသလို အလေးအနက် မထားတတ်ဘူးဗျ'

'ကျွန်တော်က အလေးအနက်ထားမှာပါ ဆရာကြီး'

'ဒီမန္တန်ကို **ကျုပ်တို့ ရွာဦးကျောင်းဆရာတော်ကြီး ဦးဝိသာသက** ကျုပ်ကို ချီးမြှင့်ခဲ့တာဗျ။ ဆရာတော်ကြီးက ဒီမန္တန်ကို မချီးမြှင့်မီ ကျုပ်ကို ကတိတစ်ခု တောင်းတယ်၊ အဲဒီကတိကတော့ ကံငါးပါးကို လုံအောင် စောင့်ထိန်းရမယ်တဲ့။

ကံငါးပါးလုံအောင် စောင့်ထိန်းပြီး မနက်တိုင်း **"သဗ္ဗေသတ္တာ အဝေရာ ဟောန္တု"** လို့ မေတ္တာပို့ဖို့လဲ မှာတယ်။ အဲဒီမေတ္တာပို့ကို ပါဠိလိုအပြင်...

"**သဗ္ဗေ** – ခပ်သိမ်းကုန်သော၊ **သတ္တာ**–စကြဝဠာ အနန္တ၌ ရှိကြကုန်သော၊ နတ်, လူ, သတ္တဝါတို့အားလုံးတို့သည်၊ **အဝေရာ**–ဘေးရန်မရှိကြကုန်သည်၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း"

လို့လဲ ရွတ်ဆိုပေးဖို့လဲ ဆရာတော်ကြီးက အမိန့်ရှိတယ်။

ကျုပ်လဲ ဆရာတော်ကြီးကို ကံငါးပါးကို လုံအောင် စောင့်ထိန်းပါ့မယ်ဘုရားလို့ ဝန်ခံကတိပေးခဲ့လို့ ဆရာတော်ကြီးက ဒီမန္တန်ကို ချီးမြှင့်ခဲ့တာပဲ။

ကျုပ်ကလဲ ဆရာကြည် သိတဲ့အတိုင်း ပင်စင်ယူပြီးကတည်းက ဘာသာရေးကို အလေးအနက်





www.burmeseclassic.com

www.burmeseclassic.com

လိုက်စားကျင့်ကြံ အားထုတ်နေခဲ့တယ်လေ။

အဲဒါကြောင့် ထင်ပါရဲ့ ဆရာတော်ကြီး ချီးမြှင့်ခဲ့တဲ့ မန္တန်ဟာ တကယ့်ကို ကျုပ်အဖို့တော့ အစွမ်းထက်နေတယ်ဗျို့။ ဆရာကြည်လဲ ဒီမန္တန်ကို ရယူချင်ရင်တော့ ဆရာတော်ကြီးက ကျုပ်ကို ကတိတောင်းသလို ဆရာကြည်ကိုလဲ ကျုပ်က ကတိတောင်းရလိမ့်မယ်။

ဆရာကြည်အနေနဲ့ ကံငါးပါးကို လုံအောင် စောင့်ထိန်းပါ့မယ်ဆိုတဲ့ ကတိပဲ။ ဘယ့်နှယ်လဲ အဲဒီကတိကို ပေးနိုင်ပါ့မလား'

'ပေးနိုင်ပါတယ် ဆရာကြီးခင်ဗျား'

'ကဲပါလေ ဆရာကြည်ကမှ ကံငါးပါးကို လုံအောင်စောင့်ထိန်းပါ့မယ်ဆိုတဲ့ ကတိပေးရင်တော့ ကျုပ်ကလဲ မန္တန်ကို ချီးမြှင့်ပေးပါ့မယ်'

ထိုသို့ဆိုပြီး ဆရာကြီး ဦးသိန်းသည် သူ့အဖို့ အစွမ်းထက်လျက်ရှိသော အောက်ပါမန္တန်ကို စာရေးသူအား ချီးမြှင့်ခဲ့ပါတော့သည်။

---

ကိုက်တတ်သောခွေး

မကိုက်စေသော မန္တန်

---

ဥုံ ကန္တိ နိယာနိ ပိတ္တယာနိ၊ သုတ္တယာနိ ဉုံ ဆေးစု ပုပ္ပတ္တ သွားဟာ။

အစာကို (၃၇)အုပ်မန်း၍ ခွေးကို ကျွေးပါ။ ကိုက်တတ်သောခွေး မကိုက်တတ်ကြောင်း စာရေးသူ မျက်မြင်ရောကိုယ်တွေ့ပါ တွေ့ရှိချက်များအရ မန္တန်ကို အများသိရှိစေလိုသော ဆန္ဒစေတနာဖြူစင်စွာနှင့် ရေးသားလိုက်ရပါသတည်း။

***အာစရိယဂုဏ် အဟံဝန္ဒာမိ***


**ကြည်မြိုင်**

စာမျက်နှာ (၁၉၁)မှ အဆက်


**လက္ခဏာမေးပဟေဠိ အဖြေများ**

**၁။ ပုံစံ(၂) လက်ဖဝါးပြင်ပိုင်ရှင်က** မျိုးပင်ပေါက် ရောင်းသူဖြစ်ပြီး၊ **ပုံစံ(၁) လက်ဖဝါးပြင်ပိုင်ရှင်က** အလှပြင်ဆိုင်ဖွင့်သူ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုရင် **ပုံစံ(၂) လက်ဖဝါးက လေးထောင့်ကျတယ်။** လက်ထိပ်ဝိုင်းတယ်။ လက်ချောင်းပိန်တယ်။ လက်တွေ့သမားဖြစ်မယ်။




**ပုံစံ(၁)လက်က လက်ဖဝါးနဲ့လက်ချောင်းတွေ ရှည်သွယ်ပြီး** လက်ထိပ်ချွန်တယ်။ လက်ချောင်းတွေပြည့်ဖောင်းတယ်၊ အနုပညာလက်ဖြစ်တယ်။ ***(လက်ခလယ် တစ်ချောင်းစီကို နှိုင်းယှဉ်ကြည့်ပါ။)***





**၂။ အချစ်ရေးကိစ္စတွေမှာ ပုံစံ(၂) လက်ဖဝါးပိုင်ရှင်က သွေးအေးတယ်။** နှလုံးလမ်းကြောင်း ဖြောင့်ပြီး အမျှင်အတက်တွေ အလွန်နည်းတယ်။

**ပုံစံ(၁) လက်ဖဝါးပိုင်ရှင်က** နွေးထွေးမယ်။ နှလုံးလမ်းကြောင်းကွေးပြီး အမျှင်အတက်တွေ များလွန်းတယ်။

**၃။ မိဘဆောင်နှမသွေးမျိုးတွေနဲ့ ပုံစံ(၁)လက္ခဏာရှင်ကပိုပြီး သံယောဇဉ်ကြီးမယ်။**

မိဘမောင်နှမတွေနဲ့ မခွဲမခွာ နီးကပ် စွာ နေထိုင်လုပ်ကျွေး စောင့်ရှောက်တတ်မယ်။

ဘာကြောင့်လဲဆိုရင် ဦးခေါင်းလမ်းကြောင်းဟာ အသက်လမ်းကြောင်းနဲ့ နီးကပ်စွာ ကွေးညွှတ်နေလို့ ဖြစ်ပါတယ်။




*(လက္ခဏာပညာသုတ [illegible]ဘ်းမွားကြပါစေ)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**

*(ဥပဒေသ)*

**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ပုံစံ-၁



၂။ အချစ်ရေးကိစ္စတွေမှာ ဘယ်သူက သွေးအေးသလဲ၊ ဘယ်သူက နွေးထွေးမလဲ၊ ဘာကြောင့်လဲ။

၃။ မိတဆောင်နှမဆွေမျိုးတွေနဲ့ ဘယ်သူက ပိုပြီး သံယောဇဉ်ကြီးမလဲ၊ ဘာကြောင့်လဲ။

မိမိတို့ရဲ့အဖြေများကို အကြောင်းပြချက်နဲ့တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှ ပဟေဠိအဖြေနဲ့ တိုက်ဆိုင်ညှိနှိုင်းကြည့်ကြဖို့ အကြံပေးအပ်ပါတယ်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၁၉၀)တွင်ကြည့်ရှုပါရန်။

ယခုလအတွက် ဖော်ပြပေးလိုက်တဲ့ ဝဲဘက်လက်ဖဝါးပြင်ပုံစံ(၁)နဲ့ ပုံစံ(၂)ပိုင်ရှင်တွေကတော့ ဆိုင်လုပ်ငန်း လုပ်ကိုင်တဲ့သူတွေ ဖြစ်ပါတယ်။ (အမျိုးသမီးတွေပါ။)

အဲဒီ လက်ဖဝါးပြင်ပုံစံတွေကို သေချာစွာ လေ့လာကြည့်ရှု စစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ စိုက်ပျိုးရေး ဝါသနာပါပြီး သစ်ပင်၊ ပန်းပင်၊ မျိုးပင်ပေါက်တွေ ရောင်းတဲ့ ဆိုင်ဖွင့်သူနဲ့ အလှကုန်ပစ္စည်းရောင်းရင်း အလှပြင်ဆိုင်တွဲဖွင့်ထားတဲ့ အလှအပ ဝါသနာပါသူ... ဘယ်သူဖြစ်မလဲ၊ ဘာကြောင့်လဲ။



ပုံစံ-၂



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲနွား

## လည်ချောင်းကွဲရောဂါ

နိုင်ငံတော်က ကျွဲနွားရောဂါတွေကို ကူးစက်ရောဂါအုပ်စုနဲ့ သာမန်ရောဂါအုပ်စု ဆိုပြီး ခွဲခြားထားပါတယ်။ ကျွဲနွား လည်ချောင်းကွဲရောဂါကတော့ ကူးစက်ရောဂါ အမျိုးအစားထဲမှာ ပါ,ပါတယ်။ တချို့ အရပ်ဒေသတွေမှာတော့ လည်တိုနာ၊ ဂူနာဟောက်နာဆိုပြီး ခေါ်ကြပါတယ်။


သေသွားတဲ့အခါ လည်ပင်းကတို သွားလို့ လည်တိုနာလို့ ခေါ်ကြသလို၊ ရောဂါဖြစ်နေတဲ့အချိန်မှာ နွားဆီက ဂူူဆိုတဲ့ အသံမျိုး၊ အိပ်ရင်ဟောက်လို့ မြည်တဲ့အသံမျိုးကြားရလို့ **ဂူနာဟောက်နာ**လို့ ခေါ်ခြင်းဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံးမှာ နေရာမရွေး ဖြစ်ပွားရခြင်း အကြောင်းအရင်းကတော့ ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပါတယ်။ လေထဲမှတစ်ဆင့်သော် လည်းကောင်း၊ အစားအစာများမှ တစ်ဆင့်သော် လည်းကောင်း သေတဲ့ ကျွဲနွားကို မြေမမြှုပ်ဘဲ စားကြတဲ့ အတွက် ပိုပြီးတော့ ကူးစက်မှု မြန်ဆန်စေပါတယ်။

နိုင်ငံတော်က သတ်မှတ်ထားတဲ့ ဥပဒေတွေထဲမှာ တားမြစ်ချက်တွေ ပါ,ပါတယ်။ ဒီရောဂါဖြစ်ပြီဆိုရင် ဆက်လက် မပြန့်ပွားအောင် ထိန်းချုပ်နိုင်ဖို့ လိုပါတယ်။

နယ်တစ်နယ်မှာ လည်ချောင်းကွဲရောဂါဖြစ်ပြီဆိုရင် သက်ဆိုင်ရာကို အချိန်နဲ့ တစ်ပြေးညီ အကြောင်းကြားရပါမယ်။ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးထံကို ဖြစ်စေ၊ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနကို ဖြစ်စေ အကြောင်းကြားရပါမယ်။

ဒါဆိုရင် ရောဂါ ဆက်လက် မပြန့်ပွားအောင် မွေးမြူရေးနဲ့ ကုသရေး ဦးစီးဌာနက လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးတွေလာထိုးပေးပါလိမ့်မယ်။



ဆေးထိုးပြီး တစ်ပတ်အတွင်း ရောဂါကို ခုခံနိုင်တဲ့ စွမ်းအားတွေ ပေါ်လာပါလိမ့်မယ်။ ဒီကာကွယ်ဆေးကို (၆)လတစ်ကြိမ် ထိုးရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနက ကျွဲနွားတွေကို ကာကွယ်ဆေးထိုးဖို့ လာတဲ့အခါ မိမိတို့ရဲ့ ကျွဲနွားတွေ ကာကွယ်ဆေးထိုးပေးဖို့ လိုပါတယ်။

အသက်(၄)လအထက် ကျွဲနွားတွေကို ထိုးပေးနိုင်ပါတယ်။ ဒါဆိုရင် လည်ချောင်းကွဲရောဂါကို ထိန်းချုပ်လို့ ရပါပြီ။ ဒီရောဂါဖြစ်ပြီဆိုရင် ရောဂါလက္ခဏာတွေကတော့ အသက်ရှူရင် အသံမြည်ပါတယ်။

တချို့ကျွဲနွားတွေမှာ လည်ပင်းတွေ ရောင်တတ်ပါတယ်။ ပါးစပ်ကို လက်နဲ့ နှိုက်ကြည့်ရင် အလွန်ပူပါတယ်။ ကျွဲတွေက နွားတွေလောက် ခံနိုင်ရည်မရှိပါဘူး။ ကျွဲတွေဖြစ်ရင် အသေမြန်ပါတယ်။

ကျွန်တော် မြင်းခြံမှာ တာဝန်ထမ်းဆောင်စဉ်တုန်းက ဂင့်ဂဲဆိုတဲ့ ရွာမှာ ကျွဲတွေ လည်ချောင်းကွဲရောဂါ ဖြစ်တာကြုံဖူးပါတယ်။ တစ်အိမ်ထဲမှာ တစ်နေ့ထဲ ကျွဲရှစ်ကောင်သေသွားတာ တွေ့ဖူးပါတယ်။

အထူးသဖြင့် မိုးရာသီမှာ အဖြစ်များတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာတော့ မြန်မာနိုင်ငံအောက်ပိုင်းမှာ အဖြစ်များပါတယ်။

စနစ်တကျ အနောက်တိုင်းဆေးပညာနဲ့ ကုသရင် ပျောက်ကင်းနိုင်သလို **တိုင်းရင်းဆေးတွေ၊ ဆေးပင်တွေ၊ ဆေးမြစ်တွေနဲ့လဲ** ပျောက်ကင်းတာတွေ့ဖူးပါတယ်။

**ဖဝက်သာ(၅)ကျပ်သား**ကို ရေနဲ့ ဖျော်တိုက်ရင် ပျောက်ကင်းပါတယ်။ တနေ့(၃)ကြိမ် တိုက်ရပါတယ်။ တစ်ကြိမ်နဲ့တစ်ကြိမ် (၅)နာရီခြား တိုက်ပေးရပါတယ်။

**နောက်တစ်နည်းကတော့...**

ကြက်သွန်နီ(၂၅)ကျပ်သား၊ ချင်း(၅)ကျပ်သား၊ ရေ(၃)ပုလင်းနဲ့ သုံးခွက်တစ်ခွက်တင်ကျိုပြီး တိုက်ရင်လဲ ပျောက်ပါတယ်။

**နောက်တစ်နည်းကတော့...**

**တောပင်စိမ်းပင် (၁၀)ပင်**ကို ပွင့်ငါးပါး ပြုတ်တိုက်ရင်လဲ ပျောက်ပါတယ်။

အကောင်းဆုံးကတော့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနက ဆရာတွေကို ခေါ်ပြီး ကုရင် ကုသတာရော၊ ကာကွယ်တာရော လုပ်ပေးနိုင်ပါတယ်။

**ငွေသိန်း(တီ/မွေးကု)**



www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မကြီးလေးလုံးကိုသော အမြင်နှင့်အကျင့်

ကသာ သင်းမြွေ



ငယ်သူငယ်ချင်း (ဦး)ကျော်ရွှေ ကသာသို့ ဆေးလာကုရင်း အလည် ရောက်နေသဖြင့် စာရေးသူကိုယ်တိုင် သူ့ကိုခေါ်ပြီး နံနက်စောစော မြို့ပတ်လမ်းလျှောက်ကြသည်။

ထို့နောက် ဒေသအစားအသောက်ဖြစ်သော ဆန်ခေါက်ဆွဲတစ်ပွဲစီ စားကြပြီးနောက် လူစုံသော ဈေးထောင့်ရှိ "အဘစံ"လက်ဖက်ရည်ဆိုင် ထိုင်ကြပါသည်။

တဖြည်းဖြည်းနှင့် လက်ဖက်ရည်ဝိုင်းတွင် လူစုံလာသည်။ (ဦး)ကျော်ရွှေကို တချို့ကမသိ၊ မြင်ဖူးသလိုရှိသော်လည်း အမည်မသိကြပါ။

အဘယ်ကြောင့်ဆိုသော် (ဦး)ကျော်ရွှေသည် ကသာမြို့နှင့် ကင်းကွာနေသည်မှာ နှစ်ပေါင်း(၄၀)ကျော်ပြီ ဖြစ်သလို ကသာသို့ ခဏတဖြုတ် လာလည်ရုံသာ ရှိခဲ့ပါသည်။

စာရေးသူနှင့် သက်တူရွယ်တူဖြစ်၍ (၇၀)ကျော်ပြီ ဖြစ်သော်လည်း ကျန်းမာရေးကောင်းနေဆဲ (သွားသွားလာလာ နေနိုင်သေးသည်ဖြစ်၏။)မို့ (ဦး)ကျော်ရွှေအား ချီးကျူးကြပါသည်။

တစ်ယောက်သောသူက "ဘာဆေးတွေများ မှီဝဲနေတာလဲ"ဟု မေးရာ စာရေးသူက "အသောက် မပျက်သေးလို့ အသက်မပျောက်သေးတာပေါ့ကွ"ဟု အရွှန်းဖောက်လိုက်ပါသည်။

ထိုအခါ (ဦး)ကျော်ရွှေသည် ပါဝါမျက်မှန်ထူထူကြီး တပ်သည့်အလျောက် စာရေးသူအား ပြုံးပြီးကြည့်ပြီးနောက်...

'ကိုချစ်မြိုင် ပြောတာမှန်ပါတယ်။ အခုတော့ လုံးဝ မသောက်တော့တာ ဆယ်စုနှစ် နှစ်စုကျော်ခဲ့ပြီ။ ဟိုတုန်းက သောက်ခဲ့တာလဲ ကိုချစ်မြိုင် အသိဆုံးပါ'

ဟု ပြန်ဖြေပါသည်။

'အရက်ကို စွဲစွဲမြဲမြဲ သောက်ခဲ့ပြီးမှ ဒုန်းဖြတ် ဖြတ်လိုက်ရင် ဝေဒနာတစ်ခုခုတော့ ဖြစ်တယ်လို့ သိရတယ်။ ဦးကျော်ကျတော့ ဘာဖြစ်လို့ မဖြစ်တာလဲ'

ဟု တစ်ယောက်က ဝင်ထောက်ပြန်ပါသည်။

စာရေးသူ၏ စိတ်ထဲတွင် "ဒီကောင်ဘာတွေ လျှောက်မေးနေတာလဲ" အတွေးဝင်သွားပါသည်။ သို့သော် (ဦး)ကျော်ရွှေသည် စိတ်ဆိုးဟန်မပြသည့်အပြင် ပြုံးပြုံးလေးထားကာ အောက်ပါအတိုင်း ပြန်ပြောပါသည်။

'တို့က သောက်တယ်ဆိုတာ မင်းတို့အမြင်တော့ အစွဲသမားကြီးပေါ့။ သောက်နည်းကွာတယ်။ ငါ့အိမ်မှာ အရက်မျိုးစုံရှိတယ်။ ဒါပေမယ့် အချိန်ပြည့် သောက်နေတာ မဟုတ်ဘူး။ အစွဲထားပြီးလဲ မသောက်ဘူး။

ငါတို့အလုပ်က လူပေါင်းစုံနဲ့ ဆက်ဆံရတာဆိုတော့ ဆုံတော့လဲ ဆုံသလို သောက်တယ်။ မဆုံတဲ့နေ့ဆိုတာလဲ မရှိဘူး။

ငါ ပြောမယ်ကွာ၊ ငါက စောစောထတဲ့အကျင့်ရှိတယ်။ အိပ်ရာထ မျက်နှာသစ်ပြီး ဘုရားရှိခိုးတယ်။ ရေမီးဆွမ်းကပ်တယ်။ ရွတ်နေကျ ဘုရားစာတွေ ရွတ်တယ်။ ပြီးမှ စားစရာတစ်ခုခု စားတယ်။ ထမင်းကြော်ဖြစ်ဖြစ်၊ ကောက်ညှင်းပေါင်းဖြစ်ဖြစ်၊ အကြော်ဖြစ်ဖြစ်ပေါ့ကွာ။

တစ်ခါတလေ ရှာမှာဆိုတော့ ဘာမှ စားစရာမရှိရင် ရှိတဲ့ငှက်ပျောသီးတစ်လုံးလောက် စားပြီးမှ အရက်တစ်ခွက် သောက်လိုက်တယ်။

နောက် ရေဝအောင် သောက်တယ်။





www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ လုပ်စရာရှိတာ လုပ်တယ်။ နေ့လယ်ကျတော့ မနက်စာ စားခါနီး တစ်ခွက်သောက်တယ်။ ထမင်းစားတယ်။ ပြီးတော့ နေ့လယ်အနားယူပြီး အိပ်တယ်။ ညနေကျတော့လဲ အလုပ်သိမ်းပြီးမှ သောက်တယ်။ သောက်ပြီးမှစားတယ်။

ငါပြောချင်တာက **အရက်သောက်ပြီး ဘာမှ မစားဘဲနေတာ မဟုတ်ဘူး။ အရက်ကို အလွန်အကျွံ သောက်ပြီး ထမင်းမစားကြဘူး။** ကြာတော့ထိတာပေါ့'

ဟု ပြောပြီး (ဦး)ကျော်ရွှေက စကားကို ရပ်လိုက်ပါသည်။ သူပြောတာကို လက်ခံ မခံ သဘောမျိုးဖြင့် မေးသူအား ကြည့်ပါသည်။

'တောင်ပေါ်က ကချင်ကြီး ပြောသလိုပေါ့ကွ၊ မင်းတို့ ဗမာတွေ အရက်ကို စွဲတယ် စွဲတယ်နဲ့ တို့ကတော့ ထမင်းစားခါနီး တစ်ခွက် အမြဲသောက်တယ်။ မစွဲပါဘူးတဲ့။ ဆိုလိုတာက ဆေးဖြစ်ဝါးဖြစ် သဘောထားပြီး သောက်တာ အစွဲထားပြီး သောက်တာ မဟုတ်ဘူးပေါ့'

ဟု စာရေးသူက (ဦး)ကျော်ရွှေ ပြောချင်တာကို စကားဦးသန်းလိုက်ပါသည်။

'ဟုတ်တယ် စိတ်က အစွဲထားပြီး မသောက်နဲ့၊ ကြိုက်လို့ သောက်နေပါတယ်ဆိုရင်တော့ အစွဲသမားဖြစ်သွားမှာပဲ။ ပြီးတော့ ဆက်သောက်ရင် မူးတော့မယ်လို့သိရင် ဆက်မသောက်တော့ဘူး။ ဝိုင်းထဲက ထလို့ မဖြစ်ရင်လဲ ရေများများရောပြီး လျှော့သောက်တယ်။

ဒါပေမယ့် ညနေတိုင်းလိုလို မူးပြီးမှ အိမ်ပြန်ရတာ။ အိမ်ရောက်တော့ အမူးပြေသွားပြီ၊ ဘာကြောင့်လဲသိလား'

ဟု (ဦး)ကျော်ရွှေက မေးပြန်ပါသည်။ မည်သူမျှ ပြန်မဖြေကြပါ။ သူကပင် ဆက်၍ သူ့အမေးကို သူ ပြန်ဖြေပါသည်။

'တို့က သစ်စက်လုပ်ငန်း လုပ်ခဲ့တာ ကိုချစ်မြိုင် သိပါတယ်။ ဘယ်မှာဆိုတာ ရွာနာမည်တော့ တပ်မပြောချင်ဘူး။ ညနေဆိုရင် ရွာကနေ (၃,၄)မိုင်ဝေးတဲ့ အင်းရွာကို လာရတယ်။

အင်းရွာမှာမှ စားသောက်ဆိုင် ရှိတယ်၊ ပြီးတော့ ဆိုင်ရာတွေနဲ့ တွေ့ပြီး ပေးကျွေးပြီး ပေါင်းထားရတာလေ။ အပြန်မှာ မိုးကလဲချုပ်၊ မူးလဲမူးပေါ့။

အဲဒီခေတ်က ခုလို ဆိုင်ကယ်စီးတဲ့ ခေတ် မဟုတ်သေးဘူး။ စက်ဘီးစီးပြီး သွားရတာ။ အင်းရွာက အထွက် သုသာန်ကိုကျော် လူပြတ်တဲ့ ကြံခင်းတွေကိုဖြတ်ပြီး ပြန်ရတာ။ ကြောက်ကြောက်နဲ့ ဘုရားစာတွေ ရွတ်ရင်း ဒုန်းနင်းပြီး ပြန်ရတာ။

သစ်စက်လဲရောက် ချွေးတွေလဲပြန် မောလဲမော၊ မူးတာလဲပြေ၊ နားပြီး ထမင်းစားပြီးအိပ် ဒီလိုနဲ့ Walking Exerciseမဟုတ်ဘူး။ Riding Exercise လုပ်လို့ ကျန်းမာတာပေါ့ကွာ'

ဟု (ဦး)ကျော်ရွှေက ရယ်စရာ ပြောရင်း သူ့စကားကို အဆုံးသတ်လိုက်ပါသည်။

'ဦးကျော်ရွတ်တဲ့ ဂါထာတွေက ဘာတွေလဲ'

ဟု တစ်ယောက်က ဝင်ထောက်ပြန်ပါသည်။

စာရေးသူ၏ စိတ်ထဲတွင် "ဒီလိုနဲ့ စကားဆုံးတော့မှာ မဟုတ်ဘူး" ဟု တွေးမိပါသည်။

(ဦး)ကျော်ရွှေအကြောင်း စာရေးသူ အသိဆုံးဖြစ်ပါသည်။ သူ့ကိုသာ ဘေးက အလိုက်တသိ လိုက်ပေးနေလျှင် စကားပြောရပ်သူ မဟုတ်ပါ။

'သမ္ဗုဒ္ဓေ ဣတိပိသို့ ဂုဏ်တော်ကိုးပါး၊ ပဋ္ဌာန်း အကျဉ်း ဒါတွေက မင်းတို့ငါတို့ ရွတ်နေကျတွေပေါ့။ မင်းတို့သိမှာ မဟုတ်ဘူး။ "စဓဗဝ" စမကြီးလေးလုံး ဂါထာနဲ့ အပြန်ဂါထာကို ပြောတာ'

ဟု (ဦးကျော်)ရွှေက မေးပြော ပြောသည်ကို စာရေးသူက စမကြီး လေးလုံး ဂါထာကို သိသည်ဟူ၍ ရွတ်ပြလိုက်ပါသည်။

'ကိုချစ်မြိုင် ရွတ်ပြတာ ဟုတ်ပါတယ်။ ဒါပေမယ့် ဗလူပေတောလို့ မရွတ်နဲ့၊ ဗ–လူပေတောလို့ ရွတ်၊ ဒါမှ "ဗ"သံရဲ့ သံပြည့် ဖြစ်လာမှာ၊ အခု ကျွန်တော်ပြောတဲ့ အပြန်ဂါထာ က ဒီလို'

ဟု ပြောပြီး ရွတ်ပြပါသည်။ ထို့နောက် အပြန်ဂါထာအကြောင်းကိုလည်း ပြောပြန်ပါသည်။

'အဖေ့ရဲ့ မှတ်စုစာအုပ်ကို လှန်ကြည့်မိတော့ ဆေးမြီးတိုလေးတွေ၊ ဗေဒင်တွက်နည်းလေးတွေ၊ သွေးတိတ်မန်း၊ ချွေးဟန့်မန္တန် ချွေးရူးကိုက်ပျောက်ဆေး စတဲ့ စပ်ပနာပေါင်းစုံ တွေ့ရတယ်။ အဲဒီထဲမှာ စုန်းတိုက် နတ်တိုက် အမှောင့်ပယောဂဟူသမျှကို နိုင်၍ ရန်သူကိုပင် ဒဏ်ပြန်နိုင်သော စမလေးလုံးဂါထာနှင့် အပြန်ဂါထာဆိုတာ တွေ့ရတယ်။ ဖတ်ကြည့်တော့ စဓဗဝ စမလေးလုံးဂါထာနဲ့ အပြန်ဂါထာဖြစ်တယ်။ သဘောကျလို့ ဒါကို နေ့စဉ် ဘုရားရှိခိုးပြီးတိုင်း ရွတ်တယ်။ ဒါကြောင့်လို့ ထင်တာပဲ ဘာမှ မဖြစ်ခဲ့ဘူး'

ဟု (ဦး)ကျော်ရွှေက ပြောပြီး ရပ်လိုက်ပါသည်။

'စုန်းတစ္ဆေတွေနဲ့ ကြုံခဲ့လို့လား' ဟု မေးသူက မေးရာ စာရေးသူ၏

www.burmeseclassic.com

စိတ်ထဲတွင် "စာမူကြမ်းတစ်ခုတော့ ရတော့မှာပဲ"ဟု တွေးမိပါသည်။

'ငါ သစ်စက် လုပ်ခဲ့တာ အင်းရွာ (ကသာမြို့နယ်)နားက ရွာမှာ ပြီးတော့ မြောက်ယော၊ တောင်ယော ဆိုတာ ရှိတယ်။ တောင်ယောနယ်ဘက်မှာလဲ သစ်စက်လည်းပြီး လုပ်ခဲ့တယ်။ ရောက်လေရာမှာ မိန်းမတွေက မေးခံရတယ်။

ဦးကျော်က ဘာဂိုဏ်းဝင်လဲတဲ့။ ပြောချင်တာက ဝင်းဂိုဏ်း၊ စေတုပ္ပါဒ်ဂိုဏ်း၊ စေတော်ဝင်ဂိုဏ်း၊ ရွှေရင်ကျော်ဂိုဏ်း စတာတွေကို ဆိုလိုတာ။ သူတို့ မေးတော့ ငါသဘောပေါက်တာက ငါ့ကို သူတို့ မကြဲနိုင်လို့ မေးတာလို့ ထင်တယ်။

ငါက လောက်လေးဂိုဏ်းလို့ ဖြေလိုက်တယ်။ လောက်လေးကို မင်းတို့ မြင်ဖူးကြလား... တို့ငယ်ငယ်က ရွာတွေမှာ နွားကျောင်းသား၊ ကျွဲကျောင်းသားတွေ ကိုင်တာ၊ ပစ်ကြတာလေ။ ခုတော့ သားရေပတ်ခွကို လောက်စာလုံးထည့်ပစ်ကြတာ။

ငါ့ကို မကြဲနိုင်ဘူးလို့ ပြောတာကလဲ လက်တွေ့ကြုံရလို့ပါ။ တစ်နေ့မှာ ငါ့ကို သဘော်သီးမှည့် တစ်လုံး လာပေးတယ်။ ညနေကျ သဘော်သီးစားမလို့ ခွဲလိုက်တာနဲ့ လောက်တွေ ထွက်လာတယ်။ ငါ့ကို ငါ့မိန်းမက ဒီလိုပဲ လာလာပေးကြတာ တော် မသိအောင် လွှင့်ပစ်ခဲ့တာ အကြိမ်ကြိမ်ပေါ့လို့ ပြောတယ်။ ငါ့မိန်းမလဲ ဒီဂါထာ နှစ်ခုစလုံးကို နေ့စဉ် ယုံယုံကြည်ကြည် ရွတ်နေတာပဲ'

ဟု (ဦး)ကျော်ရွှေက သူ့အတွေ့အကြုံကို ပြောပြပါသည်။

'ကျွန်တော့်ကို အဲဒီဂါထာ (၂)ခုစလုံး ရေးပေးပါ။ ကျွန်တော်ဟာ တောတွေတောင်တွေထဲ သွားနေရတာ'



ဟု ပြောပြီး ဘောလ်ပင်နှင့် မှတ်စုစာအုပ်ကို (ဦး)ကျော်ရွှေအား ထိုးပေးပါသည်။ ထိုသူမှာ တစ်ချိန်လုံး ငြိမ်ငြိမ်နားထောင်နေသော တောအုပ်ကြီး ဖြစ်ပါသည်။ (ဦး)ကျော်ရွှေက ရေးပေးလိုက်ပါသည်။

ထို့နောက် သတင်းထောက်ပေါက်စက ရေးခိုင်းပြန်ပါသည်။ စာရေးသူလည်း ယုံယုံကြည်ကြည်ထားပြီး ရွတ်ရန် စိတ်ကူးရသဖြင့် ရေးခိုင်းပြန်သည်။

ရေးခိုင်းသမျှကို ရေးပေးပြီး နှစ်ပုဒ်စလုံးကို ရွတ်ပြပါသည်။ ထို့နောက် **"ဗလူပေတော ဗလဒင္ဗော"**ကို "ဗ–လူပေတော ဗလဒင္ဗော"ဟု "ဗ"သံပေါ်အောင် ရွတ်၍ ဌကြီးမှာ ဟ,ထိုးပါတယ်။ ထို့အတူ "ဗဟူဒည ပုည ပုည ပုဏ္ဏံ"ကိုလည်း ဗ–ဟူဒင်ည ပုန်ည ပုန်ဏံ"ဟူ၍ "ဗ"သံပေါ်အောင် ရွတ်ရမည်ဟု ပြောပြပါသည်။

အားလုံးကလည်း နားထောင်နေကြပါသည်။ (ဦး)ကျော်ရွှေ ရွတ်ပြသော ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**စ.ဓ.ဗ.ဝ စံဖလေးလုံးဂါထာနှင့်**

**အပြန်ဂါထာ**

၁။ စက္ခုမာ စရ မာစိဋ္ဌော၊
ဓမ္မညူ ဓမ္မ သာမိကော၊
ဗလူပေတော ဗလဒင္ဗော၊
ဝရဒေါ ဒေတု မေ ဝရံ။

၂။ ဝရံလာဘသိဒ္ဓိ ယုတ္တံ၊
ဗဟူဒည ပုညပုဏ္ဏံ၊
ဓမ္မော ဘာသေဟိ လလိတံ၊
စက္ကံ ဝန္ဒာမိ သမ္ဗုဒ္ဓံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| ၁။ **စက္ခုမာ** | = | စက်ခုမာ |
| **စိဋ္ဌော** | = | စိန်နော |
| **ဓမ္မညူ** | = | ဓမ်မင်ညူ |
| **ဗလဒင္ဗော** | = | ဗလဒန်လှော |
| ၂။ **သိဒ္ဓိ** | = | သိတ်ဓိ |
| **ယုတ္တံ** | = | ယုတ်တံ |
| **ဒည** | = | ဒင်ည |
| **ပုည** | = | ပုန်ည |
| **ပုဏ္ဏံ** | = | ပုန်ဏံ |
| **ဓမ္မော** | = | ဓမ်မော |
| **စက္ကံ** | = | စက်ကံ |
| **ဝန္ဒာမိ** | = | ဝန်ဒါမိ |
| **သမ္ဗုဒ္ဓံ** | = | သမ်ဗုတ်ဓံ |

အနက်

၁။ **စက္ခုမာ**– ဗုဒ္ဓ,ဓမ္မ,သမန္တနှင့် ဉာဏ်, မံသ ငါးဝသော မျက်စိနှင့် ပြည့်စုံတော်မူသော၊ **စရမာစိဋ္ဌော**– သီလ,သမာဓိ,ပညာစသား ကျင့်တရားတို့ကို မနားမနေ ကြိုးစားအား ထုတ်တော်မူပေထသော၊ **ဓမ္မညူ**– လောကုတ် လောကီ နှစ်လီသော တရားဓမ္မကို ကုန်စင်အောင် သိမြင်တော်မူထသော၊ **ဓမ္မသာမိကော**– မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ် အမြွတ်ဆယ်ဖော် တရားတော်၏

www.burmeseclassic.com

အရှင် ဖြစ်တော်မူပေထသော၊ **ဗလုပေတော**–အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူပေထသော၊ **ဗလာဒ္ဒော**– မြဲမြံသော ခွန်အားရှိတော်မူသော၊ **ဝရဒေါ**– နိဗ္ဗာန်တည်းဟူသော ဆုထူးဆုမြတ်ကြီးကို ပေးတော်မူနိုင်ထသော၊ (**ဗုဒ္ဓါ**–မြတ်စွာဘုရားသည်၊) **မေ**–တပည့်တော်အား၊ **ဝရံ**–မြတ်သော ဆုကို၊ **ဒေတု**–ပေးသနားတော်မူပါစေသတည်း။

၂။ **ဝရံ**–ချီးမွမ်းပေအပ် မြတ်လှစွာသော၊ **လာဘာသိဒ္ဓိယုတ္တံ**–လာဘ်လာဘပြည့်စုံခြင်း ပြီးစီးပြီးနှင့်ယှဉ်သော၊ **ဗဟုဒ္ဓညပုညပုဏ္ဏံ**–များစွာသော ဘုန်းကံကို ဖြစ်စေသော ကောင်းမှုကုသိုလ်ရှင်နှင့် ပြည့်စုံတော်မူသော၊ **ဓမ္မောဘာသေဟိ**–တရားတော်အရောင်တို့ဖြင့်၊ **လလိတံ**–တင့်တယ်စံပယ်တော်မူသော၊ **စက္ကံ**–တရားရှစ်ကွက်စက်လက္ခဏာ ရှိတော်မူသော၊ **သမ္ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊(**အဟံ**–အကျွန်ုပ်သည်)၊ **ဝန္ဒာမိ**–ရှိသေမြတ်နိုးရှိခိုးပါ၏။

*[ဤဂါထာတော် ပါဠိအနက်ကို နကွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မှော်စရိယ(မဟာဝဏ္ဏိဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ထိုနေ့က စကားပိုင်းသိမ်းသောအခါ တောအုပ်ကြီးဖြစ်သူက ကျေးဇူးတင်စွာဖြင့် တစ်ပိုင်းလုံးအတွက် ငွေးရှင်ပေးသွားပါသည်။

စမလေးလုံးဂါထာ မှုကွဲရှိကြောင်း သိရပါသည်။ ရှည်မည်စိုး၍ ရေးမပြတော့ပါ။

ထိုဂ္ဂါထာနှစ်ပုဒ်စလုံးကို ပေးသွားသော သူငယ်ချင်း (ဦး)ကျော်ရွှေသည် မန္တလေး ပြန်ရောက်ပြီး မကြာခင် ရုတ်တရက် ကွယ်လွန်ကြောင်း သိရပါသည်။


ထို့ကြောင့် ဂါထာကို ဖြန့်ဝေသွားသော သူငယ်ချင်း (ဦး)ကျော်ရွှေသည် ကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်၍ ဆုတောင်းပေးလိုက်ပါသည်။

ဗုဒ္ဓမြွက်ကြား တရားတော်များကို ကြည်ညိုသဒ္ဓါ ရွတ်ပွားကာဖြင့် ဘေးရန်အန္တရာယ် ကင်းဝေးကြပါစေ။

**ကသာ သင်းမွှေး**

စာမျက်နှာ (၁၉၈)မှ အဆက်

* * *



ထိုအမှတ်အသားကြောင့် ထီဆုကြီးများ ပေါက်ခြင်း၊ အမွေအနှစ်များရခြင်း ငွေကြေး အစုအပုံ ပွပေါက်တိုး အချောင်ရခြင်းများ ဖြစ်တတ်သည်။

စာဖတ်သူများ၏ လက်ဖဝါးပြင်တွင် အထက်ပါ အမှတ်အသားများအနက်မှ အနည်းဆုံး (၇)ချက်ခန့် နီးစပ်တူညီပါရှိလျှင် စီးပွားရေး စွမ်းဆောင်ရှင်၊ လုပ်ငန်းရှင်သူဌေးတစ်ဦး ဖြစ်နိုင်ပါသည်။

**မှတ်ချက်။** ။ အထက်ပါ လက္ခဏာရှင် အမျိုးသမီး အသက်(၃၀) မတိုင်မီက ကျွန်ုပ်နှင့် စတင်တွေ့ဆုံကာ လက္ခဏာစစ်ဆေးခြင်း၊ သူမ၏ အထည်ဆိုင် ရောင်းကောင်းဖို့ ယတြာ အစီအရင်တောင်းခံ ဆောင်ရွက်ခြင်းများ ပြုခဲ့ပါသည်။

ထိုစဉ်ကတည်းက နောင်တစ်ချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကိုကိုင် လှုပ်နိုင်သူတစ်ဦး ဖြစ်လာမည်ဟု သူမကို ဟောပြောခဲ့ဖူးသည်။

ယခုတော့ သူမမှာ **မြန်မာ့အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်တစ်ဦးဖြစ်နေပြီး အထည်စက်ရုံ လုပ်ငန်းအပါအဝင် စီးပွားရေး လုပ်ငန်းများစွာ** လုပ်ကိုင်နေသော လူချမ်းသာတစ်ဦး ဖြစ်နေပြီ။

မြန်မာနိုင်ငံ စီးပွားရေးလောကကို ကိုင်လှုပ်နိုင်သော စူပါပါဝါရှင်တစ်ဦး ဖြစ်နေပေပြီ။ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံကို မှန်ကန်စွာ ပေါင်းစပ်နိုင်ကြပါစေ။

***အောင်မြင်ကျော်ကြား ချမ်းသာကြီး ပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**(လက္ခဏာဗေဒင်ပညာသုတေသီ)**


www.burmeseclassic.com

www.burmeseclassic.com

# စီးပွားရေးစွမ်းဆောင်ရှင်

## အမျိုးသမီးတစ်ဦး၏ လက္ခဏာ


သာရာကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခု **အသက်လေးဆယ်ကျော်** ရှိပြီ ဖြစ်သော အမျိုးသမီးတစ်ဦး၏ ဘယ်လက်ဖဝါးပုံစံကို ဖော်ပြပေးလိုက်ပါသည်။

**"က" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်မအလယ်ဆစ်ရှိ ထင်ရှားသော **"ယဝ" အမှတ်အသား** ဖြစ်ပါသည်။

* * *




ထိုအမှတ်အသားပါရှိသူတို့မှာ ဘဝတွင် စားဝတ်နေရေး ပြည့်စုံရန် အတိတ်ကံရှိကြသည်။

**"ခ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးရင်း ကြာသပတေးဂြိုဟ်ခွင်ရှိ **စတုဂံကွက်ငယ်များ** ဖြစ်ကြသည်။

* * *




ထိုအမှတ်အသားပါရှိသူတို့မှာ စီမံခန့်ခွဲအုပ်ချုပ်မှု ကျွမ်းကျင်ကြသည်။

ထို့ကြောင့် ဝန်ထမ်းအများအပြားရှိသော လုပ်ငန်းကြီးများကို အောင်မြင်တိုးတက်အောင်၊ ရေရှည်ခိုင်မြဲအောင် ပဋိပက္ခတွေ ကင်းရှင်းအောင် ဦးဆောင်နိုင်ကြသည်။

**"ဂ" အက္ခရာနှင့်** **ညွှန်ပြ**ထားသည်မှာ လက်ညှိုးအောက်နှင့် လက်ခလယ်အောက်ကြား ကြာသပတေးဂြိုဟ်ခွင်နှင့် စနေဂြိုဟ်ခွင်ကြားမှာ **ညောင်ရွက်ပုံ** အမှတ်အသားများ ထင်ရှားရှိခြင်း ဖြစ်သည်။

* * *





ထိုအမှတ်အသားပါရှိသူတို့သည် အလှူ အတန်းကြီးများ ပြုရခြင်း အလှူအတန်းကြီး

ပြုခြင်းကြောင့် ဘွဲ့ထူးဂုဏ်ထူးများ ရရှိခြင်း၊ မင်းစိုးရာဇာများ ဘုန်းတန်ခိုးကြီး ဆရာတော်ကြီးများ စသည်တို့နှင့် ရင်းနှီးကျွမ်းဝင်ခြင်းတို့ ဖြစ်တတ်သည်။

**"ဃ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **နှလုံးလမ်းကြောင်းအဖျား တွင် ကြာဖူး**အမှတ်အသား ထင်ရှားရှိခြင်း ဖြစ်သည်။


* * *




ထိုအမှတ်အသား ပါရှိသူတို့မှာ အိမ်ထောင်ရေး သာယာပျော်ရွှင် နိုင်မြဲကြသည်။

**"င" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ခလယ်အောက် စနေဂြိုဟ်ခွင်၊ နှလုံးလမ်းအထက်သို့ **ထောင်လိုက်လမ်း ထောင်တက်** ထင်ရှားရှိနေခြင်း ဖြစ်သည်။

* * *





ထိုအမှတ်အသားရှိသူတို့မှာ အသက်ကြီးပိုင်းရောက်လေလေ ဘာလုပ်လုပ် အောင်မြင်လေလေဖြစ်တတ်သည်။

အလုပ်အကိုင်၊ စီးပွားရေးတို့တွင် ထိပ်ဆုံးရောက် အောင်မြင်တိုးတက်စေတတ်သော အမှတ်အသားတစ်မျိုး ဖြစ်သည်။


**"စ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်ရင်း တနင်္ဂနွေဂြိုဟ်ခွင်မှာ အောင်မြင်ရေးလမ်း **ကြာဖူးပုံဖြင့် အဆုံးသတ်နေခြင်း** ဖြစ်ပါသည်။ ထိုအမှတ်အသား ရှိသူတို့မှာ ရွှေငွေရတနာချမ်းသာ ပြည့်စုံတတ်သည်။

* * *




**"ဆ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သန်းနှင့် လက်သူကြွယ်ကြား **ဗုဒ္ဓဟူးဂြိုဟ်ခွင်နှင့် တနင်္ဂနွေဂြိုဟ်ခွင်ကြားမှာ ညောင်ရွက်ပုံ အမှတ်အသားများ** ထင်ရှားရှိနေခြင်း ဖြစ်သည်။

* * *




ထိုအမှတ်အသားရှိသူတို့မှာ စီးပွားရေးလုပ်ငန်းများ အထူးအောင်မြင်ပြီး နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြားရတတ်သည်။ ဉာဏ်ရည်ထက်မြက် သွက်လက်ချက်ချာ၊ ချမ်းသာကြီးပွား သူတစ်ပါး ယုံကြည်အားထားခံရတတ်သည်။

**"ဇ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သန်းအောက် ၃း ၇ူးဂြိုဟ်ခွင်တွင် **ထောင်လိုက်ˇ၁မ်း(ဗုဒ္ဓဟူးထောင်ဖော့)**ပါရှိခြင်း ဖြစ်သည်။


* * *




၎င်းအမှတ်အသားပါရှိသူတို့မှာ အရောင်းအဝယ် ကုန်သည်လုပ်ငန်းတွင် အကင်းပါးခြင်းကြောင့် အောင်မြင်တတ်သည်။

**"ဈ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ဦးခေါင်းလမ်းကြောင်း အဆုံးမှာ **ကြာဖူးသင်္ကေတရှိခြင်း။ ဦးခေါင်းလမ်း ဖြောင့်တန်းခြင်း**ဖြစ်သည်။


* * *




ထိုအမှတ်အသားပါရှိသူတို့မှာ ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲ၊ သွားရဲလာရဲ စွန့်စားရဲသော သတ္တိရှိခြင်း၊ တွေဝေ ဆုတ်ဆိုင်းခြင်းမရှိဘဲ စိတ်သွားရာကိုယ်ပါ လျင်မြန်သွက်လက်စွာ ဆုံးဖြတ်လုပ်ကိုင်တတ်ခြင်းတို့ကို ဖြစ်စေသည့်အပြင် ဘွဲ့ထူးဂုဏ်ထူးများ ရရှိခြင်းကိုလည်း ဖြစ်စေနိုင်သည်။

**"ည" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ တနင်္လာဂြိုဟ်ခွင် အပေါ်ပိုင်းတွင် **ငါးရှဉ့်အမှတ်အသား**ရှိခြင်း ဖြစ်သည်။

* * *




ထိုသင်္ကေတရှိသူတို့မှာ ယခုဘဝတွင် အိုးအိမ်တိုက်တာ မြေကွက်များစွာ ပိုင်ဆိုင်နေထိုင်ရတတ်ပြီး သူဌေးအခေါ်ခံရအောင် ငွေကြေးဥစ္စာ ပစ္စည်းချမ်းသာ ပြည့်စုံတတ်ကြပါသည်။

**"ဋ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ဖဝါးအောက်ခြေ လက်ဖနောင့်ပိုင်းတွင် **တြိဂံအမှတ်အသား ထင်ရှားရှိခြင်း** ဖြစ်သည်။

စာမျက်နှာ (၁၉၉) သို့



www.burmeseclassic.com

www.burmeseclassic.com

# အံ့မှယ် ဒန့်သလွန်စေ့

မောင်မြအေး(ဓ)
(စီးပွားရေး)



စာရေးသူတို့ မြန်မာနိုင်ငံမှာ ဒန့်သလွန်ပင်ဟာဆိုလျှင် ကလေးက စ,သိကြသလို ဒန့်သလွန်ရွက်၊ ဒန့်သလွန်သီးကိုလဲ လူတိုင်း နှစ်သက်ကြပါတယ်။

အရွက်ကို ဟင်းချိုချက်၊ ကြော်ချက် ချက်စား။ ဒန့်သလွန်သီးကို သီးစုံ (ကုလားဟင်း)ချက်စား၊ အတွင်းသားနဲ့ အစေ့နုကိုခြစ်ယူပြီး ကြော်ချက် ချက်စားတာလောက်သာ အသိများကြပါတယ်။

သို့သော် ဒန့်သလွန်စေ့၊ ဒန့်သလွန်မြစ်တို့ကို မြန်မာဆေး ဖော်စပ်ရာမှာ သုံးတာမှလွဲပြီး ဒန့်သလွန်စေ့ရဲ့ ဆေးဝါးတန်ဖိုးကို သိသူ အလွန်နည်းမည် ထင်ပါတယ်။

ဆေးဝါးတန်ဖိုးအနေနဲ့ ဒန့်သလွန်ရွက်နဲ့အသီးဟာ၊ အစိမ်းရောင်ရှိတဲ့ ဟင်းသီးဟင်းရွက်မို့ ဗီတာမင်A ကြွယ်ဝတယ်ဆိုတာလောက်ပဲ နားလည်ထားပါရဲ့။

မကြာသေးမီက အင်တာနက်မှာ ဖတ်လိုက်ရတဲ့ သတင်းတစ်ပိုဒ်ကြောင့် စာရေးသူ မျက်လုံးပြူးခဲ့ရပါတယ်။

ကြည့်ပါ။ စင်္ကာပူနိုင်ငံမှာ ဒန့်သလွန်စေ့ (၁၀၀)ဂရမ်ကို စင်္ကာပူဒေါ်လာ(၁၀) တဲ့ဗျာ။ 1kgဆို ဒေါ်လာ(၁၀၀)ပေါ့။ မြန်မာငွေနဲ့ဆို ပေါက်ဈေးအရ ကျပ်(၉၇၀၀၀)ကျော် တစ်သိန်းနီးပါးပါ။ 1kg **ဆိုတာ (၆၂)ကျပ်ခွဲသားပဲရှိပါတယ်။** တန်ဖိုးကြီးလိုက်ပုံများဗျာ။

အမေရိကန်နိုင်ငံမှာတော့ ဒန့်သလွန်စေ့တစ်ထုပ်၊ အစေ့(၁၀၀)ကို ခြောက်ဒေါ်လာနဲ့ ဝယ်စားနေတယ် ဆိုပဲဗျာ။ တစ်ဒေါ်လာကို ပေါက်ဈေး (၁၃၆၀)ကျပ်ဆိုတော့ ကျပ်(၈၁၆၀)၊ ဒန့်သလွန်တစ်စေ့ကို (၈၀)ကျပ် ကျော် ကျော် ရှိလေရဲ့။

မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားမှာ တော်တော့်ကို ပေါပေါများများ တွေ့နေရတဲ့ ဒန့်သလွန်ဟာ ဒါလောက် တန်ဖိုးကြီးနေမှန်း စာရေးသူတို့ မသိခဲ့ကြပါဘူး။

ဘာဖြစ်လို့ပါလဲ။ ဒန့်သလွန်ရဲ့ ဆေးဖက်ဝင်တန်ဖိုးကို မသိကြလို့ပေါ့။ ဒါကြောင့်လဲ သူသူငါငါ အိမ်ခြံဝင်း မြေပိုတွေမှာ မိမိတို့မိသားစုစားဖို့ ပိုလျှံရင် အိမ်နီးချင်းတွေကိုဝေဖို့ ဒါ့ထက်ပိုရင် ဈေးမှာရသလောက် ရောင်းဖို့လောက်ပဲ စိုက်ကြတာ မဟုတ်ပါ။

စီးပွားဖြစ်စိုက်တဲ့သူ ဘယ်နှစ်ယောက်လောက်များ ရှိပါသလဲ။ တစ်ယောက်မျှတောင် ရှိမယ် မထင်ပါဘူး။ ရှိရင်လဲ ရှားပါလိမ့်မယ်။

အဲ့ ဒန့်သလွန်သီးတွေ ရင့်သွားတဲ့အခါ သူတို့ဆီမှာလို ဆေးဝါးအဖြစ် စားသုံးတဲ့သူကရော ဘယ်နှစ်ယောက်များ ရှိပါ့မလဲ။ ဝေးလေစွပေါ့ဗျာ။

ဟင်းထဲမှာ အစေ့ရင့်တာတွေပါရင် တောင် ထွေးထုတ်ပစ်ကြတာပါမဲ့ မဟုတ်လားဗျာ။ ဒန့်သလွန်သီးရင့်ရင် ဘယ်သူကမှ မဝယ်ကြပါဘူး။ နုတာလောက်ပဲ ရွေးဝယ်ကြတာပါ။

ကဲ...အဲဒီသတင်းထဲက ဒန့်သလွန်သီးရဲ့ ဆေးဖက်ဝင်အဖြစ် တန်ဖိုးကြီးမားပုံကို ဆက်ဖတ်ကြည့်ပါဦးဗျာ။

ဒန့်သလွန်စေ့မှာ ဓာတ်တိုးဆန့်ကျင် ဒြပ်ပေါင်းတွေ အများကြီး ပါ,ပါနေပါတယ်။ antioxidentတွေပေါ့။ နောက် ဗီတာမင်A, ဗီတာမင်C, Ironခေါ် သံဓာတ်တွေ ပါဝင်ပါတယ်။

ဆေးဝါးတွေ ဖော်စပ်ရာမှာလဲ ဒန့်သလွန်စေ့ကို အာဟာရချို့တဲ့ခြင်း၊ သွေးအားနည်းခြင်း၊ သွေးတွင်း အဆီ

www.burmeseclassic.com

ဓာတ်များခြင်း၊ ဆီးချိုရောဂါ၊ အဆစ်ရောင်အမျိုးမျိုး၊ အိပ်မပျော်ခြင်း၊ အသည်း၊ ကျောက်ကပ်ရောဂါများ၊ ဘက်တီးရီးယားပိုး ကူးစက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း စတာတွေအတွက် သုံးစွဲကြပါတယ်တဲ့ဗျာ။

ဒါ့အပြင် ပိုးသေဆေး၊ အထက်ကျဆေး၊ ကာမအားတိုးဆေး(ကျား/မ)နဲ့ ရောဂါအားလုံးအတွက် သင့်တော်တယ်ဆိုပဲ။

ဟုတ်မှာပေါ့ဗျာ။ ဓာတ်တိုးဆန့်ကျင်ဒြပ်ပေါင်းတွေ ပါနေတာကိုး။ အဆိပ်အတောက်တွေ (ခန္ဓာကိုယ်ထဲက)ကို ဖြေပေးတယ်။ သန့်စင်စေတယ်ပေါ့။

ဒါ့ပြင် ဒန့်သလွန်စေ့ကို ဘယ်လိုစားရမလဲ။ တစ်ခါစားရင် မနက်(၂)စေ့၊ ည(၂)စေ့ထက် ပိုမစားပါနဲ့တဲ့။

အကြောင်းကတော့ အစာအိမ်နဲ့ အူလမ်းကြောင်းကို သန့်စင်စေတဲ့အတွက် အများကြီးစားရင်၊ ဝမ်းသွားတာ၊ ပျို့အန်တာ၊ အိပ်မရတာတွေ ဖြစ်စေပါတယ်။ တန်ဆေး လွန်ဘေးပေါ့။

အခုမှ စ,စားတဲ့သူဆိုရင် တစ်ခါစားရင် **တစ်စေ့**ပဲစားပါ။ နောက်မှ ဖြည်းဖြည်းချင်း တိုးသွားပါ။

ဆီးချို ထိန်းနိုင်ဖို့ဆိုရင်တော့ နေ့တိုင်း **သုံးစေ့** စားနိုင်တယ်လို့လဲ ဆိုပါတယ်။

စားတဲ့အခါ တောင့်ပံလေးတွေကို ခွါစားပါ။ တောင်ပံလေးတွေမှာ အညစ်အကြေးတွေ၊ ပိုးမွှားတွေ ကပ်နေတတ်လို့ပါ။

ကိုယ်အလေးချိန် မြန်မြန်ကျချင်သူတွေကတော့ တောင်ပံတွေ မခွါဘဲ စားနိုင်ပါတယ်။

ရေနွေးသေသေချာချာသောက်၊ အားနည်းနယ်၊ ရေနွေးခါလောက် ပြန်သောက်ပြီး စားလို့ရပါပြီ။

ကိုယ်ဝန်ဆောင်နေစဉ် မစားပါနဲ့။ ဗိုက်ထဲက အစာမရှိတဲ့အချိန် မစားပါနဲ့။ ဒါပေမယ့် ကိုယ်ဝန်လိုချင်တဲ့စုံတွဲတွေအတွက်ကတော့



မှန်မှန် စားသင့်ပါသတဲ့ဗျာ။

ဒန့်သလွန်စေ့က ဦးနှောက်မှတ်ဉာဏ်ကိုလဲ ကောင်းစေတယ်။ ဝမ်းချုပ်ခြင်းလဲ ကင်းစေပါတယ်။

ဒန့်သလွန်စေ့ နေ့တိုင်းစားရင် အားဖြည့်အချိုရည် (Energy drink)တောင် သောက်စရာမလိုဘူးလို့လဲ ပြောပါတယ်။

ပြီးတော့ အစေ့လေးတွေကို ပဲစေ့လို လှော်စား၊ ပြုတ်စားနိုင်သလို အစေ့ကို အမှုန့်ပြုထားလို့လဲ ရပါသတဲ့...။

ကဲ...ဗျာ ဒန့်သလွန်စေ့ရဲ့ အစွမ်းကတော့ အံ့မခန်းပါပဲနော်။

မြန်မာစကားပုံက မရှိတာထက် မသိတာခက်တဲ့။ ဒီအင်တာနက်ကာစာကို ဖတ်ရင်း ဒီစကားပုံ ခေါင်းထဲဝင်လာတာပါ။ ပြီးတော့ ဟို အမေရိကန်နဲ့ ဥရောပကလူတွေကို သနားမိတယ်။

ပြီးတော့ ကျွန်တော်အပါအဝင် မြန်မာပြည်က လူတွေကိုလဲ သနားတယ်။ သူတို့ခဗျာ အသ်က ကြွယ်ရှာပါရဲ့။ ဒါပေမယ့် အသီးက အတော်ရှားနေရှာတယ်။ ကျွန်တော်တို့ကတော့ အသိမကြွယ်ဘဲ အသီးပေါနေတာလေ။

ဒန့်သလွန်ပင် အမြင့်ကြီးမှာသီးနေတဲ့ အသီးတွေဆို မခူးဘဲ ဒီအတိုင်းပဲ ပစ်ထားလိုက်ကြတယ်။ အသီးတွေ ကွဲထွက်၊ အစေ့တွေ လေထဲလွင့်၊ လေနဲ့ပြန့်ပွားခြင်းတွေ ဖြစ်ပြီး အလဟဿတွေဖြစ်၊ နှမြောဖို့ကောင်းလိုက်တာများဗျာ။

ဘုရားရှင်ဟောတော်မူတဲ့ ဥပမာတစ်ခုကိုလဲ ပြန်သတိရမိပါရဲ့ဗျာ။ တောထဲက သမင်ဟာ လမ်းမှာတွေ့တဲ့ ပြည်တန်ဖတ္တမြားကို မြင်ပေမယ့် တန်ဖိုးကို မသိတဲ့အတွက် ကျော်ခွသွားပြီး မြက်တွေကိုပဲ စားသွားတယ်တဲ့။

ခု ကျွန်တော်တို့လဲ တောထဲက သမင်တွေနဲ့ နင်လားငါလားဖြစ်နေပြီ။

ကဲ...စာဖတ်ပရိသတ် အပေါင်းတို့ရေ ဒန့်သလွန်ရင့်လို့ အစေ့တောင် ဒီလောက်အစွမ်းထက်နေတယ်ဆိုရင် မရင့်မီက အတွင်းသားနဲ့ အစေ့တွေရဲ့ စွမ်းပကားတွေကလဲ အာနိသင် နည်းမှာ မဟုတ်ပါဘူး။

ခု ဒီစာရေးနေတဲ့ ၂၀၁၇ ခုနှစ်၊ မတ်လမှာဖြင့် ဈေးထဲမှာ ဒန့်သလွန်သီးတွေ အတော်များများ ရှိနေတာမို့ စာရေးသူကတော့ နေ့တိုင်း ဝယ်စားနေပါကြောင်းနဲ့ ဒန့်သလွန်စေ့ အရင့်တွေကိုလဲ စုဆောင်းထားပြီး ဆေးဝါးအဖြစ် အချိန်မနှောင်းမီ မှီဝဲကြပါစို့လို့ စေတနာကောင်းနဲ့ ကြေငြာမောင်းခတ်ပြီး ဆော်ဩလိုက်ရကြောင်းပါဗျာ။

***ရွှင်လန်း ချမ်းမြေ့ကြပါစေ...။***

**မောင်အေးကြူ** ***(စီးပွားရေး)***

စာကြွင်း

ပုံမှန် ဒန့်သလွန်သီးတစ်တောင့်မှာပါတဲ့အစေ့တွေကို ရေတွက်ကြည့်တဲ့အခါ (၂၀)မှ (၂၅)စေ့ထိ ရှိတာကို တွေ့ရပါတယ်။ တစ်စေ့(၈၀)ကျပ်နဲ့ဆို၊ ဒန့်သလွန်သီးတစ်တောင်ပဲ အနည်းဆုံး (၁၅၀၀)ကျပ်လောက် တန်နေတာကို အံ့ဩဘွယ်ရာ တွေ့ရကြောင်းပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com

# ရှင်ဥပဂုတ္တ

လက်တွေ့ ပွဲတင်နည်းဖြင့်

# မိုးခေါ်နည်း



ဦးကံထွန်းမောင် (LL.B)

ကျွန်တော်၏ မိတ်ဆွေတစ်ဦး စီးပွားရေးတိုးတက်လာ၍ အလှူကြီး တစ်ခု အကြီးအကျယ် လှူပါသည်။

အလှူအတွက် ငါးကြော်များ ကြော်နေစဉ် မိုးဖွဲများ ရွာလာပါသည်။ ထို့ကြောင့် စာရေးသူထံ အပူတပြင်း (၅)ခေါက်တိတိ လူလွှတ်ခေါ်ပါသည်။

ကျွန်တော် လိုက်သွားပြီး ရှင်ဥပဂုတ္တပွဲထိုး မိုးတားပေးလိုက်ရာ (၃)ရက်တိတိ မိုးလေကင်းရှင်းစွာ အလှူကြီးပြီးမြောက်အောင် မြင်သွားပါ၍ ဝမ်းသာမဆုံး ပျော်တပြုံးပြုံး ဖြစ်ရပါသည်။

## လက်တွေ့ ရှင်ဥပဂုတ္တာပွဲတင်ပုံ

ငှက်ပျော(၃)ဖီး၊ လက်ဖက်၊ ထန်းလျက်၊ မုန့်ဖြူ၊မုန့်နီ၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ဆန်တစ်ပြည်၊ ငွေ(၂၅/)ကျပ်၊ အောင်သပြေ၊ အုန်းသီး၊ ရေမွှေးတစ်ပုလင်း၊ ပိတ်ဖြူ(၄)တောင် လိုပါသည်။

**ပထမ**– ငှက်ပျော(၃)ဖီး ရခိုင်ဖြစ်စေ၊ ဖီးကြမ်းငှက်ပျောဖြစ်စေ လှလှဝဝ အမှည့်(၃)ဖီးဝယ်ပါ။

ကြွက်မြီးကောင်းကောင်း အုန်းသီးတစ်လုံးကို ငှက်ပျော(၃)ဖီး ဘေးကဆိုင်၍ ဇလုံတစ်လုံးတွင် ရေဆေးပြီး ပွဲတည်ပါ။

ဖန်ခွက်တစ်ခွက်တွင် ရေထည့်ပြီး သပြေများ ဝေနေအောင် ထည့်ပါ။ လက်ဖက်၊ ထန်းလျက်၊ မုန့်ဖြူ၊မုန့်နီ (၅)ခုစီ ငှက်ပျောပွဲတွင် ကန်တော့ထိုး၍ ညှပ်ပါ။ ကွမ်း(၅)ယာ ထည့်ပါ။

ရေမွှေးကို တရှီးရှီးနဲ့ ပက်ရတဲ့ ရေမွှေးဖြင့် ပက်ဖျန်းထားပါ။ စားပွဲတစ်လုံးတွင် မိုးလယ်ကောင်ချပြီး ထိုစားပွဲပေါ် ပိတ်ဖြူ(၄)တောင် ခင်းလိုက်ပါ။

ဆန်တစ်ပြည်ကို ပိတ်ဖြူနဲ့ ထုပ်ပါ။ **(ပြည်တောင်းထဲထည့်လည်း ရပါသည်။)**

အမွှေးတိုင် ဆန်ပြည်တောင်းထဲ ထွန်းပါ။ ဖယောင်းတိုင် ပွဲစလျှင်စချင်း (၉)တိုင် ထွန်းရပါမည်။

ဘုရားကို စတင်၍ နမောတဿဖြင့် ပင့်ပါ။ ထို့နောက် ရှင်ဥပဂုတ္တမထေရ်ကို ပင့်ပါ။ ရေခွက်(၃)ခွက်ကို တင်လှူပူဇော်ပါ။

ထို့နောက် ပင့်သူက ငါးပါးသီလ ခံယူပါ။ သီလစင်ကြယ်အောင် ထိုနေ့စောင့်ထိန်းပါ။ ရေမချိုးရပါ။

မိုးကောင်းကင်မှ တည့်တည့်ကျသော မိုးရေကို ဇလုံဖြင့် ခံယူပြီး ပုလင်းထဲ အမြဲ ထည့်ထားပါ။ ထိုရှင်ဥပဂုတ္တပွဲတွင် ဖောက်ထိုး ပူဇော်ပါ။

မိုးရေဖောက်ထိုးပုလင်း ညှပ်ထားပါ။ ဆန်တစ်ပြည်ကို အလှူရှင်ကိုယ်တိုင် ဆွမ်းချက် ကပ်လှူပါစေ။ ထိုပွဲသည် တင်မြှောက်သော ဆရာပိုင်၏။

ထိုနေ့တစ်နေ့ သားသက်လွှတ်စားပါ။ ဆရာကိုယ်တိုင် ဖယောင်းတိုင်မီးအဆက်မပြတ် ထိုင်ထွန်းရပါသည်။

စရဏအားကောင်းသူ သီလစင်ကြယ်သူလုပ်က ပိုမိုထိရောက်ပါသည်။ **(အရက်သမားများ ဘေးလူများကို ဖယောင်းတိုင် ကိုယ်စား ထွန်းခိုင်းခြင်း မပြုရပါ။)**

ပွဲများကို အားလုံး အောင်မြင်က ရှင်ဥပဂုတ္တကို ပြန်ကြွရန်နှင့် ပွဲသိမ်းပါ။ (၁၂)နာရီကျော်က သိမ်းပါ။

ရှင်ဥပဂုတ္တပွဲကို ခိုးစားခြင်းမလုပ်ပါစေနှင့်၊ ပွဲဆရာက ခွဲစိတ်ကျွေးလိုက်ပါ။

## ရွတ်ဆိုရန်

**ဘုရားပင့်**...

'**အရဟာတော**– လူမင်း နတ်မင်း ပြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်ထသော...

**သမ္မာသမ္ဗုဒ္ဓဿ**– ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူပြီးထသော...

**ဘဂဝတော**–ဣဿရိယ၊ ဓမ္မ ယသ၊ သိရီကာမ ပယတ္တဟု ဘုန်း

www.burmeseclassic.com

တော်(၆)စုံ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူ ပြီးထသော မြတ်စွာဘုရားအား။ **နမော–** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား... မြတ်စွာဘုရား'

ဟု ရွတ်ဆို ဘုရားစတင်ပင့်ပါ။ ဆွမ်း၊ ရေချမ်းကပ်ပါ။

---

ရှင်ဥပဂုတ္တအတွက်

---

ဆွမ်း၊ ရေချမ်း (၃)ခွက် ကပ်လှူပြီး သစ်သီး(၃)မျိုး ရရာ အသီးနဲ့ ကပ်လှူပါ။

တချို့က **ပါးဖြင့်ကျောင်းပုံ ပြုလုပ်၍ ဖက်စိမ်းမိုးစေကာ မီးခွက်ထဲ ဆီထည့် ချည်မျှင်မီးစာနှင့် ထွန်း**ကြပါသည်။ ယခုအခါ ဖယောင်းတိုင်သုံးတာ အကောင်းဆုံးပါ။

ရွတ်ဆိုရန်မှာ...

**ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ ဗုဒ္ဓံ သရဏံဂစ္ဆာမိ နဘယံ သုခံ ဣဋ္ဌိတံ။**

**ဓမ္မောမေ သရဏံ အညံနတ္ထိ ဓမ္မံ သရဏံဂစ္ဆာမိ နဘယံ သုခံ ဣဋ္ဌိတံ။**

**သံဃောမေ သရဏံ အညံနတ္ထိ သံဃံ သရဏံဂစ္ဆာမိ နဘယံ သုခံ ဣဋ္ဌိတံ။**

အနက်

**ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **သရဏံ**–ကိုးကွယ်ရာပါတည်း၊ **အညံ**–အခြားသော ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊ **သရဏံဂစ္ဆာမိ**–ကိုးကွယ်ဆည်းကပ်ပါ၏၊ (**တေန**–ထိုသို့ ကိုးကွယ်ဆည်းကပ်ခြင်းကြောင့်) **နဘယံ**–ဘေးမရှိ **သုခံ**–ချမ်းသာ၏၊ **ဣဋ္ဌိတံ**–အလိုရှိသမျှ ရတတ်၏။

**ဓမ္မော**– တရားတော်မြတ်သည်၊ **မေ**–အကျွန်ုပ်၏၊ **သရဏံ**–ကိုးကွယ်ရာပါတည်း၊ **အညံ**–အခြားသော ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **ဓမ္မံ**–တရားတော်မြတ်ကို၊ **သရဏံဂစ္ဆာမိ**–ကိုးကွယ်ဆည်းကပ်ပါ၏၊ (**တေန**–ထိုသို့ ကိုးကွယ်ဆည်းကပ်ခြင်းကြောင့်) **နဘယံ** – ဘေးမရှိ၊ **သုခံ**–ချမ်းသာ၏၊ **ဣဋ္ဌိတံ**– အလိုရှိသမျှ ရတတ်၏။

**သံဃော**– သံဃာတော်သည်၊ **မေ**–အကျွန်ုပ်၏၊ **သရဏံ**–ကိုးကွယ်ရာပါတည်း၊ **အညံ**– အခြားသော ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ **သံဃံ**–သံဃာတော်ကို၊ **သရဏံဂစ္ဆာမိ**–ကိုးကွယ်ဆည်းကပ်ပါ၏၊ (**တေန**–ထိုသို့ ကိုးကွယ်ဆည်းကပ်ခြင်းကြောင့်) **နဘယံ**–ဘေးမရှိ၊ **သုခံ**–ချမ်းသာ၏၊ **ဣဋ္ဌိတံ**– အလိုရှိသမျှ ရတတ်၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)] မှ ပြန်ဆိုပေးပါသည်။]***

ဒိနေဒိနေ နမာမဟံ ဥပဂုတ္တမဟာထေရံ၊
ဗာရာဏသိ နိသေဝံ သောနောဖွာန် အာဂစ္ဆတု
အန္တရာယေ ဝိဓမိတွာန သုခံ ဒေတု
ပုနပ္ပုနံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဥပဂုတ္တ** | = | အုပဂုတ်တ |
| **ဗန္ဓန** | = | ဗန်ဓန |
| **အာဂစ္ဆတု** | = | အာဂစ်ဆတု |
| **အန္တရာယေ** | = | အန်တရာယေ |
| **ဝိဓမိတွာန** | = | ဝိဓမိတ်တဝါန |
| **ပုနပ္ပုနံ** | = | ပုနပ်ပုနံ |

'**ဗာရာဏသိနိသေဝံ**– ဝါသဝတ္တီနတ်တို့ပြည်က မာရ်နတ်သား၏ နှောင်ဖွဲ့ခြင်းကို တားမြစ်နိုင်ထသော၊ **ဥပဂုတ္တမဟာထေရံ**– အရှင်ဂုတ္တ အမည်ရသည့် ရဟန္တာအရှင်မြတ်ကို၊ **အဟံ**–ရုပ်နှင့်နာမ်မျှ သမူဟကို ငါဟု သမုတ် အကျွန်ုပ်သည်၊ **နမာမိ**– ကာယဝစီ မနောချီ၍ အခွလီညွတ်ကျိုး လက်အုပ် မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**သော**–ဥပဂုတ္တနာမ သတ်မှတ် အရှင်မြတ်သည်၊ **နော**– တပည့်တော်တို့၏၊ **ဌာနံ**–(...)တည်ရာအရပ်သို့၊ **အာဂစ္ဆတု**– ကြွလာတော်မူစေ သတည်း။

**အန္တရာယေ**– ဒုက္ခအသွယ်သွယ် အန္တရာယ်အပေါင်းကို၊ **ဝိဓမိတွာန**– ပယ်ဖျောက်တော်မူပြီး၊ **ဒိနေဒိနေ**– နေ့စဉ်နေ့တိုင်း ခါမဆိုင်းဘဲ၊ **ပုနပ္ပုနံ**– အဖန်ဖန်တလဲလဲ၊ **သုခံ**–ဘောဂဓန ချမ်းသာမြတ်ကို၊ **ဒေတု**–ပေးပါစေ သည်း။

**လက်ညှိုးကောင်းကင်ညွှန်၍...**

'ဦး ဣဒ္ဓိပါဒ်ဆော အရှင်ဘုရားကလေး အဓိဋ္ဌာန်'
'တပည့်တော်သည် ဝိပဿနာ သမထ ဘာဝနာများကို ကျင့်ကြံပွားများခဲ့ပါသည်။ ဘုရားတပည့်တော် ပဋ္ဌာန်ရိုးနတ်သားကို အမြဲတမ်း အမျှပေးဝေ ပေးဝေပို့သခဲ့ပါသည်။

ဤမှန်ကန်သော သစ္စာစကားကြောင့် ယနေ့ ပြုလုပ်လျှံရှိနေသော အလှူပွဲကြီး ပြီးဆုံးသည်ထိ မိုးကြမ်းလေကြမ်း မပြင်းထန်ဘဲ မိုးများ ခဏမရွာဘဲ ရပ်ထားပေးပါ။ ယခုပွဲ အောင်မြင်ပြီးမြောက်ပါက မိုးများ ဆက်လက် ရွာသွန်းဖြိုးစေလိုပါသည် ဘုရား'

ဤကဲ့သို့ မှန်ကန်သော သစ္စာစကား တစ်ခုခုဖြင့် ပြောဆို မိုးတားပါက လက်တွေ့ အောင်မြင်စေပါသည်။

အလှူမင်္ဂလာဆောင် သာသနာပြု လုပ်ငန်းကိစ္စအဝဝ အောင်မြင်ကြစေရန် မိုးတားနည်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ ဝေငှပါသည်။ စမ်းကြည့်ကြပါ ကုန်...

**ဦးကံထွန်းမောင်** *(LL.B)*

www.burmeseclassic.com

ဆီးအတွက်

# အမှတ်တရ သေးတာစံချက်

အရှင်ဩဘာသ
(ဓမ္မာစရိယ)



သည်တော့ပလ္လင်မတက်ဘဲ တရားပွဲပိတ်လိုက်တာက ကောင်းသည်ဟု သဘောပိုက်ကာ တရားပွဲကို ပိတ်ထားလိုက်သည်။

ထို့ကြောင့် ဦးဘကျင်က တရားပလ္လင်မတက်ခြင်း အကြောင်းကို သိလိုရေးနှင့် မေးမြန်းလျှောက်ထားခြင်း ဖြစ်သည်၊ သူက ဆက်၍ မေးပြန်သည်၊

'ကျန်းမာရေးက ဘယ်လိုနေလို့လဲ ဘုရား'

'ဘယ်လိုနေဆိုဟုတ် ဆီးက တစ်စက်၊နှစ်စက် လောက်ကျပြီး တစ်နေ့သလိုဖြစ်နေတာ၊ ဆီးသွားချင်တယ်ဖြစ်ပေါ်ပြီး သွားစွန့်လိုက်ပြန်တော်တော်နဲ့ မထွက်လာဘူး။ တအား ညှစ်ထုတ်လိုက်မှထွက်တော့ တစ်စက်၊ နှစ်စက်ပဲ ထွက်တယ်။

အဲဒီဟာက တစ်ခါတည်းနဲ့ မပြီးဘူး ခဏခဏဖြစ်တယ်၊ တစ်ခါတလေလဲ ခဏခဏထသွားရတာ ဝန်လေးတော့ ဆီးစွန့်မယ့်နေရာမှာပဲ (၁၅)မိနစ်၊ မိနစ်(၂၀)ခန့် ထိုင်နေရတယ်။ အဲဒီလို ဖြစ်တာပါ'

မိမိမှာဖြစ်သော ဝေဒနာကို ထိန်ချန်မထားဘဲ အမှန်အတိုင်းသိအောင် ဖွင့်ပြောလိုက်ရပါသည်။

'အရင်က ဒီလို ဖြစ်ဖူးသလား ဘုရား'

'ဖြစ်ဖူးတယ်။ မှတ်မှတ်ရရ စဖြစ်ပေါ်တာကို ပြောရဦးမယ်။ စဖြစ်ပေါ်တာက တစ်နေ့တည်းမှာ ပဲမြစ်ရယ်၊ ချင်း(ဂျင်း)သုပ်ရယ်၊ ဇီး(ဆီး)ဖျော်ရည်ရယ် သူတို့သုံးမျိုး မရှေးမနှောင်း စားမိတဲ့နေ့က စဖြစ်တာပါ။ တိုက်ဆိုင်လို့လားတော့ မပြောတတ်ဘူး'

ဦးဘကျင်အား စဖြစ်ပေါ်တဲ့ အခြေအနေကိုပါ သိစေလိုသဖြင့် ပြောပြလိုက်သည်။

'အဲဒီတုန်းက ဘာဆေးနဲ့ ပျောက်သလဲ ဘုရား'

'အဲဒီတုန်းကသူပြောလူပြောကောင်းနိုးရာရာတွေကတော့ အစုံလုပ်တာပဲ၊ ကျိုသောက်တာလဲသောက်၊ သွေးလိမ်းတာလဲလိမ်းနဲ့ စုံနေတာပဲ။ ဒါပေမယ့် တစ်ပတ်လောက်ကြာသည်

'အရှင်ဘုရား... ကနေ့ တရားပလ္လင်မတက်ဘဲကိုး'

'ဟုတ်တယ်ဒကာကြီးရာ... သိပ်ကျန်းမာရေးမကောင်းလို့ နားလိုက်တယ်'

ဝါတွင်းကာလ တစ်နေ့ နေ့(၂)နာရီခွဲ အချိန်ခန့်တွင် ဦးဘကျင်ဆိုသူ ဒကာတစ်ယောက်က မိမိအား လာရောက်၍ မေးမြန်းလျှောက်ထားသည်။

ဝါတွင်းကာလဆိုလျှင် မိမိတို့နေသော တရားရိပ်သာကြီး၌ ဆရာတော်တိုက်အုပ်တိုက်ကြပ်မှအစ စွမ်းနိုင်သော သံဃာတော်များ အလှည့်ကျ တရားဟောရသည်။ နေ့တိုင်း တရားပွဲရှိရသည်။

အလှည့်ကျကိုယ်တော် တစ်စုံတစ်ခုသောအကြောင်းကြောင့် တရားမဟောနိုင်ပါက ဆက်လက်မည့် အလှည့်ကျကိုယ်တော်အား စောစောကလွှဲထားရသည်။ မပြောပလောက်သောအကြောင်းကြောင့် တရားပွဲ မပျက်စေရပါ။

ထိုနေ့က မိမိ(တိုက်အုပ်)၏အလှည့်ဖြစ်ပါသည်။ဝေဒနာပေါ်နေသော်လည်း (၁)နာရီခန့်လောက်တော့ ပလ္လင်ပေါ်တက်နိုင်လိမ့်မည်ထင်၍ စောစောကမည်သည့်အလှည့်ကျ ကိုယ်တော်ကိုမှလည်း အလှည့်လွှဲမထားမိပေ။ ညည်တီးပြီး တရားပလ္လင်ပေါ်တက်ရခါနီးမှ ဝေဒနာက သိသိသာသာပေါ်လာပြန်သည်။

တရားဟောတယ် ဆိုသည်မှာလည်း စိတ်ကြည်မှ သမာဓိရှိမှ ကောင်းသည်။ စိတ်ကမကြည်လင်လျှင် သမာဓိကမရှိ၊ သမာဓိမရှိဘဲ တရားဟောနေလျှင် စကားအဆီငေါ် မတည့်တော့...၊ စကား အဆီအငေါ်မတည့်လျှင် တရားနာရသူ နားမှာ စလုံးစခုဖြစ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အထိ မပျောက်ဘူး။

နောက်တော့ ဆီးရောဂါ ဖြစ်နေတယ်ကြားလို့ ဦးသာပိုဆိုတဲ့ယောဂီကြီးက **ဆေးကုလားမတွေကို ရေစိမ်ပြီး သကြားနဲ့ဖျော်ထားတဲ့ ဆေးဖန်ခွက်နဲ့ တစ်လုံးသာကစ်တာ အဝသောက်တာနဲ့ ပျောက်သွားတယ်'**

'ဒါဖြင့် အဲဒီတုန်းက ပျောက်သွားပြီး အခုမှ ပြန်ပေါ်သလားဘုရား'

'မဟုတ်ဘူးဗျာ . ဒကာကြီးရဲ့…၊ ရောဂါများဖြစ်မိလျှင် အစရှိ အနှောင်နှောင်ဆိုသလိုပဲ အစားအသောက်၊ အနေအထိုင် အခန့်မသင့်ရင် ပေါ်လာပြန်တာပဲ။ အဲဒီနောက် သုံးနှစ်လောက်ကြာတော့ တစ်ခါပေါ်လာပြန်တယ်။ အရင်ဖြစ်ပုံ အတိုင်းပါပဲ။

အဲဒီတုန်းက ခရီးသွားရင် ရေခဲစိမ်စပါကလင်သောက်မိရာက ပြန်ပေါ်လာတာ၊ ရဟန်းခံကိစ္စတစ်ခုနဲ့ မန္တလေးမှာ ရောက်နေတုန်းပေါ့။ အရင်တစ်ခါ ဆေးကုလားမ (သစပင်မှအစေး)နဲ့ ပျောက်ဖူးပါတယ်၊ ရှာစမ်းပါဆိုပြီး တပည့်တစ်ယောက်ကို စျေးထဲ သွားအရှာခိုင်းနေတုန်း တော်တော်လေးဆိုးလာတာနဲ့ ညည်းညူနေရတယ်။

အဲဒီအချိန်မှာ ဘုန်းကြီးနဲ့ ဆရာတူတော်တဲ့ နောင်တော်ကြီး ဦးနာဂဝံသ (တမံကြီးတွံတေး)က သူ့မှာ ပါလာတဲ့ ဆေးပြား(၂)ပြားကို သကြားရေနဲ့ သောက်ခိုင်းလိုက်လို့ အဲဒါသောက်လိုက်တာနဲ့ သိသိသာသာပျောက်ကင်းသွားတယ်'

'အခု အဲဒီဆေး မသောက်ဘူးလားဘုရား'

ဒကာကြီးက အကွက်ကျကျ မေးနေသဖြင့် ဖြေရပြန်ပါသည်။

'အဲဒီဆေးက အမည်သုံးဆယ်ရှိတယ်။ **ခပေါင်းရေကြည်၊ လက်ပံခါး**



**စတဲ့** ရှားပါးဆေးမည်တွေပါ ပါတယ်။ အဲဒီတုန်းက အဲဒီဆေးကောင်းလွန်းလို့ ဆေးနည်းပါ တောင်းယူဖော်စပ်ထားပြီး သုံးနေတာပါ။ သူများတွေကိုတောင် လိုအပ်ရင် ပေးနေသေးတယ်။

မဓသကဆိုတဲ့ သီလရှင်လေး ကျောက်ကပ်ရောဂါ ဖြစ်နေတာ အဲဒီဆေး စွဲသောက်လို့ ကျောက်ကပ်ရောဂါတောင် သက်သာပျောက်ကင်းသွားတယ်လို့ သူကိုယ်တိုင် ပြောဖူးသေးတယ်။

ဒါလောက်အထိပါ။ ဆေးဖော်စပ်ထားတာ ကြာလို့ ဆေးအာနိသင်များ ညံ့သွားလို့လား။ ဒါမှမဟုတ် အစားအသောက် မဆင်ခြင်လို့လားတော့ မပြောတတ်ဘူး။ အခုအချိန်အထိ ရှင်းရှင်းမပျောက်သေးဘဲ ဖြစ်နေတယ်။

ပျောက်လုပျောက်ချင် ဖြစ်နေတုန်း ဒူးရင်းသီးလေး စားမိလိုက်တော့လဲ ပြန်ပေါ်လာပြန်တယ်။ ဝက်သားလေး စားလိုက်မိတုန်းကလဲ ပျောက်လုဆဲဆဲမှာ ပြန်ပေါ်လာပြန်တယ်'

မိမိက အတွေ့အကြုံအရ ဖြစ်ပေါ်သမျှကို သိစေချင်၍ ရှည်လျားစွာ ပြောပြလိုက်ပါသည်။

ဒကာကြီးက ခေါင်းတဆတ်ဆတ်ဖြင့်…

'ဟာ… အရှင်ဘုရားဟာတွေက တကယ့်အစာတွေပဲတဲ့ဘုရား။ ဒီတစ်ခါ တပည့်တော်တို့ဆီက အဘွားကြီးတစ်ယောက် ပျောက်ဖူးတဲ့ဆေးကို တပည့်တော်ကပ်မယ်၊ အရှင်ဘုရား လို ဖြစ်တာပဲ။ ဘာဆေးနဲ့မှ အမြစ်မပြတ်ဘူး။ ဒီဆေးနဲ့မှ အမြစ်ပြတ်တာကို တပည့်တော် တွေ့ဖူးတယ်'

သူတို့ဆီက အဘွားကြီးဆိုသည်မှာ ဦးဘကျင်က ဝါးတောမရွာအနီး အောင်ချမ်းသာရွာကဖြစ်သဖြင့် သူတို့ရွာ အောင်ချမ်းသာကပင် ဖြစ်လိမ့်မည် ဖြစ်သည်။

ထိုနေ့က စကားပြောပြီး (၁)နာရီခန့်အကြာတွင် မတ်ခွက်တစ်ခွက်ကို ကိုင်လျက် ဦးဘကျင် မိမိထံရောက်လာပြန်သည်။

'အရှင်ဘုရား… ဒီဆေးကို ယုံယုံကြည်ကြည်နဲ့ အကုန်သောက်လိုက်ပါဘုရား။ အရှင်ဘုရား ရောဂါပျောက်သွားပါလိမ့်မည်'

ပြောပြောဆိုဆို ဆေးခွက်တိုးကပ်လာသဖြင့် စေတနာနဲ့ကပ်တာသောက်မှပါဟု ဆုံးဖြတ်လျက် နွေးတေးဓွေးစိမ်းဖန်ဖန်အရည်တွေနဲ့ တွန့်တွန့်တွန့်တွန့် အဖတ်ကလေးတွေ မွစိနောင်တက်ပါနေသော ထိုခွက်ကို အရသာခံမနေဘဲ အကုန် သောက်ချလိုက်ပါသည်။

တစ်ခါတည်း မနားဘဲ အကုန်သောက်ချလိုက်သော မိမိအား ကျေနပ်စွာကြည့်ရင်း….

'အရှင်ဘုရား… မကြာခင် အဖြေပေါ်လာပါလိမ့်မယ်ဘုရား။ တပည့်တော်ကိုလဲ အသိပေးပါဦး'

လျှောက်ထားရင်း ခွက်ကလေးကိုင်လျက် နေရာမှ ထသွားပါလေသည်။

ဦးဘကျင် ပြောသည့်အတိုင်းပင် သိပ်မကြာပါလေ။ (၁၅)မိနစ်ခန့်ရှိသော အခါ ဆီးလမ်းကြောင်း၌ တစ်ဆို့နေတာတွေ ကြေသွားပြီ ထင်ရကာ ဆီးသွားချင်စိတ် ပေါ်လာပါသည်။

ဆီးများကို ရှန့်ထုတ်လိုက်သော



စာမျက်နှာ (၂၀၆) သို့

www.burmeseclassic.com

www.burmeseclassic.com

# ခရီးသွားလာမှုများနှင့်ကျွန်ုပ်

ဘေးရန်ကင်းစေသည့်ဂါထာ

ဦးခင်ညွှန့်
(ပခုက္ကူ)



လူတိုင်း လူတိုင်းသည် စားဝတ်နေရေးအတွက် နေ့စဉ် သွားလာ လှုပ်ရှားနေကြရသည်။ ဆင်းရဲသူလည်း ဆင်းရဲသူအလျောက်၊ ချမ်းသာသူလည်း ချမ်းသာသူအလျောက်

ကုန်သည်လည်း ကုန်သည်အလျောက်၊ အမှုထမ်း အရာထမ်းတို့သည်လည်း အမှုထမ်း အရာထမ်း အလျောက် စားဝတ်နေရေးအတွက် သွားလာ လှုပ်ရှားနေကြရသည်။ လှုပ်ရှားသွားလာခြင်း ကင်းသူ ဟူ၍ မရှိသလောက် ဖြစ်သည်။

ထိုသို့ သွားလာကြရသောအခါ (ခရီးထွက်ကြရသောအခါ) အိမ်ရှိ သားသမီး၊ ဇနီး၊ လင်သား စသည်တို့အား စိတ်မချမှုများ၊ ပူပန်မှုများ ဖြစ်ရသည်။

ဥပမာ...ငါ သွားနေတုန်း သားသမီးလေးတွေ ထိခိုက်မှုများ ဖြစ်လေမလား၊ အချင်းချင်း ခိုက်ရန်ဒေါသများ ဖြစ်နေကြမလား စသည်ဖြင့် အိမ်အတွက် အမျိုးမျိုးပူပန်မှုများ ဖြစ်ကြရသည်။

သံယောဇဉ်မကင်းသည့် ပုထုဇဉ် လူသားတိုင်း ထိုအဖြစ်မျိုးတို့ ဖြစ်ကြရမြဲ ခံစားရမြဲဖြစ်သည့်**(ခရီးများများထွက်ရသည့် ဝန်ထမ်းများက ပို၍ သိပါလိမ့်မည်။)**

ကျွန်ုပ်တော်လည်း ခရီးသွားလာရများသော ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ခရီးထွက်ရတိုင်းလည်း အိမ်ကို နောက်ဆံတင်းမြဲ ဖြစ်ပါသည်။

သို့သော် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ရမည့် ဝန်ထမ်းဖြစ်နေလေရာ လုပ်ဆောင်ရမည့်တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ရပါမည်။ အိမ်ကို နောက်ဆံတင်းကာ မဆောင်ရွက်ဘဲ နေ၍ မဖြစ်ပါ။

သို့သော် ကျွန်တော့်အတွက် ကံကောင်းသည်ဟု ဆိုရပါမည်။ ကျွန်တော် အမှုထမ်းသက် (၅)နှစ် အရောက်မှာပင် **ပခုက္ကူမြို့နယ်၊ ဆိတ်ဆင်းရွာ၌ သီတင်းသုံးတော်မူသော ဆရာတော်ကြီးတစ်ပါးနှင့် ခရီးသွားရင်း ကားပေါ်တွင် တွေ့ဆုံကြပါသည်။**

ထမင်းစားကြရန် ကားရပ်နားစဉ်တွင် ထမင်းဆိုင်၌ ဆရာတော်ကြီးအား ကျွန်တော်က ဆွမ်းကပ်ပါသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆရာတော်ကြီးက...

'ဒကာက ဝန်ထမ်းလား၊ ခရီးသွားရတာများသလား၊ ခရီးသွားရတာ များရင် ဟောဒီ ဂါထာ(၂)ပုဒ်ကိုရွတ်'

ဟု မိန့်ကြားကာ ဂါထာ(၂)ပုဒ် ရေးသားပေးပါသည်။

**ဂါထာတစ်ပုဒ်က** ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း အားလုံး ဘေးရန်ကင်းစေသည့်ဂါထာဖြစ်၍... **တစ်ပုဒ်က** ခရီးထွက်သည့်အခါ အိမ်တွင် ကျန်ရစ်သူ သားသမီး၊ ဇနီး၊ လင်သား အားလုံး ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာစေသည့် ဂါထာဖြစ်သည်။

ယခု ကျွန်တော်သည် ပညာရေး ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပါပြီ။ ဆရာတော်ကြီးပေးသော ထိုဂါထာတော် (၂)ပုဒ်ကြောင့် ပူပင်သောကကင်းခဲ့ရပါသည်။

ခရီးသွားလာမှုများသော ကျွန်တော့်အတွက်လည်း ဘေးရန်ကင်းကွာ ကိုယ်စိတ်ကျန်းမာ ချမ်းသာခဲ့ပါသည်။

ထို့ကြောင့် ကိုယ်တွေ့ဖြစ်သော အစွမ်းထက်သည့် ယင်းဂါထာ(၂)ပုဒ်ကို ခရီးသွားလာမှုနှင့် မကင်းသူတို့အတွက် ကောင်းကျိုးအထွေထွေ ရစေပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာမှုကို မိသားစုအားလုံး ပြည့်ဝကြစေရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသား၍ မျှဝေလိုက်ပါသည်။ အလွတ်ရအောင် ကျက်မှတ်ကာ ခရီးသွားတိုင်း ရွတ်ပွားကြပါဟူ၍ တိုက်တွန်းအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း**

**ခရီးသွားသောအခါ**

**ဘေးအန္တရာယ်ကင်းစေသည့်**

**ဂါထာ**

ဥတ္တမံ ဝီရိယံကတွာ၊
ဥတ္တရိ ဝဍ္ဎုကွတော။
ဥတ္တာရေတွာ သဗ္ဗေဇနေ၊
ဥဂ္ဂတော သူရိယောယထာ။
ဥတ္တမောပန သမ္ဗုဒ္ဓေါ၊
ဥတ္တမံ ဓမ္မဒေသယိ။
ဥတ္တမောမဂ္ဂ မုဂ္ဂယှ၊
ဥတ္တမ ပနတေ နမော။

ခက်ခဲသော ပါဠိအသံထွက်

**ဥတ္တမံ** = အုတ်တမံ
**ကတွာ** = ကတ်တဝါ
**ဝဍ္ဎုကွတော** = ဝတ်တဒုတ်ခတော
**ဥတ္တာရေတွာ** = အုတ်တာရစ်တဝ့ါ
**သဗ္ဗေ** = သပ်ဗေ
**ဥဂ္ဂတော** = အုတ်ဂတော
**သမ္ဗုဒ္ဓေါ** = သမ်ဗုတ်ဓော
**ဓမ္မ** = ဓမ်မ
**မဂ္ဂ** = မက်ဂ
**မုဂ္ဂယှ** = မုတ်ဂယ်ယှ

အနက်

**ဥတ္တမော**–မြတ်သော၊ **သမ္ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **ဥတ္တမံ**–မြတ်သော၊ **ဝီရိယံ**–လုံ့လ,ဝီရိယကို၊ **ကတွာ**–ပြုတော်မူ၍၊ **ဝဍ္ဎုကွတော**–ဝဋ်ဆင်းရဲမှ၊ **ဥတ္တရိ**–ကူးမြောက်တော်မူလေပြီ၊ **သဗ္ဗေဇနေ**–ခပ်သိမ်းကုန်သော လူတို့ကို၊ **ဝဍ္ဎုကွတော**–ဝဋ်ဆင်းရဲမှ၊ **ဥတ္တာရေတွာ**–ကူးမြောက်စေငှာ ကယ်တင်ပါ၍၊ **သူရိယော ယထာ**–နေမင်းကဲ့သို့၊ **ဥဂ္ဂတော**–ထွက်လာတော်မူ၏။

**ဥတ္တမော**–မြတ်သော၊ **သမ္ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **မဂ္ဂံ**–အရဟတ္တမဂ်ကို၊ **ဥဂ္ဂယှ**–သိမ်းကျုံးယူတော်မူ၍၊ **ဥတ္တမံ**–မြတ်သော၊ **ဓမ္မံ**–တရားတော်ကို၊ **ဒေသယိ**–ဟောကြားတော်မူခဲ့လေပြီ၊ **ဥတ္တမ**–ဝိဇ္ဇာစရဏ သဗ္ဗညုတဉာဏ် စသည်တို့ဖြင့် မြင့်မြတ်တော်မူသော၊ (**သမ္ဗုဒ္ဓ**–မြတ်စွာဘုရား) **တေ**–အရှင်ဘုရားအား၊ **နမော**–ရှိခိုးပါ၏။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဇမ္ဗူစရိယ(မဟာဝဏ္ဏိဒိမြန်မာဝုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

**ခရီးထွက်သည့်အခါ**

**အိမ်တွင်နေသူများ**

**သားသမီး၊ ဖနီး၊ လင်သားတို့အတွက်**

**အန္တရာယ်ကင်းစေရန်**

**ရွတ်ပွားရမည့် ဂါထာ**

ယမဟုတ္တော သုခိယ နိက္ခမတိ၊
အတ္ထိသာ ဂမတော အာဂစ္ဆတိ၊
ခြောင်း ဟတ္ထိကာယာ ဝိတာဝိနာ၊
မုနိမုနိ အမိုတုမို၊
ဟတ္ထိကာယော ဝိတာဝိနာ
မုနိမုနိ အမိုကာနိ၊

ခက်ခဲသော ပါဠိအသံထွက်

**ပုတ္တော** = ပုတ်တော
**နိက္ခ** = နိတ်ခ
**အတ္ထိ** = အတ်ထိ
**အာဂစ္ဆတိ** = အာဂစ်ဆတိ
**ခြောင်း** = အောင်း
**ဟတ္ထိ** = ဟတ်ထိ
**အမိုတုမို** = အန်မိုတုန်မို

***ကိုယ်စိတ် ကျန်းမာချမ်းသာကြပါစေ။***

**ဦးစိန်သွင်(ပခုက္ကူ)**

**စာမျက်နှာ (၂၀၄)မှ အဆက်**

အခါ ရေနွေးတမှု့ ပူနွေးပြီး အတွင်းလမ်းကြောင်းမှ အပူခဲကြီး ပါသွားသကဲ့သို့ ခံစားလိုက်ရပါသည်။ လူမှာ ပေါ့ပါး၍စိတ်ထဲမှာလည်း ရွှင်ပြသွားပါသည်။

မိမိမှဝမ်းသာစွာဖြင့် ဦးဘကျင်အား အသိပေးရာ ဦးဘကျင်မှ ဆက်လက်၍ အချိန်ခွာပြီး (၂)ခွက်,(၃)ခွက်ခန့် သောက်ရန် စီစဉ်ပေးပါသည်။ သူ စီစဉ်ပေးသည့်အတိုင်း ဆက်လက်၍ သောက်လေရာ ဆီးရောဂါမှာ ရှင်းရှင်းလင်းလင်းပင် ပျောက်ကင်းသွားပါသည်။

မိမိအနေဖြင့် ဝမ်းလည်းသာ ဦးဘကျင်အားလည်း ကျေးဇူးတင်လှသဖြင့် ကျေးဇူးတင်စကား ပြောကြားပြီး လျှင် မိမိကဲ့သို့ ဆီးရောဂါဖြစ်သူတို့ အားလည်း ကျန်းမာရေးအနေ ပြုလိုလှသည်ဖြစ်၍ ဆေးနည်းပေးပါရန် အလှူခံလိုက်ရပါသည်။ ဦးဘကျင်ကလည်း ဆေးနည်းကို မချွင်းမချန် အမှန်အတိုင်းပင် ပြောပြပါလေသည်။

**ဆေးနည်းမှာ...**

ထိမ်းပင်မှ ထိပ်အညွန့် အရွက်များကို တစ်ဖြင့် ပါးပါးလှီးယူပြီး ခွက်ထဲကိုထည့်ကာ သကြားအနည်းငယ်ထည့်ပြီး ရေနွေး လောင်းထည့် မွှေနှောက်ပြီး နွေးနွေးလေး နေစဉ် သောက်လိုက်ရုံဖြစ်ပါသည်။

**မှတ်ချက်။ ။ မိမိသောက်သော ထိမ်း အရွက်စွဲမှာ ထိုစဉ်က ထိမ်းပိုးပါနေ သော အရွယ်တွေ့ရှိပါသဖြင့် ထိမ်း ပိုးရွက်ခွဲ ဖြစ်ပါသည်။**

**[ဤကိုယ်တွေ့ ခံစားချက်ဖော်ပြသော ဆောင်းပါးဖြင့် အရာတော်ကြီး နယ် ဝါးအတောမကောင်းချမ်းသာ ရွာမှ ဦးဘကျင်အား အမှတ်တရ ဂုဏ်ပြုပါသည်။]**

**အရှင်သုမန (ဇမ္ဗူစရိယ)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁)ရက်မှ (၃၁)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျောင်းခြည်

## တနင်္ဂနွေ

**စီးပွားရေး ။** ။ အဓိကလုပ်ငန်းအပြင် အရံလုပ်ငန်းကိုပါ လုပ်ကိုင်ရလိမ့်မည်။ ရှယ်ယာရှင်အသစ်များ ပေါ်လာမည်။ အင်္ဂါနံ ဆန်၊ ဆီ၊ ဆား ရောင်းဝယ်သူများ စီးပွားဖြစ်မည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်နှင့်ပတ်သက်၍ အယူအဆသဘောထား မတူသဖြင့် အထက်အရာရှိများနှင့် အဆင်မပြေ ဖြစ်ရတတ်သည်။ သို့သော် အထက်လူကြီး၏ နားလည်မှုကို နောက်ဆုံးရမည်။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ရေး သာယာပါမည်။ အိမ်ထောင်ဖက် စီးပွားရေးအတွက် ခရီးထွက်ရလိမ့်မည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး အားလုံးကောင်းမွန်မည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် ကံခေသောကာလ ဖြစ်သည်။ မင်္ဂလာကိစ္စများရှိခဲ့လျှင် ယခုကာလတွင် မပြုလုပ်ပါနှင့်။ ဝါကျွတ်ပြီးသည်အထိ ရွှေ့ဆိုင်းထားလိုက်ပါ။

**ပညာရေး။** ။ ပညာရေးကံဇာတာ တက်နေသောကာလဖြစ်သည်။ အတန်းကျောင်းပညာရေးများတွင် အောင်မြင်မှု ရရှိမည်။ သက်မွေးမှုသင်တန်းများတက်လျှင် အကျိုးရှိမည်။

**ကျန်းမာရေး။** ။ ကျန်းမာရေးကောင်းသောကာလ ဖြစ်သော်လည်း ရုတ်တရက် သွေးတိုးရောဂါ ခံစားရတတ်သည်။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။

**သောင်ရန်ရက်များ။** ။၁၊ ၄၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၄၊ ၅၊ ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ ပိတောက်သားပုတီးဖြင့် "ဗုဒ္ဓေါ"ဂုဏ်တော်ကို အကြိမ်တစ်ထောင်နှင့် တစ်ပတ်ပြည့်အောင် ပုတီးစိပ်ပါ။

## တနင်္လာ

**စီးပွားရေး။** ။ လဆန်းပိုင်းတွင် ငွေကြေးကိစ္စ ကြပ်တည်းတတ်သော်လည်း လကုန်ပိုင်းတွင် အားလုံးအဆင်ပြေသွားမည်။ သတိထားပါ။

**ဝန်ထမ်းရေးရာ။** ။ အကြီးအကဲ၏ ငြိုငြင်ခြင်းကို ခံရတတ်သည်။ မိမိ၏ စိတ်ကောင်းစေတနာကြောင့် နားလည်ခွင့်လွှတ်မှုရမည်။

**အိမ်တွင်းရေး။** ။ မိမိ၏ အသုံးအစွဲကြောင့် အိမ်ထောင်ဖက်နှင့် အဆင်မပြေဖြစ်ရတတ်သည်။ သားသမီးများ၏ ပညာရေး အဆင်ပြေမည်။

**အချစ်ရေး။** ။ ကြားလူများ၊ မနာလိုသူများ၏ ကုန်းချောစကားကြောင့် ချစ်သူ၏ အထင်လွဲမှားမှုကို ခံရတတ်သည်။ ချစ်သူမရှိသေးသူများ ချစ်အဖြေရဖို့ ကြန့်ကြာဦးမည်။

**ပညာရေး။** ။ သင်တန်းကိုဖြစ်စေ၊ အသက်မွေးမှုပညာကိုဖြစ်စေ တက်ရောက်ခွင့်ရပါက အောင်မြင်ထွန်းပေါက်မည်။

**ကျန်းမာရေး။** ။ ခေါင်းမူး၊ ခေါင်းကိုက်ခြင်းစသည့် အပရိကရောဂါ ရုတ်တရက်သာ ခံစားရမည်။ (၁၅)ရက်ကျော်က သက်သာသွားမည်။

**သောင်ရန်ရက်များ။** ။ ၂၊ ၃၊ ၆၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၈၊ ၉၊ ၁၀၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉။



**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၃၊ ၆၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ တနင်္လာအရပ်တွင် ရွှေထီး(၅)လက် လှူပါ။



## အင်္ဂါ

**စီးပွားရေး။** ။ လှောင်ထား၊ အောင်းထားသောပစ္စည်းများ ဈေးကောင်းရ၍ အမြတ်များမည်။ အကျိုးအမြတ်များမည်။ လုပ်ငန်းသစ်တစ်ခုကို တာဝန်ယူ ဆောင်ရွက်ရလိမ့်မည်။ နိုင်ငံခြားခရီးထွက်ရမည်။



**ဝန်ထမ်းရေးရာ။** ။ တာဝန်ယူထားသော အလုပ်သို့မဟုတ် လုပ်ငန်းကို အချိန်စော၍ ပြီးစီးသည်နှင့် မိမိအတွက် ဂုဏ်သိက္ခာ တိုးတက်လိမ့်မည်။

**အိမ်တွင်းရေး။** ။ စီးပွားရေးကောင်း၍ ငွေဝင်များသောကြောင့် မိသားတစ်စု ပျော်ရွှင်ရပါလိမ့်မည်။ သားသမီးများ ကျန်းမာရေး ပညာရေးကောင်းမည်။



**အချစ်ရေး။** ။ ပျော်ရွှင်ကြည်နူးစရာ ကောင်းသောကာလဖြစ်သည်။ ချစ်သူမရှိသေးသူများ ချစ်သူရရှိ၍ ချစ်သူရှိပြီးသူများ စန်းပွင့်တတ်သည်။



**ပညာရေး။** ။ အချစ်ရေးတွင် နစ်မျောမနေပါနှင့်။ ပညာရေးတွင် ကြိုးစားရလိမ့်မည်။ အခက်အခဲများသည် မိမိအောင်မြင်မှုအတွက် လှေကားထစ်များပင် ဖြစ်သည်။

**ကျန်းမာရေး။** ။ ဆီးချိုရောဂါဖြစ်တတ်၍ အချိုလျှော့စားပါ။ နေပူမိုးပူမခံပါနှင့်။ ကောင်းစွာ အနားယူပေးပါ။

**သောင်ရန်ရက်များ။** ။ ၁၊ ၂၊ ၄၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၂၊ ၄၊ ၆ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ "ဒိဝါတပတိ" ဂါထာတော်ကို မွေးနေ့နံနက် (၉း၁၅) မိနစ်အချိန်တွင် (၁၀၈)လုံး ပုတီးကုံးဖြင့် (၈)ပတ် စိပ်ပေးပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး။** ။ ရှယ်ယာလုပ်ငန်းများ အမြတ်များများရမည်။ ခရီးသွားလုပ်ငန်း၊ ယာဉ်အငှားလုပ်ငန်းများ ဝင်ငွေနည်းမည်။ လက်ရှိလုပ်ငန်းများကိုထိန်း၍ လုပ်ကိုင်သွားပါ။

**ဝန်ထမ်းရေးရာ။** ။ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ မနာလိုသူများက တိုင်ကြားလိမ့်မည်။ ပစ္စည်းစာရင်း၊ ငွေစာရင်းတို့ကိုသေချာ



www.burmeseclassic.com

www.burmeseclassic.com

တိကျစွာ ဆောင်ရွက်ပြုစုထားပါ။

**အိမ်တွင်းရေး** ။ သားသမီး၏ ကျန်းမာရေးကြောင့် စိတ်သောက ရောက်ရတတ်သည်။ သားသမီးများကို ဆူဆူပူပူ မလုပ်ပါနှင့် အိမ်ကထွက်သွားတတ်သည်။

**အချစ်ရေး** ။ အချစ်ရေးကံကောင်းသောကာလ ဖြစ်ပါသည်။ လက်ထပ်မင်္ဂလာကိစ္စရှိလာလျှင် ဝါကျွတ်ပြီးမှ လက်ထပ်ပါ။

**ပညာရေး** ။ ချစ်လည်းချစ်ပါ။ ပညာရေးကိုလည်း ပစ်မထားပါနှင့်။ အခက်အခဲရှိလာလျှင် ပို၍ ကြိုးစားပေးပါ။

**ကျန်းမာရေး** ။အပရိက ရောဂါငယ်များလောက်သာဖြစ်တတ်သည်။ သွားကိုက်သွားနာ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၆၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၅၊ ၇၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ "သဗ္ဗ ကိစ္စံ အရဟံ နဘယံ သိဒ္ဓိ"ဂါထာတော်ကို မွေးနေ့ နံနက် (၉း၁၅)နာရီတွင် ရွတ်ပွားပူဇော်ပေးပါ။

## ကြာသပတေး

**စီးပွားရေး** ။စီးပွားရေးလုပ်ငန်းတွင် အခက်အခဲပြဿနာ ရုတ်တရက်ပေါ်ပေါက်သော်လည်းလုပ်ဖော်ကိုင်ဖက်များ၏အကူအညီဖြင့် ပြီးစီး အဆင်ပြေသွားလိမ့်မည်။

**ဝန်ထမ်းရေးရာ** ။ ရာထူးတက်ရန်ရှိသော်လည်း ခဏလောက်စောင့်ရဦးမည်။ ရာထူးတက် နေရာ ပြောင်းရွှေ့ရတတ်သည်။ ကောင်းသော ပြောင်းရွှေ့ရခြင်းပါ။

**အိမ်တွင်းရေး** ။အိမ်ထောင်ဖက်တွင် ပြဿနာကိစ္စ ရုတ်တရက်ပေါ်ပေါက်သော်လည်း မိသားတစ်စု၏ အားပေးမှု၊ မျှဝေခံစားမှုတို့ကြောင့် စိတ်သက်သာရာရမည်။ အဆင်ပြေသွားမည်။

**အချစ်ရေး** ။ချစ်သူနှစ်ယောက်ကြား ဗျာများရက်နိးကြုံနေသည်။ တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက်ဖြင့် သစ္စာရှိရှိ ချစ်စမ်းပါ။

**ပညာရေး** ။အချစ်ရေးကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။ နည်းနည်းကြိုးစားလိုက်ရုံဖြင့် များများ အောင်မြင်မည့်ကာလ ဖြစ်သည်။

**ကျန်းမာရေး** ။ကျန်းမာရေး ကောင်းပါသည်။ ချော်လဲပြီးဒူးနာ၊ ခါးနာဖြစ်တတ်၍ အသွားအလာ အထိုင်အထ သတိထားပါ။

**ဆောင်ရန်ရက်များ** ။၁၊ ၄၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၂၊ ၃၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို မွေးနေ့နံနက် (၉း၁၅)မိနစ်တွင် (၁၉)ကြိမ်ရွတ်ပွား ပူဇော်ပါ။ ယခုလအတွင်း မွေးနေ့တိုင်း ရွတ်ပွားရပါမည်။

## သောကြာ

**စီးပွားရေး** ။ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်။ လုပ်ငန်းတိုးချဲ့နိုင်သလို လုပ်ငန်းသစ်များလဲ စတင်နိုင်သောကာလ ဖြစ်ပါသည်။





**ဝန်ထမ်းရေးရာ** ။ ယခုထက်အခြေအနေ၊ ဝင်ငွေကောင်းသောနေရာသစ်၊ ဌာနသစ်သို့ ပြောင်းရွှေ့ရဖို့နိမ်းရှိသည်။ တိုးတက်မှုလမ်းစရမည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက် ကျန်းမာရေးညံ့တတ်၍ အထူးဂရုစိုက်ပါ။ ဝေးရပ်မြေမှ သားသမီးများထံသတင်းကောင်းကြားရမည်။

**အချစ်ရေး** ။ လေ့နံ့နှစ်ဖက် မနင်းပါနှင့်။ ဒုက္ခလှလှကြီးတွေ့သွားမည်။ လက်ထပ်ဖို့ အဆင်မပြေသေးပါ။ နှစ်ဖက်မိဘတို့၏ သဘောတူညီမှု ရယူပါဦး။

**ပညာရေး** ။ အခက်အခဲတွေ့သော် စိတ်မပျက်ပါနှင့်။ အခက်အခဲကြီးမားလေလေ အောင်မြင်မှုကြီးမားလေလေဟု မှတ်ပါ။

**ကျန်းမာရေး** ။အဆစ်အမြစ် ကိုက်ခဲနာကျင်ခြင်း(ဂေါက်)ရောဂါဖြစ်တတ်ပါ၍ အဆီအဆိမ့်များ လျှော့စားပါ။

**ဆောင်ရန်ရက်များ** ။၁၊ ၄၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၂၊ ၃၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။အန္တရာယ်များကင်းရှင်း၍ ကျန်းမာချမ်းသာ အောင်မြင် ပွင့်လန်းစေရန် တစ်ကြိမ်လျှင် "သမ္ဗုဒ္ဓေဂါထာတော်ကြီး" (၂၁)ကြိမ်၊ "ဒိဝါတပတိ ဂါထာတော်ကြီး" (၂၁)ကြိမ် ရွတ်ပွားပေးပါ။ မွေးနေ့တိုင်း ရွတ်ပါ။ အချိန်ရသရွေ့ ရွတ်ပါ။

## စနေ

**စီးပွားရေး** ။ပြိုင်ဘက်များက ဘက်ပေါင်းစုံမှ ဖိနှိပ်လေလေ မိမိက အဖက်ဖက်က အောင်မြင်လေဖြစ်မည်။ ရှယ်ယာရှင်အသစ်များပေါ်လာမည်။ မြေအရောင်းအဝယ်လုပ်သူများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ မိမိ၏လုပ်ငန်း အောင်မြင်မှုကြောင့် အထက်ဆိုင်ရာလူကြီးများက မိမိအား ယုံကြည်အားထားပြီး လုပ်ငန်းသစ်များ ချပေးလိမ့်မည်။ မိမိအရည်အချင်းကို ပြလိုက်ပါ။

**အိမ်တွင်းရေး** ။ ပြင်ပစီးပွားရေးအောင်မြင်သောကြောင့် အိမ်တွင်းရေးလည်း အောင်မြင်ပျော်ရွှင်ရမည်။ သားသမီးတို့၏ ကျန်းမာရေး၊ ပညာရေး ကောင်းမွန်မည်။

**အချစ်ရေး** ။ "ချစ်သူရွေးမယ် ချစ်ဝဲလည်" ဖြစ်နေသည်။ ဘဝတစ်သက်တာအရေးဖြစ်၍ ချစ်သူအရွေးမမှားဖို့ အရေးကြီးသည်။

**ပညာရေး** ။မိမိသင်ယူလိုသော ပညာ၊ တက်ရောက်လိုသော သင်တန်းသို့ တက်ပါ။

**ကျန်းမာရေး** ။ သွေးတိုးရောဂါအခံရှိပါက သွေးတိုးရောဂါပြန်ထတတ်သည်။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။ ၁၊ ၄၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၁၊ ၁၅၊ ၁၇၊ ၂၀၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၂၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၂၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ "ဥုံ သဗ္ဗကိစ္စံ အရဟံ နဘယံ သိဒ္ဓိ"ဂါထာတော်ကြီးကို မွေးနေ့နံနက် (၉း၃၀)နာရီတွင် အကြိမ်ပေါင်း (၁၀၈)ကြိမ် ရွတ်ပွားပေးပါ။

***ကျန်းမာ ချမ်းသာကြပါစေ***

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားဆန်းကြယ်သည့် နွယ်ချည်(ခေါ်)

# နွယ်လိမ်ကွင်းထိုး နှင့် ဓာတ်တော်ရှ ကျောက်တုံး

ကမ်းနေမှုကဝိုင်းဦး
(ကသာ)

ကျွန်တော်သည် ကသာခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်နှင့်အညီ ကသာမြို့ပေါ်ရှိ ရှေ့နေကြီးများ သိကျွမ်းရင်းနှီးသူ ဖြစ်ပါသည်။

(၂၉-၄-၂၀၀၁)ရက်နေ့ မနက်(၉) နာရီခန့်တွင် ကသာမြို့ ရပ်ကွက်(၄) ဆေးရုံလမ်းနေ၊ အထက်တန်း ရှေ့နေကြီးဦးမြထူး(LLB)၏ နေအိမ်သို့ ကိစ္စတစ်ခုဖြင့် ရောက်ရှိသွားခဲ့သည်။

စာရေးသူ၏ ဝါသနာတစ်ခုမှာ အိမ်တစ်အိမ်သို့ ရောက်လျှင် ဘုရားစင်၌ ဘုရားဝတ်ပြုပြီးနောက် ဘုရားစင်ကို သေချာစွာ ကြည့်ရှုလေ့လာတတ်ပါသည်။

ဦးမြထူး၏ ဘုရားစင်ရှေ့ စားပွဲပေါ်တွင် အင်တုံငယ်တစ်လုံးတွင် ရေထည့်၍ စိမ်ထား ဖားတစ်ကောင် ဝပ်နေသည့်ပုံသဏ္ဌာန်ရှိသည့် ကျောက်တုံးငယ်တစ်တုံး ဘုရားစင်အောက်တွင် ကြိုးဖြင့် ချည်၍ ဆွဲထားသည့် သဘာဝနွယ်လိမ်ကွင်းထိုးတစ်ခုကို တွေ့ရှိရသည်။

သို့နှင့် ဦးမြထူးအား မေးမြန်း စုံစမ်းခဲ့ရာ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကို သိရှိရသဖြင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များ ဗဟုသုတ ပွားများစိမ့်သောငှာ အောက်ပါအတိုင်း ရေးသား တင်ပြအပ်ပါသည်။

## နွယ်ချည်(သို့မဟုတ်)
## နွယ်လိမ်ကွင်းထိုး

ဦးမြထူး၏ဇနီး ဒေါ်တင်တင်လှ၏ ဖခင်ကြီးဖြစ်သူ ဦးဘကြည်သည် တောထဲသို့ ထင်းခုတ်သွားရင်း သဘာဝ အလျောက် နွယ်ပင်မှ မိမိဘာသာ ကွင်းထိုးပြီး ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ခုတ်ဖြတ်၍ ယူဆောင်ခဲ့ခြင်း ဖြစ်သည်။ ဦးဘကြည်မှ သမီးဖြစ်သူဒေါ်တင်တင်လှအား...

'ဒီနွယ်ချည်က ဈေးရောင်း ကောင်းတယ် ဆောင်ထား'

ဟု ပေးခဲ့သဖြင့် ၁၉၈၉ ခုနှစ်တွင် ရရှိခဲ့ခြင်း ဖြစ်သည်။ **(ဖခင်ကြီးက "နွယ်ချည်"ဟု ဆိုပြီး ပေးခဲ့သဖြင့် ဆောင်းပါးတွင် နွယ်ချည်ဟု ထည့် သွင်းရေးသားရန် ကာယကံရှင်များက ဆန္ဒပြုပါသည်။)**

ဒေါ်တင်တင်လှသည် နွယ်ချည် (ခေါ်) နွယ်လိမ်ကွင်းထိုး ရရှိပြီးနောက် အမှုမဲ့ အမှတ်မဲ့ဖြင့် သေတ္တာထဲတွင် ထည့်ထားခဲ့သည်။

သေတ္တာမှာ ထဘီ အစရှိသည့် မသန့်ရှင်း ပစ္စည်း များကိုလည်း ရောနှော ထည့်ထား




နွယ်ချည်(ခေါ်)နွယ်လိမ်ကွင်းထိုး



www.burmeseclassic.com

www.burmeseclassic.com




သည့်နေရာ ဖြစ်သည်။

တစ်နေ့ညတွင် နွယ်ချည်အား ဘုရားစင်အောက်တွင် ကြိုးဖြင့် ချည်၍ ချိတ်ဆွဲထားရန် အိပ်မက်ရသဖြင့် သတိရလျက် သေတ္တာမှ ထုတ်ကာ ဘုရားစင်အောက်တွင် ကြိုးဖြင့် ချည်၍ ထားခဲ့သည်။


နွယ်ချည်ကို ကြိုးဖြင့် ချည်၍ထားခြင်းဖြင့် ဓာတ်သဘောအရ ချည်နှောင်ခြင်း နှစ်ထပ်ဖြစ်သဖြင့် ပိုမို ခိုင်ခံ့မြဲမြံသည့်သဘောကို ဆောင်ပါသည်။

**ဇနီးမောင်နှံ မကွဲမကွာနေရခြင်း၊ မိသားစုဘဝ တည်တံ့ ခိုင်မြဲခြင်း၊ ရှိပြီး စည်းစိမ်ဥစ္စာများ တည်တံ့ခိုင်မြဲခြင်း စသည့် အကျိုးထူးတရားများ လက်တွေ့ တွေ့ကြုံခံစားခဲ့ရပါသည်။**

## ခြေတော်ရာပုံပါသည့် ကျောက်ဖား

ဦးမြထူးနှင့် ဇနီးဖြစ်သူ ဒေါ်တင်တင်လှတို့မိသားစုသည် ၁၉၉၄ ခုနှစ်၊ တပေါင်းလအတွင်းက မန်းစက်တော်ရာ ဘုရားပွဲသို့ ဘုရားဖူးထွက်ခဲ့ကြသည်။

မန်းစက်တော်ရာသို့ ရောက်ရှိပြီးနောက် အထက်စက်တော်ရာသို့ လမ်းအတိုင်း တက်လာခဲ့ကြသည်။ လမ်းခုလတ်တွင် ဒိုးဆံအရွယ်ခန့်ရှိ ကျောက်တုံးငယ်တစ်ခုကို တွေ့ရှိရသဖြင့် ကောက်ယူပြီး ကြည့်လိုက်ရာ ဖားတစ်ကောင် ဝပ်နေသည့်ပုံသဏ္ဌာန်ရှိပြီး တစ်ဖက်သို့ လှန်ကြည့်လိုက်



▲ ကျောက်ဖား ဝပ်စိုက်ခြင်းကွင်း

သည့်အခါ အောက်ခြေတွင် သက်ရှိဖား၏ အရေခွံသဖွယ် အကွက်အကွက်များ၊ ဖြုပ်သီးငယ်ကလေးများ နေရာအနှံ့ ဖြစ်ပေါ်နေပါသည်။

ထူးခြားသည်မှာ အလယ်တွင် ခြေတော်ရာပုံတစ်ခု ထင်ရှားစွာ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။ ခြေတော်ရာပုံ၏ အောက်ဘက်တွင် ကျင်ကြီးစွန့်သည့်အပေါက်သဖွယ် အပေါက်ကလေးတစ်ပေါက်ပင် ပါရှိနေသေးသည်။

ဦးမြထူးတို့ဇနီးမောင်နှံသည် ထိုကျောက်ဖားကလေးကို ကောက်ယူပြီး အထက်စက်တော်ရာသို့ ဆက်လက်တက်လာခဲ့ကြရာ လမ်းတွင် ရသေ့တစ်ပါးနှင့် တွေ့၍ ကျောက်ဖားငယ်ကို ပြသပြီး အကျိုးအကြောင်း မေးမြန်းခဲ့ကြသည်။

ရသေ့က...

'ဤနေရာသည် မြတ်စွာဘုရား ခြေတော်ရာချခဲ့သည့်နေရာ ဖြစ်သဖြင့် ဤကဲ့သို့ ခြေတော်ရာပုံပါသည့် ကျောက်ဖားငယ်များကို ပျော်နှံ့(?) ဆက်ရှိသူများ တွေ့ရှိလေ့ရှိကြောင်း၊ မြင့်မြတ်သည့်နေရာတွင် ထားရန်လိုကြောင်း၊ အကျိုးထူးပေးမည် ဖြစ်ကြောင်း'

ဖြင့် ပြောပြခဲ့သည်။

ဦးမြထူးတို့ဇနီးမောင်နှံသည် ကသာသို့ ပြန်လည်ရောက်ရှိပြီးနောက် ကျောက်ဖားငယ်ကလေးကို ဘုရားစင်ရှေ့အောက်ရှိ စားပွဲငယ်ပေါ်တွင် အင်တုံငယ်တစ်လုံးအား ရေထည့်၍ ထိုကျောက်ဖားငယ်ကို စိမ်ထားခဲ့သည်။

ရေများ မကြာခဏ ခန်းခြောက်သွားသဖြင့် မကြာခဏ ရေဖြည့်ပေးရသည်။

ရေဖြည့်ရန် မေ့လျော့နေပါက ဇနီးမောင်နှံစကားများ ရန်ဖြစ်ခြင်း၊ အိမ်တွင်းရေး ပြဿနာတစ်ခု ဖြစ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖား ဆောတိုက်မြင်ကွင်း

ခြင်းတို့ကြောင့် ရေဖြည့်ခြင်းကို သတိထား ဆောင်ရွက်ရကြောင်း ပြောပြသိရှိရပါသည်။

## ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်တစ်ခု

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဦးမြထူးနှင့် ဇနီးဒေါ်တင်တင်လှတို့သည် ဝန်းသိုမြို့သို့ ဆန်ဝယ်ယူရန် ခရီးထွက်ခဲ့သည်။ နေအိမ်တွင် သမီး (၃)ဦးနှင့် ဦးမြထူး၏ ညီမအရင်း ဒေါ်ဝေဝေမြင့်ကို အစောင့်ထားခဲ့သည်။ ဝန်းသိုတွင် ရှိနေစဉ် တစ်ညသ၌ ဦးမြထူး ထွန်းညှိထားသည့် ဖယောင်းတိုင်သည် မီးစွယ်များ အပေါ်သို့ အရှည်လိုက် တစ်ထွာခန့် သုံးကြိမ်ခန့် တက်သည်ကို ထူးခြားစွာ တွေ့မြင်ရသည်။

ဦးမြထူး၏ အာရုံထဲတွင်လည်း ကသာအိမ်၌ မီးဘေးတွေ့ကြုံရမည်ဟု ပေါ်ပေါက်လာသဖြင့် ညတွင်းချင်းပင် မှီရာ ရထားဖြင့် ကသာသို့ ပြန်လိုက်ခဲ့ကြသည်။

ထိုသို့ ဦးမြထူးတို့ ကသာသို့ ပြန်လိုက်ခဲ့သည့်ညမှာပင် ကသာအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားပုံမှာ ဘုရားစင်နှင့် သုံးတောင်ခန့် အကွာတွင် အိပ်ခန်းဖွဲ့ထားပြီး ထိုအိပ်ခန်းတွင် သမီးများ ဦးမြထူး၏ ညီမဒေါ်ဝေဝေမြင့်တို့ အိပ်ကြသည်။

ထိုညတွင် ဖယောင်းတိုင်ထွန်း၍ စာဖတ်ကြပြီးနောက် ဖယောင်းတိုင်မီး မငြိမ်းမိဘဲ အိပ်ရာဝင်ခဲ့ကြသည်။ ထိုဖယောင်းတိုင်မီးမှ ထရံသို့ ကူးစက်ပြီး အိမ်ခေါင်ပေါ်သို့ မီးညွှန့် ထိုးတက်ကာ လောင်ကျွမ်းခြင်းဖြစ်သည်။

ထိုသို့ မီးလောင်နေစဉ် ဒေါ်ဝေဝေမြင့်၏ ပခုံးအား ပုဂ္ဂိုလ်တစ်ဦး အိပ်မက်ထဲတွင်မှ အတင်းလှုပ်နှိုးပြီး...

'မီးလောင်နေတယ် ထ ထ'

ဟု နှိုးခဲ့သည်။ ဒေါ်ဝေဝေမြင့်သည် အလန့်တကြား ထထိုင်မိခဲ့ရာ မီးလောင်နေသည်ကို တွေ့မြင်ခဲ့ရသဖြင့် ကလေးများကို အော်ဟစ်နှိုးပြီး ကမန်းကတန်း ပိုင်းဝန်း ငြိမ်းသတ်ခဲ့ကြသည်။

မီးသည် သက်ငယ်မိုးနှင့် တစ်တောင်ခန့်အကွာ ရောက်ရှိနေသော်လည်း သက်ငယ်မိုးကိုလည်း မီးမကူး၊ ဘုရားစင်နှင့် လွန်စွာ နီးကပ်သော်လည်း ဘုရားစင်ဘက်သို့လည်း မီး လုံးဝမကူးဘဲ ငြိမ်းသွားခဲ့သည်။

အိမ်နီးချင်းများ ရောက်ရှိလာသောအခါ သက်ငယ်နှင့် လွန်စွာ နီးကပ်သော်လည်း မီးမကူးသည်ကို တွေ့ရှိရသဖြင့် လွန်စွာ အံ့သြကြလေသည်။ သက်ငယ်ကိုသာ မီးစွဲခဲ့ပါက တစ်အိမ်လုံး မီးလောင်ဆုံးရှုံးမည်မှာ ကေန်မုချဖြစ်ပါသည်။

## မီးကျွမ်းပြီး စီးပွားတက်ခဲ့သည်

ဦးမြထူးနှင့် ဒေါ်တင်တင်လှတို့ အိမ်သို့ နွယ်ချည်(ခေါ်) နွယ်လိမ်ကွင်းထိုးနှင့် ကျောက်ဖား ရောက်ရှိပြီးချိန်မှ စ၍ ဘေးအန္တရာယ်များ ကင်းဝေးခြင်း၊ လက်တွေ့ မီးအန္တရာယ်ကင်းဝေးခဲ့ခြင်း၊ လုပ်ငန်းကိုင်ငန်း ကောင်းမွန်ပြီး စီးပွား ဥစ္စာများ တိုးတက်ခဲ့သည်။

ယခင်က အိုးပိုင်အိမ်ပိုင်မရှိဘဲ မိဘအိမ်တွင် ခိုကပ်နေခဲ့ရာမှ ယခုအချိန်တွင် အိုးပိုင်အိမ်ပိုင်ဖြစ်ကာ၊ ဆိုင်ကယ်ရခဲ့သေတ္တာ၊ တီဗွီ စသဖြင့် ပြည့်ပြည့်စုံစုံ နေထိုင်လာနိုင်ခဲ့ပေသည်။

***သဗ္ဗေသတ္တာ အဝေရာ ဟောန္တု***

**ကမ်းနဖူးကစမ်းဦးဲ(ကသာ)**

**စာရှုသူ သုတေသီနှင့် ပညာရှင်များသို့...**

ယခုဆောင်းပါးမှာ **၃၀-၄-၂၀၀၂ ခုနှစ်** နေ့စွဲနှင့် ရောက်ရှိလာသော စာမူဖြစ်ပါသည်။ ထိုစဉ်က ဖော်ပြခွင့် မကြုံခဲ့ပါ။ ယခုမှ ဖော်ပြလိုက်ရပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
တာဝန်ခံ
နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

# မေရှင်ရဲ့ ဘဝလက်ဆောင်

ကျန်းမာချမ်းသာ နည်းတစ်ဖြာ

မောင်အောင်ဝေမြန်း

အဆိုတော် ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေရှင်ဟာ (၃.၉.၂၀၀၈)နေ့က ကွယ်လွန်သွားခဲ့ပါတယ်။ (၁၀.၃.၁၉၁၇)ဖွားမို့ (၉၁)နှစ်ပြည့်ပြီးလို့ (၉၂)နှစ်ထဲမှာ တစ်ဘဝ တစ်သံသရာက ချုပ်ငြိမ်းသွားခဲ့တာပါ။

ဒေါ်မေရှင်ရဲ့ လုပ်ဖော်ကိုင်ဖက်များဖြစ်တဲ့ အောဝမ်း ဦးတင်မောင်ဟာလဲ (၉၅)နှစ်၊ ဆရာကြီးဦးသုခဟာလဲ (၉၆)နှစ်၊ တစ်မြို့တည်းသူ လူထုဒေါ်အမာက (၉၃)နှစ်မှာ ကွယ်လွန်ခဲ့ကြပါတယ်။

ဒီခေတ်မှာ ဒီအသက်အရွယ်ထိ နေကြရဖို့ဆိုတာ ဘယ်လွယ်မလဲ၊ ယေဘုယျအားဖြင့် (၇၅)နှစ်သက်တမ်းလို့ သတ်မှတ်ထားကြတာဆိုတော့ (၉၀)ဆိုတာ "အိုဗာ"အသက်အရွယ်တွေပေါ့။

မြန်မာစကားမှာ အသက်ရှည်ရှည်နေသွားကြရင် **"သီလကောင်းလို့"** လို့ ဆိုပါတယ်။ တကယ်ကြည့်မယ်ဆိုရင် သီလကောင်းကောင်း စရဏကောင်းကောင်းနဲ့ နေသွားကြတာကို တွေ့ရပါတယ်။

ဒေါ်မေရှင်ရဲ့ နိစ္စဓူဝ နိစ္စဘတ်ကလဲ မြန်မာ့အသံက (၄၄)နှစ်အရွယ် ပင်စင်ယူလာပြီးကတည်းက နှစ်ပေါင်း(၄၀)ကျော်ဆိုတော့ မနည်းတော့ဘူး။

မနက်အရုဏ်တက် ဘုန်းကြီးကျောင်းက တုံးခေါက်တာနဲ့ နိုးနေပါပြီ။ မွေးစားသမီးလေး ရွှေတူး အသင့်လုပ်ပေးထားတဲ့ အိပ်ရာအနီး ကုလားထိုင်ပေါ်က ရေအေးအေးလေးနဲ့ မျက်နှာသစ်ပါတယ်။

ခုတော့ ကြာကြာမထိုင်နိုင်လို့ အိပ်ရာထဲမှာ လှဲရင်း ရင်ဘတ်ပေါ် လက်အုပ်ကလေးချီပြီး ဘုရားရှိခိုးရတာပေါ့။ အရင်ကတော့ ဘုရားစင်ရှေ့မှာ ရေချမ်း၊ ပန်း၊ ဆီမီးတို့နဲ့ ရှိခိုးခဲ့ပေမယ့် ခုတော့ ဒီတာဝန်တွေကို မရွှေတူးကပဲ တာဝန်ယူရပါတယ်။

ဘုရားရှိခိုးပြီးတဲ့အခါ ငါးပါးသီလကို ခံယူလိုက်ပါတယ်။ သီလယူပြီးတော့မှ **"နမောတဿ"**နဲ့ တစ်ခါ ရှိခိုးပြန်တယ်။ ပြီးတော့ **"သမ္ဗုဒ္ဓေ"**နဲ့ နတ်ဒေဝါတွေ ပင့်ဖိတ်လိုက်ပါတယ်။ သတ္တဝါအပေါင်း မင်္ဂလာခပ်သိမ်းပြည့်စေဖို့ **"မင်္ဂလသုတ်"**ကို ရွတ်ဖတ်သရဇ္ဈာယ်ပါတယ်။

သဘာဝ ဘေးအန္တရာယ်တွေ ကင်းကြပါစေဆိုပြီး **"ဝဋ္ဋသုတ်"**ကို ရွတ်ပါတယ်။ အသက်အရွယ် ရလာပြီဆိုတော့ မိမိကအစ အားလုံး ကျန်းမာကြစေဖို့ **"ဗောဇ္ဈင်္ဂသုတ်"**ကို ရွတ်ပါတယ်။

မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းကအစ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေဖို့ **"ပုဗ္ဗဏှသုတ်"**ကို ရွတ်ရပြန်ပါတယ်။

ဆက်ပြီး ကပ်ကြီးသုံးပါး ကျော်လွှားနိုင်ကြဖို့ **"ရတနသုတ်"**ကို ရွတ်ပါတယ်။ ဝေနေယျအပေါင်း ချမ်းမြေ့စေကြောင်း **"မေတ္တသုတ်"**ကို ရွတ်ပါတယ်။

ဒီနောက်တော့ ဉာဏ်အမြင် လင်းစေတဲ့ **"ဓမ္မစကြာတရားတော်ကြီး"** ကို သရဇ္ဈာယ်ပါတယ်။ ရန်မျိုးလုံစေတယ်ဆိုတဲ့ **"ပဋ္ဌာန်း ၂၄ပစ္စည်း"** ကိုလဲ ရွတ်ပါတယ်။ **"သမ္ဗုဒ္ဓေဂါထာတော်ကြီး"**လဲ နောက်ဆက်တွဲ ရွတ်လိုက်ပါတယ်။

ဒီတော့ ဒီရည်ရွယ်ချက် စေတနာ မေတ္တာတွေနဲ့ နှစ်ပေါင်းလေးဆယ်ကျော် ငါးဆယ် လုပ်ဆောင်ခဲ့တဲ့ ဒေါ်မေရှင်ရဲ့ စရဏစွမ်းအား ပမာဏဟာ အင်မတန် ကြီးမားလှပါတယ်။

ဆုတောင်းတဲ့ အခါကျတော့ အိမ်တွင်း အေးချမ်းသာယာပါစေ၊ မကြောင့်မကြ ပြည့်စုံပါစေ၊ သာသနာ ပြုရပါစေဆိုတာ အဓိကပါပဲ။ မေတ္တာပို့တဲ့ အခါကျတော့လဲ အိမ်စောင့်နတ်၊ ဝင်းစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ ကိုယ်စောင့်နတ်ကနေ ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်၊ ဝိဇ္ဇာဓိုရ် ဘိုးတော်၊ ဆရာတော်နဲ့ သဗ္ဗေသတ္တာ ဝေနေယျာ အရပ်ဆယ်မျက်နှာ ခုနစ်ရက်သားသမီး အကုန်အစုံ မေတ္တာပို့တော့တာပါပဲ။

ဒီလို မနက်ခင်း နိစ္စဘတ်ပြီးတော့ **"လာဟော့ ရွှေလူရေ... သူတို့ကို**



www.burmeseclassic.com

**ကျွေးတော့ ကျွေးတော့"** လုပ်တာပါပဲ။ ဘယ်သူတွေလဲဆိုတော့ အိပ်ရာဘေးတို့ ကုလားထိုင်ပေါ်တို့မှာ ဝပ်ပြီး စောင့်နေကြတဲ့ ကြောင်တွေက (၁၅)ကောင်လောက်၊ အပေါက်ဝက လှေကားထစ်မှာ မေးတင်လို့ ဝင်းတံခါးမှာ ဝပ်လို့ စောင့်နေကြတဲ့ ခွေးတွေက (၇)ကောင်လောက်၊ ဒီလို မျှော်နေတာကို သနားလို့တဲ့လေ။

သူတို့ကို အရင်ကျွေးထားပြီးတော့မှ ကိုယ့်အတွက် မနက်စာကို စားသတဲ့၊ သနားတတ်ပုံပါ။ ဒီလို ကျွေးမွေးလာတာကိုက နှစ်ပေါင်း(၂၀)ကျော်ပြီတဲ့။

နေ့ခင်းဘက်ကတော့ ဒေါ်မေရှင်အတွက် အချိန်အားတွေပါပဲ။ ညှိသည်စောင်သည်လာရင် ညှိခံစကားပြောပေါ့။ မိတ်ဟောင်း ဆွေဟောင်း သိဟောင်း ကျွမ်းဟောင်းတွေနဲ့ဆိုရင် စကားတွေပြောရတာ မဝနိုင်အောင်ပါပဲ။

ဟိုနားဒီနားက အောင့်တာနာက ဝေဒနာတွေက အဲဒီအခိုက်မှာတော့ ဘယ်ဆီရောက်နေမှန်းတောင် မသိပါဘူး။ တစ်ယောက်တည်း ရှိတဲ့အခါတော့ ပုတီးစိပ်လိုက်၊ ရှင်သီဝလိဂါထာ၊ သမ္ဗုဒ္ဓေဂါထာ ရွတ်လိုက်နဲ့ပေါ့။

ရန်ကုန်က ရောက်စကတော့ ကားကလေးကလဲရှိ ကိုယ့်အရိုးကိုယ် ချိနိုင်တဲ့ကာလမို့ ဥပုသ်နေ့တွေမှာ သီလ သီတင်း ဆောက်တည်ပြီးတာနဲ့ မန္တလေးမြို့ကရှိတဲ့ မဟာမြတ်မုနိဘုရားကြီး၊ ရွှေကျီးမြင်၊ မန္တလေးတောင် စတဲ့ ဘုရားတွေကို လှည့်ဖူးရင်း အောင်ခြင်းရှစ်ပါး သီချင်းနဲ့ ပူဇော်ပါသတဲ့။

'ဟဲ့...အောင်ဝင်း ပျောက်ချက်သား



ကောင်းလှချည်လား၊ နေကောင်းရဲ့လား။ လေးလေးဖြင့် မင်း မပေါ်လာလို့ နေမှကောင်းရဲ့လားလို့'

'ကောင်းပါတယ် လေးလေး၊ ငယ်ငယ်တုန်းက ဆရာကြီးတွေ ကန်တော့ပွဲတို့၊ အမေနေ့ ကျင်းပရေးတို့ အလုပ်ရှုပ်နေတာနဲ့ မရောက်ဖြစ်တာပါ။ လေးလေးကတော့ မတွေ့ရတဲ့ နှစ်လ,သုံးလမှာ အရင်ကထက်စာရင် ကြည်လင်ပြည့်ဖြိုးနေသလိုပဲ'

'အေးဟဲ့... လာတဲ့သူတိုင်းကလဲ အမေက အိုမသွားဘူးနော်၊ အရင်တိုင်းပဲနော်နဲ့ပဲ'

မှန်ပါတယ်။ အဆိုတော် ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေရှင်ကို တွေ့နေမြင်နေရသူများအတွက် လွန်ခဲ့တဲ့ လေး,ငါးနှစ်က အတိုင်းပဲလို့ အောက်မေ့ရပါတယ်။

'အေးပေါ့လေ... သူများတွေ အမြင်မှာတော့ သိပ်မထူးခြားလှဘူးပေါ့။ ဒါပေမယ့် အိုပြီလေ၊ နှစ်ပေါင်း(၉၀)ကျော် အလုပ်လုပ်လာတဲ့ ဗိုက်ထဲက ကလီစာတွေက ချောင်တဲ့နေရာချောင်၊ ချော်တဲ့နေရာချော်နေမှာပေါ့။

ဟိုနားကနာ ဒီနားကနာ ဒီနားကအောင့်နဲ့ပေါ့။ လွန်ခဲ့တဲ့ သုံး,လေးရက်လောက်က

အို...ရင်ဘတ်က အောင့်လိုက်တာ၊ ရင်ဘတ်အောင့်တာ ကျောကလဲ နာပေါ့'

လေးလေးက အိုခြင်းသဘော **"ရော"**နဲ့ နာခြင်းသဘော **"ဗျာဓိ"** တို့ကို ကိုယ်တွေ့ ဟောပြနေတာပါ။

'ဟတ်(Heart)နဲ့ တူပါတယ်။ ဒါနဲ့ ထွန်းရွှေဝါလိုမျိုးနဲ့ ကျောတို့ ရင်ဘတ်တို့ လူးပြီး ရင်ဘတ်ပေါ် စိပ်ပုတီးလေးတင် စိပ်ရင်း မှိန်းနေရတာပေါ့။ နောက်တော့ ဒေါက်တာအောင်ကြီး ခေါ်ပြတာ ဆရာက ဆေးပြားလေးတွေပေးတယ်၊ တစ်နေ့(၂)ကြိမ် သောက်ရတာ၊ ခုတော့ သက်သာနေပါပြီ'

'ကျန်းမာရေးအတွက် အခြားဘာတွေများလုပ်သေးလဲ လေးလေး'

'ထူးထူးထွေထွေ ဘာမှ မလုပ်ပါဘူး။ ပရိတ်ရွတ်တာတို့၊ ပုတီးစိပ်တာတို့ ပြီးတဲ့အခါတိုင်း ကိုယ်စောင့်နတ်ကစပြီး ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်နဲ့ သတ္တဝါအားလုံးကို မေတ္တာပို့ အမျှဝေတာပဲ။ ကိုယ့်အတွက်လဲ လိုချင်တဲ့ဆုတွေ ကျန်းမာရေးအတွက်ပါ တောင်းတာပဲ။

အောင့်တာ နာတာ ဖြစ်လာရင် အိပ်ရာထဲမှာ လှဲနေရင်း လက်ကို ရင်ဘတ်ပေါ် အသာတင် အသက်ကို ရှူသွင်းလိုက်ပြီး ဗိုက်ထဲ လေတွေ ပြည့်သွားတော့ ဟားခနဲ မှုတ်ထုတ်လိုက်တာပဲ။ ဒီအိတ်ဆာဆိုက်(Exercise)က ဗိုက်အောင့်တာလဲ သက်သာတယ်'

'လေးလေး ဒီလိုလုပ်တာ မြန်မာ့အသံက ပင်စင်ယူပြီး မန္တလေးရောက်တော့ တရားထိုင်ရင်း လုပ်တာလား'

'မဟုတ်တူးကွယ့်၊ ကျောင်းမှာကတည်းက လုပ်တာဆိုပါတော့။ လေးလေးတို့ ဝက်ရှင်ယန် အမျိုးသမီးကျောင်းမှာ ဘရိသ်အင် ဘရိသ်အောက်(Breath In, Breath Out) အိတ်ဆာဆိုဒ် အမြဲလုပ်ရတယ်။ လေးလေး


စာမျက်နှာ (၂၁၆) သို့
www.burmeseclassic.com

www.burmeseclassic.com

# ပြဒါးမှ ရွှေပြန်နိုင်ပါသလော (၄)

ဦးမနောမယ (မြည်)



ယခင်လမှအဆက်

## လုပသော့သားကို သန့်စင်စေခြင်း

နာခီ သွင်းပြီးပါက ပြဒါးခဲတတ်လုံးသည် အတွင်းတေဇောအား ညှိသွားမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နာကို အတွင်းတေဇောအားဖြင့် တဝတနင့် စားလိုက်ရသောကြောင့် ဖြစ်ပါသည်။

ထို့အတူပင် ဆောင်ရွက်ချက် တစ်ဆင့်ပြီးတိုင်း ပြီးတိုင်း တေဇောအား နည်းသွားတတ်သဖြင့် အတွင်းတေဇောအား ပြန်ပြည့်လာစေရန် မလွဲမသွေ တေဇောပြန်တက်ပေးရမည်သာ ဖြစ်ပါသည်။ ထိုသို့ တေဇောတက်သောအခါတွင်လည်း လေဖိအား များများပေးဖို့ လိုအပ်ပါသည်။

တေဇော အလုံအလောက် တက်ပြီးပါက ပြဒါးလုံးကို မှတ်တိုက်ပြီး **ယမ်းစိမ်းငရဲမီး**(Nitric Acid) တင်ကြည့်ပါ။ **မှတ်ကျောက်ပေါ်တွင် ခဲတ်သားအဖြူများကို ငရဲမီးက စားသွားပါမည်။** ရေဆေး အခြောက်ခံကြည့်ပါက မည်းမည်းအတန်းသည် ရှေးကထက်ပိုမိုထင်ရှားစွာ ပေါ်လွင်နေတတ်ပါသည်။ **အိုးမဲတန်းသည်**ဟုလည်း ပြောကြပါသည်။

ပြဒါးခဲတ်တွင် နာခီလည်း အဝင်ကောင်းမည်၊ တေဇောအားလည်း ပြည့်ဝလုံလောက်မည်ဆိုပါက မှတ်ကျောက်တွင် အိုးမဲတန်း ကျန်ရုံမျှမကဘဲ အနီရောင်ပင် ပေါ်လွင်နေတတ်ပါသည်။ ထိုအနီရောင်သည် လူတို့ ကွမ်းစားသောအခါ ထွက်ပေါ်လာသော ကွမ်းတံတွေးအရောင်နှင့် ဆင်တူသဖြင့် **"ကွမ်းစားသည်"**၊ **"ကွမ်းတန်းသည်"**၊ **"ကွမ်းခံသည်"**ဟုပင် အမျိုးမျိုး ခေါ်ဆိုကြပါသေးသည်။

အဆိုပါ လက္ခဏာများ တစ်ခုမဟုတ်တစ်ခု ပေါ်လွင်မလာဘူးဆိုလျှင် နာခီမဝင်သေးဘူး သို့မဟုတ် နာခီမလုံလောက်သေးဘူးဟု သဘောရှိပါသည်။ ထိုသို့ဖြစ်လျှင် ထပ်သွင်းရပါဦးမည်။

နာခီ မဝင်ခြင်း၏ အကြောင်းမှာ ဖိုကို ပုံမှန်ဆွဲနေရာမှာ အမှုမဲ့အမှတ်မဲ့ မီးလွန်ဖြစ်သွားသဖြင့် ခဲတ်သည် အစာကို ပါစကတေဇောအားဖြင့် စားခွင့်မရတော့ဘဲ အပြင်မီးအားဖြင့် လောင်မြိုက် စားသွားသောကြောင့် ဖြစ်တတ်ပါသည်။

ထို့ကြောင့် ခဲတ်ကို လိုအပ်သလို ဖြစ်စေဖို့အတွက် မိမိ လုပ်ဆောင်နေသောလုပ်ငန်းပေါ်တွင် အာရုံကို စုစည်းထားပြီး အမြဲသတိရှိနေစေရပါမည်။ သို့မှသာ မိမိ လုပ်ဆောင်ချက်များသည် မှန်ကန်ထိရောက်မှု ရှိ၊ မရှိကို ချက်ချင်း သိနိုင်မှာ ဖြစ်ပါသည်။

နာခီ အပြည့်အဝ ဝင်ပြီးသော ခဲတ်ကို တေဇောတက်ပြီးပါက နာခီ၏ ဟိတ်အရောင်ဖြစ်သော နီဝါအဆင်းကို ထာဝရ ခိုင်မြဲသွားစေရန် လုပ်ဆောင်ပေးရပါဦးမည်။

ယမ်းစိမ်းနှင့် ယမ်းစိမ်းငရဲမီးတို့၏ ဟိတ်အရောင်သည် နာခီ၏ ဟိတ်အရောင်ကဲ့သို့ပင် နီဝါရောင်ဖြစ်ပြီး **ထူးခြားသည်မှာ ယမ်းတို့၏ ဟိတ်အရောင်သည် စွဲမြဲစေသော သတ္တိရှိပါသည်။**

ထို့ကြောင့် ပြဒါးခဲတ်အတွင်းတွင် ကိန်းအောင်းနေပြီဖြစ်သော ဒန်သခွေ သို့မဟုတ် ကိတ်မျိုးစေ့နှင့် နာခီတို့၏ အရောင်ကို ထာဝစဉ် ခိုင်မြဲသွားစေရန် ယမ်းနှင့်ပင် ပြုပြင်စီမံရပါမည်။

ဤသို့ ယမ်းစိမ်းနှင့် စီမံရန်အတွက် ပြဒါးသည် တကယ်တမ်း တေဇောအား ပြည့်မီ ကောင်းမွန်နေဖို့ လိုအပ်ပါမည်။ တေဇောလွန် ဖြစ်နေပါက ပို၍ကောင်းပါသည်။ သို့မှသာ ယမ်း၏ ဒဏ်ကို ကြံ့ကြံ့ခံနိုင်မှာ ဖြစ်ပါသည်။

တေဇောအား ပြည့်မီနေပြီဖြစ်သော ပြဒါးလုံးကို လုံပြတ်တွင်ပင် ထည့်၍ ပျော်မီးနှင့် ဖြည်းဖြည်းထိုးပါ။ ခဲတ်အရည်ကောင်းစွာ ပျော်သောအခါ ယမ်း အနည်းငယ်စီ ပေါက်သွားပါ။ ယမ်းပေါက်သည်ကို ခံနိုင်ရည် ရှိ၊ မရှိ အကဲခတ်ပါ။ ခံနိုင်ရည်မရှိလောက်ဟု အထင်ရှိလျှင် ဆက်မလုပ်ပါနှင့်၊ ခဲတ်



www.burmeseclassic.com

www.burmeseclassic.com

များကုန်သွားပါမည်။

ဓာတ်သည် ယမ်း အပေါက်ခံနိုင်ပြီဆိုလျှင် အနည်းငယ် ပေါက်၍ ချော်ဖြစ်သွားမှ နောက်ထပ်တစ်ကြိမ် ထပ်ပေါက်ပါ။ ဤသို့ဖြင့် ဓာတ်ကို ယမ်းချော်များ ပိတ်သွားသည်အထိ ပေါက်ပြီး လုံတစ်ခိုင် ဆက်ထိုးသွားရပါမည်။

ယမ်းနှင့် ထိုးပြီးသော ဓာတ်ကို လုံဖောက်တွင် ပြောင်း၍ လက်ချားချော်သစ်နှင့် ထိုးလိုက်ပါ။ ဓာတ်သည် ကြည်လင်သန့်စင်သွားပါမည်။ ဤအဆင့်ပြီးလျှင်လည်း ဓာတ်၏ ပါစကအားမှာ နုံ့သွားဦးမည်သာ ဖြစ်သဖြင့် လေဖိအားများများနှင့် တေဖောထပ်သွင်းဖို့ လိုအပ်ပါဦးမည်။


တေဖော တက်ပြီးပါက ဓာတ်ကို မှတ်ကျောက်တွင် တိုက်ကြည့်ပါ။ အဖြူရောင်သာ ပြပါမည်။ ယင်းပေါ်သို့ ငရဲမီးတင်ကြည့်ပြီး သေချာစွာ လေ့လာပါ။

**ငရဲမီးသည် ဓာတ်သားပေါ်သို့ တင်လိုက်သည်နှင့် ချက်ချင်း စားသွားပါက ထိုဓာတ်သည် တေဖော အလွန်နုသေးသည်ဟု သဘောရပါသည်။**

ငရဲမီးသည် မှတ်တိုက်ထားသော ဓာတ်သားပေါ်သို့ လုံးဝ အုပ်သွားပြီးမှ ဓာတ်သည် အဖြူနှစ်များသဖွယ် ကြွတက်ပြီး အစားခံရလျှင် ထိုဓာတ်သည် ဆော်သားကဲ့သို့ ဖြစ်နေပြီဟု သဘောရပါသည်။ **သို့သော် တေဖောအဆင့်တော့ မမီသေးပါ။**

တကယ်တမ်း တေဖောအဆင့်မီပြီသို့မဟုတ် လေဖိအားများများနှင့် ထိုးထားပြီး တေဖောလွန် ဖြစ်နေပြီဆိုပါက မှတ်တိုက်၍ ငရဲမီး တင်လိုက်သည်နှင့် ဓာတ်သားအဖြူရောင်သည် **ချက်ချင်း အဝါရောင် သို့မဟုတ် ရွှေရောင်သို့ ပြောင်းသွားပါလိမ့်မည်။**

ထိုသို့ ဖြစ်ပြီဆိုလျှင် အဆင်း



သဏ္ဌာန် လှပတင့်တယ်၍ အမှန်ပင် စွဲမက်စရာကောင်းသော သန္ဓေသားကို ဖွားသန့်စင်ရန် မင်္ဂလာအချိန်ကောင်းသို့ ကျရောက်ပြီ ဖြစ်ပါတော့သည်။

သားလှရတနာကို ဖွားသန့်စင်ရန် စီမံတော့မည်ဆိုလျှင် အဆိုပါ ပြဒါးဓာတ်လုံးကို လုံပက်နှင့် အရည်ကျို၍ (အုံ)ဥစိတ်ခွဲပါ။ ဥစိတ်ခွဲလျှင် အခဲသေးလေ ကောင်းလေဖြစ်ပါသည်။ ထိုအခဲလေးများကို စု၍ ဓာတ်ခွဲခန်းသုံး လည်ပင်းရှည် ဖန်ဘူး သို့မဟုတ် အပူခံနိုင်သည့် အခြားသင့်တော်သော အလားတူ ဖန်ဘူးတွင် ထည့်ပါ။

အဆိုပါ ဖန်ဘူးအတွင်းသို့ **ယမ်းစိမ်းငရဲမီး**(Nitric Acid) အပြင်းကို ဓာတ်သားအခဲလေးများ မြုပ်သည်အထိ လောင်းထည့်ပါ။ အခိုးများ ထွက်လျက် ဆူပွက်ကာ စားနေပါလိမ့်မည်။

ဓာတ်အခဲလေးများ အားလုံးကို ညီညွတ်စွာ စားသွားစေရန် ဖန်ဘူးကို လှုပ်၍ လှုပ်၍ ပေးရပါမည်။ ငရဲမီးအစားနှေးသွားပါက ဆွဲဖိုပေါ်တွင် သံခွက်တင်၍ အပူပေးထားပြီး ယင်းသံခွက်တွင် ငရဲမီးစားနေသော ဖန်ဘူးကို တင်ထားပါ။ ဖန်ဘူးပူလာသောအခါ ငရဲမီးအစား မြန်သွားပါမည်။ အစားနှေးသွားပါက ဆွဲဖိုမီးကို လှုပ်လှုပ်ပေးကာ ဆက်၍ စားစေရပါမည်။

နောက် ဖန်ဘူးကို လှုပ်ကြည့်ပါ။ ဓာတ်အခဲလေးများ၏ အသံကို ကြား

နေရသေးလျှင် ငရဲမီး အနည်းငယ် ထပ်ထည့်ပြီး အားဖြည့်ပေးကာ ဆက်၍ စားစေပါ။ ဓာတ်သားအခဲများ လုံးဝမကျန်တော့ဘဲ ညိုညို အမှုန့်အဖတ်ကလေးများသာ ကျန်တော့မှ ဖိုပေါ်က ချပါ။

ဖန်ဘူးထဲသို့ ရေနွေးပူပူ ထပ်ထည့်ပြီး လှုပ်၍ လှုပ်၍ ငရဲမီးများကို ဆေးပစ်ရပါမည်။ ဆေးထားသော ရေများကို ကြွေဇလုံ၊ စဉ့်အင်တုံ(သို့မဟုတ်) ပလတ်စတစ် ဇလုံတစ်ခုခုတွင်းသို့ သွန်ထည့်ထားပါ။

ငရဲမီး အခိုးအငွေ့ လုံးဝမကျန်သည်အထိ အထပ်ထပ် ဆေးပေးရပါမည်။

ငရဲမီး ဆေးထားသော ရေများ ထည့်ထားသည့် ဇလုံထဲသို့ နောက်ထပ် ရေနွေးများများ ထည့်ပြီး ကြေးနီတုံး တစ်တုံးကိုပါ ထည့်ကာ မလှုပ်ရှားသောနေရာတွင် အဖုံး,ဖုံးပြီး ငြိမ်ငြိမ်လေး ထားလိုက်ပါတော့။ **ငရဲမီးထဲတွင် ပျော်ဝင်နေသော ကိတ် မဖြစ်သေးသည့် ပြဒါးများကို ပြန်လည် ထောင်ယူထားခြင်း ဖြစ်ပါသည်။**

ငရဲမီးနှင့် ‌ဆော်ပြီး၍ ဖန်ဘူးထဲတွင် ကျန်နေသော **ကော်ဖီမှုန့်ကဲ့သို့သော ညိုညိုအမှုန့်အဖတ်များသည် လူတို့ ကွမ်းစားပြီး ကျန်နေသော ကွမ်းဝါးဖတ်များနှင့်လည်း အဆင်းအသွင်တူသဖြင့် ယင်းတို့ကို ကွမ်းဖတ်ဟူ၍လည်း ခေါ်ဆိုကြပါသည်။**

အဆိုပါ ကွမ်းဖတ်များကို ရွှေကျိုလုံပက်တွင် ထည့်၍ ရေများစစ်ပြီး လုံမကပ်စေရန် လက်ချား အနည်းငယ်နှင့် ဆွဲဖိုတွင် ထိုးကာ အရည်ကျိုလိုက်ပါ။

ကွမ်းဖတ်များ အရည်ဖြစ်သောအခါ အိမ်သုံးဆား အနည်းငယ်ကို တစ်ကြိမ်တည်း လောင်းထည့်ပြီး ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com

အဖုံး,ဖုံးကာ ဖိုကိုဆွဲပါ။ ဆားများ အရည်ပျော်လျှင် အဖုံးကို ဖွင့်နိုင်ပါသည်။ ဆားနှင့် အတော်ကြာသည် အထိ ထိုးပါ။ မီးလိုနေပါက ထွက်လာမည့် **ဓာတ်သားသည် အရောင်ဖန်နေတတ်ပြီး** ကြည်လင်မှုလည်း နည်းပါသည်။

ဆားနှင့် အတော်ကြာ ထိုးပြီးနောက် လုံကို ညှပ်နှင့်ထုတ်ကာ ဆားရည်များကို ဖြည်းဖြည်းသာသာ သွန်လိုက်ပါ။ ဆားရည်များ ကုန်သလောက် ဖြစ်သွားသောအခါ ဓာတ်သားကို ရေသန့်သန့်တွင် ဆတ်ခနဲ သွန်ချလိုက်ပါတော့။

ရေမှ ဆယ်ယူလိုက်သောအခါ အလွန်လှပတင့်တယ်၍ အရောင်အဆင်း ဝင်းဝင်းဝါဝါနှင့် စွဲမက်စရာ အခေါက်ရွှေနှင့် မခြားသော ရတနာလေးတစ်ပါး ဖွားသန့်စင်ပြီး ဖြစ်ပါတော့သည်။

နောက်ရက်များတွင် ငရဲမီး ဖျော်ရည်များ ထည့်ထားသော ဇလုံတွင် ကြည့်ပါက ကြေးနီတုံးတွင် တိမ်လိပ်ဝါဂွမ်းကဲ့သို့ ဖြူဖြူအမှုန်များ အထပ်ထပ် အုံခဲတွဲလျက် ရှိနေသည်ကို တွေ့ရပါမည်။

**ထိုကြေးနီတုံးကို အသာအယာ ဆယ်ယူပြီး မြှုပ်များကို ခြစ်ယူကာ ဓုတားပါ။ ကြေးနီတုံးတွင် လုံးဝ မကပ်တော့သည် အထိ အကြိမ်ကြိမ် ထောင်ယူပါ။**

ရသမျှသော အဖြူရောင် မြူမှုန်များကို လုံတွင် ထည့်ကျိုပြီး အခဲ လုပ်ထားနိုင်ပါသည်။ ကိတ်မဖြစ်သေးသော ဘော်သားဆိုက် ပြဒါး ဖြစ်သဖြင့် ရှေးနည်းအတိုင်း ဒန်သခွေကို တည်စေကာ ဆက်လက် လုပ်ဆောင်လိုပါက လုပ်နိုင်ပါသေးသည်။

ယခု ဖော်ပြခဲ့သည်များမှာ စာရေးသူမြင်တွေ့ လေ့လာမှတ်သားခဲ့ရသမျှ ပြန်လည် တင်ပြ ဆွေးနွေးသည့် သဘောသာဖြစ်ပါသည်။ ပညာပိုင်းဆိုင်ရာ ကဏ္ဍများတွင် စာရေးသူ ဉာဏ်မမီ၍ လစ်ဟာသည်များ ရှိကောင်း ရှိနေမည်ပါသည်။ ဝါသနာရှင်များ၊ လေ့လာကြသူများအနေဖြင့် ဖြည့်စွက် ကြံဆကာ ချင့်ချိန်၊ နှိုင်းဆ၊ လုပ်ဆောင်၊ အောင်မြင်တော်မူကြပါစေ။

***ဝါသနာရှင်များ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။***

((**ဦးမနောမယ(ပြည်)**))

**စာမျက်နှာ (၂၁၃)မှ အဆက်**

က အဲဒီကတည်းက အမြဲတမ်း လုပ်လာတာ။ တရားထိုင်တော့ ပိုလုပ်ဖြစ်သွားတာပေါ့။ ခုတော့ အိပ်ရာပေါ်မှာလှဲရင်း အားတိုင်း လုပ်ဖြစ်တာပေါ့လေ’

လေးလေးဒေါ်မေရှင်က ရုပ်ရှင်မင်းသမီးဖြစ်တဲ့အတွက် ခုတင်ပေါ်ထိုင်လျက် တွဲလောင်းချထားတဲ့ ပေါင်ပေါ်မှာ လက်နှစ်ဖက်ကို ထပ်တင်ပြီး အသက်ရှူလေ့ကျင့်ခန်းကို သရုပ်သဏ္ဍာန်တူ လုပ်ပြနေပါတယ်။

သိပ္ပံနည်းနဲ့ပဲဖြစ်ဖြစ်၊ ယောဂနည်းနဲ့ပဲဖြစ်ဖြစ်၊ သမထနည်းနဲ့ပဲဖြစ်ဖြစ်၊ တိုင်းရင်းဆေး နည်းနဲ့ပဲဖြစ်ဖြစ် ဒီအသက်ရှူလေ့ကျင့်ခန်းဟာ လူတစ်ယောက်ကို နုပျိုအသက်ရှည်စေတယ်လို့ ဆိုထားပါတယ်။

ကျောင်းသားတိုင်းဟာ စာမေးပွဲအောင်ချင်ကြပါတယ်။ စာမေးပွဲအောင်ဖို့ ကျောင်းမှန်မှန်တက်၊ ဆရာသင်တာကို သေသေချာချာ နားထောင် သင်ယူ၊ လေ့ကျင့်ခန်းကို နေ့စဉ် ပုံမှန်လုပ်ရင် မအောင်စရာ မရှိပါဘူး။

ဒီလိုပဲ လူတိုင်းဟာ အသက်ရှည် ချင်ကြပါတယ်။ အသက်ရှည်စေတဲ့နည်းကို အဆိုတော်ရုပ်ရှင် မင်းသမီးကြီး ဒေါ်မေရှင်က ကိုယ်တိုင် ကျင့်သုံး လုပ်ဆောင်ပြသွားပါတယ်။ ရှေးအစဉ် အဆက်ကတည်းက နည်းလမ်းကောင်းလဲဖြစ်ပါတယ်။

တကယ်အသက်ရှည် ကျန်းမာနုပျို ချင်ရင်တော့ လိုက်လုပ်ကြဖို့ပါပဲ။

**[အဆိုတော် ရုပ်ရှင်သရုပ်ဆောင် ခေတ်ဟောင်း မင်းသမီးကြီး ဒေါ်မေရှင် မျှဝေခဲ့တဲ့ ပွဲတွေ့နည်း ကောင်းတစ်လက်ကို အမှတ်တရလက်ဆောင်ကမ်းလိုက်ပါတယ်။]**

**မောင်အောင်ဝင်းမန်း**

စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉–လမ်း (အထက်)၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။ ဖုန်း–
၀၉–၇၇၆၃၄၉၇၈၁
၀၉–၉၆၈၀၀၀၇၁၉၂



www.burmeseclassic.com

www.burmeseclassic.com



ရွှေနိုင်ကျော်
(မြောက်ဦး)

# ဆေးဝိဇ္ဇာ

## ခေါ်ယူခြင်းခံရသော လူငယ်တစ်ဦး

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ (၈)ရက်နေ့က ဖြစ်ပေသည်။ စာရေးသူသည် နံနက်(၈း၃၀)နာရီခန့်တွင် နေအိမ် ကုလားထိုင်တွင် ထိုင်၍ သတင်းစာ ဖတ်နေလေသည်။

ထိုအခါ၌ **အသက်နှစ်ဆယ် ကျော်ခန့်ရှိသော လူငယ်တစ်ဦးမှာ** "ဆရာ ဆရာ"ဟု ခေါ်၍ ဝင်လာလေသည်။ စာရေးသူက ထိုသူငယ်အား သူ့အား အိမ်ပေါ်သို့ တက်လာရန် ခေါ်ယူပြီး အနီးရှိ ကုလားထိုင်၌ ထိုင်စေလေသည်။

ထိုလူငယ်သည် ထိုင်ပြီး..

'ကျွန်တော်ကိုယ် ကျွန်တော် မိတ်ဆက်ပါရစေ၊ ကျွန်တော်မှာ ထိန့်ညို ကျေးရွာမှ တရားသူကြီး အငြိမ်းစား ဦးလှအောင်ရဲ့ မြေး ကျော်စိန်လှဖြစ်ပါတယ်။ ကျွန်တော်ဟာ ဆေးဝိဇ္ဇာတစ်ဦး ခေါ်ဆောင်၍ ပါသွားခဲ့ပါတယ်။ အဲဒီ အကြောင်းကို ဆရာ့အား ပြောပြပါမယ်။ ဆရာဟာ စာရေးဆရာဖြစ်လို့ စာရေးနိုင်အောင် ဖြစ်ပါတယ်'

ဟူ၍ စပြီး အောက်ပါအတိုင်း ပြောပြပါသည်။ သူ၏ ပြောပြချက်ကို အစီအစဉ်ကျအောင် ရေးသားလိုက်ပေသည်။

* * *

တစ်နေ့သောအခါ ရသေ့တစ်ဦးမှာ ချိုင်ကိုလွယ်၍ တစ်အိမ်ဝင် တစ်အိမ်ထွက် အလှူခံနေပေသည်။ ထိုရသေ့သည် ကျော်စိန်လှတို့အိမ်ရှေ့သို့ ရောက်လာသည်။

ထိုနေ့မှာ သီတင်းဥပုသ်နေ့ဖြစ်၍ ကျော်စိန်လှသည် ဥပုသ်စောင့်၍ သက်သတ်လွတ်ထမင်းရသည်။ အချိန်မှာ (၁၀း၃၀)နာရီရောက်နေ၍ ထမင်းစားချိန် ဖြစ်နေပေသည်။

ထို့ကြောင့် ဘာသာရေးကို လေးစားသော ကျော်စိန်လှမှာ ရသေ့အား ထမင်း

www.burmeseclassic.com

စား(ဆွမ်းစား) ဖိတ်လေသည်။ရသေ့ကြီးလက်ခံသဖြင့် သက်သတ်လွတ်ဆွမ်းကျွေးလေသည်။

ဆွမ်းစားပြီးလျှင် အချိုပွဲအဖြစ် နို့တစ်ခွက် ရသေ့ကြီးကို ကပ်လှူလေသည်။ ပြီးသောအခါ ရသေ့ကြီးက "**ကျော်စိန်လှ အလုပ်အားလျှင် မွန်းလွဲ (၂း၀၀)နာရီခန့်တွင် မဟာမုနိဘုရားသို့ လိုက်လာရန်**" ပြောလေသည်။

အချိန် (၁၁း၀၀)နာရီကျော်နေ၍ ရသေ့ကြီးသည် မဟာမုနိသို့ ထွက်သွားလေသည်။ ထိုအခါ ကျော်စိန်လှသည် ထမင်းစားပြီး စက်ဘီးစီး၍ မဟာမုနိသို့ လိုက်သွားလေသည်။ လမ်းတွင် ရသေ့ကို တွေ့လိမ့်မည်ဟု ယုံကြည်သည်။

ကျော်စိန်လှသည် လမ်းတွင်ရသေ့အား တွေ့လိမ့်မည် ထင်သော်လည်း မတွေ့ပေ။ သို့သော် ရသေ့ကြီးကို မဟာမုနိဘုရား၏ အရှေ့ဘက် စောင်းတန်း၌ ထိုင်လျက် တွေ့ရလေသည်။

ဤနေရာ၌ **ထိန်ညိုကျေးရွာ** အကြောင်းကို အနည်းငယ် ရေးသားလိုက်ရပေမည်။ ထိန်ညိုကျေးရွာသည် **မြောက်ဦးမြို့မှ အနောက်ဘက် ဆယ်မိုင်ခန့်အကွာ**တွင် ရှိပေသည်။

မြောက်ဦး စစ်တွေ ကားလမ်းဘေး၌ တည်ရှိပြီး အိမ်ခြေငါးရာကျော် ရှိလေသည်။ အလယ်တန်းကျောင်းနှင့် ရဲကင်း ရှိသည်။

ထိုရွာကို ဖြတ်၍ ရှင်ကျော်ဘုရားသို့ ကားလမ်း ဖောက်လျက်ရှိလေသည်။ နေ့စဉ် ထော်လာဂျီကားများ အသွားအလာရှိလေသည်။

ကျော်စိန်လှမှာ ထိန်ညို အလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းအောင်ပြီး ဖခင်နှင့်အတူ လယ်ယာလုပ်ငန်း၌ ကူနေ



လေသည်။ သူ၏ နှမမှာ အိမ်ထောင်ကျပြီး၍ သီးခြားနေလေသည်။ ကျော်စိန်လှမှာ မိဘ၏အိမ်၌ နေလေသည်။

ကျော်စိန်လှကို မြင်သောအခါ ရသေ့ကြီးသည် သူ့အား ခေါ်လေသည်။ ကျော်စိန်လှသည် ရသေ့ကြီးရှိရာသို့ သွားပြီး ရှိခိုးလေသည်။ ရေတစ်ခွက်ပေး၍ သောက်သောအခါ အေးမြပြီး အမောပြေလေသည်။

ရသေ့ကြီးက စက်ဘီးကို ထားရန် ပြော၍ ကိုဟိန်းထမင်းဆိုင်၌ စက်ဘီးကို အပ်၍ ရသေ့ကြီးထံ ပြန်လာခဲ့သည်။ ထိုအခါ ရသေ့ကြီးသည် သူ့အားခေါ်သွား၍ ဘုရားခန်းသို့ ဝင်ရောက်ခဲ့သည်။

ထိုနေရာ၌ ရသေ့ကြီး ဘုရားကို ရှိခိုးလေသည်။ ပြီးလျှင် ကျော်စိန်လှအား ခေါ်ပြီး ရှေ့မှ သွားလေသည်။ ဘုရားကုန်း၏ မြောက်ဘက်ရှိ ညောင်ပင်ရှိရာသို့ သွားလေသည်။ ကျော်စိန်လှက နောက်မှ လိုက်သွားလေသည်။

လမ်းခုလတ်တွင် ရသေ့ကြီးက ဖယောင်းတိုင်တစ်ထုပ်နှင့် မီးခြစ်တစ်ဘူး အဝယ်ခိုင်း၍ သွားဝယ်ခဲ့ရသည်။ ထိုအချိန်၌ ရသေ့ကြီးမှ ဆက်သွား၍ ညောင်ပင်အောက်သို့ ရောက်သွားလေသည်။

ကျော်စိန်လှသည် ရသေ့ကြီးအား အမှီလိုက်လာ၍ ညောင်ပင်အောက်၌ တွေ့လေသည်။ ဒုတိယဆင့် မြောက်ဘက် ညောင်ပင်အောက်တွင် ဝင်သည့် လိုဏ်ဂူပေါက်တစ်ခုကို တွေ့ရသည်။ ယင်းမှာ ညောင်မြစ်များ ဆီးနေ၍ ဝင်လမ်းပင် မရနိုင်အောင် ဖြစ်သည်။

ရသေ့ကြီးသည် ကျော်စိန်လှအား ဖယောင်းတိုင်တစ်ချောင်းကို မီးထွန်းခိုင်းပြီး ရှေ့က ညောင်မြစ်များကို တွန်းဖယ်ပြီး ဝင်သွားလေသည်။ ကျော်စိန် လှလည်း ရသေ့ကြီးနောက်မှ လိုက်သွားလေသည်။

ကျောက်လှေကားထစ်ဖြင့် ခြောက်တောင်ခန့် ဆင်းလိုက်သောအခါ ညီညာသောလမ်းသို့ရောက်လေသည်။

ရှေ့အတောင်နှစ်ဆယ်ခန့်၌ လင်းသောနေရာတစ်ခုကို မြင်တွေ့ရသည်။ ရသေ့ကြီးသည် ရှေ့သို့ စိုက်စိုက်သွားနေ၍ ကျော်စိန်လှသည် ဖယောင်းတိုင်ကို ကိုင်၍ လိုက်လေသည်။

လင်းနေသော နေရာသို့ရောက်လျှင် ရွှေဆင်းတုဘုရားတစ်ဆူကို တွေ့ရသည်။ ရွှေရောင်တောက်ပပြီး ကြည်ညို ဖွယ်ဖြစ်သည်။

ရသေ့ကြီးမှာ ဘုရားရှေ့တွင် ဝတ်ပြုလေသည်။ ပြီးလျှင် သူထံ ပါရှိသော ပုတီးကို စိပ်လေသည်။ ပုတီးစေ့မှာ နက်မှောင်ပြီး မည်သည့်သစ်သားကို ပြုလုပ်ထားကြောင်း မသိနိုင်ချေ။

ကျော်စိန်လှလည်း ရသေ့ကြီး၏ နောက်မှာ ထိုင်ပြီး ပါလာသော ပုတီးကို စိပ်လေသည်။ ကျော်စိန်လှ၏ ပုတီးမှာ နံ့သာဖြူကို ပြုလုပ်သော ပုတီးဖြစ်သည်။ လူတစ်ဦးက ဗုဒ္ဓဂါယာမှ ဝယ်လာပြီး လက်ဆောင်ပေးခြင်း ဖြစ်သည်။

နှစ်ဦးစလုံး ပုတီးစိပ်၍ ပြီးသောအခါ ရသေ့ကြီးသည် ကျော်စိန်လှဘက်သို့ လှည့်၍ စကားပြောလေသည်။

ရသေ့ကြီးသည် ကျော်စိန်လှထံသို့



www.burmeseclassic.com

www.burmeseclassic.com

လှည့်၍...

'ငါဟာ ဆေးဝိဇ္ဇာတစ်ဦးဖြစ်တယ်။ ဆေးပညာဖြင့် လူများကို ကယ်ဆယ်ရန် မင်းအား တာဝန်ပေးဖို့ ခေါ်ရခြင်းဖြစ်တယ်'

ဟု ပြောပြီး လွယ်ထားသော လွယ်အိတ်ထဲမှ ဆေးမြစ်က တစ်ခုကို ယူ၍ ပေးလေသည်။

ထို့နောက် ရသေ့ကြီးက...

'မင်းဟာ ဆေးသမားမဟုတ်ပေမယ့် ဆေးကုစားလို့ ရပြီ။ ငါ့အခု ဘုရားမှာ သစ္စာတိုင်ပေးမယ်။ မင်းလိုက်ပြီးဆိုရမယ်။

"အရှင်ဘုရား... တပည့်တော်ဟာ ဆေးဆရာမဟုတ်ပေမယ့် ဆရာဝိဇ္ဇာပေးသော ဆေးမြစ်ဖြင့် ဆေးကုပါမယ်။ ဆေးကုခကို ရောဂါသည်က စေတနာဖြင့် ပေးမှသာ ယူပါမယ်။ အဖိုးအခတောင်းလို့ ဆေးမကုပါ။

ဒီပြင် ရရှိသော ဆေးဖိုးမှ သုံးပုံတစ်ပုံကို ဘုရားအား လှူပါမယ်။ သုံးပုံတစ်ပုံကို ဆင်းရဲသားတို့အား စွန့်ကြဲပါမယ်။ ကျန်ငွေကို စားသုံးပါမယ်"

ရသေ့ကြီးဆိုတိုင်း ကျော်စိန်လှ လိုက်ဆိုရသည်။ သစ္စာဆို၍ ပြီးသောအခါ ရသေ့ကြီးသည် ကျော်စိန်လှဘက်သို့ လှည့်ပြီး ဆေးမြစ်ကို ကိုင်လျက် ဤသို့ ပြောကြားခဲ့သည်။

ရှေးဦးစွာ သောက်ရေသန့် တစ်ခွက်ကိုယူပြီး ဘုရားဂုဏ်တော် ကိုးပါးဖြင့် သုံးကြိမ်မန်းပြီး ဘုရားစင်တွင် တင်ပါ။ ပြီးနောက် ထိုရေဖြင့် ဤဆေးမြစ်ကို ကျောက်ပျဉ်တွင်သွေးပါ။

ဆေးသွေးရည် အနည်းငယ်ရသောအခါ ဂုဏ်တော်မန်းထားတဲ့ ရေခွက်တွင် ထည့်ပြီး လူနာကို တိုက်ပါ။

သောက်သောအခါ လူနာက နှစ်ခြိုက်စွာ သောက်ရင် ကုန်အောင်တိုက်ပေးပြီး လူနာကို ဆေးကုရန်



လက်ခံပါ။

အကယ်၍ ဆေးရည်ကို သောက်ကခါးလျှင် ထပ်မသောက်စေနှင့်၊ ဆေးကုမှုကို လက်မခံပါနှင့်။ ပြန်လည် ကောင်းမွန်ရန် မရှိပြီ၊ ဝဋ်နာကံနာသာ ဖြစ်ကြောင်း သိရသည်။

ဆေးမြစ်ကို အသုံးပြုပုံ ပြောမယ်၊ ဒီဆေးမြစ်ဟာ ရောဂါမျိုးစုံကို ပျောက်ကင်းစေနိုင်တယ်။ ဝမ်းသွားရင် သွေးပြီးတိုက်၊ ဗိုက်မှာ အစာအိမ်ရောဂါ ကင်ဆာဖြစ်နေလျှင် သွေးလို့တိုက်။

လူနာအန်လျှင် အင်္ကျီအခွံပါသလားကြည့်၊ ပါလျှင် အအန်ရပ်က ဆက်မတိုက်နဲ့၊ နောက်တစ်နေ့မှ တိုက်။ သုံးခါတိုက်လျှင် ရောဂါပျောက်ပြီး မှတ်ပါတော့။

ခေါင်းကိုက်ခေါင်းခဲလျှင် နားအနီးမှ နဖူးတစ်ခုလုံးကို ဆေးမြစ်ကို သွေးပြီး လိမ်းပေးပါ။ ခဏအတွင်း ပျောက်ကင်းသွားလိမ့်မယ်။ အနာလုံးပေါ်ရင် ဆေးကို ပျစ်ပျစ်သွေး အနာလုံးမှာ လိမ်းကျံ၊ ပြည်ဖြစ်ပြီး ပေါက်သွားရင် ဆေးကို ပျစ်ပျစ်သွေးပြီး အဝတ်ပါးမှာ လိမ်းကျံ၍ အနာမှ ကပ်ပေးပါ။ တစ်ပတ်အတွင်း အနာကောင်းသွားပေမယ်။ မင်းသင့်သလို စီစဉ်နိုင်တယ်'

ထိုသို့ပြောပြီး ပြန်လာ၍ နှစ်ဦးစလုံး မတ်တတ်ရပ်ကြသည်။ ရသေ့ကြီးသည် လာလမ်းအတိုင်း သွားခဲ့သည်။ ကျော်စိန်လှက နောက်မှ လိုက်ခဲ့သည်။

ဖယောင်းတိုင်တစ်ချောင်းသာ ယူပြီး အားလုံးကို ဘုရားမီး ပူဇော်ခဲ့ကြသည်။ ပြန်ထွက်လာ၍ ညောင်ပင်အောက်သို့ ရောက်လျှင် ကျော်စိန်လှအား ခဏ မတ်တတ်ရပ်ခိုင်းပြီး မျက်စိကို မှိတ်ခိုင်းလေသည်။

ထိုစဉ် အဝတ်တစ်ခုဖြင့် မျက်လုံးကို စည်းနှောင်ပြီး ထားလေသည်။ ပြန်၍ ဖွင့်သောအခါ ရသေ့ကြီး မရှိတော့ပြီ၊ ခေါ်၍လည်း တစ်စုံတစ်ယောက်မှ မထူးချေ။

ကျော်စိန်လှ ဟိုဒီရှာသော်လည်း မတွေ့သဖြင့် စက်ဘီးအပ်ထားခဲ့သော ကိုဟိန်း ထမင်းဆိုင်သို့ လာခဲ့လေသည်။ ထိုအခါ ကိုဟိန်း၏ အမေက...

'မင်း ခဏပြန်လာမှာဆို့ လက်ခံလိုက်တာ အခု တစ်နေ့ကုန်ပြီး ခု လေးနာရီထိုးတော့မယ်၊ မင်း ဘယ်ကိုသွားနေသလဲ'

ဟု ပြောမှသာ သူသွားခဲ့သည်မှာ တစ်နေ့ကြာနေကြောင်း သိရလေသည်။

"နောက်မှ ဖြစ်ပုံကို ပြောမယ်။ အခု အိမ်ကိုသွားတော့မယ်" ဆို၍ စက်ဘီးစီးကာ အိမ်သို့ ပြန်လာလေသည်။

အိမ်တွင် ကျော်စိန်လှ၏ မိခင်မှာ ခေါင်းကိုက်ရာ မထနိုင်သဖြင့် အိပ်ရာ၌ လှဲနေလေသည်။ ထိုအခါ ကျော်စိန်လှသည် ဝိဇ္ဇာပေးလိုက်သော ဆေးမြစ်ကို သွေးပြီးလိမ်းရာ ခဏချင်း ပျောက်သွားလေသည်။

ကျော်စိန်လှမှာ ရောဂါသည်များကို စေတနာဖြင့် ကုသသဖြင့် ရောဂါသည်များ ပျောက်ကင်း၍ နာမည်ကျော်လေတော့သည်။

**ရွှေနိုင်ကျော်(မြောက်ဦး)**

www.burmeseclassic.com



ဦးဝိုး (မဏ္ဍလာ)

# ဗြဟ္မာပေးသော ရှေးဦး

[၁]

ပရလောကနှင့် မကောင်းရာ မကောင်းကြောင်းအဖြစ် ဆက်ဆံရမည်ဆိုပါက အများမရှိစေရန် အလွန် အရေးကြီးလှ၏။

မကောင်းရာ မကောင်းကြောင်းအဖြစ် ဆက်ဆံရသည်ဆိုခြင်းမှာလည်း သစ်ပင်ကြီးများအား ခုတ်လှဲခြင်း၊ ရေကန်အား မြေဖို့၍ အိမ်ဆောက်ခြင်း၊ ရေတွင်းဟောင်းအား မြေဖို့၍ အိမ်ဆောက်ခြင်း...

ထို့ပြင် ဘုရားအိုအား ပြန်လည်ပြုပြင်ခြင်း၊ ကျောင်းပျက်အား ပြန်လည်ဆောက်လုပ်ခြင်း၊ လူသေသော အိမ်အား ဖြိုဖျက်၍ ရောင်းချခြင်း စသည်တို့သည် ပရလောကနှင့် အများအားဖြင့် ထိတွေ့ဆက်ဆံရမှု ရှိတတ်လေ၏။

သစ်ပင်ကြီးများ ခုတ်လှဲရာတွင် ယင်းသစ်ပင်၌ရှိတတ်သော ပရလောကသား(သို့မဟုတ်) ရုက္ခစိုးအား တင်မြှောက်ပသပြီး ခုတ်ယူခွင့်တောင်းကာ ပြန်လည်၍ နေရာပေးခြင်းများ ပြုလုပ်ရ၏။

ထိုသို့ မပြုလုပ်ပါက ခုတ်ယူသူကို ဒုက္ခပေးတတ်၏။ ထို့အတူ အခြားသော ကိစ္စများတွင်လည်း တင်မြှောက်ပသတောင်းပန်ခြင်း၊ ကန်တော့ပွဲ ပေးရခြင်းများလည်း ရှိလေ၏။

ထို့ကြောင့် အရာရာတိုင်းတွင် ပရလောကနှင့် သက်ဆိုင်မှုရှိနိုင်ပါက အမှားမဖြစ်ရအောင် ဂရုပြုကြရန် ဖြစ်လေ၏။

ပရလောကအား ... လေးမထား



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ဒုက္ခရောက်ခဲ့သူများ ရှိသကဲ့သို့ ပရလောကအား မှီသေလေးစားပြီး ဂါရဝထားကာ အလေးအမြတ်ပြုမှုကြောင့် ပရလောကသား(ပြိတ္တာ)၏ စောင်မ,ပေးကမ်းသော ရွှေအိုးကို ရရှိခဲ့သူတစ်ယောက် ရှိခဲ့ပေ၏။

ထိုသူမှာ **"အင်ကုန်း"** **ရွာသား** **"သိန်းဟန်"**ပင် ဖြစ်လေသည်။

မတ္တရာမြို့နယ်အတွင်း၌ ရှိသော အင်ကုန်းရွာကလေးမှာ အိမ်ခြေ(၃၀၀) ခန့်ရှိ၍ လယ်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်ကြသော ရွာကလေးဖြစ်၏။

အင်ကုန်းရွာလေးသည် မတ္တရာမြို့နှင့်လည်း မနီးမဝေးတွင်ရှိ၍ ယခုအချိန်တွင် ဆိုင်ကယ်များ ပေါ်များလာပြီဖြစ်သည့်အတွက် မြို့နှင့် တစ်သားတည်းကျသလောက် နီးကပ်သည်ဟု ဆိုရမလိုပင်။

အင်ကုန်းရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများရှိ၍ အနောက်ဘက်တွင် အင်းအိုင်များနှင့် ဥယျာဉ်တစ်ခု ရှိ၏။

ထိုဥယျာဉ်ပျက်၏ အနောက်ဘက်တွင် အင်ကုန်းရွာနှင့် ရွာချင်းဆက်ဖြစ်သော "သမန်းကုန်း"ရွာလေး တည်ရှိ၏။

သမန်းကုန်းရွာ၏ အနောက်ဘက် (၂)ရွာကျော်၌ ဧရာဝတီမြစ်ကြီးသည် မြောက်မှ တောင်သို့ စီးဆင်းလျက်ရှိနေ၏။

ဧရာဝတီမြစ်သည် နှစ်စဉ် ဝါဆို၊ ဝါခေါင်လများ၌ ရေကြီး၊ ရေတက်လေ့ရှိရာတွင် ဧရာဝတီမြစ်ရေသည် သမန်းကုန်းရွာကို ကျော်လွှန်လာကာ အင်ကုန်းရွာအထိပင် ရေဝင်ရောက်လေ့ရှိ၏။

မြစ်ညာ၌ မိုးရွာသွန်းမှု နည်းသွားသောအခါ တော်သလင်းလ,လယ်ခန့်တွင် မြစ်ရေသည် ပြန်ကျသွားပြီး ယခင်အတိုင်း သာမန်မျှသာ စီးဆင်းလေတော့၏။

မြစ်ရေကျသွားချိန်တွင် ချိုင့်ဝှမ်းရှိသောနေရာများ၌ အင်းများ၊အိုင်များ အဖြစ် ကျန်ရှိခဲ့လေ၏။ ထို အင်း၊ အိုင်များတွင် ရေနှင့်အတူ ငါးများလည်း ကျန်ရှိနေခဲ့၏။

ထိုငါးများကို ရေခန်းချိန်ဖြစ်သည့် တပေါင်းလလောက်တွင် ရွာသားအချို့တို့မှ "အိုင်ပက်"၍ ငါးဖမ်းယူကြလေ့ရှိ၏။

ဤသို့ ငါးဖမ်းသော အလုပ်ကိုလည်း လူတိုင်း မလုပ်ကြပါချေ။ ငါးကိုသာ ဝယ်၍စားမည်။ အ,ကုသိုလ်အလုပ်တော့ ဗုဒ္ဓဘာသာဝီပီ အတော်လေး ရှောင်ကျဉ်ကြ၏။

အိုင်ပက်၍ ငါးဖမ်းသောအလုပ်ကို "သူပိုင်"ပမာ လုပ်နေသူက အင်ကုန်းရွာသား သိန်းဟန်ပင်ဖြစ်၏။

သိန်းဟန်သည် အသက်(၃၅)နှစ်ခန့်ရှိ၍ အသားမည်းမည်းပုပုနှင့် ဖြစ်ကာ မိန်းမဖြစ်သူ အေးအေးနှင့် သားလေး (၂)ယောက် ရှိ၏။ သိန်းဟန်သည် ကိုယ်ပိုင်လယ်ကွက်မရှိသဖြင့် သူရင်းငှား လုပ်နေရသူ ဖြစ်၏။

သိန်းဟန်သည် ထယ်ရေး,ထွန်ရေး ဝင်ရ၏။ ကောက်စိုက်ချိန်တွင် ပျိုးနုတ်ရ၍၊ ကောက်ရိတ်ချိန်တွင်လည်း ကောက်ရိတ်သမားဖြစ်ရ၏။

တပို့တွဲလကုန်၍ တပေါင်းလဆန်းတွင်တော့ သိန်းဟန်က အိုင်ပက်သော အလုပ်ကို လုပ်တော့၏။ နှစ်စဉ်လည်း အိုင်ပက်နေကျဖြစ်၍ အင်တိုင်းရွာ၏ အနောက်ဘက်၌ အိုင်ဘယ်နှစ်ခု ရှိသည်ကအစ သူ သိ၏။

အင်ကုန်းရွာ၏ အနောက်ဘက်တွင် နှစ်စဉ် ငါးပက်၍ရသော အိုင်မှာ (၄) အိုင်ရှိ၏။ (၃)အိုင်မှာ ခပ်သေးသေးဖြစ်၍ ဥယျာဉ်တွင်း၌ရှိသော အိုင်မှာ အိုင်ကြီးဖြစ်၏။

ထိုအိုင်ကြီးသည် သဘာဝအိုင်ကြီးဖြစ်၍ ပိုင်ရှင်မှာ အင်ကုန်းရွာမှ ဦးထွန်းနှင့် ဒေါ်မြတို့ဖြစ်ကြ၏။ ဦးထွန်းနှင့် ဒေါ်မြတို့က ရွာမှာနေပြီး ဤနေရာတွင် ဥယျာဉ်လာ၍ လုပ်ထားကြခြင်း ဖြစ်၏။

နွေရာသီ၌ ဤအိုင်ကြီးမှ ရေဖြင့် ဥယျာဉ်တွင်းရှိ သစ်ပင်များကို ရေလောင်းကြရ၏။ ဥယျာဉ်တွင်း၌ သရက်၊ ပိန္နဲ၊ လဲဝါပင်၊ ကွမ်းသီးပင်၊ ကွမ်းပင်များနှင့် ရာသီပေါ် ကန်စွန်း၊ ချဉ်ပေါင်၊ မုန်လာ၊ မုန်ညင်းမှစ၍ စိုက်ပျိုးခဲ့ကြ၏။

ရေခန်းသွားချိန်တွင် ရေအိုင်ကို ကန်ပက်ခြင်းမှ ငါးများလည်း နှစ်စဉ်ရရှိကြသဖြင့် ဥယျာဉ်ပိုင်ရှင် ဦးထွန်းနှင့် ဒေါ်မြတို့မှာ ငါးရောင်းရငွေကြောင့် ဝင်ငွေတိုးခဲ့ရ၏။

သို့သော်လည်း ဦးထွန်းနှင့် ဒေါ်မြတို့မှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားကြသဖြင့် ဥယျာဉ်ကို စောင့်ရှောက်မည့်သူ မရှိဖြစ်၍ ဥယျာဉ်ပျက် ဖြစ်သွားခဲ့ရလေ၏။

သူတို့၏ သမီး(၂)ယောက်မှာလည်း ပညာတတ်များဖြစ်၍ သူ့အလုပ်အကိုင်၊ သူ့အိုး၊ သူ့အိမ်များဖြင့် ရန်ကုန်မြို့တွင် အခြေကျနေပြီဖြစ်၍ ဥယျာဉ်အား လှည့်ကာ မကြည့်နိုင်ကြချေ။

ရွာသားများ၏ အဆိုအရ သေဆုံးသွားသော ဦးထွန်းအား ဥယျာဉ်တွင်း၌ ပရလောကသားအဖြစ် မြင်တွေ့ကြရသည်ဟု ပြောဆိုကြ၏။

အစကတော့ ရွာသားအနည်းငယ်က ဥယျာဉ်တွင်းမှ ရေအိုင်ကြီးကို ပက်ရန် လောဘရှိခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ယင်းအိုင်ကို သွား၍ ပက်သူများမှာ ဥယျာဉ်တွင်းမှ ပရလောကသား၏ နေကြောင်တောင်၌ ပင် ခြောက်လှန့်ခြင်းကို ခံရ၏။

သို့မဟုတ် အိုင်ပက်သူများ အိမ်ပြန်ရောက်ပါက အိုင်ပက်သူကို ပူးကပ်ခြင်း ပြုလုပ်ပြီး အိုင်ပက်ခြင်းကို မကျေနပ်ကြောင်း ပြောခဲ့သဖြင့် နောက်နှောင်တွင် ယင်းအိုင်ကြီးအတွင်း ငါးပက်ရဲသူ မရှိတော့ချေ။

ယခုနှစ် ရေခန်းချိန်ဖြစ်သည့် တပေါင်းလတွင် သိန်းဟန်တစ်ယောက် အိုင်(၂)ခုသာ ငါးပက်၍ ရရှိခဲ့၏။

(၁)အိုင်ကို အခြားသူများက သူ့အရင် ငါးပက်သွား၍ သူမှာယင်း(၂) အိုင်ကို အလုအယက် ငါးပက်ခဲ့ရ၏။ ငါးများကလည်း ဒီနှစ်မှ ပို၍ ရနေ၏။ မိန်းမဖြစ်သူ အေးအေးမှ...

'ကိုသိန်းဟန်ရေ... ဒီနှစ်မှာ ငါးကလဲ ခါတိုင်းနှစ်ထက် ပိုရနေတယ်။ ဥယျာဉ်ထဲက အိုင်ကြီးကိုသာ ပက်လိုက်ရင်တော့ ရွှေတိုရွှေစလေးတောင် ဝယ်လို့ ရမယ်ထင်တယ်တော့'

'အေးဟုတ်တယ် မိန်းမရေ... သူများတွေ မပက်ရဲတော့ တို့အတွက် အပိုင်ပဲပေါ့၊ မနက်ဖြန်မနက် တို့နှစ်ယောက် သွားပက်ကြမယ် ကလေးတွေကို အိမ်မှာပဲ ထားခဲ့'

[၂]

နောက်နေ့ နံနက်(၆)နာရီခန့် လင်းလင်းထင်းထင်း မြင်ရချိန်တွင် သိန်းဟန်နှင့် အေးအေးတို့နှစ်ယောက်မှာ အသင့်ချက်ပြီး ဖက်ဖြင့် ထုပ်ထားသော ထမင်းထုပ်၊ ဓား၊ ပေါက်ပြား၊ ရေပုံးနှင့် ဆိုင်းထမ်းဖြင့် တောင်း(၂) တောင်းပါ ထမ်းကာ ငါးပက်ရာတွင် ပသရန် ကွမ်းယာ၊ ဆေးလိပ်၊ လက်ဖက်



တို့ပါ အသင့်ယူလျက် အိမ်မှ ထွက်ခဲ့ကြ၏။

ဥယျာဉ်တွင်းရှိ ရေအိုင်အား အခြားသူများ ငါးမပက်ရဲခြင်းက သိန်းဟန်အတွက် အကွက်ကောင်းဖြစ်ခဲ့ရ၏။

သိန်းဟန်၏ ကောင်းကွက်တစ်ခုမှာ မည်သည့်ရေအိုင်ကိုပဲ ငါးပက်ပက် ဂါရဝတရား လက်ကိုင်ထားသူဖြစ်၏။

အိုင်ပက်တော့မည်ဆိုလျှင် ယင်းရေအိုင်၌ရှိသော (သို့မဟုတ်) ရှိမည်ဟု ထင်ရသော အိုင်စောင့် ပရလောကသားအား ကွမ်းယာ၊ ဆေးလိပ်၊ လက်ဖက်တို့ဖြင့် တင်မြှောက်ပသ၏။

နှုတ်မှလည်း ခွင့်ပြုပါရန်နှင့် ရရှိသော ငါးအချို့အား ပသပါမည်ဟု ပြောပြီးမှ ထိုင်အိုင်၌ ငါးပက်၏။ ဤသို့ ဂါရဝပြု၍ အမြဲတင်မြှောက်ပြီးမှ အိုင်ပက်သဖြင့် သိန်းဟန်အတွက် အန္တရာယ်ကင်းခဲ့ရ၏။

ယခုလည်း ဥယျာဉ်[illegible]ခတွင်းသို့ ရောက်လျှင်ပင် အေးအေးမှာ ကြက်သီးများ တဖြန်းဖြန်းထနေခဲ့ရ၏။ ထို့ကြောင့် သူမ၏ လည်ပင်းတွင် ဆွဲထားသော ပရိတ်ကြိုးအား မကြာခဏ ကိုင်ကြည့်မိရ၏။

သိန်းဟန်ကတော့ ဘာမျှမှုပုံမရ။ ယုံကြည်ချက် အပြည့်ရှိသည့်ပုံဖြင့် ဆက်လက် လျှောက်လှမ်းလာခဲ့ရာ ရေအိုင်အနီးသို့အရောက်တွင် ရပ်လိုက်၏။

ပြီးနောက် သိန်းဟန်က တင်မြှောက်ရန်အတွက် ပါလာသော ကွမ်းယာ၊ ဆေးလိပ်၊ လက်ဖက်တို့ကို ဇနီးသည် အေးအေး၏ အကူအညီဖြင့် တင်မြှောက်ရန် အလုပ်စတော့၏။

ပသရန်နေရာအား ကြည့်လိုက်ရာ ရေကန်ရှေ့ရှိ ဥယျာဉ်စောင့် အိမ်ဟောင်းလေးနားတွင် သရက်ပင်ခပ်ကြီးကြီးတစ်ပင်ရှိ၍ ယင်းသရက်ပင်၏ (၁၀)ပေခန့်အကွာ၌ အမြင့်(၃)ပေခန့်ရှိသော သရက်ပင်ငုတ်တိုတစ်ခုအား တွေ့ရ၏။

သိန်းဟန်က ယင်း သရက်ပင်ငုတ်တိုပေါ်တွင် ကွမ်းယာ၊ ဆေးလိပ်၊ လက်ဖက်တို့ကို တင်ကာ လက်အုပ်ချီလျက်...

'ဤဥယျာဉ်အား စောင့်သော အစောင့်သော်လည်းကောင်း၊ ဤရေအိုင်အား စောင့်သော အစောင့်သော်လည်းကောင်း ရှိခဲ့ပါက ကျွန်ုပ်မှ ဤကွမ်းယာ၊ ဆေးလိပ်၊ လက်ဖက်တို့အား တင်မြှောက်ပသပါ၏။ သုံးဆောင်ကြပါ။

ကျွန်ုပ်သည် စားဝတ်နေရေး အဆင်မပြေသဖြင့် ဤအိုင်မှ ငါးများကို ပက်ပြီး ဖမ်းယူပါမည်။ ဖမ်းယူခွင့်ပြုပါ။ ငါးများ ဖမ်းယူပြီးပါက သင်တို့အတွက်လဲ ငါးများထားပေးခဲ့ပါ့မည်။ ခွင့်ပြုပါအစောင့်များတို့'

ဟု ပြောကာ တင်မြှောက်ပသလိုက်၏။ ထိုအချိန်တွင် သစ်ငုတ်တိုအနီးရှိ သရက်ပင်မှ သရက်ကိုင်းများ ရုတ်တရက် လှုပ်ယမ်းသွားကြသည်ကို တွေ့ရှိကြရ၏။

ထို့နောက် သိန်းဟန်တို့လင်မယားက ရေအိုင်ပက်ရန် စတင် ပြင်ဆင်ကြတော့၏။ ပထမဆုံး ရေအိုင်၏အလယ်မှ "တုတ်" တားသည့်အနေဖြင့် ရော



www.burmeseclassic.com

www.burmeseclassic.com

သစ်ချောင်းများကို တစ်တောင်ခန့် အကွာအဝေးနှင့် တန်း(၂)တန်းအား အရှေ့အနောက် စိုက်ထူကြ၏။

ထိုတန်း(၂)တန်းအတွင်းမှ ဝါးခြမ်းများ၊ သစ်ကိုင်းများကို (၂)ဖက် ကပ်၍ ချည်နှောင်၏။ ရေအိုင်၏အနက်မှာ (၂)ပေခန့်သာ ရှိ၍ တော်သေးသည်ဟု ဆိုရပေမည်။

ဝါးခြမ်းများ၊ သစ်ကိုင်းများ ချည်နှောင်ပြီးသော် ကမ်းစပ်အနီးမှ မြေများကို ပေါက်ပြားဖြင့် ပေါက်ကာ ယင်း "တုတ်"အတွင်းသို့ ဖို့ထည့်ကြ၏။

သိန်းဟန်က ပေါက်ပြားဖြင့် မြေပေါက်ပေးပြီး အေးအေးမှ မြေများကို ပုံးဖြင့် သယ်ယူပြီး ဖို့ထည့်၏။ နှစ်ယောက်သား မြေပေါက်လိုက်၊ ဖို့လိုက်၊ နားလိုက်ဖြင့် လုပ်ကြရာ နံနက်(၁၁)နာရီခန့်၌ ရေအိုင်ကို အလယ်မှ (၂) ပိုင်းခွဲ၍ "တုတ်"ထားပြီးဖြစ်သွား၏။

တုတ်တား မြေဖို့ပြီးသည့်အချိန်တွင် နှစ်ယောက်သားမှာ အနားယူရင်းဖြင့် ယူဆောင်လာသော ထမင်းထုပ်အား ဖွင့်ကာ စားရန် ပြင်ကြ၏။

သိန်းဟန်က ထမင်းမစားမီ ဥယျာဉ်တွင်းရှိ ငှက်ပျောဖက်အနည်းငယ်ကို ဓားဖြင့် ပိုင်းဖြတ်လိုက်ကာ ငှက်ပျောဖက်ကို ရေအိုင်မှ ရေဖြင့် ဆေးကြော၏။

ထို့နောက် သူတို့စားမည့် ထမင်းအနည်းငယ်ကို ငှက်ပျောဖက်ပေါ် တင်ပြီး ထမင်းပေါ်တွင် ကြက်သားဟင်းအနည်းငယ်ကို ထည့်၏။ ယင်းထမင်းဟင်းများအား ရေအိုင်စပ်မှ သစ်ငုတ်တိုပေါ်၌ တင်ကာ မမြင်ရသော ပရလောကသားအား...

'ဤဥယျာဉ်တွင်း၌ရှိသော အစောင့်အရှောက်များခင်ဗျား... ဤထမင်းဟင်းများ



ကို စားဦးစားဖျား တင်မြှောက်ပါ၏။ သုံးဆောင်ကြပါ ကျွန်ုပ်တို့ကိုလဲ ဒုက္ခမပေးဘဲ စောင့်ရှောက်ကြပါရန် မေတ္တာရပ်ခံပါ၏'

ဟု ဆိုကာ တောင်းပန်စကားပြောလိုက်၏။ ထို့နောက် သူတို့လင်မယားမှာ ထမင်းစားကြလေ၏။ ထမင်းစားပြီးသော် ငါးပက်ခြင်းအလုပ်ကို စတင်လေတော့၏။

ပထမတွင် "တုတ်"၏ မြောက်ဘက်မှ ရေများကို တုတ်၏ တောင်ဘက်သို့ ပက်ထုတ်ကြ၏။

ရေပုံးဖြင့် လင်မယားနှစ်ယောက် အလှည့်ကျ ပက်ကြရာ ပက်ချိန် တစ်နာရီခန့်တွင် ရေများ ကုန်သလောက်ဖြစ်သွား၍ ငါးများကို စ၍ ဖမ်းကြ၏။

ငါးခူ၊ ငါးရံ့၊ ငါးကျည်း၊ ငါးပတ်၊ ငါးခုံးမ စသည်ဖြင့် ဖမ်းကြရာ ငါးများရောရော အဖြစ်(၇)ပိဿာခန့်ရရှိကြ၏။ ထို့နောက် ရေများ အကုန်လုံး ရောက်ရှိနေသော တုတ်၏ တောင်ဘက်မှ မြောက်ဘက်သို့ တုတ်ကို ဖောက်၍ ရေများပြန်သွားစေ၏။

ဖောက်ထားသောနေရာတွင် ရေနှင့်အတူ ငါးများ ပြန်၍ ပါမသွားစေရန် ဆန်ခါခုံးတစ်ခုကို ရေစီး၏ အောက်ဘက်၌ ခံထားကြ၏။ တောင်ဘက်၊ မြောက်ဘက်ရှိ ရေများ လယ်ဗယ်ညီသွားလျှင်တော့ "တုတ်"ကို ပြန်ပိတ်ပြီး တောင်ဘက်မှ ရေများကို မြောက်ဘက်သို့ ပြန်၍ ပက်ကြပြန်၏။

ပက်ချိန် တစ်နာရီခန့်ကြာသော် ရေများ ကုန်သလောက်ဖြစ်၍ ငါးများကို မြင်နေရပြီဖြစ်၏။ ထိုအခါမှ ရေပက်ခြင်းကို ရပ်လိုက်ပြီး ငါးများကို ဖမ်းကြပြန်၏။

တောင်ဘက်မှ ငါးရောရော(၈) ပိဿာခန့် ရကြပြန်၏။ သိန်းဟန်က ရရှိသော ငါးများမှ ငါးပတ်၊ ငါးခူ၊ ငါးရံ့ စသည်များကို (၂)ကောင်စီအား ရေဖြင့် ဆေးကြောပြီး သစ်ငုတ်တိုပေါ်၌ ငှက်ပျောရွက်ခင်းပြီး ပါးစပ်မှလည်း...

'ဤခြံတွင်းမှ အစောင့်များခင်ဗျား... ဤငါးများကို သင်တို့အတွက် ယသပါ၏ သုံးဆောင်ကြပါ ကျွန်ုပ်တို့ ပြန်ပါဦးမည် ခွင့်ပြုပါခင်ဗျား'

ဟု ပြောကာ ဥယျာဉ်တွင်းမှ မမြင်ရသော ပရလောကသားအား ပသပြန်၏။ ပြီးသော် ရေအိုင်တွင်းမှ တုတ်ထားထားသည်များကို ဖျက်ပစ်ပြီး ရေများကို တစ်သားတည်းဖြစ်စေ၏။

ထို့နောက် သိန်းဟန်တို့လင်မယားသည် ငါးများကို တောင်း(၂)လုံးတွင် ထည့်ကာ သိန်းဟန်မှ ငါးတောင်း(၂) လုံးကို ဆိုင်းထမ်းဖြင့် ထမ်း၍ အေးအေးမှ ရေပုံးပေါက်ပြားနှင့် တိုလီမိုလီများထမ်း၍ အိမ်သို့ ပြန်ခဲ့ကြလေ၏။

အိမ်သို့ပြန်ရောက်ချိန်သည် ညနေ (၅)နာရီခန့်ရှိပြီဖြစ်၏။ အိမ်၌ ဖျာကြမ်းတစ်ချပ်ပေါ်တွင် ငါးများကို အမျိုးအစားအလိုက်ရွေး၍ စုပုံပြီးမှ အသင့်ရောက်ရှိလာသော ငါးဝယ်သူများကို ချိန်တွယ်ရောင်းချကြ၏။

ရောင်းသင့်သည်များကို ရောင်းချ၍ အိမ်အတွက်လည်း ချက်စားရန် ချန်ထားကြ၏။ ငါးရောင်းရငွေ ငါးသောင်းခန့်ရရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com

သူတို့မိသားစုမှာ အချိန်နောက်ကျမှ ချက်ပြုတ်စားသောက်ကြရ၍ စားပြီးသော် မောမောပန်းပန်းဖြင့် စောစောပင် အိပ်ရာဝင်ကြတော့၏။

အိပ်မောကျနေသော သိန်းဟန်မှာ အိပ်နေရင်းဖြင့် ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်လေ၏။ အိပ်မက်ထဲ၌ သေဆုံးသွားပြီး ဖြစ်သော ဥယျာဉ်ပိုင်ရှင် ဦးထွန်းအား တွေ့ရှိရ၏။ ဦးထွန်းမှ...

'သိန်းဟန်ရေ... မင်းကျွေးမွေးတာတွေကို စားရလို့ ကျေးဇူးတင်ပါတယ်။ ငါ့ငနီးတော့ ကောင်းရာမွန်ရာဘဝကို ရောက်သွားပြီ။ ငါ့မှာတော့ သူမသိဘဲ ဝှက်ထားတဲ့ ရွှေတိုရွှေစကလေးတွေကြောင့် မကျွတ်လွတ်နိုင်ဖြစ်ပြီး ဥယျာဉ်ထဲမှာ အစောင့်ပြိတ္တာ ဖြစ်နေရတယ်။

သမီးတွေကို အိပ်မက်နဲ့ ပေးဖို့ကလဲ ဝေးနေလို့ မဖြစ်ပြန်ဘူး။ ငါဟာ ဒီဘဝက ကျွတ်တော့မှာမို့ ကျေးဇူးရှိတဲ့ မင်းကို ပေးခဲ့မယ်။ မင်း ပယသခဲ့တဲ့ သစ်ငုတ်တိုအောက သရက်ပင်ရဲ့ခြေရင်း တစ်တောင်ကျွာ ရေအိုင်ဘက်ကို တူးယူပါ'

ဟု ပြောကာ ဦးထွန်းမှာ ပျောက်ကွယ်သွားလေ၏။ နံနက်လင်းချိန်တွင် သိန်းဟန်မှ မိန်းမဖြစ်သူ အေးအေးအား အိပ်မက်အကြောင်းကို ပြန်ပြောပြ၏။

'အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ ကိုသိန်းဟန်'

'ငါးပက်သွားတဲ့ပုံစံနဲ့ တို့(၂)ယောက်သွားကြတာပေါ့၊ ဘာမှ ကြောက်စရာမလိုပါဘူး အေးအေးရဲ့'

'ဒီလိုဆိုလဲ ခုပဲ သွားကြတာပေါ့'

သိန်းဟန်နှင့် အေးအေးက ကလေးများကို မှာကြားစရာရှိသည်များအား မှာကြားပြီး သိန်းဟန်မှ တောင်း(၂)လုံးကို ဆိုင်းထမ်းဖြင့် ထမ်း၍ အေးအေးမှ ရေပုံးနှင့် ပေါက်ပြားထမ်း၍(၂)ယောက်သား ဥယျာဉ်မျက်ဆီသို့ သွားခဲ့ကြ၏။

ဥယျာဉ်သို့ ရောက်လျှင် သိန်းဟန်က ပရလောကသား ဦးထွန်း ညွှန်ပြလိုက်သည့် သရက်ပင်ခြေရင်း၏ ရေအိုင်ဘက်ကို ပေါက်ပြားဖြင့် ပေါက်လေတော့၏။

တစ်တောင်မပြည့်မီပင် မြေကြီးထဲ၌ အဝကို ပိတ်ထားသော စဥ့်အိုးကလေး တစ်လုံးအား တွေ့ရှိရ၏။

သိန်းဟန်က ယင်းစဥ့်အိုးကလေး၏ အပေါက်အား ပေါက်ပြားအနှောင့်ဖြင့် အသာအယာထု၍ ဖွင့်လိုက်ရာ စဥ့်အိုးလေးအတွင်း၌ ရွှေများ တွေ့ရှိရပြီး ရွှေများကို မြေကြီးပေါ်သို့ သွန်ချကာ ကြည့်လိုက်၏။

မြေကြီးပေါ်၌ ရွှေဆွဲကြိုး(၅)ကုံး၊ လက်ကောက်(၁၀)ကွင်း၊ လက်စွပ်(၃)ကွင်းတို့အား တွေ့ရှိကြရ၏။ သိန်းဟန်နှင့်အေးအေးမှာ ဝမ်းသာအားရဖြင့် ရွှေများကို ရေပုံးထဲ ထည့်ပြီး အပေါ်မှ ကန်စွန်းရွက်များ ခူးထည့်ကာ အိမ်သို့ ပြန်ခဲ့ကြတော့၏။

လောကကြီး၌ လူလူချင်း ပေါင်းသင်းဆက်ဆံရေး အဆင်ပြေစေရန် လည်းကောင်း၊ လူနှင့် မမြင်မတွေ့ရသော ပရလောကသားတို့ သဟဇာတဖြစ်ရန် လည်းကောင်း အဓိကမှာ သူ့အကြိုက်ကို လိုက်လျောညီထွေစွာ ပေါင်းသင်း ဆက်ဆံတတ်ခြင်းဟုပင် ဆိုရချေမည်။

သိန်းဟန် တစ်ယောက်ကတော့ မမြင်မတွေ့ရသော ပရလောကသားအား လိမ္မာပါးနပ်စွာဖြင့် ပသမှုကြောင့် ဒုက္ခမရောက်သည့်ပြင် ပရလောကသား(ပြိတ္တာ)၏ စောင်မ,ပေးကမ်းမှုကိုပင် ရရှိခဲ့ရပေသတည်း။

< ဦးစိုး(မတ္တရာ) >


မည်သူမဆို ဝင်ရေးသားနိုင်ပါသည်...


စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉-မြေညီ၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း
၀၉-၇၇၆၃၄၉၇၈၅
၀၉-၉၆၈၀၀၄၅၉၂

www.burmeseclassic.com

ဘဝတက်လမ်း

# ဝိဇ္ဇာဓရပညာစခန်း (၃)



ဆရာ မင်းတင်မောင်
တ.ဆ ၄၁၉(ဒ.ဆ.ဗ)
ဝိဇ္ဇာဓရပြဒါးဓာတ်ဆေးပညာရှင်
မော်လမြိုင်မြို့

စာရေးသူသည် ပူတန်ပူ၊ အေးတန်အေး၊ ပြဒါးမီးကစားပေးခြင်းကို (၁၉၈၈–၈၉)နှစ်ကုန်သည်အထိ နေ့စဉ်အားထုတ်လုပ်ကိုင်ခြင်းဖြင့် **ပြဒါးဓာတ်၏ မီးခံနိုင်ရည် အပူမီးရှိန် အနေအထား**ကို အနည်းငယ် သိရှိလာပြီဟု မှတ်ယူမိပါသည်။

ပြဒါးဓာတ်ရည် မီးကစားခြင်းမှ ရှေ့သို့ တစ်ဆင့်တက်လိုသည့် ဆန္ဒများလည်း စိတ်တွင်း၌ ဖြစ်ပေါ်နေပါပြီ။ လူနာဝေဒနာရှင်များ ဆေးဆရာ လာပင့်ပါက အိမ်တိုင်ရာရောက် လိုက်လံကုသပေးနေပြီ ဖြစ်ပါသည်။

ပြဒါးရည်ကို မီးကစားနေခြင်းမှ ဓာတ်လုံးဖြစ်ရင် ကောင်းမှာပဲ ဟူ၍ စိတ်ထဲမှ ဖြစ်ပေါ်နေသည့်အတိုင်း ပြဒါးဓာတ်လုံး ရရှိရန် ကျမ်းစာများကို မွှေနှောက်ရှာဖွေ ဖတ်မိပါသည်။ မိမိထက်ရှေးကျသော အဂ္ဂိရတ်ဓာတ်ဆရာများ၏ လုပ်ရတ်နည်းစနစ်ကိုလည်း လေ့လာမိပါသည်။

ထိုဆရာများ၏ ပြဒါးဓာတ်လုံး ထိုးနည်းမှာ (နာ)ခေါ်သော **ခဲမပုပ်တစ်ကျပ်သား**ကို လုံတွင် ထည့်၍ ကျိုပါသည်။ (နာ) အရည်ပျော်သွားပါက အပူငွေ့ငွေ့ ပေးထားသော ပြဒါး (၂)ကျပ်သားကို အရည်ဖြစ်နေသော (နာ)ဓာတ် အတွင်းသို့ လောင်းထည့်ပါသည်။

မီးသွေးမီးကို မီးမှန်ပေးပြီး ညုပ်ခေါက်ဖြင့် နာပြဒါးဓာတ်ရည်ကို မွှေပေးခြင်းဖြင့် နာချော်များ ထွက်လာပါသည်။ ထိုနာချော်များကို ဆယ်ယူပါသည်။

အတော်အသင့် နာချော်များ ဆယ်ယူပြီး နာပြဒါးလုံးကို အအေးခံ၍ ချိန်ခွင်၌ ချိန်ကြည့်ရာ(၅)ကျပ် (ဧ)ပဲသား ရှိနေပါက နာပြဒါးဓာတ်လုံးကို နောက်တစ်ကြိမ် မီးအပူပေး အရည်ပျော်စေပြီး သံဂေါက်ဖြင့် နာချော်ကို ဓာတ်သား (၅)ကျပ်သား ကျန်သည်အထိ ဆယ်ယူပါသည်။

ထိုကျန်သော ဓာတ်သား(၂)ကျပ်သားကို ပြဒါးဓာတ်လုံး အဖြစ်ဖြင့် အသုံးပြုသည်ကို တွေ့ရှိရပါသည်။

အချို့ ဓာတ်ဆရာကြီးများသည် **ဒုတ္ထာနှင့် ပြဒါးကို ပေါင်းဖက်၍ ပြဒါးခဲရအောင်** လုပ်ဆောင်သည်ကိုလည်း တွေ့ရပါသည်။

**လုပ်နည်းမှာ** မဖောက်ထုံး တစ်ပိဿာကို ရေနှစ်ပိဿာ ထည့်၍ (၂၄)နာရီ စိမ်ပါသည်။ ထိုမဖောက်ထုံး ရေကြည်တစ်ပိဿာနှင့် ဒုတ္ထာ (၁၀)ကျပ်သားကို အမှုန့်ထောင်း၍ (၂၄)နာရီ ထပ်စိမ်ပါသည်။

ဒုတ္ထာအရည်ကြည်ကို သွန်ပစ်ပြီး အနှစ်(၁၀)ကျပ်သား၊ ပြဒါး(၃)ကျပ်သားကို သံဒယ်တွင် ထည့်၍ ဖယောင်းတိုင်နှစ်တိုင်မီးအရှိန်ခန့် ရှိသော မီးငွေ့ငွေ့ပေးကာ လက်ဖြင့် လည်းကောင်း၊ သံတူဖြင့်လည်းကောင်း ဒုတ္ထာပြဒါးကို တစ်နာရီကြာအောင် မွှေပေးခြင်းဖြင့် ပြဒါးကြက်ချေးစုကို ရရှိပါသည်။

ထိုရရှိသော ပြဒါးကြက်ချေးစုကို သံပရာသီး၏ ထိပ်ဝကို ဓားနှင့် လှီး၍ သံပရာသီးအ ဘွင်းသို့ ထိုပြဒါးကြက်ချေးစုကို ထည့်ကာ မီးငွေ့ငွေ့ပေးပြီး ပြုလုပ်သော လုပ်ရတ်လမ်းစဉ်ကို ပရိက္ခရား ဓာတ်လမ်းလမ်းစဉ် ဟူ၍ ဆိုပါသည်။ **သံပရာသီး အလုံးပေါင်း (၁၀၀၀) ကစားပြီးမြောက်ပါက အနန္တသီဒ္ဓိ** ဟူ၍ ပြောပါသည်။

**ရွှေလမ်းငွေလမ်း ပဒေသာကျမ်း၏ ပြဒါးကြက်ချေးစု ခဲနည်း**ကား နာကို ကျိုပါ။ အရည်ဖြစ်လျှင် အိုးသစ်တစ်ခုတွင် လောင်းထည့်၊ ယင်းနောက် ပိတ်ပါးပါးကို နာဓာတ်ရည်ပေါ်တင်၊ ယင်းအပေါ်က ပြဒါးကို လောင်းထည့်ပါက ပြဒါးကြက်ချေးစုရ၏။(စာ–၃)

**နောက်တစ်နည်းမှာ** ကာလိမ်သီး အစိုကို ထိပ်ဝလုပ်၍ အတွင်းသို့ ပြဒါးထည့်ပြီး မီးဖိုမှာ တည်၍ တုတ်နှင့် မွှေပေးပါက အလိုလို ရင်ကြယ်သော

www.burmeseclassic.com

မူလပြဒါးခဲကြက်ချေးစုကို ရရှိမည်။

ရလာသော ပြဒါးကို ကလိမ်သီး အဆန်နှင့် အခွံကို ထောင်း၍ အထက်အောက်နှီးပြီး မီးငွေ့ငွေ့ မီးမှန်မီးများဖြင့် ထိုးသွားပါက ပြဒါးမီးနေကိုရမည်။

**(စာ-၁၉၅)**

**နာနာနယပကိဏ္ဏက ကျမ်း**မှပြဆိုသော ပြဒါးခဲရန် နံပါတ်(၉)လုံဖောက်တွင် မိမိအလိုရှိသလောက် သုတပြဒါးကိုထည့်၍ အပေါ်မှ ငံပြာရည် ကျိုချက်ပါ။ ငံပြာရည် ခန်းခါနီးတွင် ငံပြာရည် ထပ်ထည့်ပါ။


ဤသို့ ထပ်ကာထပ်ကာ ထည့်၍ ကျိုချက်ပါ။ ပြဒါးအပေါ်တွင် ငံပြာရည်ဆားများအုပ်၍ နေလိမ့်မည်။ အအေးခံပြီး ခွာယူပါက ငံပြာရည်ဆားအောက်တွင် စုခဲနေသော ဘော်သာ ခွာရောင်ပြဒါးခဲကို ရရှိမည်။

ဤပြဒါးခဲနည်းများကို ဗဟုသုတ တိုးပွား၍ ကြိုးစားပါက အကျိုးများရလေအောင် ဖော်ပြပေးခြင်းသာ ဖြစ်ပါသည်။

စာရေးသူသည်လည်း ထိုနည်းများကို မှီငြမ်း ဆရာတင်၍ မိမိဉာဏ်စဉ်၌ ဖြစ်ပေါ်လာသော **သွပ်ထုံတင်ပြဒါးကို** စမ်းသပ်လုပ်ကိုင်၍ ထွက်ပေါ်လာသော ပြဒါးခဲကို မီးကစားခြင်း ဖြစ်ပါသည်။

အဂ္ဂိရတ်ဓာတ်ကျမ်း စာပေမှ ပြဆိုသော **ရုပ်ဓာတ်(၉)ပါး၊ နာမ်ဓာတ်(၉)ပါး**ရှိရာတွင် ရုပ်ဓာတ်(၉)ပါးမှ သွပ်ဓာတ်သည် မီးအပူနှင့် တွေ့ထိလျှင် အခိုးအငွေ့အဖြစ်ဖြင့် ထွက်သောဓာတ်ဖြစ်၏။

မီးနှင့် ကျိုချက်၍ အရည်ပျော်ရုံမျှဖြင့် အခိုးအငွေ့အဖြစ် မထွက်သေးပါ။ မီးရှိန်ပြင်းသည်နှင့်အမျှ ပြာလဲ့သော မီးရောင်များအဖြစ်ဖြင့် ထွက်တတ်ပြီး



ကြာလျှင် အားလုံး မီးလောင်၍ ကုန်သွားတတ်၏။

စာရေးသူ၏ နည်းစနစ်မှာ ပြဒါးအရည်ဓာတ်ကို ထိုသွပ်အခိုး အငွေ့ဓာတ်ဖြင့် ဖမ်းစုခဲမာစေသော နည်းစနစ်ဖြစ်ပါသည်။

မျက်နှာဝ (၂)လက်မရှိသော လုံပက်ခွက်တွင် သွပ်လက်ညှိုး(၅)ကျပ်သားကို ထည့်၍ကျိုပါ။ သီးသန့်မျက်နှာဝ(၂)လက်မရှိသော လုံပက်ခွက်တွင် ပြဒါး(၅)ကျပ်သားထည့်၍ မီးပူရုံ အပူပေးထားပါ။

သွပ်လက်ညှိုးဓာတ် အရည်ပျော်လာသောအခါတွင် မီးဖိုပေါ်တွင် သွပ်ဓာတ်ရည် လုံပက်ခွက်ကိုချပါ။ ထိုသွပ်ဓာတ်ရည်ပေါ်သို့ နံပါတ်(၁) လုံဖောက်ဖင်နှင့် ခွက်သဏ္ဍာန်ဖြစ်အောင် နှိပ်ထားပါ။

သွပ်ဓာတ်ရည် ခဲမာသွားပါက ဖိနှိပ်ထားသော နံပါတ်(၁)လုံဖောက်ကို ဖယ်လိုက်ပါ။ ထိုသွပ်ဓာတ်တွင် အတွင်းကို နှီးဝါးဖြင့် ထိုးကြည့်ပါ။ မာသွားပါက အပူငွေ့ငွေ့ပေးထားသော ပြဒါးရည်ကို ထိုသွပ်ဓာတ်ခွက်အတွင်းသို့ လောင်းထည့်လိုက်ပါ။

တစ်ည သိပ်ထားပြီး နောက်တစ်နေ့နံနက်တွင် ထိုသွပ်ဓာတ်ခွက်တွင်းမှ ပြဒါးခဲများကို သံဇွန်းဖြင့် ကလော်ထုတ်ပြီး ရယူပါ။ ထိုရရှိသော ပြဒါးခဲကို ချိန်ကြည့်ပါက (၅)ကျပ် (၄)ပဲ တိုးနေပါသည်။

စာရေးသူသည် ဤနည်းဖြင့် ရရှိသော ပြဒါးခဲကို လုံခွက်တွင် ကျိုပြီး ပြဒါးအရည်ဖြစ်ပါက ရှာရလွယ်ကူသော ရှောက်ရည်၊ သံပရာရည်တွင် ခံရည်လောင်းခြင်းဖြင့် ပြဒါးဓာတ်၏ တေဇောမီးကစားခြင်း ကျင့်စဉ်ကို နေ့စဉ်နေ့တိုင်း အားထုတ်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေတိုးကာ လာဘ်လာဘကို ပွင့်စေသော ကိုယ်တွေ့ကျင့်စဉ်ဖြစ်ပါသည်။

စာရေးသူထက် တိုး၍ ပြဒါးကျင့်စဉ်တက်လိုပါက(ပဋ္ဌမံဆရာကြီး ဘိုးဘိုးအောင်၏ ပြဒါးခံရည် လောင်းနည်း)ကို ဖော်ပြပေးပါမည်။**(စာ-၂၅၄)**

**ထုံတင်မူလ သုတအခဲကို ဖိုတင်၍ ခံရည်လောင်းရန်ကား...**

ကွမ်းရွက်ရည်မှာ (၁၅)မီးလောင်းသော် ဘော်အဆင်းနှင့်တူ၏။ သံပရာရည်မှာ (၁၈)မီးလောင်းသော် မိုးကြိုးအဆင်းနှင့်တူ၏။ ရှားစောင်းကြီးအစေးမှာ (၁၇)မီးလောင်းသော် ရွှေအဆင်းနှင့်တူ၏။ အုန်းရည်တွင် (၂၇)မီးလောင်းသော် ပိတုန်းရောင်အဆင်းနှင့်တူ၏။ ထောပတ်(၂၅)မီး၊ ဝက်ဆီ(၂၅)မီးလောင်းသော် သောက်ရှူးကြယ်နှင့်တူ၏။

မီးနေသုတကို ယင်းအတိုင်း ခံရည်မှာ လောင်းကာလောင်းကာ ကစားရာမှ သတိသံမွဇဉ်နှင့် ကျနစွာ လုပ်ပါ။ ထိုအလုပ်ကို လုပ်ရာဝယ်၊ စင်ကြယ်သောသီလ၊ တည်ကြည်သော သမာဓိ၊ သိတတ်သော ပညာဉာဏ်၊ ရင့်သန်သောပါရမီ (ရှိပါက) ဓာတ်လုံးကောင်းကိုရမည်။

ရရှိသော ဓာတ်လုံးကို **ဆီဦး၊ ထောပတ်၊ ပျားရည်၊ တင်လဲ** ယင်းလေးပါးမှာ စိမ်၍သောက်သော်





www.burmeseclassic.com

www.burmeseclassic.com

**(၁)ကျပ်သားကုန်လျှင်** အနာရောဂါကင်း၏။ အသက်(၁၅၀) နေရ၏။

**(၂)ကျပ်သားကုန်လျှင်** ကာယသိဒ္ဓိပြီး၏။ အသက်(၂၅၀) နေရ၏။

**(၃)ကျပ်သားကုန်လျှင်** သွားမကျိုး၊ ဆံမဖြူ၊ မျက်စိမသီ၊ နားမသီ၊ အသားအရေ (၁၇)နှစ်အရွယ်ကဲ့သို့ ပြန်ရောက်၏။ အသက်(၃၅၀) နေရ၏။

**(၄)ကျပ်သားကုန်လျှင်** အကျဉ်းမျိုး(၃၀)၊ အကျယ်မျိုး(၁၀၀၀) ရှိန်းဆာယာပြီး၍ အသက်(၄၇၀) နေရ၏။

**(၅)ကျပ်သားကုန်လျှင်** ထမင်းမစားဘဲ နေနိုင်၏။ ယူဇနာ(၁၀၀၀) တစ်ဟုန်တည်းစွမ်းနိုင်၏။ အသက် (၅၅၀၀) နေရ၏။

**(၆)ကျပ်သားကုန်လျှင်** ကိုယ်ပြောင်းကိုယ်ခွာ ကိုယ်ပျောက် နာနာရုပ်သဏ္ဌာန်ဖန်ဆင်းနိုင်၏။ အသက် အတိုင်းမသိ နေရ၏။

**(၇)ကျပ်သားကုန်လျှင်** စုန်းမျိုးဇော်ဂနီမျိုးတို့ကို အတပ်သိ၍ မသူတော် အကြံအစည် မှန်သမျှ သိနိုင်၏။ နေလအတူ အသက်ရှည်၏ ဟူသော **ပဋ္ဌမံ ဆရာတိုးဆိုးအောင် ပြဒါးသမ်းစဉ်** ဤတွင်ပြီး၏တည်း။

မြန်မာ့ဝိဇ္ဇာဓရ ဂမ္ဘီရအင်္ဂရတ်ဓာတ်လမ်းစဉ်ပညာခန်းများကို ဖွင့်ချဖော်ထုတ်ခွင့်ပြုသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ် ဦးကျော်မိုးသိန်းနှင့် စာပေပညာရှင်အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ထာဝရ အောင်မြင်ကြပါစေဟု မေတ္တာပို့လျက်…

**ဆရာမင်းတင်မောင်**
**တ.ဆ ၄၁၉(ခ.ဘ.ဗ)**
**ဝိဇ္ဇာဝရပြဒါးဓာတ်ဆေးပညာရှင်**
**မော်လမြိုင်မြို့**

# လိပ်ခေါင်း

## အတွင်း, အပြင် ဝေဒနာရှင်များအတွက် ဆေးနည်း



လိပ်ခေါင်း (အတွင်း/အပြင်) ဝေဒနာရှင်များအတွက် အစာလည်းဆေး ဆေးလည်းအစာကို ကုန်ကျစရိတ် သက်သာစွာ ပျောက်ကင်းပါသဖြင့် ထပ်ဆင့်မျှဝေပါသည်။

ကျွန်တော်၏ မိတ်ဆွေ ကိုထွန်းသည် လိပ်ခေါင်း(အပြင်) ဝေဒနာခံစားနေရသည်မှာ (၆)နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါသည်။ တစ်နေ့တွင် ဘကြီးတစ်ဦးနှင့် စကားစပ်မိ၍ ပြောပြရာ ဘကြီးက လိပ်ခေါင်းရောဂါ (အတွင်းလိပ်/အပြင်လိပ်)အတွက် **ဝက်သား တစ်ဆယ့်ငါးကျပ်သားကို ဆင်စွယ်ဂမုန်း (၃–ပင်)ဖြင့်** ရောချက်၍ တစ်နေ့အတွင်း အကုန်စားခိုင်းရန်။

ထိုသို့ ဝက်သား(၁၅)ကျပ်သားနှင့် ဆင်စွယ်ဂမုန်းသုံးပင် **(မြေအတွင်းရှိနေသော တကယ့် ဆင်စွယ်ရောင်၊ ဆင်စွယ်ဂမုန်းရလျှင် ပို၍ အပျောက်မြန်ကြောင်း)**နှုန်း (၇)ရက်ချက်စားရန် မှာကြားနည်းပေးသဖြင့် ချက်စားစေခဲ့သည်။

မိတ်ဆွေ ကိုထွန်းကို ပြောပြ၍ ဆင်စွယ်ဂမုန်းပါ ရှာပေးခဲ့ပါသည်။ (၅)လအကြာ ပြန်ဆုံရာ ကိုထွန်းမှ ဆင်စွယ်ဂမုန်းနှင့်ဝက်သားချက်စားရာ (၅)ရက်မြောက်နေ့တွင် လိပ်ခေါင်း အလိုလိုကြွေကြောင်း ပျောက်ကင်းပြီဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာ ပြောခဲ့ပါသည်။

လိပ်ခေါင်း ဝေဒနာရှင်များအတွက် မနာကျင်ဘဲ အစာစားရုံဖြင့် ပျောက်ကင်းပါသဖြင့် ထပ်ဆင့်ဒါနပြု ဖြန့်ဝေပါသည်။

ဆင်စွယ်ဂမုန်းသည် တကယ့် ဆင်စွယ်ကဲ့သို့ မြေထဲမှ ထိုးထွက်ကာအရွက်မရှိ ပြောင်ပင်စည် ဖြစ်ပါသည်။ အစိမ်းရင့်ရောင် ရှိပါသည်။ မြေပေါ် မပေါ်မီတွင် တူးကြည့်ပါက **တကယ့် ဆင်စွယ်ရောင် ဖြူဝါဝါ** ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် အပွင့် ပွင့်တတ်ပါသည်။

**ဦးမြင့်ဌွေး(မြကန်သာ)**



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ခေါင်းစဉ်ကိုကြည့်ပြီး စာဖတ်သူများ စိတ်ထဲတွင် "ဘာလဲ"၊ "ဘယ်လိုလဲ" စသည်ဖြင့် ထင်ကြမည် မလွဲပါ။

ဤသို့ ထင်အောင် တမင်ထွင်ခြင်း မဟုတ်ကြောင်း ပြောလိုပါသည်။ ကျွန်တော် ရေးလိုသည်က အနည်းငယ် ရှည်နေပါသဖြင့် "**သမထစွမ်းအားကြောင့် ဘဝထွက်လမ်း ရသွားသော ပရလောကသူလေး**"ဟု အတိုချုံး ရေးသားခြင်း ဖြစ်ပါသည်။

သမထစွမ်းအားကြောင့်...

# ပရလောကသူလေး

ပရလောကသား တစ္ဆေ၊ သရဲ စသည်တို့နှင့် ပတ်သက်လာလျှင် လူအများစုသည် ကြောက်စရာ လန့်စရာ အသွင်မျိုးသာ သဘောထားတတ်ကြသလို တစ္ဆေ၊ သရဲ မဟုတ်ဘဲလျက် အကြောင်းတစ်ခုခုကြောင့် "ချီးချီးချွတ်ချွတ်" "ဝုန်းဒိုင်း" စသော အသံများ ထွက်ပေါ်လာလျှင်လည်း တစ္ဆေ၊ သရဲဟု ထင်မှတ်တတ်ကြပါသည်။

ဥသျှစ်သီးမှည့် ထန်းရွက်ပေါ်ကြွေကျသံကို မိုးပြိုသည်ထင်သော ယုန်လေး၏ ပုံပြင်လိုပင် စူးစမ်းဆင်ခြင်မှု မပြုဘဲ ကြောက်စိတ်ကို ဦးစားပေးထားသောကြောင့် ပရလောကသားဆိုလျှင် ခြောက်တတ်သည်၊ ကြောက်စရာများ ဖြစ်သည်ဟု အထင်ရောက်နေကြခြင်း ဖြစ်ပါသည်။

တစ္ဆေ ကြောက်တတ်သူသည် တစ်စုံတစ်ခုသော အသံကြားသည်နှင့် တစ္ဆေခြောက်သည်ဟု ထိတ်လန့်တကြား ဖြစ်ရပုံ ကိုယ်တွေ့တစ်ခုကို တင်ပြပါမည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ကျွန်တော်ရေးသားဖူးသည့် "**သီသရာတစ်ကွေ့မှ ဂန္ဓီရရှင်းသူ**"နှင့် "**ဂန္ဓ**

www.burmeseclassic.com

www.burmeseclassic.com

ရှင်မပေလော" ဇာတ်လမ်းများတွင် ကျွန်တော်နှင့် အတူပါသည့် လက်ထောက်ဆရာဖေယာ မောင်အောင်သိန်းသည် တစ္ဆေ့သရဲ ဆိုလျှင် အလွန်ကြောက်တတ်သူဖြစ်၏။ ညအမှောင်တွင် တစ်ယောက်တည်း လမ်းမထွက်ရဲအောင် ကြောက်တတ်၏။

၁၉၇၁ ခုနှစ်က ယောနယ်တစ်ခွင် ဘူမိဗေဒ လေ့လာရှာဖွေရေး ကွင်းဆင်းသော ဘူမိဗေဒအဖွဲ့အား ဘူမိဗေဒ အရာထမ်းချုပ် **ဦးတင်စော(ဒုညွှန်ချုပ်–ငြိမ်း)** ဦးဆောင်၍ ခရီးထွက်ခဲ့ရာတွင် ကျွန်တော်တို့ ဆရာဖေယာများလည်း ပါဝင်ပါသည်။

ပထမ ခရီးစဉ်တစ်ခုသည် ရှင်မတောင်အနီးမှ မြေစေးဖြူ(မြေဖြူ) ထွက်သည့် နေရာကို လေ့လာရန် သဲတောရွာ ဘုန်းတော်ကြီးကျောင်းတွင် စခန်းချရပါသည်။

ဘုန်းကြီးကျောင်းတွင် စခန်းချသည့် အလျောက် အိပ်တော့လည်း ကျောင်းဝန်းထဲမှ ဇရပ်တစ်ဆောင်တွင် အိပ်ကြရပါသည်။ ထိုဇရပ်ဘေးတွင် ရွာများ၌ အသုဘရှိလျှင် သုံးသော ခုတင်ကြီးတစ်ခုလည်း ရှိနေပါသည်။

ကျွန်တော်တို့ ဆရာဖေယာအဖွဲ့တွင် တစ္ဆေ အလွန်ကြောက်တတ်သော မောင်အောင်သိန်းမှာ ညအခါ အပေါ့အပါးသွားရန် ခေါက်ဆင်းလျှင် ကြောက်သောကြောင့် ကျွန်တော့်အား အမြဲ ခေါ်ပါသည်။ ခုတင်ကြီးထားရာဘက်သို့ ယောင်၍သော်မျှ မကြည့်ရဲသူ ဖြစ်ပါသည်။

တစ်ခုသော လမိုက်ညတွင် သန်းခေါင်ယံအချိန်၌ "အိမ်သာတက်ချင်လို့ အစ်ကိုအေး လိုက်ခဲ့ပါဦး"ဟု ခေါ်သောကြောင့် မလိုက်ချင်ပါဘဲ လိုက်ရပါသည်။

ကျွန်တော်တို့အဖွဲ့အတွက် ယာယီအိမ်သာသည် ဘုန်းကြီးကုဋီအနီးတွင် ကျင်းတူး၍ အမိုးမပါ အကာသက်သက်ဖြင့် ပြုလုပ်ထားပါသည်။

မောင်အောင်သိန်းသည် ကြောက်တတ်သူဖြစ်၍ အမိုးမရှိသော အိမ်သာတက်လျှင် လန့်နေမည်စိုးသောကြောင့် ဘုန်းကြီးကုဋီပေါ် တက်ခိုင်းလိုက်ပါသည်။

ဘုန်းကြီးကုဋီအနီးမှ မန်ကျည်းပင်ကြီးပေါ်တွင် လင့်ထိုး၍ တင်ထားသော ပြောင်းရိုးပုံကြီး ရှိပါသည်။ အညာဒေသတွင် ပြောင်းရိုး(နွားကျွေးသော ပြောင်းရိုး)များကို မြေပေါ်တွင် မထားဘဲ စင်မြင့်ဖြစ်စေ၊ သစ်ပင်ခွများတွင် လင့်စင်ကဲ့သို့ဖြစ်စေ ပြုလုပ်၍ တင်ထားသော အလေ့အထ ရှိပါသည်။

ဘုန်းကြီးကုဋီအနီးမှ မန်ကျည်းပင်ပေါ်လည်း ထိုနည်းအတိုင်း တင်ထားခြင်း ဖြစ်ပါသည်။ ကျွန်တော်က ကုဋီရှေ့နားတွင် ရပ်စောင့်နေရင်း ပြောင်းရိုးပုံကြီးကို ဓာတ်မီးဖြင့် ထိုးကြည့်နေခိုက် ပြောင်းရိုးများ အောက်မှ ခံထားသော လင့်စင်သစ်ချောင်းက မိုးစားထားသဖြင့်တစ်ကြောင်း၊ ပြောင်းရိုး အလေးချိန်ကြောင့် တစ်ကြောင်း "ဖျစ်...ဖျစ်... ဖြောင်း... ဝုန်း...ဝရော ဝရော..."ဟု မြည်ကာ ကျိုးကျသည်ကို မြင်လိုက်ရစဉ်မှာပင်...

'အောင်မယ်လေးဗျ... သရဲ...သရဲ' ဟု အော်ကာ ကုဋီပေါ်မှ မောင်အောင်သိန်း ခုန်ဆင်းကာ ဇရပ်သို့ ပြေးပါတော့သည်။

ကျွန်တော် တားချိန်ပင် မရလိုက်ပါ။ မောင်အောင်သိန်း အော်သံကြောင့် ဇရပ်ပေါ်ရှိ အဖွဲ့သားများပါ လန့်နိုး၍ ဘာဖြစ်သလဲဟု မေးကြပါသည်။

ကျွန်တော်က ရှင်းပြလိုက်တော့မှ အားလုံး ဝိုင်းရယ်ကြရင်း မောင်အောင်သိန်းကို "တစ္ဆေကြောက်ဘွဲ့" ပေးလိုက်ပါသည်။

ကျွန်တော် ပြောလိုသည်မှာ မစူးမစမ်းဘဲ အရမ်းကာရော မကြောက်သင့်ကြောင်း ဖြစ်ပါသည်။ တစ္ဆေ့သရဲ မရှိဟု ဆိုလိုခြင်း မဟုတ်ပါ။ ဗုဒ္ဓဘာသာ တရားတော်အရ သုံးဆယ့်တစ်ဘုံ သံသရာ ရှိသည်ကို လက်ခံလျှင် တစ္ဆေ့သရဲ ဟူသည့် အပါယ်လေးဘုံသားတွင် ပါဝင်သောကြောင့် ရှိမည်သာဖြစ်၏။

တစ်ဖန် တစ္ဆေ့သရဲကို မြင်တိုင်း ခြောက်သည်ဟု ယူဆ၍ မရချေ။ ခြောက်သည်လည်း ရှိသလို၊ သူ့ဘာသာဘာဝ သွားလာလှုပ်ရှားနေသည်ကိုလည်း မြင်သင့်က မြင်မည်သာ ဖြစ်ပါသည်။

သူ့လမ်းသူသွားနေသော ပရလောကသားအချို့ကို ကျွန်တော် လေးကြိမ် မြင်တွေ့ဖူးပါသည်။

**ပထမတစ်ကြိမ်က** ပြင်ဦးလွင်မြို့နယ်၊ မြေပုံကျေးရွာသွားသောလမ်းတွင် ကျွန်တော်၏ရှေ့မှ သွားနေသည်ကို မြင်ရခြင်းဖြစ်ပြီး၊ **နောက်တစ်ကြိမ်**သည် သပိတ်ကျင်းမြို့နယ် (၅)မိုင်စခန်းတွင် အဆောင်တွင်း ဝင်လာသည်ကို နေ့လယ်(၂)နာရီတွင် မြင်တွေ့ရပါသည်။

**တတိယအကြိမ်နှင့် စတုတ္ထအကြိမ်တွင်** ပရလောကသား အတော်များများကို ညအမှောင်တွင် မြင်ရခြင်းဖြစ်ပါသည်။

ကောလင်းမြို့နယ် ကျောက်ပုထိုးတောင် ရွှေလုပ်ကွက်တွင် ဘူမိဗေဒလုပ်ငန်းများ ဆောင်ရွက်ရင်း ငှက်ဖျားရောဂါဆိုးဝါးစွာ ခံစားရ၍ ကောလင်းဆေးရုံတက်ရစဉ်က ဆေးရုံဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



တွင် အများအပြား မြင်တွေ့ရခြင်း ဖြစ်ပါသည်။

ဆိုးဝါးလွန်းသော ငှက်ဖျားဝေဒနာကြောင့် အာရုံကြောများ ဖောက်ပြန်၍ မြင်ခြင်းလည်း ဖြစ်နိုင်ပါသည်။

**စတုတ္ထအကြိမ်** မဟာမြိုင်တောကြီးအတွင်း ညအချိန် ဖြတ်သန်းစဉ်က လမ်းဘေး ဝဲ,ယာတစ်လျှောက်တွင် အမျိုးအမည်များပြားသော ပရလောကသားများကို မြင်ရခြင်း ဖြစ်ပါသည်။

ခြောက်လှန့်ခြင်း မပြုကြပါ။ ဘာကြောင့် မြင်သည်ကိုမူ ကျွန်တော်လည်း မသိပါ။ နောင်သော် ကျွန်တော်သည် သမထလုပ်ငန်းကို "အပ္ပနာသမာဓိ"အဆင့်ထိ ပေါက်မြောက်အောင် အားထုတ်နိုင်ခဲ့သူဖြစ်ရာ ယခင်က ကျွန်တော် မြင်ခဲ့သည်ဆိုသော ပရလောကသားများမှာ အမှန်ပင်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ရုံမျှမက လွန်ခဲ့သော အတိတ်ဘဝက ကျွန်တော် (မောင်မောင်အေး)သည် ဦးဇိမလဘွဲ့ အမည်ရှိသော ရဟန်းတော်တစ်ပါး ဖြစ်ခဲ့ကြောင်းပါ မြင်ရပါသည်။

သမထ အမြင်စွမ်းအားကြောင့် ပရလောကတွင် စားရမဲ့,သောက်ရမဲ့ ဖြင့် သွားလိုရာ မသွားနိုင် ဖြစ်နေသော မိန်းကလေး (ပရလောကသူလေး) တစ်ဦး၏ အကူအညီတောင်းမှုကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ထိုဘဝမှ ကင်းလွတ်၍ သွားလိုရာကို သွားနိုင်ပြီ ဖြစ်သောကြောင့် ကျေးဇူးတင်ကြောင်း နှုတ်ဆက် ထွက်ခွာသွားသည့် ဖြစ်ရပ်တစ်ခုကို ဖော်ပြပါမည်။

**၁၉၇၀ ပြည့်နှစ် မေလထဲတွင်** မြန်မာနိုင်ငံအလယ်ပိုင်းရှိ ခရိုင်မြို့ကြီးတစ်မြို့သို့ ဘူမိဗေဒလေ့လာရေး ကွင်းဆင်းအဖွဲ့ စေလွှတ်ရာတွင် ကျွန်တော်လည်း ပါဝင်ခဲ့ပါသည်။

ကျွန်တော်တို့ ဘူမိဗေဒ လေ့လာရှာဖွေရေး လုပ်ရမည့် သယံဇာတမှာ မြေစေးဖြူ(မြေဖြူ) ဖြစ်ပါသည်။

မြေစေးဖြူ သယံဇာတ လေ့လာရေး လုပ်ရမည့် နေရာများသည် သစ်ဆုံဆည်ပတ်ဝန်းကျင်မှစ၍ ပဲခူးရိုးမ အရှေ့ဘက်ခြမ်းတစ်ကြောရှိ အင်တောလေး၊ အင်တောကြီး၊ ကဗျာတောရ၊ မြို့လှရွာ လက်ပံရွာနှင့် ဆင်သေချောင်းဖျားတစ်ဝိုက်ကို ပတ်၍ **နေပြည်တော် တစ်ကုန်းမြို့(ယခင် တစ်ကုန်းမြို့)**ကို ပြန်ထွက်ရမည့် Traverse လမ်းကြောင်း ဖြစ်ပေရာ အတော်ပင် ရှည်လျားသော Traverse ဟု ဆိုရပါမည်။

ထို့ကြောင့် ကွင်းဆင်းလုပ်ငန်း မဝင်မီ လိုအပ်သည့် ရိက္ခာပစ္စည်းများ၊ လုံခြုံရေးကိစ္စများ ဆောင်ရွက်ရန် ဘိုတဲခေါ်သော Bungalowတွင် တည်းခို၍ စီစဉ်ဆောင်ရွက်ကြရပါသည်။

ဤ ဘူမိဗေဒကွင်းဆင်းအဖွဲ့တွင် ကျွန်တော်က အသက်အားဖြင့် အကြီးဆုံး ဖြစ်ပါသည်။

ထို့ကြောင့် တောထဲသို့ မဝင်မီ မြို့ပေါ်နေရစိုက် ငယ်ရွယ်သူများက ညဘက်ဆိုလျှင် ပျင်းသည်ဆို၍ ရုပ်ရှင်သွားကြည့်ကြပါသည်။ ဘန်ဂလိုတွင် ကျွန်တော်တစ်ယောက်တည်းသာလျှင် ကျန်တတ်ပါသည်။

ဘန်ဂလိုသည် မြို့၏ အနောက်ဖျားတွင်ရှိ၍ ပတ်ဝန်းကျင်တွင် လူနေအိမ်များ မရှိဘဲ အုပ်အုပ်ဆိုင်းဆိုင်း မန်ကျည်းပင်များ ဝိုင်းရံနေသည့် ခေတ်ဟောင်းတိုက် တစ်လုံး ဖြစ်ပါသည်။

ဘန်ဂလိုနှင့် အတော်လှမ်းလှမ်းတွင် အစောင့်အဘိုးကြီးလင်မယား နေသည့် အိမ်ကလေး ရှိပါသည်။

ထိုညက မြို့ထဲမှ "စိမ်းယဉ်ယဉ်" ရုပ်ရှင်ရုံတွင် ပြသနေသော အင်္ဂလိပ်ကား ကောင်းသည်ဆို၍ အားလုံး သွားကြည့်ကြသဖြင့် အသက်ကြီးသော ကျွန်တော် တစ်ယောက်တည်း သာလျှင် ကျန်ရှိခဲ့ပါသည်။

ဘန်ဂလိုသည် လူနေအိမ်ခြေများနှင့်လည်း ကွာလှမ်းသည့်ပြင် ဘေးပတ်ဝန်းကျင်တွင် ညို့မှိုင်းအုပ်ဆိုင်းနေသော မန်ကျည်းပင်ကြီးများကလည်း ဝိုင်းနေသဖြင့် တိတ်ဆိတ်သော ညအချိန်တွင် တော်ရုံသတ္တိဖြင့် တစ်ယောက်တည်း နေခဲ့ရန် မလွယ်ပါ။

လူသူတည်းခိုမှု သိပ်မရှိသောကြောင့် အောက်သိုးသိုး ဖုန်နံ့နှင့် လင်းနို့ချေးနံ့တို့ကလည်း စိတ်ကို အနှောင့်အယှက် ပြုနေပြန်ပါသည်။ သို့သော် ကျွန်တော်အတွက်မူ ယခုလို ငြိမ်သက်တိတ်ဆိတ်နေမှ ပိုကောင်း



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ဆိုရပါမည်။

ကျွန်တော်သည် **ဒလပျော်ဘွယ်ကြီးမှ ဆရာသက်ကြီး၏ လမ်းစဉ်အတိုင်း သမထအားထုတ်ခဲ့ရာ** နှစ်လမျှအကြာတွင် "အပ္ပနာသမာဓိ" အဆင့်အထိ ရရှိခဲ့သောကြောင့် အခြေအနေပေးလျှင် အာနာပါနသမထ အလုပ်ကို အားထုတ်ပါသည်။

သို့သော် နယ်တကာ၊ ရပ်တကာ လှည့်ပတ်နေရသည့် ဝန်ထမ်းဘဝဖြစ်၍ မလုပ်နိုင်သည့် အချိန်က များပါသည်။

ထိုသို့ မလုပ်နိုင်သည့် အချိန်ကများသောကြောင့် အားထုတ်နိုင်ရန် ပြန်လုပ်သည့် အခါမျိုးတွင် ဥဂ္ဂဟနိမိတ် ရအောင် မလုပ်နိုင်သည်လည်း ကြုံရပါသည်။

ယခုလည်း ဤကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသော နေရာသည်လည်းကောင်း၊ တစ်ကိုယ်တည်း ရှိနေခြင်းသည်လည်းကောင်း သမထလုပ်ရန် အကောင်းဆုံး အခြေအနေဟု သုံးသပ်မိသောကြောင့် ရုပ်ရှင်ကြည့်သူများ ပြန်လာလျှင် တံခါး ထဖွင့်ပေးစရာ မလိုအောင် ဘန်ဂလို အဝင်တံခါးမကြီးကို မင်းတုပ် မထိုးဘဲ ပိတ်ထားပြီးမှ အိပ်ရာခုတင်ထက်မှာပင် သီလခံယူ၍ ပရိကံများပြုကာ ထွက်သက်,ဝင်သက်များကို ဂဏနာနည်းဖြင့် စတင်ရှုမှတ်ပါသည်။

ဂဏနာနည်းဖြင့် ရှုမှတ်ရခြင်းမှာ အားမထုတ်သည်မှာ ကြာပြီဖြစ်၍ ပျံ့လွင့်မှုများနေသော အာရုံများကို မြန်မြန်ဖမ်းမိစေရန် ဂဏနာနည်းဖြင့် ရှုမှတ်နေသည်ပင် နာရီဝက်ခန့်ကျော်သည်အထိ ထိန်းချုပ်မရသေးပါ။

တစ်နာရီခန့်ကြာမှ တည်ငြိမ်စပြုလာပါသည်။ ထိုစဉ်မှာပင် တံခါးခေါက်သံ ကြားသောကြောင့် "ကြားတယ်...ကြားတယ်" ဟု မှတ်နေဆဲ တံခါးဆွဲဖွင့်သံ၊ ခြေသံတရှပ်ရှပ်ဖြင့် လျှောက်လာသံများကြောင့် တစ်ဆက်တည်း လိုက်မှတ်နေရာမှ ကျွန်တော်၏ ခုတင်နားတွင် ဆောရပ်နေသည့် မိန်းကလေးတစ်ယောက်ကို မြင်တွေ့ရပါသည်။



မျက်စိဖွင့်ကြည့်ခြင်း မဟုတ်ပါ။ ကျွန်တော်သည် အပ္ပနာသမာဓိ အဆင့်ထိ အားထုတ်ခဲ့ဖူးသူဖြစ်၍ ဤအမြင်မျိုး အာရုံတွင် တွေ့မြင်ရခြင်းကို အထူးအဆန်း မဟုတ်ပါ။

အထူးအဆန်း ဟူ၍လည်း ဂရုပြုကြည့်နေခြင်းလည်း မပြုပါ။ မှတ်မြဲ ထွက်လေ,ဝင်လေကို နှာသီးဖျားတွင် အာရုံပြုကာ မှတ်နေခြင်းသာ ဖြစ်ပါသည်။

သမထအာရုံတွင် မြင်ရခြင်းများသည် သာမန်မြင်ရခြင်းမျိုး မဟုတ်ဘဲ ထင်ရှားပြတ်သားစွာ အသေးစိတ် တွေ့မြင်ရခြင်းပါ။ မှဲ့တစ်ပေါက်၊ မွေးညင်းတစ်ပင်ကအစ ပြတ်သားစွာ မြင်ရသည့် အမြင်ပါ။

သမထကို ပေါက်မြောက်အောင်မြင်အောင် အားထုတ်ဖူးသူများမှ ယခု ကျွန်တော် ရေးပြသည့် အမြင်အာရုံကို လက်ခံမည် ဖြစ်ပါသည်။

ခုတင်နား ရပ်နေသော အမျိုးသမီးသည် အသက်(၂၀)ဝန်းကျင်ခန့် ရှိ၍ ညှိုးနွမ်းသောမျက်နှာ၊ ဟောင်းနွမ်းသော အဝတ်အစားများ ဝတ်ဆင်ထား၍ အားကိုးသော မျက်နှာဖြင့် ကြည့်ရင်း...

'အစ်ကိုကြီးရယ်... ကျွန်မကို ကူညီပါရှင်...'

.ဟု အစချီ၍ သူမသည် ငှက်ဖျားရောဂါကြောင့် ဆေးရုံတက်ရန် အလာ ဤဘိုတဲအရောက်တွင် အခြေအနေဆိုး၍ ကွယ်လွန်ခဲ့ကြောင်း၊ သတ်သတ်မှတ်မှတ် နေစရာလည်းမရှိ၊ အစားအသောက်လည်း မစားရသည်မှာ ကြာပြီဖြစ်ကြောင်း...

ဤဘိုတဲတွင် လူ ရောက်လာသည်ကို တွေ့၍ အကူအညီတောင်းရန် လာလျှင် တခွေခြောက်သည်ဆိုကာ ပြေးကြသောကြောင့် သူ့ ဘာမှ ပြောခွင့်မရကြောင်း...

ယခု အစ်ကိုကြီး မေတ္တာပို့သံ ကြားသဖြင့် ဒီအကိုကြီးတော့ ငါ့ကို ကူညီမယ့်သူဖြစ်မယ်ဆိုပြီး လာခဲ့ခြင်းဖြစ်ကြောင်း၊ အစားအသောက်များ ရရှိရန် ဤနေရာမှ ထွက်ခွာခွင့်ရရန် ကူညီပါရန်အကြောင်း သနားစဖွယ် ပြောပြပါသည်။

ကျွန်တော်လည်း ထိုအကြောင်းသည် အမှန်ပင်ဖြစ်နိုင်သည်ဟု ယူဆသောကြောင့်"**ကောင်းပြီ မိန်းကလေး မင်းနာမည် ဘယ်လိုခေါ်တာလဲ**"ဟု နှုတ်မှ မဟုတ်ဘဲ သမထအာရုံစိတ်ဖြင့်ပင် မေးလိုက်ပြီး သူ့အမည်ကို မှတ်ထားလိုက်ပါသည်။

နံနက်လင်းသောအခါ ထို

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို လက်ထောက်ဆာဗေယာ မောင်မျိုးအောင် တစ်ယောက်တည်းကိုသာ ပြောပြ၍ (၉)နာရီခန့်တွင် မောင်မျိုးအောင်နှင့်အတူ ထမင်းဆိုင်သို့သွားကာ သံယာတစ်ပါးစာ ဆွမ်းနှင့်ဟင်း ဝယ်ခဲ့ပါသည်။

ဘန်ဂလိုရှေ့ လမ်းမပေါ်မှ ဆွမ်းခံကြွသော သံဃာတစ်ပါးကို အကျိုးအကြောင်း လျှောက်ထားကာ ပင့်ခဲ့ပြီး ဆွမ်းကပ်လှူပါသည်။ သံဃာတော်မှ ဆွမ်းအနုမောဒနာ ပြုပြီးချိန်တွင်...

'မမြအုန်းရေ... မင်းအတွက် ဆွမ်းလှူရတဲ့ ကုသိုလ်အဖို့ကို သာဓုခေါ်ပါ'

ဟု အမျှသုံးကြိမ် ဝေလိုက်ပါသည်။ ကျွန်တော်တို့ ဘူမိဗေဒအဖွဲ့လည်း ထိုနေ့မှာပင် ပထမခရီးဖြစ်သော သစ်ဆုံဆည် ဘန်ဂလိုသို့ ပြောင်းရွှေ့ရမည် ဖြစ်သောကြောင့် ဘန်ဂလိုစောင့် အဘိုးကြီးအား အခန်းသော့ ပြန်အပ်ရင်း ဤဘန်ဂလိုတွင် ဘာများ ထူးခြားမှုရှိတာ ကြားဖူးသလားဟု မေးမြန်းကြည့်ရာ...

'ဟာ...ရှိပြီလား ဆရာရယ်၊ ဆရာတို့အဖွဲ့သာ ဘာသံမှ မကြားရတာ၊ အရင်ကလာ...လာတည်းကြတဲ့ ဝန်ထမ်းတွေဆိုရင် တစ္ဆေမတစ်ကောင် ရှိတယ်ပြောပြီး တစ်ညနဲ့ ပြေးကြတာပဲ'

ဟု ဆိုပါသည်။

ဘန်ဂလိုစောင့်ကြီး ပြောပြချက်အရ လွန်ခဲ့သော သုံးနှစ်လောက်က သစ်တောဌာနမှ တောခေါင်းလေး တစ်ယောက်၏မိန်းမ ငှက်ဖျားမိ၍ ဆေးရုံတင်ရန်အလာ ဤဘန်ဂလို အရောက်တွင် ကွယ်လွန်သွားခဲ့ကြောင်း...

ထိုမှစ၍ လာရောက်တည်းခိုသူ အချို့က တစ္ဆေခြောက်သည်ဟု ပြောသံ ကြားလာရကြောင်းများ သိရပါ



သည်။

ယမန်နေ့ညက အတွေ့အကြုံများကိုမူ အဘိုးကြီးအား မပြောပြခဲ့သော်လည်း ကျွန်တော်၏ သမထအာရုံတွင် လာရောက် အကူအညီတောင်းသော ပရလောကသူလေး မမြအုန်းသည် အမှန်ပင် ထိုဘဝ၌ ရှိနေကြောင်း အတည်ပြုနိုင်ခဲ့ပါသည်။

ဤဖြစ်စဉ်နှင့် ပတ်သက်၍ လက်ထောက်ဆာဗေယာ မောင်မျိုးအောင်မှလွဲ၍ အခြားသူများကို ပြောမပြခဲ့ပါ။ ပရလောကသားဆိုသော တစ္ဆေ့သရဲတို့ကို မြင်တွေ့ရတိုင်း အခြောက်ခံရသည် မဟုတ်ပါ။

ယခု မိန်းကလေးကဲ့သို့ အကြောင်းတစ်စုံတစ်ရာ ပြောလိုသဖြင့် ကိုယ်ထင်ပြခြင်းများလည်း ရှိပါသည်။ ညနေပိုင်းတွင် သစ်ဆုံဆည်သို့ ထွက်ခွာခဲ့ကြပါသည်။

သစ်ဆုံဆည် ဘန်ဂလိုသည် ဆည်၏ တာရိုးပေါင်ပေါ်တွင် တည်ဆောက်ထားသည့် လှပသော တစ်ထပ်တိုက်ပုလေး ဖြစ်ပါသည်။ သစ်ဆုံဆည် ရေပြင်ကို ကျောပေး၍ အရှေ့အရပ်ကို မျက်နှာမူကာ တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

ဘန်ဂလို၏ ပတ်ဝန်းကျင်တွင် နွယ်သာကီပန်းပင် ရောင်စုံများ စိုက်ပျိုးထားသလို မြို့ဘက်အထွက် လမ်းတစ်လျှောက်တွင် စန္ဒကူးပင်များ အစီအရီ စိုက်ပျိုးထားပါသည်။

သစ်ဆုံဝန်းကျင်မှ မြေဖြူတွင်းများ လေ့လာခြင်း၊ ရန်အောင်မြို့ဘက်မှ နေရာသစ်များ လေ့လာခြင်း လုပ်ငန်းများ ဆောင်ရွက်၍ ငါးရက်ပြည့်သော ညတွင် အိပ်မက်၌...

'အစ်ကိုကြီးတို့ကျေးဇူးကြောင့် မြအုန်း ဒီထက်ကောင်းတဲ့ နေရာကို သွားခွင့် ရပါပြီရှင်'

ဟု နှုတ်ဆက်ရင်း တောက်ပြောင်သော အဝတ်အစားများဖြင့် ထွက်ခွာသွားသော မိန်းကလေးတစ်ဦးကို မြင်ရပါသည်။

ထိုအိပ်မက်ကို ကျွန်တော်ရော မောင်မျိုးအောင်ပါ တစ်ပြိုင်တည်း မြင်မက်ခြင်း ဖြစ်ပါသည်။

**စာကြွင်း ။ ။ သစ်ဆုံဘန်ဂလိုတွင် တည်းခိုစဉ်က လိုအပ်သော အကူအညီများ စေတနာအပြည့်ဖြင့် ကူညီခဲ့ကြသော ဘန်ဂလိုစောင့် ကိုတင်အောင်နှင့် ကိုမောင်ပုတို့ ညီအစ်ကိုအား ကျေးဇူးတင်ပါကြောင်း ပြောပြရင်း...**

**ဓာတ်ပုံ မောင်မောင်အေး**

www.burmeseclassic.com

**ယခင်လမှ အဆက်**

## သတိမြဲတယ်ဆိုတာ

ဘုန်းကြီးက အာနာပါန ရှုမှတ်တာ အလွန်သန်တယ်။ တစ်ညတော့ အာနာပါန ရှုမှတ်ရင်း အိပ်ပျော်သွားခဲ့တယ်။ အိပ်ရာက နိုးတော့လဲ အာနာပါန ရှုမှတ်လျက်ပဲ ဖြစ်နေတယ်။ ကိုယ်ရောစိတ်ပါ ပေါ့ပါးလန်းဆန်းနေတယ်။ ဆက်ရှုမှတ်ခဲ့တယ်။

အဲဒီအကြောင်းကိုလဲ သဲအင်းဂူ ဆရာတော်ကြီးကို လျှောက်တော့ ဆရာတော်ကြီးက...

အဲဒါ သတိမြဲလာတာတဲ့။ ဆက်ပြီး သတိမြဲဖို့ တိုက်တွန်းတယ်။

အဲဒီအချိန်ကတည်းက ဘုန်းကြီး သဘောပေါက်သွားတယ်။ **"သတိ"** အလွန်အရေးကြီးတာကို နားလည်သွားတယ်။

ပြီးတော့ ဘယ်အချိန်ကစပြီး တရားအားထုတ်ရမလဲဆိုတာပဲ။ အိပ်ရာက နိုးနိုးချင်း တရားနဲ့နိုး။ ဆက်တရား အားထုတ်ရမယ်ပေါ့။

ယောဂီတွေ တော်တော်များများ မေးကြတယ်။ **"ဘယ်အချိန် တရားအားထုတ်ရမလဲ"**တဲ့။

ဒီတော့ ယောဂီတွေလဲ အိပ်ရာက နိုးနိုးချင်း စပြီး တရားအလုပ် အားထုတ်ရမယ်။ ဘုန်းကြီးကတော့ ဒီလိုပဲ ယောဂီတွေကို ညွှန်ပြတယ်။ နိုးနိုးချင်း တရားသတိ ရှိစေချင်ပါတယ်။

## တောရဆောက်တည်စဉ်

## ကိုယ်တွေ့ဖြစ်ရပ်များ

ဘုန်းကြီး ပထမဆုံး တောရဆောက်တည်ခဲ့တဲ့ နေရာက သာယာဝတီနယ် ဆရာစံရဲ့ ဖားရွှေကျော်တိုက်ပွဲ ဝင်ခဲ့တဲ့ နေရာပဲ ဒကာကြီး။



ရိုးသားကြိုးစားသော

# ဂျပန်တောင်ဆရာတော်စိပါရဲ့

ထူးခြားဆန်းပြား

# ကိုယ်တွေ့ဖြစ်ရပ်များ

နှင့် တရားအောင်မြင်ရေး နည်းလမ်းများ (၂)

ကောင်းမြင့်မြတ်စိန်



ဘုန်းကြီးအသက် (၂၅)နှစ်ပဲ ရှိသေးတယ်။ တကယ့် တောကြီးမျက်မည်းပဲ။ ဘာသံမှ မကြားရဘူး။ အဲ...ကျေးငှက်သံလေး ...က်ပဲရှိတယ်။

အဲဒီတောကြီးထဲ ရောက်စက ညညဆို မိန်းမသံတွေ၊ သီချင်းဆိုသံတွေ ကြားနေရတယ်။ ဘုန်းကြီးက



www.burmeseclassic.com

www.burmeseclassic.com

သက်ငယ်တဲကျောင်းလေးထဲ ရဟန်းတရား အားထုတ်နေတယ်။ ဒကာမကြီးတစ်ယောက်လှူတဲ့ သက်ငယ်တဲကျောင်းလေးပါ။

တစ်နေ့တော့ ညဘက် စင်္ကြံလျှောက်နေတုန်း "ရှီး"ဆိုတဲ့ အသံကြားလိုက်ရလို့ ကြည့်လိုက်တော့ အမွေးရှည်ရှည် အကောင်ကြီး၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး။ ဘုန်းကြီး အရင်ကဆို မကြောက်တတ်ဘူး။ အခု အဲဒီအကောင်ကြီးကို တွေ့တော့ ကြောက်လာတယ်။

ကိုယ့်တရားကို မပြတ်အောင် ရှုနေမိတယ်။ စင်္ကြံလျှောက်တာ သတိကြီးကြီးထား လျှောက်နေမိတယ်။ စိတ်ကို အလွတ်မပေးရဲဘူး။ ကြွတယ်၊ လှမ်းတယ်။ ကြွတာ ဝေဒနာ၊ လှမ်းတာ ဝေဒနာ မှတ်တယ်။ အဲဒီလို မှတ်နေတော့ အကောင်ကြီး ပျောက်သွားတယ်။ သူရှိကြောင်း အသိပေးတာ ထင်ပါရဲ့။

## တရားအစွမ်း ဒုံ့မခန်း

တောရ ဆောက်တည်တုန်းက ဘုန်းကြီးဟာ သစ်သီးဆွမ်း(၁၁)ရက်၊ ကျင့်စဉ် ရေချည်း(၁၁)ရက် သောက်ပြီး ကျင့်တဲ့ ကျင့်စဉ်တွေလဲ ကျင့်ခဲ့တယ်။ သမထကျင့်စဉ်တွေ စုံအောင် ကျင့်တဲ့ သဘောပါပဲ။

အချို့ဂိုဏ်းဆရာတွေလဲ ရောက်ရောက်လာသေးတယ်။ တစ်နေ့တော့ တောင်ယာသမားကြီး ဦးအောင်မြရဲ့ ခြေဖဝါးအလယ်မှာ အနာ ကြီးဖြစ်ပြီး ထော့နဲ့ ထော့နဲ့ သွားနေတာ တွေ့ရတယ်။ ဘာဖြစ်တာလဲ မေးကြည့်တော့ **"အပင်းထည့်တာ ခံရတာ"**လို့ ဦးအောင်မြက ပြောတယ်။

ကုတာလဲ ဘယ်ဆရာနဲ့ကုကု



မရဘူးတဲ့။ သူ့ခမျာ အတော်နာကျင်ခံစားနေရပုံ ပေါ်တယ်။ ခြေဖဝါးအလယ်မှာ အသားတုံးကြီးလို အဖုကြီး။ ဒီတော့ ဘုန်းကြီးက သနားသွားတယ်။ မကြည့်ရက်ဘူး။

'ကဲ...ဦးအောင်မြ နှမ်းဆီယူခဲ့ဗျာ။ ပန်းကန်နဲ့ထည့်ယူလာခဲ့'

ဆိုပြီး ခိုင်းလိုက်တယ်။ ဘုန်းကြီးက နှမ်းဆီပန်းကန်လုံးကို စူးစိုက်ကြည့်ပြီး...

နှမ်းဆီဆိုတာလဲ မရှိဘူး။ ပထဝီ၊တေဇော၊ အာပေါ၊ဝါယော ဓာတ်ကြီးလေးပါး သဘောမျှပဲ၊ အဆင်းမျှပဲ၊ ပြောင်းလဲဖောက်ပြန်တဲ့ သဘောပဲ၊ ဖြစ်သမျှ ပျက်တဲ့ ဓမ္မသဘောပဲ ရှိတယ်။

မပြဘူး။ ဘာမှ မရှိဘူး။ မရှိဘူး။ အဲဒီလို မှတ်နေလိုက်တာ အမှုန်အမွှားတွေ ဖြစ်သွားပြီး နောက်တော့ ဘာမှ မရှိတော့ဘူး။ ဟင်းလင်းပြင်ကြီး ဖြစ်သွားတယ်။

အဲဒီတော့ ဘုန်းကြီး အာရုံပြန်စုစည်း... စုစည်းပြီး အဖန်ဖန် တရားသဘောတွေ ရှုမှတ်တယ်။

နှမ်းဆီကိုကြည့်ပြီး ပရိတ်ရွတ်၊ မေတ္တာပို့တွေ လုပ်တယ်။ (၃)ရက်လောက် အဲဒီလို လုပ်နေရင်း တစ်နေ့မှာ နှမ်းဆီတွေကို မြွေကြီးတစ်ကောင် လာသောက်တယ်။ မြွေက အကြီးကြီး တော်တော်လဲရှည်တယ်ဗျာ။

ဘုန်းကြီးတောင် လန့်သွားတယ်။

မေတ္တာပို့ပေးလိုက်တော့ ပြန်ထွက်သွားပါတယ်။ ကျန်တဲ့ နှမ်းဆီကို ဦးအောင်မြ လာတော့ တိုက်လိုက်တယ်။

အန်တာယ်ဗျာ... အစိမ်းတုံး၊အဝါတုံးတွေအန်တယ်။ သူ့ခြေဖဝါးက အနာကိုလဲ နှမ်းဆီလိမ်းပေးတယ်။ သူ့ခမျာ တဆတ်ဆတ် တုန်နေရှာတယ်။

ထူးဆန်းတာကတော့ ခြေဖဝါးကြီးဟာ ကွေးသွားပြီး ကြမ်းပြင်ထိသွားတယ်။ သာမန်ခြေဖဝါးက ကွေးမရဘူး မဟုတ်လား။ သူ့ခြေဖဝါးဟာ ကွေးသွားပြီး အနာလဲ ပေါက်ထွက်သွားတယ်။

အဲဒီအချိန်ကစလို့ ဦးအောင်မြ အနာပျောက်သွားတယ်။ ဦးအောင်မြကိုတော့ မှာလိုက်ရသေးတယ်။ **"အခြားသူတွေ့ မပြောပါနဲ့၊ ခေါ်လဲ ခေါ်မလာပါနဲ့"**လို့ မှာလိုက်ရတယ်။

## ခန္တီမေတ္တာ အောင်ခဲ့ပါသည်

အဲဒီတုန်းက ဘုန်းကြီး ဆွမ်းခံကြွတဲ့ရွာက အိမ်ခြေ(၃၀၀)လောက် ရှိတယ်။ ဘုန်းကြီးက ဆွမ်းခံကြွတဲ့ အခါမှာ ရွာလယ်လမ်းအတိုင်း ကြွသွားတယ်။ မရပ်ဘူး။ "ရပ်တော်မူပါဘုရား"ဆိုမှ ရပ်ပေးပြီး ဆွမ်းအလှူခံတယ်။ ဆွမ်းလောင်းမယ့်သူ တွေ့ရင် ဆွမ်းခံ ရပ်တယ်။ ဒါပေမယ့် ဘုန်းကြီး ဆွမ်းသပိတ် အပြည့်ရတယ်။ လာဘ်ပေါများတယ်။

ဒါကို ကိုရင်ကြီးတစ်ပါးက မနာလိုဘူး။ အရင်က သာယာဝတီနယ်မှာ လူမိုက်လုပ်ခဲ့သူပေါ့။ နာမည်ကြီး ကိုမင်းပြောင် ဆိုသူပေါ့။ အရပ်က (၆)ပေလောက် ရှိတယ်။ အဲဒီ ကိုရင်ကြီးက တခြားကျောင်းကပါပဲ။ ဘုန်းကြီးရဲ့ တောရကျောင်းနဲ့ သိပ်

www.burmeseclassic.com

မဝေးဘူး။

ပြီးတော့ ကရင်ဘုန်းကြီးတစ်ပါးလဲ ရှိတယ်။ အဲဒီ ကရင်ဘုန်းကြီးကတော့ ရိုးတယ်။ သီလရှိတယ်။ စာတော့ မတတ်ရှာဘူး။ ကျုပ်နဲ့လဲ မျက်မှန်းတန်းမိနေပါပြီ။ အရေးကိစ္စရှိရင် ကရင်ဘုန်းကြီးက ဝါးခေါက် လူစုလေ့ရှိတယ်။

ကျုပ်ကို မနာလိုတဲ့ ကိုရင်ကြီးက အလကားနေရင်း ကျုပ်ကို ဆဲဆိုကြိမ်းမောင်းလေ့ရှိတယ်။ ရွာသားတွေက ကျုပ်ကို ကြည်ညိုတော့ ကိုရင်ကြီးကို မကျေနပ်ဘူး။ ကျုပ်ကို လျှောက်ကြတယ်။ ကိုရင်ကြီးကို မောင်းထုတ်မယ်တဲ့။ ကျုပ်က ဖျောင်းဖျရတယ်။

'သည်းခံပါ ဒကာတို့... ကျုပ်က သေမှာ တောင် မကြောက်ပါဘူး။ ကျုပ်ကို သတ်တာတောင် ခံနိုင်ပါတယ်။ တရားသဘောအရ ဖြစ်ရင် ပျက်တာချည်းပဲ။ ခွင့်လွှတ်လိုက်ပါ။ ကျုပ်က မေတ္တာလဲ မပျက်ပါဘူး။ မေတ္တာလဲ ပို့ပေးပါတယ်။ ကျုပ်လဲ ဒီတောကြီးထဲ ရောက်ကတည်းက တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရပ်ရွာစောင့်နတ်ကအစ အားလုံးသော သတ္တဝါတွေကို မေတ္တာပို့တယ်။ အမျှဝေတယ်။ မေတ္တာနဲ့ ရှို့ လက်ကိုင်ပြုနေခဲ့တယ်။ သည်းခံကြပါ'

လို့ ပြောပြရတယ်။

တစ်ညတော့ဗျာ... အော်သံတစ်ခု ကြားရတယ်။

'အောင်မယ်လေးဗျ... ကြောက်ပါပြီဗျ... ကယ်တော်မူကြပါဦး'

ဆိုတဲ့ အော်သံ ငယ်သံပါအောင် အော်နေတယ်။ (၃)ညလောက် ဆက်တိုက် ကြား...ကြားနေရတယ်။ ကရင်ဘုန်းကြီးက ကျုပ်နဲ့ တွေ့တော့ မေးတယ်ဗျ။

'ဘုန်းကြီးလေး ည...ည အော်သံ မကြားဘူးလား'



တဲ့။ "ဘာဖြစ်လို့လဲ" မေးလျှောက်တော့ ည,ညဆို ကိုရင်ကြီးကို အကောင်ကြီးတစ်ကောင်က လာ,လာဆွဲသတဲ့။ ခုတင်ပေါ်က ဆွဲ,ဆွဲချနေသတဲ့။ အဲဒီတော့ ဘုန်းကြီးက အမွေးရှည်ရှည် အကောင်ကြီး မဟုတ်လား လို့ ပြောလိုက်မိတယ်။ ကရင်ဘုန်းကြီးကလဲ အံ့ဩသွားပြီး...

'ဟာ... ကိုယ်တော်က သိနေပါ့လား'

တဲ့။ အဲဒီတော့မှ...

'တပည့်တော် ဒီတောထဲ ရောက်စကတည်းက အဲဒီအကောင်ကြီး တွေ့ဖူးတယ်ဘုရား။ အဲဒီအကောင်ကြီးကို အမြဲမေတ္တာပို့ပေးနေပါတယ်'

လို့ လျှောက်လိုက်တယ်။

ကိုရင်ကြီးဟာ အဲဒီအကောင်ကြီးကို ကြောက်ပြီး ဆက်မနေရဲတော့ဘူး။ လူထွက်သွားတယ်။

ကရင်ဘုန်းကြီးက မိန့်ခဲ့သေးတယ်။

'ဟုတ်တယ်... ဒီတောဒီတောင်မှာ ကျတ်တွေရှိတယ်။ အဲဒီ အမွေးရှည်ရှည်အကောင်ကြီးလဲရှိတယ်။ ညဘက်ဆို အော်သံတွေ ကြားရတယ်'

တဲ့။

## ထူးဆန်းသော ကွမ်းယာ

ဘုန်းကြီးဟာ မနက်တိုင်း ဆွမ်းခံကြွရင် "**ရန်အောင်မြင်ဘုရား**"ကို ကြွသွားပြီး ရှိခိုးတယ်။ သက်န်းရုံပြီးတော့မှ ရွာဘက်ကို ဆွမ်းခံကြွလေ့ရှိတယ်။ ဘုန်းကြီးရေကျင့်စဉ် (၁၁)ရက်အဓိဋ္ဌာန်အောင်ပြီး (၁၂)ရက်မြောက်နေ့က ရန်အောင်မြင်ဘုရားဖူးပြီး ဆွမ်းခံကြွလာတော့ တောထဲက အမျိုးသမီးနှစ်ယောက် ထင်းခွေပြီး ပြန်လာတာ တွေ့ရတယ်။

တောသူတောင်သား အဝတ်အစား နွမ်းနွမ်းပါပဲ။ ခေါင်းမှာ ပလိုင်းလွယ်ပြီး ပလိုင်းထဲမှာ ထင်းတွေ ပါတယ်။ အမျိုးသမီးတစ်ယောက်က...

'အရှင်ဘုရား...ရပ်တော်မူပါဘုရား'

လို့ လှမ်းလျှောက်တယ်။

ဘုန်းကြီးက ရပ်စောင့်နေလိုက်တယ်။ ကွမ်းယာတစ်ယာ လှူတာပါ။ သပိတ်ဖုံးပေါ် တင်လှူလိုက်ပါတယ်။ ကွမ်းယာကို လှူတဲ့လက်ဟာ ခိုခြေသွေးရောင် လျှမ်းနေတယ်ဗျာ။

ကျုပ်က သတိနဲ့ အသုဘကမ္မဋ္ဌာန်း ရှုလိုက်တယ်။ ဖောက်ပြန်ပျက်စီးတဲ့ သဘော၊ ရွံစရာအသွေးအသား၊ အကြောအရေသဘော၊ ပုပ်ပွတဲ့ သဘော ရှုလိုက်တော့ နှစ်သက်ဖွယ် အာရုံတွေ ပျောက်သွားပြီး စိတ်တည်ငြိမ်သွားတယ်။

အမှတ်သတိနဲ့ ဆက်ကြွတယ်။ ဘုန်းကြီးရဲ့ ထုံးစံအတိုင်း ရွာလယ်လမ်းက ကြွသွားပြီး ဆွမ်းခံတယ်။ နောက်ဆုံး အိမ်နားရောက်တော့ အိမ်ရှင်ဒကာမကြီး ဒေါ်သိန်းတင်က လှမ်းလျှောက်တယ်။

'အရှင်ဘုရား... ခဏထိုင်နားပါဦးဘုရား တပည့်တော် အုန်းရည်ကပ်ချင်လို့ပါဘုရား'

တဲ့။ ဒါနဲ့ ဘုန်းကြီးက ဝင်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ ဘုန်းကြီးက သပိတ်ဖုံးပေါ်က ကွမ်းယာကိုမြင်တော့ ဒေါ်သိန်းတင်က မေးလျှောက်တယ်။

'အရှင်ဘုရား... ဒီကွမ်းယာ ဘယ်သူ လှူလိုက်တာလဲ ဘုရား'

တဲ့။ ဒီတော့ ဒေါ်သိန်းတင်ကို ရှင်းပြရတယ်။ **"ရန်အောင်မြင်ဘုရားနားမှာ ဒကာမတစ်ဦး လှူလိုက်ကြောင်း"** ပြောတော့ ဒကာမကြီး ဒေါ်သိန်းတင်က...

'အဲဒါဆို အရှင်ဘုရား မစားပါနဲ့ဘုရား။ ဟိုတစ်ခါကလဲ တောရဘုန်းကြီးတစ်ပါး ကွမ်းယာ အလှူခံရလို့ စားမိတာ ရူးသွပ်သွားဖူးတယ်။ ရန်အောင်မြင်ဘုရားမှာပဲ ဒကာမတစ်ဦးက လှူလိုက်တာဘုရား။ ဒီကွမ်းယာကို မစားပါနဲ့ဘုရား'

တဲ့။ ဒါပေမယ့် ဘုန်းကြီးကတော့ ရဲရဲတင်းတင်းပဲ ကွမ်းယာကို ဝါးစားလိုက်တယ်။ မွှေးတယ်ဗျာ။ ဘာနဲ့မှ မတူဘူး။ စားလို့လဲ အရသာရှိလိုက်တာဗျာ။ ဘယ်လို စားကောင်းမှန်း မသိအောင် စားကောင်းလိုက်တာ။ ထွေးတောင်မပစ်ဘဲ အကုန်မျိုချပစ်လိုက်တယ်။ ဒကာမကြီး ဒေါ်သိန်းတင်ကိုတော့ ဖျောင်းဖျပေးခဲ့တယ်။

'ဒကာမကြီးရာ...သူများက စေတနာရှိလို့ လှူရင် ဆေဒနာနဲ့ ခံစားသုံးဆောင်ရမယ်လို့ ကျုပ်တို့ရဲ့ သဲအင်းဂူဆရာတော်ကြီးက မိန့်မှာထားတယ်ဗျ။ ဘုန်းကြီးတို့က တရားနဲ့ ရှုမှတ်ပြီး သုံးဆောင်တာပါ'

လို့ မိန့်ခဲ့တယ်။

ညနေဘက်ရောက်တော့ ဝါးခေါက်သံ "တုံ...တုံ...တုံ" နဲ့ ဂ ားရတယ်။ ကရင်ဘုန်းကြီးက အရေးတ ့ ့ တစ်ခုခု ရှိလို့ ဝါးခေါက်တာထင်တယ ဆိုပြီး ကျုပ်လဲ အဲဒီ ကရင်ဘုန်းကြီးကျောင်းဘက် ကြွသွားတယ်။

ဟိုရောက်တော့ ရွာထဲက



ယောက်ျား,မိန်းမနဲ့ ကလေးတွေ စုရုံးရောက်နေကြတယ်ဗျာ။

'ဘာဖြစ်လို့လဲ'

လို့ ဘုန်းကြီးက မေးတော့...

'အရှင်ဘုရား ရူးသွားပလားလို့ လာကြည့်ကြတာပါဘုရား'

တဲ့။ ဘုန်းကြီးကို ဘာမှမဖြစ်တဲ့ အကောင်းပကာတိ တွေ့မြင်ကြရတော့ သူတို့အားလုံး အံ့ဩဝမ်းသာသွားကြတယ်။

## ကျားသစ်ကြီးတစ်ကောင်နဲ့ ရင်ဆိုင်တွေ့ခြင်း

တစ်နေ့ပေါ့ဗျာ... ကျုပ်ဟာ စကြံလျှောက်ပြီး တရားရှုမှတ်သွားတယ်။ ကြွရင်း ကြွရင်းနဲ့ တောထဲရောက်သွားတယ်။ လမ်းမှားပြီး တောနက်ထဲရောက်သွားတယ်။ ဟာဗျာ... ရုတ်တရက် ကျားသစ်ကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်။

ကျားသစ်ကြီးက ကျုပ်ကို စိုက်ကြည့်နေတယ်။ ကျုပ်လဲ လန့်တော့ လန့်သွားမိတယ်။ ပြီးတော့မှ ငယ်ငယ်က **"မိုလ်တာရာရေးတဲ့ တောတွင်းစွန့်စားခန်း ဇာတ်လမ်းတွေထဲမှာ ကျားသစ်နဲ့တွေ့ရင် ထွက်မပြေးဘဲ သူ့မျက်လုံးပြန်ပြီး စူးစိုက်ကြည့်ရတယ်ဆိုတာ"** သတိရသွားတယ်။

ကျုပ်လဲ ကျားသစ်ရဲ့ မျက်လုံးကို စိုက်ကြည့်တယ်။ သူကြည့်ကိုယ်ကြည့်ပေါ့ဗျာ။ အဲဒီလို မျက်လုံးချင်းစိုက်ကြည့်ရင်း ကျုပ်ဟာ ကျားသစ်ကို မေတ္တာပို့တယ်။

'သစ်နဲ့ငါဟာ သံသရာမှာ ဝဋ်ကြွေးတုံ့တင် ရှိခဲ့ရင် ငါ့ကိုစားပါ။ ဝဋ်ကြွေးမရှိရင် ရန်မရှာဘဲ ပြန်လှည့်သွားပါ'

လို့ အဲဒီလို စိတ်ထဲက ပြောလိုက်တယ်။

ကျားသစ်ကြီးဟာ နောက်ဆုတ်သွားတယ်။ သူ နောက်ဆုတ်တော့ ကျုပ်လဲ နောက်ဆုတ်လိုက်တယ်။ ကျားတို့ ကျားသစ်တို့လို သားရဲကောင်တွေက သားကောင်ခုန်အုပ်ဖို့ နောက်ဆုတ် အားယူတတ်တယ် မဟုတ်လား။

အဲဒီတော့ ကျုပ်ဟာ သတိထားပြီး နေရတယ်။ ကျားသစ်ဟာ နောက်ဆုတ် နောက်ဆုတ် သွားတယ်။ သူ နောက်ဆုတ်တိုင်း ကျုပ်လဲ နောက်ဆုတ်နေရတယ်။

ကျားသစ်ဟာ နောက်ဆုတ်ရင်း ဆုတ်ရင်းနဲ့ နောက်ဆုံး မြင်တောင် မမြင်ရတော့ဘူး။ ကျုပ်ကတော့ စိတ်မချရသေးလို့ နောက်ဆုတ် နောက်ဆုတ်နဲ့ သွားနေရသေးတယ်။

စိတ်ချရလောက်တော့မှ ပြန်လှည့်ရဲတော့တယ်။ အဲဒီအချိန်က ကျုပ်ဟာ မေတ္တာကျင့်စဉ် သက်သတ်လွတ်စားပြီး ကျင့်နေတဲ့အချိန်ပေါ့ဗျာ။

အဲဒီလိုနဲ့ အဲဒီတောကြီးထဲမှာ သုံးနှစ်တောရ ဆောက်တည်ပြီးတော့ ကျောက်ပန်းတောင်းမြို့နယ်က မွေးရပ်ဇာတိ ပွေးကျစ်ကို ပြန်ကြွခဲ့တယ်။

ရှေ့လဆက်ဖတ်ပါရန်

**ကောင်းမြင့်မြတ်စံ**

www.burmeseclassic.com

www.burmeseclassic.com



(ကေတု)

ကားဆရာ ကိုချက်ကြီးနှင့်

# ရွှေတော်ဘုရား ဒိုက်နှမ်းမှ

ညီအစ်မသုံးဖော်

၁၉၇၀ ပြည့်နှစ်ခန့်က အဖြစ်အပျက်လေးပါ။ ကျွန်ုပ် ကလေးဘဝအရွယ်၊ ကျွန်ုပ်၏မိဘများကား အရှေ့ကားပိုင်းဈေး (ခေါ်)ဈေးလေးမှ ကုန်စိမ်းအစုံ ရောင်းချသူများဖြစ်သည်။ ကျွန်ုပ်တို့ဈေးလေး၏ အရှေ့ဘက်ထိပ်တွင် ကားဂိတ်ရှိပါ၏။

ထိုခေတ် ထိုအခါကတော့ ယခုကဲ့သို့ ခေတ်မီကားများ မရှိပါ။ ဒတ်ဆန်းတစ်ထောင်ကားလေးများ၊ ဂျစ်ကားများ၊ ရုရှားဂျစ်များ၊ ချက်ပလက်ကားဟောင်းကြီးများသာ တောင်ငူမြို့မှ သံတောင်၊ မိုင်(၂၀) ခေါ် သောဂလိကြီး၊ လိပ်သိုနှင့် တောင်ငူမှ ဇရပ်ကြီးစသည်ဖြင့် ကားလိုင်းများ ပြေးဆွဲကြပါ၏။

သံတောင်နှင့် ဇရပ်ကြီး လမ်းခွဲမှာ တောင်ငူမြို့ အရှေ့ဘက် လေးမိုင်ဘုရား ခြေရင်းတွင် လမ်းခွဲသွားပါ၏။ လက်ယာဘက်လမ်းသို့ တက်သော် ဇရပ်ကြီးမြို့လေးသို့ ရောက်ပါမည်။ လက်ဝဲဘက်လမ်းကတော့ တောင်ငူ–လိပ်သို့–ယာဒို–လွိုင်ကော် ရောက်ပါမည်။

ကျွန်ုပ် ရေးလိုသည်မှာ **တောင်ငူ–ဇရပ်ကြီး လမ်းပိုင်း** ဖြစ်ပါချေ၏။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က အဆိုပါလမ်းပိုင်းတွင် မည်သည့် အ.ထ.က ကျောင်း၊ အဘယ်ရွာ၊ အဘယ်ကျောက်စက်မှ မရှိပါ။ လမ်းဘေးဝဲယာတွင် အင်တောများ လွန်စွာ ပေါပါ၏။ ယခုတော့ ပြောင်သလင်းခါ ကုန်ပါချေ၏။

ပေါ်တော်မူဘုရား၊ မိုးကြိုးပစ်တံတား နှစ်ခုကျော်သည်နှင့် လမ်းမှာ ခပ်ပြေပြေ တက်သွားပြီး ရွှေတော်ဘုရား ရောက်ခါနီးမှ မြွေလိမ်မြွေကောက်ပမာ တက်သွားပါ၏။

ရွှေတော်ဘုရားအနီး လမ်းဘေးကမ်းပါးယံကြီးတွင် သစ်စေးပင်ကြီးတစ်ပင် ရှိခဲ့ပါ၏။ ထိုသစ်စေးကြီးကား လွန်စွာ ကြီးမားပြီး နွေရာသီတွင် အပွင့်ကလေးများ ကြွေကျနေပုံမှာ

www.burmeseclassic.com

စကြာသဖွယ် လည်ပတ်ပြီး ကားလမ်းပေါ် ကျနေသည်မှာ လွန်စွာ ကြည့်ကောင်းလှပါ၏။

ကားလမ်း၏ အရှေ့ဘက်ခြမ်းမှာ (၁၀)တောင်၊ (၁၅)တောင်ခန့် ရှိမည် ထင်သော ချောက်ကြီး ရှိပါ၏။

ထိုမှတစ်ဖန် ဆင်ပရှပ်ကွေ့(ဒေသအခေါ်) ရှေးယခင်က တောရိုင်းဆင်များ ဖင်လျှောချပြီး လျှိုထဲသို့ ဆင်းသည့်နေရာဟု လူကြီးသူမများ ပြောစကားအရ မှတ်သားဖူးပါ၏။

ကာလရွေ့လျားလာသော **ဆင်ဖင်လျှောချကွေ့ (ဝါ) ဆင်ပရှပ်ကွေ့** ဟု ခေါ်တွင်ပါကြောင်းပါခင်ဗျာ။

ထိုမှတစ်ဆင့် ဆက်သွားသော အနုရုဒ္ဓါဘုရား၊ ထိုမှ ရှေ့ဆက်သော မြတ်စောညီနောင်ဘုရား ရောက်ပါမည်။ မြတ်စောညီနောင်ဘုရားမှာ ကျွန်ုပ်တို့ တောင်ငူဒေသ၏ သမိုင်းဝင်ဘုရားတစ်ဆူပင်။

နှစ်စဉ် တပေါင်းလရောက်တိုင်း တပေါင်းပွဲတော် ကျင်းပမြဲ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ဆဲ။ လူပေါင်းစုံ၊ စရိုက်ပေါင်းစုံ တွေ့မြင်ရပါ၏။ တပေါင်းလပြည့်နေ့တွင် အစည်းကားခုံးပင်။

ကျွန်ုပ်ကလေးဘဝ တပေါင်းလပြည့်နေ့ တစ်နေ့ကိုတော့ မေ့မရနိုင်သေး။ ထိုတစ်နေ့တွင် ကျွန်ုပ်တို့ ကားဂိုင်းဈေး (ခေါ်) ကုန်စိမ်းဈေးထိပ်မှ ကားဆရာများက **"ဘုရားသို့... ဘုရားသို့"** ဟု အော်ဟစ်ကာ ကားစီးမည့် ခရီးသည်များအား ခေါ်ငင်ကြပါ၏။

ထိုအထဲတွင် နိုင်ငံခြားခရီးသွားတစ်စုလည်း ပါဝင်နေပေ၏။ ကျောပိုးအိတ်,ကင်မရာများနှင့် ဘောင်းဘီတိုများ ဝတ်ဆင်လျက် ဆံပင်က နီကြောင်ကြောင်၊ အသားအရေ နီစပ်စပ်၊ မျက်လုံးအရောင်က ပြာလဲ့လဲ့၊ အရပ်ထောင်ထောင် မောင်းမောင်းကြီးများ ဖြစ်သည်။ ကျွန်ုပ်တို့ ကလေးတစ်သိုက်မှာ ကော်ရုပ်ကြီးများနှင့် တူသဖြင့် လိုက်ကြည့်ကြပါ၏။

ထိုခေတ်ထိုအခါက ကျွန်ုပ်တို့ မြို့သို့ နိုင်ငံခြားခရီးသွားများ လာရောက်သည်မှာ လွန်စွာ ရှားပါးလှပါ၏။ ဖြစ်ချင်တော့ အဆိုပါ ခရီးသွားဧည့်သည်များမှာ ကျွန်ုပ် အထက်က ဖော်ပြခဲ့သလို ချက်ပလက်ကားအိုကားဟောင်းကြီးပေါ် စုပြုံတက်ရောက်နေရာယူကြပါ၏။

ခဏကြာသော် ကားပေါ် ရုတ်ရုတ်သဲသဲ ဖြစ်သွားပါ၏။ အကြောင်းမှုကား ထိုချက်ပလပ်ကားကြီးတွင် ဒရိုင်ဘာအနီး ဂီယာထိုးသော ဂီယာတံကြီးအား မြင်တွေ့သွားပုံရပါ၏။ ထိုဂီယာတံကြီးမှာ တုတ်ဖြင့် ထောက်ထားသကိုး။

သူတို့နိုင်ငံ၏ ကားများတွင် ယခုကဲ့သို့ အဆင့်မြင့် တုတ်ထောက်ကားမျိုး ရှိပုံမရ။ "အိုးမိုင်ဂေါ့" ဟု အော်ဟစ်ကာ ကားပေါ်မှ အလျင်အမြန် ကမန်းကတန်း, ဆင်းပြေးကြကုန်၏။ ရှေးဟောင်းကားပြတိုက်သို့ ပို့ဆောင်ပြသထားရမည့် ကားပင်တည်း။

ကျွန်ုပ် ရှေ့ဆက်ဖော်ပြရသော်... မြတ်စောညီနောင်ဘုရား၏ တောင်ဘက် **ဒိုးသောင်ရွာ၊** ထိုရွာအား အလယ်မှ သောက်ရေခပ်ချောင်း စီးဆင်းပါ၏။ ဒိုးသောင် တောင်ဘက်, မြောက်ဘက်အား သံတံတားကြီးဖြင့် ဆက်သွယ်ထားပေ၏။ ဒိုးသောင်တံတားဟုသာ ခေါ်တွင်ပေ၏။

ဒိုးသောင်တံတား၏ မြောက်ဘက်ထိပ်တွင် စစ်ဂိတ်စခန်းရှိပြီး တောင်ဘက်ထိပ်တွင် ရဲကင်း ရှိပါ၏။ ကျွန်ုပ်ငယ်စဉ်က ထိုနယ်တစ်ဝိုက် သိပ်မအေးချမ်းလှပေ။

ထိုနေရာမှ ရှေ့ဆက်သွားသော **ရွှေရေး, ရွာကျောက်အိုး, ကျောက်ပိုင်း။** ထိုမှတစ်ဆင့် **"တ" ပြေးလမ်းဆုံ** ရောက်ပါမည်။ ထိုလမ်းဆုံမှ အနောက်ဘက်သွားသော **ထန်းတစ်ပင်မြို့၊** အရှေ့ဘက်သွားသော **ဇရပ်ကြီး**သို့ ရောက်ပါမည်။

တောင်ငူ–ဇရပ်ကြီး လမ်းပိုင်းမှာ အတက်အဆင်းများနှင့် (၁၇)မိုင်၊ (၁၈)မိုင်ခန့်ရှိမည် ထင်ပါ၏။ ကျွန်ုပ် ရေးသားဖော်ပြမည့် ဇာတ်လမ်းမှာ ယခုမှ စတင်ဖို့မည်။

ကျွန်ုပ်၏ မိဘများမှာ ကုန်စိမ်းဈေးသည်များပီပီ အဆိုပါ လမ်းပိုင်းတွင် ပြေးဆွဲနေသော ကားဆရာများ၊ စပယ်ယာများနှင့် မသိ မရင်းနှီးသူ မရှိပါပေ။ အဆိုပါ ကားဆရာများတွင် ကိုချက်ကြီးလည်း ပါဝင်ပါ၏။

ကားဆရာ ကိုချက်ကြီးကား ဒတ်ဆန်းတစ်ထောင် ကားလေးပိုင်ရှင် ဖြစ်သည်။ နွေရာသီ၏ နေ့တစ်နေ့တွင် ကားဆရာ ကိုချက်ကြီး ဇရပ်ကြီးမြို့မှာ သူ၏ကား အနည်းငယ် ပျက်သောကြောင့် ပြင်ဆင်ရပါ၏။

သို့ဖြင့် မွန်းလွဲပိုင်း ဇရပ်ကြီးမြို့မှ မထွက်နိုင်။ ညနေစောင်း (၅)နာရီခွဲခန့် ရောက်သွားချေပြီ။ တောင်ငူသို့လည်း မပြန်၍မဖြစ်။ နောက်နေ့ ကားဂိတ်ထိုးရမည်။ သူ့ကားက နံပါတ်(၁) ဖြစ်နေသကိုး။

ဒေသခံများက တားကြပါ၏။

'ဟေ့လူ...ဒီနေ့ မပြန်နဲ့တော့၊ မိုးချုပ်နေပြီ၊ ခင်ဗျားတစ်ယောက်တည်း ဖြစ်ပုံမလား'

ကိုချက်ကြီးကား အနည်းငယ် သောက်စားထားသည်ဖြစ်၍ ရဲဆေး

www.burmeseclassic.com

တင်ထားသည့်ပမာ ကြောက်စိတ် ကင်းနေပါ၏။

**မြွေတော်ဘုရား သိုက်နန်းမှ ညီအစ်မသုံးဖော်အကြောင်း ကားဆရာတိုင်း မသိသူမရှိ။** တစ်နည်းတစ်ဖုံ တစ်ယောက် တစ်မျိုး မရိုးရအောင် ကြုံတွေ့ကြပါ၏။



ကိုချက်ကြီးကတော့ ကိုယ်တိုင် မကြုံတွေ့သေး၍ ကြောက်ရမှန်း မသိ။ ဒေသခံ ကားဆရာများက…

'ခင်ဗျား… ညီအစ်မသုံးယောက်နဲ့ တွေ့နေဦးမယ်'

ဟု သတိပေးကြပါ၏။

သို့သော် ကိုချက်ကြီး နားမဝင်။ ခပ်ထွေထွေနှင့် ပြန်ပြော၏။

'အိုး… ဘာဖြစ်သလဲကွာ၊ မချောသုံးယောက် ကိုယ်တစ်ယောက်ပေါ့'

ဟု ရွတ်နောက်နောက် ပြောဆိုပြီး ကားစက်နှိုးကာ တစ်ယောက်တည်း ပြန်မောင်းလာပါ၏။

ကားပေါ်တွင် ကုန်မပါ။ စပယ်ယာမပါ။ ခရီးသည် နတ္ထိ။ ကားလမ်းက ရှင်းနေသော်လည်း အကွေ့အကောက် အတက်အဆင်းနှင့်ဖြစ်၍ ထင်တိုင်း မမောင်းရဲပါပေ။

အချိန်ကား ညနေ(၆)နာရီခွဲခန့် နွားခိုင်းသွင်းချိန် မှောင်ရီဖျိုးဖျ၊ အထက်က ဖော်ပြခဲ့ပြီးသော ဆင်ပရုပ်ကွေ့နား ရောက်လာသော် ရုတ်တရက် ခေါင်းမှ ဆံပင်များ အနည်းငယ်ထောင်သွား၏။

ရှေ့တွင် လမ်းပိတ်၍ ကားတားနေသော ဖက်ထုံးစည်းကလေးများ ခေါင်းပေါ်ရွက်ထားသော မိန်းမငယ် (၃)ယောက်။ ယခင်လည်း နေ့ခင်းအတ် ဤနေရာမှ အင်ဖက်ချိုးရောင်းသည့် သူများကို ကိုချက်ကြီး သူ၏ကားနှင့် တင်ခဲ့ဖူးပါသည်။

ကိုချက်ကြီး အနည်းငယ်တော့ ကြောက်စိတ်ပြေသွား၏။ မြွေတော်ဘုရားနှင့်လည်း အတန်ငယ် လှမ်းသည်မို့ ကိုချက်ကြီး အချိန်တွံ့ဆိုင်း မနေ…

'အေးဟေ့…ကားခ ဟိုရောက်မှပေးတော့'

ဟု ဆိုကာ ဘရိတ် အသာမှေးပြီး "နောက်က တက်"ဟု ဆိုလိုက်ပါ၏။

ကားနောက်ခန်းက ဘာပစ္စည်းမှ မပါ၊ ဗလာချည်းကိုး။ မိန်းကလေးများ ခေါင်းပေါ်မှ အင်ဖက်ထုံးများချသံ၊ တခစ်ခစ် ရယ်မောသံများ ကြားရပါ၏။ ချက်ချင်းဆိုသလို ဂီယာပြန်ချိန်း ကားမောင်းထွက်ခဲ့ပါ၏။

သို့ဖြင့် ကားရှေ့မီးများ ဖွင့်ကာ မောင်းလာပါ၏။ (၄)မိုင်အဆင်း ရောက်ပြီးမှ ကိုချက်ကြီး လေပူများ မှုတ်ထုတ်နိုင်၏။ ဤသို့ဖြင့် ကားကို မှန်မှန်မောင်းလာရင်း အဝင်ခြသေ့ဦးကွေ့ ကားကို အသာမှေးကာ…

'ဟဲ့… ကလေးတို့ ဘယ်နားမှာဆင်းမှာလဲ'

ဟု မေးပါ၏။ မကြားဟုထင်၍ ထပ်မေးပါ၏။ သို့သော် မည်သည့် တုံ့ပြန်သံမှ မကြားရပါချေ။ ဒီတော့မှ ကိုချက်ကြီး ခေါင်းနားပန်း ကြီးသွား၏။

"ဟင်း…တန်တော့ သင်းတို့(၃)ယောက်ပဲ ဖြစ်မယ်"ဟု သိသွားချေပြီ။ ထိုအခါမှ ကားအား တရကြမ်း အိမ်အရောက် မောင်းပါလေ၏။

ထို့နောက် (၂)ရက်ခန့် ကိုချက်ကြီး ကားမထွက်နိုင်။ ကြောက်ဖျား ဖျားပါလေ၏။ အဲဒီနောက်… ကိုချက်ကြီးဘယ်သောအခါမှ ညမိုးချုပ်ခါနီး မမောင်းရဲတော့။ အရက်သေစာလည်း ပြတ်သွားချေ၏။

ထို့နောက်မှာတော့ သားသမီးများလည်းကြီးလာ၊ အလုပ်ကိုယ်စီနှင့်ဖြစ်၍ ဇနီးသည်အား ခွင့်ပန်ကာ သာသနာ့ဘောင်သို့ ဝင်ရောက်သွားကြောင်း နောက်ဆုံး ကျွန်ုပ် ကြားသိလိုက်ရပါတော့သည်။

**မှတ်ချက် ။ ။ ကားဆရာ၏ အမည်ရင်းအား လွှဲပြောင်းထားပါသည်။**


ကျွန်ုပ်သည် မြတ်စွာဘုရားရှင်အား အမှူးထား၍ ခင်ပွန်းကြီး(၁၀)ပါးအား လက်ဆယ်ဖြာ ဦးထိပ်တင်လျက် ရှိသေစွာ ရှိခိုးကန်တော့အပ်ပါသည်။

ခုနစ်ရက်သားသမီးများနှင့် တကွ မြင်အပ်,မမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါအပေါင်း ဘေးရန်ကင်းကွာ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။

အညတြကျောင်းဆရာ
(ကေစု)

www.burmeseclassic.com

www.burmeseclassic.com



မိမိအိမ်ခြံဝန်းထဲ

# တောင်ပို့ရှိခဲ့လျှင်

ကျွန်မတို့ အိမ်ခြံမြေ ဝယ်စဉ်က တောင်ပို့ မရှိခဲ့ပါ။ အိမ်ရဲ့ အနောက်မြောက်ထောင့်မှာရှိတဲ့ အုန်းပင်ကြီးက အန္တရာယ်ရှိတာကြောင့် ခုတ်လှဲရတယ်။

ကျွန်မတို့မိသားစုက ဝန်ထမ်းတွေဆိုတော့ ကျွန်မတို့အိမ်ကို တစ်နှစ်တစ်ခေါက်ပဲ ပြန်လို့ရတယ်။

ခွင့်ဖြင့် အိမ်ပြန်ရောက်တော့ အုန်းပင်လှဲတဲ့နေရာမှာ ခြတောင်ပို့ကလေးက တစ်တောင်လောက် ရှိတာလေး တွေ့ရတယ်။ တချို့က မဖြိုကောင်းဘူး၊ ရာဇမတ်ကာပေးရမယ်ဆိုလို့ ရာဇမတ် ကာပေးထားခဲ့ပါတယ်။

နောက်တစ်နှစ်ပြန်တော့ ရာဇမတ်ပါ တောင်ပို့က မြိုထားတယ်။ တောင်ပို့ရှိတာ ကောင်းတယ်ဆိုပေမယ့် သတိထားကြည့်တာ အဆိုးကောအကောင်းကော ဘာမှ မထူးခြားပါဘူး။

ဒါပေမယ့် ဆိုးကျိုးပေးတာကတော့ တကယ်မှန်တယ်။ သူတို့စားထားတဲ့ သစ်တွေ အသစ်လဲရတယ်။ တချို့က နောက်ပြောင်ပြောကြတာပေါ့။

သစ်တွေက မကောင်းတော့လို့ အသစ်လဲနိုင်းတာဆိုပြီး ရယ်စရာ ပြောကြတယ်။

ဘယ်လိုမှ မတတ်နိုင်တော့ ဒီတိုင်းပဲ ထားခဲ့ရတယ်။ နောက်အဝေးကို ပြောင်းရတော့ တစ်နှစ်တစ်ခေါက် တောင် မပြန်နိုင်တော့ဘူး။

ပင်စင်ယူပြီးမှ အိမ်ပြန်ရောက်တော့ ခြတောင်ပို့ကြီးဟာ လေးပေလောက်မြင့်ပြီး အိမ်မှာလဲ သစ်မှန်သမျှကို အားလုံးချေတွေစားပြီး အုတ်လောက်ပဲ ကျန်တယ်။ ဒိုင်းများ အကုန်ပြုတ်ကျတဲ့အပြင် အိမ်အပေါ်ထပ် ပျဉ်ခင်းတွေပါ ခြစားထားတယ်။မိုးတွင်းဆိုပိုဆိုးတယ်။

အိမ်ကို ဖျက်ဆီးနေတဲ့ ခြတွေ ဆေးနဲ့သတ်တာ ရတဲ့အကုသိုလ်ကတစ်မျိုး။ အိမ်ပြင်ရတဲ့ ဒုက္ခတစ်မျိုး တော်တော်လေး စိတ်ညစ်ရတယ်။

ဗေဒင်ဆရာမကတော့ ပြောတယ်။ ပဋ္ဌာန်းရေကို နောက်ပြန်ပက်ပြီး လှည့်မကြည့်နဲ့လို့ ပြောတယ်။ အဲဒါတော့ မလုပ်ရဲဘူး။

နောက် ကျွန်မတို့အိမ်မှာ အမြဲဖွင့်နေတဲ့ တောင်တန်းဆရာတော်ကြီးရဲ့ ပရိတ်ကြီး(၁၁)သုတ်ကို ဆရာတော်ကြီး ပုံရှေ့မှာ ရေခွက်ထားပြီး အဲဒီပရိတ်ရေနဲ့ တောင်ပို့ကိုပက်ပြီး...

'သင်တို့ ကောင်းကျိုးလဲ မပေးဘူး။ ကျွန်ုပ် အိမ်ဆိုလဲ ဖျက်ဆီးတယ်။ အစောင့်ရှိရင်လဲ ဒီတောင်ပို့ကနေ သန့်ရှင်းတဲ့ နေရာကို ပြောင်းပါ။ ဒီနေရာ မသန့်ရှင်းပါဘူး။

ခြဘုရင်နဲ့ ခြဘုရင်မကိုလဲ တောင်းပန်ပါတယ်။ ခြတွေက အိမ်ကိုဖျက်ဆီးတယ်။ သင်တို့ သန့်ပြန့်တဲ့နေရာကိုပြောင်းပါ။

အိမ်ထဲမှာရှိတဲ့ ခြကောင်တွေကိုလဲ ခေါ်သွားပါဆိုပြီး ပရိတ်ရေကို နေ့စဉ်လောင်းတယ်။

သင်တို့ ပြောင်းသွားရင် ကျွန်ုပ်သိရအောင် တောင်ပို့ကြီးပါ ဖြိုချခဲ့ပါလို့ တောင်းပန်ပါတယ်' လို့ ပြောပြီး တောင်းပန်တယ်။

တစ်လလောက်ကြာတော့ မယုံနိုင်စရာပဲ၊ ထိပ်ဆုံးကနေ တောင်ပို့ကို တစ်တောင်ဖြိုချတယ်။ နောက်တော့ နေ့စဉ် ဖြိုချသွားလိုက်တာ ရွှံ့ပုံကြီးဆို မနည်းမနောဘဲ။

ခြကောင်ဆိုလို့ တစ်ကောင်မှတောင် မတွေ့ဘူး။ အဲဒီရွှံ့ပုံကြီးကို ဘယ်မှ မရွှေ့မပြောင်းရဲဘူး၊ အိမ်ဘေးတလျှောက် ဖြန့်ခင်းထားလိုက်တယ်။

နောက်တစ်ခုကတော့ တောင်ပို့ကြီးနားမှာ မေတ္တာသုတ်ကို နေ့စဉ်ရွတ်ပြီးမှ ပရိတ်ရေဆို ပက်ရပါတယ်။

ကျွန်မကတော့ တောင်ပို့ကြီးကို ကြောက်လို့ အနားမသွားရဲဘူး။ ပြူတင်းပေါက်ကနေ မေတ္တာသုတ်ရွတ်ပြီး ပရိတ်ရေကို ပက်လိုက်တာပဲ။

နက္ခတ္တရောင်ခြည် ပရိတ်သတ်ကြီးလဲ အိမ်ခြံဝန်းထဲမှာ ခြတောင်ပို့ရှိပါက ကျွန်မတို့ လက်တွေ့ အသုံးပြုခဲ့သောနည်းဖြင့် ပြုလုပ်၍ ချမ်းသာသုခပြည့်ကြစေရန် ရေးသားလိုက်ပါသည်။

ဒေါ်တင်အေး.(မအူပင်)

www.burmeseclassic.com

www.burmeseclassic.com

# ပုဂ္ဂိုလ်ထူးတစ်ဦး ပေးသော

## ပထမ လာဘသိဒ္ဓိအင်း



ဦးကျော်ဒင်
(အင်းတကော်)

စာရေးသူတို့ မိသားစုသည် မိဘ ဘိုးဘွားအစဉ်အဆက် ဘာသာရေး ကိုင်းရှိုင်းမှု၊ ယုံကြည်မှုများ ရှိကြပါတယ်။

ယုံကြည်မှုရှိတဲ့ အတိုင်းလဲ တတ်စွမ်းသမျှ အလှူဒါနများ ပြုလုပ်ခြင်း၊ ဥပုသ်သီလများစောင့်ခြင်း၊ ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်များဝင်ခြင်း စသည်များကို ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ကြပါတယ်။

ကျွန်တော် ကိုယ်တိုင်ကလဲ အဓိဋ္ဌာန်အမျိုးမျိုးကို တစ်မျိုးနဲ့တစ်မျိုး မထပ်ရလေအောင် တစ်မျိုးပြီး တစ်မျိုး လှည့်ဝင်ပါတယ်။

အခြားအဓိဋ္ဌာန်များထက် သက်သတ်လွတ်စားခြင်း၊ မီးလွတ်စားခြင်း အဓိဋ္ဌာန်က များပါတယ်။

ပုတီးကို အခုနောက်ပိုင်းမှာ "**ဒေသာ ဘဂဝါ ဣတိပိ**" ရှေ့ကခံ၍ **ဂုဏ်တော်ကိုးပါးကို** စိပ်ပါတယ်။

ကျွန်တော် အားထုတ်လာခဲ့သမျှ သက်တမ်းတစ်လျှောက် မယုံကြည်နိုင်စရာ ထူးခြားတာတွေ ရှိပါတယ်။

ဒါပေမယ့် ဒီအကြောင်းတွေကို စာဖတ်သူများ သိကြရလေအောင် စာရေးချင်ပေမယ့် ယုံချင်မှ ယုံကြမှာ ပါလေဆိုပြီး ဘာအကြောင်းကိုမှ မရေးဖြစ်ခဲ့ပါဘူး။

ဒီတစ်ခါ တွေ့ကြုံတဲ့ အကြောင်းကိုတော့ မရေးဘဲ မနေနိုင်အောင် ဖြစ်လာခဲ့ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကလဲ (၇)ရက်သားသမီး အပေါင်းနဲ့ ဝေနေယျအားလုံးကို တတ်စွမ်းသမျှ ကယ်တင်နိုင်ပြီး ဘုရားအကျိုး၊ တရားအကျိုး၊ သာသနာအကျိုးကို စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်ရပါလို၏ရယ်လို့ အဓိဋ္ဌာန် တစ်ခုပြီးတိုင်း ဆုတောင်းခဲ့တာကို။

ဒါကြောင့် ယုံတာ မယုံတာက စာဖတ်ကြတဲ့ လူတွေရဲ့ အပိုင်း၊ သိရှိရအောင် ရေးရမှာက ကျွန်တော့် အပိုင်းပဲဆိုပြီး ချိတုံချတုံ စဉ်းစားရင်းနဲ့ပဲ ဒီဆောင်းပါးကို ရေးဖြစ်တာပါပဲ။

ကျွန်တော့်ရဲ့ ထူးထူးခြားခြား တွေ့ကြုံမှုက ဒီလိုပါ... ရေးသင့် မရေးသင့် စဉ်းစားရင်းကနေ အချိန်တွေ ကြာသွားခဲ့တာကြောင့် လကိုတော့ မမှတ်မိတော့ပါဘူး။

တစ်လသောအခါက တစ်ရက်သော တနင်္ဂနွေကပေါ့။ ညစာ စားပြီး ဘုရားစင်ရှေ့မှာ ပုတီးထိုင်စိပ်တဲ့အခါ ပုတီး(၅)ပတ်ရတော့ ကျွန်တော့် ရှေ့မှာ **ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ် တစ်ဦး** သိသိသာသာ ... ထင်ထင်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့ရပါတယ်။ မျက်စိကိုတော့ မှိတ်ထားလျက်ပဲပေါ့။

မျက်စိမှိတ်ထားပေမယ့် အမြင်မှာ လှုလှုချင်း တွေ့ရသလို တကယ် ထင်ထင်ရှားရှား တွေ့ရတာပါပဲ။

ကျွန်တော်လဲ ပုတီးစိပ်ကို ရပ်ပြီး မြင်နေရတဲ့ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ကို သေချာအာရုံစိုက် ကြည့်နေမိပါတယ်။

ခေါင်းပေါင်း ပေါင်းထားပုံ၊ အင်္ကျီအဖြူ၊ လုံချည်အဖြူ၊ ပခုံးပေါ်မှာ စံပယ်တင်ခေါ်တဲ့ ပဝါအဖြူတစ်ထည်၊ တောင်ဝှေးတစ်ချောင်းကို ညာလက်က ကိုင်ထားပြီး ပုတီးကို လည်မှာ စွဲထားတာကို တွေ့ရတယ်။

မှတ်ဆိတ်က လက်နှစ်လုံးလောက်ရှိမယ်။ အဲဒီတော့ ကျွန်တော့်အတွေးက ဒါဟာ ပုဂ္ဂိုလ်ထူးများလား ဆိုပြီး...

'အဖေကြီး... အဖေကြီးက ဘယ်လိုပုဂ္ဂိုလ် သားဆီ လာတာ အကြောင်းရှိလို့ ဖြစ်မယ်။ ဘယ်လိုအကြောင်းများ ရှိပါသလဲ အမိန့်ရှိပါ။ သား နာခံနေပါတယ်'

လို့ စိတ်နဲ့ပဲ ပြောလိုက်တဲ့အခါ အဖေကြီးက ပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်ရင်းနဲ့...

'အေး...သားကြီးကို ပညာပေးဖို့ လာတာ၊ အခုချိန်ကစပြီး အဘ ပြောတာတွေကို သေချာမှတ်ထား ကြားလား'

လို့ ပြောပါတယ်။ ကျွန်တော်က အဖေကြီးလို့ခေါ်တာ သူကတော့ သူ့ကိုယ်သူ အဘလို့ ပြောတာကြောင့် ကျွန်တော်ကလဲ "ဟုတ်ကဲ့ အဘ" လို့ပဲ စိတ်နဲ့ ပြန်ပြောလိုက်ပါတယ်။

အဲဒီတော့...

'အေး... အေး... မှတ်ထားနော်၊ ဒီမှာကြည့်...'

ဆိုပြီး တောင်ဝှေးကို ဘယ်လက်ကို ပြောင်းလွှဲပြီး ညာလက်နဲ့ ကျောက်သင်ပုန်းကြီးပေါ်မှာ မြေဖြူခဲနဲ့ ပါးစပ်ကလဲပြော၊ ရေးလဲရေးပြပါတယ်။

ကျွန်တော်လဲ ပြောသမျှတွေကို နားထောင်ရင်း... ရေးပြတာတွေကိုလဲ သေချာမှတ်နေမိပါတယ်။

ကျောက်သင်ပုန်းနဲ့မြေဖြူကလဲ အစက မရှိဘဲ ဘယ်လို...ဘယ်လို ရောက်လာမှန်း မသိရပါဘူး။ ကျောက်သင်ပုန်းကတော့ (၄)ပေ×(၃)ပေ လောက်ရှိတဲ့ အထပ်သားကို အနက်ရောင်ဆေး သုတ်ထားတဲ့ သင်ပုန်းပါပဲ။

ကျွန်တော်ကတော့ ပြောနေတာတွေရော... ရေးပြနေတာတွေရော အကုန်လုံးကို စိတ်နဲ့ လိုက်မှတ်နေတာပါပဲ။

အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ အနီးအနား ပတ်ဝန်းကျင်ကို လုံးဝ အာရုံမရောက်ပါဘူး။ ပြောပြနေတာနဲ့ ရေးပြနေတာကလွဲလို့ တခြား ဘာကိုမှ မသိတော့ပါဘူး။

ကျောင်းသားဘဝတုန်းက အတန်းထဲမှာ ဆရာက သင်ပြနေတာကို စိတ်ဝင်တစား နားထောင်နေရသလိုပါပဲ။ ကိုယ့်ကိုယ်ကို ကျောင်းသားဘဝ ပြန်ရောက်နေသလိုတောင် အောက်မေ့မိလိုက်ပါသေးတယ်။

ပြောပြတာတွေနဲ့ ရေးပြတာတွေက ဒီလိုပါ... ပြောပြတာတွေနဲ့ ရေးပြတာတွေကို အဘပြောတဲ့အတိုင်း၊ ရေးပြတဲ့အတိုင်းပဲ မထိမ်မချန် ရေးပြလိုက်ပါတယ်။

* * *

'ဒီမယ် သားကြီး...

သားကြီးက ဝေနေယျ ကယ်ချင်တယ်၊ သာသနာပြုချင်တယ်ဆိုတော့ ဝေနေယျ ကယ်နိုင်ဖို့နဲ့ သာသနာပြုနိုင်ဖို့အတွက် အဘက အင်းနှစ်ချပ်ကို သားကြီး နားလည်အောင် သင်ပေးလိုက်မယ်။

အဲဒီ အင်းနှစ်ချပ်နဲ့ပဲ ဝေနေယျတွေကို ဉာဏ်ရှိသလို အသုံးပြုပြီး ကယ်တင်ရင်း သာသနာပြုပေတော့'

ကျွန်တော်ကလဲ...

'ဟုတ်ကဲ့ပါ...အဘ'

လို့ စိတ်နဲ့ပဲ ပြောလိုက်မိတာပါပဲ။

"ဒီမှာကြည့်..." ဆိုပြီး ပထမအင်း (၉)ကွက်ပါတဲ့ အင်းတစ်ကွက် ကျောက်သင်ပုန်းမှာ ရေးပြတယ်။ ရေးရင်းနဲ့လဲ ပါးစပ်က ပြောပြတယ်။

'ဒီလို အင်းမျိုးက အင်းကျိုးတယ်၊ အင်းကန်းတယ်၊ အင်းစောင်းတယ်၊ အင်းပေါက်တယ် ဆိုတာမျိုး မရှိဘူးကွ။

သားကြီးက ဘာမှ နားမလည်တဲ့ အရိုးသက်သက်မို့ စည်းကမ်းဘွေများတဲ့၊ ရှုပ်တဲ့ အင်းကို မပေးဘဲ အလွယ်တကူ နားလည်ပြီး အပြစ်ကင်းတဲ့ အင်းကို ပေးတာ... သေချာမှတ်ထား'

ဆိုပြီး ဆက်လက်သင်ပြပေးပါတယ်။

'ဒီအင်းက လာဘသိဒ္ဓိအင်းလို့ခေါ်တယ်။ အင်းဆန်သွင်းတာကို ဟောဒီအကွက်က စပြီး ဟောဒီလို မြင်းသွားချရတယ်ကွ သိလား။

အေး... ဒီအင်းကို စီရင်တော့မယ်ဆိုရင် လဆန်းရက်ကို စီရင်ပါ။ လဆုတ်ရက်ကို မစီရင်နဲ့။ လပြည့်နေ့ဆိုရင် ပိုကောင်းတာပေါ့ကွာ။

ပထမ ကိုယ့်ကိုယ်ကို သန့်ရှင်းအောင် ရေချိုး၊ ဘုရားရှိခိုး၊ ငါးပါးသီလ ခံယူပြီးမှ စီရင်ရတယ်။ တစ်ချိန်တည်း တစ်ထိုင်တည်း ပြီးအောင် လုပ်ရတယ်။

စက္ကူက မျဉ်းကြောင်းမပါတဲ့ ဗလာစက္ကူကို လုပ်ရင်ရတယ်။ ပြီးရင် ဒီဂါဇာ(၉)ခေါက်နဲ့ မန်းပြီး အသက်သွင်း၊ အသက်သွင်းပြီးရင် ကိုယ်လိုတဲ့

www.burmeseclassic.com

ဆုကိုတောင်း၊ အားလုံးကို မေတ္တာပို့ အမျှဝေပေါ့ကွာ။

ကဲ... ဒီအင်းနဲ့ ပတ်သက်လို့ နားမလည်တာ ရှိလား၊ မရှင်းတာ ရှိလား'

လို့ မေးပါတယ်။ ကျွန်တော်က လဲ...

'မရှိပါဘူး... အားလုံး နားလည်ပါ တယ်'

လို့ ပြန်ပြောလိုက်တော့...

'အေး... ဒီလိုဆို နောက်တစ်ခု ဆက်သင်မယ် သေချာမှတ်ထားနော်။

အခု...သင်ပြမယ့် အင်းက သရဏဂုံအင်း လို့ခေါ်တယ်။ ဒီအင်းကိုတော့ မိုင်းကိုင် (မိုင်းခံစက္ကူ)မှာပဲ သုံးရတယ်။ တခြား စက္ကူ ကို မသုံးရဘူး။

အဲဒီစက္ကူကို နှစ်လက်မ ပတ်လည်လောက် ဖြတ်ပြီး အင်းချရမှာ။ အင်းက ဒီလို...'

ဆိုပြီး ကျောက်သင်ပုန်းမှာ ရေးပြ ပါတယ်။

ပါးစပ်ကလဲပြော၊ ကျောက်သင်ပုန်း မှာလဲ ရေးပြပါတယ်။

'ဒီအင်းက ခဲတံကို စာရွက်ပေါ်မှာ ချလိုက်ကတည်းက ပြန်မကြွဘဲ ပြီးတဲ့ အထိ ဆက်ဆွဲရတယ်။ ခဲတံ ကြွသွား တယ်၊ ခဲဆန် ကျိုးသွားတယ်ဆိုရင် အင်းပျက်တယ်။ အသစ်ထပ်လုပ်ရ မယ်။

နောက်ပြီး ခဲတံ စာရွက်ပေါ်မှာချပြီး စ,ဆွဲတဲ့ အချိန်ကစပြီး **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"**လို့ ပါးစပ်ကလဲရွတ်၊ လက်ကလဲ ရေးရမယ်။ ပါးစပ်ကရွတ် တာလဲဆုံး၊ လက်ကရေးတာလဲပြီး ဖြစ် ရမယ်။ သဘောပေါက်သလား'

'ဟုတ်ကဲ့ သဘောပေါက်ပါတယ်' ကျွန်တော်က ပြန်ဖြေလိုက်တော့...

'အေး... အလယ်အကွက်မှာတော့



ကိုယ့်ဝေနေယျရဲ့ မွေးနံကို ဂဏန်းနဲ့ ရေးသွင်းပြီး သရဏဂုံ(၉)ခေါက် ရွတ် ပြီး အသက်သွင်းရမယ်။

ဒီအင်းကို စီရင်တော့လဲ လာဘ သိဒ္ဓိအင်းကို စီရင်သလို ခန္ဓာကိုယ် သန့်ရှင်းခြင်း၊ ဘုရားရှိခိုးခြင်း စတဲ့ အရာတွေ အားလုံး လုပ်ရမယ်။ ဒီအထိ ရှင်းပြီလား'

လို့ မေးပါတယ်။ ကျွန်တော်က "ရှင်းပါတယ်"လို့ ပြောလိုက်တော့..,

'အေး... ဒီအင်းကို ဘယ်လိုသုံးရ မယ်ဆိုတာ ဆက်ပြောမယ် သေချာ နားထောင်'

ဆိုပြီး ဆက်ပြောပါတယ်။

'ဒီအင်းကို အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းစေချင်တယ်။ စုန်း ပယောဂ က အစပေါ့... သူ့ကိုလဲ ဉာဏ်ရှိသလို သုံးနိုင်တယ်။ ကြားလား'

ကျွန်တော်က "ဟုတ်ကဲ့"လို့ ပြော တော့...

'သုံးတော့မယ်ဆိုရင်... ပထမ ဖယောင်းတိုင်မှာ အရင်းကနေ မီးစာ ဘက်ကို သံချွန် ဒါမှမဟုတ် အပ် တစ်ခုခုနဲ့ စာရေးရမယ်။ ဘာရေးရမလဲ ဆိုတော့... ဘာနေ့သား ဘာဖြစ်ပါ စေပေါ့။

ဥပမာ **"တနင်္ဂနွေသား မောင်ဖြူ အတိုက်အခိုက်ကင်းပါစေ"**ပေါ့။ အဲဒီ လိုရေးပြီး အင်းကို ရေးထားတဲ့ဘက် က အတွင်းက ထားပြီး ဖယောင်းတိုင် မှာ ကော်နဲ့ကပ်ပြီး ဘုရားမှာ မီးထွန်း လိုက်ရုံပဲ။

မီးထွန်းတာ ကာယကံရှင်ကိုယ်တိုင် ထွန်းရမှာနော်၊ ကိုယ်စားထွန်းလို့ မရ ဘူး။ ကာယကံရှင်ကိုယ်တိုင် မီးထွန်း ပြီး ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၊ လိုရာ ဆုတောင်းပြီး အားလုံးကို မေတ္တာပို့ အမျှဝေပေါ့။ အိမ်ကဘုရားမှာ မီးထွန်း လို့ ရပါတယ်၊ အားလုံးကို နားလည် ရဲ့လား'

လို့ ပြန်မေးတဲ့အတွက် ကျွန်တော် ကလဲ "နားလည်ပါတယ်"လို့ ပြန် ပြောလိုက်ပါတယ်။ အဲဒီတော့ အဘ က...

'အေး... အားလုံး နားလည်ပြီ၊ သိပြီဆိုရင် ဘာမှ ဆက်ပြောစရာ မရှိ တော့ဘူး။ အဘ ပြန်မယ်'

ဆိုပြီး ပျောက်သွားခဲ့ပါတယ်။

အဲဒီတော့မှ ကျွန်တော်လဲ အိပ်မက် က လန့်နိုးတဲ့ လူလိုဖြစ်ပြီး ကြောင် အမ်းအမ်းနဲ့ ဘေးပတ်ဝန်းကျင်ကို ကြည့်တော့ ဘယ်သူမှ မရှိဘဲ မီးလဲ မှောင်နေပါတယ်။ အိမ်သားအားလုံး က မီးပိတ်ပြီး အိပ်ကုန်ကြပြီ။

ကျွန်တော် နာရီကို ထကြည့်တော့ (၁၁)နာရီထိုးဖို့ (၅)မိနစ်ပဲ လိုပါတော့ တယ်။

ကျွန်တော် ပုတီး စ,စိပ်တော့ (၇)နာရီဆိုတော့ (၄)နာရီနီးပါး ကြာ သွားတာပဲ။

အဲဒီ (၄)နာရီလုံးလုံးမှာ ကျွန်တော် အနေအထား ပြောင်းထိုင်ခြင်း၊ ညောင်းခြင်း၊ ခြေကျဉ်ခြင်းများ လုံးဝ မဖြစ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လဲ သင်ပြထားတာတွေကို မေ့သွားမှာစိုးလို့ ချက်ချင်းပဲ စားပွဲတင်မီးကို ဖွင့်ပြီး မှတ်စုစာအုပ်ထဲမှာ မှတ်ထားသမျှ အကုန်ရေးထားလိုက်ပါတယ်။

အားလုံးကို မကျန်ရအောင် အစကအဆုံး စဉ်းစားလိုက် ရေးလိုက်နဲ့ မိနက်ပိုင်း (၄)နာရီထိုးခါနီးမှပဲ ရေးမှတ်လို့ ပြီးပါတယ်။

ကျွန်တော်လဲ အိပ်ချင်စိတ် မရှိဘဲ မျက်လုံးကြောင်နေတာကြောင့် အပြင်ထွက် သွားတိုက် မျက်နှာသစ်ပြီး ဘုရားစင်မှာ ဖယောင်းတိုင်၊ အမွှေးတိုင်များ ပူဇော်ပြီး ဘုရားရှိခိုး ပုတီးစိပ်ခြင်းများကို ဆက်လက် လုပ်ဆောင်နေလိုက်ပါတယ်။

အဘ သင်ပြထားတဲ့အတိုင်း ကျွန်တော့်မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ထားတာတွေကတော့...

**ပထမ လာဘာသိဒ္ဓိအင်း**

အင်းဆန်အသွား

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | နံ | ၂ |
| ၃ | ၈ | ၅ |

အင်းဆန်သွင်းပြီး

| | | |
|---|---|---|
| ဝေ | ဘံ | သိ |
| ဗ္ဗ | နံ | ဟိ |
| လာ | ဒ္ဓိ | သ |

**အင်းဆန်သွင်းရမည့်ဂါထာ...**

ဝေ ဟိ လာ ဘံ သ ဗ္ဗ သိ ဒ္ဓိ

၁ ၂ ၃ ၄ ၅ ၆ ၇ ၈

ဂါထာကို မြင်းသွားဖြင့် အင်းဆန်သွင်းရာတွင် နားလည်စေရန် အကွက်လိုက်အစဉ်အတိုင်း ဂဏန်းနဲ့ ပြထားပါတယ်။ (၁)ပြီး(၂)၊ (၂)ပြီး(၃) စသည်ဖြင့် ဂါထာကို တစ်လုံးချင်း အင်းဆန်သွင်းရပါမယ်။

ပြီးလျှင် ယင်းဂါထာကို (၉)ခေါက် ရွတ်၍ အသက်သွင်းပြီးလျှင် ယင်းအင်းစီရင်ခြင်းကိစ္စ ပြီးပါပြီ။

ဒီအင်းကို အခု စာရေးသူ အသုံးပြုနေတာကတော့ ကာယကံရှင်ရဲ့ နေအိမ်၊ အိမ်ထောင်ဦးစီးပေါ့။ အဲဒီအိမ်ထောင်ဦးစီးရဲ့ မွေးနံကို အလယ်အကွက်မှာ အင်းကို စီရင်ကတည်းက ရေးသွင်းထားပြီးမှ အသက်သွင်းပါတယ်။


ပြီးရင်တော့ နေအိမ်ရဲ့ အဝင်အထွက် တံခါးမကြီးရဲ့ အထက်ပေါင်မှာ အပြင်ဘက်ကို အင်းဆန်များ လှည့်ထားပြီး ကျောဘက်က ကော်သုတ်ပြီး ကပ်ထားခိုင်းတာပါပဲ။

ကပ်ရမယ့်ရက်ကတော့ **ငွေနံဖြစ်တဲ့ တနင်္လာနေ့ မနက်(၇)နာရီ အချိန်မှာ ကပ်ထားခိုင်းပါတယ်။**

နောက်ပြီး အင်းကို တစ်လက်မ ပတ်လည်အရွယ်လောက် စီရင်ပြီး ပလတ်စတစ်လောင်းပြီး ပိုက်ဆံအိတ်ထဲမှာ ထည့်ဆောင်ခိုင်းပါတယ်။ ခိုင်းထားဖူးတဲ့လူတွေ မှန်သမျှတော့ ဒီနေ့အထိ အားလုံး အဆင်ပြေကြတာကို တွေ့ရပါတယ်။


* * *


**အဝင်အထွက် တံခါးမတွင် အင်းကို ကပ်ထားပုံ**



**ဒုတိယဖြစ်တဲ့ သရဏဂုံအင်းကတော့** စာဖတ်ရှုနဲ့ နားလည်ချင်မှ လည်ပါလိမ့်မယ်။ တဖြည်းဖြည်းချင်း သဘောပေါက် နားလည်အောင် ဖတ်ပြီး ကိုယ်တိုင်လဲ လက်တွေ့ လေ့ကျင့်ကြည့်ပါ။

* * *




သရဏဂုံ(၉)ခေါက်ဖြင့် အသက် သွင်းပြီး အင်းရေးသွင်းဘက်မှ ကော် သုတ်၍ ဖယောင်းတိုင်တွင် ကပ်ပါ။

မွေးနံပိုင်ရှင်ကိုယ်တိုင် မိမိ၏ မွေး မနက်(၇)နာရီအချိန်တွင် ✓ နေအိမ် ဘုရားမှာ မီးထွန်းပူဇော်၍ ဘုရား ငါးပါးသီလခံယူပြီး လိုရာဆုကို တောင်း ၍ အားလုံးကို မေတ္တာပို့ အမျှဝေ

**ဦးကျော်ဒင်(အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com

# ဖြစ်မှားမိက

ထောင်းပန့်ပါ

ဦးဥက္ကဝံသ
(မင်္ဂလာဗျေချို့ကျောင်း)



အထက်ပါ စာပိုဒ်ကလေးသည် သတိပေးလိုက်သော စကားရပ်ကလေးဖြစ်သည်။ ပုထုဇဉ်တို့သည် လောဘ, ဒေါသ, မောဟ, မာန်မာနစသော ကိလေသာတရားတို့သည် လွှမ်းမိုးနှိပ်စက်တတ်သည်ဖြစ်၍ အမှားကင်းခဲလှပေသည်။

မပြစ်မှားသင့်သော ဘုရား, တရား, သံဃာ ရတနာသုံးပါး၊ မိဘ, ဆရာသမား ခင်ပွန်းကြီးဆယ်ပါးတို့ကို ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် တစ်ခါတစ်ရံ ပုထုဇဉ်တို့၏ သဘာဝအလျောက် ပြစ်မှားမိတတ်ကြလေသည်။

အကယ် မပြစ်မှားသင့်၊ မပြစ်မှားထိုက်သော ကျေးဇူးရှင်များကို ပြစ်မှားမိပါက ယခု မျက်မှောက် ပစ္စက္ခဘဝတွင် စီးပွားဥစ္စာ ဆုတ်ယုတ်ပျက်စီးခြင်း၊ ရောဂါဝေဒနာများခြင်း၊ နားထိုင်းခြင်း၊ မျက်စိကွယ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ ရူးသွပ်ခြင်း၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းပျက်စီးခြင်း၊ အမြင့်ပေါ်မှ လိမ့်ကျခြင်း၊ ရာထူးဌာနန္တရမှ လျှော့ကျခြင်း စသော ဘေးဒဏ်အန္တရာယ်များနှင့် ကြုံတွေ့ရတတ်ပေသည်။

'ထိုဘေးဒဏ်အန္တရာယ်တို့မှ ကင်းဝေးကြစေရန် သတိရှိကြရပေမည်။ တောင်းပန်ဝန်ချ ကန်တော့ကြရပေမည်။

ယင်းသို့ တောင်းပန်ဝန်ချ ကန်တော့ကြလျှင် အပြစ်မှ ပပျောက်၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြရပေမည်။ မိကံဘကံ, ဆရာသမားကံများ သင့်ရောက်နေလျှင် ထိုကံများက တားမြစ်ထားသည့်အတွက်ကြောင့် အလိုဆန္ဒမပြည့်ဝဘဲ ဖြစ်တတ်ကြပေသည်။

* * *

စာရေးသူ တွေ့ကြုံခဲ့သော အဖြစ်အပျက်ကလေးတစ်ခုကို စာရှုသူတို့အား တင်ပြရပါဦးမည်။

၁၃၅၇ ခုနှစ်၊ တပေါင်းလ တစ်နေ့သော ညနေ လက်သမားဆရာ ဦးအေးငွေတစ်ယောက် စာရေးသူထံသို့ ရောက်ရှိလာပါသည်။

'ဒါယကာဦးအေးငွေ... မတွေ့တာလဲ ကြာလို့ ယခုတွေ့ရတော့ ဝမ်းသာလိုက်တာ၊ အောက်မေ့လဲ ပြေသွားတာပေါ့ ဘယ်နှယ့် ကျန်းမာလို့ ချမ်းသာကြရဲ့လား အဝတ်အစားတွေကလဲ နွမ်းလိုက်တာ ကျန်းမာရေးကောင်းရဲ့လား'

ဟု စာရေးသူမှ နှုတ်ဆက်စကား ပြောကြားလိုက်ပါသည်။

'အရှင်ဘုရား... တပည့်တော်

www.burmeseclassic.com

ကျန်းမာရေးတော့ ကောင်းပါတယ်။ တပည့်တော် စိတ်မချမ်းသာဖြစ်ပြီး အမြဲ စိတ်ဆင်းရဲ ပူလောင်နေပါတယ်။ စိတ်သက်သာရာ ရလိုရငြား အကူ အညီလေးတောင်းချင်လို့ လာတာပါ'

'ဆိုစမ်းပါဦး ဒါယကာငွေရော... ဘာ အကူအညီများ တောင်းမလို့လဲ'

ဟု စာရေးသူမှ ပြောလိုက်ပါသည်။

'ဆရာတော်လဲ သမန်းကုန်း ကျောင်းမှာ ကျောင်းစောင့်နေစဉ်က တပည့်တော်ကျောင်းကြီး ဆောက်လုပ်နေတာ အသိပဲ မဟုတ်လားဘုရား။

ကျောင်းကြီးဆောက်လို့ ပြီးခါနီး ရောက်လာပြီး ဘုံကြီးပဲ ကျန်တော့ တယ်။ တပည့်တော် လက်သမားခ ကလဲ သုံးထောင်ကျန်သေးတယ်။

တပည့်တော်က လက်သမားခကို အကုန်လိုချင်တယ်။ ဆရာတော်ကြီးက တပည့်တော် လက်သမားခကို အကျေ ပေးလိုက်ရင် အလုပ်မဆင်းမှာစိုးလို့ မပေးဘူး။

တပည့်တော်က ဆရာတော် ကျန် ငွေကို အကုန်မပေးရင် အလုပ်မဆင်း'

ဟု လျှောက်ထားပါသည်။ ဆရာ တော်မှ...

'မင်း အလုပ်မဆင်းရင်နေ အလုပ် မပြီးဘဲ ငါငွေကို အကျေမချေနိုင်'

ဟု ပြောပါသည်။

'တပည့်တော်လဲ မပေးရင် မဆင်း နိုင်'

ဟု ပြောကာ ပြန်လာခဲ့ပါသည်။

တခြားလက်သမားကို ငှားရန် လုပ် သောအခါ လက်ခတန်ဖိုး ဈေးကြီးပေး ၍ လုပ်ရသည်ဟု ကြားပါသည်။ တပည့်တော် ဆရာတော်ကြီးအား ဒေါသထွက်ကာ ကာယကံ,ဝစီကံ, မနောကံတို့ဖြင့် ပြစ်မှားမိပါသည်။

ကံဟူသည် မိမိပြုသော အလုပ်ပင်



ဖြစ်၏။ ကောင်းသောအလုပ်ကို ကြံ ပြောလုပ်လျှင် ကောင်းကျိုးခံစားရမည် မှာ သေချာပေ၏။ မကောင်းမှုကို ကြံပြောလုပ်လျှင် ဆိုးကျိုးရမည်ကား မြေကြီးလက်ခတ်မလွဲတည်း။

ထို့ကြောင့် မြတ်စွာဘုရားရှင်က ဟောကြားတော်မူ၏။

'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ'

**ဘိက္ခဝေ**– ရဟန်းတို့၊ **ကမ္မံ**– ကောင်းမှုကံ, မကောင်းမှုကံ ဟူသည် ကား၊ **စေတနာ**– စေတနာသည်သာ လျှင်တည်းဟု၊ **အဟံ**– ငါဘုရားသည်၊ **ဝဒါမိ**–ဟောတော်မူ၏။

မကောင်းမှုအကုသိုလ်မှာ ကြောက် စရာကောင်းလျက် မိမိပြုသော အမှုနှင့် ထပ်တူထပ်မျှ အကျိုးပေးတတ်၏။

အကုသိုလ်ဟူသည် အရိပ်ပမာ ထက်ကြပ်ပါလျက် တစ်နေ့တွင် မကောင်းကျိုးပေးမြဲ ဖြစ်သည်။ ဦးအေး ငွေပြုသောကံသည် ဦးအေးငွေထံသို့ ရောက်လာခဲ့ပေပြီ။ ထူးဆန်းလှ၏။

စာရေးသူအား...

'အရှင်ဘုရား... တပည့်တော် လေးယင်းအိမ် နှစ်ထပ် ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုး တော် တော်ကောင်းကောင်းကလေး ဆောက်ပါ တယ် ဘုရား။ လက်သမားဆရာဆိုတော့ စိတ်ကြိုက်ဆောက်လိုက်တာပေါ့ ဘုရား။

တပည့်တော် အိမ်ကလေးကြည့်ပြီး ဝမ်းသာ နေတာ ပြီးလို့ မကြာလှပါဘုရား စိတ်ထင် တော့ တစ်လကျော်လောက်ပဲ ရှိမယ်လို့ မှတ်ပါတယ် ဘုရား။ တပည့်တော်အိမ်ကို လေပွေလေဆင်နှာမောင်း လာသုတ်သွားပါ တယ်ဘုရား။

ရေဝတီမြစ်အတွင်းသို့ ကျသွား တယ်လို့ သိရပါတယ်ဘုရား။ နောက် တစ်နှစ် အိမ်သစ်တစ်လုံး ထပ်ဆောက် ပါတယ်ဘုရား။ အိမ်ဆောက်ပြီးလို့ တစ်လကျော်လောက်ကျတော့ တစ်ခါ လေပွေ လာသုတ်ပြန်ပါရောဘုရား။

ဆန်တိုင်ကီတွေရော အဝတ်အစား တွေရော အားလုံး ပါသွားပါသည် ဘုရား။ စိတ်ကျေနပ်မှုမရှိတာနဲ့ နောက် တစ်လုံး ထပ်ဆောက်ရတာပေါ့ဘုရား။

ဒီလိုနဲ့ ဆောက်ပြီးလို့ မကြာခင်မှာပဲ အိမ်ကို လေပွေလာပြီး သုတ်သွားပြန် ပါရောဘုရား။ အခုတစ်ခါတော့ ရှိစုမဲ့စု လေးတွေလဲ ကုန်ပါလေရော အရှင် ဘုရား။

အခု ဝါးအိမ်နဲ့နေရတယ်။ တပည့် တော် စဉ်းစားတယ်၊ လေပွေကလဲ ငါ့တစ်အိမ်တည်း သုံးကြိမ် လာသုတ်ပြီး မြစ်ထဲကိုပဲ ကျသွားတယ်။

သီလ,သမာဓိ,ပညာနဲ့ ပြည့်စုံတဲ့ ဆရာတော်ကြီးကို ကာယကံ,ဝစီကံ, မနောကံတို့နဲ့ ပြစ်မှားမိလို့ ယခုလို ငါတစ်ယောက်တည်း ဖြစ်နေတာနဲ့ တူတယ်။

ပြေပျောက်ရာ ပြေပျောက်ကြောင်း ဆရာတော်ထံ အကြံဉာဏ်လေး ရလို ငြား အကူအညီလေး တောင်းရရင် ကောင်းမှာပဲလို့ စိတ်ကူးပြီး လာခဲ့ပါ တယ်ဘုရား'

ဟု လျှောက်ထားပါသည်။

'ဒကာငွေရာ... ဇာတ်တော်တွေထဲမှာ ပါ,ပါတယ်။ တောင်းပန်ရင် ကျေပျောက် ကြောင်းပါတာတွေ တွေ့ပါကွယ် အခု



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး ခန္ဓာကိုယ်ရုပ်ကြွင်း ရှိသေးတယ်။ ပုပ်သိုးခြင်းမရှိ ပကတိအတိုင်းပဲ ရှိနေတာပဲ။ ကန်တော့ တောင်းပန်ရင် ကျေပျက်နိုင်ပါတယ်'

ဟု ပြောလိုက်ပါသည်။

ဤနေရာတွင် ဆရာတော်ကြီး၏ အကြောင်းအရာကို သိဖို့ လိုအပ်လိမ့်မည်ဟု ယူဆမိပါသည်။ ဆရာတော်ကြီးအကြောင်းကို အနည်းငယ်မျှ ဖော်ပြပါဦးမည်။

**သမန်းကုန်း ဆရာတော်ကြီးသည်** ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ နိဗ္ဗာန်တိုက်နယ် ယုံသလင်း၏ အရှေ့ဘက်တွင် တည်ရှိပါသည်။

ဆရာတော်သည် (၁၃)ဝါလောက် အရောက်တွင် ဖျားနာပြီး ချည့်နဲ့သော ရောဂါဝေဒနာကို ခံစားနေရသည်။ ရောဂါဝေဒနာလည်းပျောက် အကယ်၍ ရောဂါမပျောက်လို့ သေရင်လည်း ကောင်းရာရောက်အောင် ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများ အားထုတ်တော်မူပါသည်။

သုံးလလောက် ပုတီးစိပ် တရားအားထုတ်ပြုလုပ်သောအခါ ရောဂါဝေဒနာတို့သည် တဖြည်းဖြည်း သက်သာလာပြီး အကောင်းပကတိ ဖြစ်သွားပါတော့သည်။

**သက်တော်(၉၃)နှစ် ရောက်သောအခါမှ ပျံလွန်တော်မူပါသည်။ "ခန္ဓာကိုယ် ပုပ်သိုးခြင်းမရှိ ယခုအချိန်ထိ ပကတိအတိုင်းပင် ဖြစ်ပါသည်။"**

ယင်းကဲ့သို့ သီလ,သမာဓိ,ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ကို ပြစ်မှားမိလျှင် မကောင်းကျိုး ပေးတတ်ကြလေသည်။ မကောင်းကျိုးပေးရာတွင်လည်း မိမိပြုခဲ့သော မကောင်းမှုနှင့်တူသော မကောင်းမှုကို ပေးတတ်သည့်အပြင် အကြွေးဆပ်ရာတွင် အတိုးပါ ဆပ်ရသကဲ့သို့ မိမိပြုသည်ထက် ပိုမိုလွန်ကဲ ခံစားရသည်ဟုလည်းယုံကြည်မိသည်။

ထို့ကြောင့် မကောင်းမှုကို မရှိ မခံစားလိုကြကုန်သော သူအပေါင်းတို့သည် မကောင်းမှုအကုသိုလ်ကို ဆင်ခြင် ရှောင်ကြဉ်ရပေမည်။

သို့ဖြစ်၍ မပြစ်မှားသင့်သော ရတနာသုံးပါး၊ မိဘဆရာသမား ခင်ပွန်းကြီး ဆယ်ပါးတို့အပေါ် ပြစ်မှားမိလျှင် တောင်းပန် ဝန်ချကန်တော့ရာ၏။

ကန်တော့လျှင် အပြစ်များပျောက်၍ ကောင်းကျိုးချမ်းသာများ ဖြစ်ပေါ်စေနိုင်ပါသည်။

**တောင်းပန်ဝန်ချ ကန်တော့ကြပါလေ စေတနာကောင်းဖြင့် တင်ပြအပ်ပါ၏။**

ဦးဉာဏဝံသ
*(မင်္ဂလာဇေယျကျောင်း)*

စာမျက်နှာ (၂၄၈)မှ အဆက်

လွှတ်ခနဲ ပြောလိုက်မိသွားတယ်။

**ကျွန်တော်တို့ နှစ်ယောက်လုံးက ရေတံခွန်တောင် ဆရာတော်ကြီးရဲ့ တပည့်တွေဖြစ်တော့** တစ်ယောက် စကားတစ်ယောက် နားလည်လိုက်ပါတယ်။

'ဟာ...ဟုတ်တယ်ဗျ နော်'

ကိုမြတ်သူက ပြန်ဖြေတယ်။ ဆက်ပြီးတော့လဲ...

'ဘုန်းဘုန်း... တပည့်တော်တို့မှာ ဆရာ ရှိတယ်ဘုရား။ ရေတံခွန်တောင် ဆရာတော်ကြီးပါ။ ဆရာတော်ကြီး လယ်ညွှန့်လို အဆိပ်နိုင်တဲ့ဆေးဆိုတာကို တပည့်တော်တို့ သောက်ဖူးပါတယ်ဘုရား။ နေ့စဉ်စားတဲ့အစာက အဆိပ်ယှဉ်တာကအစ အဆိပ်ရှိတဲ့ သတ္တဝါတွေအဆိပ်နိုင်တယ် ဘုရား။ အဲဒါ တယ်လောက်ထိလဲဆိုရင် အဲဒီဆေး စွဲသောက်လာရင် တပည့်တော်တို့အနံ့ ရရင်တောင် အဲဒီကောင်တွေ ရှောင်တယ် ဘုရား။ မရှောင်နိုင်ရင်တော့ အခု အရှင်ဘုရား ဖြစ်တဲ့အတိုင်းပဲ ဘုရား'

ဘုန်းတော်ကြီးကို လျှောက်တင်နေတော့တယ်။

မြွေကို ကျော်ခွ ဆင်းလာခဲ့မိတဲ့ ကျွန်တော် ဘေးအန္တရာယ်က လွတ်လာခဲ့ပေမယ့် ရင်ထဲ ထိတ်လန့်နေတာ ကတော့ အဲဒီအထိ မပျောက်ပျက်သေးပါဘူး။

[၄]

ဒီလူပုဂ္ဂိုလ်တွေ တတ်နိုင်တာကိုသာ ဖော်ပြလိုရင်းပါ။

အဲဒီဆေးကို ကျွန်တော် နှစ်ပေါင်းများစွာ စွဲမြဲစွာ သောက်ခဲ့ဖူးပါတယ်။

အာနိသင်ကတော့ ရှိနေဆဲဆိုတာ အခု သိလိုက်ရပါပြီ။

သီလ(ရေတံခွန်တောင်)


နက္ခတ္တရောင်ခြည်
မဂ္ဂဇင်းတိုက်နှင့်
ဆက်သွယ်
နိုင်
သော
ဖုန်းနံပါတ်...
၀၉-၇၇၆၃၄၉၇၈၉
၀၉-၉၆၈၀၀၀၀၅၉၂


www.burmeseclassic.com

www.burmeseclassic.com

# အာနိသင်တော ရှိနေသေးပါ



ဒီလ (ရေတံခွန်တောင်)

[ ၁ ]

အင်းဝမြို့ဟောင်းကို ပြန်လည်တူးဖော်နေပြီ။ ပြုပြင်ထိန်းသိမ်းမှုတွေလုပ်နေပြီ။ ဒါကို ခရီးအကြုံနဲ့ လှည့်ပတ်ကြည့်လိုက်မိတယ်။

တစ်နေရာ ရောက်တော့…

'ဒီ…ဒီက… စကြာမင်း တည်ခဲ့တဲ့ ဘုရားပေါ့'

ညွှန်ပြ ပြောဆိုလာတဲ့ မြို့ခံ ကိုမြတ်သူကို လှမ်းကြည့်လိုက်မိသွားတယ်။

'ဒီ… သိတာ မကြာသေးဘူး။ တစ်လလောက်ပဲ ရှိသေးတာ'

ဒါနဲ့ ဘုရားစေတီဆီ လှမ်းဖူးမြော်လိုက်ရတယ်။ ရှေးဟောင်း ဘုရားတစ်ဆူမှန်းတော့ သိသာတာပေါ့။

ဒီလိုနဲ့ စေတီဆီ ရှေးဟောင်းအုတ်ချပ်တွေနဲ့ လုပ်ထားတဲ့ လှေကားထစ်တွေအတိုင်း တက်လာခဲ့ရတယ်။

'ဟာ… ဘုန်းဘုန်း ဦးတင်ပါတယ်ဘုရား'

နောက်က လိုက်တက်လာတဲ့ ကိုမြတ်သူဆီက အသံကြားလို့ လှမ်းကြည့်လိုက်တော့ ဘုန်းကြီးတစ်ပါးရောက်နေတာ မြင်လိုက်ရတယ်။ ဘုန်းကြီးကလဲ လိုက်တက်လာတယ်။ ကျွန်တော်က လက်အုပ်ချီလိုက်တော့…

'ငြိမ့်သည်ပါ ဘုရား'

ကိုမြတ်သူက အသိအကျွမ်းဖြစ်ဟန် ဘုန်းတော်ကြီးကို ကျွန်တော်နဲ့ မိတ်ဆက်ပေးတယ်။

'ဆရာ… ဒါက ဒီကျောင်းထိုင်ရဲ့ ညီတော်ပေါ့'

တလက်စတည်း ကျွန်တော့်ကိုလဲ ပြောတယ်။ ဘုန်းတော်ကြီးကတော့…

'အေးဗျ… ရန်ကုန်ကလို့ ပြောတယ်။ ဘာသာရေးသမားတွေပေါ့။ သူတို့ ဒီဘုရား ရှိတာ သိလို့ လိုက်ရှာနေတာ အနှစ် ခြောက်ဆယ်ကျော်ပြီဆိုပဲ။ ခုမှ တွေ့တယ်ဆိုပြီး ဝမ်းသာလိုက်ကြတာ။ သူတို့ လျှောက်မှပဲ ကျုပ်တို့လဲ ဒီဘုရားသမိုင်းကို တိတိကျကျ သိရတော့တာကိုး'

အစချီပြီး ကြားခဲ့သမျှ ပြန်မိန့်တော့တယ်။

[ ၂ ]

ကျွန်တော်တို့ ပြန်ဖို့လို့ ဘုရားပေါ်က ဆင်းခဲ့ကြပါပြီ။

ဘုန်းတော်ကြီးက ရှေ့၊ ကျွန်တော်က အလယ်၊ ကိုမြတ်သူက နောက်ဆုံး။

ဘုန်းတော်ကြီး လှေကားအလိုက် ဆင်းသွားတယ်။

ကျွန်တော်က ဖိနပ်ချွတ်ထားခဲ့ရာ အောက်ဆုံးလှေကားထစ် လှေကားဘေးတိုက်ဘက်ဆီ ဆင်းလိုက်တယ်။

အဲဒီမှာ ကျွန်တော့်ကို လှည့်ကြည့်နေတဲ့ ဘုန်းတော်ကြီး စိုးရိမ်ထိတ်လန့်ဟန် ပါးစပ်ဟ ကြည့်နေတာတွေ့လို့ ဘာပါလိမ့်လို့ အလန့်တကြားနဲ့ ဖိနပ်ပြန်စီးခဲ့ရာဆီ အောက်ငုံ့ကြည့်လိုက်မိတော့ ချုံပင်ကလေးအစပ်မှာ…

'ဟာ…'

ကျွန်တော် ထိတ်ခနဲ ဖြစ်သွားတယ်။

'တောကြီးမြွေဟောက်… တောကြီးမြွေဟောက်'

ဘုန်းတော်ကြီးက ကိုမြတ်သူဆီ လှမ်းအော်တယ်။

ကိုမြတ်သူ လှေကားအလိုက် ခုန်ပေါက်ဆင်းရင်း ကျွန်တော့်ဆီ ပြေးလာတယ်။

'ဆရာ…ဘာဖြစ်သွားတုန်း။ ဆရာ ဘာဖြစ်သွားသေးတုံး'

'ကျ…ကျွန်တော်… မြင်ကို မမြင်လိုက်ဘူး။ ဘုန်းကြီးဆီ မျက်နှာမူပြီးပဲ ဆင်းလာ ဖိနပ်စီးလိုက်တာ။ တော်သေးဗျာ'

ကိုယ့်ခြေထောက် ကိုယ်ပြန်ကြည့်ရင်း ဆိုလိုက်ရတယ်။

'ဟာ…ဆရာ မြွေက ပါးပျဉ်းကြီးနဲ့အတိုင်း မြေကြီးမှာ ပြားနေတာဗျ။ ပါးပျဉ်းကို ကျွန်တော့်လက်ဝါးလောက် ရှိတယ်။ ကြည့်ဦး…ကြည့်ပါဦး'

မြွေကို ပြန်ကြည့်ရင်း လက်ညှိုးညွှန်ပြောနေပြန်တယ်။

အဲဒီမှာ ကျွန်တော် တစ်ချက် ဖျတ်ခနဲ သတိရလာတော့တယ်။

'ကိုမြတ်သူ… ဆရာတော်ကြီးသေး… ဆရာတော်ကြီးသေး'

စာမျက်နှာ (၂၄၇) သို့

www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော် ကိုညိုး

အင်္ဂလိပ်လက်ထက် ကျွန်တော့်အဘိုး၏

# အောက်လမ်းပညာသည်များနှင့်

ထူးခြားဆန်းကြယ် ဖြစ်ရပ်ဆန်းများ (၂)

**ယခင်လမှ အဆက်**

'ဟော... ဆရာကြီး ပြန်လာပြီ၊ ဆရာကြီးရယ်... ကျွန်မတို့ မိသားစုကို ကယ်ပါဦး၊ ကျွန်မယောကျ်ား ဘာဖြစ်မှန်းမသိ ဗိုက်ထဲက အောင့်နေတာ တစ်နေကုန် အော်နေရပါတယ်'

သမီးငယ်ကလေး လက်ဆွဲပြီး ငိုပြောနေတဲ့ မိန်းမငယ်တစ်ဦးကို တွေ့လိုက်ရတယ်။ ထပ်မံ ပြန်ပြောတယ်။

'အခု ဆရာကြီးအိမ်ရှေ့ရောက်မှ သူ ကြိတ်မှိတ်ခံစားနေရပါတယ်'

ငါ ဘာလုပ်ရမှာလဲ။ ငါက ဆရာဝန်မဟုတ် အင်ဂျင်နီယာပဲ။ ဒါပေမယ့်...

'ကဲ...လာ...လာ... အိမ်ထဲဝင်ကြ'

ပြောပြောဆိုဆိုနဲ့ အကျီတောင် မလဲရသေး၊ ဘုရားခန်းထဲဝင် ဘုရားသောက်တော်ရေကို ယူပြီး ဂါထာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ပုဒ် မန်းပြီး အမြန်တိုက်လိုက်တယ်။

လူနာလဲ ကောက်ယူပစ်သလို ချက်ချင်းကောင်းသွားတယ်။

'ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်'

ပြောပြီး မိသားစုတွေ ထိုင်ကန်တော့သွားကြတယ်။ အိမ်က ဖနီးနဲ့ ဘျိုင် အိမ်ဖော်တွေလဲ ပါးစပ်အဟောင်းသား နဲ့ အံ့သြနေကြတယ်။

ဒါ ရိုးရိုးရောဂါ မဟုတ်၊ ပယောဂ ရောဂါသည် တစ်ယောက်ပါလား။ ငါ ဒုက္ခသည်တွေကို ကယ်တင်ရတော့မယ်။ ဒီလိုနဲ့ ညနေ အလုပ်စက်ရုံက ပြန်လာတိုင်း အိမ်ရှေ့မှာ ဝေဒနာသည် တစ်ဦးဦး အမြဲရောက်နေတယ်။

ကြာလာလ ဝေဒနာသည်တွေ များလာပြီး မိမိရထားတဲ့ (၉)လုံး ပုတီးနဲ့ ပွတ်သပ်ချ ရေမန်းထိုက် ဂါထာမန်းပြီး ကုသပေးလိုက်တာ ရောဂါသည်တွေ အားလုံး ကောင်းကုန်ကြတယ်။

ဒီဝေဒနာသည်တွေက သာမန် ရိုးရိုး (၉၆)ပါး ဝေဒနာသည်တွေ မဟုတ်။ မုန်းလို့သော်လည်းကောင်း၊ ချစ်လို့ သော်လည်းကောင်း၊ ပညာအစမ်းသပ် ခံရခြင်းဖြင့်သော်လည်းကောင်း လူပြု စားခံနေရသော ပယောဂဝေဒနာရှင် တွေ ဖြစ်နေတယ်။

တစ်ညနေ ခေါင်းအလွန်ကိုက်တဲ့ ဝေဒနာကို ခံစားနေရတဲ့ မိန်းမပျိုတစ်ဦး ရဲ့ ရောဂါကို ကုသရပြန်တယ်။

သူက (၇)တန်း အလယ်တန်း ကျောင်းသူလေး ဘော်ဒါအဆောင်မှာ နေတယ်။ မိဘတွေက နယ်မှာ၊ စာ ကျက်မယ်ကြံတိုင်း ခေါင်းအရမ်းကိုက် လာပြီး စာမကျက်နိုင် ဖြစ်နေတာ ကြာလာပြီ။

စာမေးပွဲကြီးလဲ နီးလာပြီ။ ဒီတော့ တာဝန်ရှိသူတွေက ရိုးရိုးရောဂါမဟုတ် တစ်ခုခုတော့ ဖြစ်ပြီထင်ပြီး မစ္စတာဂျွန် ထံသွားပြရင် ကောင်းမယ်လို့ ဆုံးဖြတ် ပြီး ခေါ်လာခဲ့ကြတယ်။

ဆရာကြီး အိမ်ရောက်လာတော့ ဒီမိန်းကလေးက ပေတေတေ ကပ် တတ်တတ် လုပ်နေတယ်။

မစ္စတာဂျွန်က ပညာသည် တစ်ယောက် လက်ချက်နဲ့ ငါ့ကို အာခံချင်တဲ့ သဘောမှန်း သိနေတယ်။

'ကဲ...လာထိုင်ကြ'

လို့ ပြောပြီး ဘုရားခန်းထဲက ကြိမ်လုံးကို ယူလာပြီး ဂါထာရွတ်ပြီး ကြမ်းပြင်ကို (၃)ချက် အဆက်မပြတ် ရိုက်ချလိုက်တယ်။

မိန်းကလေးငယ်လဲ ခါးကော့သွား ပြီး "အမယ်လေး"တစ်ချက်အော်ပြီး ကြမ်းပြင်ပေါ်မှာ လိုမ့်နေတယ်။ ပါလာ တဲ့ အမျိုးသမီးကြီးကို ပြုစားထားတဲ့ ပညာသည် ဝင်ပူးလာတယ်။

ဗမာလို မပြောဘဲ တိုင်းရင်းသူအသံ နဲ့ ပြောလာတယ်။ မစ္စတာဂျွန်က ကောင်းကောင်း နားလည်ပါတယ်။

'မင်း... ဘာလို့ ဒီလို လုပ်ထားရ သလဲ'

လို့ မေးတော့...

'ကျွန်မ အခကြေးငွေရလို့ ဒီလို ပြုစားထားတာပါ။ ခိုင်းတဲ့သူက တိုင်းရင်းသားတစ်ယောက်ပါ။ သူက ဒီကောင်မလေးကို အဆောင်ခြံဝမှာ တွေ့ပြီး ချစ်နေတယ်။

ဒီကလေးမလေး အလယ်တန်း အောင်သွားရင် သူနဲ့ ဝေးသွားမှာစိုးလို့ ဒီကနေ ပြောင်းမသွားရအောင်၊ စာ ကျက်မရအောင် လုပ်ခိုင်းထားတာ'

ဖြစ်ကြောင်း ဝန်ခံလာတယ်။

'ကောင်းပြီ... အခု ဒီဝေဒနာတွေ နှင်ပြန်ယူသွား'

လို့ပြောပြီး နောက် ဒါမျိုး မလုပ်ဖို့ ရေမန်း မန်းပြီး သစ္စာရေ တိုက်လိုက်တယ်။

မိန်းကလေးရဲ့ ကျောပြင် လှန်ကြည့် လိုက်တော့ ကြိမ်အရိုးရာ (၃)ချက် ကြည့်နေရင်း တဖြည်းဖြည်း ပျောက် သွားတယ်။ သတိလဲ ဝင်လာတယ်။

ဝင်ပူးခံနေရတဲ့ မိန်းမကြီးနဲ့ ကလေး မလေးကို ရေမန်းတိုက်ပေးခဲ့တယ်။ အားလုံး ကျေးဇူးတင်စကား ပြောပြီး ဆရာကြီးကို ကန်တော့ပြီး ပြန်သွား ကြတယ်။

ဝေဒနာသည်တွေကို အခကြေးငွေ မယူတော့ နေ့စဉ်ရက်ဆက် ဆိုသလို သစ်သီးဝလံတွေ၊ အစားအသောက် တွေ လက်ဆောင်အဖြစ် လာကန်တော့ ကြတယ်။

ဒီနှစ်... နွေရာသီကျောင်းပိတ်ရက် ကလေးတွေ ကျောင်းပိတ်ရက်ရှည် ရလာတယ်။ မိသားစုဝင်တွေ၊ ဦးလေး အဒေါ်တွေနဲ့ အိမ်မှာ လူစည်ကားနေ ကြတယ်။ ခါတိုင်းလို ညနေစောင်းရင် တော့ ဝေဒနာသည်တွေ တစ်မျိုးပြီး တစ်မျိုး ရောက်လာတယ်။

စာရေးသူ အမေနဲ့ ညီအစ်မတွေ မအိပ်ကြဘဲ ဒယ်ဒီ ဆေးကုတာကို ထိုင်ကြည့်ကြတယ်။ မျက်လှည့်ဆရာ တစ်ဦး မျက်လှည့်ပြတာ ကြည့်ရသလို ပဲတဲ့။ ခေါင်းအရမ်းကိုက်နေတဲ့ ဝေဒနာ သည်တစ်ဦးကို ဒယ်ဒီက ရေမန်းတိုက် ခေါင်းကို ရိုက်ချလိုက်တာ ဝေဒနာ သည်တွေရဲ့ နှာခေါင်း, ပါးစပ်, နားတွေ ထဲကနေ မီးခိုးတွေ ထွက်လာတယ်။

မီးခိုးတွေပျောက် ဝေဒနာလဲ ပျောက်သွားတယ်။ အဲဒါ သူ့ကို ချစ်လို့ (သို့မဟုတ်) မုန်းလို့ ဆေးလိပ်တိုက်ပြီး ပြုစားထားတာလို့ သိရတယ်။

နောက်တစ်ဦးက ဗိုက်အောင့်လို့

www.burmeseclassic.com



ရောက်လာတယ်။ ရေမန်းတိုက်ပြီး အန်ချခိုင်းတော့ ထွေးခံထဲကို အန်ချ တယ်။

ထွေးခံထဲမှ ကွမ်းအယာမပျက် ဖြေကြည့်တော့ အထဲမှာ ဆံပင်ချည် (၇)ထုံး ထုံးထည့်ထားတာ တွေ့ရ တယ်။ ဒါ ကွမ်းယာကျွေးပြီး အပင်း သွင်းထားတာလို့ စာရေးသူ အမေ ညီမတွေ မျက်မြင်တွေ့ကြရတယ်။

နောက် လူငယ်တစ်ယောက်ကျ တော့ အန်ချခိုင်းတာ ထွေးခံထဲမှာ အမဲသားတုံးတစ်တုံး အမွေးအမှင်တွေ ပေါက်နေတာ တွေ့ရတယ်။

စာရေးသူအမေတို့လဲ မျက်လုံး အပြူးသား ဖြစ်နေကြတယ်။ နောက် ကောင်လေး တစ်ယောက်ကျတော့ ထွေးခံထဲမှာ အသုဘအခေါင်းရိုက် သံချောင်းတွေ အဆက်မပြတ် အန်ချ တာ တွေ့ခဲ့ကြရတယ်။

ဒါတွေဟာ ချစ်လို့သော် လည်း ကောင်း၊ မုန်းလို့သော်လည်းကောင်း ပညာစမ်းချင်လို့သော် လည်းကောင်း စုန်းကဝေ မှောက်လုံးမှောက်ပြား ခေါ် တဲ့ ပညာသည်တွေက အပင်းသွင်း ပြုစားထားတာတွေ။

ဒယ်ဒီက တစ်ဆက်တည်း ဆေးရုံ ရောက်ပြီး ဗိုက်ခွဲလိုက်ရတဲ့ လူငယ် တစ်ယောက်ကျတော့ ဗိုက်ထဲမှာ ခုံဖိနပ်တစ်ဖက် ထွက်လာကြောင်း။ အမျိုးသမီးတစ်ယောက်ကို လိုက် နှောင့်ယှက်သလို ချစ်ကြောင်းတွေ နေ့စဉ် ပြောနေတယ်။ အမျိုးသမီးက တစ်နေ့ ခုံဖိနပ် ထောင်ပြလိုက်တယ်။

အဲဒီနေ့ညကစပြီး ဗိုက်အောင့်တယ် အောင့်တယ် ပြောပြီး ဆေးရုံတက် ဗိုက်ခွဲလိုက်တော့ အဲဒီ အဖြစ်မျိုး တွေ့ခဲ့ရတယ်။

သမီးတို့ မြင်တဲ့အတိုင်းပဲ ပညာ သည်တွေဟာ အမျိုးစုံ သူတို့ တတ်တဲ့ ပညာတွေနဲ့ ပြုစားတယ်။ အပင်းသွင်း တယ်။ ဒယ်ဒီကိုလဲ ရန်ပြန်တယ်။ တိုက်ခိုက်တယ်။

ဒယ်ဒီက ရထားတဲ့ (၉)လုံးပုတီး ရယ်၊ စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေ ရယ်၊ ကျင့်ကြံနေတဲ့ တရားဓမ္မတွေ ကြောင့် ဒယ်ဒီကို မယှဉ်နိုင်ကြဘူး။

တစ်နေ့... ဒယ်ဒီ သူငယ်ချင်းတွေ ခေါ်လို့ အမဲပစ်လိုက်သွားခဲ့တယ်။ တောင်စောင်းလေးနား ရောက်တော့ သစ်ပင်တစ်ပင်မှာ မှီပြီး သေနတ်ကို ထောင်ထားတယ်။

ပြန်ထမယ်လုပ်တော့ သစ်ပင်နဲ့ သေနတ်က ဆွဲခွာလို့ မရတော့ဘူး။ သစ်ပင်နဲ့ တစ်သားတည်း ကပ်နေ တယ်။

တောင်ကုန်းပေါ် လှမ်းကြည့်လိုက် တော့ အမည်းဝတ်စုံ ဝတ်ထားတဲ့ ကဝေမ ဒယ်ဒီကို ပညာစမ်းတာဖြစ် တယ်။

ဂါထာတစ်ခု (၉)ခေါက် ရွတ်ပြီး မြေကြီးကို ဖနောင့်(၃)ချက် ပေါက် လိုက်ရော တောင်ကုန်းပေါ်ကနေ ဒယ်ဒီခြေရင်းကို လိမ့်ကျလာတယ်။ ဒယ်ဒီက...

'မင်းပညာ ဒါ အကုန်ပဲလား' လို့ မေးတော့...

'ကြောက်ပါပြီ ဆရာကြီးရယ်... နောက်မလုပ်တော့ပါဘူး'

လို့ ရှိခိုးတောင်းပန်တယ်။

'နောက် ဒါမျိုးမလုပ်နဲ့'

လို့ ပြောပြီး ဆုံးမစကား ပြောလိုက် ရတယ်။

ဒီအချိန် ဒီနေရာ ဒီဒေသတွေမှာ ပညာသည်တွေ ပေါမှပေါ။ သတိအမြဲ ရှိနေရတယ်။

သူငယ်ချင်း အင်္ဂလိပ်တွေ အမဲပစ်ဖို့ ခေါ်ရင် ဒယ်ဒီ မဖြစ်မနေ လိုက်ရ တယ်။ ဒီတောတွေထဲ ဝင်ရင်တော့ လူစုခွဲပြီး တစ်ယောက်တည်း အမဲ မပစ်တော့ဘူး။ အလိုက်သင့် နေလိုက် တယ်။

ဒယ်ဒီက ဒီလိုအကြောင်းတွေ ပြော ပြတော့ မာမီကလဲ သမီးတို့ ကျောင်း မပိတ်ခင်က ဆေးကုပေးရတဲ့ ဝေဒနာ သည်တွေအကြောင်း ပြောပြတယ်။

တစ်ခါကလဲ အမျိုးသမီး (၂) ယောက် အိမ်ရှေ့မှာလာပြီး...

'ယောလုံချည်တွေ ဝယ်ကြဦး မလား'

ဆိုပြီး အော်နေတယ်။ မာမီက "လာပါဦး" လို့ပြောတော့ မသိချင်ဟန် ဆောင်ပြီး ထွက်သွားတယ်။ ဆရာကြီး အိမ် ဖြစ်နေမှန်းသိလို့ ရှောင်သွားကြ တာလေ။

စာရေးသူအမေ ညီမတွေ ရှိနေတုန်း ကြွက်နားရွက်သုပ်စားဖို့ မာမီက ဝယ်လာတယ်။ အားလုံး အဆင်သင့် ဖြစ်လို့ သုပ်စားခါနီး နယ်လိုက်တော့ လောက်တွေ တဖွားဖွား ထွက်လာ တယ်။

ဒါ... ဆရာကြီးအိမ်ကမှန်းသိလို့ ပညာစမ်းလိုက်တာပဲဆိုပြီး ဘုရား ခန်းထဲက ဒယ်ဒီစိပ်ပုတီးကိုယူ လက် မှာပတ်ပြီး နယ်လိုက်တာ လောက်

www.burmeseclassic.com

တွေ ပျောက်သွားတာ တွေ့ခဲ့ကြရတယ်။

မာမီက စားရဲတဲ့သမီးတွေ စားကြဆိုတော့ ညီအစ်မတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး "**ဆရာကြီးအမိန့်**"လို့ တစ်ပြိုင်တည်း အော်လိုက်ပြီး စားခဲ့ကြတယ်။

ဘာပဲစားစား၊ ဘာပဲလုပ်လုပ် "**ဆရာကြီးအမိန့်**"ပြောပြီး စားကြသွားကြဖို့ ဒယ်ဒီ မှာထားတဲ့အတိုင်း လုပ်ခဲ့ရတယ်။

အဲဒီအချိန် ဈေးဝယ်သွားရင် သူတို့ကို ဈေးမေးဈေးဆစ်ပြီး မဝယ်မိခဲ့ရင်တော့ အိမ်ရောက်တာနဲ့ မူးသလို မိုက်အောင့်သလိုလို ခံစားကြရတယ်။

မာမီကတော့ စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေရင် ဒယ်ဒီ ရေမန်းတို့ ပုတီးတို့ကို ဆွတ်ခြင်း၊ ဖျန်းခြင်း၊ နဖူးမှ သပ်ချခြင်းတို့ကို လုပ်ရတယ်။ အဓိကတော့ အိမ်က ဈေးဝယ်တဲ့ အဝယ်တော်တွေ၊ ဘိုင်ကုလားတွေပေါ့။

စာရေးသူအမေ အပါအဝင် ညီမလေးယောက်ကတော့ သတ္တိခဲတွေ ဘာမှ မကြောက်။ ဒယ်ဒီရှိနေတာကိုး။ ဒယ်ဒီက ရောဂါဝေဒနာသည်တွေ မရှိတဲ့နေ့ သမီးတို့တွေ လာကြဦးခေါ်ပြီး ဘိုင်ကုလားကြီးကို လက်ကိုင်မှန်တစ်ချပ်ယူပြီး...

'မင်းရုပ်ပုံကို မှန်ထဲမှာကြည့်စမ်း'

လို့ ပြောတော့ ဘိုင်ကုလားကြီးက ကြည့်ပြီး...

'မစ္စတာဂျွန် မလုပ်ပါနဲ့။ ကြောက်ပါပြီ'

လို့ ပြောတယ်။ တကယ်က မှန်ထဲက ရုပ်ပုံထဲမှာ ခေါင်း မီးတွေလောင်နေပြီး မီးခိုးတွေ ထွက်လာသတဲ့။

ဒယ်ဒီက ရယ်ပြီး "သမီးတို့တွေ သူ ဘာဖြစ်တာလဲ သိလား"လို့ မေး



တော့ ဘိုင်ကုလားကြီးက ကျွန်တော့်ခေါင်းမီးတွေ လောင်နေတာ တွေ့ရကြောင်း ပြောပြတယ်။

အဲဒါတွေဟာ စုန်းကဝေ ပညာသည်တွေ ချက်ချင်းလုပ်ယူလို့ ရတယ်တဲ့။ မျက်စောင်းထိုး ခြေရာကောက် ဆိုတာတွေဟာ စုန်းကဝေ မောက်လုံး မောက်ပြားခေါ်တဲ့ ပညာသည်တွေအတွက် သိပ်တော့ မဆန်းလှပါ။ သာမန်လူ ရိုးရိုးလူအတွက်တော့ အဆန်းတကြယ်ပါပဲ။

ဒယ်ဒီက ဒါတွေနဲ့ ပညာပြိုင်၊ ပညာအစမ်းခံရ၊ ရိုက်ရ၊ နှက်ရနဲ့ နေ့စဉ်ရှိနေပါပြီ။

အိမ်နီးနားချင်း အင်္ဂလိပ်ဗိုလ်ကြီး မစ္စတာအယ်လင်ကတော့ "မစ္စတာဂျွန် ညဘက်...ညဘက် မျက်လှည့်ပြနေသလား"၊ ဒယ်ဒီ ပြန်မလာသေးရင် "မျက်လှည့်ဆရာကြီး ပြန်မလာသေးဘူးလား"လို့ အမြဲ လှမ်းစ,တယ်။

မစ္စတာအယ်လင်က မိသားစု(၃)ယောက် သမီးပျိုလေး တစ်ယောက်နဲ့ အင်္ဂလန်က လာအလုပ်လုပ်နေတဲ့ အရာရှိဖြစ်တယ်။

မြန်မာနိုင်ငံက ဒီလို ပညာသည်တွေ အကြောင်း မမြင်ဘူး၊ မကြားဘူးသေးတော့ ပြောပြလဲ ယုံမှာမဟုတ်ဘူး။

ဒယ်ဒီက ပြောပြပေမယ့် အိမ်နီးချင်းဆိုတော့ သမီးတွေကို မခံချင်အောင် အမြဲ စနေ့ကြ။

"မျက်လှည့်ဆရာကြီး သမီးတွေ ဘယ်ရောက်နေလဲ၊ ပုန်းမနေကြနဲ့နော်"လို့ အမြဲ အသံကျယ်ကြီးနဲ့ အိမ်ဝကနေ အော်...အော်ခေါ်စတယ်။

မကြာပါ။ ဒီနေ့တော့ မစ္စတာအယ်လင်ကြီး ဒယ်ဒီနဲ့ အလုပ်က အတူပြန်လာရင်း အိမ်ရောက်တော့ အိမ်တက်ပြေးလာတယ်။ အင်္ဂလိပ်လို အော်ပြောတာ ကြားလိုက်ရတယ်။

"Please help me"

'ကျေးဇူးပြုပြီး ငါ့ကို ကူညီပါ မစ္စတာဂျွန်။ ငါ့အိမ်က ဇနီးနဲ့သမီး စကားလဲမပြော ခေါ်ပြောလဲမရ ကြောင်တောင်တောင်ဖြစ်ပြီး အိမ်က ပိုက်ဆံသေတ္တာ ရွှေငွေပစ္စည်းတွေလဲ မရှိတော့ဘူး။ ဓားပြလား၊ အနှုကြီးလား၊ သူခိုးလား ဘာတွေဖြစ်ကုန်ပြီလဲ ကယ်ပါဦး'

လို့ ပြောတော့ ဒယ်ဒီက ပညာသည်တွေတော့ ဝင်မွှေသွားပြီလို့ သိလိုက်တယ်။

'ငါက မျက်လှည့်ဆရာလေ၊ မင်းကို ငါ ဘာလို့ ကူညီရမှာလဲ'

'ကယ်ပါဦး သူငယ်ချင်းရာ၊ မင်းပြောသလို မျက်လှည့်နဲ့ လုပ်သွားတာလား'

ငိုသံပါကြီးနဲ့ ဒူးထောက်ပြီး ဒယ်ဒီ ခြေထောက်ဖက်ပြီး အကူအညီတောင်းလာတယ်။

ဒီတော့မှ ဒယ်ဒီက ပြုံးပြီး...

'မင်းကို ပညာသည်တွေ တစ်ဦးဦး တစ်ခုခု လုပ်သွားတာ။ ကြာပါတယ်။ အခု မင်း ကားအမြန်ထုတ် မြို့ပြင်ကို လိုက်သွားပြီး မိုင်တိုင်(၁၅)လောက် ရောက်ရင် အမည်းဝတ်စုံနဲ့ မိန်းမ(၂)ဦးကို တွေ့လိမ့်မယ်။ ဆရာကြီးအမိန့် ငါနဲ့လိုက်ခဲ့လို့ ပြောပြီး ခေါ်လာခဲ့။ သူတို့ (၂)ယောက်က မင်းရဲ့ အိမ်[illegible] တရားခံတွေပဲ။ ဒီရောက်ရင် မင်း နားလည်သွားလိမ့်မယ်။ အမြန်သွားတော့'



www.burmeseclassic.com

www.burmeseclassic.com

မစ္စတာဂျွန် စကားဆုံးတာနဲ့ မစ္စတာအယ်လင်လဲ အပြေးလိုက်တော့တာပဲ။

တကယ်တော့ ဒယ်ဒီက အာရုံနဲ့ ဒီ(၂)ယောက်ကို ခြေချုပ်နဲ့ ဖမ်းထားလိုက်တာလေ။

ဒီပညာသည်နှစ်ယောက် မိုင်တိုင်(၁၅)လောက်မှာ မယောင်မလည်နဲ့ ဖြစ်နေလို့ မစ္စတာအယ်လင်လဲ မစ္စတာဂျွန် ပြောခဲ့တဲ့အတိုင်း ပါအောင်ခေါ်လာနိုင်တယ်။

အိမ်အဝကို ရောက်လာတော့ တိုင်းရင်းသားဘာသာစကားလို့ အော်ပြီး **"မဝင်ပါရစေနဲ့"** လို့ တောင်းပန်တယ်။ ဒယ်ဒီက **"ဆရာကြီးအမိန့်ဝင်ခဲ့"** လို့ ပြောပြီး ဘေးလွယ်အိတ်တစ်လုံးစီ လွယ်ထားတဲ့ အမျိုးသမီး(၂)ယောက်ကို အိမ်ထဲဝင်ခွင့်ပြုလိုက်တယ်။ အိမ်ထဲ ရောက်တော့ ဒယ်ဒီက ဘာမှ မလုပ်ရသေးဘဲ...

'နောက် ဒီလိုမလုပ်တော့ပါဘူး ဆရာကြီးရယ်၊ ချမ်းသာပေးပါ'

လို့ အကြိမ်ကြိမ် အော်ပြောနေကြတယ်။

'ကောင်းပြီ ဒီရေမန်း(၂)ခွက် တစ်ယောက်တစ်ခွက်စီ သောက်ကြ။ နောက် နင်တို့တွေ ကောင်းရောင်းကောင်းဝယ် လုပ်စားကြ။ ဒီအလုပ်တွေကို ဒီနေ့ကစပြီး စွန့်လွှတ်ကြတော့'

လို့ ပြောပြီး ပြောပြောဆိုဆိုနဲ့ နဖူးကို တစ်ချက်စီ လက်ဝါးနဲ့ အုပ်ရိုက်လိုက်တယ်။

'ကြောက်ပါပြီ ဆရာကြီးရယ်'

လို့ ပြောပြီး (၂)ယောက်သား ဦးချကန်တော့ကြတယ်။ ပါလာတဲ့ လွယ်အိတ်တွေကို သွန်ချလိုက်တော့ တစ်အိတ်က ယောလုံချည် (၄,၅)ထည်နဲ့၊ တစ်အိတ်က ရွှေတွေ,ငွေတွေ၊



တစ်အိတ်က အထူးပြုလုပ်ထားတဲ့ အင်းအိုင်လက်ဖွဲ့ ပြစားဖို့ အသင့်လုပ်ထားတဲ့ အရုပ်မျိုးစုံ အစားမျိုးစုံ တွေ့ရတယ်။

ဒယ်ဒီက ပညာသည်တွေရဲ့ ပစ္စည်းတွေကို အားလုံး သိမ်းလိုက်တယ်။ ကျန်တဲ့ ရွှေ,ငွေတွေကို ရဲလက်အပ်ပြီး မစ္စတာအယ်လင်လဲ သူ့ပစ္စည်းတွေ ပြန်ရသွားတယ်။

ပညာသည်တွေလဲ ယောလုံချည် လက်ကျန်(၄,၅)ထည် ယူပြီး ပြန်သွားကြတယ်။

နောက်တစ်နေ့ အားလပ်ရက်မှာတော့ မစ္စတာအယ်လင်နဲ့ ဒယ်ဒီတို့ ဧည့်ခန်းမှာ စကားပြောနေကြတယ်။

မိသားစုတွေ ညနေစာ ထမင်းစားလာဖိတ်ရင်းနဲ့ အာလာပသလ္လာပတွေ ပြောကြတယ်။

ဒီပညာသည်နှစ်ယောက်က ဟိုးတစ်ပတ်,နှစ်ပတ်လောက် ကတည်းက ယောဂီလုံချည် လျှောက်ရောင်းနေတာ သိရတယ်။

'တို့အိမ်ဘက် ဝင်မရတော့ မင်းအိမ်ကို ဝင်ပြီး လိမ်သွားတာပဲ။ တို့ဆီမှာ ဆေးပညာ, မန်းဆေး,သောက်ဆေးတွေ ရှိနေသလို၊ ပြစားဖို့ စိတ်ကို လှည့်စားဖို့ နည်းမျိုးစုံ ပညာမျိုးစုံတွေ ရှိနေတယ်။ မင်းတို့အနေနဲ့တော့ မျက်လှည့်ပြနေသလို ခံစားနေရမှာပေါ့။ ဒါတွေက တို့ဆီမှာ ယုံလို့မရဘူး။ မျက်စိကို လှည့်သလို စိတ်ကို ညှို့ပြီး လှည့်စားတဲ့ နည်းတွေပဲ။ ဆန်းကြယ်ကြတယ်'

ဒယ်ဒီက ပညာသည်တွေဆီက ရထားတဲ့ ပစ္စည်းတွေ၊ အမျိုးသမီး(၂)ယောက်ဆီက ရထားတဲ့ ကြိုတင်ပညာနဲ့ စီစဉ်ထားတဲ့ ဝတ္ထုပစ္စည်းတွေကို မီးရှို့ပြာချပြီး လူရုပ်လို အရုပ်တစ်ခု ရွှံ့ရုပ်ကြီး လုပ်ထားတယ်။

အဲဒီအရုပ်က ဒယ်ဒီအတွက် ဆရာဝန်တွေ ကိုင်တွယ်နေကျ နားကြပ်ကိရိယာလိုပဲ။ ဝေဒနာ ခံစားလာတဲ့ သူတွေရဲ့ ကိုက်ခဲနာကျင်နေတဲ့ နေရာကို တင်လိုက်,ဖိလိုက်ရင်...

'အောင်မယ်လေး... ကြောက်ပါပြီ၊ ကျွန်တော့်ကို ကျွန်မကို ကျောက်တုံးကြီးနဲ့ ဖိထားတယ်'

လို့ အော်ရင်တော့ ဒါ ပညာသည်တွေရဲ့ လက်ချက်ပဲ။ ကျန်တဲ့အပိုင်းက ဒယ်ဒီနဲ့ ပညာသည်နဲ့ ပညာပြိုင်ကုကြရတယ်။

စီမံထားတဲ့ ရွှံ့အရုပ်ကြီး တင်လိုက်လို့ ဘာမှ မအော်ဘဲနေရင် ရိုးရိုးဖျားနာ ကိုက်ခဲဝေဒနာလို့ ခွဲခြားလို့ရတယ်။ ဆေးရုံက ဆရာဝန်ဆီ သွားပြပေါ့။

ဒါကြောင့် ဒီစီမံထားတဲ့ ရွှံ့အရုပ်ကြီးက ဒယ်ဒီရဲ့ နားကြပ်တစ်ခုလို အရမ်းအသုံးဝင်တယ်လို့ စာရေးသူရဲ့ မိခင်ကြီးက ဒယ်ဒီ ရောဂါသည်တွေ စမ်းသပ်တိုင်း မြင်တွေ့ရကြောင်း ပြောပြတယ်။

ဒီလိုနဲ့... မြန်မာနိုင်ငံကို ဂျပန်တွေ သိမ်းပိုက်ဖို့ စစ်ဖြစ်တော့ ဘီအိုင်အင်္ဂလိပ်ဝန်ထမ်းတွေလဲ စစ်ပြေး စစ်ရှောင်ကြရပြီ။ ဒီထဲမှာ မစ္စတာဂျွန်လဲ အပါအဝင်ပဲ။ စာရေးသူ အသွားလဲ

www.burmeseclassic.com

ဆုံးပါးခဲ့ရတယ်။

အင်္ဂလိပ်အရာရှိတွေ လိုက်ဖမ်းတော့ ဒယ်ဒီကို ဖမ်းမိတယ်။ အင်္ဂလိပ်ဘက်တော်သားဆိုပြီး စွပ်စွဲသတ်ဖြတ်ဖို့ စီစဉ်တယ်။

လုံ့စွပ်နဲ့ ပေါင်ကို ဆွပြီး ထိုးပြီး မေးတယ်။ နောက်တော့ ဘီအိုစီ အင်ဂျင်နီယာ မြန်မာနိုင်ငံသားမှန်း သိတော့မှ စက်ရုံလည်ပတ်ဖို့ ဆေးကုပြီး ခေါ်သွားတယ်။

သမီးတွေကတော့ နယ်မှာ စစ်ပြေးနေရတယ်။ ဂျပန်တော်လှန်ရေး စ,ပြန်တော့ ဒယ်ဒီက တော်လှန်ရေး ခေါင်းဆောင် ဖြစ်ရပြန်ရော။

နောက်... လွတ်လပ်ရေး ရပြီး တော်လှန်ရေးကောင်စီ တက်တော့ မော်ကွန်းဝင် ပထမအဆင့်ကို ရခဲ့တယ်။

**နောက်ဆက်တွဲ**
**စာတ်ကြောင်း လေး**
**အပ်ဖြဲပါရစေ...**

ဒယ်ဒီနဲ့ အလုပ်တွဲလုပ်ခဲ့တဲ့ အရာထမ်း,အမှုထမ်းတွေလဲ ဗိုလ်မှူးကြီးတွေ၊ ဝန်ကြီးတွေ ဖြစ်ကုန်ကြတယ်။ ဒယ်ဒီက Dr. of Eng:ဘွဲ့ ရပြီး အစိုးရဝန်ထမ်း မလုပ်တော့ဘဲ ရေနံကိုယ်စားလှယ်ဘဝနဲ့ နေခဲ့တယ်။

စက်မှုတက္ကသိုလ်တက်မယ့် သူငယ်ချင်းသားသမီးတွေ၊ နိုင်ငံခြားသွားမယ့်သူတွေကို အထောက်အကူပြုတဲ့ ပညာရပ်တွေ စေတနာ့ဝန်ထမ်းအနေနဲ့ သင်ပြပေးနေတယ်။

ဒယ်ဒီကို သေနတ်ပစ် ဝါသနာပါမှန်း သိလို့ ဝန်ကြီးတစ်ဦးက ပစ္စတိုတစ်လက် လက်ဆောင်ပေးထားခဲ့တယ်။

အမဲပစ်သေနတ်တွေ၊ (၂)လုံးပြူး သေနတ်နဲ့ ကိုင်နေကျ ခြောက်လုံးပြူး သေနတ်တွေတော့ ဒယ်ဒီက အစိုးရကို အပ်လိုက်တယ်။

ဒီလို နေခဲ့ပေမယ့် တစ်ချိန်က ဒယ်ဒီအကြောင်းတွေကို ဂဃနဏ သိထားတဲ့ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေရဲ့ သားသမီး ဖနီးမိန်းမတွေက ဘီအိုစီမန်နေဂျာ မစ္စတာဂျွန်ဘဝတုန်းက ပယောဂသည်တွေ ကုခဲ့တဲ့အကြောင်း...

ဆရာကြီးတစ်ဆူဘဝနဲ့ အကြားအမြင် ရခဲ့ကြောင်းတွေ၊ အစွမ်းတွေ ရှိနေကြောင်း လူကြီးအသိုင်းအဝိုင်းထဲကနေ ကြားသိရတဲ့အတွက် ဗေဒင်သဘောနဲ့ လာမေးကြတယ်။ ဒယ်ဒီက "ငါ ဗေဒင်ဆရာ မဟုတ်ပါဘူး" ဆိုပြီး အဖြစ်မှန်ကို ရှင်းပြခဲ့တယ်။

ဘယ်လို အစွမ်းတွေ ရခဲ့တယ်၊ ဆေးကုခဲ့တယ်၊ ပညာသည်တွေနဲ့ တိုက်ခိုက်ခဲ့ရတာတွေကိုတော့ ရှင်းပြတယ်။

အစွမ်းတွေ ပြဖို့ကတော့ အဓိက ဂါထာမန္တန်တွေပဲ။ ဂါထာတွေကြောင့် ရေဆူစေတယ်။ မီးတောက်စေတယ်။

အသက်အေးဆိုပြီး ဂါထာရွတ်ရလို့ အသက်ကြီးလာပြီဖြစ်တဲ့ ဒယ်ဒီက တစ်နေ့ လူကြီးကတော်တွေကို ဖုက်မျှပွဲ(၃)ပွဲပြပြီး တစ်ပွဲစီပေါ်မှာ ဝါးနှီးသုပ်ထားတဲ့ အင်းချပ်တစ်ချပ်စီကို ဂါထာမန်းပြီး ဖနောင့်တစ်ချက် ပေါက်၊ အင်းချပ် မီးတောက်စေတယ်။

သူတို့လဲ အံ့ဩပြီး ကျေနပ်သွားတယ်။ အသက်ကြီးလာတာက တစ်ကြောင်း၊ ပညာသင်ယူလာတာ မဟုတ်ဘဲ ဓာတ်မြင့်ချိန်မှာ တောထဲမှာ ပုဂ္ဂိုလ်တစ်ဦးက ဝါးပြီးသားကွမ်း ခွံ့ကျွေးသွားတာရယ်၊ (၉)လုံးမြက်ပုတီးလေး ပေးသွားကြောင်း ပြောပြပြီး ဒီပညာတွေကို တစ်ဆင့် သင်ပေးလို့ မရတဲ့ အကြောင်း ရှင်းပြတယ်။

မမြင်ရတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေက အကုသိုလ်အလုပ် ရပ်ပြီး ကုသိုလ် အလုပ်ပေးခဲ့တာပဲ။

ဒီအကြောင်းတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀)ကျော်လောက်က တကယ်ဖြစ်ခဲ့ရတဲ့ စာရေးသူရဲ့ အဘိုးတွေကြုံခဲ့ရတဲ့ ဖြစ်ရပ် အမှန်တွေပါပဲ။

ဒီအဖြစ်မှန်တွေကို စာရေးသူ အရွယ်ရောက်ချိန်ကစပြီး အခါအခွင့်ကြုံတိုင်း အမြဲ ပြောပြနေတဲ့ သက်ရှိထင်ရှား ရှိနေဆဲဖြစ်တဲ့ မိခင်အိုကြီး (၈၆)နှစ်ပြည့်အား ဦးချကန်တော့လိုက်ရကြောင်း ရေးသားရင်းနဲ့ စာဖတ်သူပရိသတ်အပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေ။

လမ်းမတော် ကိုမျိုး

<u>စာရှုသူ...သုတေသီ...ပညာရှင်တို့ခင်ဗျာ...</u>

ဤဆောင်းပါးမှာ ၂၀၀၉ ခုနှစ်လောက်က ရရှိသော ဆောင်းပါးဖြစ်ပါသည်။ ထိုစဉ်က ဖော်ပြခွင့် မသာခဲ့ပါ။ ယခုမှ ဖော်ပြလိုက်ရသည်ကို စာရေးသူမှ သည်းခံခွင့်လွှတ်စေချင်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# နဂါးရုံဘုရားတော်ညွှန်ကြား

ပဋ္ဌာန်းဆက်များနှင့်တွေ့ဆုံခြင်း ဖြစ်ရပ်ဆန်း

စကြံတောင် သူတော်
(စဥ့်ကူးမြို့)

တစ်နေ့မှာ သရဏဂုံရွတ်ဖတ်ပူဇော်နေစဉ် စိတ်အာရုံထဲမှာ နဂါးရုံဘုရားကို မြင်ပြီး ဖူးနေရပါတယ်။ ညရောက်တော့ အေးချမ်းအောင်မြင်စေတီတော်ရဲ့ မြောက်ဘက် ရင်ပြင်တော်ပေါ်မှာ မတ်တပ်ရပ်လျက် ခန္ဓသုတ်(၉)ခေါက် ရွတ်ဖတ်ပူဇော်နေစဉ်မှာလဲ နဂါးရုံဘုရားပုံတော်ကို အာရုံထဲမှာ ထပ်မံဖူးမြော်ရပြီး ပီတိအဟုန်တွေ အားကြီးပြီး ကြက်သီးမွေးညင်းတွေတောင် ထလာမိတယ်။

နောက်(၃)ရက်လောက်နေတော့ သရဏဂုံရွတ်ရင်း အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ မောင်သူတော်ကိုယ်တိုင်ကြီးကြပ်ပြီး နဂါးရုံဘုရားတည်နေရတယ်လို့ အိပ်မက်မက်ပါတယ်။

နတ်တော်လပြည့်ကျော် (၄)ရက်နေ့မှာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မိဘဈေးနားမှ ဒေါ်သန်းသန်းဝင်းနှင့်အဖွဲ့ စကြံတောင်ပေါ်သို့ ဘုရားဖူးလာကြပါတယ်။

သူတို့နှင့်အတူ မိဘဈေးစည်ပင်မှ ဒေါ်ခင်ဝင်းလဲ ပါလာတယ်။ တောင်ပေါ်ရောက်တော့ တောတောင်

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့က စတယ်လို့ ဆိုရမှာပေါ့။

အဲဒီနေ့မှာပဲ ထူးထူးခြားခြား သရဏဂုံသုံးပါးကို တစ်နေ့ အခေါက်ရေ (၉၀၀၀) ရွတ်ဖတ်ပူဇော်ချင်သောသဒ္ဒါတရားစိတ်တွေ တအားထက်သန်စွာ ဖြစ်ပေါ်လာ၍ ဘယ်နှစ်ရက်၊ ဘယ်နှစ်လလို့ အဓိမဌာန်ဘဲ တစ်နေ့ကို သရဏဂုံ(၉၀၀၀)ရွတ်ဖတ် ပူဇော်ခဲ့သည်မှာ ယခု စာရေးနေစဉ်ထိ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သဘာဝရှုခင်းများကို လှည့်လည် ကြည့်ရှုပြီး ဘုရားစေတီ ပုထိုးများနဲ့ စိတ်ကြည်နူးစရာ၊ နေချင်စဖွယ် ကောင်းကြောင်း၊ တရားအားထုတ်ရင် လဲ သမာဓိရလွယ်နိုင်ကြောင်း ပြော ပြီး…

'ဒီတောင်ပေါ်မှာ နဂါးရုံဘုရား တည်ချင် တယ်။ မောင်သူတော်ဦးစီးပြီး နဂါးရုံဘုရား တည်ပေးပါလား'

လို့ ပြောတော့…

'ရပါတယ် တည်ပေးပါမယ်'

လို့ ပြောလိုက်ပါတယ်။ မောင်သူ တော်လဲ နဂါးရုံဘုရားတည်ရတဲ့ အိပ်မက်အကြောင်းပြောပြီး နဂါးရုံ ဘုရားတည်ချင်ကြောင်း ပြောလိုက်ပါ တယ်။

ဒေါ်ခင်ဝင်းခများလဲ နဂါးရုံဘုရား တည်ရတော့မယ်ဆိုပြီး ဝမ်းသာ ကြည်နူး ပီတိအပြုံးတွေ ဝေဆာစွာနဲ့ မန္တလေးပြန်ရောက်ပြီး နောက်နေ့ ချက်ချင်းပဲ ဘဏ်မှ ငွေလွှဲလိုက်ပါ တယ်။

မောင်သူတော်လဲ လက်ထဲ ငွေ ရောက်တာနဲ့ ပန်းရန်ဆရာ ရှာရပါ တယ်။ ပထမတွေ့သော ပန်းရန်ဆရာ ကို နဂါးရုပ်တု အတိုင်းအတာနဲ့ ရေကန် အကျယ်အဝန်းနဲ့ လုပ်ချင်သော အခြေအနေကို ပြောပြသောအခါ ရုပ်တုကို တစ်ပေ တစ်သိန်းနှုန်းနဲ့ (၄)ပေခွဲကို လေးသိန်းတောင်း၏။ ရေကန်(၁၂)ပေပတ်လည်ကို (၅၀၀၀၀) ကျပ် တောင်းပါတယ်။

မောင်သူတော်က စိတ်တိုင်းမကျ သေး၍ နောက်ထပ် ပန်းရန်ဆရာ ထပ်ရှာရန် စိတ်ကူးပြီး နဂါးသိုက်မှ သိုက်နန်းရှင်အပေါင်းတို့အား…

'ကျွန်မ၊ ချမ်းသာကျပါစေ၊ မေတ္တာပို့သံ များကိုလဲ ကြားသိကြပါစေ၊ နဂါးရုံဘုရားကို



ကုသိုလ်စေတနာ သဒ္ဓါတရား ထက်သန်ပြီး လက်ရာပြောက်စွာ တည်ပေးနိုင်တဲ့ ပန်းရန် ဆရာကို ပို့ဆောင်ပေးပါ'

လို့ မေတ္တာပို့ပြီး တိုင်တည်လိုက်၏။ ညနေစောင်းတော့ **ဆယ်ပင်ကျွန်းရွာ ကိုကေထံမှ** ဖုန်းဝင်လာပါတယ်။

'ဆရာလေး ပန်းရန်ဆရာ ငှား ပြီးပြီလား'

လို့ မေးတော့ မောင်သူတော်က အကျိုးအကြောင်း ပြောပြလိုက်ပါ တယ်။

'ဒါဆို ကျွန်တော်ရှာပေးမယ်၊ လက်ရာလဲ ပြောက်မှ ပြောက်'

'အေး… ဒါဆို ပန်းရန်ဆရာကို တောင်ပေါ်ခေါ်ရရင် ခေါ်ခဲ့ကွာ'

လို့ ပြောလိုက်၏။

နောက်နေ့နံနက်တွင် ကိုကေနှင့် ပန်းရန်ဆရာဦးသန်း ရောက်လာပါ တယ်။

'နဂါးရုံက (၅)ပေလောက်၊ ရေကန် က (၁၂)ပေပတ်လည်လောက် တည် ချင်တာဗျာ'

လို့ ပြောတော့ ပန်းရန်ဆရာက (၅)ပေလောက်ဆို သေးတာပေါ့လို့ ပြောပါတယ်။

ဒါနဲ့ မောင်သူတော်က…

'လုပ်ချင်တာကတော့ ကြည့်ကောင်းပြီး အကြီးကြီးလုပ်ချင်တာပေါ့ဗျာ၊ ရှိတဲ့ငွေနဲ့ တိုင်းတာပြီး လုပ်ရတာ'

လို့ ပြောလိုက်တယ်။ အဲဒီမှာတင် ပန်းရန်ဆရာက…

'နဂါးရုပ်မှာ (၅)ပေ အမြင့်ကို (၃)သိန်းခွဲပဲ ပေး။ ရေကန်က တစ်သိန်းကျော် တောင်း တာ ဒါပေမယ့် (၅)သောင်းပဲပေးပါ'

လို့ ဆရာသန်းက ပြောပါတယ်။

'ထမင်းတော့ ကျွေးနော်'

လို့ ဆရာသန်းက ထပ်ပြောပါတယ်၊ အဲဒီစကားသံကို ကြားရတော့ မောင်သူတော်လဲ စိတ်ချမ်းသာတော့ တာပေါ့။ ဒါနဲ့ မောင်သူတော်လဲ ပြာသို လပြည့်ကျော်(၈)ရက် ကြာသပတေး နေ့စမယ်လို့ ရက်သတ်မှတ်လိုက် တယ်။

အဲဒီနေ့မှာပဲ ပန္နက်ရိုက်ပြီး ဘုရား ရင်ပြင် အုတ်မြစ်ခံမှ ကြည့်ကောင်း မယ်ဆိုပြီး ဆရာသန်းက စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့် (၁၅'ပေ ×၂၀'ပေ)ပတ်လည် ရင်ပြင်အုတ်မြစ်၊ ရင်ပြင်ပေါ်တက်ရန် လှေကားထစ် (၅) ထစ်၊ လက်ရန်းတိုင်(၂)တိုင်၊ လက်ရန်း တစ်ဖက်၌ နဂါးတစ်ကောင်စီ၊ ကြာ ပန်းပုံရေကန် (၁၃')ပေပတ်လည်နဲ့ နဂါးရုံဘုရားကို စတင်တည်ပါတော့ တယ်။

နဂါးအမြင့်ကလဲ (၅)ပေမှ (၉')ပေ ဖြစ်လာပါတယ်။

'ဒါနဲ့ ဆရာသန်း ကြည့်လုပ်နော် အရှုံးပေါ်နေမယ်'

လို့ မောင်သူတော်က ပြောတော့…

'သူများလို ငွေမလှူနိုင်တော့ လုပ်အားနဲ့ လှူရတာမို့ လုပ်ပြီဆိုရင် ရှုံးရှုံး မရှုံးရှုံး တည့်မတွက်ပါဘူးဗျာ'

လို့ ပြောပါတယ်။

မောင်သူတော်ကလဲ မုန့်ဖိုးထပ်ပေး ပါမယ်လို့ ပြောတော့ ဆရာသန်းက

(စာမျက်နှာ (၂၆၁) သို့)



www.burmeseclassic.com

www.burmeseclassic.com



## သစ်ပင်ကြီး တည်နေရာ

ကျွန်တော် ဇာတိဖြစ်သော **ပြည်နယ်၊ ဘောလခဲမြို့တွင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်**နေချိန်ဖြစ်ပါသည်။

ဘောလခဲမြို့မှ ပွန်ချောင်းတံတားကို ကူးပြီးနောက် (၃)မိုင်ခန့်သွားလျှင် မိုင်းထမ်းရွာသို့ ရောက်ပါသည်။

မိုင်းထမ်းရွာမှ တောင်ဘက် တောလမ်းအတိုင်း မိုင်ဝက်ခန့်သွားပါက တောလမ်းဘေးတစ်နေရာတွင် အလွန်ကြီးမားသော နှစ်ရှည် သဖန်းပင်ကြီးတစ်ပင် ရှိပါသည်။

သဖန်းပင်ကြီးမှာ အကိုင်းအခက်များ ဝေဆာနေပြီး သဖန်းသီးများ သီးချိန်တွင် အပင်အောက်က ကျွန်တော်ဖြတ်သွားသည့်အခါ ကြွေကျနေသော သဖန်းသီးမှည့်များကို ကောက်ယူ စားလေ့ရှိပါသည်။

သဖန်းသီးမှည့်များမှာ ရဲရဲတောက်နေအောင် အရောင်လှသော်လည်း အရသာမှာမူ အဝါနင်ငယ်ချဉ်၍ စားမကောင်းပါ။

ဒေသခံတို့သည် သစ်လိုသည့်အခါ အနီးရှိ အခြားအပင်များကို ခုတ်လှဲ၍ အသုံးပြုကြသော်လည်း ထိုအပင်ကြီးကိုမူ အပင်လှဲရန် မဆိုထားဘိ၊ အကိုင်းပင် မခုတ်ရဲပါ။

သို့ဖြစ်၍သာ ထိုအပင်ကြီးသည် နှစ်ရှည်ပင်ကြီးအဖြစ် တည်ရှိနေခြင်း ဖြစ်ပါသည်။

# အဓိကကရု သစ်ပင်ကြီးကို

မောင်ဂင်း
(တံတားဦး)

ငြေထိုးစက်နှင့် ထိုးခဲ့သဖြင့် သတိပေးခံရပုံ ဖြစ်ရပ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

အပင်ကြီးအောက်တွင် ကျွဲနွားချည်ခြင်း၊ အညစ်အကြေးစွန့်ခြင်း မဖွယ်မရာပြုခြင်းတို့ကို မိဘဘိုးဘွားတို့ လက်ထက်ကစ၍ ရှောင်ရှားခဲ့သည်မှာ အစဉ်အလာလို ဖြစ်နေပါသည်။



## တစ်ဖက်ပိတ်ဆည် တည်ဆောက်ခြင်း

ကျွန်တော် တာဝန်ထမ်းဆောင်နေသည့် ဆောင်းရာသီတွင် သဖန်းပင်ကြီးကို ကျော်၍ (၃)ဖာလုံခန့် သွားရသောနေရာရှိလျှိုတစ်ခုကို ဆည်မြောင်းဌာနက မြေသားတမံပိတ်၍ တစ်ဖက်ပိတ် ဆည်လေး တည်ဆောက်နေရာ စတင်တည်ဆောက်သည်မှ ပြီးဆုံးသည်အထိ ကျွန်တော် မကြာမကြာ သွားကြည့်တတ်ပါသည်။

## မြေထိုးစက်မောင်းသူ အခြေအနေ

တမံပိတ်ရာတွင် မြေထိုးစက်မောင်းသူ၏ အမည်ရင်းကို မသိပါ။ အရပ်အခေါ် "ဖိုးခွား" ဟုသာ ခေါ်ပြီး လူငယ်ပိုင်းဖြစ်ကာ ဆည်မြောင်းဝန်ထမ်းမဟုတ်ပါ။

ဘူဒိုဇာ၊ ဂရေဒါတို့ကို မောင်းတတ်သောကြောင့် သစ်ထုတ်လုပ်ငန်း၊ ဆည်မြောင်း၊ ပဆင၊ ပုဂ္ဂလိက သစ်ကွင်းတို့တွင် သင့်လျော်သော အခစားဖြင့် လိုက်မောင်းနေသူဖြစ်ကြောင်း သိရပါသည်။

လူငယ်ဖြစ်ခြင်းကြောင့် သောက်သောက်စားစားရှိခြင်း၊ တဖွတ်ထိုး လုပ်တတ်ခြင်း၊ မလုပ်နဲ့ဆိုတာကို စမ်းလုပ်ချင်သောစိတ်ရှိသူ ဖြစ်ကြောင်း ကျွန်တော် မကြာမကြာ သွားနေ၍ သိထားပါသည်။

မြေထိုးစက်မောင်းသူကို ကြီးကြပ်၍ ဆည်ကို တာဝန်ယူ ဆောင်ရွက်နေသူမှာ ဆည်မြောင်းဝန်ထမ်းတစ်ဦးဖြစ်ပြီး သူကတော့ ပြဿနာတစ်စုံတစ်ရာမရှိ အေးဆေးစွာ နေတတ်သူဖြစ်ပါသည်။

ထိုသူတို့သည် ကျေးရွာမှ စီစဉ်ပေးသော နေအိမ်တစ်လုံးတွင် နေထိုင်ကြပြီး ညနေ အလုပ်သိမ်းချိန်တွင် လုပ်ငန်းခွင်မှ သဖန်းပင်ကြီးလမ်းအတိုင်း မြေထိုးစက်ကို ရွာတွင်းသို့ မောင်းဝင်လာလေ့ရှိပါသည်။

သဖန်းပင်ကြီးရှိသော လမ်းမှာ လှည်းလမ်းမျှသာဖြစ်ရာ အချို့နေရာများတွင် မြေထိုးစက် လွတ်လွတ်ကျွတ်ကျွတ်သွားရန်ပင် အခက်အခဲရှိပါသည်။

## သဖန်းပင်ကြီးကို စက်နဲ့ထိုး

တစ်ညနေ လုပ်ငန်းသိမ်းချိန်ဖြစ်ပါသည်။ စက်မောင်းသည် မြေထိုးစက်ကို လုပ်ငန်းခွင်မှ မိုင်းထမ်းရွာထဲသို့ မောင်းဝင်ခဲ့ပါသည်။

လုပ်ငန်းခွင်မှ မထွက်ခွာမီ အနီးတောထဲတွင် ကျေးငှက်များပေါသဖြင့် မကြာမကြာ ငှက်လာပစ်လေ့ရှိသော အသက်(၁၀)နှစ်ဝန်းကျင်ရှိ မိုင်းထမ်းရွာသား ကလေးငယ်(၂)ဦးသည် ရွာတွင်းပြန်လိုက်လိုသဖြင့် ယင်းတို့ကို စက်မောင်းက စက်ပေါ် တင်ခေါ်ခဲ့ပါသည်။

မြေထိုးစက် ထွက်လာစတွင် ကလေးငယ်တစ်ဦးက စက်မောင်းအား...

'ကိုကြီး ဟိုနားက သစ်ပင်ကြီးရောက်ရင် ရှောင်မောင်းနော်၊ သစ်ပင်ကြီးနဲ့ မထိမိစေနဲ့'

ဟု စိုးရိမ်စိတ်ဖြင့် ပြောပါသည်။ ထိုအခါ စက်မောင်းက...

'ထိတော့ ဘာဖြစ်မှာလဲ'

ဟု မေးရာ ကလေးငယ်က...

'ဘာဖြစ်လဲတော့ မသိဘူး။ သားတို့ အဲဒီအပင်ကြီးကို ကြောက်တယ်၊ ရွာက လူတွေက အဲဒီအပင်ကြီးကို ဘယ်သူမှ မခုတ်ရဲဘူး'

ဟု ပြောရာ စက်မောင်းက...

'မင်းတို့ ရွာသားတွေ ကြောက်ပေမယ့် ငါမကြောက်ဘူး'

ဟု ပြောပါသည်။ စက်မောင်း၏ နဂိုဗီဇမှာ မလုပ်နဲ့ဆိုလျှင် ပိုလုပ်ချင်သောစိတ်ရှိသူ ဖြစ်သည်။

သို့ကြောင့် သဖန်းပင်ကြီးနားအရောက်တွင် မြေထိုးဂေါ်ကို သဖန်းပင်ကြီးနား ကပ်ကာ သဖန်းပင်ကြီး၏ အခြေ မြေသားအချို့ကို မြေထိုးစက်ဖြင့် ထိုးလိုက်ရာ မြေသားအချို့နှင့် ဘေးသို့ ထွက်နေသာ အမြစ်စအချို့ ပြတ်ပါသွားပါသည်။

သို့ရာတွင် သဖန်းပင်ကြီးမှာ ကြီးမားခြင်း၊ စက်မောင်းကလည်း သစ်ပင်ကြီးကို တည့်တည့်မထိုးဘဲ အမြစ်၏ နုတ်ခမ်းနားကိုသာ ထိုးသဖြင့် သစ်ပင်ကြီးမှာ ကြီးကြီးမားမား ထိခိုက်ခြင်း

www.burmeseclassic.com

မရှိခဲ့ပါ။

မြေထိုးစက်နှင့် ထိုးပြီးနောက် စက်မောင်းက...

'ငါထိုးတော့ ဘာဖြစ်သေးလဲ'

ဟု ပြောရာ ကလေးငယ်များက ကြောက်လန့်ပြီး ဘာမျှမပြောတော့ပါ။

စက်မောင်းသည် တည်းခိုသည့် အိမ်ရောက်လျှင် တစ်နေ့လုံး ပင်ပန်းလာသမျှကို အရက်ဖြင့် ဖြေဖျောက်ကာ ညနေစာစား အိပ်ရာဝင်ခဲ့ပါသည်။

## ခြေလက်များ မလှုပ်နိုင်

စက်မောင်းသည် မနက်အိပ်ရာမှ နိုး၍ ကုန်းထသောအခါ မထနိုင်တော့ဘဲ စကားလဲ ပီပီသသ မပြောနိုင်တော့ပါ။ ဆည်မြောင်းဝန်ထမ်းက လေဖြတ်သည်ထင်၍ ဘောလခဲဆေးရုံသို့ ပို့ရန် ကျေးရွာလူကြီးများထံ အကူအညီတောင်းပါသည်။

ဆည်မြောင်းဝန်ထမ်း . စဉ်းစားမိသည်မှာ စက်မောင်းသည် အသက်အရွယ်ငယ်သူဖြစ်ပြီး ကျန်းမာရေးလည်း ကောင်းမွန်သူဖြစ်၍ လေဖြတ်ရန်မှာလည်း လွန်စွာ ရာနှုန်းနည်းပါးပါသည်။ ဘာကြောင့် ခုလို ဖြစ်ရတာလဲ ဟု စဉ်းစားမရအောင် ဖြစ်နေပါသည်။

ထိုအချိန်တွင် ယင်းတို့ တည်းခိုသောအိမ်၏ မျက်စောင်းထိုး နေအိမ်မှ ညနေပိုင်း မြေထိုးစက်နှင့်အတူ လိုက်ခဲ့သော ငှက်ပစ်သူ ကလေးငယ်သည် လူကြီးများ စုရုံးရာသို့ ရောက်လာပြီး စက်မောင်း အိပ်ရာထဲက မထနိုင်ကြောင်း သိသောအခါ မည်သို့ စိတ်ကူးပေါက်သည်မသိ...

'အဲဒီကိုကြီး မနေ့ညနေက ရွာပြင်က သဖန်းပင်ကြီးကို စက်ကြီးနဲ့ထိုးတယ်'

ဟု ပြောရာ ရွာလူကြီးများက စိတ်ဝင်စားပြီး ဖြစ်စဉ်ကို မေးပါသည်။



ကလေးငယ်ကလည်း မနေ့ညနေက ဖြစ်ခဲ့သည်ကို အသေးစိတ်ပြောပြသောအခါ ကျေးရွာလူကြီးများသည် အခြေအနေကို သိရှိသွားပါသည်။

## သစ်ပင်စောင့်နတ်ကို တောင်းပန်

ထို့ကြောင့် ဆည်မြောင်းဝန်ထမ်းသည် ကျေးရွာလူကြီးများနှင့် တိုင်ပင်ကာ တောရွာဒေသ လုပ်ရိုးလုပ်စဉ် အတိုင်း ကြက်သားဟင်း၊ ကြက်ဥပြုတ်၊ ခေါင်ရည်နှင့်အတူ ကျေးရွာအခေါ် **"ကွင်းပိုင်"** ကို တောင်းပန်ရန် စီစဉ်ကြပါသည်။

လိုအပ်သည့် ပစ္စည်းများ ရရှိသောအခါ ဆည်မြောင်းဝန်ထမ်းနှင့် လူကြီးများသည် သဖန်းပင်ကြီးအောက်သို့ သွားပြီး စက်မောင်း၏ မလိမ္မာမှုကြောင့် တစ်ကြိမ်တစ်ခါ မှားမိသည်ကို ခွင့်လွှတ်ပါရန် ပါလာသည့်ပစ္စည်းများဖြင့် ကွင်းပိုင်ကို ပသတောင်းပန်ကြပါသည်။

နေ့လယ်ပိုင်းရောက်လျှင် စက်မောင်းသည် ခြေလက်များ လှုပ်ရှားခြင်း၊ ထိုင်နိုင်ထနိုင်ခြင်း၊ စကားပြောနိုင်ခြင်း တို့ဖြစ်ကာ ညနေပိုင်းတွင်မူ ပုံမှန်အတိုင်း သွားလာနိုင်ပါတော့သည်။

စက်မောင်း ပြန်လည်စကားပြောနိုင်သည့်အခါ သူက ပြောပြသည်မှာ သူသည် ပြီးခဲ့သည့်ညက အရက်သောက် ထမင်းစားပြီး အိပ်ခဲ့ကြောင်း၊ ယခင်ညများကမူ မြေထိုးစက်မောင်းထားသော ပင်ပန်းမှုကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မွေ့ပျော်ကြောင်း...

ယခုညတွင်မူ နှစ်နှစ်ခြိုက်ခြိုက်အိပ်မရဘဲ စိတ်ကစဉ့်ကလျားဖြစ်ကာ ကြောက်မက်ဖွယ်အမျိုးမျိုးကို တွေ့ရကြောင်း...

အလွန်နက်သော ချောက်ကြီး ထဲသို့ ကျသွား၍ အလွန်ကြောက်ခဲ့ရပြီး အသွင်သဏ္ဍာန်ဆိုးဝါးသည့် သတ္တဝါကြီးများ၏ ဝိုင်းဝန်းဆွဲငင်ခြင်း ခံရ၍လည်း ထိတ်လန့်ခဲ့ကြောင်း။ မိုးလင်းခါနီးတွင် ပက်လက်လှန်၍ အိပ်လျှင်ဖြစ်တတ်သော ဘီလူးစီးသလိုမျိုး ခံစားရပြီး ခြေလက်များ လှုပ်၍ မရတော့ကြောင်း...

အခြားသူများ ပြောသည်ကို ကြား၍ ပြန်ပြောလိုသော်လည်း အသံမှာ ပီပီသသ ထွက်မလာကြောင်း...

လူကြီးများ သဖန်းပင်ကြီးဆီကို သွားရောက် တောင်းပန်သည်ကို သိရသောအခါ အလွန်ဝမ်းသာသွားမိကြောင်း ပြောပါသည်။

ဆည်မြောင်းဝန်ထမ်းက စက်မောင်းအား...

'သဖန်းပင်ကို ဘာကြောင့် စက်နဲ့ထိုးတာလဲ'

ဟု မေးရာ စက်မောင်းက...

'ဒီသစ်ပင်ကြီးကို တစ်ရွာလုံးက ကြောက်နေကြတာ သူတို့ကြောက်တာ မှန်၊ မမှန် သိရအောင် မယုံလို့ ထိုးကြည့်တာ'

ဟူ၍ သူ၏ မယုံကြည်စိတ်ကို ထုတ်ဖော် ပြောကြားပါသည်။

**မောင်ကံ(တံတားဦး)**



www.burmeseclassic.com

www.burmeseclassic.com



ယောနသန်
(ဂန့်ဂေါ)

# ကျွန်တော် မြင်ဖူးသော ပရလောကသား

ကျွန်တော် ပညာရေးဝန်ထမ်းဘဝဖြင့် ဂန့်ဂေါမြို့နယ် အစွန်အဖျားရှိ ရွာလေးတစ်ရွာတွင် တာဝန်ထမ်းဆောင်စဉ် ကြုံတွေ့ခဲ့ရသော တကယ့်အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပါသည်။

ကျွန်တော်သည် တစ္ဆေသရဲကို ကြောက်သူ မဟုတ်ပါ။ တွေ့လည်း မတွေ့ဘူးခဲ့ပါ။ ထို့ကြောင့် မကြောက်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ကျွန်တော် တာဝန်ကျသောရွာနှင့် နီးသောရွာသို့ အရက်သောက်၊ ဗွီဒီယိုကြည့်ကို တစ်ယောက်တည်း သွား၍ ည(၁၀)နာရီ၊ (၁၁)နာရီတွင် အမြဲ ပြန်လေ့ရှိသည်။

တစ်နေ့ ကျွန်တော်အမြဲတမ်း သွားလေ့ရှိသော ရွာစွင် အသုဘတစ်ခု ရှိသည်။ သေသူမှာ (၁၀)တန်းကျောင်းသားဖြစ်သည်။ အလောင်းကို အင်္ကျီအဖြူနှင့် ကျောင်းစိမ်းပုဆိုး လွှမ်းထားကြ၏။

အသုဘချပြီးနောက်တွင် မကျွတ်မလွတ်ဖြစ်ကာ ပရလောကသားအဖြစ် လှည့်လည်၍နေသည်ဟု ဆိုကြ၏။

ဆွမ်းကျွေး သပိတ်သွတ်ပေးသော်လည်း မကျွတ်ဘဲ ရှိချေ၏။ ကျွန်တော်လည်း ထိုပရလောကသားကို အလွန်တွေ့ချင်သောကြောင့် ညနေ(၅)နာရီကို ထိုရွာသို့ သွား၍ ည(၁၀)နာရီမှ ပြန်လေ့ရှိသည်။

သို့သော် မတွေ့ချေ။ သူ၏ ရွာသူရွာသားများက တွေ့သည်ဟု ဆိုကြ၍ အလုပ် ဘယ်လောက်အရေးကြီးကြီး ကျွန်တော်နေသော ရွာမှ ညနေ(၅)နာရီဆိုလျှင် ပြန်ကြတော့သည်။

ကျွန်တော် ထို ပရလောကသားကို တွေ့မြင်သည့် အချိန်မှာတော့ ကျွန်တော် ပရလောကသားကို မြင်ဖူးရတော့သည်။

အဲ...ကျွန်တော် တာဝန်ကျသောရွာနှင့် ယင်းရွာအကြားတွင် သင်္ချိုင်းရှိပါသည်။ တစ်နေ့တွင် ကျွန်တော်နေသော ရွာတွင် လှူဆွဲနေသော ဆင်စွယ်ရွာမှ ဦးမြေမောင်နှင့် သာလင်းရွာမှ ဦးစာဘော်တို့က...

'ဆရာကြီး ရေရှင်ရွာသွားပြီး အရက်သောက်ရအောင် '

ဟု ခေါ်ကြသောကြောင့် ကျွန်တော်လည်း...

'သွားလေ... ဒါပေမယ့် အများကြီးတော့ မသောက်ဘူး'

ဟု ပြောကာ သွားကြ၏။

ရေရှင်ရွာသို့ရောက်သော် ရွာ၌ သူငယ်ချင်းတစ်ဦးနှင့်အတူ ... လေးယောက် အရက်နှစ်ပုလင်းသောက်ကြ

www.burmeseclassic.com

၏။ မူးလည်း မမူးပါ။ ရေရှင်ရွာမှအပြန်တွင် ဦးဒွေးမောင်နှင့် ကျွန်တော်က နောက်ကျန်နေ၍ ဦးစာဘော်မှာ ရှေ့မှ သွားနှင့်၏။

ဦးစာဘော် သချိုင်းဇရပ်နား အရောက်တွင် ကျွန်တော်တို့မှာ လမ်းတွင် ရှိနေကြသော်လည်း ဦးစာဘော်နှင့် အတော်လှမ်းသေးသည်။

ကျွန်တော် ဦးစာဘော်အား ကြည့်သော် ဦးစာဘော်ဘေးတွင် လူတစ်ယောက်က ဦးစာဘော်အား တွဲ၍ သချိုင်းတွင်းသို့ သွားနေကြသည်ကို မြင်ရ၏။

ကျွန်တော်လည်း မျက်လုံးကို ပွတ်ကာ ဒုတိယအကြိမ် ကြည့်သည်။ မြင်နေရဆဲဖြစ်၏။ ထိုလူတစ်ယောက်မှာ ပုဆိုးက အနက်ရောင်လိုလို၊ အစိမ်းရောင်လိုလိုနှင့် အင်္ကျီမှာ အဖြူရောင်ဖြစ်သည်။ ဦးခေါင်းမှာ မထင်ရှားချေ။

ကျွန်တော်က ဦးဒွေးမောင်အား...

'ကိုဒွေးမောင်... ရှေ့မှာ ဦးစာဘော်ကို လူတစ်ယောက် တွဲပြီး သွားနေတယ်'

ဟု ပြောရာ ကိုဒွေးမောင်မှ ကြည့်၍...

'ဟာ...ဟုတ်တယ် ဆရာကြီး မြန်မြန်လာ'

ဟု ပြောပြီး အပြေးသွားကြရာ ကျွန်တော်မှ...

'ကျွန်တော်တို့ရွာက လူတစ်ယောက်နဲ့ တွေ့လို့ တွဲသွားကြတာနေမှာ'

ဟု ပြောသော်လည်း ကိုဒွေးမောင်မှ...

'ဆရာကြီး မြန်မြန်လေး လာစမ်းပါ'

ဟု ပြောကာ ဦးစာဘော်တို့ သချိုင်းထဲသို့ ဝင်ခါနီးတွင်...

'ဟေ့...သူငယ်ချင်း နောက်မှာ ငါတို့ပါတယ်ဟေ့'

ဟု အော်ပြော၏။

ထိုအခါ မထင်မရှားလူသည် သချိုင်းထဲသို့ မဝင်တော့ဘဲ လမ်းအတိုင်း ပြန်လျှောက်၏။

ကျွန်တော်မှ...

'ဟော လမ်းအတိုင်း ပြန်လျှောက်ကြပြီ'

ဟု ပြောပြီး အမြန်လိုက်ရာ ကျွန်တော်တို့ သူတို့ အနားရောက်လုနီးနီးတွင် တစ်ယောက်မှာ ပျောက်သွားလေ၏။

'ကိုဒွေးမောင် ပျောက်သွားပြီဗျို့'

ဟု ပြောကာ ဦးစာဘော်အားတွဲ၍ ရွာသို့ ပြန်ခဲ့ကြလေသည်။

လမ်းတွင် ဦးဒွေးမောင်မှ ဦးစာဘော်အား...

'ဟ...ငါ့ကောင်ကြီး လမ်းမှာတွဲမယ့်လူနဲ့ တယ်ဟုတ်ပါလား'

ဟု ပြောရာ ဦးစာဘော်မှ သူ့ကို မည်သူကမှ မတွဲကြောင်း ပြော၏။ ဦးဒွေးမောင်မှ ဆရာကြီးလဲမြင်တယ် ဟု ပြောရာ ကျွန်တော်မှ...

'ဟုတ်တယ် ဦးစာဘော်'

ဟု ပြောရုံရှိသေး ဦးစာဘော်မှာ ထိုးအန်တော့သည်။

နောက်...

'ငါ ဒီည ဘာဖြစ်လဲ မသိဘူးကွာ'

ဟု ပြောပြီး ကျွန်တော်တို့နှင့်အတူ ရွာသို့ ပြန်ခဲ့လေတော့သည်။

**(မကျွတ်မလွတ်သော ပရလောကသားမှာ ထပ်၍ ဆွမ်းကျွေး သပိတ်သွတ် လုပ်ပေးကြ၍ မမြင်ကြရတော့ချေ။ ကျွတ်လွတ်သွားခြင်းဖြစ်ဟန်တူ၏။ ဦးစာဘော်မှာ တစ်လ၊ နှစ်လလောက်တွင် ဆုံးသွားသည်။** ***စကားချပ်)***

**ယောနသန်(ဂန့်ဂေါ)**

**စာမျက်နှာ (၂၅၆)မှ အဆက်**

ကြည့်ပြီး 'ပြုံးနေပါတယ်။ မောင်သူတော်လဲ ဆရာသန်းမျက်နှာကို ကြည့်နေစဉ် စိတ်ထဲမှာ ဆရာသန်းလက်၌ နဂါးပုံ ဆေးကြတ်တူထိုးထားတာရှိတယ်လို့ မြင်လာပြီး ဆရာသန်းအား...

'ခင်ဗျားလက်မှာ ယိယိကတည်းက နဂါးပုံ တက်တူးထိုးထားတာရှိတယ်မို့လား'

လို့ မေးလိုက်တော့ ဆရာသန်းက "ရှိတယ်"လို့ ဖြေပါတယ်။ ဒါကြောင့် မောင်သူတော်လဲ...

'အင်း...ကျွန်တော့ နဂါးသိုက်နန်းရှင်တွေက သူတို့နဲ့ ပဋ္ဌာန်းဆက်ရှိပြီး စေတနာသဒ္ဓါတရားရှိတဲ့သူကို လွှတ်လိုက်တာပဲ'

လို့ အောက်မေ့ပြီး ပြုံးနေမိပါတယ်။ ဒါကြောင့် ဆရာသန်းကို မောင်သူတော်ကလဲ မေတ္တာဆိုတာ အသွားအပြန် ရှိတယ်ဆိုတာ မှန်သလိုပဲ မေတ္တာကရုဏာသက်စွာဖြင့် ဆရာသန်းကို မှန့်ဖိုးထပ်တိုးပြီး (၅)သိန်း (၆)သောင်း ပေးလိုက်ပါတယ်။

နဂါးရုံဘုရားကြီးကိုလဲ ပြာသိုလပြည့်ကျော်(၈)ရက်မှ စတင်ပြီး (၂၀)ရက်အကြာမှာ အောင်မြင်စွာဖြင့် ပဋ္ဌာန်းဆက်ရှိသူအပေါင်းတို့၏ ပံ့ပိုးကူညီမှုများဖြင့် အောင်မြင်စွာ တည်ဆောက် ပြီးစီးခဲ့ပါတယ်။

ပဋ္ဌာန်းဆက်ရှိသော (၃၁)ဘုံ၌ ရှိကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်းတို့အားလဲ ယခုကဲ့သို့ ကောင်းမှုကုသိုလ်များ ပြုလုပ်ရင်းဖြင့် တွေ့ဆုံနိုင်ကြပါစေဟု ဆုတောင်းပေးလျက်...

**သတ္တဝါအားလုံး ကျန်းမာ၊ ချမ်းသာ၍ သာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ။**

**စကြဲတောင်သူတော် (ကျော့ဖြိုး)**



www.burmeseclassic.com

www.burmeseclassic.com



ဇီးကုန်း မြမော်

# ချုံခင်တေ့ဂြီဘား

ထူးခြားဆန်းပြား

ဇီးကုန်းမြို့ရှိ ရွှေဖလားကျေးရွာနှင့် ဘော်ဘင်ကျေးရွာသည် ခြေကျင် တောလမ်း (၇)မိုင်ခန့် ဝေးကွာပါသည်။ ပဲခူးရိုးမတောင်ခြေ တောတန်းဖြစ်၍ အင်တိုင်းတောများကို ဖြတ်ကာ မြင့်ချည်နိမ့်ချည်ဖြင့် ခြေကျင်ခရီးသာ သွားခဲ့ကြရပါသည်။

**၁၉၈၅ ခုနှစ်ကာလက** ညောင်ပင် ဘိုရွာမှ မောင်ထွန်းနှင့်အေးကိုတို့သည် ဇီးကုန်းမြို့မှတစ်ဆင့် ရွှေဖလားရွာသို့ စက်ဘီးစီးကာ လာခဲ့ကြသည်။

ရွှေဖလားရွာသို့ ညနေ(၆)နာရီတွင် ရောက်ရှိပြီး ဦးမောင်စိုး၏ နေအိမ်တွင် စက်ဘီးကို ခေတ္တထားကာ ဘော်ဘင် ရွာသို့ ကံကြီးကြီးဝိုင်း အင်တိုင်းတောကို ဖြတ်ကာ ခြေကျင်လှမ်းလာခဲ့ကြသည်။

မောင်ထွန်းနှင့်အေးကိုတို့ ညီအစ်ကို နှစ်ယောက်သည် ဘော်ဘင်ရွာသို့ တောလမ်းခရီးဖြင့် သွားနေကျ ဖြစ်သော်လည်း ညဥ့်က မှောင်လာသည်။ ပါလာသော ဓာတ်မီးရောင်မှာလည်း မှိန်ပျပျဖြင့် လျှောက်လှမ်းလာသည်။ ပဲခူးရိုးမ၏ တောင်ခြေတောတန်း ဖြစ်၍ သွားလမ်းမှာ ပေါ်လာသည့်အခါ ပေါ်လာလိုက်၊ ပျောက်သည့်အခါ ပျောက်သွားလိုက် ဖြစ်နေပေသည်။

ပုစဉ်းရင်ကွဲအော်သံနှင့် စမ်းရိုးကြီး စခန်းမှာ ဖားအော်သံတို့မှာ နားကွဲလု မတတ် ကြားနေရပေသည်။

မောင်ထွန်းနှင့် အေးကိုမှာ သွားလိုက်၊ နားလိုက်ဖြင့် ခရီးဆက်လာခဲ့ရာ တစ်နေရာ အရောက်တွင် မျက်စိလည်လျက် လမ်းမှားနေသည်ကို တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြပြီး မျက်စိမျက်နှာ ပျက်နေကြသည်။ ထိုအခါ မောင်ထွန်းမှ အေးကို အား...

'စိတ်မပျက်ပါနဲ့ ငါ့ညီရာ... မကြာခင် ဘော်ဘင်ရွာကို ရောက်မှာပါ။ ငါ သွားနေ ကျလမ်းကို ဘယ်လိုကြောင့် လမ်းမှား ရသလဲ မသိဘူး။

ဘာမှ မကြောက်နဲ့နော်၊ အစ်ကိုတစ်ယောက် လုံးရှိနေတာပဲ။ ခုမှ ည(၉)နာရီလောက်ပဲ ရှိဦးမှာပါ။ လာ...လာ... ရှေ့မှာ လမ်း တွေ့လိုတွေ့ငြား သွားရှာရအောင်'

မောင်ထွန်းသည် အေးကိုအား



www.burmeseclassic.com

www.burmeseclassic.com

အားပေးစကား ပြောနေသော်လည်း သူကိုယ်တိုင်မှာ ကြောက်စိတ်တို့ဖြင့် ထုံမွှန်းလျက် ရှိပေသည်။

ထို့နောက် ညဥ့်အမှောင်ထုသည် ပိုမိုနက်ရှိုင်းလာကာ တောခွေးအူသံ သဲ့သဲ့ကိုလည်း ကြားနေမိသည်။

မောင်ထွန်းနှင့်အေးကိုမှာ လမ်းပျောက်ရာရင်း တောင်စောင်းအဆင်းတွင် ရှေ့မလှမ်းမကမ်းမှ မီးတိုင်ကို ကိုင်လျက် **အမျိုးသားကြီးတစ်ဦး [အသက်(၆၀)ခန့် ခေါင်းပေါင်း ပေါင်းထားသည်။]**ကို တွေ့လိုက်ရပြီး လွန်စွာ ဝမ်းသာသွားကာ ထိုအမျိုးသားကြီးထံ အရောက်သွားခဲ့ပြီးနောက်...

'အဘ...အဘ... ကျွန်တော်တို့ ဗိုက်ဆာကုန်ပြီ့ကပါ။ ဘော်ပင်ရွာကိုသွားဖို့ လမ်းမှားနေလို့ အဘ လမ်းသိရင် ညွှန်ပြပေးပါနော်'

'ဩော်...ငါ့မြေးတို့က ဘော်ဘင်ရွာကိုသွားမှာလား၊ ငါ့မြေးတို့က လမ်းမှားပြီး ပဲခူးရိုးမတောင်မကြီးဆီကို ရောက်လာတာပဲ။

ကဲ...ကဲ... ဒီညတော့ အဘတို့ ကျွန်းညိုတောရွာမှာပဲ ခုည တည်းခိုပြီး မနက်ကျမှ အဘ လမ်းညွှန်ပေးပါ့မယ်'

မောင်ထွန်းနှင့် အေးကိုမှာ လွန်စွာ ဝမ်းသာသွားမိသည်။ အမျိုးသားကြီး၏ လက်တွင် ကိုင်ထားသော မီးတိုင်မှာ အင်္ဂလိပ်ခေတ်က မှန်ပြောင်းပါ အာလာဒင် ကြေးမီးတိုင် ဖြစ်သည်ကို မောင်ထွန်းမှ သတိထားလိုက်မိသည်။

တောလမ်းကလေးအတိုင်း အတန်ငယ် လျှောက်လှမ်းသွားပြီးနောက် အိမ်ခြေ (၁၅)လုံးခန့်ရှိသော ကျွန်းညိုတောရွာသို့ ရောက်ရှိခဲ့သည်။

ရွာသူရွာသားများသည် ည(၁၀)နာရီ



ကျော်သည့်တိုင် မအိပ်နိုင်ကြသေးဘဲ နေ့လယ်နေ့ခင်းအလား သွားလာလှုပ်ရှားနေကြပေသည်။

အမျိုးသားကြီး တစ်ဦးသည် မောင်ထွန်းနှင့် အေးကိုအား အိမ်ကြီးတစ်လုံးပေါ်သို့ ခေါ်ဆောင်သွားခဲ့သည်။

အိမ်ကြီးအတွင်းသို့ ဝင်ရောက်သည်နှင့်အမျှ ပွတ်လုံး ကုလားထိုင်၊ ပွတ်လုံးစားပွဲ၊ ပွတ်လုံးခုတင်များ၊ ပွတ်လုံး မှန်ဗီရို စသည်တို့မှာ ရှေးဟောင်းလက်ရာများဖြင့် ခင်းကျင်းထားရှိပေသည်။

နံရံတွင်လည်း သမင်ချို၊ စိုင်ချို၊ ပြောင်ချိုတို့ ဖြင့် အလှဆင်ထားသည်။ မောင်ထွန်းနှင့် အေးကိုသည် ဧည့်ခန်းရှိ သင်ဖြူးဖျာပေါ်တွင် ထိုင်လိုက်ကြသည်။

အမျိုးသားကြီးတစ်ဦး၏ သမီးဖြစ်သူမှာ ရေနွေးကြမ်းနှင့် အမြည်းတို့ကို ကြွေရေနွေးကရား၊ ကြွေပန်းကန်ဖြင့် ဆတ်သားခြောက်များ ယူလာသည်။

သမီးဖြစ်သူမှာ လွန်စွာ လှပ၍ နန်းတွင်းသူ အပျိုတော်များ ဆင်ယင်ထုံးဖွဲ့မှုပုံသဏ္ဍာန်အတိုင်း ရိုးရိုးနှင့် ယဥ်လှပေသည်။

ရေနွေးကြမ်း သောက်၍အပြီး နာရီဝက်ခန့်အကြာတွင် ထမင်းစားကြရန် အသင့်ပြင်ဆင်ပြီးဖြစ်၍ မောင်ထွန်း၊ အေးကိုနှင့် အမျိုးသားကြီးတို့ သုံးဦးသည် ပင်ပန်းလွန်း၍ ဆာလောင်နေပြီဖြစ်သောကြောင့် ခေါင်းမဖော်တမ်းစားကြလေသည်။

ကြက်သား လတ်လတ်ဆတ်ဆတ်ကို ကုလားသားဟင်းချက်၍ ကရင်ငရုတ်သီးထောင်းစပ်စပ်နှင့် တို့စရာသခွားသီးကင်းတို့မှာ စား၍ အလွန်ကောင်းလွန်းလှပေတော့သည်။

ထမင်းစားပြီး၍ ခေတ္တမျှ ရေနွေးကြမ်း သောက်နေစဉ် အေးကိုမှာ မျက်တောင်များ စင်းကာ ငိုက်မျဉ်းနေပေသည်။ ထိုအခါ အမျိုးသားကြီးမှ မောင်ထွန်းနှင့် အေးကိုအား...

'ကဲ...ကဲ... ငါ့တူတို့ ပင်ပန်းလာရောပေါ့။ ခုည အဘတို့ အိမ်မှာပဲ တစ်ညအိပ်ပြီး မနက်ကျမှ ဘော်ဘင်ရွာကို အဘက လမ်းပြပေးပါ့မယ်။ ကဲ... ဒီအိပ်ခန်းထဲမှာ နားနားနေနေ အိပ်ကြပေါ့'

ထို့နောက် မောင်ထွန်းနှင့် အေးကိုမှာ မွေ့ရာခင်းထူထူ ရှေးဟောင်း ပွတ်လုံး ခုတင်ကြီးပေါ်တွင် ဇာခြင်ထောင်ဖြင့် ခင်းကျင်းထားသော အိပ်ရာပေါ်သို့ ဝင်ရောက်ကာ နားနေအိပ်စက်လိုက်ကြတော့သည်။

ထို့နောက် မကြာမီပင် အာလာဒင် ကြေးမီးတိုင်မှ မီးရောင်သည်လည်း တဖြည်းဖြည်း မှေးမှိန်သွားပြီး မှောင်အတိ ကျသွားလေတော့သည်။

နံနက်ခင်းအလှသည် ကြေးငှက်သာရကာတို့၏ အော်မြည်သံနှင့် တောကြက်တို့၏ တွန်ကျူးသံဖြင့် တန်ဆာဆင်လျက် ရှိနေပေသည်။ မောင်ထွန်းမှာ အိပ်ရာမှ နိုးလာပြီး အေးကိုကို လှမ်းကြည့်လိုက်ရာ ဂဝံကျောက်တုံး တစ်တုံးကို ခေါင်းအုံးပြီး ပုဆိုးခြုံကာ ကွေးကွေးလေး အိပ်မောကျနေလေသည်။

မောင်ထွန်းလည်း ထိုနည်းအတိုင်း

www.burmeseclassic.com

ပင် အိပ်ခဲ့ရခြင်းဖြစ်သည်။ တောင်ပို့မြေကမူတစ်ခုပေါ်တွင် အိပ်စက်ခဲ့ကြခြင်းဖြစ်ပြီး ပတ်ဝန်းကျင်မှာ အင်တိုင်းတောတန်းက ဝန်းရံနေပေသည်။

မောင်ထွန်းသည် အေးကိုအား နှိုးလိုက်ပြီး ညက အဖြစ်အပျက်များကို တစ်ဦးနှင့်တစ်ဦး မျက်စိမျက်နှာပျက်ကာ အံ့ဩတကြီး ကြည့်မိကြပြီး စကားမပြောဖြစ်ခဲ့ပေ။

ထို့နောက် မောင်ထွန်းနှင့်အေးကိုမှာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် တောလမ်းအတိုင်း ပြေးထွက်လာခဲ့ကြသည်။

ထိုသို့ ပြေးလွှားရင်း ယာခင်းတစ်ခုမှ စိုက်ခင်းလုပ်သားကြီး တစ်ဦး၏ လမ်းပြပေးမှုကြောင့် ဘော်ဘင်ရွာသို့ နံနက်(၁၀)နာရီတွင် ရောက်ရှိလာခဲ့ကြသည်။

မောင်ထွန်းနှင့် အေးကိုတို့သည် လယ်သူရင်းငှား လုပ်ကိုင်မည့် ဦးသူတော်၏အိမ်သို့ ရောက်ရှိပြီး ညက ဖြစ်ပျက်ခဲ့သော အကြောင်းအရာကို ပြန်ပြောပြရာ ဦးသူတော်မှ...

'ငါလူတွေက ပဲနုရိုးမတောင်ပေါ် တောက်တဲ့ကြီးစခန်းက ကျုတ်ကုန်းကို မျက်စိလည်ပြီး ရောက်သွားကြတာကိုးကွ။ အဲဒီမှာ ကျုတ်ရွာဆိုတာ ရှိတယ်။ မင်းတို့ကို ချစ်ခင်ကြလို့ ပြုစုစောင့်ရှောက်ပြီး ကျွေးမွေးခဲ့တာပေါ့။ မင်းတို့ကလဲ သူတို့အတွက် မေတ္တာပို့ အမျှပေးဝေလိုက်ပေါ့ကွာ'

မောင်ထွန်းနှင့် အေးကိုမှာ ဦးသူတော်၏ ပြောစကားကို ကြားလိုက်ရသည့်အခါတွင် အံ့ဩထိတ်လန့်တုန်လှုပ်စွာဖြင့် ပါးစပ်အဟောင်းသားဖြစ်နေကြလေတော့သတည်း။။

**ဇီးကုန်း ဩာမော်**

လယ်တွေ့ကာယသိဒ္ဓိမြောက်သော

# စိန်ဓာတ်လုံး ဖမ်းနည်း



တစ်နေ့တွင် စာရေးသူသည် တောင်တွင်းကြီးမြို့တွင် အဂ္ဂိရတ်ထိုးနေသော **ဆရာကြီးဘိုးဆရာကျော် ကြီးနှင့်** အဂ္ဂိရတ်ကြောင်း ပြောမိကြပါသည်။

ဆရာကြီးမှ အဂ္ဂိရတ်စိန်ဓာတ်လုံး ထိုးနည်း ပြောပြပါသည်။ ရှေးနှစ်ပေါင်း (၆၁)နှစ်ခန့်က အင်္ဂလိပ်ခေတ်တွင် **ပျဉ်းမနားမြို့ ဆိတ်ညမ်တုံးဆရာတော်ကြီး**ထံမှ ရခဲ့သော စိန်ဖမ်းနည်း ဖြစ်သည်။

**နည်းကား...**

'စိန်ဒုတ္တာကန့် လက်-ယမ်း စွက်ပအမှုစီ သံပရာ ဒေါ်လီကြိတ်-လုံပိတ်၍ ထိုးရပေမည်။ ယ သတ္တုကာယမှီ ပြိုးပြိုက်ယှ်နတ်ဆေး၊ တစ်ယောက်ကောင်းလျှင်လှ၊ တစ်သောင်း ဗိုလ်ခြေတို့တောင် ညက်ညက်ကြေကွင်း ရှောင်ရသေး'

**အမိပ္ပါယ်ကား...**

| | |
|---|---|
| စိန်နီပြင်းသွား | (၁၀)ကျပ်သား။ |
| ဒုတ္တာ | (၁၀)ကျပ်သား။ |
| ကန့် | (၁၀)ကျပ်သား။ |
| လက်ချား | (၁၀)ကျပ်သား။ |
| ယမ်း | (၁၀)ကျပ်သား။ |

အထက်ပါဆေးမည်တို့ကို **အမှုန့် ပြု သံပရာရည်နှင့်ကြိတ် အခြောက်လှန်း၊** လက်ချားကို မီးဖောက်ရဦးမည်။ ထိုဓာတ်များ ခြောက်လျှင် လုံထဲကို ထည့်၊ ဖော်(၃)ထပ်မံပြီး **မီးလျှံထိုးပါ။**

(၆)နာရီခန့် ထိုးပြီးလျှင် လုံကိုဆယ်၍ အလိုချမ်းစေပါ။ အေးလျှင် ခွဲကြည့် သတ္တုရပါသည်။ ထိုသတ္တုကို **သူ့ချော် နှင့်သူ (၇)လုံထပ်၍ ထိုးပါ။**

နောက် **ချော်ဟောင်းကို ပယ်၍ လက်ချားချော်နှင့်** လုံ(၃၀)ထိုးပါ။ ထိုဓာတ်လုံးကို သွေးပြီး မင်နီမင်နက်နှင့် ထိုးပါ။ စုတ်နှင့်ထိုးပါ။

နောက်ကျောတွင် (၃)ကွက် အင်းချပါ။ **စ-ဓ-ဗ-ဝ မ-သ-ည-က။**

**အင်းကွက်ပုံစံမှာ...**

| | | |
|---|---|---|
| မ္မ | စ | သ |
| ဝ | နံ | ဓ |
| က | ဗ | ည |

တစ်ဖက်ပါအင်းကွက်ကို ကျောမှာ ရေးထိုးပါ။ ဤအင်းကို **ဆံခံအင်း**ဟု ခေါ်၏။

**ခါးပတ်နက္ခတ်** ကြုံသောအခါ ထိုးရမည်။ တုတ်၊ ဒုတ်၊ သံတောင်၊ ဓား လုံ့ စသော အပါး(၃၀) ကာယသိဒ္ဓိပြီးသည်။

စာရေးသူ တွေ့ဆုံခဲ့သော ၂၀၀၁ ခုနှစ်က အသက်(၈၆) နှစ်ရှိသော ဘိုး ဆရာတော် အသက်(၂၅)နှစ်ကစပြီး ဤဓာတ်လုံးဖမ်း၍ ဖဆပလခေတ်မှာ ထိုးပေးခဲ့ရာ ကာယသိဒ္ဓိ တပည့်ပေါင်း များပြားစွာ ရှိခဲ့ပါပြီ။

**တောင်တွင်းဘုန်းတင့်** *(LL,B)*




www.burmeseclassic.com

www.burmeseclassic.com

# ဂိုဏ်းမှုသည်ကို

ကိုယ်တွေ့ မျက်မြင်ကြုံရပုံ ဖြစ်ရပ်ဆန်း

စလင်း
အောင်ကျော်ရွှေခိုင်



ကျွန်တော်သည် မင်းဘူးခရိုင်၊ စလင်းမြို့၊ ဆည်ကြီးစုရပ်တွင် နေပါသည်။ ကျွန်တော်တို့အိမ်၏ မြောက်ဘက်လမ်း၏ မြောက်ဘက်တွင် ကပ်လျက် ဘုန်းကြီးကျောင်းရှိပါသည်။

ထိုကျောင်းတွင် ပယောဂများကို ကုသသော ဦးပဥ္စင်းတစ်ပါးရှိပါသည်။ ကျောင်း၏ အနောက်ဘက်တွင် ကပ်လျက် ရေချိုတွင်း တစ်တွင်းရှိပါသည်။ ညနေတိုင်း အမျိုးသမီးများ ရေခပ်ကြပါသည်။

အချိန်ကာလအားဖြင့် ၁၉၄၀ ပြည့်နှစ်လောက်ကဖြစ်ရာ ကျွန်တော် အလယ်တန်းကျောင်းသားဘဝတွင် ဖြစ်ပါသည်။

တစ်ညနေ ကျွန်တော်၏ အစ်မ မစိန်လုံနှင့် ကျွန်တော်၏မရီး မညိုတို့ ယင်းရေတွင်းသို့ ရေခပ်သွားရာတွင် မညိုကို ကင်းမြီးကောက် ထိုးခံပါသည်။

မညိုသည် အိမ်ပြန်ရောက်သောအခါ ခါတိုင်းကဲ့သို့ ပုံမှန်မဟုတ်တော့ဘဲ စကားပြောရာတွင် ကတောက်တီးကတောက်ချာ ပြောနေပါသည်။

ဤတွင် အစ်ကို့ကိုခင် (မညို၏ခင်ပွန်း)က အိမ်မြောက်ဘက်ရှိကျောင်းမှ ဦးပဥ္စင်းကို သွားပင့်ခဲ့ပါသည်။ ဦးပဥ္စင်းရောက်လာသောအခါ မညိုက...

'ဒီဘုန်းကြီးက ဘာလုပ်လာတာလဲ၊ ငါ့ကို ကုမလို့လား၊ အရေးမလုပ်ပေါင်'

ဟု ဘုန်းကြီးဘက် ခြေဆင်းထိုင်ပြီး မျက်စောင်းထိုးပြီး ပြောပါတော့သည်။

ထိုအခါ ဦးပဥ္စင်းက ကွမ်းတစ်ယာယာစေပြီး အရှေ့ဘက်လှည့် ဦးချလျက် ရွတ်ဖတ် မန်းမှုတ်ပါသည်။ ထို့နောက် မညိုဘက် လှည့်လျက် ကွမ်းယာကို ငုံစေသည်။ ကွမ်းယာကို ယူပြီး ငုံပါသည်။ ပြီးတော့ ကိုခင်ကို မညို၏ ဆံပင်အား လက်ရစ်ထုံးစေပါသည်။ (ဘုန်းကြီးတွင် ဆေးကြိမ်လုံး တစ်ချောင်းပါ,ပါသည်။)

ဦးပဥ္စင်းက...

'ကိုင်း...ပုဏ္ဏက ဒီအကာမကို လက်ပြန်ကြိုးတုပ်ပြီး မြင်းမြီးဆွဲ စိုင်းလိုက်စမ်း'

ဟု ကြိမ်ဖြင့် ကြမ်းကို ပုတ်ရာ အမိန့်ပေးပါသည်။

မညို၏ လက်နှစ်ဖက်မှာ တဆတ်ဆတ်တုန်၍ ကျောဘက်သို့ ကပ်ပြီး နောက်ပြန်ကြိုးတုပ်သကဲ့သို့ ဖြစ်သွားပါသည်။

ပြီးလျှင် ကြမ်းပြင်တွင် တုံးလုံးလဲ၍ ဘယ်ညာလိမ့်၍ နေပါတော့သည်။ တက်တခေါက်ခေါက်နှင့် ဦးပဥ္စင်းကို မျက်စောင်းထိုးနေပါသည်။ ဘာမှတော့ မပြောတော့ပါ။

ဦးပဥ္စင်းက...

'ပုဏ္ဏက ရပ်လိုက်၊ တိုင်နားတို့စေပြီး တိုင်နဲ့ခေါင်းနဲ့ ဆောင့်ပေးလိုက်စမ်း'

ဟု အမိန့်ပေးရာ မညိုမှာ နောက်ပြန်ကြိုးတုပ်လျက် တိုင်နားသို့ သွားပြီး တဒိုင်းဒိုင်း ဆောင့်ပါတော့သည်။ အနည်းငယ်ကြာသော် မညိုက...

'ကြောက်ပါပြီဘုရား... နောက် မလုပ်တော့


ဓာမျက်နှာ (၂၇၀) သို့

www.burmeseclassic.com



မောင်ဝဇော်
(ချင်းတွင်းမြေ)

# နေရာချင်း လဲလှယ်ရန်

## ဖြားယောင်းသွေးဆောင်ခြင်းလော
## စားသောက်လို၍လော

သူ၏နာမည်က ကိုကျော်အေး ဖြစ်သည်။ အသက်(၃၀)ကျော်အရွယ် ဖြစ်သည်။ စာရေးသူထက် (၅)နှစ်ခန့် အသက်ကြီးပါသည်။ ခွေမျိုးနီးစပ်လည်း တော်ပါသည်။ ဝင်ထွက်သွားလာ စားသောက်နေကျ အိမ်တစ်အိမ် ဖြစ်ပါ၏။

သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်က သမ္မာအာဇီဝအလုပ်တော့ မဟုတ်ပါ။ အရက်ချက်၍ ရောင်းချစားသောက်ရသောအလုပ် ဖြစ်သည်။

သို့သော် အခြားသော အလုပ်အကိုင်မရှိဘဲ ဆင်းရဲပင်ပန်းသောအလုပ်ကိုလည်း မလုပ်နိုင်သဖြင့် မိမိကျွမ်းကျင်ရာဖြစ်သော ဤအလုပ်ဖြင့်သာ အသက်မွေးဝမ်းကျောင်းရတော့သည်။

သူ့မှာ မိသားစု များများစားစား မရှိပါ။ မိခင်အိုကြီးနှင့် ညီတစ်ယောက်သာ ရှိသည်။

ညီဖြစ်သူမှာ အိမ်ထောင်ကျသွားပြီး တစ်ဝင်းထဲမှာပင် အိမ်ခွဲ၍ နေပါသည်။ မိခင်အိုကြီးကို လုပ်ကျွေးရင်းဖြင့် ရှန်းကန်လှုပ်ရှားနေရပါသည်။

ထိုကဲ့သို့ လုပ်ငန်းကို လုပ်ကိုင်ရင်း တစ်ဖက်မှ ဝင်ငွေ အထောက်အပံ့ရရန် အလို့ငှာ အရက်ချက်ရာတွင် အသုံးပြုသော ပစ္စည်းတစ်ခုဖြစ်သည့် ထန်းလျက်ကို တခြားရွာမှ သယ်ယူ၍ မိမိအတွက်လည်း သုံး၍ ပိုသည်ကို လုပ်ငန်းတူ အရက်ချက်လုပ်သူတို့ထံ ပြန်ရောင်းသည်။ တစ်ပတ်လျှင် နှစ်ခေါက်ခန့် သွား၍ သယ်ယူပြီး ရောင်းချရသည်။

ယခု ဖော်ပြမည့် အကြောင်းအရာ အဖြစ်အပျက်မှာ ထန်းလျက် သယ်ယူရန် သွားရင်း တွေ့ကြုံရသော ဖြစ်စဉ် မဟုတ်ပါ။ တခြား အကြောင်းကိစ္စတစ်ခုဖြင့် သွားလာရင်း တွေ့ကြုံခဲ့ရခြင်း ဖြစ်ပါ၏။

ဦးစွာ စာရေးသူတို့ ရွာပတ်ဝန်းကျင် အခြေအနေကို သိရှိရန် ရှင်းပြပါဦးမည်။ ရွာမှာ ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိ၍ ကနီမြို့၏ အရှေ့ဘက်ကမ်းရှိ ကနဲရွာနှင့် (၂)မိုင်ခန့် ဝေးပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ရွာ၏ တောင်ဘက်တွင် **ကနဲရွာ** မရောက်မီကြားတွင် **ကျောမကြီးရွာ** ရှိပါသည်။ (၁)မိုင်ကျော်ခန့် ဝေးပါသည်။

ရွာမြေအနေအထားမှာ နုံးမြေနုပေါ်တွင်တစ်ပိုင်း၊ ကုန်းမြေပေါ်တွင်တစ်ပိုင်း ဆက်စပ်ရာ နေရာပေါ်တွင် တည်ရှိနေပါသည်။

ကိုကျော်အေး၏ တွေ့ကြုံရပုံကို ဆက်လက်တင်ပြရပါလျှင် လူပုဂ္ဂိုလ်တို့ကို ဖိတ်၍ အလှူဒါနတစ်ခု ပြုလုပ်လိုသဖြင့် ကျေးရွာဝတ်ရွတ်စဉ် (လူကြီးပိုင်း)အသင်းကို ဖိတ်ကြားထားပါသည်။

ညဦးပိုင်းတွင် ပြုလုပ်မည်ဖြစ်၍ နေ့ခင်းပိုင်းကပင် ဖိတ်ကြားထားရပါသည်။ ညတွင် ဧည့်ခံကျွေးမွေးရန်အတွက် လိုအပ်သော လက်ဖက်၊ ပဲကြမ်း၊ အကြော်စုံ၊ ဆေးလိပ် စသည်တို့ ဝယ်ယူရန် ကျောမကြီးရွာသို့ သွားရမည်ဖြစ်သည်။

ထိုအချိန်က မိမိတို့ရွာမှာ ကုန်စုံဆိုင် မရှိသေးပါ။ ကျောမကြီးရွာတွင် ဈေးဝယ်ပြီး ပြန်မည်ဆိုပါက အချိန်သိပ်ပြီး မကြာနိုင်ပါ။

ကိုကျော်အေးအနေနှင့် ကျောမကြီးရွာတွင် မကဘဲ စိန်ကုန်းရွာသို့လည်း သွားရန်ကိစ္စ ရှိသဖြင့် စိန်ကုန်းရွာကို အလျင်သွားသည်။ အပြန်မှ ကျောမကြီးရွာ ဝင်၍ ဈေးဝယ်မည်ဟု စိတ်ကူးကာ စိန်ကုန်းရွာသို့ သွားခဲ့သည်။

ကျောမကြီးရွာ အရှေ့ဘက် (၁)မိုင်ခန့် ဝေးသေးသည်။ ဆောင်းရာသီကာလဖြစ်၍ နေ့တာ တိုပါသည်။ ကိုကျော်အေး စိန်ကုန်းရွာမှ ပြန်လာသောအခါ နေအတော်စောင်းနေပြီဖြစ်သည်။



သုတ်သုတ်သွား၍ သုတ်သုတ်ပြန်ဆိုသကဲ့သို့ ကျောမကြီးရွာတွင် ဈေးဝယ်ပြီး ခပ်သုတ်သုတ်လာခဲ့ရာ နေဝင်စပြုနေပြီ ဖြစ်ပါ၏။

လဆန်းစရက်မို့ လရောင် အနည်းငယ်တော့ ရှိသည်။ ကျောမကြီးရွာမှ ယာခင်းကို ဖြတ်၍ ကနဲရွာမှ လုပ်ကိုင်သော ယာခင်းထောင့် မရောက်မီ မိမိ၏သွားရာရှေ့တွင် **အလင်းရောင်ဖြာထွက်နေကာ သွားလမ်းပျောက်သွားသည်။**

**အလင်းရောင်ဖြာထွက်နေသော နေရာမှ ရှေ့ဆက်သွားသောအခါ ဗိမာန် လိုလို အဆောက်အအုံ တစ်ခုအတွင်း ရောက်ရှိနေသည်။ ရှေ့မှ ပရလောကသားတစ်ဦးဟု ထင်ရသော ပုဂ္ဂိုလ်တစ်ဦးမှ ရှေ့ဆောင်၍ ခေါ်သွားသည်။**

အတွင်းပိုင်း ရောက်သောအခါ ဘေးတစ်ဖက်ရှိ နံရံဘေး စုပုံထားသော ကျောက်မျက်ရတနာ ပစ္စည်းမျိုးစုံကို တွေ့မြင်နေရသည်။

အနီးတွင်လည်း လက်နက်များကိုင်ကာ ရပ်လျက် စောင့်နေကြဟန်တူသော အဝတ်အစားမပါ အမွေးအမှင်များ ပါရှိပြီး လူဝံသဏ္ဌာန် သန်မာထားကျိုင်းသော သတ္တဝါများကိုလည်း တွေ့မြင်ရသည်။

ရှေ့ဆက်၍ အနည်းငယ်သွားသောအခါ **ပလ္လင်ခုံပုံ ခပ်မြင့်မြင့်ပေါ်တွင်** ကျောက်မျက်ရတနာများ စီခြယ်ထားသော **"ကလပ်"**တစ်ခု မြင်ရသည်။

ယင်း ကလပ်အလယ်တွင် ဘေးတစ်ဖက်တစ်ချက်စီသို့ အလင်းရောင်များ ဖြာထွက်နေသော လက်သီးဆုပ်ခန့်အရွယ်ရှိ **"ပတ္တမြားကြီးတစ်လုံး"** တင်ထားသည်ကို တွေ့မြင်ရသည်။

အံ့ဩဖွယ်ရာ တွေ့မြင်နေရသော်လည်း သတိကတော့ မလစ်ပါ။ မိမိ ပြုလုပ်ရန် ကြံစည်ထားသော အလှူဒါန အောင်မြင်ဖို့အတွက်သာ စိတ်စောနေသည်။

မိမိ အချိန်နောက်ကျနေသဖြင့် စောင့်မျှော်နေမည့် မိခင်ကြီးနှင့် ညီငယ်မိသားစု၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ ရောက်လောက်နေပြီဖြစ်၍ တွေးတောကာ ပူပန်နေမိသည်။

ရတနာပစ္စည်းများ ပြသကာ မိမိအား ဖြားယောင်းသွေးဆောင်နေကြကြောင်းကိုလည်း ရိပ်မိသိရှိနေသည်။ လိုချင်တပ်မက်သောစိတ်လည်း မဖြစ်ပေါ်မိပေ။ မိမိ ပြုလုပ်လိုသော အလှူဒါန အောင်မြင်ဖို့ရာသာ စိတ်စောနေမိရာ...

'အကျွန်ုပ် ပြုလုပ်မည့် အလှူဒါနအတွက် အမှုပေးဝေပါတယ်။ ကျွန်ုပ်ကို မနှောင့်ယှက်ဘဲ လိုရာသို့ သွားခွင့်ပြုပါ'

ဟု ပြောဆိုပြီး အမျှဝေလိုက်သောအခါ အဆောင်ယောင်များ ရုတ်သိမ်းလိုက်ပုံ ရပါသည်။

မူလသွားလမ်း ပေါ်လာသည်။ မူလသွားလမ်းကို ဆက်လျှောက်ခဲ့ရာ ကနဲရွာ ယာခင်း၏ အဝင်ထောင့် ဘေးဘက်အနီး ကပ်လျက် ထောင်ထားသော တစ်ဖက်ရပ် တဲငယ်လေးရှိသည်။ အကာ မရှိပါ။

www.burmeseclassic.com



ရှေ့တဲတိုင်တိုင်စာစ်တိုင်ကို မှီ၍ မိမိဘက် မျက်နှာမူကာ ဦးခေါင်း ဆံပင် စုတ်ဖွားနှင့် ထိုင်နေသော မိန်းမကြီး တစ်ယောက်ကို စ,တွေ့ရသည်။

မန်ကျည်းပင်ကြီးက တစ်ဖက် ထောင့်မှာ ထီးထီးကြီး ရှိနေသည်။ ရှေ့သို့ ခပ်သုတ်သုတ် လျှောက်လာရာ မိမိရွာမှ လာ၍ လုပ်ကိုင်ကြသော ဦးအေးမောင်၊ ဦးအေးလှ ညီအစ်ကို တို့၏ ယာခင်းဘက် ရောက်လာသည်။

ဦးအေးမောင် ယာကွက်က အရှေ့ဘက်ကဖြစ်သည်။ ထို့နောက် ဦးအေးလှ ယာခင်းဘက် အရောက် အလယ်တွင် လမ်းဘေး မလှမ်းမကမ်း ထန်းပင်ကို တွယ်ကပ်ပေါက်နေသော ညောင်ပင်စပ် တစ်ပင် ရှိပါသည်။

ထိုညောင်ပင်၏ အနီးအရောက်တွင် မိမိ၏နောက်မှ တစ်စုံတစ်ယောက် လိုက်လာသလို ထင်မိသဖြင့် နောက် လှည့်ကြည့်လိုက်ရာ အမွေးအမှင်ထူထူ ကိုယ်လုံးတီးနှင့် သတ္တဝါကြီးက ပခုံး တစ်ဖက်ကို ကိုင်ဆွဲလိုက်ရာ ကြက်သီး မွေးညင်း ထသွားသည်။

သတိကတော့ မလွတ်ပါ။ ခန္ဓာကိုယ်ကတော့ ယခင်ကလို မသွက်လက်တော့ပါ။ အိမ်ကို ရောက်လိုသော စိတ်က စောနေ၍ ခပ်သုတ်သုတ်လာခဲ့ရာ ည(၈)နာရီကျော် အချိန်ခန့်တွင် အိမ်ပြန်ရောက်သည်။

လည်တဆန့်ဆန့်နှင့် စောင့်နေကြသူများကိုလည်း ဂရုမထားမိတော့ပါ။ အိမ်ရှေ့ခေါင်းရင်းဘက်စောင်း တဲအောက်ရှိ ခုတင်ကြီးပေါ်သို့ တက်ကာ လှဲ၍ အိပ်လိုက်ပါတော့သည်။

အခြေအနေကို စောင့်ကြည့်နေသူများမှာ ကိုကျော်အေးကို ကြည့်၍ သွေးရိုးသားရိုး မဟုတ်ကြောင်း ရိပ်မိကြသည်။

ထိုသို့ တွေးတောမိကြသူများ အထဲမှ အိမ်နီးချင်းလည်းဖြစ်၍ စာလည်း သင်ပြခဲ့ဖူးသော ဆရာလည်း ဖြစ်ခဲ့သူ **"ကိုထွန်းရှိန်"**မှ အခြေအနေကို အကဲခတ်မိသဖြင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များအထဲမှ တိုင်းရင်းဆေးဆရာကြီးလည်းဖြစ်၍ ပယောဂ အမျိုးမျိုးကိုလည်း နိုင်နင်းသော **"ဆရာကြီးဦးမောင်တင်"**ကို အကျိုးအကြောင်းပြောပြကာ ကိုကျော်အေးတွင် ကပ်မှီ၍ ပါလာသော အပပယောဂကို ချွတ်ပေးရန် တောင်းပန်ရပါတော့သည်။

ဝတ်တက်ဝတ်ကပ်ခြင်းကို မပြုနိုင်သေးဘဲ ကိုကျော်အေးတွင် မှီကပ်ပါလာသော အစွဲကို ချွတ်ပေးရန် ဆရာကြီးဦးမောင်တင်သည် ရှေ့ခေါင်းရင်းစောင်းတဲအတွင်း သွားရောက်၍ ဂါထာမန္တန်များကို ရွတ်ဆိုမန်းမှုတ်ကာ အစွဲချွတ်ခြင်းကို စတင်ပါတော့သည်။

ပရလောကသားနှင့် အမေးအဖြေပြုလုပ်သည်။ လိုက်ပါပူးကပ်နှောင့်ယှက်ရခြင်းအကြောင်းကို မေးသည်။ နေရာဒေသကို မေးသည်။ အစားအစာ စားသောက်လို၍ဖြစ်ကြောင်း ပြောသည်။

နေထိုင်စရာ အတည်တကျ မရှိကြောင်းဖြေသည်။ ဆရာကြီးက စားသောက်လိုသော အစာကို ကျွေးမည်။ နေစရာလည်း ရှာပေးမည်။ နောင်အခါ လမ်းသွားလမ်းလာများကို ယခုလို မနှောင့်ယှက်ရန် ကတိတောင်းသည်။

စားသောက်ရန် အစာကို လူငယ် (၃,၄)ယောက်အား ရွာအပြင်သို့ သွားချစေသည်။ လူတို့နှင့် နီးကပ်ရာတွင် မနေဘဲ အခြား အလှမ်းဝေးသော နေရာတွင် သွားနေရန် ညွှန်ပြအမိန့်ပေးပြီး လိုရာသို့ သွားနိုင်ကြောင်းပြောကာ အစွဲကို ဖြေပေးလိုက်ပါသည်။

ထိုသို့ အစွဲချွတ်ပေးပြီးသောအခါ ကိုကျော်အေးမှာ ပြန်လည် သတိရလာကာ ကောင်း၍သွားသည်။

ဝတ်တက်ဝတ်ကပ် ပြုလုပ်ခြင်းကိုလည်း လုပ်နိုင်ပါတော့သည်။

* * *

နောက်ထပ် အဖြစ်အပျက်မှာတစ်ခ

www.burmeseclassic.com

www.burmeseclassic.com

မှာ ကိုကျော်အေး၏ အကြောင်းနှင့် မဆက်စပ်သော်လည်း ယင်းသို့ သွားလာရင်း တွေ့ကြုံခံစားခဲ့ရသော အဒေါ်ကြီးတစ်ယောက် အကြောင်းကိုလည်း ဆက်လက်တင်ပြပါဦးမည်။

အဒေါ်ကြီး၏အမည်မှာ **ဒေါ်မယ်ရှင် (ခေါ်)ဒေါ်မေရှင်** ဖြစ်ပါသည်။

သူတို့မိသားစုက ရေလုပ်ငန်း၊ တံငါလုပ်ငန်းဖြင့် အသက်မွေးသူများ ဖြစ်ကြပါသည်။ ယောကျ်ားက ငါးရှာထွက်၍ ရလာသော ငါးများကို အိမ်ရှင်မ ဇနီးနှင့် သမီးများက လိုက်လံ ရောင်းချရပါသည်။

ဒေါ်မယ်ရှင်မှာ အသက်(၅၀)ကျော် အရွယ် ရှိလာသည့် အချိန်တိုင်အောင် ငါးများကို ကိုယ်တိုင်ရောင်းချနေဆဲ ဖြစ်ပါ၏။ ဖော်ပြမည့် အတွေ့အကြုံမှာ ငါးရောင်းသွားပြီး အပြန်မှာ တွေ့ကြုံခဲ့ရသော အဖြစ်အပျက် အကြောင်း အရာတစ်ခု ဖြစ်ပါသည်။

ရွာအတွင်း ရောင်းချစဉ် တွေ့ကြုံရခြင်း မဟုတ်ပါ။ ငါးကြီးသား ခုတ်သားဖြစ်၍ ရွာမှာ မရောင်းဘဲ မြို့နယ်မြို့ဖြစ်သော ကနီမြို့သို့ သွားရောက်ရောင်းချပြီး အပြန်တွေ့ကြုံခဲ့ရခြင်း ဖြစ်ပါ၏။

ရွာတွင်းမှာတော့ အသေးအဖွဲ ငါးလေးများ၊ အတန်အသင့်ကြီးသော ငါးတို့ကိုသာ ရောင်းချလေ့ ရှိပါ၏။

ငါးခုတ်သားများကို (၁)ပိဿာစီ လျှော်နီကြိုးနှင့် တွဲ၍ ဒန်ဇလုံကြီးနှင့် ထည့်ကာ ခေါင်းပေါ်ရွက်၍ နံနက်ခင်းမှာ ကနီမြို့သို့ သွားရောင်းချသည်။ ငါးရောင်းပြီး ပြန်ချိန်တွင် အချိန်နည်း၍ နေဝင်ခါနီးအချိန် ရောက်ပါသည်။

ငါးရောင်းပြီး ကနီဘက်မှ ကနဲဘက်ကမ်းသို့ ကူးတို့စက်လှေဖြင့် ကူးခဲ့သည်။ ကနဲရွာမှ ရွာဘက်သို့ ပြန်လာ



သောအခါ မိမိတို့ရွာသွားသော လူသွားလမ်းသို့ ရောက်လာသောအခါ နေဝင်စ ပြု၍ မှောင်စပျိုးနေပြီ ဖြစ်သည်။

လဆန်းရက်ဖြစ်၍ လရောင်၏ အလင်းရောင်နှင့် လာခဲ့ရာ ကျောမကြားရွာ ယာခင်းကို ကျော်၍ ကနဲရွာမှ လာရောက်လုပ်ကိုင်သော ယာခင်းသို့ ရောက်လာသည်။ တစ်ဖက်ထောင့်တွင် မန်ကျည်းပင် အုပ်အုပ်ဆိုင်းဆိုင်းကြီးကို လှမ်းမြင်ရသည်။

ကနဲရွာယာခင်းမှ ကျွန်တော် ရွာမှာ လုပ်ကိုင်ကြသော ယာခင်းဘက် ကူးလာသည်။ ဒေါ်မေရှင်တို့ မိန်းမငယ် အဖော်တစ်ယောက် အပါအဝင် (၂) ယောက်ဖြစ်သည်။

ဒေါ်မေရှင်မှာ ဘာသာတရားအပေါ် အလေးအနက် မထားခဲ့ပါ။ မည်သည့် ဂါထာမန္တန်မှလည်း မရွတ်ဆိုတတ်ပါ။

"အညီရှိ ယင်အုံ" ဆိုသလို ဒေါ်မေရှင်ကို အပဝင်ကာ ဝင်ပူးကပ်ခြင်း ခံရတော့သည်။ ငါးရောင်းပြန်လာခြင်းဖြစ်ရာ ငါးထည့်သော ဒန်ဇလုံကြီးမှာ ငါးညှီနံ့ နံနေပါသည်။ အမြဲထည့်ရောင်းသောကြောင့် ငါးညှီနံ့က

မပျောက်နိုင်တော့ပါ။

ကိုကျော်အေးကို ပူးကပ်ခဲ့သော ဦးအေးမောင်၊ ဦးအေးလူ ညီအစ်ကိုတို့ ယာခင်းဘက် ရောက်သောအခါ ဒေါ်မေရှင်မှာ လေးလံထိုင်းမှိုင်းလာပြီး ရှေ့ဆက် မသွားနိုင်တော့ဘဲ လဲကျသွားပါသည်။

အတူပါလာသူ အမျိုးသမီးငယ်မှာ မည်သို့မျှ မလုပ်တတ် မကိုင်တတ်ပါ။ ရွာဘက်သို့ ရောက်ရန်လည်း အလှမ်းဝေးသေးသည်။ တွဲခေါ်ရန်လည်း အမျိုးသမီးငယ်အနေနှင့် မတတ်နိုင်ပါ။

ဒေါ်မယ်ရှင်အား ထားခဲ့ပြီး ရွာပြန်၍ အကူအညီတောင်းရန်လည်း မလွယ်ကူ။ ပြုစုကုသရန်လည်း မလုပ်တတ် မကိုင်တတ် ဖြစ်ကာ အကျပ်ရိုက်နေတော့သည်။ ကြောက်စိတ်ကလည်း တစ်ဖက်က ဝင်နေသည်။

ဒေါ်မေရှင်တို့ နှစ်ယောက်အတွက် ကံကောင်းထောက်မသည်ဟု ဆိုရပါမည်။ တစ်နည်းအားဖြင့် ဒေါ်မေရှင် တစ်ယောက် သေကံ မကြုံသေး၍ဟု ဆိုရပါမည်။

မမျှော်လင့် မထင်မှတ်ဘဲ ရွာဘက်သို့ လာကြသော အဖော်နှစ်ယောက် တွေ့ကြသည်။ ရွာသို့သွားမည့် မိမိတို့ ရွာသားတစ်ယောက် ဖြစ်သော မောင်ရေမွှေးနှင့် အဖော်တစ်ယောက်တို့ သူတို့ စီးလာသော မော်တော်ရေယာဉ် ကနဲမြို့အဝင် မိုးချုပ်နေ၍ သူတို့လည်း မိုးချုပ်နေသော်လည်း ရွာသို့ ရောက်လိုဇောနှင့် လာခဲ့ကြသည်။

မောင်ရေမွှေးမှာ အလုံမြို့အနီး ရွာတစ်ရွာတွင် အိမ်ထောင်ကျသူ ဖြစ်သည်။ ရွာသို့ အကြောင်းကိစ္စရှိ၍ ပြန်လာခြင်းဖြစ်သည်။

www.burmeseclassic.com

ဒေါ်မေရှင်မှာ သတိလစ်နေသဖြင့် သူတို့မှာ ခဲရာခဲဆစ် ဆိုသလို တွဲ၍ ခေါ်လာရသည်။ ဒေါ်မေရှင် ခန္ဓာကိုယ်မှာ အနည်းငယ် ဖေါ့ဖြိုးသည်။

ထိုသို့ တွဲခေါ်လာသည်မှာ ယာခင်း (၅)ကွက်ကျော်ကျော် ဖြတ်၍ လာခဲ့ရသည်။ ရွာသို့ မိုးအတော်ချုပ်မှ ရောက်ကြသည်။

ဒေါ်မေရှင်တို့အိမ်မှာ ရွာမြောက်ပိုင်း ကမ်းနဖူးမှာရှိ၍ အိမ်အရောက် ပို့ပေးပြီး မောင်ရေမွှေးတို့မှာ ရွာအလယ်ပိုင်း မီခင်ကြီးရှိရာအိမ်သို့ သွားရသည်။

ထိုသို့ သတိလစ်ကာ စကားမေးမရ ဖြစ်နေသော ဒေါ်မေရှင်အား ပြုစုကုသရန်အတွက် ညတွင်းချင်းပင် ရွာအရှေ့တောင်ပိုင်းရှိ ဆရာကြီး ဦးမောင်တင်ကို သွား၍ ပင့်ခေါ်ကြရပါသည်။

ဆရာကြီး ရောက်လာသောအခါ ဒေါ်မေရှင်၏ အစွဲကို ချွတ်ပေးရတော့သည်။ ကိုကျော်အေးကို စွဲကပ်လိုက်ပါလာသော သရဲတော့ မဟုတ်ပါ။ ကနဲရွာမှ လုပ်ကိုင်သော ယာခင်းအနီးမှာ နေသော ပရလောကသား သရဲ တစ်ကောင်ပင် ဖြစ်ပါ၏။

ဒေါ်မေရှင်တို့ထံမှ ငါးညှီနံ့ ရသဖြင့် သားစိမ်း,ငါးစိမ်း စားလိုသောကြောင့် ကပ်ပါလာခြင်းဖြစ်သည်။

ဆရာကြီးမှ အစွဲပယောဂကို ထွက်သွားအောင် ချွတ်ပေးလိုက်ရပါတော့သည်။ ဒေါ်မေရှင် ကုသိုလ်ကံကောင်းထောက်မနေသေး၍ သေကံ မရောက်ခဲ့ခြင်း ဖြစ်ပါသည်။

အချိန်ကာလက ကြာခဲ့ပါပြီ။ နှစ် (၃၀)ကျော်လောက် ရှိခဲ့ပြီ ဖြစ်ပါ၏။ ကိုကျော်အေး ကြုံခဲ့ရသော လူသွားလမ်းနေရာ ပတ်ဝန်းကျင်နှင့် ဆက်စပ်နေသဖြင့် ဒေါ်မေရှင်၏ အကြောင်းအဖြစ်အပျက်ကို ထည့်သွင်းဖော်ပြလိုက်ရပါသည်။

ဤသို့အားဖြင့် "နေရာချင်းလဲလှယ်ရန် ဖြားယောင်းသွေးဆောင်ခြင်းလော၊ စားသောက်လို၍လော" ဟူ၍ ခေါင်းစဉ်တပ်ကာ ရေးသားခဲ့သော အကြောင်းအရာတို့ကို ကိုကျော်အေး သက်ရှိထင်ရှားရှိစဉ် ပြောပြခဲ့သည်ကို အမှတ်တရအဖြစ် ပြန်လည် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ကိုကျော်အေးလည်း မရှိတော့သလို ဒေါ်မေရှင်လည်း ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။

စာရေးသူအနေနှင့် ရေးတတ်သလို ကြိုးစား၍ ရေးရခြင်းဖြစ်ရာ ရေးသားတင်ပြပုံတွင် လိုအပ်ချက် ချို့ယွင်းချက်များ တွေ့ရှိခဲ့ပါက ခွင့်လွှတ်ကြပါရန်...။

**မောင်ဝင်းဘို(ချင်းတွင်းမြေ)**

**စာမျက်နှာ (၂၆၅)မှ အဆက်**

(continued box)

ပါဘုရား။ တပည့်တော်ကို ခွင့်လွှတ်ပါဘုရား'

ဟု ဒိုသံပါနှင့် သနားသဖွယ် လျှောက်ထားပါသည်။

'ကိုင်း... ပုဏ္ဏား ရပ်တော့'

ဟု ဆိုမှ ရပ်ပါတော့သည်။

**ဦးရွှေမှန်း** ။ ။ 'မင်းဘယ်သူလဲ၊ ဘယ်ကလဲ'

**ညို** ။ ။ 'နာမည်တော့ မပြောပါရစေနဲ့ဘုရား။ နေတာကတော့ ဒီအိမ်အရှေ့တောင်ဘက်မှာ နေပါတယ် ဘုရား'

**ဦးရွှေမှန်း** ။ ။ 'ကောင်းပြီ... ရှိစေတော့ ,ဘာလို့ ဒီလိုလုပ်ရတာလဲ'

**ညို** ။ ။ 'ချစ်လို့ပါ ဘုရား'

**ဦးရွှေမှန်း** ။ ။ 'နောက်ကို ဒီအိမ်က လူတွေကို ဒီလိုမလုပ်ရဘူး။ သစ္စာရေသောက်မလား'

**ညို** ။ ။ 'သောက်ပါ့မယ်ဘုရား'

**ဦးရွှေမှန်း** ။ ။ 'သစ္စာရေ သောက်ရမယ်'

ဦးပဥ္စင်းက ရေတစ်ခွက် ခပ်စေပြီး သစ္စာဆိုသောက်စေရာ...

'ကောင်းပြီ လိုရာသွားတော့ "ကင်းကိုက်နာနဲ့ နဖူးက ဒဏ်ရာကို ယူသွားတော့"

ဟု အမိန့်ရှိပြီး ဆီပင်ဖြေပေးလိုက်စေရာ မညိုမှာ အကောင်းပကတိဖြစ်ပြီး ခြေထောက်မှ ကင်းကိုက်နာလည်း မရှိဘဲ နဖူးတွင်လည်း နာကျင်ခြင်း မရှိသည်ကို တွေ့ရပါသည်။

ကိုယ်တွေ့ဖြစ်၍ အများသိစေရန် တင်ပြလိုက်ရပါသည်။

မှတ်ချက်။ ။ ကိုခင်သည် ကျွန်တော့် အစ်ကိုဖြစ်ပြီး မညိုမှာ မရီးဖြစ်သည်။ မစီနိလုံမှာ အစ်မဖြစ်ပါသည်။

**စလင်း အောင်ကျော်ရွှေနိုင်**



www.burmeseclassic.com

www.burmeseclassic.com

# အလေးထိုက်၍ အရေးကြီးခဲ့ရပါသည်

'ဘယ်လုပ်ငန်းမျိုးနဲ့ အကျိုးဖြစ်ထွန်းနိုင်သလဲ'

ဆိုတဲ့ မေးခွန်းကို လက္ခဏာကြည့်ပြီး အဖြေပေးလိုက်မိပါတယ်။

ကြည့်ပါ...

❖ ကြာသပတေးဂြိုဟ်ခုံတွင် **မျဉ်းမတ်များ။ ဆော်လမွန်လက်စွပ်ကွင်းများ** တွေ့ရတယ်။(က)

ဒါကတော့...ဦးစီးခေါင်းဆောင် အကြီးအကဲ ဖြစ်စေတတ်တဲ့ သင်္ကေတပါ။

❖ **လက်မဍ် အရစ်ပိုများ** တွေ့ရတယ်။ (ခ)

ဒါကတော့... အများနဲ့ဆိုင်သော အုပ်စုအဖွဲ့အစည်းဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများနဲ့ အကျိုးပြုသော သင်္ကေတပါ။

❖ လက်သန်းအောက် **ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ်များ** တွေ့ရတယ်။ (ဂ)

ဒါကတော့... ငွေကြေးဆိုင်ရာ ကိစ္စများ အကျိုးပြုသော သင်္ကေတပါ။

❖ **ရတနာဘဏ်တိုက်** ပါတယ်။(ဃ)

ဒါကတော့... ငွေကြေးဆိုင်ရာ စုဆောင်းနိုင်မှု ငွေကြေးပြောက်မြား ရနိုင်မှုကို ပြတဲ့ သင်္ကေတပါ။

❖ **တနင်္ဂနွေဂြိုဟ်ခုံတွင် မျဉ်းမတ်တစ်ကြောင်း** တွေ့ရတယ်။(င)

ဒါကတော့... အောင်မြင်ပြီးမြောက်ကြီးပွားတိုးတက်စေနိုင်တဲ့ သင်္ကေတ အထူးပါ။

ကဲ...ဒါကြောင့် ငွေကြေးနဲ့ဆိုင်တဲ့ လုပ်ငန်းများ အကျိုးပေးပါမယ်။[ဥပမာ **ဘဏ်လုပ်ငန်း။ ငွေစာရင်းမှူး စသည်ဖြင့်...**]

**ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ**

**ဦးသော်ခင် (ဟသ်ာတ)**







www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာရှင်းတမ်း (၂)

စရဏ ဦးအောင်



သူတော်စင်ဝိဇ္ဇာ မောင်းပင်ဆရာဆိုင်(ခေါ်)အဘိုးငယ်

[၁]

**'ဝိဇ္ဇာရှင်းတမ်း'**ဟု ခေါင်းစီးတပ်လိုက်ခြင်းသည် သူတော်စင် ဝိဇ္ဇာအကြောင်းကို ရှင်းလင်း တင်ပြမည်ဖြစ်၍ ဝိဇ္ဇာရှင်းတမ်းဟု ခေါင်းစီးတပ်လိုက်ခြင်း ဖြစ်ပေသည်။

**၁၉၈၉ ခုနှစ်၊ မေလပိုင်းက** ဖြစ်သည်။ စာရေးဖော်ရေးဖက် မိတ်ဆွေ **စာရေးဆရာတည်ကြည်** (သိန်းနက်စုံထောက်ဝတ္ထုစာအုပ်ဖြင့် နာမည်ကြီးသူ)[နောက်ပိုင်း ရဟန်းပြုသွားပြီး နေမိန္ဒြမဝိဇ္ဇာဘွဲ့တော်ဖြင့် ကျော်ကြားခဲ့သည်။]သည် ကျွန်ုပ် နေထိုင်ရာအိမ်သို့ ရောက်ရှိလာသည်။

ကျွန်ုပ်နှင့် သူတော်စင် ဝိဇ္ဇာအကြောင်း စကားပြောကြရင်း သူ၏မျက်လုံးက ကျွန်ုပ် ကိုးကွယ်ပူဇော်ထားသော သူတော်စင် ဝိဇ္ဇာ အစုအဝေးဓာတ်ပုံကို စူးစိုက်ကြည့်ပြီး...

'ဟို ရှေ့တန်းမှာ အဘခေါင်နံဘေးမှာ ထိုင်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ'

ဟု မေးလာသည်။ ကျွန်ုပ်က မသိကြောင်း၊ ကျွန်ုပ်သိတာက အဘခေါင်နဲ့ ရာကျော်ဆရာတော်ကိုသာ သိကြောင်း ပြောသည်။ ဆရာတည်ကြည်က အဘခေါင် နံဘေးက ပုဂ္ဂိုလ်ကို လက်ညှိုးထိုးပြပြီး...

'အဲဒီပုဂ္ဂိုလ်က အဘိုးငယ်ဗျ၊ သူက ပဲခူးစမ်းကြီးတောရစခန်းက ထွက်သွားတာ'

'ထွက်သွားတာ ဆရာ ကောင်းကောင်း သိတာပေါ့ ဟုတ်လား'

'သိတာပေါ့ဗျာ၊ ကျွန်တော့်ဆရာပဲ ဥစ္စာ၊ ကျွန်တော် ငယ်ငယ်တုန်းက အဲဒီစမ်းကြီးတောရစခန်းမှာ ဖိုးသူတော် ဝတ်ခဲ့ရသေးတယ်'

'ဒါဆို အဲဒီအဘိုးငယ်အကြောင်းကို ပြောပြစမ်းပါဗျာ။ ဘယ်တုန်းက ဘယ်လိုဘယ်ပုံ ထွက်သွားလဲဆိုတာ'

'အင်း ပြောပြမယ်'

ကျွန်ုပ်၏ တောင်းဆိုမှုကြောင့် ဆရာတည်ကြည်က ယင်းသိသမျှအကြောင်းစုံကို စိတ်ရှည်လက်ရှည် ပြောပြလေတော့သည်။

[၂]


**၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးခါကနှစ်က ဖြစ်သည်။** ပဲခူးမြို့၌ နေထိုင်သော ဦးဆိုင်သည် စက်ချုပ်လုပ်ငန်းဖြင့် မိမိ၏ဇနီးနှင့် သားသမီးများကို လုပ်ကိုင် ကျွေးမွေးသည်။ တစ်ဖက်တွင်လည်း မိမိဝါသနာပါသော သိဒ္ဓိလမ်းစဉ်ကို လိုက်စားသည်။ ထိုစဉ် ဇနီးသည် ကွယ်လွန်သွားလေသည်။

ဦးဆိုင်သည် သားနှင့်သမီး မောင်နှမနှစ်ယောက်ကို စက်ချုပ်လုပ်ငန်းဖြင့် ကျွေးမွေး ထိန်းသိမ်း စောင့်ရှောက်ရင်း ဝိဇ္ဇာလမ်းစဉ် အလုပ်ကို တိုး၍ လုပ်သည်။ ကြာတော့ ပေါက်မြောက်အောင်မြင်သွားသည်။

လူများ ဦးဆိုင်ထံသို့ ဆည်းကပ်လာကြသဖြင့် တပည့်တပန်းများ ပေါ်များလာသည်။ တပည့်များက **ဆရာဆိုင် ဆရာဆိုင်**ဟု ခေါ်ဝေါ်လာကြသည်။

www.burmeseclassic.com





▲ အဘိုးဝယ် ထွက်ရပ်လယ်သို့ မကြွလှမ်းခင်က အဘိုးဝယ် နေထိုင်ကိုးကွယ်ခဲ့သည့် သလွန်တော်

◀ ရုပ်ရှင်မှာတော်(အဘိုးဝယ်၏ ဓာတ်ခန်းတွင် ကိုးကွယ်ထားသည့်ဘုရား)

ထိုအခါ ဆရာဆိုင်သည် ပဲခူးမြို့ထဲ မနေတော့ဘဲ ထိုစဉ်က တောတောင် အလွန်ထူထပ်သည့် ပဲခူးမြို့၏အပြင်ဘက် **စမ်းကြီးတောရ**ဟု ခေါ်သောနေရာသို့ ပြောင်းရွှေ့စခန်းချပြီး ဝိဇ္ဇာလုပ်ငန်းကို လုပ်သည်။ သာသနာပြု သတ္တဝါကယ်သည့် လုပ်ငန်းကို လုပ်သည်။

စမ်းကြီးတောရအတွင်း ဇော်မိပင်ညောင်ပင်အနီး၌ စခန်းချ နေထိုင်သဖြင့် ဆရာဆိုင်ကို သူ့ တပည့်များက **ဇော်မိပင်ဆရာဆိုင်** ဟူသော အမည်ကို ခေါ်ဆိုလာကြပြန်သည်။

လူတွေက ဇော်မိပင် ဆရာဆိုင်ထံ လာရောက် ဆည်းကပ် ပူဇော်ကြသည်မှာ လူထုပရိသတ်ဖြင့် ကြိတ်ကြိတ်တိုး စည်းကားလျက် ရှိသည်။

ထိုလူအုပ်ထဲ၌ သူဌေး ကြွယ်၊ ကုန်သည်ပွဲစားများလည်း ပါသည်။ ဆင်းရဲသူများလည်း ပါသည်။ ထိုအခါ ဇော်မိပင် ဆရာဆိုင်ကို ဦးထိပ်ထား၍ ရှင်ပြုရ ရဟန်းခံ မင်္ဂလာပွဲ ကြီးကြီးကျယ်ကျယ် လုပ်သည်။

စာရေးဆရာ တည်ကြည်၏ ဖခင် ဦးအုန်းသည် ဇော်မိပင် ဆရာဆိုင်၏ တပည့်ရင်း ဖြစ်သဖြင့် ပဲခူး စမ်းကြီးတောရစခန်းတွင် ရောက်နေသည်။

ဦးအုန်း၏သား **မောင်တင်ဝင်း** (စာရေးဆရာတည်ကြည်)နှင့်မောင်ဝင်း ဖေတို့ ညီအစ်ကိုနှစ်ယောက်သည်လည်း စမ်းကြီးတောရစခန်းသို့ ဖခင် ဦးအုန်းနှင့် အတူရှိနေသည်။ မောင်တင်ဝင်းနှင့် မောင်ဝင်းဖေတို့သည် အများတကာ ရှင်ပြုရ ရဟန်းခံ ပြုလုပ်နေသည်ကို ဟိုငေးဒီငေးဖြင့် လုပ်နေကြစဉ် ဇော်မိပင်ဆရာဆိုင်က မြင်တော့...

'ဟဲ့ ဒါ ဘယ်သူ့သားတွေလဲ'

ဟု မေးရာ အနားရှိ လူက...

**'ဆရာအုန်းရဲ့ သားတွေပါ'**

ဟု ဖြေကြသည်။

'သူတို့ကို ဖော်သူဒိုး-ဖိုးသူတော် လုပ်ပေးရမယ်။ သွား... ဟို...ငါ့ ဓာတ်နန်းခုံပေါ်မှာ ပိတ်စတွေရှိတယ်။ ပိတ်စတွေ ယူပြီး ဒီ သူငယ် နှစ်ယောက်ကို ဖိုးသူတော်ဝတ်ပေးကြစမ်း'

ဟု အမိန့်ပေးသဖြင့် တပည့်ဒကာများက ချက်ချင်းပင် ကပျာကယာ ပိတ်စ ဖြတ်သူဖြတ်၊ ခေါင်းတုံးသူတုံးဖြင့် လုပ်ကိုင်ကြသည်။

ရှင်ပြုရ ရဟန်းခံမင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲကျင်းပပြီး နောက်တစ်ရက်တွင် ဇော်မိပင် ဆရာဆိုင်သည် ဓာတ်ခန်း(ဓာတ်နန်း)မှ ဆင်းသက်လာပြီး စေတီဟောင်းကုန်းတော်ပေါ်သို့ တက်လာသည်။ ဇော်မိပင် ဆရာဆိုင့်ကို မြင်တော့ ဖိုးသူတော်ညီအစ်ကို နှစ်ယောက်သည် လက်အုပ်ချီ နေကြသည်။

ဇော်မိပင် ဆရာဆိုင်သည် ဖိုးသူတော်နှစ်ယောက်ကို ကြည့်လိုက်၊ သရက်ပင်ပေါ်ကို မော့ကြည့်လိုက်ဖြင့် လုပ်ပြီး လက်ဝါးဖြန့်လိုက်ရာ သရက်ပင်ပေါ်မှ သရက်သီးနှစ်လုံး ဆရာဆိုင် လက်ဖဝါးပေါ်သို့ ကျလာသည်။


သရက်သီး သီးချိန်မဟုတ်၍ သရက်ပင်ပေါ်၌ သရက်သီး မရှိပါလျက်နှင့် သရက်သီး ကြွေကျလာသဖြင့် လူအများက အံ့သြနေကြသည်။

ထိုသရက်သီးနှစ်လုံးမှာလည်း မှည့်ရော်နေသည်။ ထိုသရက်သီးမှည့်နှစ်လုံးကို ဖိုးသူတော် မောင်တင်ဝင်းနှင့် မောင်ဝင်းဖေတို့အား ပေးပြီး စားစေ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးငယ် တည်ထားကိုးကွယ်ခဲ့သည့် ကျောက်သမ္ဘန်စေတီတော်

သည်။

*(ထိုသရက်သီး စားခဲ့ရမှုကြောင့် ထင်သည် ယခုအခါ ညီအစ်ကိုနှစ်ယောက်အား သူတော်စင် ဝိဇ္ဇာများက သာသနာပြုလုပ်ငန်း၌ တာဝန်ပေး ခိုင်းစေလျက်ရှိသည်။ အခွင့်အခါ ကြုံသည့်အခါ ယင်းအကြောင်းအရာများကို ရေးပါဦးမည်။)*

လတွေ၊ နှစ်တွေ ကြာလာသော အခါ ပေါ်မိပင်ဆရာဆိုင်ကို ကြည့်ရှု ကြည်ညိုရင်း တပည့်များက ပေါ်မိပင် ဆရာဆိုင်က အရပ်ပုသည်၊ ခန္ဓာကိုယ်ကလည်း သေးသေးသွယ်သွယ် ပိန်ပိန်ပါးပါးလေးဖြစ်၍ **ပေါ်မိပင် ဆရာဆိုင်ကို ပေါ်မိပင် ဆရာဆိုင် ဟူ၍ မခေါ်တော့ဘဲ အဘိုးငယ်ဟု ခေါ်ဆိုကြသဖြင့် အဘိုးငယ်ဟုပင်** တွင်သွားလေတော့သည်။

## [၃]

## အဘိုးငယ် ထွက်ရပ်စခန်းသို့ ကြွမြန်းသွားသည့်အကြောင်း

**၁၉၅၁ခုနှစ်တွင် ဖြစ်၏။** အဘိုးငယ်၏ စမ်းကြီးတောရ စခန်းတွင် လူများ ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိသည်။ ဝင်ထွက် သွားလာကြသူများ တစ်သောင်းကျော်ခန့် ရှိသည်ဟု ဆိုသည်။

ထိုအခါ အကြံသမားတစ်စုက...

'ဒီအဘိုးကြီးကို ပြန်ပေးဆွဲလျှင် ငွေအမြောက်အများ ရမည်'

ဟု တွက်ချက်ပြီး အဘိုးငယ်အား ပြန်ပေးဆွဲရန် ကြံစည်လေတော့သည်။

လူဆိုးများ၏ အကြံအစည်ကို သိသော အဘိုးငယ်သည် သူ့ စမ်းကြီးတောရစခန်းတွင် ရောက်ရှိနေထိုင်ကြသော လူထုပရိသတ်များအား စခန်းမှ ထွက်ခွာစေသည်။

အချို့က ဘာကြောင့် စခန်းမှ ထွက်ခွာခိုင်းသည်ကို သိလိုကြသဖြင့် အဘိုးငယ်အား မေးမြန်းရာ အဘိုးငယ်က မပြော။ **'ပြန်ကြ၊ ပြန်ကြ'**ဟုသာ ပြောသည်။ လူထုပရိသတ်က အန္တရာယ် တစ်စုံတစ်ရာရှိ၍ ပြန်ခိုင်းတာ ဖြစ်မည်ဟု တွေးပြီး အချို့ မိမိအိမ်သို့ ပြန်ကြသည်။

အဘိုးငယ်ကို ကြည်ညိုသော၊ ချစ်ကြသော လူ (၅၀)ခန့်သည် အဘိုးငယ် ဘယ်လိုပင် နှင်ထုတ်ပေမယ့် မပြန်ကြဘဲ ပေကပ်နေကြသည်။

၁၉၅၁ ခုနှစ်၊ မတ်လ၏ နေ့တစ်နေ့ နေမွန်းလွဲပိုင်း (၂)နာရီခန့်တွင်

www.burmeseclassic.com





▲ အဘိုးငယ်၏ ကျောက်သပွတ်စေတီရှေ့၌
အမှတ်တရ(ဝဲမှယာ)ဦးခဲမြင့် ဦးတင်မောင်ကြည်၊ ဦးဇော်ဝင်း

◄ ပဲခူးစမ်းကြီးတောရ အဘိုးငယ်ဓာတ်ခန်းနှင့် ကပ်လျက်ရှိ အဓိကာရ
ဈေးဟောင်းတောစိမ်းကြီးနှင့် တပေါင်းကုန်း

လက်နက်ကိုင် သောင်းကျန်းသူတစ်စု ရောက်ရှိလာပြီး အဘိုးငယ်ကို ဖမ်းဆီး ခေါ်ဆောင်သွားကြသည်။

အဘိုးငယ်ကို ချစ်သော၊ ကြည်ညို သော လူများက လက်နက်ကိုင် သောင်းကျန်းသူကို ကြောက်ရွံ့ကြရ သဖြင့် ဘာမျှ မတတ်နိုင်။ အဘိုးငယ် စခန်းတွင် နေသူ နေ၊ အိမ်ပြန်သူ ပြန်သွားကြသည်။

သောင်းကျန်းသူများသည် အဘိုး ငယ်အား ပဲခူးရိုးမ တောတွင်း တောင် ခြေသို့ ခေါ်ဆောင်သွားပြီး သူတို့၏ တောတွင်း အချုပ်ခန်းတွင် ချုပ်နှောင် ထားကြသည်။ လက်နက်ကိုင် သောင်းကျန်းသူ အစောင့်တစ်ယောက် က အချုပ်ခန်း အပြင်ဘက်မှ အမြဲတမ်း လှည့်ပတ်၍ စောင့်နေသည်။

ယင်းသို့ စောင့်နေစဉ် ည ၈ နာရီ ခါနီးစ ရောက်သောအခါ ထမင်း ပန်းကန်ပြားတွင် ထမင်းအပြည့် အမောက် ထည့်ပြီး ထမင်းပေါ် ဆား သင့်တင့်ရုံ ဖြူးကာ အချုပ်ခန်းအောက် တိုင်ကြားမှ အဘိုးငယ်အား **"စား"** ဟု ပြောကာ ထိုးပေးသည်။ အဘိုးငယ်က ထမင်းပန်းကန်ကို ကြည့်ပြီး…

'ဆား ထပ်ထည့်ပေးပါဦး'

ဟု ပြောရာ လက်နက်ကိုင် အစောင့် က ထမင်းပန်းကန်ကို ယူပြီး ဆား အနည်းငယ် ထပ်ထည့်ပေးသည်။ ထို့နောက် ထမင်းပန်းကန်ကို အချုပ် အောက် တန်းမှ ထိုးပေးသည်။ အဘိုး ငယ်က ထမင်းပန်းကန်ကို ကြည့်ပြီး …

'ဆား ထပ်ထည့်ပေးပါဦး'

ဟု ပြောပြန်ရာ လက်နက်ကိုင် အစောင့်က အဘိုးငယ်အား အမြင် ကတ်ကတ်ဖြင့် ရှုပြီး ဆားကို ထမင်း အပေါ်မှ ထမင်းမမြင်နိုင်အောင် များများ ပုံထည့်လိုက်လေသည်။ ထို့ နောက် အဘိုးငယ်ကို ပေးသည်။

အဘိုးငယ်က ထမင်းနှင့်ဆားကို နယ်ဖတ်၍ စားသည်။

မြိန်မြိန်ရှက်ရှက် စားသည်။ ဆား ငန်သည့် အရိပ်အယောင်ပင် မမြင်ရဘဲ မြိန်ရေရှက်ရေ စားနေသည်ကို လက် နက်ကိုင် အစောင့်က အံ့သြစွာ ကြည့် နေသည်။ အဘိုးငယ်စား၍ ထမင်း တစ်လုတ်၊ နှစ်လုတ်ခန့် ကျန်သော အခါ အဘိုးငယ်က အစောင့်အား…

'စားမလား'

ဟု မေးသည်။ လက်နက်ကိုင် အစောင့်က စားမည်ဟု ပြောသဖြင့် အဘိုးငယ်က အချုပ်ခန်း အောက်ခုံ တန်းမှ ထုတ်ပြီး ပေးသည်။

လက်နက်ကိုင်အစောင့်က ထမင်း ကို နည်းနည်းစားစမ်းကြည့်ရာ ထမင်း မှာ ချိုနေသဖြင့် အစောင့်က အဘိုးငယ် ကို တစ်ချက် ငဲ့စောင်းကြည့်ပြီး ကျန် ထမင်းကို ငုံ၍ စားသည်။ ထမင်း ငုံစားပြီး အဘိုးငယ်အား မော့ကြည့်ရာ အဘိုးငယ် အချုပ်ခန်းထဲတွင် မရှိတော့ ပေ။

အဘိုးငယ်သည် ထိုနေ့ ထိုအချိန်မှ စ၍ လူ့လောကမှ ထွက်ရပ်စခန်းသို့ ကြွမြန်းသွားလေတော့သည်။ အဘိုး ငယ်သည် ဆားစားပြီး ထွက်ရပ်စခန်း သို့ ကြွမြန်းသွားသဖြင့် ထွက်ရပ်ပေါက် ဝိဇ္ဇာလောက၌ အဘိုးငယ်အား **ဆား ဘိုးတော်၊ ဆားဘိုးတော်**ဟု ခေါ်တွင် နေကြသည်။

ဤကား **ဆရာဆိုင်(ဇော်) ဇောဝိ ပင်ဆရာဆိုင်(ခေါ်) အဘိုးငယ်၏**



www.burmeseclassic.com

www.burmeseclassic.com



◆ အဘိုးငယ်၏ ဓာတ်ခန်းအနီး ကုန်းမြင့်ပေါ်ရှိ အလှူခံရရာကျောသော စေတီငုတ်တိုနှင့် ရယာနွယ်ဆောက်တန်းပါ။ (စေတီငုတ်တိုအလယ်မှ ခွဲ၍ထောက်ထားသည်။)

◆ အဘိုးငယ်၏ တပည့်ဖြစ်တည်သောသား လူပျိုကြီး ဦးအောင်ဖိုး

◆ အဘိုးငယ်၏ တပည့်ဖြစ်တည်သောသမီး အပျိုကြီး ဒေါ်ရွှေဥ





**ထွက်ရပ်စခန်းသို့** ကြွမြန်းသွားသည့် ဖြစ်စဉ်အကျဉ်း ဖြစ်ပါသတည်း။

အဘိုးငယ် အချုပ်ခန်းတွင်းမှ ဆား ထမင်း စားပြီး ပျောက်သွားသည်ကို နှစ်ပေါင်းများစွာ ကြာလာသောအခါ အဘိုးငယ်အား စောင့်ကြပ်သည့် လက်နက်ကိုင်အစောင့်မှ အဘိုးငယ်၏ ဖြစ်ရပ်ထူးဖြစ်ရပ်ဆန်းကို ရင်းနှီးသည့် သူ၏မိတ်ဆွေများအား ပြောပြသည်။

တစ်ဦးမှတစ်ဦးသို့ အဘိုးငယ် အကြောင်းကို သိရှိလာကြခြင်း ဖြစ်သည်။ ဤဖြစ်ရပ်မှန်ကား အမှန်ကန် ဆုံးဟု ဝိဇ္ဇာလမ်းစဉ် လိုက်စားသူများက ခံယူထားကြသည်။

အထူးသဖြင့် အဘိုးငယ်၏ ဓာတ်ခန်းကို ယနေ့တိုင် ထိန်းသိမ်း စောင့်ရှောက်လျက်ရှိနေကြသော **အဘိုးငယ်၏သား ဦးအောင်ဖိုးနှင့် သမီး ဒေါ်ရွှေဥ လူပျိုကြီး၊ အပျိုကြီးတို့က ဆားထမင်းစားပြီး ထွက်သွားသည့် ဖြစ်စဉ်ဖြစ်ရပ်ကို လက်ခံယုံကြည်ထားသည်။**

အဘိုးငယ်၏ ထွက်ရပ်စခန်း ကြွမြန်းသွားပုံအကြောင်း မှုကွဲ အမျိုးမျိုး ရှိသည်။ ကျွန်ုပ်တို့ လက်မခံပေ။

## အဘိုးငယ် ဓာတ်ခန်းနှင့် နေရာဒေသ

အဘိုးငယ်၏ ဓာတ်ခန်းသည် ပဲခူး မြို့သစ်တွင် ရှိ၏။ အဘိုးငယ် ထွက်ရပ် စခန်းသို့ ကြွမြန်းသည်အထိ နေခဲ့သော နေအိမ်ဓာတ်ခန်းကို လူပျိုကြီး၊ အပျိုကြီး ဖြစ်ကြသော ဦးအောင်ဖိုးနှင့် ဒေါ်ရွှေဥ တို့ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

အဘိုးငယ်၏ ဓာတ်ခန်းအနောက် ဘက်၌ ရှေးဟောင်းစေတီအိုတစ်ဆူ ရှိသည်။ စေတီတော်ရင်ပြင်၌ ဗောဓိပင် ကြီးတစ်ပင်ရှိသည်။ စေတီတော် ဟောင်း၏ အောက်ဘက် ခပ်လှမ်းလှမ်း နေရာ၌ အဘိုးငယ်တည်ထား ကိုးကွယ် ခဲ့သော **ကျောက်သမ္ဘန်စေတီတော်** ရှိသည်။

ယင်း အဘိုးငယ် ဓာတ်ခန်းနေအိမ် သို့ စာရေးဆရာ ဝင်းမင်းထွေးနှင့် အဖော်အား ကျွန်ုပ် နှစ်ကြိမ်တိုင်တိုင် သွားရောက် ပို့ပေးခဲ့ဖူးသည်။

***တွေ့ခေါ် ဆင်ခြင်နိုင်ကြပါစေကုန်။***

**စရဏ ဦးအောင်**

> **အဘိုးငယ် ဓာတ်ခန်းလမ်းညွှန်**
>
> ရန်ကုန်မြို့မှ သွားလျှင် ပဲခူးမြို့တွင်သို့ မဝင်မီ ဝဲဘက်လမ်းဆောင်း အစွန်း၌ အည်းစခြားခ်ဆိုင်တစ်ခုကို တွေ့မြင်ရ မည်။
>
> ယင်းဆိုင်တစ်ခု ထောင်ထားသည့် လမ်းမှတ်၍ လေးမွှေးတုံလမ်းသို့ ရောက် လျှင် ညာဘက်လမ်း၊ ဘယ်ဘက်အစွန်း၌ အဘိုးငယ်ဓာတ်ခန်း ရှိသည်။
>
> အဘိုးငယ် ယင်းဓာတ်ခန်းမှ ၎င်း ဝိဇ္ဇာလုပ်ငန်းအဝဝ ဆောင်ရွက် ပြီးစီး သွားသည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေးတုန်းက ရှိခဲ့ဖူးသည့် ဝေန်မြစ်တွင်းက ထူးဆန်းသည့်

# ရွှေသိဂ္ဂုံဝဲကြီး

ကျော်မိုဝေ
(ဖျာမြေ)



လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော် လောက်က ဖြစ်ရပ်မှန်တစ်ခု ဖြစ်သော ရွှေသိဂ္ဂုံဝဲအကြောင်းကို ရေးသား ဖော်ပြပါမည်။

**ဤရွှေသိဂ္ဂုံဝဲသည် ဧရာဝတီတိုင်း ဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဝဲသိဂ္ဂုံရွာ အနီး ဝေန်မြစ်ကြောင်းတွင် တည်ရှိသော ထူးဆန်းသည့် ဝဲကြီးတစ်ခုပင်ဖြစ်လေ သည်။**

လှေ၊ သင်္ဘောကြီးများသည် ယင်း ဝဲကြီးနှင့် ကွေကွင်း၍ လွတ်အောင် ရှောင်ပြီး သွားကြရလေသည်။ မကြာ ခဏ စက်လှေများနှင့် လှေသမ္ဗန်များ သည် ယင်းဝဲကြီး၏ ဝါးမျိုခြင်းကို ခံကြရလေသည်။

တချို့က ယင်းဝဲအတွင်းတွင် ကြီး မားသော မိကျောင်းတစ်ကောင်ကို တွေ့ကြရသည်ဟု ဆိုကြသည်။

အဆိုပါ မိကျောင်းကြီးသည် မျက်လုံးတစ်လုံးလျှင် လင်းကွင်းကြီး တစ်ချပ်စာလောက်ကြီးသည်ဟု တွေ့ ဖူးသူများက ဆိုကြသည်။

နတ်မိကျောင်းဟုလည်း ယူဆကြ လေသည်။ **နတ်မိကျောင်းသည်**



www.burmeseclassic.com

www.burmeseclassic.com

(ခေါင်း သုံးထောင်ပြည့်လျှင် လူယောင်ဖန်ဆင်းတတ်သည်) ဟု ရှေးလူကြီး သူမများ၏ ဆိုရိုးစကားကို ကြားဖူးနားဝ ရှိ၏။



တစ်နေ့တွင် ရှင်သူငယ် ကိုရင်လေး နှစ်ပါးသည် လှေတစ်စီးကို လှော်ခတ် ပြီးသွားရာတွင် ရွှေသိင်္ဂုဝဲ အနီးသို့ မျက်စိလည်ပြီး လမ်းမှား၍ လှော်ခတ်သွားမိလေ သည်။

ဝဲအတွင်းမှ ကြီးမားသော မိကျောင်း ကြီးတစ်ကောင်သည် ပေါ်လာပြီး ကိုရင်လေးများ လှော်ခတ်လာသော လှေအား အမြီးနှင့် ရိုက်ချပြီး ကိုရင် လေးနှစ်ပါးကို ကိုက်ဖြတ်စားသောက် ပြီး လှေကို တစ်စစီဖြစ်အောင် အမြီးနှင့် ရိုက်ချ ဖျက်ဆီးပစ်လေသည်။

* * *

တစ်နေ့ ဤဝဲနှင့် ပတ်သက်၍ ဒဏ္ဍာရီဆန်ဆန် ဇာတ်လမ်းတစ်ခု လည်းရှိသေး၏။ ဝဲဒေါင့်ရွာတွင် တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုသော ကရင်တိုင်းရင်းသား ဦးစောဖိုးဝဲသည် မြစ်အတွင်းတွင် ငါးဖမ်းပိုက်ချပြုလုပ်နေစဉ် ကမ်းပေါ်မှ လူငယ်နှစ်ဦးသည် လက်ခုပ်တီးပြီး ဦးစောဖိုးဝဲအား လှမ်းခေါ်လေသည်။ လူငယ်နှစ်ဦး၏ ပုံပန်းသဏ္ဌာန်မှာ ဖြူဖြူပါးပါး ပိန်ပိန် ကရင် တိုင်းရင်း သားနှင့်တူသော အသက်နှစ်ဆယ်ဝန်း ကျင် လူငယ်နှစ်ဦးသည် ဦးစောဖိုးဝဲ အား ရွှေသိင်္ဂုဝဲသို့ လိုက်ပို့ပေးပါရန် မေတ္တာရပ်ခံလေသည်။

ဦးစောဖိုးဝဲမှလည်း ရွှေသိင်္ဂုဝဲသို့ လိုက်မပို့ချင်ကြောင်း၊ သွားလမ်းသာ ရှိ၍ ပြန်လမ်းမရှိကြောင်း မကြာသေးမီ က ကိုရင်လေးနှစ်ပါးနှင့် လှေပါ ဝဲကြီး က စုတ်ယူသွားကြောင်း သူသိသမျှကို ပြောပြလေသည်။

လူငယ်နှစ်ဦးကလည်း ကရင် တိုင်းရင်းသား အဘိုးကြီး ဦးစောဖိုးဝဲ ပြောပြသည်များကို နားထောင်ပြီး သူတို့ကို လိုက်သာပို့ပါ ဝဲကြီးရှိသည့် နေရာကို အဝေးမှ တွေ့ရလျှင် ကျေနပ် ပါသည်။

ထိုဝဲကြီးတွင် ဆိုးသွမ်းနေသော မိကျောင်းတစ်ကောင်အား သွား ရောက်ဖမ်းရမည် ဖြစ်ပါသဖြင့် သူတို့မှာ တာဝန်ရှိပါသဖြင့် မသွားလို့မဖြစ် သွား ရမည် ဖြစ်ပါသည်။

သို့ပါသောကြောင့် ဖထီးအား အကူ အညီ တောင်းခံရခြင်းဖြစ်ပါသည်။ လူသတ္တဝါများအား ကယ်တင်ရာ လည်း ရောက်ပါသည်။

လူသားအားလုံး စိတ်ချမ်းသာရန် အတွက် ကူညီပြီး လိုက်ပို့ပေးပါရန် ဖထီးဦးစောဖိုးဝဲအား တောင်းပန် သဖြင့် ဦးစောဖိုးဝဲအား တောင်းပန် စသဖြင့် ဦးစောဖိုးဝဲလည်း ခင်မင်စရာ ကောင်းသော လူငယ်နှစ်ဦးအား အားနာစွာဖြင့် ရွှေသိင်္ဂုဝဲရှိရာအနီးသို့ လှေဖြင့် လိုက်ပို့ရလေတော့သည်။

ရွှေသိင်္ဂုဝဲကြီးရှိရာအနီးသို့ ရောက် လျှင်...

'သူငယ်တွေ သိချင်,တွေ့ချင်နေတဲ့ ဝဲကတော့ ဟောဟိုက... ဝဲပဲဖေ့ ဖထီး ဒီကပဲစောင့်နေမယ် သူငယ်တို့ပြောတဲ့ မိကျောင်းကို ဖမ်းမိအောင် ဖမ်းကြဖေ့'

လူငယ်နှစ်ဦး သည် ဖထီးဦးစောဖိုးဝဲ အား ကျေးဇူးတင်စကားပြောပြီး ရေထဲ သို့ ဒိုင်ဗင်ထိုးပြီးသွားရာတွင် လူစင်စစ်မှ မိကျောင်းကြီးများ ဖြစ်သွားကြလေ သည်။

မိကျောင်းနှစ်ကောင်သည် ရွှေသိင်္ဂုဝဲ ရှိရာသို့သွားပြီး ဝဲအတွင်းမှ မိကျောင်း တစ်ကောင်အား အမြီးနှင့် ရိုက်ခတ် သတ်ပုတ်ကြလေသည်။

နှစ်ကောင်နှင့် တစ်ကောင် ဖြစ်ကြ သဖြင့် ဝဲအတွင်းတွင် ကျက်စားနေ သော မိကျောင်းသည် အရှုံးဖြင့် မိကျောင်းနှစ်ကောင် ခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေတော့သည်။

ဦးစောဖိုးဝဲလည်း မိကျောင်း ရန်ပွဲကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေပြီး သူ၏လှေပေါ်မှ ဆင်းသွားသော သူနှစ်ဦး ကို သတိရသဖြင့် လူမဟုတ်သော နတ်မိကျောင်းများ ဖြစ်နေသည်ကို လက်တွေ့ မျက်ဝါးထင်ထင် တွေ့ရှိရ သဖြင့် ကြောက်စိတ်ဝင်ပြီး လှေကို ရွာသို့အရောက် ခတ်သွားလေတော့ သည်။

တံငါသည်ဦးစောဖိုးဝဲအား နတ် မိကျောင်းနှစ်ကောင်မှ အိပ်မက်ပေး လေသည်။

သာသနာ့နွယ်ဝင် သူတော်ကောင်း များဖြစ်ကြသော ကိုရင်လေးနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

အား ရက်စက်စွာ သတ်ဖြတ်စား သောက်သဖြင့် ရေဝဲယောင်ဆောင်ပြီး ပိုင်နက်အတွင်းတွင် နေထိုင်သော ခေါင်းသုံးထောင်ပြည့် မိကျောင်းအား သက်ဆိုင်ရာမှ ဒဏ်ခတ်ခိုင်းသဖြင့် သူတို့သည် လူယောင်ဆောင်ပြီး ယင်း မိကျောင်းအား ခေါ်ယူ ဒဏ်ခတ်ထားပါ ကြောင်း…

လူတို့သည် ဘုရား၊ တရား၊ သံဃာ အစရှိသော ရတနာသုံးပါးကို မမေ့ကြ ရန်နှင့် သတ္တဝါများကို သနားကြပါရန် သတိပေးစကားများ ပြောကြားပြီး ပျောက်ကွယ်သွားလေတော့သည်။

ဦးစောဖိုးဝဲလည်း အိပ်မက်မှ လန့် နိုးပြီး…

'ဒီနေ့မှစပြီး ငါ၏ လုပ်လက်စ တံငါအလုပ်ကို စွန့်လွှတ်တော့မည်၊ ရွာဦးကျောင်း ဆရာ တော်ထံတွင် သက်နိုစီးပြီး တရားဘာဝနာ များကို အားထုတ်တော့မည်။

ငါ၏ အသက်ကားမငယ်တော့ ယခုပင် (၅၄)နှစ်ရှိပေပြီ၊ သားသမီးများအတွက်က ပူပင်ရန်မရှိ အားလုံး လက်လွှတ်ကုန်ကြပြီ၊ အသေမဦးခင် အသိဦးမှ ဖြစ်ပေတော့မည်'

ဆိုပြီး သားသမီးများနှင့် တိုင်ပင်ပြီး သူ၏ အိပ်မက်အကြောင်းကို ပြောပြ၍ ဆရာတော်ထံတွင် သက်န်းစီးလေ တော့သည်။

ယခုအချိန်တွင် ယခင်ရွှေသိဂ္ဂုံဝဲ နေရာသည် ဝဲမရှိတော့ဘဲ နွေဦး ကာလများတွင် သောင်ထွန်း၍ နေလေ သည်။

**(ယင်းရွှေသိဂ္ဂုံဝဲခေါ် မရီလေးဝဲ အား ပြောပြပေးသူ မနောမယိဒ္ဓိ ဦးကြည်စိုးအား ဤစာစုဖြင့် ကျေးဇူး ပြုပါသည်။)**

***ရှင်လန်း ချမ်းမြေ့ကြပါစေ***

**ကျော်ဝေ(ရှောမြေ)**

## နှင်းဆီပန်းပင်



### ပွင့်ချပ်ထပ်ကြီးစေဖို့

စာရေးသူရဲ့အိမ်မှာ နှင်းဆီပန်းပင် စိုက်ထားပါတယ်။ အပွင့်တွေက သာမန်မျှသာ ပွင့်ကြပါတယ်။

တစ်နေ့မှာတော့ အဒေါ်တစ်ယောက် အိမ် အလည်သွားရင်း သူ့အိမ်ခြံဝင်းထဲမှာ စိုက်ပျိုးထားတဲ့ နှင်းဆီပန်းပင်တွေ ဟာ ပွင့်ချပ်အထပ်ထပ်နဲ့ အပွင့်ကြီးတွေ ကြီးမားသန်စွမ်းနေတာ တွေ့မြင်ရပါတယ်။

ဒီတော့ အဒေါ်ကို ဒီလို ပွင့်ချပ် အထပ်ထပ်နဲ့ အပွင့်တွေကြီးအောင် ဘယ်လို ပြုစု ပျိုးထောင်ပေးသလဲလို့ မေးမြန်းကြည့်မိပါတယ်။ အဒေါ်က…

'နှင်းဆီပန်းပင်ကို တူးဖွပြီး လက်ဖက်ခြောက် အကြမ်းခြောက်များ သောက်ပြီးရင် လွှင့်မပစ်ဘဲ နှင်းဆီပင်ခြေရင်းမှာ အုံထားပေးခြင်း ဘဲဥပြုတ်သော အရည်များကိုလဲ သွန်မပစ်ဘဲ အေး အောင်ထားပြီး အပင်ခြေရင်းကို လောင်းပေးရင် ပွင့်ချပ်အထပ်ထပ်နဲ့ အပွင့်များကို ကြီးစေ နိုင်ပါကြောင်း'

ရှင်းပြ ပြောဆိုလို့ နှင်းဆီပင် စိုက်ပျိုးသူများအတွက် နည်းလမ်းလေးကို လမ်း ညွှန်လိုက်ရပါတယ်။

**ကျော်မင်းသော်**

**မညီသူမဆို ပါဝင် ရေးသား နိုင်ပါသည်…**

*စာမူပို့လိုက…*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း


အမှတ် ၂၀၉ (မြေညီ) ၂၉-လမ်း (အထက်)

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။

ဖုန်း--၀၉-၇၇၆၃၄၉၇၈၅၊ ၀၉-၅၆၀၀၄၁၉၂။

www.burmeseclassic.com

www.burmeseclassic.com



နတ်မျက်စိ

# ထူးဆန်းသော အရုပ်

တစ်နေ့သ၌တွင် ဖြစ်ပါ၏။ ထိုနေ့က မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာတိုင်းရင်းဆေး ညီလာခံနေ့ဖြစ်၍ မြန်မာနိုင်ငံအတွင်းရှိ အမြို့မြို့၊ အနယ်နယ် အသီးသီးတို့မှ သမားတော် အတော်များများကို မြင်ရသော နေ့လည်း ဖြစ်၏။

ကျွန်ုပ်သည် သမားတော် ဆရာကြီးများစွာကို သွားရောက်နှုတ်ဆက်၏။ လူသူကြားထဲတွင်လည်း မရှက်တမ်း မကြောက်တမ်း ထိုင်ကာလည်း ဟန်တော့မိချေ၏။

ထိုထို ဆရာကြီး သမားတော်ကြီးတို့၏ ခေတ်အဆက်ဆက်တို့တွင် ထိန်းသိမ်းလာခဲ့သော မြန်မာတိုင်းရင်းဆေးပညာတို့သည် ထိုထို သမားတော်ကြီးတို့ကြောင့် ဆေးပညာလောက ပေါ်ထွက်လာရကား သင်အံ့သိခွင့်ရရှိခဲ့ခြင်းကြောင့် လူအပေါင်းတို့၏ အသက်ပေါင်းများစွာကို ကယ်တင်ခဲ့ရချေသည် မဟုတ်ပါလော။

ညီလာခံတွင်၊ သမားတော်ကြီးများကြားတွင် လိုက်လံနှုတ်ဆက်ဂါရဝပြုပြီးနောက် ကျွန်ုပ် တွေ့ချင်နေသူကို မျက်လုံးဝေ့ကာ ရှာကြံကြည့်နေမိ၏။ တွေ့ပါပြီ။ တွေ့မည့်တွေ့တော့ ရှေ့ဆုံးတန်း၏ ဒုတိယမြောက် စတီးထိုင်ခုံတန်း၌ တစ်ဦးတည်း ထိုင်နေပါ၏။ ကျွန်ုပ်က သွားမည်ဟု ခြေလှမ်းပြင်လိုက်စဉ်မှာပဲ...,

'ဆရာ နေကောင်းရဲ့လား'

မေးလာသဖြင့် တစ်ဖက်လှည့်၍ ကြည့်လိုက်၍...

'နေကောင်းပါတယ်ဗျာ'

ဟု ပြန်လည်နှုတ်ဆက်မိသည်။

နှုတ်ဆက်သူသည် ကျွန်ုပ်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦး ဖြစ်ပါလေ၏။

သူသည် ယခင်က တိုင်းရင်းဆေး ဒုဦးစီးမှူးဘဝကတည်းက သိကျွမ်းခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေ ဦးဝင်းထိန်ကျော် ယခု လက်ထောက်ညွှန်ကြားရေးမှူး ဖြစ်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့ တိုင်းရင်းဆေး မဂ္ဂဇင်းအတွက် စာမူပေးဦးလေ'

'ဆရာတို့ မဂ္ဂဇင်းက၊ ကြာတယ်။ တစ်နှစ်မှာ တစ်ကြိမ်လောက် ထွက်တာဆိုတော့ နည်းနည်းစဉ်းစားဦးမယ် ဟား...ဟား...'

ကျွန်ုပ်တို့နှစ်ဦးသည် ယခင် တိုင်းရင်းဆေးဦးစီးဌာန၌ တစ်ပတ်လျှင် (၂)ကြိမ်လောက် တွေ့ဆုံဖြစ်ကြပြီး စာအကြောင်း၊ ပေအကြောင်း တိုင်းရင်းဆေး အကြောင်းများကို ရုံးအောက်ထပ်နံ့ဘေးရှိ တရုတ်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း စကားပြောဖြစ်ကြ၏။

သို့နှင့် သူတို့၏ရုံးသည် နေပြည်တော်သို့ ပြောင်းရွှေ့ကာ လူချင်းကွဲကွာသွားကြသည်။

'ဦးဖေဝင်းတို့... ဦးလှမြင့်အောင် (တောင်ကုတ်)တို့ရော နေထိုင်ကောင်းကြရဲ့လား'

'ကောင်းပါတယ် ဆရာ'

'ဆရာကြီးတို့ရော'

'ဘယ်သူ့ကိုလဲ ဆရာ'

'ဒေါက်တာစိန်ရီ၊ ဒေါက်တာအောင်နိုင်၊ ဒေါက်တာဦးအုန်းမောင် တို့ကို ပြောတာပါ။ လိပ်စာ သိရင်လဲ ရေးပေးခဲ့ဦး'

'ကောင်းကြပါတယ်။ လိပ်စာကတော့ အတိအကျ မဟုတ်တာတောင် အနီးစပ်ဆုံး ပြောရရင် တစ်ယောက်ရှိတယ်။ ဘယ်သူလဲ သိလား ဆရာ'

'ဘယ်သူလဲ'

'ဒေါက်တာအောင်နိုင်ပေါ့ ဆရာ'

'ဆရာကြီးရော နေထိုင်ကောင်းသလား၊ ကျွန်တော့်တွေ့ရင် မှတ်မိပါ့မလား မသိဘူး'

'နေကောင်းပါတယ်။ ဆရာက အစဖော်ရင် မှတ်မိမှာပေါ့။ သူ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ နာယကကြီးလုပ်နေတယ်'

'ဟုတ်လား... ကျွန်တော် သွားတွေ့ဦးမယ်'

'ဒါနဲ့... ဘယ်သူ့ဆီသွားဖို့ လုပ်နေတာလဲ'

'ဟိုး...မှာ ထိုင်နေတဲ့ ဆရာကြီး ဦးဉာဏ်လွင်ဆီကို သွားဖို့ လုပ်နေတာ ဆရာ၊ သူနဲ့ တွေ့ချင်နေတာကြာပြီ။ ခဏသည်းခံ ဆရာရယ်...ကျွန်တော် ပြန်လာပြီး ဆရာ့ကို တွေ့မယ်'

'ကောင်းပါပြီ ဆရာ၊ ဒါပေမယ့် စာမူပေးဖို့ မမေ့နဲ့နော်'

'ဟုတ်ကဲ့'

ဤသို့ဖြင့် သမားတော်ကြီး ဆရာကြီးဦးဉာဏ်လွင်အနား သွားရောက်ကာ ဂါရဝတရားထား နှုတ်ဆက်သမှု ပြု၍ ဆရာကြီးအနား ထိုင်ခုံလွတ်တွင် ကျွန်ုပ်ထိုင်ကာ ဆရာကြီးဦးဉာဏ်လွင်ကို စကားပြောဖြစ်သည်။

'အဘကို ဖမ်းရတာ မလွယ်ပါ့လား'

'ငါက ဘာဖြစ်မှ လုပ်ထားလို့ မင်းက လိုက်ဖမ်းနေရတာလဲကွ'

'ဪ... ဒီလိုလား၊ ကျွန်တော် ဖော်ကောင် လုပ်ရရင်တော့ အဘဟာ အများပြည်သူနဲ့ စာဖတ်ပရိသတ် အတွက် 'သိသင့်သိထိုက်တာတွေ မပြောပါဘဲ ထိမ်ချန်တဲ့ အမှုနဲ့ လိုက်ဖမ်းနေတာ'

'ဘာလဲကွ'

ရုတ်တရက် သူ လန့်သွားသည့်ဟန်ဖြင့် ကျွန်ုပ်အား မျက်မှန် အပေါ်ပင့်တင်၍ မေးလိုက်၏။

'ဟိုး...လွန်ခဲ့တဲ့ အနှစ်(၂၅)နှစ်ကျော်လောက်က လောကီအရုပ်တွေနဲ့ အဘ လုပ်ခဲ့သမျှ အရာတွေပေါ့'

'ဟော့ကောင်... ဒီကောင်... ငါ မေ့ပြီး ပစ်ထားခဲ့တဲ့ဥစ္စာ မင်း လာပြီး အစဖော်နေတယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်...သိလဲ သိချင်တယ်။ ကျွန်တော် သိတဲ့အတိုင်းလဲ စာဖတ်သူပရိသတ်ကို ပြောပြချင်လို့'

'ဟော့ကောင်ရ.., သိပ်မှန်တာတွေကို မှန်တဲ့အတိုင်း မရေးနဲ့ကွ။ မင်းဗိုလ်လို့ကွာ (၂၅)နှစ်တောင် ကျော်နေတဲ့ ကိစ္စကို ရှာရှာဖွေဖွေနဲ့...ထားလိုက်ပါ ပြီးတာလဲ ပြီးပြီ'

'ကျွန်တော်က မပြီးနိုင်ဘူး အဘရေ...စာဖတ်ပရိသတ်အတွက် တာဝန်မကျေသလို ခံစားနေရလို့ပါ...ပြောပါနော် အဘ'

'ခက်တာပဲကွာ'

'မခက်ပါဘူး။ လွယ်တဲ့ဥစ္စာပဲ'

'ဒါဆိုရင်...မင်း စာရေးပြောတော့ မယ်ဆိုရင် ငါ့နာမည် ထည့်မရေးနဲ့၊ ငါက အသက်ကြီးပြီ၊ မင်းပြောတဲ့အရုပ်ကြောင့် ငါ့မှာ အခု ခံနေရတယ်ကွ'

'ဘယ်ရမလဲ... နာမည်အကြီးကြီး ထည့်ရေးမှာ။ ဒါမှလဲ ''ဆရာ'' ဆိုတာ ပေါ်မှာပေါ့'

'ကဲ... ကဲ... ပြောစမ်း ဘာသိချင်တာလဲ'

'ဟုတ်ပြီ... ဒီလိုမှ တို့အဘကွ၊ အရင်တုန်းက အရုပ်ပေါင်း (၂၅)ရုပ် အဘဆီမှာ ရှိတယ်နော်'

ကျွန်ုပ် မေးသည်များကို သမားတော်ကြီး ဦးဉာဏ်လွင်မှာ ကျွန်ုပ်အား မကြည့်ပါဘဲ စတိတ်စင်မြင့်ဆီသို့ ငေးကာကြည့်ရင်း မဖြေချင် ဖြေချင်ဖြင့် ဖြေနေပါလေ၏။

ဟုတ်ပါသည်၊ လက်တွေ့နယ်ပယ ယနေ့မျက်မှောက်တွင် လောကီအတတ်ပညာတို့ကား များလှပါချေ၏။

ဆရာကြီး ဦးဉာဏ်လွင်သည် တိုင်းရင်းဆေးပညာဖြင့် ဆေးဝါးများကို ဖော်စပ်လျက် လူနာပေါင်း မြောက်မြားစွာကို ကယ်တင်ရင်း

www.burmeseclassic.com

ထိုအရုပ်ဟုဆိုသော လောကီပညာရပ်တစ်ခုကို သူ ရရှိခဲ့ပါလေ၏။

**ထိုအရုပ်တို့မှာ (၅)လက်မခန့်မျှ ရှိကြ၍ အရုပ်တို့မှာလည်း မြင်းမြှောင် မှ အစပြုကာ ကိုကြီးကျော်၊ အိမ်တွင်း မင်းမဟာဂီရိနတ် အစရှိသည်တို့ပုံစံ၊ ယင်းတို့၏ ဝတ်ဆင်ရာ အဝတ်အစား များကို လှပစွာ ဆေးခြယ်သလျက် လောကီသိပ္ပံပြင်းထန်သောရှိသော အရုပ်များ ဖြစ်ပါသည်။ ထိုထိုအရုပ်တို့၏ ရှေ့မဟာအများ မျက်မှောက်မှာ အသက်ဝင်ကြလျက်...**

'စီးပွားရေး ကောင်း,မကောင်း မေးနေပါတယ်။ စီးပွားရေးကောင်းရင် သက်ဆိုင်ရာ အရုပ် အပြင်ဘက် ထွက်လာပါ။ မကောင်းရင် သက်ဆိုင်ရာ အရုပ်က နေရာမှာတင် (၆)ကြိမ် ခုန်ပြပါ'

ပြောဆိုလိုက်ရာ မေးမြန်းသူထံသို့ မြင်းဖြူကြီးစီးလျက် မြင်းဖြူရှင်နတ်ရုပ်သည် တခွပ်ခွပ်ဖြင့် မေးမြန်းသူအနီး အရုပ် မြောက်မြားလှစွာကြားမှ ထွက်လာပါချေသည်။

'ရာထူး တက်,မတက် မေးနေပါတယ်။ ရာထူးတက်မယ်ဆိုရင် ထွက်လာပါ။ မတက်ရင် နေရာမှာပဲ သုံးကြိမ်ခုန်ပြပါ'

'အိမ်ထောင်ပြုချင်ပါသတဲ့။ ဒီအိမ်ထောင်ပြုလို့ တစ်သက်လုံး အကျိုးပေးမယ်ဆိုရင် ထွက်လာခဲ့ပါ။ အကျိုးမပေးရင် နေရာမှာတင်(၂)ကြိမ် ခုန်ပြ'

'သားလုပ်သူ နေအိမ်က ဆင်းသွားတာကြာပြီတဲ့။ သေသလား...ရှင်သလား မသိဘူးတဲ့။ အသက်ထင်ရှား ရှိနေရင်၊ နေအိမ်ကို ပြန်လာမယ်ဆိုရင် ထွက်ပြီး သက်ဆိုင်ရာက ပြသပေးပါ'

ဤကဲ့သို့ အစရှိသဖြင့် မေးကြ၊ မြန်းကြ၊ သွားကြ၊ လာကြရာ ထိုအရုပ်၏ အကြောင်းနှင့် ဆရာကြီးအကြောင်းမှာ ဂုဏ်သတင်း လူချင်းဆောင်လျက် လူဝိုင်းအုံကာ နှစ်ရှည်ပြုလုပ်နေခဲ့ရပါသည်။

မှဆိုးမတစ်ဦးက ထီးပျောက်၍ မေးသည်။ ဖိနပ်ပျောက်လည်း မလွတ်တော့။ ကြာတော့ ဤအတတ်ပညာရပ်ကို ထီး,ဖိနပ်လောက်မျှ တန်ဖိုးမထားကြ။

လူတွေကလည်း နေ့စဉ်လိုလို ဒုနှင့်ဒေး လာမေးနေကြသည်။ ထမင်းစားချိန်၊ အိပ်ချိန်ပင် မမှန်။ လူတွေက မိမိလိုဘက်ကိုသာ ကြည့်ကြသည်။ လူတို့၏အကြောင်း ပေါင်းစုံကိုလည်း သိရသည်။

'ကြာတော့ကွာ...ငါလဲ စိတ်က မရှည်တူးကွ။ ဖော့ရိုးလေးနဲ့ မြင်းရဲ့ ခြေထောက်ကို ရိုက်လိုက်တာ။ ဟာကွာ... ငါရိုက်တာ ဖြည်းဖြည်းလေးကွ။ မြင်းက ခြေတစ်ဖက် ကျိုးပါလေရောကွာ'

'ဟုတ်လား...အဘ'

'အေးကွ... ငါလဲ စိတ်တော့ မကောင်းဘူးပေါ့ကွာ။ ငါလဲ သိပ်မကြာလိုက်ပါဘူး။ ဒီခြေတစ်ဖက် ဒဏ်ရာရတော့တာပါပဲ။ စိတ်မကောင်းစရာတွေပါ။ မပြောတော့ပါဘူးဆိုမှ မင်းက အစဖော်လာတာကိုး'

'အဲဒီအရုပ်တွေကော အဘ'

'အကုန်လုံး လွှင့်ပစ်လိုက်ပြီ'

'ဟာ...နှမြောစရာကြီး'

'တော်တော် စိတ်ကုန်သွားတယ်'

'ဒါဟာ လောကီပညာရပ်ပဲ အဘရဲ့...ပြန်လုပ်မယ်ဆိုရင် ရသလား'

'ရတာပေါ့ မလုပ်ချင်တော့ဘူး'

'ဟိုလေ... ကြို့ပင်ကောက်က လေချွန်နတ်လိုလား။ ဒါမှမဟုတ် နတ်နိုင်ဆေး ကြောင့်လား'

'ဟော့ကောင်...ဒါဟာ လျှို့ဝှက်ချက်ကွ'

'သိပါတယ် ဒီလိုချည်းပဲ။ လျှို့ဝှက်ချက်,သိုသပ်ချက်တွေနဲ့ ဒီပညာရပ်တွေကို အဘတို့...ကျွန်တော်တို့က သေရွာအထိ သယ်သွားမလို့လား'

'ရတော့ ဘယ်ရမလဲကွ'

'မရရင်လဲ ပြောပြလေ'

'ငါလေ မင်းမို့လို့ ပြောတာ မင်းက သိနေတဲ့ကောင် ဆိုတော့လဲ...'

'မပြောရင်လဲ နေလေ အဘ၊ ကျွန်တော် သွားတော့မယ်'

'ဟော့ကောင်... အစဖော်ပြီး ငါ့ကို တိုးလိုးတန်းလန်း ထားခဲ့လား'

'ဘယ်က သွားရမှာလဲ၊ ဟန်ဆောင်ပြီး အိုက်တင်လုပ်ကြည့်တာ'

'ဒီအရုပ်တွေကို နိုင်တဲ့,ခိုင်းတဲ့ ဆေးပေါ့ကွာ၊ သိပြီလား'

'သြော်...ဟုတ်ပြီ'

'လျှောက်ပြီး မရေးနေနဲ့နော်'

'ရေးမှာ... အဘအကြောင်း ရေးပြမှာ။ ဘာဖြစ်လို့ ရေးမလဲဆိုတော့ တိုင်းရင်းသမားတော်ကြီးတစ်ဦး ဖြစ်ပါတယ်။

သမိုင်းမှာ ရွှေအထူးကု ဆရာကြီးပါ။ နိုင်ငံတော်က စံပြုလောက်က ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ နာယကကြီးတွေ ဖြစ်ပါတယ်ဆိုပြီး ရေးမြမှ စာဖတ်သူတွေ အရင်က သိတာထက် အဘကို ပိုသိသွားအောင် ရေးရမှာပေါ့'

ကျွန်ုပ် ရေးပြသင့်သော အကြောင်းက ဤမျှသာ။ ချို့ယွင်းချက်များ ချန်လှပ်ထားရစ်ခဲ့သည်။ ဆရာကြီးထံ၌ ထိုအရုပ်အကြောင်းသိချင်လျှင်ဖြင့် သွားရောက်ဆည်းပူးကာ မေးမြန်းနိုင်သည်။

ထို့အတူ ဆေးပညာရပ်ဖြင့်လည်း ဖြန့်ဝေကာ မရှိနွမ်းပါးသူတွေကို အခမဲ့ ကုသပေးနေ၏။

ထိုကုသိုလ်ရှင် ပါရမီရှင်ကို ဤစာမူဖြင့် ရှိသေစွာ ကျွန်ုပ် ဦးညွှတ်ကာ ကန်တော့ ပန်ဆင်လိုက်ရပါချေတော့သတည်းဟူသတတ်...။

**နတ်မျက်စိ**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားဆန်းကြယ်သည့်

# လူသားတစ်ဦး

ဦးအေးရွှေ
(ကနောင်)



လွန်ခဲ့သော အနှစ်(၈၀)ခန့်က ထူးခြားသည့် ဖြစ်ရပ်မှန်လူသားတစ်ဦး ကျွန်တော်တို့ ရွာတွင် ရှိခဲ့ဖူးပါသည်။ ကျွန်တော်(၁၀)နှစ်သားအရွယ်က မိဘများထံမှ မကြာခဏ ပြောသံကြားရ၍ မှတ်မိနေခဲ့ပါသည်။

ထိုကဲ့သို့ မိဘများက ပြောကြား၍ သာလျှင် ယုံကြည်မိပါသည်။ သို့မဟုတ်ပါမူ ပုံပြင်တစ်ပုဒ်ဟူ၍သာ ထင်မြင်ပါလိမ့်မည်။

စာရှုသူများအနေဖြင့် မိမိ၏ ဆန္ဒအလျောက် အမျိုးမျိုး ယူဆနိုင်ပါသည်။ သို့ရာတွင် ဤသတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ကြီးထဲတွင် မိမိတို့၏ ဉာဏ်အတိမ်အနက်ဖြင့် ဆုံးဖြတ်ချက် မချနိုင်သော အကြောင်းအရာများ များစွာ ရှိနေဦးမည်ကို မည်သူ တစ်ဦးတစ်ယောက်မှ လက်မခံ၍ မရနိုင်ပါချေ။

ကျွန်တော် နေထိုင်သော ကနောင်မြို့အပိုင် ထန်းပင်ကုန်းရွာတွင် မုဆိုးမ ဒေါ်ဆိုးမယ်ရှိခဲ့ပြီး သူ့တွင် သား(၅) ယောက်ရှိခဲ့ပါသည်။ လယ်မြေ(၇)ဧကခန့်ကို သားများဦးစီး၍ လုပ်ကိုင်ခဲ့ပါသည်။ တစ်နေ့ (၁၃)နှစ်သားအရွယ် လူငယ်တစ်ဦး ရောက်လာပြီး...

'အမေကြီး... ကျွန်တော့်ကို မွေးစားပါ၊ အမေကြီး ခိုင်းချင်ရာ ခိုင်းပါ၊ ကျွန်တော် လုပ်ပါ့မယ်'

'ဟော...ငါ့မှာ သား(၅)ယောက် တောင်ရှိနေတာ အပိုလူ မလိုပါဘူးကွာ'

'အမေကြီးရယ် ကျွန်တော့်မှာ အမိအဘ၊ ညီအစ်ကိုမောင်နှမတစ်ယောက်မှ မရှိလို့ ဒုက္ခရောက်နေပါတယ်'

'အေး...ဒါဆိုရင်လဲနေ၊ မင်းနာမည် ဘယ်လိုခေါ်သလဲ'

'ငပေါ'

'အေး...ကောင်းတဲ့ အတိတ်နိမိတ်ပဲကွ၊ ပစ္စည်းဥစ္စာ ပေါများဦးမှာပေါ့ကွာ'

ဤကဲ့သို့ ပြောဆိုပြီး သားများကိုလည်း နားလည်အောင် ပြောပြကာ သူ့အိမ်တွင် နေစေခဲ့ပါသည်။

တစ်နေ့ သူတို့အိမ်အနီးရှိ ကလေးများနှင့် တူပုန်းတမ်း၊ လိုက်တမ်းပြေးတမ်း ကစားခဲ့ကြပါသည်။ တူပုန်းသော အခါတိုင်း ငပေါကို မည်သူမျှ တွေ့အောင် မရှာနိုင်ပါ။

လိုက်တမ်းပြေးတမ်း ကစားသော အခါ သူ့ကိုမိ၍ ကလေး(၆)ယောက်၊ (၇)ယောက်ဝိုင်း၍ ဖိချုပ်ထားသော်လည်း ငပေါ မည်ကဲ့သို့ အပြင်ကို ရောက်သွားသည်မသိ၊ အပြင်ဘက် တစ်နေရာရာမှာ ပြုံး၍သာ ရောက်နှင့်နေတတ်ပါသည်။

ဤကဲ့သို့ နေလာခဲ့ပြီး တစ်နေ့ အမေကြီး ဥပုသ်စောင့် မသွားမီ...

'ငပေါ...ငါ ဥပုသ်စောင့်သွားမယ်လို့ [illegible] က စပါးတွေကို ငှက်တွေ မစားရအောင် စောင့်ရှောက်ထား'

'ဟုတ်ကဲ့'

ဤကဲ့သို့ ပြောဆိုပြီး အမေကြီး ဥပုသ်စောင့်သွားသောအခါ [illegible]



www.burmeseclassic.com

www.burmeseclassic.com

လည်း လယ်ထဲသို့ ထွက်ခွာခဲ့ပါသည်။

အမေကြီး ဘုန်းတော်ကြီးကျောင်းမှ ပြန်မလာမီ ငပေါ အိမ်ပြန်ရောက်လာခဲ့ပါသည်။ စာကလေး အကောင်(၃၀)ခန့်ကို ပုဆိုးဖြင့် ထုတ်ပြီး အိမ်အမြင့် တစ်နေရာတွင် ဆွဲ၍ထားပါသည်။

'ငမေါ...ဟိုအပေါ်က ဘာထုပ်ကြီးလဲ'

'အမေကြီး ပြောတဲ့အတိုင်း လယ်ထဲက စပါးတွေကို စားတဲ့ စာကလေးတွေကို ဖမ်းပြီး ယူလာခဲ့တာ'

ထိုကဲ့သို့ ငပေါ ပြန်ပြောသည့် စကားကို အမေကြီး အံ့သြခဲ့ရပါသည်။ ဖမ်းရန် ပိုက်ကွန်မရှိဘဲနှင့် မည်ကဲ့သို့ ဖမ်းခဲ့ပါသနည်း။ စဉ်းစားရ အလွန်ခက်၍ နေခဲ့ပါသည်။

ငပေါသည် (၃)နှစ်ခန့် လယ်လုပ်ခဲ့ရသဖြင့် လယ်ကို ဦးစီး၍ လုပ်ကိုင်နိုင်ခဲ့ပါသည်။

ထိုအချိန်က ကနောင်မြို့တွင် လက်ထောက်မြို့ပိုင်ရုံး ရှိခဲ့ပါသည်။ ကျေးရွာသူကြီးများက မြို့ပိုင်အား ကြောက်ရွံ့ ရိုသေကြရပါသည်။

တစ်နေ့ ပေါက်ကုန်းစွန်းကျေးရွာမှ ရွာသူကြီးနှင့် အမျိုးသမီးတစ်ဦးတို့သည် ကနောင် ဒ..ပင်တာလမ်းပေါ်၌ ငှက်ပျောသီးတောင်းကို ခေါင်းပေါ် ရွက်၍ လာနေသည်ကို မြင်ခဲ့ပါသည်။

ငပေါ ထွန်နေသော လယ်သည် ထိုတာလမ်းအနီးတွင် ရှိခဲ့ပါသည်။ ထို အမျိုးသမီးအား...

'အစ်မကြီး... ငှက်ပျောဖီးတွေက ကြီးလှ၊ ချောလှပါလား၊ ကျွန်တော် စားချင်တယ်၊ တစ်ဖီးလောက်ပေးခဲ့လေ'

'အေး...ယူထားလိုက်'

ထိုကဲ့သို့ ငပေါပြောခဲ့သည်ကို ကျီစားသည်ထင်ပြီး ပြန်ပြောခဲ့ခြင်းသာ



ဖြစ်ပါသည်။

သူကြီးနှင့် ထိုအမျိုးသမီးတို့ ကနောင်မြို့ပိုင်ရုံးသို့ ရောက်၍ ငှက်ပျောသီးများကို ကြည့်လိုက်ရာ တစ်ဖီးလျော့နေသည်ကို အံ့သြခြင်းများ စွာဖြင့် တွေ့မြင်ခဲ့ရပါသည်။

**"ထူးဆန်းတဲ့ ကောင်လေး"**ဟူ၍ သူတို့ရင်ထဲတွင် ကိန်း၍နေခဲ့ကြပါသည်။

များမကြာမီ တစ်နေ့ အမေကြီး ဒေါ်ဆိုးမယ်သည် ငွေအခက်အခဲရှိ၍...

'ငပေါ...ငါ့ကို ငွေ(၅)ကျပ်လောက် ချေးပါ'

'ဟုတ်ကဲ့...ညနေရောက်မှ ယူပါ'

ဟူ၍ ငပေါသည် ပြန်ပြောခဲ့ပါသည်။

သူသည် မြေအိုးခြမ်းကွဲလေးများကို ယူ၍ ငွေကျပ်စေ့ အရွယ်ဖြစ်အောင်၊ ဓားဖြင့် ဝိုင်းအောင် ပြုလုပ်ခဲ့ပါသည်။ ညနေအချိန် ရောက်သောအခါ...

'အမေကြီး ဒီမှာ ငွေ(၅)ကျပ်'

ဟူ၍ ပြောပြီး မိမိ၏ လက်ဝါးပေါ်မှ ငွေ(၅)ကျပ်ကို ပေးလိုက်ပါသည်။

မကြာမီရက်များအတွင်း ရွာထဲရှိ အုံးမြင့်ဆိုသော သူငယ်ချင်းတစ်ဦးက...

'ငပေါရေ...ငါ့မှာ ငွေအခက်အခဲ ဖြစ်နေတယ်ကွ။ တတ်နိုင်ရင် ကူညီပါဦးကွာ'

'အေး ..လွယ်ပါတယ်၊ ငါ့ထံကို အမြန်ဆုံး ခြင်းကြားကြီးတစ်ခု အမြန်ဆုံးလုပ်ပြီးပို့လိုက်'

ထိုကဲ့သို့ ပြောဆိုပြီး၍ ခြင်းကြားကို ယက်ပြီး လာပို့သူ အုံးမြင့်အား...

'မင်း...မနက်ဖြန် မြန်အောင် ဝက်ကုမ္ပဏီကိုသွားပြီးပြော၊ နောက်နေ့ ဝက်ရောင်းမယ်ပေါ့'

ထိုကဲ့သို့ ငပေါပြောခဲ့သည်ကို အုံးမြင့်သည် မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် မြန်အောင်ရှိ ဝက်ကုမ္ပဏီသို့ သွားပြောခဲ့ပါသည်။ နောက်နေ့ ဝက်ကုမ္ပဏီမှ လူ(၂)ယောက် ရောက်လာသောအခါ ငပေါ၏ အိမ်နောက်ဘက်တွင် အချိန်(၈၀)ခန့် ဝက်မည်းမည်းကြီးတစ်ကောင်ကို မထင်မှတ်ဘဲ အံ့သြစွာ မြင်တွေ့ခဲ့ရပါသည်။

ဝက်ကုမ္ပဏီမှ ထိုလူ(၂)ဦးတို့သည် ဝက်ကြီးကို ကြိုးဖြင့် ဆွဲသွားခဲ့ရာ ကနောင်မြို့ သုသာန်အနီးသို့ ရောက်သော် ဝက်မဟုတ်တော့ဘဲ ခြင်းကြားကြီးဖြစ်နေသည်ကို ကြောက်ရွံ့စွာဖြင့် တွေ့မြင်ခဲ့ကြရပါသည်။

ထိုသတင်းသည် မကြာမီရက်ပိုင်းအတွင်း ပို၍ ပျံ့နှံ့သွားခဲ့ပါသည်။

ငပေါ၏ ထူးခြားသည့် သတင်းပေါင်းစုံတို့သည် မြန်အောင်မြို့ပိုင်မင်းထံ ရောက်သွားခဲ့ပါသည်။ ထို့ကြောင့် မြို့ပိုင်က နာမည်ကြီး ဆရာကြီးတစ်ဦးနှင့် ငပေါအား ကနောင်မြို့ပိုင်ရုံးတွင် ပညာချင်း ပြိုင်စေခဲ့ပါသည်။

သူတို့ဆရာ(၂)ဦး တွေ့သောအခါ ငပေါက စတင်၍ ရေအိုး(၃)လုံးကို ရေအပြည့်ထည့်ကာ အနီးတွင် ထား

www.burmeseclassic.com

စေခဲ့ပါသည်။

'ကဲ...ဆရာကြီးက စတင်ပြီး ပညာပြပြုပါ၊ နောက်မှ ကျွန်တော်ပြပါ့မယ်'

ဟု ငပေါက ပြောခဲ့ရာ ထိုဆရာကြီးက စတင်၍ ရုံးထဲတွင် ပိတုန်းပေါင်းများစွာ ရောက်လာစေခဲ့ပါသည်။

လူအများကလည်း ရုတ်ရုတ်သဲသဲ ကြည့်ရှုနေခဲ့ကြပါသည်။ သို့သော် ငပေါကို ပိတုန်းများက လုံးဝအန္တရာယ် မပြုနိုင်ကြပါ။ ထို့ကြောင့် ငပေါက...

'ဆရာကြီး...ပိတုန်းတွေက ခြင်လောက်တောင် မစွမ်းပါလား။ ပညာကုန်ပြီလား။ ကုန်ပြီဆိုရင် ကျွန်တော့်အလှည့်'

ဟု ပြောပြီးသော် ငပေါသည် မတ်တတ်ရပ်၍ ပေ(၃၀၀)ခန့်အကွာ တနင်္ဂနွေထောင့်တွင် ရှိသော ညောင်ပင်ဆစ်ပင်အား စိုက်၍ ကြည့်နေခဲ့ပါသည်။

(၅)မိနစ်ခန့်ကြာသောအခါ ထိုညောင်ပင်ကို မီးလောင်နေသည့်မြင်ကွင်းအား လူအများ အထူးအံ့သြစွာ တွေ့မြင်ခဲ့ရပါသည်။ မကြားခဲ့ဘူးသော မြင်ကွင်းမျိုး ဖြစ်ခဲ့ပါသည်။

ဆရာကြီးဖြစ်သူမှာ အလွန်ပူလောင်နေသဖြင့် အနီးရှိ ရေများဖြင့် သူ့ကိုယ်ပေါ်အား လောင်းခိုင်းနေပါသည်။ ထိုဆရာကြီးကပင်...

'ဆရာ ငါ ရှုံးပါပြီ၊ ကြည့်လုပ်ပါဦး'

ဟု ဆိုလာပြန်သဖြင့် နောက်တစ်ကြိမ် ညောင်ပင်အား စိုက်၍ ကြည့်ခဲ့ရာ လောင်နေသောမီးများ အလိုလို ငြိမ်းသွားခဲ့ပါသည်။

လူအများမှာ မျက်လှည့်ပွဲတစ်ခုကို ကြည့်ရှုရခြင်းထက် အဆပေါင်းများစွာ ကြည့်၍ အံ့ရသာတွေ့နေကြပါသည်။ မြန်အောင်မြို့ပိုင်မင်းက ငပေါအား အလွန်သဘောကျသဖြင့် ဆုတော်ငွေများ ပေးသနားခဲ့ပါသည်။

ထိုကဲ့သို့ သတင်းကြီး ကျော်ကြားနေသော ဆရာကြီးငပေါအား ကွမ်းခြံကုန်းကျေးရွာမှ ပယောဂဝေဒနာ ခံစားနေရသော အမျိုးသမီးတစ်ဦး၏ ဖခင်ဖြစ်သူက လာရောက်၍ ဆရာပင့်ပါသည်။

ထိုအမျိုးသမီးမှာ (၁၈)နှစ်အရွယ်ဖြစ်ပြီး ဆရာပေါင်းစုံလင်စွာ ကုသခဲ့သော်လည်း ရောဂါဝေဒနာ လုံးဝ မပျောက်ခဲ့ပါ။

ထိုအချိန် ငပေါ၏ အသက်မှာ (၂၅) နှစ်ခန့်ရှိပါပြီ။ ထိုအမျိုးသမီး၏ မိဘများက သူ့သမီးရောဂါ ပျောက်ကင်းပါလျှင်၊ ဆရာနှစ်သက်ပါလျှင် လက်ထပ်ထိမ်းမြား၍ ပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့ပါသည်။

ငပေါအနေဖြင့် အလွန်လွယ်ကူစွာ ထိုပယောဂဝေဒနာအား ပျောက်စေခဲ့ပါသည်။ သို့ရာတွင် ထိုနေ့ည ငပေါ ဘယ်ရောက်မှန်းမသိ၊ သတင်းစုံစမ်း၍ မရ၊ လုံးဝ ရှာမတွေ့ခဲ့ပါ။

ဆန်းဆန်းပြားပြား ဖြစ်ရပ်ကလေးများအား ကြုံတွေ့ခဲ့ရသူ လူအများက ပြောမဆုံးပေါင် တောသုံးဆောင် ဆိုဘိသကဲ့သို့ ယနေ့တိုင် နှောင်းလူငယ်ကလေးများအား ပုံပြင်သဖွယ် ရယ်စရာနှော၍ ပြောဆိုနေကြပါသတည်း။

**မှတ်ချက်**

**ဤဆောင်းပါး ဖြစ်ပေါ်လာစေရန် ပြောပြခဲ့သူ ကွယ်လွန်သွားသော ဖခင်ကြီးဦးသန်းမောင်အား ဤစာစုဖြင့် ရှိသေစွာ ကန်တော့လိုက်ပါသည်။**

*

*သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ*

**ဦးအေးရွှေ(ကနောင်)**

---

စာမျက်နှာ (၂၈၇)မှ အဆက်

**ယင်းကို စားရလွယ်ကူအောင် ရှိစိတ်ခွဲပြီးမှ တစ်စိတ်စီကို အခွံခွါ ထားသည်။ တစ်နေ့လျှင် တစ်လုံး သာ စားသည်။**

သုံးရက်ခန့် စားပြီးသောအခါ လှုပ်နေသော သွားမှာ လုံးဝ မလှုပ်တော့ပါ။ အစာများ စားသောက်လျှင်လည်း ကြွတတ်ခြင်း မဖြစ်တော့ပါ။ (၇)ရက်ခန့်အကြာ သံပရာသီး(၇)လုံး အကုန်၌ ယင်းသွား ပြန်ခိုင်လာပါသည်။

**ထို့အပြင် အခြားသွားများလည်း ယခင်ကထက် ပို၍ ကောင်းလာကြောင်းကို သတိပြုမိပါသည်။**

ယခင်က စာရေးသူသည် ထန်းလျက်ခဲ၊ သကြားလုံး(သို့မဟုတ်) အခြား အစာမာ တစ်ခုခုကို (၃,၄)ကြိမ် စားမိလျှင် သွားနာတတ်လေ့ ရှိသော်လည်း ယခု ထိုသံပရာသီး မီးဖုတ်ကို စားပြီးကတည်းက နောက်ပိုင်းတွင် ထန်းလျက်ခဲ၊ သကြားလုံး အစရှိသည်တို့ကို ကြိုက်သလို စားသောက်နေသော်လည်း သွားနာခြင်း မရှိတော့ပါ။

စာဖတ်သူများအနေနှင့် သွားလှုပ်သည့် ဝေဒနာများ ခံစားနေရပါက သံပရာသီးကို မီးဖုတ်ပြီး စားကြည့်ပါ။ ဝေဒနာ သက်သာ ပျောက်ကင်းပြီး သွားများ ခိုင်လာပါမည်။

ဤဆေးနည်းကိုလည်း တရားထိုင်နေစဉ် အာရုံထဲမှာ လာပြောခြင်း ဖြစ်တာမို့ ''တရားပေးသောဆေး''အဖြစ် မှတ်ယူကာ ယုံယုံကြည်ကြည် အသုံးပြုကြဖို့ကိုလည်း လေးလေးနက်နက် တိုက်တွန်းပါသည်။

***ဆေးအလှူကုသိုလ်စိတ် ပွားများနိုင်ပါစေ။***

**ဦးမျိုးတင့်(မော်လမြိုင်)**



www.burmeseclassic.com


www.burmeseclassic.com

တရားပေးတဲ့ဆေး(သို့မဟုတ်)

# လှုပ်နေသော သွားများ

ပြန်ခိုင်တဲ့ ဆေးနည်း

မိုးမျိုးတင့်
(မော်လမြိုင်)



စာရေးသူ၏ **အသက်မှာ (၆၂)နှစ်ကျော်လွန်၍ (၆၃)နှစ်ထဲမှာ ရောက်နေပါပြီ။** အသက်ကြီးလာတော့ သွားတွေလည်း မကောင်းတော့ပါ။ လွန်ခဲ့သော (၄,၅)နှစ်လောက်တုန်းက စပြီး သွားပိုးစား၍ သွားကိုက်,သွားနာ ခဏခဏ ဖြစ်ခဲ့သည်။

**တချို့ သွားတွေက အလိုလို လှုပ်ပြီး သူ့ဘာသာပင် ကျွတ်ထွက်သွားခဲ့သည်။**

မှတ်မှတ်ရရ တစ်မြန်နှစ်က သွားကိုက်ဝေဒနာ ခံစားနေရစဉ် ပေါင်မြို့နယ်၊ မိုးနိုင်းကျေးရွာမှ မွန်တိုင်းရင်းသားကြီးတစ်ဦးက ပေးခဲ့သော ဆေးနည်းအတိုင်း **"ချွေးသေးပန်းပင်၏အမြစ်"**နှင့် ကုသလိုက်ရာတွင် သက်သာပျောက်ကင်းခဲ့ပြီး ယနေ့အချိန်ထိ သွားကိုက်ရောဂါ ထပ်မံမဖြစ်ပွားတော့ပါ။

ထိုအကြောင်းကို **၂၀၀၄ ခုနှစ်၊ ဩဂုတ်လထုတ် ပါရမီမဂ္ဂဇင်း အမှတ်(၁၄၃)တွင်** ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

မနှစ်ကတော့ ဘယ်ဘက်အံဆုံးသွားတစ်ချောင်း လှုပ်လာပါသည်။ သွားကိုက်ခြင်း၊ သွားနာခြင်း မရှိပါဘဲလျက် အစာစား၍ မရအောင် လှုပ်သည်။

အချိန်က ဝါတွင်းကာလ စာရေးသူ ဝါတွင်း(၃)လ ,တရားစခန်း ဝင်နေတုန်းမှာ ဖြစ်သည်။ ဆွမ်းစားရာတွင် ဆွမ်းလုတ်ကို ပါးစပ်ထဲသို့ ထည့်၍ ဝါးလိုက်တိုင်း လှုပ်နေသည့်သွားက ကြွကြွတက်လာပြီး အလွန် အခံရခက်လှပါသည်။

ကျွတ်လည်း မကျွတ်နိုင်ဘဲ ကြွတက်လိုက် လှုပ်လိုက်ဖြင့် အစာကို ကောင်းသလို ဝါး၍ မရပါ။ စိတ်လည်း အတော်ပင် ဆင်းရဲလှပါသည်။

ဒီလိုနှင့် တရားထိုင်ချိန် ရောက်လျှင် တရားထိုင်ရပါသည်။ **(၂၆–၁၀–၀၄) ရက်နေ့တွင် နံနက်(၈)နာရီကျော်** အချိန် စာရေးသူ တရားထိုင်နေစဉ် အာရုံထဲမှာ...

'သံပရာသီးကို မီးဖုတ်ပြီး စားလိုက်ပါ။ သွားတွေ ပြန်ခိုင်လာလိမ့်မယ်'

ဟူသော အသံကို ပီပီသသကြီး ကြားလိုက်ရပါသည်။ စာရေးသူလည်း ပထမတော့ အံ့သြပြီး ငေးကြောင်နေမိသည်။ နောက်မှ...

'ငါ့ရောဂါ ပျောက်ဖို့ ဆေးနည်းပေးတာပဲ' ဟု အသိဝင်ကာ ဝမ်းသာအားတက်စိတ် ဖြစ်ပေါ်လာခဲ့ပါသည်။ ဆေးနည်းကိုလည်း ယုံကြည်ကိုးစားစွာဖြင့် သေသေချာချာ ရေးမှတ်ထားလိုက်ပါသည်။

ဝါကျွတ်တော့ တရားစခန်းမှ ထွက်ပြီး အိမ်ကို ပြန်လာခဲ့ပါသည်။ (၂၇–၁၁–၀၄)ရက်နေ့မှာ စတင်၍ သံပရာသီးများကို တစ်နေ့လျှင် တစ်လုံး မီးဖုတ်ပြီး စားပါသည်။

သံပရာသီးများကို **မီးဖုတ်ရာ၌ အထဲမှ အရည်များ ကုန်သည်အထိ ဖုတ်ရသည်။** အပြင်အခွံများ ကျွမ်းနည်းမည်းသွားပါသည်။

www.burmeseclassic.com



၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက်

# နေ့ကောင်းရက်သာ ရွေးချယ်ပါ

ကျွန်ုပ်တို့သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော... စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂန သိရှိစေရန် အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

* * * ⟶

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်းကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**ဩဂုတ်လ(၂၁)ရက်နေ့**ကို တွက်လိုသည် ဆိုပါစို့။ (၂၁)ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၃)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် (၂၃)နှင့်ပေါင်းလျှင် (၂၆) ရ၏။ ယင်း(၂၆)ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် ၂ + ၆ = ၈ ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဩဂုတ်လ (၂၁)ရက်နေ့တွင် (၈)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း ပိမိက အကူအညီ ပေးခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အဖြစ်အပျက်များ တိုးလိုးတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် ၄၊ ၈၊ ၆ ဂဏန်းရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ ၃၊ ၅ ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ၇၊ ၉ ဂဏန်းရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။***

**သုခစုစံ(ကျိုက်လတ်)**

✤ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ✤

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | 1 ၁ | 2 ၂ | 3 ၃ | 4 ၄ | 5 ၅ |
| 6 ၆ | 7 ၇ | 8 ၈ | 9 ၉ | 10 ၁ | 11 ၂ | 12 ၃ |
| 13 ၄ | 14 ၅ | 15 ၆ | 16 ၇ | 17 ၈ | 18 ၉ | 19 ၁ |
| 20 ၂ | 21 ၃ | 22 ၄ | 23 ၅ | 24 ၆ | 25 ၇ | 26 ၈ |
| 27 ၉ | 28 ၁ | 29 ၂ | 30 ၃ | 31 ၄ | | |



www.burmeseclassic.com

www.burmeseclassic.com



အာဟာရတစ်ခု၏ ကောင်းမြတ်သောစေတနာ

# နတ်ချစ်သောဂါထာ

ဆရာ မင်းဦးစိမ်
(ဝေဒ နက္ခတ္တပညာရှင်)

ကျုပ်က ဒီအရပ်က မဟုတ်ဘူး။ ဇာတိက ဟို...မြေလတ်ပိုင်း **အောင်လံ က** (ယခင် အာလံ)ပေါ့။

ရန်ကုန်ကို ၁၉၄၉ ခုနှစ်က ရောက်တာ ကျုပ်က ဆံသလုပ်ငန်းနဲ့ အသက်မွေးရလေတော့ ရန်ကုန်မြို့သူများ ဆိုင်တွေမှာ ထက်ဝက်စား၊ လက်ခစားဘဝနဲ့ ပထမ လုပ်ရတာပေါ့။

ဒီတုန်းက (စကော့ဈေး) ဗိုလ်ချုပ်အောင်ဆန်းဈေး မြောက်ဘက်တန်း "ဗမာသစ်"ဆံသ၊ ပန်းဆိုးတန်း ဝင်းဝင်းရုံ(ပြဇာတ်များ က,သောရုံ) မျက်စောင်းထိုး (ဂုဏ်ထူး)ဆံသ၊ သိမ်ကြီးဈေး "စိန်ဝင်း"ဆံသတို့မှာ လက်ခစားလုပ်ပြီးနောက် စံပြ ဖ.ဆ.ပ.လ ရပ်ကွက်မှာ ကိုယ်ပိုင်ဆံသဆိုင်ကလေး ဖွင့်လှစ်နိုင်ခဲ့တာပေါ့။

ဗိုလ်ချုပ်ဈေး **"ဗမာသစ်"** ဆံသမှာ လုပ်တုန်းကတည်းက **မြန်မာသမားတော်ကြီးဦးညွန့်မောင်**ဆိုသူနဲ့ ဆံပင်လာညှပ်ရင်း ဖောက်သည်ဖြစ်ပြီး သိကျွမ်းခဲ့ရတယ်။

အဲဒီတုန်းက ဆရာကြီးက **ဂ.ည.ဆ ဖ** အဖွဲ့ဥက္ကဋ္ဌကြီးလေ၊ ရန်ကုန်မြို့(၃၉)လမ်း "အာယု" ဆေးတိုက် ပိုင်ရှင်ပေါ့။ ဆရာကြီးက ကျုပ်ကို မိဝေးဖဝေး ရန်ကုန်မှာ လာပြီး အလုပ်လုပ်နေရမှန်းသိတော့ ကျုပ်ကို သားသမီးသဖွယ် စောင့်ရှောက် အစစအရာ အကူအညီ ပေးတာပေါ့လေ။

ဒီလိုနဲ့ တစ်နေ့ စကားစပ်မိကြရင်း အထက်ဆရာကြီးများ အကြောင်း၊ မြင်အပ်,မမြင်အပ် ပုဂ္ဂိုလ်များ အကြောင်း ပြောကြရင်း ဆရာကြီးက ကျုပ်ကို **အရှေ့ရှိက နတ်များက သို့မဟုတ် သက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးများမှ လာရောက် သတိပေးစေတတ်တဲ့ ဂါထာတစ်ပုဒ်ကို** စာနဲ့ ရေးပြီးပေးတယ်။

နေ့စဉ် နံနက် **အိပ်ရာထ(၄၉)ခေါက်၊ အိပ်ရာမဝင်မီ (၄၉)ခေါက် အဓိဋ္ဌာန်နဲ့** မပျက် ရွတ်ဖတ် မေတ္တာပို့ရတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ ကျုပ်လဲ အဲဒီဂါထာတော်ကို ယနေ့တိုင် အိပ်ရာဝင်၊ အိပ်ရာထ ရွတ်ဖတ် သရဇ္ဈာယ်နေဆဲပါပဲ။

ဒီအသက်အရွယ်ထိ ထူးထူးခြားခြား ဖြစ်စဉ်ကလေးတွေ လေး,ငါး,ခြောက်ခါလောက် ကြုံဖူးပါတယ်။

အဲဒီ အတွေ့အကြုံတွေထဲက အတွေ့အကြုံတစ်ခုပေါ့။

ဟို **၁၉၅၅ ခုနှစ်တုန်း**ကပေါ့။ စံပြ ဖ.ဆ.ပ.လမှာတုန်းကပေါ့။ အဲ... စံပြ ဖ.ဆ.ပ.လဆိုလို့ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလမှာ ရပ်ကွက်ကြီးတစ်ခုလုံး မီးဘေးသင့်ပြီး ရပ်ကွက်နေ လူတွေကို မြောက်ဘက်မှာရှိတဲ့ ပန်းဥယျာဉ်ခြံကြီးမှာ နေရာချထားပေးတာပေါ့။

အဲဒီတုန်းက အိမ်ကလေးဘာလေး ပြင်ဆောက်နိုင်ပြီး စီးပွားရေး အခြေအနေကလေးလဲ ထိုက်ထိုက်တန်တန် ချောင်လည်လာတော့ မိခင်ကြီးကိုလဲ သတိရကန်တော့ရင်း မိမိနေရပ် အောင်လံ(အာလံ)ကို ပြန်ချင်စိတ်ရှိတာနဲ့ အောင်လံ(အာလံ)မြို့ကို ပြန်တုန်းက အဖြစ်အပျက်ပါပဲ။

ဟိုမြို့မှာက ကျုပ်မိခင်ကြီးနဲ့ ညီမငယ်,ညီငယ် ပေါင်းနှစ်ယောက်ပဲ ရှိတယ်။ ဖခင်ကြီးက ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ခေတ်မှာ ဆုံးပါးခဲ့ရရှာတယ်။

၁၉၅၅ ခုနှစ်တုန်းက မြန်မာနိုင်ငံတစ်ဝှမ်းလုံး ရောင်စုံသူပုန်တွေ ထကြလို့၊ ဗမာ့တပ်မတော်က တိုက်ခိုက်နှိမ်နင်းလို့ သူပုန်တွေ ပြိုကွဲ တောတွင်းရောက်သွားကုန်ကြပြန်တော့ ဓားပြတွေက တစ်စခန်း ထလာကြပြန်ရော။

ပြူစောထီး စီမံကိန်းဆိုပြီး နှိမ်နင်းပေမယ့် လုံခြုံရေးကင်းတဲ့၊ နေရာဝေးတဲ့နေရာတွေမှာ ဓားပြ ခဏခဏ တိုက်တဲ့အချိန် ဒီတုန်းက အခု တပ်မတော်



အစိုးရ လက်ထက်လို လုံးပန်း မချောမွေ့သေးဘူးပေါ့။

အောင်လံ(အာလံ)ကို ရထားလမ်း ဖောက်ဖို့ဆိုတာ အိပ်မက်ထဲတောင် ထည့်မမက်သေးတဲ့အခါပေါ့။

ပြည်နဲ့ ရန်ကုန်၊ ရန်ကုန်နဲ့ပြည် အစိုးရ မီးရထားနဲ့အပြိုင် ခရီးသည်တင် ဘတ်စ်ကားတွေ ပြေးဆွဲတဲ့နေရာမှာ **"ရဲတံခွန်" ခရီးသည်**တင် ဘတ်စ်ကားက နာမည်အကြီးဆုံး ခရီးသည်တွေအကြိုက် အချိန်တိုတိုနှင့် လိုရာခရီး ပို့ဆောင်ပေးနေတာပေါ့။

ရန်ကုန်မှာ (စကော့ဈေး) ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပြည် ရွှေဆံတော်ဘုရား ခြေရင်းဂိတ်ပေါ့။

အဲဒီ ပြည်ကမှတစ်ဆင့် အောင်လံ(အာလံ)ကို တစ်ဆင့် ဆက်စီးရတယ်။ ဒီတုန်းက အမြန်ကားဆိုတာလဲ မရှိသေးတော့ ချက်ပလက်ခေါင်းတို့,ခေါင်းရှည် ခရီးသည်တင်ကားတွေနဲ့ ခရီးသွားကြရတာကလား။

ကျုပ်လဲ နံနက်(၅)နာရီမှာ ထွက်တဲ့ ရဲတံခွန်ဘတ်စ်ကားနဲ့ ဗိုလ်ချုပ်အောင်ဆန်းဈေးဂိတ်ကနေ စီးရတယ်။ ကားခက ဒီတုန်းက လူတစ်ယောက် (၅/)ကျပ်ပဲ ကျတယ်။

လမ်းမှာ တိုက်ကြီးမြို့မှာ ခေတ္တရပ်ပေးပြီး လက်ဖက်ရည်ကလေး၊ မုန့်ကလေး • ဆင်းစားခွင့်ပေးတယ်။ လက်ပံတန်းမှာ တစ်ချက် ထမင်းစားတဲ့လူ စားဖို့ ခေတ္တရပ်ပေးတယ်။

ကျုပ်ကတော့ ထမင်းမစားပါဘူး။ ဒီအခါတုန်းကမှ လက်ပံတန်းမှာ ဆီထမင်း၊ စာကလေးကြော်၊ ကြက်ပေါင်ကြော်ဆိုတာ နာမည်ကြီးပေါ့။

စာကလေးကြော် တစ်ကျပ်ဖိုးငါးကောင်၊ ကြက်ပေါင်ကြော်တစ်ပေါင် ပြားငါးဆယ်၊ ဆီထမင်း ပြားငါးဆယ်ကို ဗိုက်ကိုတင်းနေအောင် စားရတယ်။

တိုတိုပြောရရင် ပြည်ရွှေဆံတော်ဘုရားခြေရင်းကို နေ့လယ် ဆယ့်တစ်နာရီသာသာလောက် ရဲတံခွန်ကား ဆိုက်တော့တာပဲ။

ပြည်ကနေတစ်ဆင့် အောင်လံ(အာလံ)ကို ဆက်ပြီး ကားစီးရတယ်။ ကားခံက (ဒီ/)ကျပ်လား၊ (၅/)ကျပ်လား မမှတ်မိတော့ဘူး။ ကျုပ်က အောင်လံ(အာလံ)ကို တိုက်ရိုက် မစီးဘူးဗျ။ လမ်းမှာ ပြလို့ဆိုတဲ့ ရွာကြီးထိ စီးလိုက်တယ်။

ဘတ်စ်ကားတိုင်းလိုလိုကလဲ ပြလို့ ကားဆိပ်မှ ခေတ္တခရီးသည်တွေ အပန်းဖြေစားဖို့၊ လက်ဖက်ရည်သောက်ဖို့ ရပ်နားပေးပါတယ်။

ကျုပ်က ပြလို့အထိပဲ စီးတာကလဲ အကြောင်းရှိတယ်။ ပြလို့ ကားဆိပ်မှာက ရောမ မန်ကျည်းပင်ကြီးတစ်ပင် ရှိတယ်။ နည်းနည်းနောနော မန်ကျည်းပင်ကြီး မဟုတ်ဘူး။

ဒီတုန်းကတောင် မန်ကျည်းပင်ရဲ့ လုံးပတ်ဟာ ပေနှစ်ဆယ်ကျော်လောက် ထင်တယ်။ မန်ကျည်းပင် အရိပ်ပိုင်းမှာ





www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေ ဖွင့်ထားတာ အပြည့်ပဲ။

အဲဒီက ထမင်းဆိုင်တစ်ဆိုင်က အမဲနှပ်ကလဲ ကောင်းမှကောင်း။

ငယ်ငယ်က ကျုပ်က အမဲသား၊ အမဲနှပ် သိပ်ကြိုက်တာ။ အဲဒီမှာ ထမင်းစားပြီးစပဲ ကားဂိတ်မှာ အောင်လံ (အာလံ)သွားမယ့် (အောင်ပေါ်လေး) ခရီးသည်တင် ဘတ်စ်ကားဆိုက်လာတယ်။

"အာလံ...အာလံ"ကို တကြော်ကြော် ခရီးသည် ခေါ်နေသံ ကြားလိုက်ရပြီး သုံးယောက်လို၊ နှစ်ယောက်လို၊ တစ်ယောက်လိုလို့ အော်ခေါ်နေတုန်း လက်ရေဆေး၊ လက်သုပ်ပဝါသုတ် ကမန်းကတန်း သောက်ရေတစ်ခွက်သောက်၊ ကားဆီ ပြေးထွက်မယ်လဲ လုပ်ရော နောက်ကျောဘက်ဆီကနေပြီး သာယာနာပျော် အောင်မြင် ကြည်လင်တဲ့အသံနဲ့...

'လူကလေး...လူကလေး'

နဲ့ ခေါ်သံကြားလိုက်တာနဲ့ ခြေလှမ်းတုံ့ပြီး နောက်ဘက် သမင်လည်ပြန်ကြည့်လိုက်တော့မှ အသက်ခြောက်ဆယ်ကျော်ကျော်၊ ခုနစ်ဆယ်နီးပါးရှိ ပိတ်ဖြူစင်ကြယ်နဲ့ လည်ပင်းမှာ ပုတီးဆွဲပြီး ညာဘက်လက်မှာ တောင်ဝှေးတစ်ချောင်း ထောက်ကိုင်ထားတဲ့ သူတော်စင်ကြီးတစ်ပါးကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျုပ်က...

'အဘိုး သားကို ခေါ်ပါသလား အဘိုး'

ဆိုတော့ နှုတ်မှ ဘာမျှ မပြောဘူး။ လက်ယပ်ခေါ်တာနဲ့ အနီးရောက်သွားတော့...

'လူကလေးက ခရီးဆက်ဖို့ရှိနေတယ် မဟုတ်လား... လူကလေး အယန်မကြီးရင် အဘိုးကို အာဟာရကလေး ဒါနပြုပါလား လူကလေး'

ကျုပ်က ငယ်စဉ်တောင်ကျေးကလေးဘဝကစပြီး လူကြီးမိဘတွေရဲ့ သွန်သင်ဆုံးမမှု အထူးသဖြင့် မိခင်ကြီးရဲ့ဖခင်ဖြစ်သော ကျုပ်အဘိုးဖြစ်တဲ့ ဆာမိကုန်းရွာ ဦးသာဂတိုးရဲ့ သွန်သင်ဆုံးမှု သူတော်စင် သူတော်ကောင်းတို့အကြောင်း အထက်ပုဂ္ဂိုလ်များနဲ့တကွ မြင်အပ်၊မမြင်အပ် ပုဂ္ဂိုလ်များ အကြောင်း ဘာသာရေးတို့မှာ နာယူလိုက်စား ဗဟုသုတရှိခဲ့လေတော့ ထိုသို့သော ပုဂ္ဂိုလ်နဲ့ တွေ့ကြုံဆုံရင်လွန်စွာ ကြည်ညိုလေးစားမှုဖြစ်လျက်...

'ဟာ...အဘိုးရပါတယ်၊ လာ...လာ'

ဟု လက်တွဲခေါ်ပြီး ထမင်းဆိုင်ရှေ့ ခုံတန်းလျားကလေးပေါ် ထိုင်စေလျက်...

'အဘိုး...ဘာဟင်းနဲ့ သုံးဆောင်မလဲ၊ အဘိုးကြိုက်တာ စားချင်တာ ပြောပါ'

'ရပါတယ် လူကလေး... အဘိုးက နဝင်္ဂသီလဆောက်တည်ပြီး သားသက်သတ်လွတ် စားပါတယ်ကွယ်'

ဒါနဲ့ ထမင်းဆိုင်ရှင်ကို သားသက်သတ်လွတ် ဘာဟင်းများရှိသလဲ မေးမြန်းပြီး ပဲငါးပိ၊ ခရမ်းချဉ်သီးဟင်း၊ ပဲသီးကြော် မှာယူပြီး အဘိုးအား တရိုတသေကျွေးပြီး နောက်ဆံတင်းလျက် ထွက်မယ့်ဆဲဆဲ (အောင်ပေါ်လေး) ဘတ်စ်ကားကို လှမ်းကြည့်လိုက်စဉ် ဘတ်စ်ကားခရီးသည်တွေ ပြည့်ပြီး ကားလဲ မောင်းထွက်သွားလေတော့တယ်။

ဒီတွင် အဘိုးက...

'လူကလေး ခရီးသည်တင်ကားတွေ အဆက်မပြတ် လာပါတယ်။ နောက်ကားနဲ့မှပဲ ချောင်ချောင်ချိချိစီးပြီး လိုက်လို့ရပါတယ်'

'ဟုတ်ကဲ့ပါ အဘိုး'

ဟု ပြောပြီး ကျသင့်သော ထမင်းဟင်းဖိုးကို ရှင်းပေးလိုက်တယ်။ ကျသင့်ငွေမှ တစ်ကျပ်မျှပဲ ရှိပါတယ်။

'ကဲ...လူကလေး အဘိုးကို သဒ္ဒါကြည်ဖြူ အာဟာရပေးလှူရသော အကျိုးကြောင့် သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိ ဘေးအန္တရာယ်ကင်းစွာဖြင့် ရောက်ပါစေ သာဓု...သာဓု...သာဓု'

'ဟော...လူကလေး နောက်ကားတစ်စီးလာနေပြီ၊ ခရီးဆက်လိုက်ပေဦးတော့'

'ဟုတ်ကဲ့ အဘိုး... သားကို သွားခွင့်ပြုပါဦး'

ဟု နှုတ်ဆက်ပြီး ရောက်လာသည့် ဦးအောင်ရင်ကားပေါ် တက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

တယ်။

ဦးအောင်ရင်ကားကလဲ ချက်ပလက်ခေါင်းတို့ စစ်ကြီးအတွင်းက အသုံးပြုပြီး ချန်ရစ်ခဲ့တဲ့ကား ပြုပြင်မွမ်းမံပြီး ခရီးသည်တင်ကားအဖြစ် ပြေးဆွဲနေကြရတာကလားဗျာ။

လမ်းမှာ ခရီးသည်တင်လို့ပဲ ဖြစ်ဖြစ်၊ ခရီးသည်ဆင်းလို့ပဲ ဖြစ်ဖြစ် ခရီးသည် အတင်အချလုပ်တိုင်း ကားစက်က ခဏခဏ ရပ်ရပ်သွားပြီး ရှေ့ခန်းကားဒရိုင်ဘာက နောက်မှာရှိတဲ့ ကားစပါယ်ယာကို နာမည်တော့ မသိဘူး။

'ချာတိတ်ရေ…ချာတိတ်ရေ'

နဲ့ မကြာခဏ လှမ်းလှမ်းခေါ်ပြီး ကားဂေါက်တံနဲ့ ကားစက်နှိုးဖို့ လှည့်နိုင်းရတာ လမ်းခရီးမှာ လေး၊ ငါးဆယ်ခါထက်မနည်းပါဘူးဗျာ ခရီးဖင့်လိုက်တာ အောင်လံ(အာလံ)ကို ရောက်တော့ မိုးစုပ်စုပ်ချုပ်ပါလေရော။

ဒါနဲ့ ကျုပ်ရဲ့ အမေ့အိမ်ပေါ် တန်းတက်သွားပြီး အမေ့ကို နှုတ်ဆက်တော့ အမေက ဝမ်းသာအားရ မျက်ရည်တွေဝိုင်းပြီး…

'ဪ…ငါ့သား ရောက်လာတာကိုး၊ မိုးချုပ်နေပြီ သား ဘယ်သူ့ကားနဲ့လာလဲ'

'အမေ…သား ဦးအောင်ရင်ကြီးကားနဲ့ လာခဲ့တာ အမေ၊ ကားကလဲ ဖွတ်ချက်ဖွတ်ချက်နဲ့ တစ်လမ်းလုံး ကားဂေါက်တံနဲ့ လှည့်ပြီး စက်နှိုးနှိုးနေရတာနဲ့ အချိန်ကုန်တာပဲ အမေ'

'အေး…အဲဒါ ငါ့သားကံကောင်းတာ စောစောထွက်လာတဲ့ အောင်ပေါ်လေးကား ဖွက်ကြီးတံတားအလွန် တုံးရေကြိုးမှာ ဓားပြအတိုက်ခံရတာ တစ်စီးလုံး ပြောင်တာလင်းခါရော၊

တရော်ကုန်းရပ်က နောက်လိုက် ကားစပါယ်သန်းမောင်တောင် ဓားပြတွေက



ဓားပြားနဲ့ ရိုက်တာ တော်တော်နာတယ်ဆိုပဲ ငါ့သား ကံဖယ်လိုက်တာပေါ့'

**(ဒီတုန်းက ဖွက်ကြီးတံတား ဟိုဘက်ထိပ်မှာ တုံးရေကြိုးဝိုင်းဆိုတာ ရှိတယ်။ တောအုပ်တောတန်း အတော်နက်တဲ့နေရာပေါ့။ ဓားပြတွေက ကားတွေကို သေနတ်တွေနဲ့ ချိန် ရပ်တန့်ခိုင်းပြီး ကြိုးဝိုင်းထဲ မောင်းခိုင်းပြီး အတော်လှမ်းတဲ့ တောတွင်းရောက်မှ ကားပေါ်ပါလာတဲ့ ခရီးသည်တွေ တစ်ဦးစီ ကားအောက်ဆင်းခိုင်းပြီး ပါလာသမျှ ရွှေငွေ လက်ဝတ်လက်စား ဝတ်ကောင်းစားလှမကျန် အရေခွံခွာနေတဲ့အချိန်ပေါ့)**

'ဟုတ်လား အမေ'

ဟု ကျုပ်က ပြလို့မှာ တွေ့ကြုံခဲ့ရသော သူတော်စင်ကြီးအကြောင်း ပြောပြလိုက်တော့ အမေက…

'သားကို သူတော်ကောင်း နတ်ကောင်း မ,လိုက်တာပေါ့ သားရယ်'

ဒီတော့မှ ကျုပ်လဲ ကျောချမ်းလိုက်တာ၊ ကြောက်လိုက်တာ မပြောပါနဲ့တော့ ကျွန်ုပ်မှ…

'နို့နေပါဦး ဦးဆန်းညွန့်ရ… ခင်ဗျားက ဖြစ်စဉ်ကလေးကိုတော့ ပြောပြပြီး နတ်တွေ၊ ပုဂ္ဂိုလ်တွေက စောင့်ရှောက်တဲ့ ဂါထာအကြောင်း မပြောပြတော့ဘူးလား'

'ဟာ…ဆရာကြီးကလဲ ဒီအကြောင်း ပြောချင်၊ ဝေငှချင်နေလို့ ကျုပ်တွေ့ကြုံခဲ့ရတဲ့ အမှန်တကယ်ဖြစ်စဉ်တွေကို အစပျိုးနေတာ…

ဒီဂါထာတော်က နံနက်အိပ်ရာထ ညအိပ်ရာဝင် လေးဆယ့်ကိုးခေါက် မပျက်မကွက် ရွတ်ဖတ်မေတ္တာ ပို့လွှတ်ရပါတယ်။

မေတ္တာပို့ကတော့ ထူးထူးထွေထွေ မဟုတ်ပါဘူး။ အလောင်းတော် နတ်သားနဲ့တကွ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျအများ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာကြပါစေလို့ ဂါထာမရွတ်ခင်နဲ့ ရွတ်ပြီး မေတ္တာပို့ရပါတယ်။ ဂါထာကတော့…

ဥုံ အဟံ တုဋ္ဌေ ကေပုဂ္ဂလိ နာမံ ပါရိညုဗ္ဗိယာ သဗ္ဗာ အာပတ္တိယော အာရောစယာမိ'

ကျွန်ုပ်မှ…

**'သာဓုဗျာ…သာဓု…သာဓု အခု ဦးဆန်းညွန့် ပြောပြတဲ့ဖြစ်ရပ်ကလေးနဲ့ နတ်ချစ်တဲ့ဂါထာကလေးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်အတွက် ရည်စူးရေးသားပြီး ပို့လိုက်ဦးမယ်ဗျာ။**

**နောက် ဦးဆန်းညွန့် တွေ့ကြုံခဲ့ရဖူးတဲ့ အဆန်းတကြယ် အဖြစ်ထူးများရှိလဲ ပြောပြပါဦးဗျာ'**

'စိတ်ချ ဆရာကြီး… စိတ်ချပြောပြပါ့မယ်'

**မှတ်ချက်။ ။ ရှစ်ရက်လပြည့်လကွယ်၊ သီတင်းသီလ ဥပုသ်ရက်တို့၌ အတူတကွ သီလဆောက်တည် ခံယူကြရင်း တွေ့ကြုံ ခင်မင်ရင်းနှီးခဲ့ရသည့် ဦးဆန်းညွန့် ပြန်လည်ပြောပြချက်များကို ရေးသားခြင်းဖြစ်ပါသည်။**

**သုခ လာဘ္မ**

**ဆရာ မင်းဦးအိမ်**
***(ဝေဒ နက္ခတ္တပညာရှင်)***



www.burmeseclassic.com

www.burmeseclassic.com

# လမ်းပေါ်မှ အဖြစ်အပျက်တစ်ခု

ထက်နိုင် (ပခုက္ကူ)

ပခုက္ကူမြို့သည် ရောဝတီမြစ်ကမ်း တစ်လျှောက်တည်ရှိသော မြို့တစ်မြို့ ဖြစ်သည်။ ရောအနောက်မြို့ဟူ၍လည်း ခေါ်တွင်လေ့ရှိသည်။ ရောဝတီမြစ်သည် မြို့၏တောင်ဘက်တွင် တည်ရှိ၍ အရှေ့မှအနောက်သို့ စီးဆင်းနေပါသည်။

နွေရာသီသို့ရောက်လျှင် မြစ်ရေခန်းခြောက်၍ သဲသောင်ထွန်းလေ့ရှိသည်။ အညာဒေသများသည် နွေရာသီသို့ ရောက်လျှင် အပူဒဏ်ကို အလူးအလဲ ခံကြရပါသည်။

နေ့အချိန်တွင် အလွန်ပူပြင်းပြီး ညအချိန်တွင်လည်း နေ့၏ အပူရှိန်ကြောင့် ပူအိုက်လေ့ရှိသည်။

တစ်ခါတစ်ရံတွင် မြစ်၏ သဲသောင်ပြင်မှ တောင်လေတိုက်ခတ်လေ့ ရှိသည်။ သဲသောင်ပြင်မှ တောင်လေတိုက်လျှင် မြစ်ကမ်းဘေးတွင်တည်ရှိသော ကျေးရွာ၊ ရပ်ကွက်များသည် အပူဒဏ်ကို အနည်းငယ် သက်သာကြလေသည်။

ကျွန်တော့်ရပ်ကွက်သည် ရောဝတီမြစ်ကမ်းနံဘေးတွင် တောင်နှင့်မြောက်ဖောက်ထားသော ပေတစ်ရာလမ်းတစ်လမ်း ရှိပေသည်။

ထိုပေတစ်ရာလမ်းအတိုင်း တောင်ဘက်သို့သွားပါက မြစ်သို့ရောက်သည်။ ထိုလမ်းသည် မြစ်၏ သဲသောင်ပြင်မှ တိုက်ခတ်လာသော တောင်လေကို တိုက်ရိုက်ရရှိလေသည်။

ညပိုင်းအချိန်တွင် ရာသီဥတု ပူအိုက်ပါက ထိုပေတစ်ရာလမ်းပေါ်သို့ ကျွန်တော်တို့ရပ်ကွက်မှ လူကြီး၊ လူငယ်များသည် ထိုလမ်းဘေးတွင် ထွက်၍ လေညှင်းခံလေ့ရှိသည်။

တချို့က ပက်လက်ကုလားထိုင်၊ ခုတင်တို့ဖြင့် လမ်းဘေးတွင်ချ၍ ညလုံးပေါက် လေညှင်းခံရင်း အိပ်သူများလည်း ရှိလေသည်။

ညပူအိုက်သည့်အခါတွင် လူကြီး၊ လူငယ်များသည် စကားစမြည် ပြောရင်းဖြင့် လေညှင်းခံကာ ညဉ့်နက်ခါမှ အိမ်ပြန်အိပ်ကြလေသည်။

ထိုစဉ်က မော်တော်ကားများသည် များစွာ မရှိသေးသဖြင့် လမ်းသည် ယဉ်အန္တရာယ် မစိုးရိမ်ရပေ။ လေမတိုက်သောညတွင် လူသွားလူလာ ရှင်းသွားတတ်သည်။

ထိုပေတစ်ရာလမ်းသည် ကျွန်တော်တို့ရပ်ကွက်နှင့် အခြားရပ်ကွက်တစ်ခုကို ပိုင်းခြားထားသော နယ်ခြားလမ်းတစ်ခုလည်း ဖြစ်သည်။

ညတစ်ညတွင် ကျွန်တော်သည် အိမ်တွင် အိပ်လို့မရအောင် ရာသီဥတုက ပူအိုက်သဖြင့် တစ်ယောက်အိပ်ခုတင်ကိုမ,ကာ ပေတစ်ရာလမ်းဘက်သို့ ထွက်လာခဲ့သည်။ ထိုညတွင် လေကလည်း တဖြူးဖြူး တိုက်ခတ်နေလေသည်။



www.burmeseclassic.com

ကျွန်တော့်ထက် အအေးကြိုက်သော ရပ်ကွက်ထဲမှ လူငါးယောက်သည် သူတို့၏ ကိုယ်ပိုင်ခုတင်၊ တန်းလျားများဖြင့် လမ်းဘေးတွင် အသီးသီးနေရာယူကာ အိပ်နေကြလေသည်။

ကျွန်တော်လည်း လမ်းဘေးနေရာလွတ်တစ်နေရာတွင် ခုတင်ကိုချကာ အိပ်ရာများပြင်ဆင်ပြီး ပက်လက်လှဲနေလိုက်သည်။ ည(၁၀)နာရီကျော်ခန့်ရှိပြီ ဖြစ်သည်။

တောင်လေသည်လည်း အိပ်လို့ကောင်းအောင် ဖြည်းညင်းစွာ တိုက်ခတ်နေလေသည်။ ခဏအကြာတွင် ကျွန်တော်လည်း အိပ်ပျော်သွားခဲ့သည်။

ည(၁၂)နာရီခွဲခန့် အချိန်တွင် ကျွန်တော် တစ်ရေးနိုးလာခဲ့သည်။ ဘေးနားတွင် ကျွန်တော်နှင့်အတူ အိပ်နေသောအဖော်များ အိမ်ပြန်၍ အိပ်ကြလေပြီဖြစ်သည်။

ကျွန်တော်လည်း ကြောက်တတ်သူမဟုတ်သဖြင့် တစ်ယောက်တည်း ထိုလမ်းဘေးတွင် ဆက်၍ အိပ်နေလိုက်သည်။ လေကလည်း တိုက်၊ အိပ်လို့လည်းကောင်းသဖြင့် မနက်မှ စောစောထ၍ ပြန်မည်ဟု ဆုံးဖြတ်ထားလိုက်သည်။

အိပ်ပျော်နေစဉ် ကျွန်တော်၏ ခုတင်ပေါ်သို့ တစ်စုံတစ်ယောက်တက်လာသလို ခံစားရသဖြင့် လန့်နိုးလာသည်။ ကျွန်တော်လည်း မသင်္ကာသဖြင့် ထကြည့်လိုက်သည်။ မိမိမှလွဲ၍ လမ်းပေါ်တွင် မည်သူမျှမရှိပါ။

ကျွန်တော်လည်း ပြန်အိပ်လိုက်သည်။ ထိုအချိန်တွင် မိမိ၏ နှာခေါင်းထဲသို့ ပုပ်အဲ့အဲ့အနံ့ ထောင်းထောင်းထအောင် နံလာသည်။

ကျွန်တော်လည်း ဆက်အိပ်မရတော့သဖြင့် ပက်လက်အနေအထားအတိုင်း ထမည်ပြုစဉ် လုံးဝလှုပ်မရတော့ပေ။ ဘီလူးစီးတာလည်း မဖြစ်နိုင်၊ အိပ်မက်လည်း မဟုတ်နိုင်။ စောစောကပင် ထ၍ရသေးသည်။

ကြိုးစား၍ ရုန်းကန်ထသော်လည်း လှုပ်၍ပင်မရ၊ လူသုံးယောက်ဖိထားသကဲ့သို့ လေးနေသည်။ ချွေးများလည်း ရွှဲနစ်နေပြီး ဖြစ်သည်။

အော်ဟစ်အကူအညီ တောင်းသော်လည်း ပါးစပ်ကသာအော်နေသည် အသံက လုံးဝထွက်မလာဖြစ်နေသည်။ ကျွန်တော်လည်း လမ်းပေါ်တွင် တစ်ယောက်တည်း ရှိနေသဖြင့် ကြောက်စိတ်ကဝင်လာသည်။

ကျွန်တော်လည်း ကြိုးစား၍ ရုန်းကန်ထသည်မရ အသံကုန်အော်ဟစ် အကူအညီတောင်းသည်။ အသံကထွက်မလာ ကြာလာတော့ ဇောချွေးများပြန်လာပြီး မောဟိုက်လာသည်။

ထိုစဉ်တွင် ကျွန်တော်၏ နားထဲသို့ အသံတစ်သံကြားရသည်။ မိမိ၏ ဘေးမှ ကပ်ပြောနေသလို ပီပီသသ ကြားရပါသည်။ သို့သော် မိမိ၏ ဘေးတွင် ဘယ်သူမျှမရှိပေ။ အသံသာ ကြားနေရသည်။

'ငါတို့နဲ့ တစ်ခါတည်း လိုက်ခဲ့ပါလား'

'ငါတို့နဲ့ လိုက်မလား'

ဟု ပီပီသသ တစ်စုံတစ်ယောက်က ပြောနေသည်။

အသံသာ ကြားနေရသည်။ ဘယ်သူမျှ မရှိချေ။ ကျွန်တော်လည်း ကြောက်အားလန့်အားနှင့် အသံကုန်အော်ဟစ်ငြင်းနေမိသည်။

'မလိုက်ဘူး... မလိုက်ဘူး'

'ဘယ်သူနဲ့မှ မလိုက်ဘူး... ဖယ်ပြန်မှာ'

ကျွန်တော့်ပါးစပ်က လှုပ်၍ ငြင်းနေသည်။ ကျွန်တော်လည်း မိမိ ရွတ်ဖတ်တတ်သော ဘုရားစာ၊ တရားများ ပါးစပ်က ရွတ်ဆိုနေလိုက်သည်။

ခဏကြာသောအခါ ကျွန်တော် ကိုယ်ခန္ဓာ ပေါ့သွားသလို ခံစားရသည်။ ထိုအခါ ကျွန်တော်လည်း လှုပ်လို့ရလာသည်။

ရပ်ကွက်ထဲမှ ခွေးများသည်လည်း ကျွန်တော်ရှိရာဘက်သို့ ဝိုင်းအူ၍နေလေသည်။ ကျွန်တော်လည်း ချက်ချင်းထကာ ခုတင်ကို မ,ကာ အိမ်သို့ အမြန် ပြေးခဲ့ရတော့သည်။

ကျွန်တော်လည်း ထိုသို့ ဖြစ်ပြီးနောက် (၃)ရက်လောက် လန့်ဖျားဖျားပါတော့သည်။

ကျွန်တော် နေပြန်ကောင်းလာသောအခါ ကျွန်တော်၏ ဖြစ်ပျက်ပုံကို ရပ်ကွက်ထဲမှ လူကြီးတစ်ယောက်ကို ပြန်ပြောပြသောအခါ ထိုလူကြီးက...

'မင်းတို့က အဖွဲ့လိုက် အိပ်ကြတာဆိုတော့ ဘာမှ မပြောခဲ့တာကွ။ လမ်းဆုံ၊ လမ်းခွ လမ်းပေါ်တို့ဆိုတာ အများပိုင် လမ်းလေ မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်တွေလဲ သွားကြလာကြမှာပဲလေ။ ကိုယ်က ကံနိမ့်တဲ့အခါကြတော့ ဒီလိုအဖြစ်မျိုးတွေ ကြုံရတတ်တယ်။

လမ်းပေါ်မှာ ညလုံးပေါက်မအိပ်တာ ကောင်းတယ်။ လမ်းဆိုတာ မမြင်အပ်တဲ့ နာနာဘာဝတွေ ဖြတ်သွားရင်းနဲ့ ကံနိမ့်တဲ့သူကို နှောင့်ယှက်နိုင်တယ်လေ'

ထို့နောက် ကျွန်တော်လည်း လမ်းပေါ်သို့ မအိပ်ဝံ့တော့ပါ။ ရပ်ကွက်ထဲမှ အိပ်နေကျသူများလည်း ကျွန်တော့် အဖြစ်အပျက်ကို ကြားရသောအခါ ညလုံးပေါက် မည်သူမျှ ထိုလမ်းပေါ်သို့ မအိပ်ကြတော့ချေ။

**ထက်နိုင် (ပခုက္ကူ)**



www.burmeseclassic.com

www.burmeseclassic.com



မောင်စွာရှင်
(ဘုတာလင်)

# ရွာတော်အရှင်ကြီးနတ်အား

## စော်ကားမိလေသောကြောင့်

'မိသစ္စာ...မိသစ္စာ ရှိလား'

အိမ်ရှေ့မှ ခေါ်လိုက်သော အသံကြောင့် အိပ်ခန်းထဲမှာ မိုးအေးအေးနှင့် ချီးကွေး ကွေးနေသော ကျွန်မခေါင်ကို ခွာချကာ လူးလဲထလိုက်ပါသည်။ အိပ်ရာထဲမှထကာ အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်တော့ ကျွန်မ၏ အစ်မဝမ်းကွဲ စိန်စိန် ဖြစ်၍နေပါသည်။

'မိသစ္စာရယ်... ညည်းဟာ အိပ်ချင်မူးတူးနဲ့ပါလား၊ ဘယ်လောက်တောင် များ အိပ်ရေးပျက်နေလို့ ဒီလောက်တောင် အိပ်နေရတာလဲ'

'အစ်မစိန်ရယ်... မိုးရွာလို့ အိပ်နေတာပါ။ ရေးစရာ ကုန်ကြမ်းလဲ စဉ်းစားရင်းပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ညည်းကတော့ လုပ်တော့မယ် အေ... ငါကလဲ ခု ညည်းအတွက် ကုန်ကြမ်းလာပေးတယ်ဆိုရင် မမှားပါဘူး။ ဟိုးအရင် (၂)နှစ်တုန်းက အဖြစ်အပျက်ကို ပြောပြမလို့ပါ။ အဲဒီတုန်းက ညည်းက ရွာမှာ မရှိဘူးလေ။ ညည်းမသိလိုက်တဲ့ အဖြစ်အပျက်တစ်ခုကို ငါက ပြောပြမလို့ပါ'

အဖြစ်အပျက် အစကား...

လွန်ခဲ့သော (၂)နှစ်ကျော်ကာလ **၂၀၁၄ ခုနှစ် အကုန်ပိုင်းတွင် ဖြစ်ပျက်ခဲ့သော** အကြောင်းအရာတစ်ခု ဖြစ်ပါသည်။

ကျွန်မတို့ ရွာထိပ်မှာ လွန်စွာမှ ကြီးမားအုပ်ဆိုင်းနေသည့် ညောင်ပင်အိုကြီး တစ်ပင် ရှိပါသည်။ ရှေးလူကြီးများ ပြောပြချက်အရ ညောင်ပင်ကြီးမှာ သက်တမ်း နှစ်(၂၅၀)ကျော်ရှိပြီဟု သိရပါသည်။

ရွာရှိလူကြီးများသာမက ကလေးမကျန် ထိုညောင်ပင်ကြီးမှာ ရွာတော်အရှင်ကြီး နတ်မင်းကြီး စောင့်ရှောက်သည်ဟု အယူရှိပါသည်။

အားလုံးသော လူကြီးမိဘများသာမက ကလေးသူငယ်များပါ ယုံကြည်ကြသော်လည်း ရွာမှာ ဘယ်သူနှင့်မျှ မတည့်သော ဘုကလန့် ခင်ဇော်ဆိုသူ လူတစ်ယောက် ရှိပါသည်။ ခင်ဇော်မှာ ဇနီးသည် အေးစိန်မနှင့် လူမမည် သားကလေး ဖိုးအောင်တို့နှင့် ရွာအစွန်အိမ်မှာ နေထိုင်ကြပါသည်။

ဇနီးသည် အေးစိန်မမှာလည်း ယောကျ်ားဖြစ်သူ ခင်ဇော်အကြောင်း သိသော်လည်း ပြောမရ၍ ရင်တထိတ်ထိတ်နှင့် လွှတ်ထားရပါသည်။

တစ်နေ့မှာတော့... ထင်ထားသည့်အတိုင်း တကယ်ဖြစ်လာမည့်နေ့ကို



ရောက်ရှိလာခဲ့ပါတော့သည်။ ခင်ဇော်၏သားလေး ဖိုးအောင် ရုတ်တရက် ဆုံးပါးခဲ့ပါသည်။ ထိုအချိန်ထိ သတိမထားမိခဲ့။ ကလေးဆုံးပြီး (၁၀)ရက်ခန့် အကြာ ညတစ်ညတွင် ကောက်ရိုးပုံ မီးရှို့ရာမှတစ်ဆင့် ခင်ဇော်တို့ အိမ်တစ်ခြမ်း မီးထဲ ပါသွားခဲ့သည်။

တခြားအိမ်တွေကို မီးမကူးခဲ့ပါချေ။ တစ်နေ့မှာ ခင်ဇော်တစ်ယောက် တောထဲသို့ ထင်းသွားရှာရင်း သစ်ပင်ပေါ်မှ ပြုတ်ကျ၍ ခါးရိုးများ ကျိုးခဲ့ရသည်။ ခင်ဇော်တစ်ယောက် ခါးရိုးကျိုးဒဏ်ရာနှင့် အောက်ပိုင်း မလှုပ်နိုင်တော့ပါချေ။

အဲဒီအချိန်မှာ အေးစိန်မ တစ်ခုခု မှားနေပြီဆိုတာ သိလိုက်သည်။ နောက်ရက်မှာ ရွာထဲမှ နတ်ဝင်သည် ဒေါ်ပုမအိမ်သို့ အေးစိန်မ သွားရောက်ခဲ့သည်။ ဒေါ်ပုမကို ရွာတော်အရှင်ကြီး နတ်က ဝင်ပူး၍...

'ဟေ့...ခုမှ လာပြီး တောင်းပန်နေတာ နောက်ကျသွားပြီဟေ့။ နင့် ယောကျ်ားက ဝိုကို ပူဇော်ပသထားတဲ့ ကြက်ကြော်လဲ ယူစားသေးတယ်။ ဝိုအပင်က ထင်းတွေကိုလဲ ခုတ်သွားသေးတယ်။ ပြီးတော့ ဝိုရဲ့ နယ်မြေနဲ့ မလွတ်တဲ့နေရာမှာ ဆီးလဲ သွားလိုက်သေးတယ်။

ဒါကြောင့် နင့်ရဲ့ ယောကျ်ားကို ငါ မကျေနပ်ဘူးဟေ့။ ဝိုကို ပူဇော်ပသရင် ငါ စောင့်ရှောက်ပေးမယ့် ဝိုကို စော်ကားမော်ကား ပြောတဲ့ သူကိုတော့ ငါ လုံးဝ ခွင့်မလွှတ်နိုင်ဘူး'

ဟု ပူး၍ ပြောပါတော့သည်။

အေးစိန်မမှာလည်း ယောကျ်ားဖြစ်သူ၏ အမိုက်အမဲကြောင့် ချစ်လှစွာသော သားကိုလည်း ဆုံးရှုံးခဲ့ရပြီး ရွာတော်အရှင်ကြီးနတ်ကိုလည်း ကျေနပ်အောင် ပူဇော်ပသရပါတော့သည်။

ခင်ဇော်မှာတော့ မှားခဲ့သော အမှားတစ်ခုကြောင့်ပေလား။ ဝဋ်ကြွေးပါလာခဲ့လို့လားတော့မသိ... ယခုထက်တိုင် အောက်ပိုင်း မလှုပ်နိုင်တော့သော ဒုက္ခိတဘဝနှင့် အသက်မသေသော်လည်း စိတ်ကတော့ မူမမှန်တော့ပေ။ သူ့စိတ်တွေ မူမမှန်တော့ပေမယ့် သူ၏ နှုတ်မှာတော့...

'ကြောက်သွားပါပြီ... ကြောက်သွားပါပြီ နောက်ကို ဘယ်တော့မှ မစော်ကား မပြစ်မှားတော့ပါဘူး ဘိုးဘိုးကြီးရယ်'

ဟု အကြိမ်ထောင်သောင်းမက ရွတ်ဖတ်နေလေ့ ရှိပါသည်။

**[ကျွန်မ၏ အစ်မဝမ်းကွဲ ပြောပြချက်ကို ဖြစ်ရပ်မှန်အတိုင်း ခံစားရေးဖွဲ့၍ ရေးသား တင်ပြလိုက်ရပါသည်။]**

***ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ***

မေသစ္စာရှင် (ဘုတလင်)



www.burmeseclassic.com

www.burmeseclassic.com

# ဓနိတောထဲက

အငြိမ့်မင်းသမီး

ဆိုးဆိုးရ
(ဘီလူးကျွန်း-ကွမ်းလှာ)



၁၃၆၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်နေ့ နေ့ခင်းအချိန်ကာလ ဥပုသ်သီတင်း ဆောက်တည်သော နေ့တစ်နေ့ စာရေးသူတို့ရွာရှိ အသက်(၅၀)ကျော် ဖွားလှိုင်ပုတစ်ယောက်တော့ ဥပုသ်လည်း မစောင့်၊ ဒီကနေ့ အများတကာ အလုပ်နားချိန်မှာ တစ်ယောက်တည်း ကဏန်းနှိုက်ထွက်ရန် ပြင်ဆင်နေသည်။

ကဏန်းဆိုသည်မှာ တွင်းအောင်းသတ္တဝါဖြစ်သည်။ ဓနိတောၡ ရွံ့တွင်းများ လုပ်၍ နေတတ်သည်။ ကဏန်းတွင်းတွေ့လျှင် သံချိတ်လေးနှင့် တွင်းထဲသို့ ထိုးသွင်းပြီး ကဏန်းရှိ,မရှိ ခြစ်ကြည့်ရပါသည်။

ကဏန်းရှိပါက သံချိတ်နှင့် ကဏန်းခွံထိမိပြီး ခြစ်ခြစ်နှင့် အသံမြည်ပါသည်။ အသံကြားပါက ချိတ်နှင့် ဆွဲထုတ်ပြီး ပလိုင်းထဲ ထည့်လိုက်ရုံပါပဲ။

ကဏန်းလက်မကိုတော့ သမောတား



www.burmeseclassic.com

www.burmeseclassic.com

ရပါသည်။ ညုပ်လျှင် အလွန်နာပါသည်။ ကဏန်းကို ပြုတ်စားစား၊ ချက်စားစား၊ ကြော်စားစား အလွန်စားကောင်းပါသည်။

စာရေးသူတို့ ရွာခလေ့အရ ဥပုသ်နေ့တွေမှာ သားငါး အရှာမထွက်ကြပါဘူး။ သက်သတ်လွတ်စားပြီး ဥပုသ်စောင့်ကြပါသည်။ ဖွားလှိုင်ပုကတော့ ဂရုမစိုက်ပေါင်။ ဒီနေ့ ခနိုတောထဲမှာ သူတစ်ယောက်တည်း အေးအေးဆေးဆေး ကဏန်းနှိုက်ရမှာကို ကျေနပ်နေမိသည်။

ရေတစ်ဘူးယူ၊ ကဏန်းထည့်ရန် ပလိုင်းတစ်လုံးဆွဲ၊ ခမောက်ကလေး ဆောင်းပြီး ထွက်လာခဲ့ပါသည်။

စာရေးသူတို့ အိမ်ရှေ့ရောက်တော့...

'ဟဲ့ မစိန်...ငါကဏန်းသွားနှိုက်မလို့ ဝယ်ရင် မှာထားနော်'

ဆိုပြီး လှမ်းနောက်သွားပါသည်။

စာရေးသူ မိခင်က...

'ဖွားလှိုင်ပုရယ် လပြည့်နေ့ သူများအသက် မသတ်ကောင်းဘူးနော်။ ဥပုသ်မစောင့်ဘဲနဲ့ ဘာတွေလျှောက်လုပ်နေလဲ'

ဆိုတော့...

'ငါက နင့်ထက် ပိုသိပါတယ်ဟာ၊ ငါ စိတ်မပါရင် ဘာမှမလုပ်ဘူး။ လုပ်မယ်ဆိုရင်ဇွဲ မတားနဲ့ဟေ့'

ဆိုပြီး ခပ်သွက်သွက်လေး ထွက်သွားပါသည်။

အမေနှင့် ဖွားလှိုင်ပုတို့ စကားကို စာရေးသူက ငယ်သေးတော့ ဘာလဲဆိုတာ သိပ်နားမလည်ပေမယ့် ဖွားလှိုင်ပု ကဏန်းရလျှင် စာရေးသူတို့ကို လာပေးတတ်တာမို့ ကဏန်းစားရမှာမို့ ပျော်တာလောက်ပဲ စာရေးသူ သိပါသည်။



ဖွားလှိုင်ပုတစ်ယောက် ခနိုတောထဲရောက်တယ်ဆိုလျှင်ပဲ ကဏန်းတွင်းတွေ တစ်တွင်းပြီး တစ်တွင်း လိုက်ရှာပါတော့သည်။

ကဏန်းလည်း တစ်ကောင်မှမရ၊ ရှုံ့ဖွက်တွေကလည်း မိုးရွာထားသည့် အရှိန်၌ ပျော့ချွဲနေတာပဲ၊ တောထဲမှာ အချိန်တော်တော်ကြာ လှည့်နေပြီ ပျင်းပျင်းရှိတာနှင့် ပါးစပ်ထဲ ရောက်တတ်ရာရာ သီချင်းတွေ ဆိုနေမိသည်။

ဖွားလှိုင်ပုကတော့ အသက်ကသာ (၅၀) ကြည့်လိုက်ရင် ကိုယ်လုံးကိုယ်ထည် ခပ်တောင့်တောင့် အလုပ်ကြမ်းတွေ လုပ်နေရတယ် ဆိုပေမယ့် အမြဲကျန်းမာနုပျိုနေသည်။

တခြားသီချင်းတွေ ဆိုနေစဉ်က ဘာမှမဖြစ် "**လောကဇာတ်ခုံ အဖုံဖုံ အလီလီ သဘင်သည်မလေး နှင်းဆီ**" ဟု နှုတ်က ဆိုလိုက်တော့ ဖွားလှိုင်ပု ကြက်သီးဖြန်းခနဲ ထသွားပါသည်။

ဘာဖြစ်တာလဲ...ငါ့စိတ်မှာ တစ်ခုခုပဲ ဆိုပြီး အငြိမ့်သီချင်းကိုပဲ တတွတ်တွတ် ဆိုနေတော့သည်။ ရှေ့က ဆိုပြီးသွားလျှင် နောက်က တစ်ယောက်ယောက် လိုက်လာသလို ရှုံ့ဖွက်နင်းသံတွေ ကြားနေရသည်။

ဘာရယ်တော့ မသိ၊ ဂရုလဲ မစိုက်၊ တော်ရုံနှင့် ကြောက်တတ်သူလဲ မဟုတ်တော့ သီချင်းအေးအေးနှင့် ကဏန်းတွင်းတွေပဲ လိုက်ရှာနေသည်။

တစ်နေရာအရောက်တော့ စိတ်ထဲက အလိုလို လှည့်ကြည့်ချင်နေမိသည်။ သီချင်းဆိုလျှင် အနောက်က ခြေသံလိုလို ကြားနေရသည်။ တခြားသီချင်းတွေဆိုလျှင် သိပ်မသိသာပေမယ့် အငြိမ့်သီချင်းဆိုလိုက်ရင်တော့ သိသိသာသာ ခြေသံတွေ သွက်လာပါသည်။

ဒါနဲ့ပဲမဖြစ်ပါဘူး...ငါ့ကို တစ်ယောက်ယောက်ကများ လိုက်နောက်နေသလား။ အထင်ဖြင့် လှည့်ကြည့်လိုက်တော့ ဆိုနေသည့် အငြိမ့်သီချင်းတွေ ဘယ်ရောက်ကုန်သလဲ မတွေးတတ်တော့ မကြောက်တတ်သည့် ဖွားလှိုင်ပု တစ်ယောက်လည်း ငုတ်တုတ်မေ့သွားသလား ထင်မိသည်။

ဘုရားစာတွေလား၊ နှုတ်မှ ထွက်လာရာတွေ ရွတ်ပြီး သတိရရချင်း ထပြေးလာလိုက်တာ ရွာအရောက်ပါပဲ။

ရွာထဲရောက်လျှင်ပဲ ဖွားလှိုင်ပု တစ်ယောက် ဘာတွေဖြစ်လာတယ် ပေါ့။ ရွာထဲက လူတွေ ပြောသံကြားတော့ စာရေးသူနှင့် အမေလည်း ဖွားလှိုင်ပုအိမ်သို့ သုတ်ချီတင်လာခဲ့ကြသည်။

ဖွားလှိုင်ပု အိမ်ရောက်တော့ ကြောက်အားပိုပြီး ကြောင်တောင်တောင်ဖြစ်နေသည့် ဖွားလှိုင်ပုကို ရွာထဲက လူကြီးတွေ ဝိုင်းပြုစုပေးနေကြသည်။ ပဌာန်းရေ၊ ပရိတ်ရေတွေနှင့် ပက်ဖျန်းပေးနေတာလည်း တွေ့ရပါသည်။

ဖွားလှိုင်ပုတစ်ယောက် စိတ်တည်ငြိမ်ပြီး ပုံမှန်ဖြစ်လာမှ ဖြစ်ကြောင်းကုန်စင် ပြောပြထားကတော့...

'ငါ ခနိုတောထဲမှာ ပျင်းပျင်းရှိလာတာနဲ့ သီချင်းတအေးအေးနဲ့ ကဏန်းလိုက်ရှာနေ





www.burmeseclassic.com

www.burmeseclassic.com



နေလင်းကျော်
(ထူးကြီး)

အောင်ဆန်းသူရိယ, သူရ, ဘီဂျီအမ်

# ဗိုလ်ကြီးတိုက်ချွန်း

ကြုံခဲ့ရသော စိတ်ဝင်စားဖွယ်

# ဂမ္ဘီရဖြစ်ရပ်များ

ဗိုလ်ကြီး အောင်ဆန်းသူရိယ တိုက်ချွန်းဟု ဆိုလိုက်သည်နှင့် စာရှုသူ အတော်များများ ရင်းနှီးပြီး နားယဉ်ပြီး ဖြစ်ပါလိမ့်မည်။ ဗိုလ်ကြီးတိုက်ချွန်း၏ အတ္တုပ္ပတ္တိမှ စိတ်ဝင်စားဖွယ်ရာ ဂမ္ဘီရ ဖြစ်ရပ်အချို့ကို ထုတ်နုတ်တင်ပြလိုက်ရပါသည်။

ချင်းတိုင်းရင်းသားတစ်ဦး ဖြစ်သော ဗိုလ်ကြီးတိုက်ချွန်းကို အဖ ဦးထန်ရေးနှင့်အမိဒေါ်နိုင်အိုက်တို့မှ **၁၉၂၃ ခုနှစ်၏ ဆောင်းရာသီဥတုဝယ် ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ထွီဗန်ရွာတွင်** ဖွားမြင်ခဲ့ပါသည်။

သာမန် ချင်းတိုင်းရင်းသား တောင်ပေါ်သား ကျေးတောသား ကလေးဘဝမှ နိုင်ငံတော်၏ သူရသတ္တိဆိုင်ရာ စွမ်းရည်အတွက် အမြင့်ဆုံး ချီးမြှင့်သည့် ဘွဲ့တံဆိပ်၊ သူရသတ္တိဆိုင်ရာ တတိယအမြင့်ဆုံး ဘွဲ့တံဆိပ် နှင့် အင်္ဂလိပ်အစိုးရက ချီးမြှင့်သော

www.burmeseclassic.com

မြန်မာနိုင်ငံ စစ်မှုထမ်းကောင်းတံဆိပ် **ဘီဂျီအမ်(Burmar Gallantry Medal)** တို့ကို ချီးမြှင့်ခြင်း ခံရလောက်အောင်ပင် စွမ်းစွမ်းတမံ စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်ခဲ့သော ပြန်တမ်းဝင်အရာရှိ ဗိုလ်ကြီးတိုက်ချွန်း၏ အတ္ထုပ္ပတ္တိ ဇာတ်ကြောင်းသည် ရသကိုးပါး စုံလင်စွာနှင့် စိတ်ကူးယဉ်ထက် ဆန်းကြယ်ကာ စိတ်ဝင်စားဖွယ်ရာတို့ အတိပြီးလျက် ရှိပါ၏။

ဗိုလ်ကြီးတိုက်ချွန်းသည် ချင်းစာလေးတန်းသာ အောင်မြင်ခဲ့ပြီး မြန်မာစာကို နောင်မှ ကြိုးစား၍ သင်ယူခဲ့ရပါသည်။ စစ်တပ်ထဲသို့ မဝင်မီ ကူလီခေါင်း၊ မာလီ၊ ဈေးကျုံးကုလား၏ နောက်လိုက် စသဖြင့် စုံလင်စွာ လုပ်ကိုင်ခဲ့ရ၏။

၁၉၄၀ ပြည့်နှစ် ဒုတိယကမ္ဘာစစ်မီးကြီး အစပျိုးချိန်ဝယ် အင်္ဂလိပ်စစ်တပ်သို့ ဝင်ခဲ့၏။ အင်္ဂလိပ်စစ်တပ်တွင် ဘင်ခရာတပ်ဖွဲ့တပ်သား၊ ထမင်းချက်တပ်သား...ထိုမှသည် အိန္ဒိယသို့ အင်္ဂလိပ်စစ်တပ် ဆုတ်ခွာရာတွင် လိုက်ပါပြီး စစ်အတွင်း၌ အင်္ဂလိပ်သူလျှို လေထီးတပ်သားအဖြစ် မြန်မာနိုင်ငံအတွင်းသို့ ဂလိုက်ဒါဖြင့် တစ်ကြိမ်၊ လေထီးဖြင့်နှစ်ကြိမ် ဆင်းကာ ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့လေသည်။

ထိုအတွက် အင်္ဂလိပ်အစိုးရက စစ်ပြီးချိန်တွင် အမှုထမ်းကောင်းတံဆိပ် ဘီဂျီအမ်ကို ချီးမြှင့်ခဲ့၏။

ထို့နောက် ဗမာ့တပ်မတော် ချင်းသေနတ်ကိုင်တပ်ရင်း(၁)တွင် ဆက်လက်ထမ်းဆောင်ပြီး ပြည်တွင်းသောင်းကျန်းမှုများ နှိမ်နင်းရာ တိုက်ပွဲများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့် **၁၉၄၉ ခုနှစ် လွတ်လပ်ရေး နှစ်ပတ်လည်နေ့တွင် "သူရ" ဘွဲ့**ကိုလည်းကောင်း၊ **၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလထဲတွင် သူရသတ္တိစွမ်းရည် ထူးချွန်ခြင်းအတွက် "အောင်ဆန်းသူရိယ"ဘွဲ့**ကို လည်းကောင်း နိုင်ငံတော်သမ္မတကြီးမှ ချီးမြှင့်ခြင်းခံရသည်။

ဖြစ်စဉ်အကျဉ်းချုပ်ကို စာဖြင့် ရေးသားဖော်ပြရာတွင် စာတစ်ကြောင်း၊ နှစ်ကြောင်း၊ စာပိုဒ်တစ်ပိုဒ်မျှဖြင့် ချုံ့သွားမည် ဖြစ်သော်လည်း တကယ့်လက်တွေ့ဘဝတွင်ကား အခက်အခဲမျိုးစုံ အသက်ကို ဆံဖျား၌ထား၍ ရင်းရသော တိုက်ပွဲပေါင်း မြောက်မြားစွာကို ဗိုလ်ကြီးတိုက်ချွန်း ရင်ဆိုင်ဖြတ်ကျော်ခဲ့ရခြင်း ဖြစ်ပါသည်။

ထူးခြားသည်မှာ သေမင်းနှုတ်ခမ်းဝ တိုက်ပွဲပေါင်းများစွာ အနှစ် နှစ်ဆယ်ခန့် တိုက်ပွဲဝင်ခဲ့ရသော်လည်း ဒဏ်ရာတစ်ချက်မှ မရခဲ့ဘဲ ဆိုင်ကယ်သင်တန်းပေးရာတွင် ဆိုင်ကယ်မှောက်၍ နဖူးတွင် အမာရွတ်တစ်ခု ရခဲ့ခြင်းနှင့်... စစ်တပ်မှ အငြိမ်းစားယူပြီး တောဝက်ပစ်ရာတွင် တောဝက်နှင့် နပန်းလုံးရ၍ အူအခွေလိုက်ထွက်ကျကာ ဒဏ်ရာ(၁၂)ချက်ခန့် ရခဲ့ခြင်းပင် ဖြစ်ပါသည်။

ဆိုင်ကယ်မှောက်ရာတွင် အသက်ရှူ ရပ်သွား၍ သေပြီဟု သတ်မှတ်ကာ ရင်ခွဲရုံအတွင်း ထည့်ထားရာမှ ရင်ခွဲရုံတံခါးကို ခေါက်ပြီး ပြန်ထွက်လာခဲ့ရသူဖြစ်ပါ၏။

ဗိုလ်ကြီးတိုက်ချွန်းသည် အောင်ဆန်းသူရိယဘွဲ့ပိုင်ရှင် (၆)ဦး ရှိသည့်အနက် တစ်ဦးတည်းသော အသက်ရှင် ကျန်ရစ်သူ ဖြစ်သဖြင့် မိမိ၏ အတ္ထုပ္ပတ္တိကို ပြန်လည် ပြောပြနိုင်ခဲ့ပါသည်။

လူသားတို့၏ ဘဝခရီးဝယ် တစ်ချိန်တစ်ကွေ့တွင်တော့ ဂမ္ဘီရဆန်သော ဖြစ်ရပ်တစ်ခုခုနှင့် ကြုံတွေ့ဖူးကြလိမ့်မည်သာ ဖြစ်ပါသည်။ ဗိုလ်ကြီး တိုက်ချွန်း၏ ဘဝဖြစ်စဉ်တွင်လည်း အဲဒီဆန်းကြယ်သော ဖြစ်ရပ်ကလေးများကို သတိပြုမိခဲ့ရပါ၏။

ဗိုလ်ကြီးတိုက်ချွန်း၏ စစ်သားဘဝအစသည်ပင် ဂမ္ဘီရနယ်နိမိတ်ကလေးနှင့် စ,ခဲ့ရသည်ဟုပင် ဆိုချင်တော့သည်။

၁၉၄၀ ပြည့်နှစ်တွင် မောင်တိုက်ချွန်းကလေးနှင့် သူ၏ ချင်းတိုင်းရင်းသားအဖော်(၃၅)ယောက်တို့သည် ဖလမ်းမြို့မှ ကလေးမြို့သို့ ခြေကျင်ခရီး ချီတက်ခဲ့ကြလေ၏။

အင်္ဂလိပ်စစ်တပ်ထဲသို့ ဝင်ရန် တပ်ကြပ်ကြီးတစ်ဦးနှင့်အတူ သွားကြခြင်း ဖြစ်ပါသည်။ ထိုခဏတွင် လမ်းနှင့် မလှမ်းမကမ်း၌ အမြီးရှည်ရှည် အရောင်နီညိုညိုနှင့် ငှက်ကလေးတစ်ကောင်ကို တွေ့ကြလျှင် လူအုပ်ထဲမှ အချို့က ငှက်ကလေးကို ခဲဖြင့် ပစ်ကြ၏။ တစ်ယောက်မှ မထိချေ။

ဤတွင် "**စွမ်ခမ်း**"ဟု ခေါ်သော ချင်းတိုင်းရင်းသားတစ်ဦးက မြှောက်ပေး၏။

'ဟော့...တိုက်ချွန်း မင်း အဲဒီငှက်ကို ခဲနဲ့ မှန်အောင် ပစ်နိုင်ပါ့မလား။ မှန်ရင် မင်း တစ်နေ့ စစ်ဗိုလ် ဖြစ်လိမ့်မယ်'

ထိုအခါ မောင်တိုက်ချွန်းကလေးလည်း မနေသာတဲ့ ခဲတစ်လုံး ကောက်ယူကာ လက်ကို တအားလှည့်၍ ငှက်ကလေးကို ပစ်လိုက်လေသည်။

အရှိန်ပြင်းပြင်း ထိမှန်သွားသော ခဲဒဏ်ကြောင့် ငှက်ကလေး ပြုတ်ကျသွားသောအခါ ချင်းတိုင်းရင်းသားတွေက မောင်တိုက်ချွန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ် ကောင်းချီးပေးကြ၏။ စွမ်းခမ်းက...

'ကောင်းတယ်...ကောင်း တယ် မင်းစစ်ဗိုလ်ဖြစ်လိမ့်မယ်ကွ'

ဟု အလကားပဲတင်း ဖေဒင်ဟောခဲ့လေသည်။

သည်တုန်းက မောင်တိုက်ချွန်း ကလေး စစ်သားပင် မဖြစ်သေး။ ပညာအရည်အချင်းဟူ၍လည်း အားရကျေနပ်စရာ မရှိသေး။ အနာဂတ်ရည်မှန်းချက်လည်း ကြီးကြီးမားမား မထားသေးသော အချိန်ပင်။

ယခုတွင်တော့ ထိုတိုက်ဆိုင်မှုသည် ယုံချင်ယုံ မယုံချင်နေ ထူးထွေသည့် အံ့ရာသော် ဖြစ်သွားခဲ့ပါပြီ။

နောက်... ဖြစ်ရပ်တစ်ခုကတော့ တောင်ငူခရိုင်၊ ထန်းတပင်မြို့အနီး ဇရပ်ကြီးရွာ တိုက်ပွဲတွင် ဖြစ်ပါ၏။ ကေအင်ဒီအိုတို့နှင့် တိုက်ရခြင်း ဖြစ်ပါသည်။

ကေအင်ဒီအိုတို့ အရေးမလှ၍ ဆုတ်ခွာသွားချိန်ဝယ် ယင်းတို့ဘက်မှ တပ်သား အဘိုးကြီးတစ်ယောက်က တစ်စခန်း ထလေ၏။ အဘိုးကြီးသည် အင်္ကျီတုံးလုံးနှင့် ပုဆိုးခါးတောင်းကျိုက်ထား၏။ ဆေးမင်ကြောင်တွေကလည်း တစ်ကိုယ်လုံးမှာ မည်းမည်း လှုပ်နေ၏။

ဗိုလ်ကြီးတိုက်ချွန်းတို့ဘက်မှ ပါလာသော အရပ်သားများကို အဘိုးကြီးက ဓားရှည်ကြီးဖြင့် ဝင်ခုတ်လေရာ လျင်မြန်လွန်းသဖြင့် အရပ်သားသုံးဦး ဓားချက်ထိကာ အရပ်ကြီးပြတ် လဲကျသွား၏။

ဗိုလ်ကြီးတိုက်ချွန်းလည်း စောစောက တဒိုင်းဒိုင်း ပစ်နေခဲ့သော ဘရင်းဂန်းဖြင့် အဘိုးကြီးကို လှမ်းပစ်၏။ အံ့သြစရာ ကျည်မထွက်လာပါချေ။ အဘိုးကြီးမှာ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပင် ပြီး၍ နေရော့သလား။

နောက်ဆုံးမှ ဗိုလ်ကြီးတိုက်ချွန်းလည်း ကြားဖူးနားဝ သတိရသဖြင့် **ဒူးထောက်ထိုင်၍ ဖနောင့်တစ်ဖက်ကို စအိုဝတွင် ဖိတ်ကာ ပစ်လိုက်သောအခါမှ** ကျည်ဆန်ထွက်သွားပြီး အဘိုးကြီး လဲကျသွားတော့၏။ ဒါတောင် မသေသေး၍ အရပ်သားတွေက သူ့ဓားနှင့် သူ့ကို ပြန်ခုတ်ရသေးသည်ဟု ဆိုပါ၏။

နောက်ထပ် စိတ်ဝင်စားဖွယ် တစ်ခုကတော့ ဗိုလ်ကြီးတိုက်ချွန်းနှင့် သူ့သူငယ်ချင်း စစ်ဗိုလ်တစ်ဦး ကြုံတွေ့ခဲ့ရသည့် **"ဆရာစန္ဒြ" ၏ အံ့သြစရာ လက္ခဏာပညာ** အစွမ်းဖြစ်ပါ၏။

၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလလောက်ဆီက ဗိုလ်ကြီးတိုက်ချွန်းသည် သူ့သူငယ်ချင်း ဗိုလ်ကြီးစောဦး ဆိုသူနှင့် အတူ ထိုစဉ်က လက္ခဏာဟောရာတွင် နာမည်ကြီးနေပြီဖြစ်သော ဆရာစန္ဒြထံသို့ လက္ခဏာ သွားကြည့်ဖြစ်ခဲ့ပါ၏။

ထိုအချိန်တွင် သူတို့နှစ်ယောက်စလုံး အိမ်ထောင်မရှိကြသေး။ သူတို့သည် အရပ်ဝတ် အရပ်စားနှင့် သွားကြခြင်းဖြစ်၏။ ဆရာစန္ဒြနှင့် တွေ့တော့ ဆရာက...

'ခင်ဗျားတို့ ဘာအလုပ် လုပ်ကြသလဲ'

ဟု မေး၏။ ဗိုလ်ကြီးစောဦးက...

'အရောင်းအဝယ် လုပ်ပါတယ်။ ကုန်သည်တွေပါပဲ'

ဟု ဖြေ၏။ သို့ရာတွင် ဗိုလ်ကြီးစောဦး၏ လက္ခဏာကို ပြလိုက်သောအခါ ဆရာက လှလှပပ ပြုံးပါတော့၏။

'ခင်ဗျားတို့က ကျွန်တော့်ကို ပညာစမ်းကြတယ်ထင်တယ်၊ ပြောသလို မဟုတ်ဘဲ ခင်ဗျားရဲ့လက္ခဏာက စစ်ဗိုလ်ဖြစ်ကြောင်း ပြနေတယ်၊ ငြင်းဦးမလား... ကုန်သည်ဆိုတာ အမှန်ပဲလား'

သူတို့နှစ်ယောက်စလုံး ဝန်ခံကြရ၏။ ဆရာစန္ဒြလည်း ကျေကျေနပ်နပ်ပင် ဗိုလ်ကြီးစောဦးကို လက္ခဏာ ဆက်ဟောလေ၏။

ဟောကိန်းများကား... ဗိုလ်ကြီးစောဦးသည် မကြာမီ လက်ထပ်ရလိမ့်မည်။ လက်ထပ်မည့် အမျိုးသမီးမှာ အထက်တန်းကျကျ ပညာတတ် အမျိုးသမီးဖြစ်မည်။

သို့သော် လက်ထပ်ပြီး (၇)ရက်အကြာတွင် ထိုအမျိုးသမီး ရေနစ်၍ သေဆုံးလိမ့်မည်။

နောက်... ဗိုလ်ကြီးစောဦးသည် အထက်အစိုးရက မသင်္ကာမှုဖြင့် အရေးယူ ဖမ်းဆီးခြင်းကို ခံရလိမ့်မည်။ သို့သော် ကိစ္စမရှိ မကြာမီ ပြေလည်ပြီး အမှန်တရား ပေါ်လာမည်။

ထို့နောက် မိမိ၏ တည်းအိမ်မှ အထက်တန်းကျသော ပုဂ္ဂိုလ်တစ်ဦး၏ သမီးနှင့် လက်ထပ်ပြီး သားသမီး (၃)ယောက် ရလိမ့်မည်။

တတိယသမီး ဖွားပြီးသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးစောဦးသည် တိုက်ပွဲတွင် သေနတ်မှန်ပြီး ကျဆုံးလိမ့်မည်ဟူ၍ ဖြစ်လေသည်။

ဟောကိန်းမှာ နှလုံးတုန်စရာ ဖြစ်ပါ၏။ ဗိုလ်ကြီးစောဦးက အပြုံးမပျက်...

'ဟောသာ ဟောဆရာ၊ မြင့်ရာကို အားမနာတမ်း ဟောပါ။ ဒါတွေကို သိချင်လို့ လာမေးတာပါ'

ဟုသာ ပြောလေ၏။

ဗိုလ်ကြီးတိုက်ချွန်းအလှည့် ရောက်တော့...

'ခင်ဗျားက စစ်တိုက်တာနဲ့ အကျိုးပေးလိမ့်မယ်။ အခု ရပ်ရွာအေးသကို ပြန်ဖို့ စီစဉ်နေတယ်။ ပြန်မယ်ဆိုတာ မိန်းမယူဖို့ မဟုတ်လား။ မိန်းမယူရာမှာ ခင်ဗျား မှန်းထားတဲ့ မိန်းမ မရဘူး။ မမျှော်လင့်တဲ့ မိန်းမနဲ့ ရလိမ့်မယ်။

ခင်ဗျား ခုရမယ့် မိန်းမတစ်ဦးတည်းနဲ့ ကိစ္စပြီးမှာ မဟုတ်ဘူး။ နောက်ထပ် မိန်းမ တစ်ယောက်ကို ထပ်ရလိမ့်ဦးမယ်။ ဒီမိန်းမ က အရှေ့ဘက် ရှမ်းပြည်နယ်က ဖြစ်လိမ့်မယ်။

ပထမ မိန်းမရပြီး နှစ်,နှစ်အကြာမှာ ပထမ ဇနီးက စနေသား ယောကျ်ားကလေး ဖွားလိမ့်မယ်။ အခု ခင်ဗျား ချင်းတောင်ကို ပြန်ရင် အဲ့ယပ်ထွက်လိမ့်ဦးမယ်။ အဲ့ယပ်တဲ့အခါ အထီးတွေချည်းပဲ ရလိမ့်မယ်။

ခင်ဗျား တစ်သက်မှာ အသက်အန္တရာယ် ကြီးကြီးမားမား အမြဲတမ်း တွေ့မယ်။ ဒါပေမယ့် သေတော့ မသေဘူး။ သေလု မြောပါး အန္တရာယ်သုံးခါ တွေ့မယ်။ အသက် ငယ်ငယ်နဲ့ စစ်တပ်က အနားယူပြီး ရပ်ကွက်မှာ လူကြီး လုပ်ရလိမ့်ဦးမယ်'

သူ မှတ်မိသမျှ ဟောကိန်းကတော့ ဤမျှသာ ဖြစ်ပါသည်။ ဗိုလ်ကြီး တိုက်ချွန်းသည် ထိုအချိန်က ချင်းတောင်သို့ ခွင့်ဖြင့် ပြန်ရန် ကြိုးစားနေပြီး မိန်းမယူဖို့လည်း စဉ်းစားထားချိန် ဖြစ်၍ ဟောကိန်း အစပိုင်းများမှာ ပွဲဦးထွက် မှန်နေလေ၏။

ဗိုလ်ကြီးစောဦးသည်ကား ဟောကိန်းအတိုင်းပင် တစ်သဝေမတိမ်း ဖြစ်ပျက်ခဲ့ပါတော့သည်။

ဗိုလ်ကြီးစောဦးသည် ပခုက္ကူမှ ပညာတတ် အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့၏။ သူ့ဇနီးသည် အထက်တန်းပြဆရာမတစ်ဦး ဖြစ်ပါ၏။

လက်ထပ်ပြီး ရက်သတ္တပတ် အကြာတွင် ပခုက္ကူမြို့ဆိပ်ကမ်း၌ လင်မယားနှစ်ယောက် ရေချိုးကြ၏။ အမျိုးသမီးမှာ ရေဝဲထဲသို့ မျောပါသွားပြီး ရေနစ်၍ သေဆုံးရရှာသည်။

ဗိုလ်ကြီးစောဦးမှာ ရူးမတတ် ခံစား၍ ကျန်ခဲ့ရရှာလေသည်။ ဗိုလ်ကြီးစောဦးသည် လက်ထပ်ရန် အညာသို့ ပြန်စဉ်က သူ့ပိုင် သေတ္တာတစ်လုံးကို ရန်ကုန်မြို့၊ မြေနီကုန်းရှိ သူ့အဒေါ် အိမ်မှာ သိမ်းထားခဲ့၏။

အကြောင်းတစ်ခုကြောင့် မြေနီကုန်း ရပ်ကွက်တွင် သက်ဆိုင်ရာက ဝင်ရောက်ရှာဖွေစဉ် ဗိုလ်ကြီးစောဦး၏ သေတ္တာကို ဖွင့်ကြ၏။

သူ့သေတ္တာထဲမှ ရိုင်ဖယ်ကျည်ဆန် အချို့ကို တွေ့ရ၏။ ဤကိစ္စအတွက် သက်ဆိုင်ရာက အိမ်ရှင်ကို အရေးယူတော့ ဗိုလ်ကြီးစောဦး၏ သေတ္တာပါဟု အိမ်ရှင်က ပြော၏။

ဗိုလ်ကြီးစောဦးလည်း လက်နက်မှု ဖြင့် အရေးယူ ဖမ်းဆီးခံရ၏။ တပ်မြေ ပြင်ပတွင် ရိုင်ဖယ်ကျည်ဆန် တွေ့ရ ခြင်းသည် ဗိုလ်ကြီးစောဦးကို မသက်ာ ဖွယ်ဖြစ်၏။

သက်ဆိုင်ရာက တရားစွဲဆိုသည်။ ထိုအမှုအတွက် ဗိုလ်ကြီးစောဦးမှာ အတော်ရှင်းလင်းခဲ့ရ၏။

နောက်တော့ ဗိုလ်ကြီးစောဦးသည် ချင်းရေးရာဝန်ကြီးဟောင်း တစ်ဦး၏ သမီးနှင့် လက်ထပ်ခဲ့၏။ သားသမီး (၃)ယောက် ရပြီးသောအခါတွင် မြစ်ဝ ကျွန်းပေါ် တစ်နေရာ၌ ဗိုလ်ကြီးစောဦး ကျဆုံးခဲ့ရှာသည်။

သင်္ဘောဖြင့် သွားနေစဉ် မြစ်ကမ်း ဘေးမှ ချောင်းမြောင်းပစ်ခတ်ခြင်း ခံရသဖြင့် ခေါင်းမှာ ကျည်ဆန်မှန်၍ ကျဆုံးရခြင်း ဖြစ်၏။

သွေးထွက်အောင် မှန်သည်ဟု ဆိုရပါတော့မည်။ ဗိုလ်ကြီးတိုက်ချွန်း အတွက် ဟောကိန်းများမှာလည်း ရာနှုန်းပြည့်နီးပါး မှန်ကန်ခဲ့လေသည်။

**၁၉၅၂ ခုနှစ်တွင်** ဗိုလ်ကြီး တိုက်ချွန်း ခွင့်(၃)လ ရခဲ့၏။ မိန်းမယူ ရန် ကြံရွယ်ချက်ဖြင့် ဘဏ်မှ စုဆောင်း ထားသော ငွေခြောက်ထောင်ကျပ်ကို ထုတ်၍ ချင်းတို့ရိုးရာထုံးစံ "**မောင်း**" **ဖြင့် တင်တောင်းရန်** တစ်ထွာမောင်း, နှစ်ထွာမောင်း, သုံးထွာမောင်း စသည့် ကြေးမောင်း ဆိုက်စုံ(၁၀)လုံးကို ရွှေတိဂုံဘုရားစောင်းတန်းမှ ဝယ်ယူခဲ့ သည်။

ချင်းပြည်နယ် ကျောက်ထု လေယာဉ်ကွင်းမှသည် မတူပီ၊ မတူပီ မှသည် လွိုင်ဗန်ရွာ၊ လွိုင်ဗန်ရွာမှသည် ဗွေရင်းရွာသို့ ချင်းတောင်တက်ခရီးကို ခြေကျင်တစ်လှည့်၊ ကုန်းကြောင်း တစ်လှည့်ဖြင့် ကြေးမောင်း(၁၀)လုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com

လက်ဆောင်ပစ္စည်းများ သယ်ပိုးကာ မမောစတမ်း ချီတက်ခဲ့ရ၏။

ရည်ရွယ်ထားသူကလည်း ရှိပြီးသား။ ၁၉၄၇ ခုနှစ် ယခင်တစ်ခေါက် ချင်းတောင်သို့ ပြန်ခဲ့စဉ်က တွေ့ခဲ့သော ဆွေမျိုးနီးစပ် ဘကြီးတစ်ဦး၏သမီး အပျိုဖော်မဝင်တဝင် ချင်းတိုင်းရင်းသူ ချောချောကလေးကို သူ မျက်စိကျခဲ့သည် မဟုတ်ပါလား။

သို့ရာတွင် ရွာရောက်တော့ ထိုကလေးမ အိမ်ထောင်ကျသွားပြီဟု သိလိုက်ရ၏။ ရည်ရွယ်သူနှင့် လွဲခဲ့ရပါပြီ။ ခဲလေသမျှ သဲရေကျ။ သို့သော် အရှုံးတော့မပေး။ သူ့မိခင်၏ စပ်ဟပ်ပေးမှုကြောင့် မမျှော်လင့်သော မိန်းကလေးတစ်ဦးနှင့် အကြောင်းပါခဲ့ရလေ၏။

ထိုမိန်းကလေးနှင့် အိမ်ထောင်မပြုမီ ဗိုလ်ကြီးတိုက်ချွန်း ဆင်ပစ်သွားခဲ့သည့် အတွေ့အကြုံသည်လည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ ရွှေတိဂုံဘုရား စောင်းတန်းသို့ မောင်းဝယ်သွားစဉ်က ဆင်စွယ်ပန်းပုရုပ်များ ဈေးကြီးလှသည်ကို သူ တွေ့ခဲ့ရ၏။

ဆင်စွယ်ရလျှင် ဝယ်မလားဟု မေးခဲ့ရာ ဈေးကောင်းပေးပါမည် ဆိုသော စကားအရ ဆင်စွယ်အလို့ငှာ ဗိုလ်ကြီးတိုက်ချွန်း ရွာခံမုဆိုးများနှင့် ဆင်ပစ်ထွက်ခဲ့ခြင်း ဖြစ်ပါသည်။

တောဆင်အုပ်ကို တွေ့လျှင် လေအောက်မှနေ၍ ရွာခံမုဆိုးများက သစ်ပင်ထက်တွင် တောင့်ကပ်ပျော့ဖက်များ ဝှေ့ယမ်းပြကြသည် ဆိုပါသည်။ ထိုအခါ ဆင်များက သူတို့အဖော်တွေ ကစားနေသည်ထင်ပြီး အနားကပ်လာတွင် ဗိုလ်ကြီးတိုက်ချွန်း အပိုင်ပစ်လေရာ ဆင်ထီးနှစ်ကောင်ထံမှ ဆင်စွယ် ပိဿာ(၇၀)ခန့် ရရှိခဲ့လေ



သည်။

ဆင်စွယ် တစ်ပိဿာလျှင် ငွေ(၈၀)ကျပ်ခန့် ဈေးဖြင့် ရောင်းရာ ဗိုလ်ကြီးတိုက်ချွန်း ငွေ(၆၀၀၀)ကျပ် ကျော်လောက် သုံးရသည် ဆိုပါ၏။

ထိုအချိန်က ဂျစ်ကားတစ်စီးမှ ငွေ(၃၀၀၀)ကျပ် ကျော်လောက်သာ ပေးရသည့်ခေတ် ဖြစ်လေသည်။

ဆင်ကြီးကို ပစ်၍ရသော ညက ဆင်မုဆိုးက ပြောသည်။

'ဒီည… ဆင်တစ္ဆေ လာလိမ့်မယ်။ မကြောက်နဲ့'

ဗိုလ်ကြီးတိုက်ချွန်းက…

'ကြုံကြုံဖန်ဖန်ဗျာ… ဘယ်က ဆင်တစ္ဆေ လာရမှာလဲ မဟုတ်တာ'

ဟု ဆိုရာ မုဆိုးက…

'ဟင်း…ယုံရင် စောင့်ကြည့်ပေါ့ကွာ ဆင်သေပြီးတဲ့ညတိုင်း ဖြစ်နေကျ။ ညကျရင် မင်းကြုံရလိမ့်မယ်'

ဟု ဆို၏။ ထိုညက လ အတော်သာပြီး ရာသီဥတု ကြည်ကြည်လင်လင် ဝင်းဝင်းပပနှင့် အတော်ကြည်နူးစရာ ကောင်းသည် ဆိုပါသည်။

ညဉ့်သန်းခေါင်ကျော်တော့ အဝေးမှ ဆင်အော်သံကြီး ကြားရပြီး လေတွေ တရကြမ်း တိုက်လာသည်။ သစ်ပင်တွေ၊သစ်ကိုင်းတွေ တဖြောင်းဖြောင်း ကျိုးပဲ့ကုန်သည်။ (၁၅)မိနစ်ခန့် ကြာတော့မှ လေငြိမ်သွား၏။

ထိုအခါ မုဆိုးက…

'ကဲ…ငါမပြောဘူးလား'

ဟု ဆို၏။ အံ့ဩစရာပါပေ။

ဗိုလ်ကြီးတိုက်ချွန်းအတွက် ဆရာစန္ဒြ၏ ဟောကိန်းများသည် ရာနိုင်နှုန်း အတော်များများ ဆက်လက်မှန်ကန်ခဲ့ပါသည်။

**"မိန်းမတစ်ဦးတည်းနဲ့ ကိစ္စပြီးမှာ မဟုတ်ဘူး။ နောက်ထပ် မိန်းမ တစ်ယောက်ကို ထပ်ရလိမ့်ဦးမယ်။ အရှေ့ဘက်ရှမ်းပြည်နယ်ကဖြစ်လိမ့်မယ်"**ဟု ဆိုသည့်အတိုင်းပင် ရှမ်းတိုင်းရင်းသူတစ်ဦးနှင့် မေတ္တာမျှ၍ ထပ်မံ တောင်းရမ်း လက်ဆက်ခဲ့လေသည်။

ချင်းတိုင်းရင်းသားတို့ ဓလေ့ထုံးစံ ကွေးမွေးနိုင်လျှင် မိန်းတစ်ယောက် ထက်ပို၍ ယူခွင့်ရှိသည် ဆိုသည်ကို။ ပထမဇနီးမှ သားဦးယောကျ်ားလေး မွေးလိမ့်မည် ဆိုသည်လည်း မှန်ပါ၏။

စနေသား ဖြစ်၊မဖြစ်တော့ မသိရပါချေ။ သူ့တစ်သက်တွင် အန္တရာယ်ကြီးကြီးမားမား အမြဲတမ်း တွေ့ရမည်။ သို့ပေမယ့် မသေနိုင်ဘူး ဆိုသည်မှာလည်း ဗိုလ်ကြီးတိုက်ချွန်း၏ တိုက်ပွဲများ၊ စွန့်စားခန်းများက သက်သေပဲ ဖြစ်ပါ၏။

အသက်ငယ်ငယ်နှင့် စစ်တပ်က အနားယူလိမ့်မည် ဆိုသည့်အတိုင်းပင် ၁၉၆၂ ခုနှစ် အသက်(၃၇)နှစ် အရွယ်တွင် စစ်တပ်မှ အငြိမ်းစားယူခဲ့ပါသည်။

ရပ်ကွက်မှာ 'လူကြီးလုပ်ရလိမ့်ဦးမည်'ဟူသော ဟောကိန်းနှင့် ပတ်သက်၍လည်း ဗိုလ်ကြီးတိုက်ချွန်းသည်

www.burmeseclassic.com

၁၉၇၇ ခုနှစ်တွင် ချင်းပြည်နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ မတူပီမြို့နယ် လုပ်ငန်းစစ်ရေးဥက္ကဋ္ဌ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ရပြန်ပါသည်။

ဆရာစန္ဒြ၏ ဟောကိန်းသည် တစ်ချက်တွင်သာ မှားခဲ့လေ၏။ ၁၉၇၇ ခုနှစ်တွင် ဗိုလ်ကြီးတိုက်ချွန်းနှင့် ဆရာကြီး တက္ကသိုလ်စိန်တင်တို့အား ဆရာစန္ဒြမှ ထမင်းစားဖိတ်၍ ညှို့ခံကျွေးမွေးခဲ့ပါသည်။ ကြုံကြိုက်တုန်း ဗိုလ်ကြီးတိုက်ချွန်း၏ လက်ကို ကြည့်၍ ဆရာစန္ဒြက လက္ခဏာဟော လိုက်၏။

'ဗိုလ်ကြီးက အသက်ကြီးလေ အောင်မြင်မှုရလေပဲ။ အသက် (၈၅)နှစ်ကျော်အထိ နေရမယ်'

ဟု ဆိုလိုက်ရာ ဗိုလ်ကြီးတိုက်ချွန်းက...

'ဆရာရယ်... ယကြာရှေလို့ရရင် ချေပေးပါဗျာ။ ကျွန်တော် အဲဒီလောက် အသက်ရှည်ရှည် မနေချင်ဘူး'

ဟု ပြက်လုံး ထုတ်ခဲ့ပါလေ၏။

သူ့ဆန္ဒ ပြည့်ခဲ့သည်ဟုပင် ဆိုရမလား။

ဇနီးနှစ်ဦးဖြစ်သော ဒေါ်ချင်းနှင့် ဒေါ်ရှမ်းတို့ တစ်ဦးစီမှ သားသမီး ခုနစ်ယောက်စီ အညီအမျှ ဖွားမြင်ထားကြသဖြင့် သားသမီး တစ်ဆယ့်လေးယောက်တို့၏ဖခင် မြန်မာ့သူရဲကောင်း ဗိုလ်ကြီးတိုက်ချွန်းသည် **(၁၈–၂–၈၈)ရက်နေ့ အသက်(၆၅) နှစ်အရွယ်တွင် အစာအိမ်ကင်ဆာရောဂါဖြင့် ရန်ကုန်မြို့ အမှတ်(၂) တပ်မတော် ဆေးရုံကြီးပေါ်ဝယ်** ကွယ်လွန်ခဲ့ရပါသတည်း။

လူပင် သေခဲ့သော်ငြား ဗိုလ်ကြီးတိုက်ချွန်း၏ အမည်ကတော့ မြန်မာ့သမိုင်းဂုဏ်ရောင်တွင် အစဉ်ထွန်းပြောင်၍ နေလိမ့်မည်သာ ဖြစ်ပါ၏။

**[ဤစာစုဖြင့် အောင်ဆန်းသူရိယ, သူရ,ဘီကျိအမ် ဗိုလ်ကြီးတိုက်ချွန်းအား ဂါရဝပြုအပ်ပါသည်။]**

**နေလင်းကျော်(ထူးကြီး)**

စာကိုး

**ဆရာကြီး တက္ကသိုလ်စိန်တင်၏ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း သတ္တမအကြိမ် နိုင်ခြင်း(၂၀၀၃ ခုနှစ်၊ ဩဂုတ်လ)**

## စာမျက်နှာ (၂၉၈)မှ အဆက်

တဲ့အချိန်မှာ ဝိုးအနောက်က လူတစ်ယောက်ယောက် လိုက်လာသလို ခုန်ပေါက်နေသလို ရှုံ့ဖွက်သံတွေကြားလို့ လှည့်ကြည့်လိုက်တော့ အငြိမ့်မင်းသမီးဝတ်စုံနဲ့ မိန်းကလေးတစ်ယောက် ဝိုးကို က,ပြနေတယ်။ အဝါရောင်မင်းသမီးဝတ်စုံနဲ့ပဲ။ ကပြတာမှ တကယ့်မင်းသမီးအတိုင်းပဲ။ ငါလဲ အံ့ဩ မှင်တက်ပြီး ထိုင်ချလိုက်မိတယ်။ ပြီးမှ သတိရပြီး ထပြေးလာ ဒါပဲပဲ'

နားထောင်နေသည့် ရွာရှိလူတွေအားလုံးလည်း "ဟင်... ဟာ" နှင့် အံ့ဩကုန်ကြပါသည်။ ဒါမျိုးတစ်ခါမှ မကြားဖူးတော့ တချို့က ဖွားလှိုင်ပုများ ထင်ယောင်ထင်မှား ဖြစ်တာလား ဘာလားနှင့် တွေးနေကြပါသည်။

ရွာရှိ ဘကြီးတစ်ယောက်ကတော့...

'အင်း... ဖြစ်နိုင်တယ်၊ ဘာလို့လဲဆိုတော့ ဟို လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ထင်းသွားခုတ်တဲ့ ကောင်လေးတစ်ယောက် ပီနန်အိတ်အဖြူတစ်ထုပ်... အဲဒီမန်ကျည်းပင်ကြီးအောက်ထဲမှာတွေ့တော့ ဖင်းသောအားရနဲ့ ကုန်တင်သခော်ာတွေ မြုပ်ပြီး ပစ္စည်းတွေ လာလာတင်နေတတ်တော့ ပစ္စည်းထုပ်ထင်ပြီး ဖြေဖွင့်လိုက်တာ ကံကောင်းလို့ သတ္တိကောင်းလေလို့ မသေတာ။ အဲဒီအထုပ်ထဲမှာ အဝါရောင် အငြိမ့်ဝတ်စုံနဲ့ မင်းသမီးတစ်လက် ခြေထောက်တွေ လက်တွေ ကြိုးတုပ်ပြီး ခွေထည့်ထားတယ်။ ဘယ်ကနေ ဘယ်လိုဖြစ်လာမှန်းတော့ မသိရဘူး။

အဲဒီကောင်လေး ပြောပြလို့ ရွာရှိ တာဝန်ရှိတဲ့ လူတွေ လိုက်သွားပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြတယ်။

အခု ဖွားလှိုင်ပု တွေ့လာတာက အဲဒီအငြိမ့်မင်းသမီးလေး မကျွတ်မလွတ်ဘဲ အငြိမ့်သီချင်းသံကြားတော့ ဘဝပြောင်းသွားလဲ ဝါသနာက သီချင်းသံကြားရင် က,ချင်တယ် ဖြစ်မှာပေါ့'

လို့ ဘကြီးစကားဆုံတော့ ရယ်ရမလိုလိုနဲ့ ကြောက်အားပိုခဲ့ကြတာ အမှန်ပါ။

'မလှိုင်ပုရယ်... ဓာတ်ထဲသွားရင် သီချင်း မဆိုပါနဲ့လို့ ငါ ပြောပြောနေတာ နင်မှ မယုံတာ အခုယုံပြီ မဟုတ်လား'

ဟု ဒေါ်ကြီးတစ်ယောက်က ဝင်ပြောပါသည်။ ဘာလိုပဲဖြစ်ဖြစ် စာရေးသူတို့ အနေနှင့်တော့ ဖွားလှိုင်ပုအတွက် အလွန်ဝမ်းသာ ကျေနပ်မိပါသည်။

အဲဒီနေ့ကစပြီး ဖွားလှိုင်ပုတစ်ယောက် သူဝါသနာပါသည့် အလုပ်တွေ ငါးရှာ၊ ကဏန်းရှာတာတွေ လုံးဝမလုပ်တော့ဘဲ သူ တတ်နိုင်သလောက် ကုသိုလ်ကောင်းမှုတွေ လုပ်သွားပါတော့သည်။


*လိုအင်ဆန္ဒ ပြည့်ဝကြပါစေ။*

**အေးအေးစု *(ဘီလူးကျွန်း–ကွမ်လှာ)***



www.burmeseclassic.com

www.burmeseclassic.com



# သူ့အရပ် သူ့ဒေသနှင့်

## သူ့ရိုးရာ သူ့ဓလေ့ဆန်းများ

သာဂဒူ
(ကသာမြေ)

**သူ့နေရာ**

လူ့လောကကြီးတွင် လူတို့ ဆန်းသစ်တီထွင်ထားသော သိပ္ပံအတတ်ပညာများဖြင့် ချင့်ချိန်တိုင်းတာလို့မရသောအဖြစ်အပျက်များ၊ ဂမ္ဘီရဆန်သောအကြောင်းအရာများစွာ ရှိနေသေးသည်ကို စာရေးသူ ယုံမှား သံသယကင်းစွာနှင့် ယုံကြည်ပါသည်။

ယခုခေတ်ကာလတွင် စုန်း၊ နတ်၊ တစ္ဆေစသော အတတ်ပညာများ ရှိနေသည်ဟု လူအတော်များများ ယုံကြည်နေကြသည်။

စာရေးသူတို့ ငယ်စဉ်က တံငါသည်ဘဝ၊ ငါးရှာဖို့ ပိုက်များ ယူဆောင်ကာ လှေများဖြင့် သွားကြရသည်။ ယခုအချိန်လို စက်တပ်လှေများဖြင့် မသွားနိုင်ကြသေးဘဲ လှော်တက်များဖြင့် လှော်ခတ်သွားလာကြရသည်။

စာရေးသူတို့ ကသာမြို့နယ်၊ ပိန္နဲကုန်းရွာမှာ နေထိုင်ကြပြီး ကသာမြို့အထက်၊ အထက်ဝဲကြီးရွာနှင့် ရေနီရွာအကြား **"မကြီးလယာအင်းကြီး"** သို့ သွားပြီး ငါးရှာကြဖူးသည်။ ယင်းအင်းကြီးသည် ဧရာဝတီမြစ်ရေကြီးချိန်မှ အင်းထဲကို လှေနှင့် ဝင်၍ရသည်။

တော"မ"ကုန်းမြင့်များကြားသို့ ဝင်ရောက် ဖြစ်ပေါ်နေသော သဘာဝချိုင့်လျှို အင်းကြီးဖြစ်သည်။ နှစ် ဘယ်နှစ်လောက်အကြာက ဖြစ်ပေါ်ခဲ့သည်လည်း ဆိုတာကို ဘယ်သူမှ မသိကြပါ။

ထိုအင်းကြီးသည် လူသူများ အနေနည်းသော ကသာ့နယ်ပိုင် အင်းတစ်လုံးဖြစ်ပြီး အတော်ပင် ရှာဖွေရခက်ခဲသည်။ တောကြမ်းပြီး တောချောက်တတ်သော နေရာဖြစ်သည်။ အင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများ၊ မြိုင်တောကြီးများ အုပ်ဆိုင်းကာ နေ့မှာပင်လျှင် တစ်ယောက်တည်း ငါးရှာဖို့ ခက်ခဲသောနေရာ ဖြစ်သည်။

အေးစိမ့်သော နေရာဖြစ်၍လည်း ကြောက်စိတ်များ အလိုလိုနေရင်း တဖွားဖွား ပေါ်လာတတ်ကြသည်။ ကျေးငှက်သာရကာများ ချေ၊ ဆတ်၊ ကျား၊ ဝက်များလည်း ထိုအင်းဘေးတွင် သွားလာနေထိုင်ကြပြီး တောခွေးများပင်ရှိသည်။

ညတိုင်ပြီဆိုလျှင် တောခြေက တိတ်ဆိတ်နေတတ်သည်။ ထို

www.burmeseclassic.com



တိတ်ဆိတ်နေသည်ကပင် လူတို့ ချောက်ချားစရာများကို ဖြစ်ပေါ်စေသည်။

တံငါ ဖလောင်း (တံငါအသေးအဖွဲ့) တို့၏ ဘဝသည် လက်လုပ်လက်စားများသာ ဖြစ်သည်။ တစ်နေ့လုပ်မှ တစ်နေ့စား ဆင်းရဲသားက အများဖြစ်သည်။ ငါးရဖို့ အဓိက ငါးများများရမှသာ မိသားစု စားဝတ်နေရေး အဆင်ပြေမည် ဖြစ်သည်။

ငါးဖောဖောရသော အချိန်များသာ နှုတ်ခမ်း ဆီရွှဲရွှဲစိုကြရသည်။ တံငါ လှေဦးချောက်လျှင် ဝင်ငွေလည်း ချောက်သွားသည်။ တံငါဖလောင်းတို့ ဘဝ လှေဦးရေစိုနေမှ (လုပ်ငန်းဆင်း နေရမှ) ငွေရှင်ကြသည်။ စကားပုံ တစ်ခုကတော့ (တံငါလှေဦးချောက် ငွေ လည်းချောက်)ဟု ခေါ်တတ်ကြသည်။

ငွေရမည်ဆိုလျှင် တံငါ၊ ဖလောင်းတို့ အလွန်ခက်ခဲသည့်နေရာ ဖြစ်ပါစေ သေလမ်း၊ ရှင်လမ်းမရွေး သွားကြရသည်။ ပိုက်ကြီး(ပိုက်ကြဲ)ကိုင်ပြီး ငါးရှာသူတို့ဆိုလျှင် ပိုက်၊ ငုတ်ငြိပြီဆိုရင်တော့ ရေဘယ်လောက်နက်ပါစေ ရေအောက်ကို "ငုပ်"ပြီး ဆင်းဖြုတ်ရသည်။

တချို့ ရေငုပ်ပြီး ပိုက်ဖြုတ်နေရင်း ပိုက်ကွင်း "ခြေထောက်"နှင့် ငြိပြီး ရေမွန်းကာ သေကြရသူတို့ ရှိကြသည်။ ပိုက်ကလေးတန်းပြီး ငါးရှာသူတို့ကတော့ "မကြီးလဟာ"အင်းလို နေရာမျိုးတွေကို သွားပြီး မကြောက်မလန့် ငါးရှာကြရသည်။

တစ်နေ့တွင် "မကြီးလဟာ" အင်းထဲသို့ ငါးရှာဘက်၊ လှေသုံးစင်းစုပြီး အင်းထဲသို့ ဝင်ခဲ့ကြသည်။

ကျွန်တော်တို့အဖွဲ့ထဲမှ ရှေးမီနောက်မီ သက်တမ်းရင့် တံငါလူကြီးများက အင်းထဲဝင်ပြီး ငါးရှာကြလျှင် အင်း၏စည်းကမ်း၊ ထိုအင်း၏ စရိုက်ကို လိုက်နာပြီး ငါးရှာကြရသည်ဟု ပြောပြသည်။

အသက်အကြီးဆုံး ဦးတုတ်ကြီးက ကျွန်တော်တို့ကို အော်ပြီး ပြောသည်။

'ဟေ့... မောင်ထွေးနဲ့ မောင်ကျော်တို့ "မကြီးလဟာ"အင်းထဲ ဝင်ပြီး ငါးရှာမယ်ဆိုရင် အပြောဆို ဆင်ခြင်ကြဟေ့'

'ဘယ်လို ဆင်ခြင်ပြီး နေရမယ်ဆိုတာကို ပြောပြမှ သိမှာပေါ့ဗျ၊ ကျွန်တော်တို့က လူငယ်တွေဆိုတော့ အယုံအကြည် သိပ်မရှိဘူး'

'မင်းတို့ဘာသာ ဆင်ခြင်တာ မဆင်ခြင်တာ အကြောင်းမဟုတ်ဘူး၊ ငါးရှာ မရဘဲ ပြန်ပြေးနေရမှ မင်းတို့ အိမ်သူတွေ ဗိုက်မှောက်ပြီး ရေသောက်နေရဦးမယ်ဟေ့'

ဦးတုတ်ကြီးက ဆင်ဆင်ခြင်ခြင် နေထိုင်ပြောဆိုကြဖို့ သတိပေးသည်။

ကျွန်တော်နှင့် မောင်ကျော်ကတော့ အတွေ့အကြုံလည်းမရှိ၊ ငါးသာပေါ်မည်ဆိုလျှင် ဘယ်လိုနေရာမျိုးဖြစ်ဖြစ် ရှာမည့်သူဖြစ်သည်။ မိသားစု စားဝတ်နေရေးကိုသာ အဓိက,ပြေလည်ဖို့သာ ငွေများများရမှသာ အားလုံး အဆင်ပြေကြမည်။ ဇလုတ်သာမြင်ပြီး တုတ်ကို မမြင်ကြ။

ရေမြေတောတောင် မြို့င်တော အင်းကြီး အင်းကောင်းတို့၏ သဘာဝကို မသိကြတော့ အခက်အခဲ ဖြစ်တတ်သည်ဆိုသော ဦးတုတ်ကြီး၏ စကားကို ယုံကြည်ချင်သော်လည်း မရသာ။

ဖျာဆွဲငါးသာ ရမည်ဆိုလျှင် အသက်ပင် လဲရပါစေ ကျွန်တော်တို့ မမှု။ ငါးရှာယောက်ျားတို့၏ မိသားစုအတွက် ရုန်းကန်ရသော အခက်အခဲကို အိမ်သူသားသမီးတို့ မသိရှာကြပါ။

ဖခင်ထို့၏သွေး၊ ယောက်ျားဆိုသည့် ဂုဏ်သတ္တိ ပေါင်းစုပြီး ကြောက်စိတ်ကို ဘေးဖယ်၊ သတ္တိကို မွေးကြရသည်။ တကယ်တော့ လူထဲက လူများသာ သေမှာကို ကြောက်ကြပါသည်။ တစ္ဆေသရဲကိုလည်း ကြောက်ကြသည်။ တကယ်ပါ။

ကသာနယ်ပိုင် အင်းများမှာ **ဘိုးနားထိုင်းနှင့် ပျဉ်ထောင်ကတော်နတ်ကို** ကိုးကွယ်ပသမှ ငါးများရသည်ဟု၊ ငါးပေးသည်ဟု ယုံကြည်ကြသည်။ အင်းသူကြီး အင်းလုပ်ရင်း အင်းထဲမှာ သေဆုံးသွားပါက နတ်စင်တစ်စင်ထိုးပြီး ပသရပြန်သည့် ထုံးစံရှိကြသည်။

"မကြီးလဟာ"အင်း အောင်ချင်လျှင်တော့ **ကိုယ်ဝန်သည်နှင့် သားကောင် တစ်ကောင်သတ်ပြီး ပသမှ အင်းအောင်နိုင်သည်ဟု** အဆို ရှိထားခဲ့သည်ဟု ရှေးမီနောက်မီ လူကြီးများ ပြောကြသည်။

တောမိုက်ပြီး တကယ်ကြမ်း ဆိုသော အင်း ဒီနေ့ညတော့ ကျွန်တော်တို့နှင့် နဖူးတွေ့ ဒူးတွေ့ စမ်းသပ်ရတော့မည်။ အားမသန်တော့လည်း မာန်ကို ခဲရတော့မှာပေါ့။

နေဝင်ပြီး မှောင်ရီပျိုးစ အချိန်ကို ပိုက်တန်းစချကြသည်။ ဦးတုတ်ကြီးက အော်ပြီး ပြောနေသည်။

'ဟေ့မောင်ထွေးနဲ့ မောင်ကျော်မင်းတို့ ပိုက်တန်းချပြီးရင် ရေလယ်မှာ ကျောက်ချပြီး လှေသုံးစင်းအတူတူ နေကြရအောင်ဟေ့'

'ဦးတုတ်ကြီးကလဲ လှေတစ်စင်းစီ စောင့်မှ ဖြစ်မှာ၊ နို့မို့ရင် ပိုက်တော သူခိုး ခိုးကုန်မှပေါ့ဗျ'

'ပိုက်ခိုးဖို့ကိုမပြောနဲ့...မင်းတို့ပါ ကိုယ်





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကို ဂရုစိုက်ကြ၊ ဘယ်သူ့ဆီမှ လာခိုးဖို့ "မကြီးလဟာ"အင်းကို စိတ်မကူးဘူး၊ လာဖို့လဲ မလွယ်ဘူး။

တောကောင်လဲ ပေါ်ပြီး ချုံတောထဲမှာ မြွေကြီးတွေလဲ ရှိတယ်။ ဒါကြောင့်မို့ ပိုက်ခိုးဖို့ နေနေသာသာ သူတို့လာဖို့တောင် စိတ်ကူးမှာ မဟုတ်ဘူး'

ပိုက်တန်း၍ ပြီးသွားတော့ ဦးတုတ်ကြီးက ရေလယ်အင်း၏ ဗဟိုကျကျ နေရာကို ရွေးပြီး ကျောက်ကြိုးချထားသောနေရာသို့ သွားကာ လှေသုံးစင်း စုပြီးနေကြတော့သည်။

ထမင်းကိုတော့ အစောပိုင်းက စားကြဖို့ ဦးတုတ်ကြီးက ပြောတော့ စားပြီးကြပြီ။ နေ့လယ်ခင်းက ထင်းချောက်တွေ အတန်ငယ် ခုတ်ယူထားသည့် ထင်းများကို မီးမွှေးပြီး မီးတောက်မီးဖိုကို အလယ်တွင် ထားကာ မီးဖို၏ အလင်းရောင်ကို အားပြုပြီး လက်ဖက်ရည်ခါးထိုင်သောက်ကာ နေ့ခင်းက မောပန်းစွာ လှေလှော်ဆန်ခဲ့ရသောအမောများ ဖြေကြရတော့သည်။

အမောဖြေ၍မှ မဝမီ မိုးမှောင်တို့က ကြီးစိုးပြီး မှောင်မိုက်သောည၊ လမသာ၊ ကြယ်က မလင်း၊ အမှောင်တွင်း မြိုင်တောထဲမှ အသံတွေကလည်း ဘာမှ မကြားရတော့... ကျွန်တော်၏ နောက်ကျောက ချမ်းသလိုလိုဖြစ်လာသည်။ မီးမလုံလို့ မီးရောင်မရတဲ့ဘက် ဖြစ်လို့ ထင်ပါရဲ့။

တကယ်တမ်း ကျွန်တော်သိထားခဲ့တဲ့ တောကြီးများ၏ မာယာကို လူကြီးများ ပြောပြထားပြီးဖြစ်လို့ ဒီလို တောကြီးထဲမှ ညဉ့်ငှက်သံ၊ ဖားသံ၊ ချေဟောက်သံတို့ တိတ်ဆိတ်နေပြီဆိုလျှင် တောကြီးထဲမှ လူတို့ မမြင်နိုင်၊ မသိနိုင်သည့် မာယာတွေက ကြီးစိုးတတ်တယ် ဆိုတာကို သိထားခဲ့၍ ကျောချမ်းနေခြင်းသာဖြစ်သည်။ တစ်ခါတစ်ခါ ကြက်သီးမွေးညင်းများက ထလာသလို ထင်ရသည်။

ကိုတုတ်ကြီးက အလျှင်သိထားပြီး



ထင်သည်။ ဒီ''မကြီးလဟာ''အင်းကြီးထဲကို အကြိမ်ကြိမ် လာဖူးထားသူဖြစ်သည်။

'ဟော့... မောင်ထွေးနဲ့ မောင်ကျော်တို့ မိုးကလဲ မှောင်လိုက်တာ၊ တောကြီးထဲက ဘယ်လို အသံတွေပဲကြားရကြားရ မင်းတို့ ဘာမှ မပြောဘဲနေကြ။

မင်းတို့ ထင်တာ ပြောတာကို လိုက်ပြီး တောချောက်တတ်တယ် မသိသလိုသာနေလိုက်ကြ။ ကြောက်တဲ့စိတ်တွေကို ဘေးဖယ်ထား။ ငါတို့ရှိတဲ့နေရာကို မလာနိုင်ဘူး။ စကားပြောမှားလို့ကတော့ ပြေးရပြီသာမှတ်ထား'

ကိုတုတ်ကြီးပြောမှပဲ ပို၍ ကျောချမ်း၍လာသည်။ မောင်ကျော်ကို ကြည့်လိုက်တော့လည်း မျက်နှာငယ်လေးနှင့်ပင်။ ကျွန်တော်လည်း စိတ်ကိုတင်းကာ ဦးတုတ်ကြီးကို ပြန်ပြောလိုက်သည်။

'ကျွန်တော် ကြောက်တဲ့စိတ်ကို မထားတတ်ဘူးဗျ။ ငါးရဖို့သာ အဓိကပါ၊ ငါးသာ ရမယ်ဆိုရင် ဘာပဲ ရင်ဆိုင်ရပါစေ မမှုပါဘူး။ ဒီအင်းထဲ မဝင်ခင်ကတည်းက ဒီအင်းရဲ့ အကြောင်းကို လူအများ ပြောပြထားလို့ သိပြီးသားပါ။ ကိုယ်တိုင် မကြုံဘူးတော့ အတိအကျ မသိသေးတာလောက်ပါ'

တွေးနေရင်းနှင့်ပင် ကျွန်တော်၏ ပိုက်တန်းလက်စ တိုင်နားလောက်က ငါးအကြီးကြီး တစ်ကောင် ပိုက်မိပြီး ရုန်းကန်လှုပ်ရှားသံကို ကြားလိုက်ရတော့...

'ကိုတုတ်ကြီး... ကျွန်တော့် ပိုက်တန်းက ထင်တယ် ငါးကြီးကြီး တိုးသံ ကြားရတယ်။ သွားဖြုတ်လိုက်ဦးမယ်'

'မောင်ထွေး သွားမဖြုတ်ချေနဲ့ မနက်မှပဲ သွားဖြုတ်ပါကွာ၊ ငါကတော့ မသွားစေချင်ဘူး'

'သွားမှဖြစ်မှာ ကျွန်တော့်ပိုက်က ပိုက်နုနုလေး၊ ဒီလောက်ကြီးတဲ့ ငါးကြီးတိုးလို့ကတော့ ပိုက်တွေ ပေါက်ပြဲသွားမှာ စိုးလို့ပါ'

'မင်း နားမလည်ပါဘူး မောင်ထွေး။ မနက်ကျတော့ မိထားတဲ့ငါး ကိုယ့်ရဲ့ ငါးပေါ့ကွာ'

ဦးတုတ်ကြီး ပြောဆို၍မှ မဆုံးခင် ခပ်လှမ်းလှမ်းမှ သစ်ပင်ကြီး ကျိုးကျသံကို ကြားလိုက်ရသည်။ မောင်ထွေးက အလန့်တကြား ပြောလိုက်သည်။

'ဦးတုတ်ကြီး... သစ်ပင်ကြီး ကျိုးသံကြားတယ်၊ လေမုန်တိုင်း တိုက်လာပြီထင်တယ်'

'စောစောက မိုးမှောင်နေပေမယ့် လေတိုက်မှယ့် လက္ခဏာမရှိဘဲ ခုမှ သစ်ပင်ကြီး ကျိုးကျပါ့မလား မောင်ထွေးရ'

ဟု ဦးတုတ်ကြီးက ပြောသည်။

မောင်ထွေးပြောသလိုပင် သစ်တောကြီးထဲမှ တဝုန်းဝုန်း ဆူညံသံတွေက အတော်ပင် အသံကျယ်လောင်စွာ ကြားလာရသည်။ တစ်ခဏချင်းပင် သစ်ပင်ကြီးတွေ ကျိုးကျသံ၊ သစ်ပင်ချင်း ရိုက်သံတွေ ဆူညံနေတော့သည်။

လေတိုက်လို့ ဆူညံနေပေမယ့် ကျွန်တော်တို့ လှေနားမှာတော့ လေတိုက်ဖို့ နေနေသာသာ မီးထည့်ထားသော မီးဖိုမှ မီးညွန့်တောင် ယိမ်းယိုင်မှုမဖြစ်ဘဲ ငြိမ်၍သာ မီးတောက်နေတာကို တွေ့ရသည်။

'တောခြောက်တာနေမှာပဲ မောင်ထွေးနဲ့ မောင်ကျော်... မင်းတို့ ဒီအင်းရဲ့ မာယာ၊ ဒီတောရဲ့ စရိုက်ကို မသိဘဲ အစပြောတိုက်တဲ့စကားကို လိုက်ပြီး တောခြောက်တော့တာပဲ။

မင်းတို့ကို ဘာမှ မပြောပါနဲ့လို့ ငါ့အစက ပြောထားတာ၊ မောင်ထွေးက အပြီး လေ



www.burmeseclassic.com

www.burmeseclassic.com

တိုက်တာ ထင်တယ်လို့ ပြောလိုက်တော့၊ ဒီလိုဖြစ် ကုန်တာပေါ့။ နောက်ကို မှတ်ထားကြ တောကြီးက ကြမ်းတော့မယ်ဆိုရင် ညကို အသိပေး အော်မြည်တတ်တဲ့ "တောလုံးငှက်"အော်သံ မကြားရတော့ဘူး။ အဲဒါက ပထမအချက်၊ ဒုတိယအချက်က မြေကောင်တို့ရဲ့ အသံ တိတ်ဆိတ်နေတတ်တယ်။ အဲဒီလို သိထားနှင့်ရမယ်။ တောခြောက်တော့မယ့်အသွင်ပေါ့။

နောက် တစ်ခုခု ကြုံတွေ့တတ်တယ်။ စိတ်မချဘူးထင်တဲ့ တောကြီး၊ အင်းကြီးတွေကို သွားတော့မယ်ဆိုရင် ဝင်စကာစပြီး နယ်တော်ရှင်၊ ပယ်တော်ရှင်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ အင်ပိုင်ကြီးများကို အရင် တိုင်တည်ကြရတယ်။

ငါတို့ တံငါသည်တွေဆိုတာ သူများအသက်ကို သတ်ဖို့ သွားကြတဲ့သူတွေ၊ ဒီတော့ အားလုံး တိုင်တည်တာတောင်မှ စိတ်မချရဘူး။ တိုင်တည်ထားတော့လဲ အကာအကွယ်တော့ ရှိသလို စိတ်လုံတာပေါ့။ မင်းတို့ ခုမှ အတွေ့အကြုံရှိကြရတာ၊ ငါတို့ကတော့ ဒီလို တွေ့ကြုံဖူးခဲ့တာ များနေပြီ'

ဦးတုတ်ကြီး ကိုယ်၌က မကြောက်မလန့် ပြောပြမှသာ ကြောက်စိတ်များ အနည်းငယ် လျော့သွားတော့သည်။ သို့သော်လည်း ကြောက်စိတ်တွေက ဖြစ်ပေါ်နေတုန်းပင် ရှိသေးသည်။ မောင့်ကျော်ကတော့ မျက်နှာလေး ဆီးရွက်လောက်သာရှိပြီး ကြောက်စိတ်တွေဖြစ်ပေါ်နေသည်ကိုတွေ့သည်။

"မကြီးလဟာ" အင်းကြီးတစ်ဝိုက်မှ မြိုင်တောကြီးကတော့ တဝုန်းဝုန်း တဂွမ်းဂွမ်း သောင်းကျန်းနေတော့သည်။

'ကျွန်တော်တော့ ကြောက်လာပြီ၊ ပြန်ထွက်ပြေးကြရအောင်၊ ကျွန်တော်တို့ လှေတွေပေါ် ကျတော့မယ့်အတိုင်းပဲ'

ဟု မောင်ကျော်က အသံတုန်စွာဖြင့် ပြောတော့သည်။

'ဘယ်ပြေးလို့ဖြစ်မှာလဲ မောင်ကျော်၊ ငါတို့ ပိုက်တွေကို ပစ်ထားပြီး ပြေးကြရင် မတော်လို့ တခြားလူသိနေလို့ ပိုက်တွေခိုးတာ ခံရလို့ကတော့ ငါတို့ ဘဝပျက်ပြီ။ ငါတို့ ထက် မိုက်တဲ့သူတွေ ရှိနေတယ်ဆိုရင် အခက်သားပဲ မောင်ကျော်၊ သိပ်မကြောက်ပါနဲ့ မောင်ကျော်ရာ... မောင်ထွေးဆီမှာ ရှိတဲ့ ငရုတ်သီးခြောက် လေး,ငါးတောင့် ယူပေးခဲ့စမ်းပါ'

'ဘာလုပ်ဖို့လဲ ဦးတုတ်ကြီး၊ ကျွန်တော့်ဆီမှာလဲ ရှိသေးတယ်။ ငရုတ်သီးပါမှ ထမင်းမြိန်တတ်တော့ အမြဲ ပိုက်လှေမှာ ဆောင်ထားတာ ရှိပါတယ်'

မောင်ကျော်ကလည်း ဦးတုတ်ကြီးကို ပေးလိုက်သည်။

'မင်းတို့ကြည့်ထား ဒီလိုတောကြီးထဲ သွားပြီဆိုရင် ငရုတ်သီး၊ ကြက်သွန်ဖြူ၊ နီ၊ နနွင်းမှုန့် ဆောင်သွားရတယ်။ အန္တရာယ်ကို ကာကွယ်နိုင်တဲ့ဆေးဖြစ်နိုင်သလို ဆေးအဖြစ်လဲ သုံးနိုင်ပြီး ဟင်းချက်ရင်လဲ အကောင်းဆုံး ဟင်းဖက်တစ်ခုလို သုံးကြရတယ်'

မောင်ကျော်နှင့် မောင်ထွေးဆီက ငရုတ်သီးများကို ယူကာ ဦးတုတ်ကြီး ဘာလုပ်မည်ကို ကြည့်နေကြသော ကျွန်တော်နှင့် မောင်ကျော်အား တအံ့တသြဖြစ်လောက်သော အဖြစ်ကို ဦးတုတ်ကြီး ပြုလုပ်လိုက်သည့် ဖြစ်ရပ်များက ကျွန်တော်တို့ တစ်သက်မမေ့နိုင်စရာ ဗဟုသုတများ ရခဲ့ရပါတော့သည်။

ငရုတ်သီးခြောက်ကို မီးဖိုထဲ ထည့်လိုက်သည် "မကြီးလဟာ"အင်းပတ်လည်မှ တောခြောက်သံများ မီးကိုရေနှင့် ငြှိမ်းသတ်လိုက်သလို ရုတ်တရက် တဖြည်းဖြည်း ရပ်သွားသည်။

ငရုတ်သီးကို မီးဖိုထဲ ထည့်လိုက်တော့ ငရုတ်သီးညှော်နံ့ကြောင့် အစ ပထမ ခဏနေ့က တစ်တောလုံး ဆူညံ ပွက်လောရိုက်လျက်ရှိသော လေတိုက်သံ၊ သစ်ပင်ကြီးများလဲသံ၊ သစ်ကိုင်းကျိုးကျသံများ လုံးဝ ရပ်ဆိုင်းသွားပြီး ပုံမှန်အနေအထား ရောက်သွား ဦးတုတ်ကြီးအား အတော်ပင် ကျေးဇူးတင်ကာ ရှိခိုးဦးတင်ရမည့် အဖြစ်များပင်။ ကျွန်တော်နှင့်အတူ မောင်ကျော်လည်း ဗဟုသုတများ တိုးပွားခဲ့ရပါတော့သည်။

ဘာကောင်မှန်းမသိသော တောခြောက်သော နာနာဘာဝတို့သည် ငရုတ်သီးညှော်ကို မခံနိုင်သော သာဓက တစ်ခုဟုသာ မှတ်ယူမိသည်။ ကိုယ်၌ ကြုံတွေ့မှ သက်လုံကောင်း ဆိုသလို ငိုအားထက် ရယ်အားသန်ကာ သက်ပြင်းကြီးများ ချလိုက်သည့် အသံကို မောင်ကျော်ထံမှ ကြားလိုက်ရသည်။ ကျွန်တော်လည်း ထို့အတူပင် ဖြစ်သည်။

"မကြီးလဟာ" အင်းကြီးထဲမှာ တောခြောက်ခံရသော ညတစ်ည၏ ဖြစ်ရပ်များက ကျွန်တော်နှင့် မောင်ကျော်တို့သာမက နောင်တစ်ချိန် တောကြီးမျက်မည်းထဲ သွားသူတို့နှင့် အခြေအနေအရ ခေတ္တခဏ တောကြီးထဲ ရောက်သွားခဲ့ရသူတို့အတွက် ကျွန်တော်တို့၏ လျှပ်တစ်ပြက် ကျော်လွှားနိုင်သော နည်းကလေးကို အသုံးပြုကြည့်ကြပါ။ တကယ်လို့ စမ်းသပ်လိုသူများအတွက်လည်း တောခြောက်တာကို ကြုံကြိုက်ပါက အသုံးပြုကြည့်ကြရန် တိုက်တွန်းပါသည်။

တောကြီးထဲ ညအိပ်ညဥ့်နေ သွားလာကြသူတို့လည်း ငရုတ်သီးခြောက်များကို ဆောင်ယူသွားသင့်ကြောင်း အသိပေးချင်ပါသည်။ ထမင်းစားရာမှာလည်း အသုံးဝင်သလို အန္တရာယ်တစ်ခုခုကိုလည်း ကာကွယ်ပေးပါသည်။

သူ့နေရာနှင့်သူ့ဒေသကို ရောက်သွားတိုင်း သူတို့၏ အကျင့်စရိုက်ကိုလည်း နားလည်သိရှိပေးကြလျှင် ကောင်းသောလာခြင်း၊ ကောင်းသောသွားခြင်းများ ဖြစ်နိုင်ပါသည်ဟု စာရေးသူ ထင်မြင်မိပါသည်။

သာဂဒွေး(ကသာမြေ)



www.burmeseclassic.com